၂၄၈၅

ဝိုင်-အမ်-ဘီ-အေ စာပေဖြန့်ချိရေးအဖွဲ့၏ ခွင့်ပြုချက်အရ

အဖွဲ့ဝင်

ဦးထိန်ဝင်းက တာဝန်ယူ ထုတ်ဝေသည်။

ဒီဃနိကာယ် - သီလက္ခန္ဓသုတ်

# ပိဋကတ်တော်-အခြေပြု

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ, အစိုးရဓမ္မာစရိယ,

ပါဠိပါရဂူ, တက္ကသိုလ် မြန်မာစာလက်ထောက်ကထိက

ဦးအောင်မိုး ပြန်ဆိုသည်။

ကုသလဝတီ ပုံနှိပ်တိုက်

ရန်ကုန်မြို့။

၂၃၈၅

ဝိုင်-အမ်-ဘီ-အေ စာပေဖြန့်ချိရေးအဖွဲ့၏ ခွင့်ပြုချက်အရ

အဖွဲ့ဝင်

ဦးထိန်ဝင်းက တာဝန်ယူ ထုတ်ဝေသည်။

## ဒီဃနိကာယ် - သီလက္ခန္ဓသုတ်

# ပိဋကတ်တော်-အခြေပြု

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ, အစိုးရဓမ္မာစရိယ,

ပါဠိပါရဂူ, တက္ကသိုလ် မြန်မာစာလက်ထောက်ကထိက

**ဦးအောင်မိုး ပြန်ဆိုသည်။**

၁၉၅၈-ခုနှစ်

**ကုသလဝတီ ပုံနှိပ်တိုက်**

ရန်ကုန်မြို့။

85 - A

ပဉ္စမနှိပ်ခြင်း – အုပ်ရေ ၂၀၀၀

အမှတ် ၂၃၈၅

ရက်စွဲ

## ပိဋကတ်တော်အခြေပြု
## ထုတ်ဝေရခြင်းအကြောင်း

ဤပိဋကတ်တော် အခြေပြုကို ကြိုးစား၍ အောင်မြင်စွာ ထုတ်ဝေနိုင်ခြင်းမှာ ငွေကြေးပေါများ၍လည်းမဟုတ်, ပိဋကတ်စာပေ အလွန်တတ်မြောက်၍လည်း မဟုတ်, တန်ခိုးအာဏာ အလွန်ကြီးကျယ်သဖြင့်လည်း မဟုတ်, ဘာသာရေး အစွဲအလမ်း အားကြီး၍လည်းမဟုတ်ပါ၊ မြန်မာပြည်၏ အခြေခံယဉ်ကျေးမှုကြီးတစ်ရပ်အနေဖြင့် ထင်ရှားရှိနေသော ပိဋကတ်တော်စာပေများကို ခေတ်လူငယ်များမှစ၍ စာဖတ်တတ်သူတိုင်း ပိဋကတ်စာပေ၏အရသာကို စိတ်ဝင်စားလာကြစေရန် ရည်ရွယ်ချက်အရင်းခံထားရှိသော သဒ္ဓါတရားစေတနာပင် ဖြစ်ပါသည်။

ကျွန်တော်တို့ ဝိုင်, အမ်, ဘီ, အေ စာပေဖြန့်ချိရေးအဖွဲ့မှ သံဂါယနာ တင်နိုင်ရန်-ပါဠိတော်အုပ် ၂၀ ကို သံဂါယနာတင် အဖွဲ့ကြီးသို့ လှူဒါန်းခဲ့ပြီးနောက်အဖွဲ့တွင် ဒီဃနိကာယ်သုံးအုပ်၊ မဇ္ဈိမနိကာယ်သုံးအုပ် နှင့် ကထာဝတ္ထု ပိဋကတ်တော် ဘာသာပြန် မူများကို စာအုပ်အဖြစ် ထုတ်ဝေရန် ကျန်ရှိနေခဲ့ပါသည်။

ထိုစာမူများအနက် ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ် စာမူများကို အဖွဲ့အကျိုးဆောင်-ဦးထိန်ဝင်းအား ပုဂ္ဂိုလ်အနေဖြင့် ထုတ်ဝေ ဖြန့်ချိခွင့်ပြုခဲ့၍ ကထာဝတ္ထု ဘာသာပြန်ကိုမူ အဖွဲ့ဥက္ကဋ္ဌ ဟံသာဝတီ သူဌေး ဦးညွန့်အား ထုတ်ဝေရန် ပေးအပ်ခဲ့ကြပါသည်။

သို့သော် အကြောင်းအားလျော်စွာ ဒီဃနိကာယ်အပါ သီလက္ခန် မြန်မာပြန်မှာ အချိန်အလွန်နှောင်းမှ ယခုလိုထုတ်ဝေနိုင်ခွင့် ရရှိသဖြင့် အထူးပင် ဝမ်းနည်းပါသည်။

ကျွန်တော်တို့၏ ပိဋကတ်တော် စာပေများကိုလူငယ်များဖတ်ချင်ဖွယ် ဖြစ်လာအောင် လုပ်ရမည့် လုပ်ငန်းမှာ အများအားဖြင့် သဒ္ဓါတရား ရှိကြသူ လူအများ ပါဝင် ကူညီကြမှသာ ထမြောက် အောင်

မြင်ရန်ဖြစ်ပါသည်၊ ထိုကဲ့သို့ ကူညီရန် မှာလည်း လွန် လွယ်ကူပါသည်။

ထို့ကြောင့် ဤ၂၀ဝမ္မဒါနအလှူလုပ်ငန်းကြီးကို သဒ္ဓါတရားရှိကြပါက မည်သည့်ဘက်က ကူညီနိုင်ကြမည်ကို ဖော်ပြ၍ လူကိုယ်တိုင် ဖြစ်စေ, စာဖြင့် ဖြစ်စေ, ရုံးစမ်း မေးမြန်း အကူ အညီ ပါဝင်ကြ စေလို ပါသည်။

ကျွန်တော်တို့ ထုတ်ဝေပြီးသော စာအုပ်များမှာ အမရပူရ မဟာဂန္ဓာရုံတိုက် အရှင်ဇနကာဘိဝံသ ဆရာတော်၏ အနာဂတ်သာသနာ့ ကျမ်း, သင်္ဂြိုဟ်ဘာသာဋီကာ, သာမညဖလသုတ် မြန်မာပြန်, ဗြဟ္မဇာလသုတ် မြန်မာပြန်, ဘုရားဥပဒေတော်ကြီး အစရှိသော မြန်မာလူမျိုးများနှင့် သာသနာကို အကျိုးပြုနိုင်မည့် စာအုပ်များ ဖြစ်ပါသည်။

ထိုစာအုပ်များကို အထမြောက်အောင်မြင်စွာ ထုတ်ဝေနိုင်ခြင်းမှာ ကျွန်တော်များ ဝိုင်အမ်ဘီအေ စာပေဖြန့်ချိရေး အဖွဲ့ဝင်များ၏ လုံ့လကြောင့်လည်းကောင်း၊ အထူးသဖြင့် အဖွဲ့၏ဥက္ကဋ္ဌ ဟံသာဝတီသူဌေး ဦးညွန့်၏ စေတနာ သဒ္ဓါတရားနှင့် အဘက်ဘက်မှ အကူအညီများကြောင့်ပင် ဖြစ်ပါသည်။

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

ဤစာအုပ်ကဲ့သို့ ပိဋကတ်တော် အခြေပြုအဖြစ် ဆက်လက် ထုတ်ဝေရန် ကျန်ရှိနေသေးသော စာအုပ်များမှာ–

၁။ မဟာဝါ မြန်မာပြန်၊

၂။ ပါထေယျ မြန်မာပြန်၊

၃။ မူလပဏ္ဏာသ မြန်မာပြန်၊

၄။ မဇ္ဈိမပဏ္ဏာသ မြန်မာပြန်၊

၅။ ဥပရိပဏ္ဏာသ မြန်မာပြန်၊

၆။ ကယာသတ္တု မြန်မာပြန်များ ဖြစ်ပါသည်။

## ကူညီရန်နည်းလမ်းများ

သဒ္ဓါတရားရှိသောမည်သည့်ပုဂ္ဂိုလ်မဆို ကူညီနိုင်သောနည်းလမ်း အချို့မှာ–စာအုပ်ထုတ်၁၀ နိုင်အောင် ငွေအားဖြင့် ကူညီခြင်း၊ ရိုက်နှိပ် ထုတ်ဝေပြီး စာအုပ်များကို မိမိတတ်နိုင် သလောက် ဝယ်ယူလှူဒါန်း ခြင်းဖြင့် ကူညီခြင်း၊ ထိုစာအုပ်များကို အခြေခံထား၍ သင်တန်းများ ဖွင့်လှစ်ခြင်း စသည်ဖြင့် ကူညီနိုင်ကြရုံ သာမက အခြားသော နည်းများ ဖြင့်လည်း ကူညီနိုင်ကြမည် ဖြစ်ပါသည်။

ယခုထုတ်ဝေ ရောင်းချသော သီလက္ခန် မြန်မာပြန်မှာ အုပ်ရေ နှစ်ထောင်သာ ရိုက်နှိပ်ပါသည်၊ ၎င်းမှ ရောင်းရသော ငွေကိုလည်း ကျွန်တော့်အနေဖြင့် အကျိုးအမြတ် တစုံတရာ ယူမည့် မဟုတ်ဘဲ နောက်ထပ် စာအုပ် ဆက်လက် ထုတ်ဝေ ရာတွင် အသုံး ပြုရန်သာ ဖြစ်ပါသည်။

ဗုဒ္ဓသာသနာ အဓွန့်ရှည်ပါစေ သတည်း၊
တရားသည် လောကမှာ အစဉ်ထွန်းလင်းပါစေသတည်း၊
တရားကို စောင့်သော ပုဂ္ဂိုလ်တို့သည် အစဉ်အောင်နိုင်ကြသည်သာ
ဖြစ်ပါစေသတည်း။

၁၀၇ စိန့်ဂျွန်းလမ်း၊
ရန်ကုန်မြို့၊ — **ထိန်ဝင်း**
ဖုန်း မြို့မ ၉၅၊ — ၁၃–၁၁–၅၈၊

# ဂန္ဓာရ မွာပဏာမ

ကျမ်းဦးရှိခိုး

## နိကာယပဉ္စက-နိကာယ်လိုက်ရှိခိုးခြင်း

### ၁။ ဒီဃ၊

ဒီဃဓမ္မံ ကထေတွာန၊ ဒီဃသုခါယ သာဓုနံ။

ဒီဃဒုက္ခံ နိဝါရေသိ၊ ဒီဃ ပုညဿ မေ နမော။ ။

သူတော်ကောင်းတို့၏ ရှည်လျားသော ချမ်းသာ သုခအတွက် ရှည်လျားသော တရားဒေသနာမျိုးကို ဟောကြားတော်မူ၍ ရှည်လျားသော ဆင်းရဲဒုက္ခကို တားမြစ်ရပ်ဆိုင်း စေတော်မူခဲ့သော ရှည်လျားသော ဘုန်းကံသမ္ဘာရှင် ဗုဒ္ဓအား အကျွန်ုပ် ဝပ်တွားရိုကျိုး ရှိခိုးပါသည်။

### ၂။ မဇ္ဈိမ၊

မဇ္ဈိမံ ယော ပကာသေသိ၊ မဇ္ဈိမံ ဗုဒ္ဓ ဒဿနံ။

မဇ္ဈိမံ ဝေ မဘိညာယ၊ မဇ္ဈိမံ တံ နမာမဟံ။ ။

ဖြူစင်ကောင်းမြတ် အလယ်အလတ်ဖြစ်သော အကျင့်ကို စင်စစ် အထူးသဖြင့် သိတော်မူပြီးမှ အစွန်းနှစ်ဘက်တို့၏ အလယ်၌ ဖြစ်သော မကျဉ်းမကျယ် အလယ်အလတ် ဗုဒ္ဓဝါဒဒေသနာတော်မျိုးကို ကြိုးပမ်း ပြသတော်မူခဲ့သော, အကောင်းအဆိုးလောကဓမ် နှစ်မျိုးတို့၏ အလယ်၌ ထယ်ဝါခံ့ခံ့ တည်တံ့တော်မူသော ဗုဒ္ဓရှင်ပင်ကို အကျွန်ုပ် ကြည်လင် ညွတ်ကျိုးရှိခိုးပါသည်။

### ၃။ သံယုတ္တ၊

သံယုတ္တံ ဒုဗ္ဗိဓဇ္ဈေဟိ၊ သံယုတ္တံ ရာသဂ္ဂေနစ။

သံယုတ္တံ အညမညေန၊ ဓမ္မံ ဒေသေသိ တံ နမေ။ ။

ခုလောကအကျိုး, နောင်လောကအကျိုးစသော အကျိုးသွား နှစ်ပါးတို့နှင့် ယှဉ်သော, အရသာ တကာတို့ထက် မြတ်သော ဝိမုတ္တိ

အရသာနှင့်လည်း စပ်နွှယ်သော, သုတ်အချင်းချင်း ဆက်စပ်မှုလည်း ရှိသော, စပ်နွှယ်တရားမျိုးကို ဟောကြားတော်မူခဲ့သည့် ဗုဒ္ဓရှင်တော်ကို အကျွန်ုပ် ကော်ရော် ညွတ်ကျိုးရှိခိုးပါသည်။

## ၄။ အင်္ဂုတ္တရ၊

အင်္ဂုတ္တရံ ပကာသေတွာ၊ ဓမ္မာနံ ပဝရံ ကုလံ။
ဓမ္မ ဓဇံ ဥဿာပေသိ၊ ဓမ္မရာဇံ ဇိနံ နမေ။ ။

ဤလောကရှိနည်းပြလမ်းညွှန် တရားတို့ထက်မြတ်သော အင်္ဂါလွန် တရားမျိုး ဟောကြားပြသတော်မူ၍ ဤလောက၌ တရားတော် အလံကိုစိုက်ထူ လွှင့်တင်တော် မူခဲ့သော တရားမင်းအောင် ဗုဒ္ဓကို အကျွန်ုပ် တုပ်ကွရိုကျိုး ရှိခိုးပါသည်။

## ၅။ ခုဒ္ဒက၊

ခုဒ္ဒကံ ဥတ္တမံ ဓမ္မံ၊ ဝိနယံ ဝိဝိဓံ ဝရံ။
ဒေသေသိ ဟံ မဟာဝီရံ၊ ဝန္ဒာမိ ဝရစေတသာ။ ။

တောင့်တအပ်, မြင့်မြတ်သော တရားဥပဒေ အမျိုးမျိုး ဟူသော သုတ်ငယ် အများစု ဒေသနာတော်မျိုးကို ဟောကြားတော် မူခဲ့သည့် လုံ့လ ကြီးမားသော ဗုဒ္ဓဘုရားကို မြင့်မြတ်သော စိတ်ဖြင့် အကျွန်ုပ် ဦးညွှတ်ရိုကျိုး ရှိခိုးပါသည်။

# နိဒါန်း

**မြန်မာဘာသာ ပိဋကတ်တော် ဖြစ်ပေါ်လာခြင်း အကြောင်း**

ဗုဒ္ဓဝါဒီ နိုင်ငံဟု ကမ္ဘာ၏ အသိအမှတ်ပြုခြင်းကိုခံရသော ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်တွင် မြန်မာလူမျိုးတို့သည် ဗုဒ္ဓကို ကြည်ညိုကိုးကွယ်သူများဖြစ်ကြသော်လည်း ဗုဒ္ဓဝါဒကို ပြည့်စုံစွာ သိနားလည်သူ နည်းပါးရခြင်း အကြောင်းများအနက် ဗုဒ္ဓဝါဒမှာ ပါဠိဘာသာဖြင့် တည်နေခြင်းသည်လည်း အဓိက အကြောင်းတစ်ရပ်ပင် ဖြစ်ပါသည်။

ဗုဒ္ဓ၏ ဒေသနာတော်တို့မှာ များပြား ကျယ်ဝန်းသည့်ပြင် ပါဠိဘာသာဖြင့် တည်ရှိနေခြင်းကြောင့် သာမန် လူပုဂ္ဂိုလ်များကို မဆိုထားဘိ၊ သာသနာတော် ဝန်ထမ်း ရဟန်းတော်တို့ ပင်လျှင် ပါဠိဘာသာကို ပထမဦးစွာအချိန်အတော်ကြာအောင် သင်ယူနေကြရခြင်းဖြင့် စိတ်အား ဉာဏ်အား အရှိန်ကုန်သွားတတ်ကြပြီးလျှင် ပိဋကတ်တတ် သာသနာ့ ဝန်ဆောင် အဖြစ်သို့ အရောက်နည်း၍ ပါဠိတတ်များ အဖြစ် လောက်တွင်သာ ရှိနေတတ်ကြသည်ကို အများအပြား တွေ့မြင်ရပါသည်။

ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ပိဋကတ်တော်များပါဠိဘာသာဖြင့်တည်ရှိနေခြင်းကိုကန့်ကွက်လိုစိတ်အလျှင်းပင် မရှိသည့်ပြင် ပါဠိဘာသာ၏ဂုဏ်ကျေးဇူးကို သိတန်သမျှသိရှိပြီး ဖြစ်သည့်အတိုင်း များစွာပင်နှစ်ထောင်းအားရရှိလှပါသည်၊သို့ရာတွင် ပါဠိဘာသာဖြင့် တည်ရှိနေသောပိဋကတ်တော်များမှာ ကျွန်ုပ်တို့ မြန်မာလူမျိုးများ၏ ဗုဒ္ဓဝါဒ အရသာကို ခံစားရန်ကိစ္စ၌ မြင့်မောက်သော တောင်ကြီး၏ တစ်ဘက်၌တည်ရှိနေသကဲ့သို့ ဖြစ်ပါသည်၊ ထိုမြင့်မောက်သော တောင်ကြီးကား အခြားမဟုတ် ပါဠိ ဘာသာပင်ဖြစ်သည်ဟု ဆိုရပါလိမ့်မည်၊ သန့်ရှင်းလွယ်ကူ၍ အဓိပ္ပာယ်ဘိကျ သေချာလှသော ပါဠိဘာသာသည် ပါဠိမတတ်သူတို့အဖို့၌ မြင့်မောက်သော တောင်ကြီးပမာ အကာအဆီးဖြစ်၍ နေသည်နှင့် အမျှပင် ပါဠိတတ်ကျွမ်းသူတို့ အဖို့မှာကား အဆီး အကား အကာ အကွယ်များကို ကျော်လွန်၍ အဝေးသို့ပင်လှမ်း၍ မြင်နိုင်သော သတ္တိထူးကို ပေးစွမ်းကြောင်းကိုလည်း ဝန်ခံအပ်ပါသည်။

ပါဠိဘာသာ မတတ်သော မြန်မာတို့သည် ပိဋကတ်တော် များကို မလေ့လာ မသုံးသပ် နိုင်ကြသဖြင့် မိမိတို့ကိုယ်တိုင် ဗုဒ္ဓဝါဒကို ပြည့်စုံအောင် မသိနိုင်ကြသည် သာမက ဓမ္မတာအတိုင်း ရှေ့သို့တိုးတက်လျက်ရှိသော လူငယ်တို့အား ဗုဒ္ဓဝါဒနှင့် ပတ်သက်၍ ကျေနပ်လောက်အောင် ဝေဖန် ဖြေရှင်း၍ မပြနိုင်ကြတော့ပေ၊ အများအားဖြင့် မိမိတို့ကား ဗုဒ္ဓဝါဒကို စွဲမြဲယုံကြည်ပြီး ဖြစ်သည့်အတိုင်း ပါဠိဘာသာ ဒေသနာအစိတ်အပိုင်းများကို အရနုတ်တက်ကျက်မှတ်၍ ရွတ်ဆိုသရဇ္ဈာယ်ခြင်း, ပိဋကတ်မှ ထုတ်နုတ်ဖော်ပြသည့် ဗုဒ္ဓဝါဒကျမ်းစာများကို ကြည့်ရှုခြင်း, ဗုဒ္ဓဝါဒတရားများကို တတ်နိုင်သမျှ နာကြားခြင်း စသည်ဖြင့် ဗုဒ္ဓဝါဒီအရိပ်နိမိတ်ကို ပြသလျက်ရှိကြသော်လည်း ရှုပ်ထွေးသော ဝါဒတို့၏အကြား၌ မွေးဖွား လာခဲ့ကြသော လူငယ်တို့မှာကား ဗုဒ္ဓဝါဒီမြန်မာပြည်သား ဗုဒ္ဓဝါဒီမိဘများ၏ သားသမီးများ ဖြစ်ကြပါလျက် ဗုဒ္ဓဝါဒနှင့် တဖြည်းဖြည်း ဝေးကွာလာကြသည်ကို သတိပြုမိကြပါလိမ့်မည်၊ ဤသို့ဖြစ်ခြင်းမှာ ကျွန်ုပ်တို့ မြန်မာလူမျိုးများအဖို့ ဗုဒ္ဓဝါဒမေးမှိန် တိမ်ကောခြင်း၏ အရိပ်နိမိတ်ပင် ဖြစ်ပါသည်။

လူနှင့်ဝါဒသည် မြေကြီးနှင့် မြေဇာမြက်ကဲ့သို့ မကင်းနိုင်သော အချက်ဖြစ်သည့်အတိုင်း ဗုဒ္ဓဝါဒမေးမှိန် လာသည်နှင့်တပြိုင်နက် အခြားဝါဒတခုခု ထွန်းကား လာရမည်မှာလည်း ဓမ္မတာပင် ဖြစ်ပါသည်၊ ထိုသို့ ဗုဒ္ဓဝါဒမေးမှိန်လျှင် ဗုဒ္ဓဝါဒ ကိုယ်ကျင့်တရားများလည်း တစတစ ပျောက်ကွယ် သွားတော့မည်သာ ဖြစ်၍ ဤအချက်မှာ တရားသဖြင့် ငြိမ်းချမ်းသော ကမ္ဘာကြီး၏ ပျက်စီးစပြုလာခြင်းပင် ဖြစ်ကြောင်း သိသာပါသည်။

ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒကို အမှန်ဆုံးအကောင်းဆုံးသော ဝါဒဖြစ်သည်ဟု အယုံအကြည် ရှိနေကြပါလျှင် ကျွန်ုပ်တို့မြတ်နိုးအားကိုးသော လူငယ်များအား ထိုဗုဒ္ဓဝါဒကို သက်ဝင် ယုံကြည်အောင် ကြိုးစားရမည့် တာဝန်သည် အလိုအလျောက် တင်လာသော ကြွေးတစ်မျိုးပင် ဖြစ်ပါသည်၊ တစ်နည်းအားဖြင့်ဆိုသော် ရွှေငွေရတနာ စည်းစိမ်ဥစ္စာတို့ထက် တန်ဖိုးရှိသော ဝါဒမှန်ကို သက်ဝင်ယုံကြည်အောင် ကြိုးပမ်းမှုသည်ကျွန်ုပ်တို့ချစ်မြတ်နိုးသော လူငယ်တို့အားကျွန်ုပ်တို့အမြတ်နိုးဆုံး

ဝါဒအမွေအနှစ်ကို ပေးအပ်ခြင်းဖြစ်သည့်ပြင် ထိုဝါဒကို ကမ္ဘာအသချေမက ဆည်းပူးစုဆောင်း၍ တည်ထောင်တော်မူခဲ့ရသော ဗုဒ္ဓဘုရား၏ ကျေးဇူးတော်ကို သိတတ်ခြင်းလည်း ဖြစ်ပါသည်။

ဤကိစ္စမှာ လူမျိုးရေးရာဇဝင် စတင်ဖြစ်ပွားလာသည့် အချိန်မှစ၍ ဗုဒ္ဓဝါဒကို သက်ဝင်ယုံကြည်လာခဲ့သော ကျွန်ုပ်တို့ မြန်မာလူမျိုးတိုင်း၏ မိရိုးဖလာ တာဝန်တရပ် ဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏ အဝတ်အစား အသုံးအနှုန်းတို့ကို ခေတ်အားလျော်စွာ ပြုပြင်သုံးစွဲ၍ လာခဲ့ကြသကဲ့သို့ ကျွန်ုပ်တို့ ယုံကြည်သော ဗုဒ္ဓဝါဒကိုလည်း ခေတ်အားလျော်စွာ ပြုပြင်၍ မှေးမှိန် တိမ်မြုပ်ခြင်း မရှိအောင် ကြိုးပမ်းရမည်သာ ဖြစ်ပါသည်။

ဤအကြောင်းအရာများကို မျှော်ခေါ် စဉ်စားမိသော ကျွန်ုပ်တို့သည်အရေးကြီးရာ ကျမ်းများမှ အစပြု၍ တတ်နိုင်သမျှ ကဖြည်းဖြည်း မြန်မာဘာသာဖြင့် ရေးသား၍ မြန်မာအမျိုးသားတို့အား ဗုဒ္ဓဝါဒကို အတိအကျ နားလည်စေရမည်ဟု အကြံရှိနေရာတွင် အလားတူ စိတ်ကူးမျိုး ပေါ်ပေါက်လျက်ရှိကြသော ဝိုင်–အမ်–ဘီ–အေ စာပေဖြန့်ချိရေးအဖွဲ့ဝင် လူကြီးတို့နှင့်ဆက်စပ်မိသောအခါ ဗုဒ္ဓဝါဒအရသာကို မြန်မာအမျိုးသားအားလုံးတို့ အလွယ်တကူ ယူငင်သုံးစွဲနိုင်ကြပါစေရန်၊ ခေတ်မီ နည်းစနစ်ဖြင့် ရေးသား၍ ပိဋကတ် အလင်းရောင်ခေါ် ပိဋကတ်တော်အခြေပြု ဗုဒ္ဓဝါဒကျမ်းစာတစ်မျိုးကို ထုတ်ဝေရန် ဆုံးဖြတ်လိုက်ကြပါသည်။

**ဗုဒ္ဓဘုရား**

ကျွန်ုပ်တို့ ပိဋကတ်တော် အခြေပြုဖြစ်ပေါ်ရာ ပါဠိပိဋကတ်များကို ဂေါတမဗုဒ္ဓ ဟော ကြား တော် မူခဲ့ ကြောင်း အကျယ်ဖော်ပြရန် မလိုသော်လည်း ဤပိဋကတ်မျိုးကို ဟောကြားနိုင်သည့် ပုဂ္ဂိုလ်မှာ ဗုဒ္ဓဘုရားရှင်များသာဖြစ်၍ ဗုဒ္ဓဘုရားရှင်ဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ်မျိုး ဖြစ်ကြောင်းကိုကား အနည်းငယ် ရှင်းပြဖို့ လိုပါလိမ့်မည်။

ဗုဒ္ဓဘုရားဆိုသည်မှာ ကျင့်ကြံမှုကိစ္စပြီးဆုံး၍ ကိလေသာတရားဆိုးအားလုံးကို အကြွင်းမဲ့ ပယ်ဖျက်ပြီးဖြစ်သောကြောင့် လောက၏အပူ

ဇော်ခံ အဆင့်အတန်းသို့ရောက်သော ပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်၊ ဤပုဂ္ဂိုလ်မျိုးမှာ မိမိသန္တာန်၌ အကြောင်းညီညွတ်သောအခါ ဖြစ်ပေါ်လာတတ်သော တပ်မက်မှု,အမျက်ထွက်မှု, မိုက်မဲတွေဝေမှုစသော တရားဆိုး တရားပုပ်တို့ အလျှင်းမရှိကြတော့သဖြင့် မည်သည့်လောက အာရုံကိုမျှ လိုလားတောင့်တခြင်းမရှိဘဲ အလွန်စင်ကြယ်မြင့်မြတ်သောစိတ်ဖြင့် သတ္တဝါတို့အား သနားကြင်နာမှု တစ်ခုဟည်းကြောင့်သာ တရား ဓမ္မ ဟောကြား ညွှန်ပြတော် မူကြကြောင်း ထင်ရှားပါသည်။

ထို့ကြောင့် ဗုဒ္ဓဘုရားဆိုသည်မှာ-

၁။ အာသဝက္ခယဉာဏ်နှင့် ပြည့်စုံတော်မူသည်ဟု အကျဉ်းချုပ် မှတ်သားထားဘို့ လိုပါသည်။

ထို့ပြင် ဗုဒ္ဓဘုရားဆိုသည်မှာ သိကောင်းသော တရားမှန်သမျှကို အကုန်အစင်သိမြင်တော်မူသော ခပ်သိမ်းသိ ဉာဏ်တော်ရှင်ဖြစ်သည့်အတိုင်း ထိုဉာဏ်တော်ကို အစွဲပြု၍ ပါဠိဘာသာအားဖြင့် ဗုဒ္ဓဟု အမည်ရတော်မူခြင်းဖြစ်ပါသည်၊ အရာခပ်သိမ်းကို သိတော်မူရာ၌လည်းတစ်ဆင့်ကြားသဘောဖြင့် မှန်းဆ၍ သိမြင်ခြင်းမျိုးမဟုတ်ဘဲ ကိုယ်တိုင်အတိအကျ သိရှိတော်မူပါသည်၊ ထိုသို့ သိတော်မူခြင်းမှာလည်း သဘာဝမမှန်အပေါ်ယံ အသိမျိုးမဟုတ်ဘဲ ခပ်သိမ်းသော တရားတို့၏ သဘာဝမှန်မပေါက်ပြန် နိုင်သော အသိမျိုးဖြင့် သိမြင်တော်မူပါသည်၊ သိ၍မဖြစ်ကောင်းသော, သို့မဟုတ်, သိသော်လည်း အကျိုး ထူးမရှိသော သံသရာ၏ ရှေ့အစွန်းနောက်အစွန်း, သို့မဟုတ်, သတ္တဝါတစ်ယောက်ယောက်၏ အစနှင့်အဆုံးသဘောမျိုးကိုလည်း ဤသဘောတရားသည် သိ၍ မဖြစ်ကောင်း, သို့မဟုတ်, သိ၍ အကျိုး မထူးဟု အမှန်အတိုင်း သိမြင်တော်မူသဖြင့် ဗုဒ္ဓဘုရားသည် မသိသော အရာမရှိဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘုရားဆိုသည်မှာ-

၂။ သဗ္ဗညုတာ ဉာဏ်နှင့်လည်း ပြည့်စုံတော်မူသည်ဟု အကျဉ်းချုပ် မှတ်သားထားဘို့ လိုပါသည်။

နောက်တစ်ချက်မှာဗုဒ္ဓဘုရားဆိုသည်ကား မဟာပုရိသလက္ခဏာ ယောကျာ်းမြတ်ဟု သိမှတ်ကြောင်း ၃၂ ပါးတို့နှင့် ပြည့်စုံတော်မူသဖြင့် ဗြဟ္မာယုပုဏ္ဏား, ပေါက္ခရသာတိ, စင်္ကီ, တာရုက္ခ, သောဏဒဏ္ဍ, ကူဋဒန္တ စသော ဗုဒ္ဓခေတ် ဗေဒတ္တယပါရဂူ နိုင်ငံတော် ကျက်သရေဆောင် မင်းဆရာကြီးတို့လည်း “အပွေးမြင် အပင်သိ” ဆိုသော စကားကဲ့သို့ ရုပ်လက္ခဏာကို ထောက်ထား၍ ဂေါတမသည် ဗုဒ္ဓဘုရားဖြစ်သည်ဟု ယုံကြည်ကိုးကွယ် ခဲ့ကြပါသည်၊ ဤသို့ လက္ခဏာတော် ၃၂-ပါးတို့နှင့် ပြည့်စုံမှုမှာ အထက်ပါ အတုမဲ့ဉာဏ်တော်ရှင် ဗုဒ္ဓဖြစ်ကြောင်းအလိုလို ပေါ်လွင်ထင်ရှားစေသော အချက်ပင်ဖြစ်ရာ ဤလက္ခဏာတို့မှာလည်း လောကတွင် အတုမဲ့ဖြစ်သော စကြာမင်းနှင့်ဗုဒ္ဓဘုရားတို့မှာသာ တွေ့မြင်နိုင်သည်ဟု ကမ္ဘာ့တန်ဆာ ဗေဒင်ကျမ်းကြီးတို့၌ လာကြောင်း သိရှိရပါသည်။

ထို့ကြောင့် ဗုဒ္ဓ ဘုရားဆိုသည်မှာ-

၃။ မဟာပုရိသ လက္ခဏာ ၃၂-ပါး တို့နှင့်လည်း ပြည့်စုံတော်မူသည် ဟု အကျဉ်းချုပ် မှတ်သားထားဘို့လိုပါသည်။

ဗုဒ္ဓဘုရား၏ ဂုဏ်ကျေးဇူးတော်တို့မှာ မရေမတွက်နိုင်သော အရာများပင် ဖြစ်ပါသည်၊ သို့ရာတွင် ဗုဒ္ဓဘုရားကို အများတို့ အလွယ်တကူ အကဲခပ် နိုင်ကြစေရန် အရေးကြီးသော အချက်ကြီး သုံးရပ်ကိုသာ ဖော်ပြခြင်း ဖြစ်ပါသည်၊ ဤအချက်သုံးရပ်တို့တွင် ရှေ့ဉာဏ်တော် နှစ်မျိုးနှင့် ပြည့်စုံမှုမှာ ဗုဒ္ဓ၏ ပိဋကတ်တော်များကို လေ့လာသုံးသပ်၍ မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ရန်ပင်ဖြစ်ပါသည်၊ ဗုဒ္ဓ၏ပိဋကတ်တော်များကို လေ့လာသောအခါ ဗုဒ္ဓ၏ ဉာဏ်တော်ကို အကဲဖြတ်ဝေဖန်နိုင်မည် ဖြစ်သည့်အပြင် ဗုဒ္ဓ၏ဉာဏ်တော်ကို ဝေဖန်နိုင်သောအခါ ဗုဒ္ဓ၏ ဒေသနာ သာသနာတော်ကိုလည်း သဘောပေါက် လိမ့်မည်ဟု ယုံကြည်ပါသည်။

**ဗုဒ္ဓသာသနာတော်**

ဗုဒ္ဓ ဘုရားသည် ကမ္ဘာလောက၏ ဒုက္ခသဘောကိုသိမြင်တော်မူသည့် အတိုင်း ထိုဒုက္ခပင်လယ်၌ မရပ်မနားမျောပါ လျက်ရှိသော ကမ္ဘာကို ကယ်တင်ရန်အတွက် အမှန်ဆုံး, အကောင်းဆုံး, အသင့်လျော်ဆုံး ဖြစ်သော တရားဒေသနာ များကို

၄၅နှစ် တိုင်တိုင် ပရိနိဗ္ဗာန် စံဝင်ရာ ညောင်စောင်း၌ လျောင်းတော်မူချိန်အထိ ဟောကြားဆုံးမတော် မူခဲ့ပါသည်။

ဗုဒ္ဓသာသနာ ဟူသော စကားသည် ဗုဒ္ဓ၏ ဆုံးမတော်မူချက်ဟု အဓိပ္ပာယ်ဆောင်နေရာ အထက်ပါ ၄၅နှစ်ဟော ဒေသနာတော်များသည်ဗုဒ္ဓ သာသနာတော်ပင် ဖြစ်ပါသည်၊ အမှန်အားဖြင့် ဗုဒ္ဓသာသနာတော် ဆိုသည်မှာ- ဗုဒ္ဓ၏ ဒေသနာတော်များပင် ဖြစ်သော်လည်း ထိုဒေသနာတော်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဒေသနာလာတိုင်း ကျင့်သုံးခြင်း, ကျင့်သုံး၍ အမှန်တရားကို သိမြင်ခြင်းတို့သည်လည်း ထိုဒေသနာတော်၏ အကျိုးဖြစ်၍ ဗုဒ္ဓသာသနာတော် အစိတ်အပိုင်းများသာ ဖြစ်ကြပါသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာသည်-

၁။ ပရိယတ္တိ သာသနာ-ဆုံးမချက် ဒေသနာများ။

၂။ ပဋိပတ္တိ သာသနာ-ဆုံးမချက် အရ ကျင့်သုံးမှုများ။

၃။ ပဋိဝေဓသာသနာ- ဆုံးမချက် အရ ကျင့်သုံး၍ သိမြင်မှုများ။

ဟု အပြည့်အစုံ ပါဝင်စေရန် သုံးမျိုးခွဲခြား ထားတော်မူကြပါသည်။

ဤသာသနာသုံးရပ်ကို အလုပ်သဘောအားဖြင့်ဆက်စပ်ခဲ့ပါလျှင် ဗုဒ္ဓသာသနာသည် သင်ကြားမှု, ကျင့်ကြံမှု, သိမြင်မှု, သုံးမျိုးပင်ဖြစ်၍ တရားမှန်သစ္စာကို သိမြင်မှုမှာ လိုရင်းအဓိကဖြစ်သည့်အတိုင်း အသိမှန်ရရှိမှုအတွက် အကျင့်မှန်ကျင့်မှုရှိရသည်၊ အကျင့်မှန် ကျင့်နိုင်မှုအတွက် ဒေသနာမှန် ရှိရသည်ဖြစ်ရာ ဒေသနာမှန် ရှိမှလည်း အကျင့်မှန် ကျင့်သုံးမှု ရှိနိုင်သည့် နည်းတူ အကျင့်မှန် ကျင့်သုံးမှု ရှိမှလည်း အသိမှန် သိမှုမျိုးပေါ်ပေါက်၍ ချမ်းသာသုခသို့ ရောက်နိုင်မည်ဖြစ်ပါသည်။

ထိုသာသနာသုံးရပ်တွင် ပရိယတ္တိ သာသနာခေါ် ဒေသနာတော်များသည် မူလအကြောင်းရင်းဖြစ်ပြီး ပဋိဝေဓ သာသနာခေါ် သစ္စာတရားမှန်ကို သိမြင်ခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန် ရရှိခြင်းများသည် လိုရင်းအကျိုးဖြစ်သည်သာမက ပရိယတ္တိ သာသနာတော်၏ တည်ရာပိဋကတ်စာပေများသည်လည်း အကြောင်းအကျိုးဆက်စပ်သော သဘောအားဖြင့် ပရိယတ္တိ သာသနာတော်ပင် ဖြစ်ကြပါသည်၊ အမှန်အားဖြင့် ဆိုရသော် ဗုဒ္ဓ၏ ဆုံးမချက် ဩဝါဒတော်များသည် ပရိယတ္တိသာသနာတော်

အစစ်ဖြစ်၍ ထိုသြဝါဒတော်များကို အက္ခရာ သင်္ကေတဖြင့် အမှတ် အသား ပြုထားသော ပိဋကတ်တော်တို့သည်ကား အနက်အဓိပ္ပာယ်ကို အကြောင်းပြု၍ တင်စားခေါ်ဝေါ်အပ်သော ပရိယတ္တိ သာသနာ တော်သာ ဖြစ်ကြပါသည်။

ထို့ကြောင့် သာသနာတော် ထွန်းလင်းသည် ဆိုသော စကားမှာ ဒေသနာ စာပေများကို သင်ကြားမှု, ဒေသနာအတိုင်း ကျင့်သုံးမှု, ကျင့်သည့်အတိုင်းသိမြင်မှု,(တရားပေါက်မှု) သုံးပါးလုံးတို့နှင့်ပတ်သက် နေသည့်အတိုင်း သာသနာ ထွန်းလင်းစေလိုလျှင် ပိဋကတ် ဒေသနာ စာပေများကို သင်ကြားပို့ချ လေ့လာဟောပြော နေကာမျှဖြင့် မလုံ လောက်သေးဘဲ သစ္စာသိမှု ပဋိဝေဓ တိုင်အောင် ကြိုးပမ်းရမည် ဖြစ် ကြောင်း ကိုလည်း သတိပြုသင့်လှပါသည်။

**ပရိယတ္တိသာသနာ ပါဠိတော် စာရင်း**

ပရိယာတ္တိ သာသနာ ဖြစ် သော ကျွန်ုပ်တို့ မြန်မာဘာသာဖြင့်ရေး သားမည့်ပါဠိပိဋကတ်တော်တို့မှာ အရှင်မဟာကဿပ, အရှင်အာနန္ဒာ, အရှင်ဥပါလိစသော သံဂါယနာ တင်ရဟန္တာ အရှင်မြတ်ကြီးတို့ စုစည်း မှတ်သားတော် မူခဲ့ကြသော အစဉ်အလာအရ–

၁။ ရသ အားဖြင့် ဝိမုတ္တိရသ တစ်ပါး။

၂။ ဓမ္မ–ဝိနယ အားဖြင့် နှစ်ပါး။

၃။ ပိဋကတ်အားဖြင့် သုတ္တန်, ဝိနည်း, အဘိဓမ္မာ ဟု သုံးပါး။

၄။ နိကာယ်အားဖြင့် ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ, ခုဒ္ဒက ဟူ၍ ငါးပါး။

၅။ အင်္ဂါအားဖြင့် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန်း, ဣတိဝုတ်, ဇာတ်, အဗ္ဘုတဓမ္မ, ဝေဒလ္လ, ဟူ၍ ကိုးပါး။

၆။ ဓမ္မက္ခန္ဓာ အားဖြင့် ရှစ်သောင်း လေးထောင် ဟူ၍ ခြောက် နည်း သရုပ်ခွဲ၍ ရေတွက်ပြသကြပါသည်။

**ရသတစ်ပါး**

ထိုခြောက်နည်းတို့တွင် ပထမနည်း အရ၊ ရသ, ဆိုသည်မှာ - သာယာ အပ်သော သဘော အရသာပင် ဖြစ်၍ ဗုဒ္ဓ၏ ဒေသနာတော်အားလုံးသည် အရသာအားဖြင့် တစ်မျိုးသာ ဖြစ်သည်၊ ထိုအရသာမှာ ကိလေသာ အပူဓာတ်မှ ငြိမ်းအေးခြင်း ဝိမုတ္တိရသမျိုး ဖြစ်သည်ဟု ဆိုလိုပါသည်။

**ဓမ္မ-ဝိနယနှစ်ပါး**

ဒုတိယနည်းအရဓမ္မဝိနယ ဆိုသည်မှာ - သဘာဝ ဓမ္မ နှင့် ဝိနည်း စည်းမျဉ်း ဥပဒေဟု အဓိပ္ပာယ်ရှိသဖြင့် ဗုဒ္ဓ၏ ဒေသနာတော် အားလုံးသည် သဘာဝဓမ္မကို ဟောကြားသော ဒေသနာမျိုး, စည်းမျဉ်းဥပဒေ ဝိနည်းကို ဟောကြားသော ဒေသနာမျိုးအားဖြင့် အကျဉ်းချုပ် ခွဲဝေသော် နှစ်မျိုးသာရှိသည်ဟု ဆိုလိုပါသည်။

**ပိဋကတ်သုံးပုံ**

တတိယနည်းအရပိဋကတ်ဆိုသည်မှာ သင်ယူအပ်သော အရာ, တည်ရာ ဖြစ်သော အရာဟု အဓိပ္ပာယ်ရှိသဖြင့် ဗုဒ္ဓ၏ ဒေသနာတော်အားလုံးသည် သင်စုသဘော အားဖြင့် သို့မဟုတ်, အဓိပ္ပာယ် တည်နေပုံအားဖြင့်-

၁။ သုတ္တန္တ ပိဋကတ်ခေါ် နည်းပြသင်စု, နည်းပြတည်ရာ တစ်မျိုး၊

၂။ ဝိနယပိဋကတ်ခေါ်ဝိနည်းဥပဒေသင်စု ဥပဒေတည်ရာတစ်မျိုး၊

၃။ အဘိဓမ္မာ ပိဋကတ်ခေါ် သဘာဝ တရားထူးသင်စု, သဘာဝ တရားထူးတည်ရာ တစ်မျိုး အားဖြင့် သုံးပုံ သုံးမျိုး ရှိသည်ဟု ဆိုလိုပါသည်။

ထိုပိဋကတ် သုံးပုံကို အကြမ်းအားဖြင့် ရေတွက်သော် ဝိနည်းပိဋကတ်၌ ၁။ ဘိက္ခုဝိဘင်း၊ ၂။ ဘိက္ခုနီဝိဘင်း၊ ၃။ မဟာဝဂ္ဂ၊ ၄။စူဠဝဂ္ဂ၊ ၅။ ပရိဝါရ ဟု သံဂါယနာတင် အမည်ရှိခဲ့ သော်လည်း ယခုအခါ ပါရာဇိကဏ်, ပါစိတ်, မဟာဝါ, စူဠဝါ, ပရိဝါဟု အမည်

တွင်သော ကျမ်းပေါင်း ငါးကျမ်း ရှိပါသည်၊ ဤဝိနည်း ပိဋကတ်ကို အလွယ်အားဖြင့် ဝိနည်းငါးကျမ်းဟု ခေါ်ဆို ရေတွက်လေ့ ရှိကြပါသည်။

အဘိဓမ္မာပိဋကတ်၌ ၁။ ဓမ္မသင်္ဂဏီ၊ ၂။ ဝိဘင်း၊ ၃။ ဓာတုကထာ၊ ၄။ ပုဂ္ဂလပညတ်၊ ၅။ ကထာဝတ္ထု၊ ၆။ ယမိုက်၊ ၇။ ပဋ္ဌာန်းဟု ခုနစ်ကျမ်းရှိပါသည်။

သုတ္တန်ပိဋကတ်၌ ၁။ ဒီဃနိကာယ် သုံးကျမ်း၊ ၂။ မဇ္ဈိမ နိကာယ် သုံးကျမ်း၊ ၃။ သံယုတ္တ နိကာယ် ငါးကျမ်း၊ ၄။ အင်္ဂုတ္တရ နိကာယ် ၁၁ ကျမ်းနှင့် ရှေ့ပိဋကတ် နှစ်ပုံမှ ကြွင်းသော ခုဒ္ဒကပါဌ, ဓမ္မပဒ စသော ခုဒ္ဒကနိကာယ် ၁၅ ကျမ်းအားဖြင့် အားလုံး ၃၇ကျမ်း ရှိပါသည်၊ ယခုအခါ ဒီဃနိကာယ် သုံးကျမ်းကိုသာ သုတ်သုံးကျမ်း ဟု ရေတွက် ပြောဆိုကြသည်မှာ မပြည့်စုံသေးပါ။

**နိကာယ်ငါးရပ်**

စတုတ္ထနည်းအရ နိကာယ်ဆိုသော စကားမှာ နိကာယ ဟူသော ပါဠိမှ လာ၍ အစုအပေါင်း ဟု အဓိပ္ပာယ် ရှိသဖြင့်ဗုဒ္ဓဒေသနာတော်သည် ၁။ ဒီဃနိကာယ-သုတ်ရှည်စု၊ ၂။ မဇ္ဈိမ နိကာယ-သုတ်လတ်စု၊ ၃။ သံယုတ္တ နိကာယ-စပ်နွယ်သုတ္တန်စု၊ ၄။ အင်္ဂုတ္တရ နိကာယ-အင်္ဂါလွန် သုတ္တန်စု၊ ၅။ ခုဒ္ဒကနိကာယ-သုတ်ငယ်စု ဟူ၍ အရှည်အတို ပမာဏနှင့် သဘောတူရာ စုပုံသော နည်းအားဖြင့် ငါးမျိုးရှိသည် ဟု ဆိုလိုပါသည်။

နိကာယ်အလိုက် ကျမ်းအားဖြင့် ရေတွက်သော် ဒီဃနိကာယ်တွင် ၁။ သီလက္ခန္ဓဝဂ်၊ ၂။ မဟာဝဂ်၊ ၃။ ပါထေယျဝဂ် ဟု သုံးကျမ်း စုပေါင်းဖွဲ့စည်းထားရာ ယခုအခါ သီလက္ခန္ဓဝဂ်ကို သီလက္ခန်ပါဠိတော် မဟာဝဂ်ကို မဟာဝါ ပါဠိတော်, ပါထေယျဝဂ်ကို ပါထေယျ ပါဠိ တော်ဟု ခေါ်တွင်နေကြပါသည်၊ ထိုဒီဃနိကာယ်၌ သီလက္ခန္ဓဝဂ်တွင် ၁၃ သုတ်, မဟာဝဂ်တွင် ၁၀ သုတ်, ပါထေယျဝဂ်တွင် ၁၁ သုတ်, ရှိရာ အားလုံး သုတ်ပေါင်း ၃၄ သုတ်, ရှိပါသည်။

မဇ္ဈိမနိကာယ်၌ ကျမ်းအားဖြင့် သုံးကျမ်းရှိရာ ပထမကျမ်းမှာသုတ်ပေါင်း ငါးဆယ်ရှိ၍ မူလပဏ္ဏာသ (အောက်ခြေငါးဆယ်) ကျမ်းဟု အမည် တွင်ပါသည်၊ ဒုတိယ ကျမ်းမှာ သုတ်ပေါင်း ၅၂ သုတ် ရှိ၍

မဇ္ဈိမပဏ္ဏာသ (အလယ် ငါးဆယ်) ဟု အမည်တွင်ပြီး တတိယကျမ်းမှာ သုတ်ပေါင်း ငါးဆယ်ရှိ၍ ဥပရိပဏ္ဏာသ (အထက်ငါးဆယ်)ဟု အမည်တွင်ပါသည်၊ ထိုမဇ္ဈိမနိကာယ်၌ သုတ်ပေါင်းအားလုံး ၁၅၂ သုတ်ရှိ၍ ယခုအခါ ထိုမဇ္ဈိမနိကာယ်ကို ပဏ္ဏာသ, သုံးကျမ်းဟုလည်း ခေါ်ဝေါ်ကြပါသည်။

သံယုတ္တ နိကာယ်၌ ကျမ်းပေါင်း ငါးကျမ်းရှိရာ ပထမ ကျမ်းမှာ သဂါထာဝဂ္ဂ (ဂါထာပါသောအစု) သံယုတ်ပါဠိတော်၊ ဒုတိယကျမ်းမှာ နိဒါနဝဂ္ဂ (အကြောင်း တရားစု) သံယုတ်ပါဠိတော်၊ တတိယကျမ်းမှာ ခန္ဓဝဂ္ဂ (ခန္ဓာစု) သံယုတ်ပါဠိတော်၊ စတုတ္ထ ကျမ်းမှာ သဠာယတနဝဂ္ဂ (ခြောက် အာယတနစု) သံယုတ်ပါဠိတော်၊ ပဉ္စမကျမ်းမှာ မဟာဝဂ္ဂ (အစုကြီး) သံယုတ်ပါဠိတော်, ဟု အမည်တွင်ပါသည်၊ ထိုသံယုတ္တနိကာယ်၌ ကျမ်းအားဖြင့် အထက်ပါ ငါးကျမ်း, သံယုတ်အမျိုးအစားပေါင်း ၅၆ မျိုး၊ ဝဂ်အားဖြင့် ၂၂၉ ဝဂ်၊ သုတ်အားဖြင့် ၇၇၆၂ သုတ်ရှိပါသည်။

အင်္ဂုတ္တရနိကာယ်၌ ၁။ ဧကအင်္ဂုတ္တိုရ် (အင်္ဂါတစ်ပါးလွန်) ကျမ်း ၂။ ဒုက အင်္ဂုတ္တိုရ် (အင်္ဂါနှစ်ပါးလွန်) ကျမ်း, စသည်ဖြင့် ဧကာဒသ အင်္ဂုတ္တိုရ် (အင်္ဂါတစ်ဆယ့်တစ်ပါးလွန်) ကျမ်းအထိ တစ်ဆယ့်တစ်ကျမ်း ရှိပါသည်၊ ထိုအင်္ဂုတ္တိုရ်နိကာယ်၌ သုတ်အရေအတွက်မှာ ၉၅၅၇ သုတ်ရှိပါသည်။

ထို့ကြောင့် ဤနိကာယ်လေးရပ်ရှိ သုတ်အရေအတွက်မှာ အထက်ပါ စာရင်းအရ ၁၇၅၀၅ သုတ် ဖြစ်ပါသည်။

ခုဒ္ဒကနိကာယ်၌ ကျမ်းအရေအတွက်မှာ ၁။ ခုဒ္ဒကပါဌ၊ ၂။ ဓမ္မပဒ၊ ၃။ ဥဒါန်း၊ ၄။ ဣတိဝုတ်၊ ၅။ သုတ္တနိပါတ်၊ ၆။ ဝိမာနဝတ္ထု၊ ၇။ ပေတဝတ္ထု၊ ၈။ ထေရဂါထာ၊ ၉။ ထေရီဂါထာ၊ ၁၀။ ဇာတ်၊ ၁၁။ နိဒ္ဒေသ (စူဠ နိဒ္ဒေသ, မဟာ နိဒ္ဒေသ) ၁၂။ ပဋိသမ္ဘိဒါ၊ ၁၃။ အပဒါန်၊ (ထေရာပဒါန်, ထေရီအပဒါန်) ၁၄။ ဗုဒ္ဓဝင်၊ ၁၅။ စရိယာပိဋကတ်။

ဤတစ်ဆယ့်ငါးကျမ်းတို့နှင့် ဝိနည်း,ငါးကျမ်း၊ အဘိဓမ္မာ, ခုနစ်ကျမ်းတို့ဖြစ်ရာ အားလုံး ၂၇ ကျမ်းရှိပါသည်၊ ထို ၂၇ ကျမ်းတွင် သုတ္တ သင်္ဂဟကျမ်း, နေတ္တိကျမ်း, ပေဋကောပဒေသကျမ်း, မိလိန္ဒပဉှာကျမ်း, များကိုပါ ထည့်သွင်းလျှင် ၃၁ ကျမ်း ဖြစ်လာပါသည်။

**အင်္ဂါကိုးတန်** ပဉ္စမ နည်းအရ အင်္ဂါ ဆိုသည်မှာ အစိတ်အပိုင်းပင်ဖြစ်၍ ဗုဒ္ဓ၏ဒေသနာတော်များကို တစ်ခုတည်း ကိုယ်ထည်ပြု၍ သင့်လျော်ရာ အင်္ဂါအစိတ်အပိုင်းများကို ခွဲထုတ်သော် အစိတ်အပိုင်း ကိုးမျိုးရှိသည်ဟု ဆိုလိုပါသည်၊ ထိုအင်္ဂါတို့မှာ-

၁။ သုတ္တ-မင်္ဂလသုတ်, ရတနသုတ်, စသော သုတ်အမည်ရသော အစိတ်အပိုင်းမျိုး။

၂။ ဂေယျ - သဂါထာဝဂ္ဂသံယုတ်, စသော စုဏ္ဏိယ နှင့် ဂါထာ (စကားပြေနှင့် အဖွဲ့ဗန္ဓ) ရောစပ်သော အစိတ်အပိုင်းမျိုး။

၃။ ဝေယျာကရဏ - အဘိဓမ္မာ ပိဋကတ် စသော ဂါထာဗန္ဓမပါ စကားပြေသက်သက်သာ ဖြစ်သော အစိတ်အပိုင်းမျိုး။

၄။ ဂါထာ - ဓမ္မပဒ, ထေရီဂါထာ, ထေရဂါထာ, စသော အဖွဲ့ဗန္ဓ ဂါထာသက်သက် အစိတ်အပိုင်းမျိုး။

၅။ ဥဒါန်း - ဝမ်းမြောက် ကြည်နူး၍ ရွတ်ဆိုသော သုတ်ပေါင်း, ၈၂ သုတ်, ဟူသော ဝမ်းမြောက်စကားအစိတ်အပိုင်းမျိုး။

၆။ ဣတိဝုတ် - မြတ်စွာဘုရားသည် ဤစကားကို ဟောကြားခဲ့ပါသည် စသည်ဖြင့် လာသော သုတ်ပေါင်း ၁၁၀, ဟူသောဤသို့ ဟော ဒေသနာ အင်္ဂါ အစိတ်အပိုင်းမျိုး။

၇။ ဇာတ် - ဤသို့ ဖြစ်ခဲ့သည်ဟု ရှေးအဖြစ်ဇာတ်ကို ဖော်ပြသော ငါးရာငါးဆယ် ဒေသနာ အင်္ဂါအစိတ်အပိုင်းမျိုး။

၈။ အဗ္ဘုတဓမ္မ-အာနန္ဒာ, အံ့သြဖွယ် ထူးဆန်းသည့် တရားတို့မှာ ဤလေးပါးတို့ပင် ဖြစ်ကြသည် စသည်ဖြင့် ဟောတော်မူသော အံ့သြဖွယ်တရားနှင့် စပ်သည့် အစိတ်အပိုင်းမျိုး။

၉။ ဝေဒလ္လ-စူဠဝေဒလ္လ, မဟာဝေဒလ္လ, သမ္မာဒိဋ္ဌိ, သက္ကပဉ္စသုတ်, စသော နှစ်သက်ခြင်းနှင့်တကွ **အသိဉာဏ်ရရှိစေသောပြဿနာ** ဖြေရှင်းချက် အစိတ်အပိုင်းမျိုးဟု ကိုးပါးရှိကြပါသည်။

**ဓမ္မက္ခန္ဓာ ၈၄၀၀၀** ဆင့်နည်းအရ ဓမ္မက္ခန္ဓာ ဟူသော စကားမှာ တရား ချက်ပေါင်းဟု အဓိပ္ပာယ်ရှိနေရာ ဗုဒ္ဓ၏ ဒေသနာတော်အားလုံးသည် တရားအချက်အားဖြင့် ရှစ်သောင်းလေးထောင် ရှိသည် ဟု ဆိုလိုပါသည်၊ ဤသို့ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင် ရှိသည်ဟု ရေတွက်သဲ့သည်မှာ "ဓမ္မက္ခန္ဓာ ရှစ်သောင်း နှစ်ထောင်ကို ဗုဒ္ဓထံမှ သင်ယူခဲ့ရ၍ ဓမ္မက္ခန္ဓာ နှစ်ထောင်ကို အရှင်သာရိပုတြာထံမှ သင်ယူခဲ့ရသည့် အတိုင်း ကျွန်ုပ်ဆောင်သော တရားတို့မှာ ရှစ်သောင်း လေးထောင် ရှိပါသည်" ဟု မိန့်မြွက် ခဲ့သော အရှင်အာနန္ဒာ၏ မိန့်ခွန်းတော်အရ ရေတွက်ခြင်း ဖြစ်သည်ဟု ယူဆသင့်ပါသည်၊ ထိုအယူအဆ မှန်ကန်ခဲ့ပါလျှင် အရှင်အာနန္ဒာ ထိုမိန့်ခွန်းကို မြွက်ဆိုပြီးသည့်နောက်မှ ဖြစ်ပေါ် ထည့်သွင်းရသော ကထာဝတ္ထု စသော ကျမ်းမပါသေးဟု မှတ်သားရန်ရှိပါသည်။

ဓမ္မက္ခန္ဓာ ရေတွက်နည်းမှာ အနုသန္ဓေခေါ် စကားစပ် တခုလျှင် ဓမ္မက္ခန္ဓာတစ်ပါး၊ ဂါထာဗန္ဓတို့၌ အမေးသည် ဓမ္မက္ခန္ဓာ တစ်ပါး အဖြေသည် ဓမ္မက္ခန္ဓာ တစ်ပါး၊ အဘိဓမ္မာ၌ တိက်တစ်တိက်ကို ဝေဖန် ချက်သည် ဓမ္မက္ခန္ဓာတစ်ပါး၊ ဒုက်တစ်ဒုက်ကို ဝေဖန်ချက်သည် ဓမ္မက္ခန္ဓာတစ်ပါး၊ စိတ်တစ်မျိုးကို ဝေဘန်ချက်သည် ဓမ္မက္ခန္ဓာတစ်ပါး၊ ဝိနည်း၌ အာပတ်သင့်ကြောင်း ဝတ္ထုတစ်ခုသည် ဓမ္မက္ခန္ဓာတစ်ပါး၊ ထို့အတူ အာပတ်သင့်ပုံ, အာပတ်မသင့်ပုံ, ကြားအာပတ်တစ်ခုထပ်၍ သင့်ပုံ, တိက်, ဒုက် တို့သည်လည်း ဓမ္မက္ခန္ဓာ တစ်ပါးစီပင် ဖြစ်သည် ဟု ရေတွက်ရပါသည်။

## ပိဋကတ်သုံးပုံအကြောင်းအရာများ။

**ဒေသနာသုံးမျိုး** ဗုဒ္ဓ၏ ပိဋကတ်တော်တို့သည်ဒေသနာခေါ် ဟော ကြား ကြောင်း သဘော အားဖြင့် ၁။ အာဏာ ဒေသနာမျိုး၊ ၂။ ဝေါဟာရ ဒေသနာမျိုး၊ ၃။ ပရမတ္ထ ဒေသနာမျိုးဟု သုံးမျိုးကွဲပြားကြပါသည်၊ ထိုသုံးမျိုးတို့တွင် အာဏာဒေသနာ ဆိုသည် မှာ အာဏာရှင် ဖြစ်ထိုက်သော မြတ်စွာဘုရား၏ အာဏာတော်ဖြင့် ဟောကြား အပ်သော ဒေသနာဖြစ်၍ ဝိနည်း ပိဋကတ် တော်ပင် ဖြစ်ပါသည်။

ဝေါဟာရ ဒေသနာဆိုသည်မှာ လောက အသုံးအနှုန်းအားဖြင့် ဟောကြားတော်မူသော ဒေသနာတော်ဖြစ်၍ သုတ္တန်ပိဋကတ်တော်ပင် ဖြစ်ပါသည်။

ပရမတ္ထ ဒေသနာ ဆိုသည်မှာ လောက အသုံးအနှုန်းသို့ မလိုက်ဘဲ အမှန်ဖြစ်ပျက် နေသော သဘာဝဓမ္မအားဖြင့် ဟောကြားတော် မူသော ဒေသနာတော်ဖြစ်၍ အဘိဓမ္မာ ပိဋကတ်တော်ပင်ဖြစ်ပါသည်။

**သာသနာသုံးရပ်** တစ်နည်းအားဖြင့် ပိဋကတ်တော်တို့သည် သာသနာခေါ် ဆုံးမတော်မူပုံ အခြင်း အရာကို ယောက်၍ ၁။ ယထာပရာဓသာသနာ၊ ၂။ ယထာနုလောမသာသနာ၊ ၃။ ယထာဓမ္မ သာသနာဟု သုံးမျိုးအမည်ရကြပြန်ပါသည်။

ထိုသုံးမျိုးတို့တွင် ယထာပရာဓ သာသနာ ဆိုသည်မှာ ချွတ်ယွင်းမှု အဖြစ်အားလျော်စွာ ဆုံးမတော်မူသော ဒေသနာမျိုးဖြစ်၍ အမှန် အားဖြင့် ဝိနည်း ပိဋကတ်တော်ပင် ဖြစ်ပါသည်။

ယထာနုလောမသာသနာ ဆိုသည်မှာ လိုလားနှစ်သက်မှု၊ ဓာတ်ခံ စရိုက် ဝါသနာ၊ တွေးခေါ် ကြံဆမှုတို့ အားလျော်စွာ ဆုံးမတော်မူသော ဒေသနာတော်မျိုးဖြစ်၍ အမှန်အားဖြင့် သုတ္တန် ပိဋကတ်တော် ပင်ဖြစ်ပါသည်။

ယထာဓမ္မ သာသနာ ဆိုသည်မှာ သဘာဝတရား အားလျော်စွာ သဘာဝတရား ရှိသည့်အတိုင်း ဆုံးမတော်မူသော ဒေသနာတော်မျိုး ဖြစ်၍ အမှန်အားဖြင့် အဘိဓမ္မာ ပိဋကတ်တော်ပင် ဖြစ်ပါသည်။

**ကထာသုံးပါး** တစ်နည်း အားဖြင့် ပိဋကတ်တော်တို့သည် ဟောကြားတော် မူအပ်သော တရားအချက်ကို ထောက်ဆ၍ ၁။ သံဝရာ သံဝရကထာ၊ ၂။ ဒိဋ္ဌိ ဝိနိဝေဌနကထာ၊ ၃။ နာမရူပ ပရိစ္ဆေဒကထာဟု သုံးမျိုးအမည် ရကြပြန်ပါသည်။

ထိုသုံးမျိုးတို့တွင် သံဝရာ သံဝရ ကထာ ဆိုသည်မှာ စောင့်စည်းမှု အငယ်အကြီးတို့ကို ဟောကြားရာ ဒေသနာတော်ဖြစ်၍ အမှန်အားဖြင့် ဝိနည်း ပိဋကတ်တော်ပင် ဖြစ်ပါသည်။

ဒိဋ္ဌိဝိနိဝေဌနကထာဆိုသည်မှာ အယူဝါဒ အစွဲများကို ဖြေရှင်းဟောကြားတော်မူရာ ဒေသနာဖြစ်၍ အမှန်အားဖြင့် သုတ္တန် ပိဋကတ်တော်ပင်ဖြစ်ပါသည်။

နာမရူပ ပရိစ္ဆေဒကထာဆိုသည်မှာ နာမ်တရား၊ ရုပ်တရား အပိုင်းအခြားကို ဟောကြားတော်မူရာ ဒေသနာတော်ဖြစ်၍ အမှန်အားဖြင့် အဘိဓမ္မာ ပိဋကတ်တော်ပင် ဖြစ်ပါသည်။

**သိက္ခာသုံးသွယ်**

ဗုဒ္ဓ၏ ပိဋကတ်ဒေသနာတော်များကို သိက္ခာ သုံးပါး နှင့် တွဲစပ် ပြန်သော် ဝိနည်းပိဋကတ်၌ အဓိသီလ သိက္ခာ-သီလလွန် အကျင့်မျိုးကို အဓိကထား၍ဟောတော်မူပါသည်၊ သုတ္တန် ပိဋကတ်၌အဓိစိတ္တသိက္ခာ-စိတ်လွန်အကျင့် (သမာဓိလွန်အကျင့်)မျိုးကို အဓိကထား၍ဟောတော်မူပြီးလျှင် အဘိဓမ္မာ ပိဋကတ်၌ အဓိပညာ သိက္ခာ - ပညာလွန်အကျင့်မျိုးကို အဓိကထား၍ ဟောတော်မူကြောင်း တွေ့နိုင်ကြပါသည်။

**ပဟာန်သုံးပါး**

ဘာစ်နည်း အား ဖြင့် ပဟာန်ခေါ် ကိလေသာပယ်ဖျောက်မှုသဘော နှင့် တွဲစပ်ပြန်သော် ဝိနည်း ပိဋကတ်၌ ဝီတိက္ကမ ပဟာန်-လွန်ကျူးခြင်း ပယ်ဖျောက်မှု တရားမျိုးကို ဟောတော်မူ၍ သုတ္တန်ပိဋကတ်၌ ပရိယုဋ္ဌာန ပဟာန်-ထကြွခြင်း ပယ်ဖျောက်မှု တရားမျိုးကို ဟောတော်မူပြီးလျှင် အဘိဓမ္မာ ပိဋကတ်၌ အနုသယပဟာန်-ကိန်းဝပ် တည်နေခြင်း ပယ်ဖျောက်မှုကို ဟောတော်မူခဲ့ ပါသည်၊ ဤလွန်ကျူးခြင်း၊ ထကြွခြင်း၊ ကိန်းဝပ် တည်နေခြင်းတို့မှာ **ကိလေသာ၏ သဘော သတ္တိများသာ** ဖြစ်သောကြောင့် ဗုဒ္ဓ၏ဒေသနာ **တော်သည်** ကိလေသာ တရားဆိုးများ ကို ပယ်ဖျောက်တတ်သော ဂုဏ် သတ္တိရှိကြောင်း ထင်ရှားနေပါသည်။

**နက်နဲခြင်း (ဂမ္ဘီရ) လေးပါး**

ပိဋကတ်တော်၏ ဂုဏ်ထူးဝိသေသ များ တွင် နက် နဲ ခြင်း လေး ပါး တို့သည်လည်းထင်ရှားသော ဂုဏ်ထူး ဝိသေသများပင်ဖြစ်ကြပါသည်၊ ဗုဒ္ဓ၏ပိဋကတ်တော် များသည် ၁။ ဓမ္မဂမ္ဘီရ-စိတ်မှတ် ပါဠိ၏ နက်နဲခြင်း၊ သို့မဟုတ်၊ ထောက်ထား

အပ်သော အကြောင်းတရားၡ၏ နက်နဲခြင်း, ၂။ အတ္ထဂမ္ဘီရ–အနက် အဓိပ္ပာယ်၏ နက်နဲခြင်း, သို့မဟုတ် ရရှိအပ်သော အကျိုးတရားၡ၏နက်နဲခြင်း, ၃။ ဒေသနာ ဂမ္ဘီရ–ဟောကြားအပ်သော ပါဠိ၏ နက်နဲခြင်း, သို့မဟုတ် ဟောကြားတော်မူပုံ၏ နက်နဲခြင်း,၄။ ပဋိဝေဓ ဂမ္ဘီရ–ပါဠိ, ပါဠိ၏အနက်ကို သိမြင်မှု၏ နက်နဲခြင်း, သို့မဟုတ် ဟောတော် မူသော သဘာဝ တရားတို့၏ သဘောလက္ခဏာကို သိမြင်မှု၏ နက်နဲခြင်း ဟူသော နက်နဲခြင်း လေးပါးတို့နှင့် ပြည့်စုံကြပါသည်။

နက်နဲခြင်းဆိုသည်မှာ စိတ်ဝင်စားရန်, သို့မဟုတ် စိတ်ဝင်စားပြီးနောက် သဘောကျမှု ရရှိရန် ခက်ခဲခြင်းပင် ဖြစ်ပါသည်၊ ဥပမာ အားဖြင့် နက်နဲကြီးကျယ် လှသော မဟာသမုဒ္ဒရာကို ယုန်သူငယ်သည် ဆင်းသက်ရန်, သို့မဟုတ် ဆင်းသက်ပြီးနောက် ထောက်မိနိုင်ရန် ခဲယဉ်း သကဲ့သို့ပင်ဖြစ်ပါသည်။

**ပြည့်စုံခြင်း (သမ္ပတ္တိ) သုံးပါး** ပိဋကတ်တော်တို့၌ မှန်ကန်စွာပြုမှု ကျင့်ကြံလျှင် ပြည့်စုံမှု သမ္ပဒါ သုံးပါးနှင့် အကျိုးတရား သုံးမျိုးတို့ကို ရရှိနိုင်ပါသည်၊ ဝိနည်း ပိဋကတ်၌ အပြုအကျင့် မှန်ကန်လျှင် သီလသမ္ပဒါ–သီလပြည့်စုံမှုကို အမှီပြု၍ ပုဒ္ဒိအာခေါ် ဝိဇ္ဇာသုံးပါးတို့သို့ရောက်ရှိနိုင်ပါသည်၊ သုတ္တန်ပိဋကတ်၌ အပြုအကျင့် မှန်ကန်လျှင် သမာဓိသမ္ပဒါ–သမာဓိပြည့်စုံမှုကို အမှီပြု၍ အဘိညာဉ် (အသိထူး) ခြောက်ပါးတို့သို့ ရောက်ရှိနိုင်ပါသည်၊ အဘိဓမ္မာ ပိဋကတ်၌ အပြုအကျင့် မှန်ကန်လျှင် ပညာသမ္ပဒါ–ပညာပြည့်စုံမှုကို အစွဲပြု၍ ပဋိသမ္ဘိဒါ (ခွဲခြမ်းသိမြင်မှု) လေးပါးတို့သို့ ရောက်ရှိနိုင်ပါသည်။

ထို့ကြောင့် ရှေးဆရာမြတ်တို့သည် ပိဋကတ်သုံးပုံကို အကျဉ်းချုပ်လျှင် သီလ–သမာဓိ–ပညာ သုံးပါးသာရသည်ဟု မိန့်ဆိုတော်မူကြခြင်း ဖြစ်ပါသည်။

**ပျက်စီးခြင်း (ဝိပတ္တိ) သုံးပါး** အပြု အကျင့် အယူ အဆ မှန်ကန်လျှင်အကျိုးသုံးပါးကို ရရှိနိုင်သကဲ့သို့ပင် အပြုအကျင့် အယူအဆ လွဲချော် နေပါလျှင်လည်း ပျက်စီးခြင်း သုံးမျိုးတို့ကို ဆိုက်ရောက်တတ်ပါသည်။

ဝိနည်း ပိဋကတ်၌ အယူအဆ အပြုအကျင့် လွဲမှားလျှင်သီလပျက်စီး၍ ဒုဿီလ–သီလမရှိသူ အဖြစ်သို့ ရောက်သွားတတ်ပါသည်၊ထိုနည်းတူ သုတ္တန် ပိဋကတ်၌ အပြုအကျင့် အယူအဆ လွဲမှားလျှင် အယူဝါဒပျက်စီး၍ မိစ္ဆာဒိဋ္ဌိ အဖြစ်သို့ ရောက်တတ်သည့်ပြင် အဘိဓမ္မာ၌ အယူအဆ အပြုအကျင့် လွဲမှားလျှင် အသိဉာဏ် ပျက်စီး၍ စိတ်လွင့် ရူးသွပ်ခြင်းသို့ ရောက်သွားတတ်ပါသည်။

**ပိဋကတ်စာပေ၏ ဂုဏ်ထူးများ**

ဗုဒ္ဓ၏ ပိဋကတ်တော်တို့တွင် သတ္တဝါတိုင်း ရရှိနိုင်သည့် ယုတ်မာကြမ်းတမ်းသောကာမချမ်းသာထက်သာလွန် မွန်မြတ်သော (၁) အနဝဇ္ဇသုခခေါ် အပြစ်ကင်းသော ချမ်းသာမျိုး၊ ဥပမာ မင်းမှု၊ စိုးမှု၊ လွတ်ကင်းသော ရဟန်းတော်တို့၏ လွတ်လပ်မှု ချမ်းသာ၊ (၂) အဗျာသေက သုခခေါ် ကိလေသာ ရေမစိုသော ချမ်းသာမျိုး၊ ဥပမာ ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းသည့် ယောဂီပုဂ္ဂိုလ်၏ စင်ကြယ်သော ချမ်းသာ၊ (၃) ဈာန်သမာပတ်ချမ်းသာ၊ ကာမချမ်းသာကဲ့သို့ သူတစ်ပါးနှင့်စပ်နွှယ်၍မနေဘဲ မရုန့်ရင်းမကြမ်းတမ်းဘဲ တစ်ကိုယ်လုံးနှစ်သက် ချမ်းသာခြင်းများဖြင့် ပြည့်လျှံ၍နေသော ချမ်းသာနှင့်၊ မြေလျှိုးမိုးပျံ တန်ခိုးဖန်ဆင်းခြင်း စသော အဘိညာဉ်ဂုဏ်နှင့် ပြည့်စုံမှု ချမ်းသာများ၊ (၄) မဂ်ဖိုလ်ချမ်းသာ၊ ကိလေသာ အပူဓာတ် လွတ်ကင်းခြင်း၊ အပါယ်လေးပါး လားရောက်ခြင်း စသည်မှ လွတ်ကင်းခြင်းတို့ကြောင့် အလွန်ငြိမ်းချမ်းလှသော ချမ်းသာသုခများဟူသော အဖိုးမဖြတ်နိုင်သော ချမ်းသာများကို ရရာရကြောင်း နည်းလမ်းများကို အပြည့်အစုံဖော်ပြ ညွှန်ကြားထားသဖြင့် ဗုဒ္ဓ၏ ပိဋကတ်တော်များသည် သုခသိုက် စာပေများသာ ဖြစ်ကြပါသည်။

ဗုဒ္ဓသည် ဤနိဒါန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ကမ္ဘာလောကနှင့် သတ္တဝါအားလုံးတို့ကို ခပ်သိမ်းသိဉာဏ်တော်ဖြင့် ကိုယ်တိုင်ဒိဋ္ဌ ကျကျနန သိရှိ သုံးသပ်တော်မူပြီးမှ အများသတ္တဝါတို့ သိရှိကြစေရန် ထုတ်ဖော်ညွှန်ပြသော စာပေဒေသနာများဖြစ်၍ မှန်ကန်ပြည့်စုံသော လောကဓာတ်စာပေ၊ သတ္တဗေဒစာပေများ ဖြစ်ကြသည်ဟုလည်း ဆိုနိုင်ပါသည်။

ဗုဒ္ဓ၏ ပိဋကတ်တော် များသည် သဘာဝကျ၍ တရားမျှတသော ငြိမ်းချမ်းရေးအစစ် ကျင့်ထုံးဒေသနာတော်များဖြစ်၍ ကမ္ဘာလောက၏ တရားမှန် ငြိမ်းချမ်းရေးကို ပေးအပ် ဆောင်နှင်းနေသည့် ငြိမ်းချမ်းရေး စာပေ အစစ်များပင် ဖြစ်ကြပါသည်။

တစ်နည်းအားဖြင့် သတ္တဝါတိုင်း၏ ဆင်းရဲဒုက္ခမှထွက်မြောက်ရေးကို ရေးရှု ဟောကြားတော်မူသော စာပေများ ဖြစ်သောကြောင့် လွတ်မြောက်ရေး စာပေများဟုလည်း ခေါ်ဆိုနိုင်ပါသည်။

ထို့ပြင် ဗုဒ္ဓ၏ဒေသနာ စာပေများသည် တစ်စုံတစ်ယောက်ထံမှ တစ်စုံတစ်ယောက်က သင်ကြားလာခဲ့၍ တစ်ဆင့်ကြား တီတွင်ထားသော စာပေဒေသနာမျိုးလည်း မဟုတ်သည်သာမက မိမိ၏ အကြားအမြင်ဗဟုသုတ ကြံလုံးစည်လုံးများဖြင့် ဆရာ တစ်ဆူပြုလုပ် ဟောကြားသော အကြံဖြစ် ဒေသနာမျိုးလည်းမဟုတ်ဘဲ ဝါဒတစ်ခု တည်ထောင်ရန် အသိဉာဏ် မလုံလောက်သဖြင့် ရောက်တတ်ရာရာ ပြောဆိုတီထွင်ထားသော စာပေဒေသနာမျိုးလည်း မဟုတ်ပေ၊ အမှန်အားဖြင့် ခပ်သိမ်းသိ ဉာဏ်တော်ဖြင့် ကိုယ်တိုင် တကာယ်သိမြင်ပြီးမှသာ အကောင်းဆုံး နည်း အားဖြင့် ဟောကြား ညွှန်ပြထားသော သေချာတည့်မတ်သည့် စာပေ ဒေသနာတော်များသာ ဖြစ်ကြပါသည်။

ကျွန်ုပ်တို့သည် ဗုဒ္ဓ၏စာပေ ဒေသနာများ အကြောင်းကို အပြည့်အစုံ ဖော်ပြနိုင်သူများ မဟုတ်ကြသည့် အလျောက် ဗုဒ္ဓ၏ စာပေ ဒေသနာများသည် မည်သို့မည်ပုံ မှန်ကန်တိကျသည်ကို မိမိတို့ ကိုယ်တိုင် လေ့လာကျင့်သုံး စမ်းသပ်ကြည့်ကြရန်သာ တိုက်တွန်း လိုက်ပါသည်။

**ပိဋကတ်စာပေကို လေ့လာနည်း**

ပိဋကတ် စာပေကို လေ့ လာသော အခါ၌လည်း စာပေနှင့် ဝေးကွာသူ ဟု အပြောအဆိုလွတ်ရုံမျှ သင်ကြား လေ့လာခြင်း,သူတစ်ပါးတို့အား မည်သို့မည်ပုံ ပြောဆိုနှိမ့်ချမည် စသည်ဖြင့် သူတစ်ပါးတို့ကို ချုတ်ချယ်စော်ကားနိုင်ရန် သင်ကြား လေ့လာခြင်း များ မဟုတ်စေဘဲ ဒုက္ခမှ လွတ်မြောက်ရန်, သဘာဝအမှန်ကို အတိအကျ သိရှိစေရန်အတွက် သင်ကြားလေ့လာခြင်း များသာ ဖြစ်ကြဖို့ လိုပါသည်၊ အကြောင်းမူကား ပိဋကဘ်တော် စာပေကို-သင်ကြားသူသည်၊ မြွေအဖမ်း မတတ်သော ဖြွေအလမ္ပာယ် ဆရာသည်၊ မြွေဖမ်း

နည်း မဟုတ်၍ ထိုဖမ်းသောမြွေ ကိုက်၍ သေဆုံးတတ်သည့် နည်းတူ အသင် မတတ်လျှင်လည်း အကျိုးမခံစားရဘဲ ဆင်းရဲဒုက္ခရောက်ဖို့သာ ဖြစ်လာတတ်ပါသည်။

ထို့ကြောင့် ပိဋကတ်စာပေ လေ့လာသင်ကြား သူတို့သည် ၁။ စိတ်ကောင်းရှိခြင်း၊ ၂။ အမှန်ကို လိုလားနှစ်သက်ခြင်း၊ ၃။ စွဲမြဲစွာ လေ့လာသင်ယူခြင်း၊ ၄။ စာပေ၏ အကျိုးအကြောင်း သဘော သဘာဝကို တွေးဆ ကြံစည်ခြင်း ဟူသော အခြေခံအင်္ဂါ လေးပါး ရှိထိုက်ကြပါသည်၊ ဤအခြေခံအင်္ဂါလေးပါးရှိပြီးနောက်၊ ၅။ ကိုယ်ပိုင် ဉာဏ်ဖြင့် ဆုံးဖြတ် သဘောကျမှုကို ရရှိအောင် ကြိုးစားသင့်ပါသည်၊ ကိုယ်ပိုင် ဉာဏ်ဖြင့် ဝေဖန်၍ ဆုံးဖြတ် သဘောကျမှုကို ရရှိသောအခါ၊ ၆။ ကျင့်ကြံအားထုတ်ရပါမည်။

ဤသို့ကိုယ်ပိုင်ဉာဏ်ဖြင့် သဘောကျ၍ကျင့်ကြံအားထုတ်ခဲ့ပါလျှင် ဗုဒ္ဓဒေသနာတော်၏ လိုရင်းဖြစ်သော ဝိမုတ္တိအရသာကို ခံစားရမည်မှာ ဧကန်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မြန်မာစာ တတ်သူတိုင်း အလွယ်တကူနှင့်အဆိုပါ ဝိမုတ္တိ အရသာကို ခံစားနိုင်ကြ စေရန် ပိဋကတ်တော် အခြေပြုကို တီထွင် ဖြစ်ပေါ်စေခဲ့ကြပေပြီ၊ ထိုပိဋကတ်တော် အခြေပြုကို မည်သို့ ရေးသား စီစဉ်ထားကြောင်းကို အကျဉ်းချုပ်ဖော်ပြရမည်ဆိုသော်-

ကျွန်ုပ်တို့၏ ပိဋကတ်တော် အခြေပြုတွင် အောက်ပါ အချက်များ ပါဝင် နေကြောင်းကို တွေ့မြင်နိုင်ကြပါသည်။

၁။ ပါဠိတော်၏ ဆိုလိုရင်း အဓိပ္ပာယ် ချုပ်ကို အဓိက ထားခြင်း။

၂။ သိလွယ် လောက်သာ ပါဠိ ဝါကျ များကို မူမပျက် စေဘဲ ရေးသားပြဆိုခြင်း။

၃။ အသိ ခက်မည်ထင်ရသော ပါဠိ ဝါကျများကို လွယ်ကူသော မြန်မာ ဝါကျ သစ်ဖြင့် ပြောင်းလဲ ပြဆိုခြင်း။

၄။ မြန်မာ ဝါကျသစ် များကိုလည်း ပါဠိတော် နည်းနှင့် အနီးကပ်ဆုံးဖြစ်အောင် ရေးသားခြင်း။

၅။ မြန်မာ စကား အားလုံး တို့ သည် ခံညားသော ခေတ်သုံး စကား များသာ ဖြစ်ခြင်း။

၆။ ပါဠိတော်သုံး ပါဠိအမည်များကို မြန်မာ အဓိပ္ပာယ် နှင့် တပါ တည်း ဆက်စပ် ဖော်ပြခြင်း။

၇။ အထူး မှတ်သား ထိုက်သော အချက်များကို အောက်ခြေ၌ မှတ်ချက်ဖြင့် သီးခြား ရှင်းလင်း ဖော်ပြခြင်း။

၈။ သုတ် နိဒါန်းများကို သုတ်တိုင်း၏ရှေ့၌ ဖော်ပြထားခြင်း။

**တောင့်တခြင်း** ကျွန်ုပ်တို့သည် ပြည်ထောင်စု သမ္မတ မြန်မာ နိုင်ငံတော် ရဟန်းပညာရှိ, လူပညာရှိ အများ တို့၏ နည်းပေးညွှန်ကြားချက်တို့ကို ရယူ၍ကြီး ငယ်မဟူ လူ, ရှင်, ရဟန်းတို့ နှစ်သက်သဘောကျ ရရှိနိုင်စေရန် အကြိမ်ကြိမ် ပြုပြင်၍ ခဲယဉ်းငြိုငြင်စွာ ပိဋကတ်တော်အခြေပြုဖြစ်ပေါ် လာအောင် ကြိုးပမ်းမှုမှာ ယခုအခါ အကောင်အထည်ပေါ်လာခဲ့ပါပြီ။

ဤသို့ကြိုးပမ်းမှုဖြင့် ကျွန်ုပ်တို့အတွက်သူတော်ကောင်းတို့ ကောင်း မြတ်သည်ဟု သမုတ်ကြသော အရည်အချင်း အားလုံးတို့ အစဉ်မပြတ် တိုးတက်၍ ငြိမ်းချမ်း အေးမြသော ချမ်းသာ သုခကို မနှောင့်နှေး မခဲ ယဉ်းဘဲ ရရှိပါစေရန် လိုလား တောင့်တသည့် နည်းတူ–

၁။ မြန်မာစာ တတ်သူတိုင်း ဗုဒ္ဓဘုရား၏ အထံတော်၌ ကိုယ်တိုင် ကြားနာ လိုက်ရ သကဲ့သို့ ဗုဒ္ဓ ဝါဒ မှန်ကို အပြည့် အစုံ နား လည်ကြပါစေရန်။

၂။ ဗုဒ္ဓဝါဒ ကိုယ်ကျင့်တရား ထွန်းကား၍ ငြိမ်းချမ်းမှု အစစ်ကို ရရှိကြပါစေရန်။

၃။ ဗုဒ္ဓ သာသနာတော် အစွန့် ရှည်ကြာ တည်ထွန်း ပါစေရန် တို့ကိုလည်း မြော်ခေါ် တောင့်တအပ်ပါသည်။

ကောစာဟံ ပဏ္ဍိတော နာမ၊ ကာစာယံ ဗုဒ္ဓဒေသနာ။

ပဿန္တု ဘူတ စိတ္တေန၊ ဘူတ ကာမာ ကဝိဇ္ဇနာ။ ။

ဗုဒ္ဓဝါဒ အလင်းရောင်သည် ကမ္ဘာ့အမှောင်ကို ပယ်ဖျောက်၍ ကြာမြင့်စွာ ထွန်းတောက် ပါစေသတည်း။

၁၃၃၃ ခု၊ ဝါခေါင်လဆန်း ၅ ရက်။ အောင်မိုး။

## မာတိကာ


အကြောင်းအရာ　　　　စာမျက်နှာ

ထုတ်ဝေရခြင်းအကြောင်း .... ... .... (ဂ)

ကျမ်းဦးရှိခိုး.... .... .... .... .... (ဆ)

နိဒါန်း .... .... .... .... .... (ဈ)

၁။ ဗြဟ္မဇာလသုတ် ၅

သီလသုံးမျိုး၊ ဒိဋ္ဌိ ၆၂ – မျိုးနှင့် မြတ်သော သဗ္ဗညုတ ဉာဏ်တော် အကြောင်း။

၂။ သာမညဖလသုတ် ၄၉

ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးများ အကြောင်း။

၃။ အမ္ဗဋ္ဌသုတ် ၉၇

အမျိုး ၄–ပါး၊ ဝိဇ္ဇာစရဏများနှင့် စရဏပျက်စီးခြင်း အကြောင်း။

၄။ သောဏဒဏ္ဍသုတ် ၁၂၉

သီလနှင့် ပညာကို ဝေဖန်ဟောကြားခြင်း အကြောင်း။

၅။ ကူဋဒန္တသုတ် ၁၄၃

အမြတ်ဆုံး ယဇ် ဖိပူဇော်နည်း အကြောင်း။

၆။ မဟာလိသုတ် ၁၆၁

ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ အဘိညာဉ်နှစ်ပါးနှင့် ရဟန်းတော်တို့ ရည်ရွယ်ချက်များ၊ အသက်နှင့်ကိုယ် ပြဿနာများ အကြောင်း။

၇။ ဇာလိယသုတ် ၁၇၄

အသက်ကိုယ် ဟူသော အတ္တပျောက်ကင်းကြောင်းတရား။

အကြောင်းအရာ စာမျက်နှာ

၈။ မဟာသီဟနာဒသုတ် ၁၈၁

မြတ်စွာဘုရားထက် သာလွန်သူ မရှိကြောင်း ရဲရင့်စွာ မိန့်တော်မူခြင်း အကြောင်း။

၉။ ပေါဋ္ဌပါဒသုတ် ၁၉၇

စိတ်တို့ အဆင့်ဆင့် ချုပ်ငြိမ်း လွန်မြောက်ပုံ အကြောင်း။

၁၀။ သုဘသုတ် ၂၁၉

သီလ သမာဓိ ပညာ အကြောင်း။

၁၁။ ကေဝဋ္ဋသုတ် ၂၂၉

တန်ခိုးပြာဋိဟာနှင့် ဓါတ်ကြီး ၄-ပါးချုပ်ရာဌာန အကြောင်း။

၁၂။ လောဟိစ္စသုတ် ၂၄၁

အပြစ်တင်ထိုက်သော ဆရာနှင့် အပြစ်မတင်ထိုက်သောဆရာ အကြောင်း။

၁၃။ တေဝိဇ္ဇသုတ် ၂၅၅

ဗြဟ္မာဖြစ်ကြောင်း နည်းလမ်း အမှန် အကြောင်း။

# ပြဟ္မဇာလသုတ်

## ဗြဟ္မဇာလသုတ် အမှာ

ဗြဟ္မဇာလသုတ် ဆိုသည်မှာ မြတ်သော (သဗ္ဗညုတ, အားလုံး သိသော) ဉာဏ်တော်ကွန်ယက် အကြောင်းကို ပဓာနအားဖြင့် ဟော ကြားတော်မူသော သုတ် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ရာဇဂြိုဟ်မြို့တော်နှင့် နာလန္ဒမြို့တို့၏ အကြားရှိ အမ္ဗလဋ္ဌိကာ ခေါ် သရက်ပင်ပျိုဥယျာဉ်၌ တစ်ညတည်းခိုတော်မူစဉ် မိုးလင်းစအချိန်၌ ဤသုတ်ကို ဟောကြားတော် မူခဲ့လေသည်၊ ရာဇဂြိုဟ် မြို့တော်နှင့် နာလန္ဒမြို့တို့သည် ယခုခေတ် မီးရထားလမ်း အဖြောင့်မိုင် အားဖြင့် ၄-မိုင်မျှ ရှိ၍ ရိုးရိုးအားဖြင့် ၇-မိုင်ခန့်ရှိပြီး ဘီဟာနယ် ဘီဟာလိုက် ရထားလမ်းပေါ်ရှိ ဘရာဂွန်းရွာ အနီး၌ ရှေးနာလန္ဒမြို့ ရာကို တွေ့မြင်နိုင်ကြပေသည်။

ဗုဒ္ဓဘုရားသည် နောက်ပါရဟန်း ငါးရာတို့နှင့် အတူ ရာဇဂြိုဟ်မြို့ တော်မှ နာလန္ဒမြို့သို့ ခရီးရှည်ကြွတော်မူရာ အချိန်လွန်နေသဖြင့် ထိုမြို့ နှစ်မြို့အကြားရှိ အမ္ဗလဋ္ဌိကာခေါ် သရက်ဥယျာဉ်၌ တစ်ညတည်းခို တော်မူလေသည်၊ ရာဇဂြိုဟ်မြို့မှ ထွက်စကပင် နောက်တော်ပါးမှ အမှတ်မဲ့ လိုက်ပါမိလျက်သားဖြစ်နေကြသော သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့လည်း ထိုညအဖို့ ထိုသရက်ဥယျာဉ်မှာပင်တည်းခို ကြလေသည်၊ သုပ္ပိယ ပရိဗိုဇ်သည် တစ်ညလုံးပင် နောက်တော်ပါးမှ မလှမ်းမကမ်း လိုက်ပါလျက် မြတ်စွာဘုရားနှင့် တရားသံဃာတို့၏ အပြစ်ကို ရှေ့ရှုတ် ပြောဆိုသည်သာမက သရက်ဥယျာဉ်တွင် တည်းခိုကြ သော ညအချိန်၌လည်း ရတနာသုံးပါး၏အပြစ်ကို ပြောဆိုလျက်ပင် ရှိသေး၏။ တပည့် ဖြစ်သူ ဗြဟ္မဒတ်လုလင်သည်ကား ဆရာနှင့် ဆန့်ကျင်ဘက်, ရတနာသုံး ပါး၏ ဂုဏ်ကျေးဇူးကို အတိုက်အခံ ပြောဆို ခဲ့လေသည်၊ သုပ္ပိယသည် ဗုဒ္ဓဝါဒတွင်းကားလာသဖြင့် တိတ္ထိပရိဗိုဇ်များ လာဘ်လာဘနည်းပါး ၍ တန်ခိုးမှိန်ကြသည်ကို မကျေမချမ်း ဖြစ်ကာ ဗုဒ္ဓနှင့် တရားသံဃာ တို့အား ဆဲရေးသည်ဟု အရှင်ဗုဒ္ဓဃောသဆရာ ဂိန့်မှာခဲ့ပေသည်။

# ဗြဟ္မဇာလသုတ်အမှာ

ရဟန်းတော်တို့သည် ထိုဆရာတပည့်တို့ ညအချိန် တိုင်အောင် ပြောဆိုနေကြသော စကားများကို အစအဆုံးကြားသိတော်မူနေကြရသဖြင့် နံနက်လင်းသောအခါ ထိုအကြောင်းကို စုဝေး ပြောဆိုမိကြလေသည်၊ ထိုအခါ ဗုဒ္ဓဘုရားသည် ရဟန်းတော်တို့ အထံသို့ ကြွလာတော်မူကာ ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းများနှင့် ပတ်သက်၍ စိတ်ထားရမည့်နည်းနှင့်တကွချီးမွမ်းခြင်းဆိုသော စကားမှ ပုထုဇဉ် လူသာမန်တို့ ချီးမွမ်းခြင်း, အရိယာပညာရှိတို့ ချီးမွမ်းခြင်းများကို ခွဲခြား၍ အကျယ်တဝင့် ဟောကြားတော်မူခဲ့ရာ ဤဗြဟ္မဇာလသုတ် ဖြစ်ပေါ်လာပေသည်။

ချီးမွမ်းနည်းနှစ်မျိုးတွင် သီလအကျင့်မျှဖြင့် ချီးမွမ်းနည်းမှာပုထုဇဉ်လူသာမန်တို့ ချီးမွမ်းနည်းဖြစ်၍ ဗုဒ္ဓဘုရားအဖို့မှာ အချီးမွမ်းကောင်းမဟုတ်သေးကြောင်း၊ လောကတွင် ရှိရှိသမျှ ရဟန်းရှင်လူတို့ အမျိုးမျိုးအဖုံဖုံ ကြံဆစွဲလမ်းကြသော အယူဝါဒများနှင့် ထိုအယူဝါဒ (၆၂) တို့ထက် သာလွန်သော မဂ်ဖိုလ် နိဗ္ဗာန် တရားထူး တရားမြတ်တို့ကိုပါ အကြွင်းမဲ့ သိမြင်တော်မူပါပေသည်ဟု ခပ်သိမ်းသိ ဉာဏ်တော်ဖြင့်ချီးမွမ်းမှသာ အရိယာပညာရှိတို့၏ ချီးမွမ်းနည်း ဗုဒ္ဓဘုရားအဖို့ ကောင်းသော ချီးမွမ်းနည်းမျိုးဖြစ်နိုင်ကြောင်း ဟူသော အချက်မှာ ဤသုတ်၏ လိုရင်းအဓိပ္ပာယ်ဖြစ်ပေသည်။

ဤသုတ်တွင်ပါဝင်သော အချက်အလက်များကို အသေးစိတ်, အကျဉ်းချုပ် ဖော်ပြရပါလျှင် ဤသုတ်၌ သီလငယ်, သီလလတ်, သီလကြီး ခေါ် အခြေခံ သီလသုံးမျိုး, ဒိဋ္ဌိ ၆၂-ပါးတို့ ဖြစ်ပွားလာပုံ အကျယ်နှင့် ထိုဒိဋ္ဌိတို့၏ အလားအလာများ, ထိုဒိဋ္ဌိစွဲ လွတ်ကင်းပုံများ အခြေခံသီလ, အလတ်တန်းသီလ, အထက်တန်းသီလ ကို ရှင်းလင်းပြတ်သားစွာ တွေ့မြင်နိုင်ကြပေသည်။

ဤသုတ်ကို ဖတ်နာပြီးသော အခါ၌ကား သဗ္ဗညုတ ဉာဏ်ခေါ် ...မိမ်း (အားလုံးသိ) ဉာဏ်တော်၏ အစွမ်းသတ္တိကြီးမားပုံနှင့် ဗုဒ္ဓဘုရားဆိုသည်မှာ ဤသို့သော ခပ်သိမ်းသိ ဉာဏ်ပိုင်ရှင် ပုဂ္ဂိုလ်မျိုးသာ ဖြစ်တော်မူပုံကို သဘောပေါက်လာမည် ဖြစ်ပေသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

# ၁–ဗြဟ္မဇာလသုတ်

## မြတ်သော သဗ္ဗညုတာဉာဏ်တော် ကွန်ယက်အကြောင်းကို ဟောတော်မူသော သုတ်

| | |
|---|---|
| သုတ်စဉ်၊ (သုတ္တက္ကမ) .... .... .... .... | ၁–ဗြဟ္မဇာလသုတ်။ |
| ဟောသည့်အချိန်၊ (ကာလ) .... .... .... | နံနက်မိုးလင်းစအချိန်။ |
| ဟောရာအရပ်၊ (ဒေသ) .... .... | ရာဇဂြိုဟ်နှင့် *နာလန္ဒမြို့ အကြား အမ္ဗလဋ္ဌိကသရက်ဥယျာဉ်။ |
| ဟောသည့်ပုဂ္ဂိုလ်၊(ဒေသက) .... .... .... .... | မြတ်စွာဘုရား။ |
| နာယူသည့်ပရိသတ်၊(ပရိသ) .... .... .... .... | ရဟန်းတော်ငါးရာ။ |
| ဟောခြင်းအကြောင်း၊(ဝတ္ထု) .... .... .... .... | ချီးမွမ်းခြင်း။ကဲ့ရဲ့ခြင်း။ |
| ဟောသည့်တရား၊(ဒေသနာ) .... .... | ချီးမွမ်း,ကဲ့ရဲ့ ခံရလျှင်နှလုံးသွင်းရပုံ, သီလသုံးမျိုး, မိစ္ဆာဒိဋ္ဌိ ၆၂–မျိုး, မြတ်စွာဘုရားအား အမှန်အတိုင်း ချီးမွမ်းနည်းတို့ကို ပြ၍ သဗ္ဗညုတာ ဉာဏ်တော်ကို ဟောသည်။ |

### အဋ္ဌုပ္ပတ္တိနိဒါန်း

အခါတစ်ပါး မြတ်စွာဘုရားသည် ရဟန်းငါးရာ တို့နှင့်

**နာလန္ဒခရီး** အတူ ရာဇဂြိုဟ်မြို့ နှင့် နာလန္ဒမြို့တို့အကြား၌ ခရီးရှည် ကြွတော်မူ၏၊ (ရာဇဂြိုဟ်မှ နာလန္ဒသို့ကြွတော်မူသည်) သုပ္ပိယပရိဗိုဇ်လည်း တပည့်ဖြစ်သော ဗြဟ္မဒတ် လုလင်နှင့် အတူ ရာဇဂြိုဟ် နှင့် နာလန္ဒမြို့အကြားခရီးရှည်သွားလျက်ရှိ၏။

---

* နာလန္ဒ–နာလန္ဒမြို့သည် ရာဇဂြိုဟ် မြောက်ဘက် အင်္ဂလိပ်– ၇မိုင်ကွာတွင် တည်ရှိ၏၊ အရှင်သာရိပုတြာ၏ ဖွားမြင်တော်မူရာ နာလကရွာ သည်လည်း အနီးမှာပင် ရှိသည့်အပြင် နာလန္ဒာ [illegible] သိုလ်[illegible] တည်ရာလည်း ဖြစ်၍ ထိုနာလန္ဒဗုဒ္ဓ တက္ကသိုလ်ကြီး၏ အနီး၌ အရှင်သာရိပုတြာ စေတီ[illegible]တော် ယခုတိုင် ထင်ရှားရှိသေး၏

ထိုဆရာတပည့်နှစ်ယောက်တို့တွင် သုပ္ပိယပရိဗိုဇ်သည်များလှသော အကြောင်းဖြင့် ဘုရား, တရား, သံဃာ တို့၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောဆို၏၊ တပည့်ဖြစ်သူ ဗြဟ္မဒတ် လုလင်သည်ကား များလှသော အကြောင်းဖြင့် ဘုရား, တရား, သံဃာ တို့၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆို၏။

ဤသို့လျှင်သုပ္ပိယတို့ဆရာတပည့်တို့နှစ်ယောက်တို့သည်အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် စကားကို ပြောဆိုကြကုန်လျက် မြတ်စွာဘုရားနှင့် ရဟန်းတော်အပေါင်း၏ နောက်မှ နောက်မှ အစဉ်တစိုက် လိုက်ပါ၍ နေကြကုန်၏။

မြတ်စွာဘုရားသည် အမ္ဗလဋ္ဌိက သရက်ဥယျာဉ်သို့ ရောက်သော အခါ ရဟန်းတော် အပေါင်းနှင့်အတူ တစ်ည သီတင်းသုံးတော်မူရာ သုပ္ပိယတို့ ဆရာတပည့်လည်း အမ္ဗလဋ္ဌိက သရက်ဥယျာဉ်မှာပင် တစ်ညအိပ်ကြရလေ၏၊ ထိုသရက်ဥယျာဉ်တွင် ညအိပ်ကြသောအခါ၌လည်း သုပ္ပိယသည် ရတနာသုံးပါး၏ အပြစ်ကို ပြောဆို၍ တပည့် ဗြဟ္မဒတ် လုလင်သည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းဖြင့် အချင်းချင်း ဆန့်ကျင်ဘက်စကားကို ပြောဆိုလျက်သာနေထိုင်ကြကုန်၏။

နံက်လင်း၍ ရဟန်းတော်အများတို့သည် တန်ဆောင်းဝိုင်း၌ စုဝေးမိကြသောအခါ "ငါ့ရှင်တို့ .... အံ့ဩဖွယ်ရှိပါပေသည်၊ ငါ့ရှင်တို့ .... မဖြစ်ဖူးမြဲ ထူးကဲစွာ ဖြစ်ခဲ့ပါပေသည်၊ အလုံးစုံသော တရားအပေါင်းကို သိမြင်သော မြတ်စွာဘုရားသည် သတ္တဝါတို့၏ ဤကဲ့သို့ အထူးထူး အပြားပြား နှလုံးသွင်းသဘောထားရှိပုံကို အလွန်လျှင် ထိုးထွင်း၍ သိမြင်တော် မူနိုင်ပါပေသည်၊ ဤ သုပ္ပိယပရိဗိုဇ်သည် ရတနာ သုံးပါး၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောဆို၏၊ တပည့်ဖြစ်သူ ဗြဟ္မဒတ် လုလင်သည်ကား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆို၏၊ ဤသို့ အချင်းချင်းဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ပြောဆိုလျက်ရှိကြသော သုပ္ပိယတို့ ဆရာတပည့်နှစ်ယောက်သည် မြတ်စွာဘုရားနှင့် ရဟန်းတော်အပေါင်းကို နောက်မှနောက်မှ လိုက်ပါလျက်ရှိကြပေသည်" ဟု ပြောဆိုကြကုန်၏။

**မြတ်စွာဘုရား ကြွလာတော်မူခြင်း**

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ပြောဆိုကြသော စကားကို သိတော်မူ၍ တန်ဆောင်ဝိုင်းသို့ ကြွတော်မူကာ အသင့်ခင်းထားပြီးဖြစ်သော နေရာ၌ ထိုင်တော်မူပြီးလျှင် ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏။

ရဟန်းတို့ ....ဤနေရာ၌ ယခုအခါ အဘယ်စကားကို ပြောဆိုထိုင်နေကြကုန်သနည်း၊ အသင်တို့၏ အပြီးမသတ်သေးသော စကားကား အဘယ်စကားပေနည်း။

ဤသို့ မေးတော်မူသောအခါ ရဟန်းတော်တို့သည် မိမိတို့ ပြောဆိုကြသော စကားကို (သုပ္ပိယနှင့် ဗြဟ္မဒတ် လုလင်တို့ အကြောင်းကို) ပြန်ကြားလျှောက်ထားကြလေလျှင် မြတ်စွာဘုရားသည် ဤသို့မိန့်ကြားတော်မူ၏။

အဋ္ဌုပ္ပတ္တိ နိဒါန်းပြီးပြီ။

---

**ကဲ့ရဲ့ ချီးမွမ်း**

ရဟန်းတို့ .... ငါဘုရားအား ဖြစ်စေ၊ တရားတော်အား ဖြစ်စေ၊ သံဃာတော်အား ဖြစ်စေ၊ သူတစ်ပါးတို့က ကဲ့ရဲ့စကား ပြောကြားကြကုန်လျှင် ထိုသို့ကဲ့ရဲ့မှု၌ သင်တို့သည် ရန်ငြိုးဖွဲ့ခြင်း,မနှစ်သက်ခြင်း, စိတ်မကောင်းခြင်းမျိုးကို မပြုကြကုန်လင့်၊ ရန်ငြိုးဖွဲ့ခြင်း စသည်ကို ပြုခဲ့ကြပါလျှင်ထိုသို့ပြုခြင်းဖြင့် သင်တို့အားသာ အန္တရာယ်ဖြစ်ရာသည် ထိုကဲ့ရဲ့မှု၌ ရန်ငြိုးဖွဲ့ခြင်း, အမျက်ထွက်ခြင်း, စိတ်မချမ်းသာခြင်း, ဖြစ်ပေါ်ခဲ့ပါလျှင် သင်တို့သည် သူတစ်ပါးတို့၏ စကားကောင်း စကားဆိုးကို (ခွဲခြား၍) သိနိုင်ကြပါမည်လော။

ရဟန်းများ။ ။ အရှင်ဘုရား .... သိနိုင်ကြမည် မဟုတ်ပါ။

ဗုဒ္ဓ။ ။ ရဟန်းတို့ .... ငါဘုရားနှင့် တရားသံဃာတို့အား ကဲ့ရဲ့စကား ပြောဆိုခဲ့ကြကုန်လျှင် ဤအကြောင်းကြောင့် ဤစကားသည် မမှန်၊ ဤအကြောင်းသည် ငါတို့၌ မရှိဟု မမှန်သော စကားကို မမှန်သောအားဖြင့် (မမှန်ဟု) ဖြေရှင်းကြရမည်။

ရဟန်းတို့ .... ငါဘုရားနှင့် တရားသံဃာတို့အား ချီးမွမ်း စကား ပြောဆိုခဲ့ကြပါလျှင်လည်း ထိုသို့ချီးမွမ်းရာ၌ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း, စိတ်တက်ကြွခြင်းတို့ မပြုကြကုန်လင့်၊ ထိုသို့ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း, တက်ကြွခြင်း ပြုခြင်းဖြင့် သင်တို့အားသာ အန္တရာယ် ဖြစ်ရာသည်။

ငါဘုရားနှင့် တရားသံဃာတို့အား ချီးမွမ်းပြောဆိုကြပါလျှင် ဤအကြောင်းကြောင့် ဤစကားသည်မှန်၏၊ ဤအကြောင်း ဤသဘော တရားသည် ငါတို့၌ ရှိပေ၏ဟု ဟုတ်မှန်သော စကားကို ဟုတ်မှန်သော အားဖြင့် (မှန်သည်) ဟု ဝန်ခံကြရမည်။

## စူဠသီလ

**ပုထုဇဉ်တို့ ချီးမွမ်းမည့် စူဠသီလများ**

ရဟန်းတို့ ... ပုထုဇဉ်ပုဂ္ဂိုလ်သည် ငါဘုရား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း လို၍ ချီးမွမ်းပြောဆိုလျှင် ထိုပုထုဇဉ်တို့ချီးမွမ်း မည့်ဂုဏ်မှာ အနည်းငယ်မျှသာ ဖြစ်ရာသည်၊ သီလမျှသာ ဖြစ်ရာသည်၊ (သီလမျှဖြင့်သာ ချီးမွမ်းကြလိမ့်မည်)၊ ပုထုဇဉ်တို့ ချီးမွမ်းမည့် အနည်းငယ်သော သီလမျှဖြစ်သော ဂုဏ်ဟူသည် အဘယ်နည်း။

၁။ ရဟန်းဂေါတမသည် သတ္တဝါကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်, ဓား (လက်နက်) ကိုချထားပြီးဖြစ်၏၊ အကုသိုလ်တရားမှ ရှက်တတ်၏၊ ချစ်ခင်ကြင်နာခြင်းရှိသည်ဖြစ်၍ သတ္တဝါအားလုံး၏ အကျိုးစီးပွားကိုလိုလားသော စိတ်ဖြင့်နေထိုင်လေ့ရှိ၏။

---

* အန္တရာယ်-အပြစ် ပြောဆိုခံရ၍ ဒေါသ ဖြစ်လျှင်လည်း ဈာန် မဂ်ဖိုလ် ၏ အန္တရာယ်ဖြစ်သည်၊ အချီးမွမ်း ခံရ၍ နှစ်သက် ဝမ်းမြောက်လျှင်လည်း ဟပ်မက်လိုမှု စသော တရားများ ဖြစ်၍ ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ပင် ဖြစ်သည်၊ ဈာန်မဂ်ဖိုလ် ဟူသောရဟန်းတရားမှာ တပ်မက်မှု တဏှာနှင့် အမျက် ဒေါသ စသော အကုသိုလ် နီဝရဏတို့မှ လွတ်ကင်း၍ တည်ငြိမ် ကြည်လင်မှ ရကောင်း သော တရားမျိုးဖြစ်ပေသည်။

၂။ ရဟန်းဂေါတမသည် အရှင်မပေးသော သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသော ပစ္စည်းကိုသာ ယူလေ့ရှိ၏၊ ပေးသော ပစ္စည်းကိုသာ လိုလားတောင့်တ၏၊ ခိုးလိုသော သဘောမရှိ စင်ကြယ်သောစိတ်ဖြင့် နေထိုင်လေ့ရှိ၏။

၃။ ရဟန်းဂေါတမသည် မမြတ်သော မေထုန်အကျင့်ကို ပယ်စွန့်၍၊ မြတ်သော အကျင့်ကို ပြုကျင့်တော်မူ၏၊ မေထုန်အကျင့်ကို ကျင့်လေ့မရှိ၊ ရွာကျင့်ဖြစ်သောမေထုန်မှ ရှောင်ကြဉ်၏။

၄။ ရဟန်းဂေါတမသည် မမှန်သောစကားမှ ရှောင်ကြဉ်၏၊ မှန်သောစကားကိုပြောဆိုလေ့ရှိ၏၊ (မမှန်သောစကားကိုကြားညှပ်၍ မပြောဆိုသဖြင့် စကားမှန်ခြင်းဆက်စပ်မိ၏၊ ခိုင်မြဲ၏၊ ယုံကြည်လောက်သောစကားရှိ၏၊လောကကို မှောက်မှားလွဲချော်စေတတ်သူ မဟုတ်။)

၅။ ရဟန်းဂေါတမသည် * ဂုံးချောစကားမှ ရှောင်ကြဉ်၏၊ တစ်နေရာမှ နားထောင်ခဲ့၍ တစ်နေရာ၌ သူတစ်ပါးတို့ ကွဲပြားစေရန် ပြောဆို တတ်သူမဟုတ်၊ ဤသို့အားဖြင့် ကွဲပြားနေသောသူတို့ကိုစေ့စပ်တတ်၏၊ ညီညွတ်နေသော သူတို့ကိုလည်း အားပေးကူညီတတ်၏၊ ညီညွတ်မှု၌ မွေ့လျော်သည့်ပြင် ညီညွတ်မှုကို နှစ်သက်သူဖြစ်၍ ညီညွတ်မှုကို ပြုနိုင် သော စကားမျိုးကိုသာ ပြောဆိုတတ်၏။

၆။ ရဟန်းဂေါတမသည် ကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်၏၊ အပြစ်ကင်း၊ နားချမ်းသာ၊ ချစ်ဖွယ်ရာရှိ၊ နှလုံးသို့သက်ဝင်၊ မြို့သုံး၊ အများကြိုက်ဖြစ်သောစကားမျိုးကို ပြောဆိုတတ်၏။

၇။ ရဟန်းဂေါတမသည် စကားဖျင်းမှ ရှောင်ကြဉ်၏၊ အခါကာလနှင့်ကိုက်ညီသော စကား၊ မှန်သောစကား၊ အကျိုးရှိသောစကား၊ တရားစကား၊ ဝိနည်းစကား၊ မြဲစွဲစွာမှတ်သားအပ်သောစကားမျိုးကို ပြောဆိုတတ်၏၊ အချိန်ကာလ အားလျော်စွာ ရည်ညွှန်း ဂ်ရှိသော၊ ကန့်သတ်ပိုင်းခြားမှု ရှိသော၊ အကျိုးစီးပွားနှင့် စပ်နွယ်သော စကားမျိုးကို ပြောဆိုတတ်၏။

---

* ဂုံးကိုက် – သတ်ပုံကျမ်း အများပင် ကုန်းတိုက်၊ ကုန်းချော ဟု ရေးထုံး ရှိ၏၊ သို့ရာတွင် ဂုံးဟူသော စာလုံးကို နေရာပေးသော အားဖြင့် အသုံးလိုက်၍ ရေးသည်။

၈။ ရဟန်းဂေါတမသည် မျိုးစေ့ပေါင်း-သစ်ပင်ပေါင်းကို ဖျက်ဆီးခုတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်၏။

၉။ ရဟန်းဂေါတမသည် တစ်ထပ်သာစား၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်၏၊ အချိန်မဲ့ (မွန်းလွဲမှစ၍ နံနက်နေရောင် (အရုဏ်) လာချိန်အထိ ) စားခြင်းမှ ရှောင်ကြဉ်၏။

၁၀။ ရဟန်းဂေါတမသည် ကိုယ်တိုင်ကခြင်း, တစ်ပါးသောသူကို ကစေခြင်း, ကိုယ်တိုင်သီဆိုခြင်း, တစ်ပါးသောသူကိုသီဆိုစေခြင်း, ကိုယ်တိုင် တီးမှုတ်ခြင်း, တပါးသောသူကို တီးမှုတ်စေခြင်း, အလိုလိုကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကို သာသနာတော်၏ ဆန့်ကျင်ဘက် ကြည့်ခြင်းမျိုး, နားထောင်ခြင်းမျိုးမှ ရှောင်ကြဉ်၏။

၁၁။ ရဟန်းဂေါတမသည် ပန်းပန်ခြင်း, နံ့သာ လိမ်းခြင်း, နံ့သာပျောင်း (အလှဆီစသည်) တို့ဖြင့် အလှအပပြုပြင်ခြင်း ဟူသော အကုသိုလ်ဖြစ်ပွားကြောင်း အမှုမျိုးတို့မှ ရှောင်ကြဉ်၏။

၁၂။ ရဟန်းဂေါတမသည် (တစ်တောင့်ထွာထက်မြင့်သော အခြေရှိသော) မြင့်သောနေရာ, (လက်လေးသစ်ထက် အမွေးရှည်သော ကော်ဇောကြီး စသည်) မြတ်သောနေရာ ထိုင်ခင်းတို့မှ ရှောင်ကြဉ်၏။

၁၃။ ရဟန်းဂေါတမသည် ရွှေဒင်္ဂါး, ငွေဒင်္ဂါးစသော ခေတ်သုံးရွှေငွေပိုက်ဆံကို ခံယူကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်၏။

၁၄။ ရဟန်းဂေါတမသည် မချက်မပြုတ် မလှော်မဖုတ် ရသေးသောစပါးမျိုး-၇-ပါးကို * ခံယူ, ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်၏။

၁၅။ ရဟန်းဂေါတမသည် အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

၁၆။ ရဟန်းဂေါတမသည် မိန်းမ အအို, အပျိုကို ခံယူ ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်၏။

၁၇။ ရဟန်းဂေါတမသည် ကျွန်မ, ကျွန်ထီးကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

၁၈။ ရဟန်းဂေါတမသည် ဆိတ်, သိုး, ကြက်, ဝက်, ဆင်, နွား, မြင်း, မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

---

* စပါးမျိုး -၇-ပါး- သလေး (ကောက်ကြီး), ကောက်လျှဉ်, မုယော, ဂျုံ (နတ်ကောက်), ဆပ်, ပြောင်း,လူး။

၁၉။ ရဟန်းဂေါတမသည် လယ်, ယာ* ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

၂၀။ ရဟန်းဂေါတမသည် လူ့ဝတ်ကြောင်တို့၏ (သတင်းပေး, သတင်းယူ)သံတမန်အမှုကိုပြုခြင်း, အစေအပါးခံ၍ တစ်အိမ်မှ တစ်အိမ် သွားလာခြင်းတို့မှ ရှောင်ကြဉ်၏။

၂၁။ ရဟန်းဂေါတမသည် အရောင်းအဝယ်လုပ်ခြင်းမှ ရှောင်ကြဉ်၏။

၂၂။ ရဟန်းဂေါတမသည် ချိန်စဉ်းလဲ, ခွက်စဉ်းလဲ, ချင့်အိုးစဉ်းလဲတို့မှ ရှောင်ကြဉ်၏။

၂၃။ ရဟန်းဂေါတမသည် လာဘ်စားခြင်း, ပရိယာယ်ဖြင့် လှည့်ပတ်ခြင်း, ပစ္စည်းတုပြိုင်၍ လှည့်ပတ်ခြင်းဟူသော ကောက်ကျစ်စဉ်းလဲခြင်းမျိုးမှ ရှောင်ကြဉ်၏။

၂၄။ ရဟန်းဂေါတမသည် ဖြတ်ခြင်း, သတ်ခြင်း, တုပ်နှောင်ခြင်း, ပုန်းကွယ်ချောင်းမြောင်း၍ လုယက်ခြင်း, မြို့ရွာနိဂုံးကို ဖျက်ဆီးခြင်း, အနုကြမ်းစီးခြင်းမျိုးမှ ရှောင်ကြဉ်၏။

ရဟန်းတို့, ပုထုဇဉ် ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုသော် ဤသို့ သီလငယ် (စူဠသီလ) တို့ဖြင့်သော်လည်း ချီးမွမ်းပြောဆိုရာသည်။

သီလငယ် (စူဠသီလ) ပြီးပြီ။

---

## သီလလတ် (မဇ္ဈိမသီလ)

ရဟန်းတို့,ထိုမှတစ်ပါးလည်း အရှင်ကောင်း,အရှင်မြတ်ဖြစ်ကြကုန်သော ရဟန်း ပုဏ္ဏား အချို့တို့သည် သဒ္ဓါတရားဖြင့် လှူဒါန်းကြသော အစားအစာတို့ကို စားသောက်ကြပြီးလျှင် ဤသို့သောအပြုအမူတို့ကို ပြုလုပ်နေထိုင်ကြကုန်၏၊ ထိုအပြုအမူတို့မှာ .....

---

* လယ်-ယာ။ ။ စပါးမျိုး -၇-ပါး စိုက်ပျိုးရာအရပ်သည် လယ်(ခေတ္တ) ပဲမျိုး -၇-ပါးကို စိုက်ပျိုးရာ အရပ်သည် ယာ (ဝတ္ထု) မည်၏။

## မဇ္ဈိမသီလ

**မျိုးစေ့သစ်ပင်**

၁–အမြစ်မျိုးစေ့, တို့မှ ပေါက်သော ချင်း နနွင်း စသည်ကို ဖျက်ဆီးခြင်း၊ ပင်စည်မျိုးစေ့တို့မှ ပေါက်သော ညောင်, ရေသဖန်း စသည်ကို ဖျက်ဆီးခြင်း၊ အဆစ်မျိုးစေ့တို့မှ ပေါက်သော ကြံ, ကျူ စသည်ကို ဖျက်ဆီးခြင်း၊ အညွန့်မျိုးစေ့တို့မှ ပေါက်သော ကညို့ စသည်ကို ဖျက်ဆီးခြင်း၊ အစေ့မျိုးစေ့တို့မှ ပေါက်သော ကောက်ပဲ စသည်ကို ဖျက်ဆီးခြင်း ဟူသော မသေသေးသော မျိုးစေ့ အပေါင်း (ဗီဇဂါမ်), မြက်သစ်ပင်အပေါင်း (ဘူတဂါမ်) တို့ကို ဖျက်ဆီးခြင်း။

၂–စားဖွယ်, သောက်ဖွယ်, အဝတ်, ဖိနပ်, အိပ်ရာ နေရာ, ဆေးအတွက် သုံးသော နံ့သာ, နှမ်း, ဆန်, ပဲ စသော ကြွင်းသော ပစ္စည်းများကို အပို သိုမှီးသိမ်းဆည်း၍ သုံးဆောင်ခြင်း။

**ပွဲလမ်းသဘင်**

၃–ကပွဲ, သီချင်းဆိုပွဲ, တီးမှုတ်ပွဲ, ဇာတ်အငြိမ့် ရုပ်သေးပွဲ, ရာမဇာတ် စသော ပွဲ, ဟောပြောပွဲ, လက်ခုပ်တီးပွဲ, ကြေးနှောင် စသော တူရိယာတီးပွဲ, အိုးစည်တီးပွဲ, အလှပြပွဲ, သံလုံးကစားပွဲ, ချောတိုင်တက်ပွဲ, အရိုးဆေးပွဲ, ဆင်တိုက်ပွဲ, မြင်းပြိုင်ပွဲ, ကျွဲတိုက်ပွဲ, နွားတိုက်ပွဲ, ဆိတ်တိုက်ပွဲ, သိုးတိုက်ပွဲ, ကြက်တိုက်ပွဲ, ငုံးတိုက်ပွဲ, တုတ်ရိုက်ပွဲ, လက်ဝှေ့ပွဲ, နပမ်းလုံးပွဲ, စစ်တိုက်ပွဲ, စစ်သည် ရေတွက် စစ်ဆေးပွဲ, စစ်ရေးပြပွဲ, စစ်တပ် စသည်ကို ကြည့်ရှုခြင်း ဟူသော သာသနာတော်၏ ဆန့်ကျင်ဘက် ဖြစ်သော ပွဲများကို ကြည့်ရှုခြင်း။

---

* ၂–မဇ္ဈိမသီလမှာ စူဠသီလတွင် ပါဝင်သော သီလတို့ အများ အပြားပါရှိနေ၏၊ စူဠသီလမှာ ဉာဏ်နုသူတို့ အကြမ်းအားဖြင့် ချီးမွမ်းသောသီလများဖြစ်၍ မဇ္ဈိမသီလမှာ ဉာဏ်အတော်အတန် ရှိသူတို့ အကျယ်ချဲ့ကာ ချီးမွမ်းသော သီလများဖြစ်ကြောင်းကိုသတိပြုရာသည်၊ ဉာဏ်အတော်အတန် ရှိသူတို့သည်မိမိဉာဏ်မှီသမျှ အကျယ်ဝေဖန်ကာ ချီးမွမ်းကြပုံကို ပြတော်မူလိုရင်းဖြစ်သည်။

**ကစားခြင်း** ၄ – ရှစ်ကွက်ကျား ကစားခြင်း၊ ဆယ်ကွက်ကျား ကစားခြင်း၊ ကောင်းကင်၌ ပါးစပ်ကကျားကွက် ရေး၍ ပါးစပ် ဖြင့် ကျားရွှေ့၍ ကစားမြင်း၊ ပုရွက်ဆိတ်ကြောင်း လိုက်ခြင်း၊ ဇယ်တောက်ခြင်း၊ ကြွေပစ်ခြင်း၊ ကျေးသားရိုက်ခြင်း၊ ဝါးခြမ်းစိတ်ဖြင့် အရုပ်ရေး၍ ကစားခြင်း၊ ဂုံညင်းထိုးခြင်း၊ ပီပီခရာ မှုတ်ခြင်း၊ ထွန်ငယ်ဖြင့် ကစားခြင်း၊ ဒိုင်ဗင် ကျွမ်းထိုး ဘားအမျိုးမျိုး ကစားခြင်း၊ ထန်းရွက် စကြာငယ်စသည်ဖြင့် ကစားခြင်း၊ ဖက်ရွက် ခွက်ငယ်ဖြင့် သဲစသည်ကို ခြင်၍ကစားခြင်း၊ (၁–ဈေးရောင်းတန်းကစားခြင်း) ရထားငယ် လှည်းငယ်ဖြင့် ကစားခြင်း၊ လေးငယ်ဖြင့်ကစားခြင်း၊ အက္ခရာရေးကာအဖော်ခိုင်း၍ ကစားခြင်း၊ စိတ်အကြံကို ရှာဖွေဖြေဆို၍ ကစားခြင်း၊ (စကားထာဝှက် ကစားခြင်း) ကန်းယောင် ကုန်းယောင် ကွယောင်ပြု၍ကစားခြင်း။

**မြင့်သောနေရာ မြတ်သောနေရာ** ၅ – တစ်တောင့်ထွာထက်ရှည်သော အခြေကပ်သော ညောင်စောင်း–အင်းပျဉ်–ခုတင်ထိုင်ခုံ အခြေ၌ သားရဲရုပ် ရှိသော ခုတင်–ထိုင်ခုံ လက်လေး သစ်ထက် အမွေး ရှည်သော ကော်ဇောကြီး၊ အကွက် အပြောက်ပါသော ဆန်းကြယ်သော သားမွေးအခင်း၊ အဖြူသက်သက်ဖြစ်သော သားမွေးအခင်း၊ ပန်းပွင့်အဆာပါသော သားမွေးအခင်း၊ လဲမှို့သွင်းသောအခင်း၊ ခြသေ့်ရုပ်ကျားရုပ် စသည်ဖြင့် ဆန်းကြယ်သော သားမွေးအခင်း၊ အမြိတ်နှစ်ဘက်ပါသော သားမွေးအခင်း၊ အမြိတ် တစ်ဘက်သာ ပါသောသားမွေးအခင်း၊ ရတနာ ရွှေချည် ငွေချည်တို့ဖြင့် ချုပ်သော ပိုးချည်အတွင်း ရွှေချည် ငွေချည်သွင်း၍ ယက်သော အခင်း၊ ရတနာရွှေချည်ငွေချည်တို့ဖြင့် ချုပ်သော ပိုးချည်သက်သက် ယက်သော အခင်း၊ မင်းသမီး တစ်ဆယ့်ခြောက်ယောက် ကလောက်သောသားမွေးအခင်း၊ ဆင်ပေါ်၌ ခင်းသော အခင်း၊ မြင်းပေါ်၌ ခင်းသော အခင်း၊ ယာဉ်ရထားပေါ်၌ ခင်းသော အခင်း၊ သစ်နက်ရေဖြင့် ချုပ်သော အခင်း၊ ဝံပိုက်ရေဖြင့် ချုပ်အပ်သော မြတ်သောအခင်း၊ အပေါ်၌ အနီဖုံးပါ

သောအခင်း, ထိပ်ပိတ်နှစ်ဘက်နီသော ခေါင်းအုံးနှင့် ခြေတင်ပါသော အခင်း။

**နံ့သာလိမ်း တန်ဆာဆင်ခြင်း**

၆ – ကိုယ်နံ့ကောင်းအောင် နံ့သာမှုန့် ပေါင်ဒါစသည်ဖြင့်လိမ်းကျံခြင်း,ကိုယ်အင်္ဂါ အစိတ်အပိုင်း လှပစေရန်နှိပ်နယ်ပြုပြင်ခြင်း,နံ့သာရေဖြင့်ရေချိုးခြင်း,လက်ခြေစသည်ကို တုတ်စသည်ဖြင့် ထုနှက်၍ လက်ရုံးအားကို ပွားစေခြင်း, မှန်ကြည့်ခြင်း, မျက်စေ့၌ အလှဆေးဆိုးခြင်း, ပန်းပွင့် ပန်းကုံးတို့ကို ပန်ဆင်ခြင်း, အရောင်တင်ခြင်း, မျက်နှာ၌ မျက်နှာချေမှုန့် လိမ်းခြင်း, နံ့သာရေ သနပ်ခါးစသည် လိမ်းခြင်း, လက်ကိုတန်ဆာဆင်ခြင်း, ဥဿျှောင်ထုံးခြင်း, တုတ်ကောက် စသည်ကို အလှကိုင်ခြင်း, မိန်းမရုပ် ယောကျာ်းရုပ်တို့ဖြင့် ဆန်းကြယ်သော ဆေးကျည်တောက်ကို လွယ်ခြင်း, (ဆောင်ခြင်း) သန်လျက်ကို ဆောင်ခြင်း, ဆန်းကြယ်သော ထီးကို ဆောင်ခြင်း, ဆန်းကြယ်သော ဖိနပ်ကို စီးခြင်း, နဖူး၌ ဆန်းကြယ်သောနဖူးစည်းသင်းကျစ်ပြားကို စည်းခြင်း, မကိုဋ်ထွတ် ကျောက်မျက်ရတနာကို ဆောင်ခြင်း, စာမရီသားမြီး ယပ်ကိုဆောင်ခြင်း, အမြိတ်ရှည်သော အဝတ်ဖြူကို ဝတ်ခြင်း။

**တိရစ္ဆာနကထာ * မဂ်ဖိုလ်နှင့် ဖီလာဖြစ်သောစကား**

၇– မင်းနှင့်စပ်သော စကား, သူခိုး ဓားပြ နှင့် စပ်သော စကား, အမတ်ချုပ်ကြီးနှင့် စပ်သော စကား, စစ်တပ်နှင့် စပ်သော စကား, ကြောက်မက်ဖွယ်ရာ ဘေးနှင့် စပ်သော စကား, စစ်ပွဲနှင့် စပ်သောစကား, စားဖွယ်နှင့် စပ်သောစကား, သောက်ဖွယ်

---

*–အဘယ်မင်းသည်အဘယ်မျှတန်ခိုးကြီးပါပေသည်၊စသည်ဖြင့် နှစ်သက်သာယာခြင်း ဖြစ်ကြောင်းကို ပြောဆိုမှုသာ တိရစ္ဆာနကထာဖြစ်သည်၊ သဒ္ဒါတရားနှင့် ပြည့်စုံသည်၊ ပညာရှိသည် စသည်ဖြင့် ကုသိုလ်ကောင်းမှုနှင့် စပ်၍လည်းကောင်း ဤသို့သော မင်း, အမတ်, သူရဲကောင်းစသည်တို့လည်း သေကျေပျက်စီးကြလေပြီ၊ လောက၌ မမြဲတတ်သော သဘောတရားထင်ရှားလှပါပေသည် စသည်ဖြင့် သံဝေဂနှင့်စပ်၍လည်းကောင်း၊ ပြောဆိုမှု တိရစ္ဆာနကထာ မဖြစ်၊ ပြောကောင်း ဟောကောင်းသည်သာတည်း။

နှင့်စပ်သောစကား, အဝတ်နှင့် စပ်သော စကား, အိပ်ရာ–နေရာ–ပန်း–နံ့သာ–ဆွေမျိုး–ယာဉ်ရထား–ရွာ–နိဂုံး–မြို့–ဇနပုဒ်–မိန်းမ–ယောကျ်ား–သူ့ရဲကောင်း–လမ်းဆုံ လမ်းခွ–ရေဆိပ်–သေလွန်ပြီးသော ဆွေမျိုးနှင့် စပ်သောစကား, ကြွင်းသော အမျိုးမျိုးသော လောက ရေးရာ စကား, ကမ္ဘာလောကကို မည်သူ ဖန်ဆင်းသည် စသော လောကနှင့် စပ်သောစကား, သမုဒ္ဒရာကို မည်သူတူးသည် စသော သမုဒ္ဒရာနှင့် စပ်သော စကား, တိုးတက်ရေး ဆုတ်ယုတ်ရေး နည်းပြ စကား, (အဓိပ္ပာယ် မရှိဘဲ သူတကာ ကြိုက်ရုံ ပြောသောစကား) ဤ စကားမျိုးကို ပြောဆိုခြင်း။

**ဝိဂ္ဂါဟိတ ကထာ ရန်စကားပြောခြင်း**

၈– သင်သည် ဤသုတ် အဘိဓမ္မာ ဝိနည်းကိုမသိ၊ငါသာသိ၏၊သင်အဘယ် ကြောင့် သိမည်နည်း၊ သင်သည် အကျင့် မှား၍နေ၏၊ ငါသာအကျင့်မှန်၏၊ ငါ၏စကားသည် ပြေပြစ်၏၊ သင်၏ စကားသည် မပြေပြစ်၊ သင်သည် ရှေ့ဆိုရမည့် စကားကို နောက်ထား၍ ပြောဆို၏၊ နောက် ဆိုရမည့်စကားကို ရှေ့ထား၍ ပြောဆို၏ စသည် ရန်စကားကို ပြောကြားခြင်း။

**ဒုတေယျပဟိဏဂမနံ၊ စေတမန်ပြု အခိုင်းခံ**

၉– မင်း အမတ် စသော လူတို့၏ ဘယ် သို့ သွားပေးပါ၊ အဘယ် မှ အဘယ်အရာကို ဆောင်ယူခဲ့ပါ စသော စေခိုင်းမှုကို ခံ၍ ခရီးရှည် သွားရသော စေတမန်အလုပ်ကို ပြုလုပ်ခြင်း၊ တစ်အိမ်တက် တစ်အိမ် ဆင်း ခရီးတိုသွား၍ အစေအပါးခံခြင်း။

**ကုဟကာဒိ၊ အံ့ဩအောင် လုပ်ခြင်း စသည်**

၁၀– လာဘ်ရမှု–အရိုအသေ ခံရမှု – ကျော်စောမှု–သုံးပါးကို ရည်ရွယ် သော အလို ဆိုးဖြင့် လူအများကို အံ့ဩ အောင် မလှူ ချင် လှူချင်အောင်ဒကာတို့ကို မြှောက်ပင့်၍ ဖြစ်စေ၊ မိမိဂုဏ်ကိုဖော်၍ ဖြစ်စေ၊ စကားခေါ်၍ဖြစ်စေ၊ ပြောဆိုခြင်း, မလှူချင် မနေရအောင် အရိပ်

နိမိတ်ပြ၍ ပြောဆိုခြင်း, သဒ္ဒါတရား နည်းပါးသည် စသည်ဖြင့် ကဲ့ရဲ့ ရှုတ်ချ၍ မလှုပ်ချင်မနေရအောင် နှိပ်ချ၍ပြောဆိုခြင်း, တစ်နေရာမှရသော လာဘ်ကို တစ်နေရာသို့ ပေး၍ ပေး၍ လာဘ်မျှားခြင်း။

မြတ်စွာဘုရားသည် ဤသို့သော အပြုအမူတို့မှ ရှောင်ကြဉ်တော်မူပါပေ၏ ဟုသီလလတ် (မဇ္ဈိမသီလ) ဖြင့်သော်လည်း ပုထုဇဉ်ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းရာသည်။

မဇ္ဈိမသီလ ပြီးပြီ။

## မဟာသီလ

**တိရစ္ဆာနဝိဇ္ဇာ မင်္ဂဖိုလ်နှင့်ဆန့်ကျင်ဘက်အတတ်များ ကိုယ်အင်္ဂါကျမ်းစသည်**

ရဟန်းတို့, ထိုမှ တစ်ပါးလည်း အရှင်ကောင်းအရှင်မြတ် ဖြစ်ကြကုန်သော ရဟန်းပုဏ္ဏား အချို့တို့သည် သဒ္ဒါတရားဖြင့် လှူဒါန်းကြသော အစားအစာ တို့ကို စားသောက်သုံးဆောင်ကြပြီးလျှင် ဤသို့မှားယွင်းသော အသက်မွေးမှုတို့ကို ပြုလုပ်၍ အသက်မွေးကြကုန်၏၊ ထိုမှားယွင်းသော အသက်မွေးမှုတို့မှာ ၁- ကိုယ်အင်္ဂါကျမ်း၊ ၂-နိမိတ်ကျမ်း၊ ၃-ဥပါတ်ကျမ်း၊ ၄-အိပ်မက်ကျမ်း၊ ၅-လက္ခဏာကျမ်း၊ ၆-ကြွက်ခဲကျမ်း၊ ၇-မီးပူဇော်ကျမ်းအမျိုးမျိုး၊ ၈-အင်္ဂဝိဇ္ဇာအတတ်* ၊ ၉-မြေရာအတတ် (ဝတ္ထုဝိဇ္ဇာ)၊ ၁၀-ရာဇသတ်ကျမ်းစသောအတတ် (ခေတ္တဝိဇ္ဇာ)၊ ၁၁-မြေခွေးမြည်သံအတတ် (သိဝဝိဇ္ဇာ)၊ ၁၂-တစ္ဆေမြေဘုတ်အတတ် (ဘူတဝိဇ္ဇာ)၊ ၁၃-မြေအိမ်၌နေ၍ သင်ရသောမန္တန်အတတ် (ဘူရိဝိဇ္ဇာ) ၁၄ - မြွေအတတ် (အဟိဝိဇ္ဇာ)၊ ၁၅ - အဆိပ်နှင့် ပတ်သက်သော အတတ် (ဝိသဝိဇ္ဇာ)၊ ၁၆-ကင်းမြီးကောက် အဆိပ်ကုသောအတတ် (ဝိစ္ဆိကဝိဇ္ဇာ)၊ ၁၇- ကြွက်ခဲသည်ကိုကုသောအတတ် (မူသိကဝိဇ္ဇာ)

---

* အင်္ဂဝိဇ္ဇာ ။ ။ အင်္ဂဝိဇ္ဇာ အတတ်ဆိုသည်မှာလက်ချောင်းရိုးကိုကြည့်၍ မန္တန်ကိုရွတ်ပြီးလျှင် ကျက်သရေရှိသူ, ကျက်သရေမဲ့သူ စသည်ဖြင့် ညွှန်ပြနိုင်သော အတတ်ဖြစ်သည်၊ (အဋ္ဌကထာ)

၁၈-ငှက်မြည်သံကို သိသောအတတ် (သကုဏဝိဇ္ဇာ)၊ ၁၉-ကျီးသာ နိမိတ်ကို သိသော အတတ် (ဝါယသ ဝိဇ္ဇာ)၊ ၂၀-အသက်ပိုင်းကို သိသောအတတ် (ပက္ကဇ္ဈာန)၊ ၂၁-မြားလွှဲ လေးလွှဲ အတတ် (သရ ပရိတ္တာဏ)၊ ၂၂-သားငှက်များတို့၏ မြည်သံ နိမိတ်ကို သိသော အတတ်(မိဂစက္က)၊ ဤအတတ်မျိုးတို့ဖြင့် အသက်မွေးခြင်း။

**တိရစ္ဆာနဝိဇ္ဇာ လက္ခဏာကျမ်းစသည်** ၁-ကျောက်မျက် ရတနာတို့၏ လက္ခဏာကို ဆိုသော မဏိလက္ခဏာကျမ်း၊၂-ဝတ္ထ လက္ခဏာကျမ်း (အဝတ်)၊ ၃-ဒဏ္ဍ လက္ခဏာကျမ်း(တုတ်)၊၄-သတ္ထလက္ခဏာ ကျမ်း (ဓား)၊ ၅-အသိလက္ခဏာကျမ်း (သန်လျက်)၊ ၆-ဥသု လက္ခဏာကျမ်း (မြား)၊ ၇- ဓနုလက္ခဏာကျမ်း (လေး)၊ ၈-အာ ဝုဓလက္ခဏာကျမ်း (ကြွင်းသောလက်နက်)၊ ၉-ဣတ္ထိလက္ခဏာကျမ်း (အိမ်ထောင်သည်မ)၊ ၁၀-ပုရိသလက္ခဏာကျမ်း (အိမ်ထောင်သည် ယောကျ်ား)၊ ၁၁-ကုမာရ လက္ခဏာကျမ်း (လူပျို)၊ ၁၂-ကုမာရီ လက္ခဏာကျမ်း (အပျို)၊ ၁၃-ဒါသ လက္ခဏာကျမ်း (ကျွန်ထီး)၊ ၁၄-ဒါသီ လက္ခဏာကျမ်း (ကျွန်မ)၊ ၁၅-ဟတ္ထိ လက္ခဏာကျမ်း (ဆင်)၊ ၁၆-အဿလက္ခဏာကျမ်း (မြင်း)၊ ၁၇-မဟိံသလက္ခဏာ ကျမ်း (ကျွဲ)၊ ၁၈-ဥသဘ လက္ခဏာကျမ်း (နွားလား)၊ ၁၉-ဂေါ ဏလက္ခဏာကျမ်း (နွားများ)၊ ၂၀-အဇလက္ခဏာကျမ်း (ဆိတ်)၊ ၂၁- မေဏ္ဍ လက္ခဏာကျမ်း (သိုး)၊ ၂၂-ကုက္ကုဋ လက္ခဏာကျမ်း (ကြက်)၊ ၂၃-ဝဋ္ဋလက္ခဏာကျမ်း (ငုံး)၊ ၂၄- ဂေါဓာလက္ခဏာကျမ်း (ဖွတ်)၊ ၂၅-ကဏ္ဏိကလက္ခဏာကျမ်း (အိမ်ထွတ်-ကျောင်းထွတ်)၊ ၂၆-ကစ္ဆပလက္ခဏာကျမ်း (လိပ်)၊ ၂၇-မိဂလက္ခဏာကျမ်း (သမင်)၊ ဤအတတ်မျိုးတို့ဖြင့် အသက်မွေးခြင်း။

**တိရစ္ဆာနဝိဇ္ဇာ နိုင်ငံရေးဗေဒင်** အဘယ်မင်းသည် စစ်တိုက် ထွက်လိမ့်မည်၊ အဘယ်မင်းသည် စစ်ပွဲမှ ပြန်လာလိမ့်မည်၊ အဘယ်မင်းသည် စစ်ရှုံးလိမ့်မည်၊ အဘယ် မင်းသည် စစ်နိုင် လိမ့်မည်၊ နိုင်ငံတော်ကို တခြားနိုင်ငံက စစ်ပြုလိမ့်မည်၊ နိုင်ငံတော်သည် တခြားနိုင်ငံကို စစ်ပြု လိမ့်မည်၊ စသည်ဖြင့် နိုင်ငံရေးဗေဒင်ဟော၍ အသက်မွေးခြင်း။

**တိရစ္ဆာနဝိဇ္ဇာ**
**နက္ခတ်ဗေဒင်**

လ-ငပုတ်ဖမ်းလိမ့်မည်၊ နေကြတ်လိမ့်မည်၊ နက္ခတ် ကြတ်လိမ့်မည်၊ နေ့၊ လ နက္ခတ်တို့ လမ်းမှန်သွားလိမ့်မည်၊ လမ်းကောက်သွားလိမ့်မည်၊ (သီဟဇာ ကျင့်လိမ့်မည်၊ဗျဂ္ဃဇာ ကျင့်လိမ့်မည်၊ နိယတ့ကျင့်လိမ့်မည်)၊ မြေငလျင်လှုပ်မည်၊ တော်လဲမည်၊ ဤနေ့၊ လ နက္ခတ်တို့အတွက် အဘယ်သို့ အကျိုးအပြစ်ရှိလိမ့်မည် စသည်ဖြင့် နက္ခတ်ဗေဒင်ဟော၍ အသက်မွေးခြင်း။

**တိရစ္ဆာနဝိဇ္ဇာ**
**ဗေဒင်ဟော, ဂဏန်းတွက်**

မိုးကောင်း လိမ့်မည်၊ မိုးခေါင်လိမ့်မည်၊ ဝပြော သာယာမည်၊ ငတ်မွတ်ခေါင်းပါးမည်၊ ငြိမ်းချမ်းမည်၊ဘေးဖြစ်မည်၊ ရောဂါများမည်၊ ကျန်းမာမည်၊ စသည်ဖြင့် ဟောပြောခြင်း၊ လက်ချိုးရေတွက်ခြင်း၊ အပေါင်းရေတွက်ခြင်း၊ စိတ်မှန်းရေတွက်ခြင်း ဟူသော ဂဏန်းသင်္ချာအတတ်ကဗျာအတတ်၊ လောက၏ အကြောင်းကို စိတ်ဝင်စားဖွယ် ရေးသားထားသော (သဘာဝ မမှန်သည့်) လောကာယတကျမ်းအတတ်၊ ဤအတတ်ပညာမျိုးတို့ဖြင့် အသက်မွေးခြင်း။

**တိရစ္ဆာနဝိဇ္ဇာ**
**အခါပေး, ဆေးကု, ဓာတ်ရိုက်**

မင်္ဂလာထိမ်းမြား ပြုလုပ်ပေးခြင်း၊ ငွေချေး, ကြွေးချ, ကြွေးသိမ်းအခါ ပေးခြင်း၊ လင်မြဲ, မယားမြဲ, လင်ကွဲ, မယားကွဲ အခါပေးခြင်း၊ ကံကောင်းအောင်, ကံဆိုးအောင် ပြုလုပ်ခြင်း၊ ကိုယ်ဝန်တည်ဆေးပေးခြင်း၊ လျှာမေးခိုင်၍ စကားမပြောနိုင်အောင် ပြုလုပ်ခြင်း၊ နားကန်းအောင် ပြုလုပ်ခြင်း၊ မှန်၌ နတ်သွင်း၍ လိုရာမေးစေခြင်း၊ လူ၌ နတ်သွင်းခြင်း၊ နေကို, ဗြဟ္မာကို, လုပ်ကျွေးပူဇော်ခြင်း၊ ပါးစပ်မှ မီးလျှံထွက်စေခြင်း၊ ကျက်သရေကို ခေါ်သွင်းခြင်း စသည်ကို ပြု၍ အသက်မွေးခြင်း။

**တိရစ္ဆာနဝိဇ္ဇာ**
**နတ်ကိုး, ဆေးကု**

နတ်ကွန်း(နတ်စင်)သို့သွား၍ တစ်စုံတစ်ရာကို ပူဇော်ပါမည် ဟု ဝန်ခံချက်ပေးကာ ဆုတောင်းခြင်း၊ ဆုတောင်းတိုင်းပြည့်စုံ၍ နတ်ကို ပူဇော်ပသခြင်း၊ ဘုတ်တစ္ဆေဝင်အောင်, ထွက်အောင် ပြုလုပ်ခြင်း၊ မြေအိမ်၌ နေ၍ သင်ရသော မန္တန်အတွက်

စိမ်ဆောင်ရွက်ခြင်း၊ ယောကျ်ားကို နပုံးပဏ္ဍုက်ဖြစ်အောင်, နပုံးပဏ္ဍုက်ကို ယောကျ်ားဖြစ်အောင် ဆေးဖြင့် ပြုလုပ်ခြင်း၊ နေရာသစ်၌ အဆောက်အအုံတည်ပေးခြင်း၊ မီးပူဇော်ပေးခြင်း၊ အန်ဆေး, ဝမ်းသက်ဆေး, ခေါင်းကိုက်ဆေး, ပေးခြင်း၊ နှာနှပ်ခြင်း၊ မျက်စဉ်း အမျိုးမျိုးပေးခြင်း၊ ကြောင့်ထုတ်ခြင်း၊ သူငယ်နာကုခြင်း၊ ဆေးထည့်ခြင်း၊ ဆေးခွါ – ဖန်ဆေးခြင်း၊ ဤအမှုမျိုးတို့ကို ပြုလုပ်၍ အသက်မွေးခြင်း။

ရဟန်းဂေါတမသည် ဤဆိုခဲ့သော အသက်မွေးမှုမျိုးတို့မှ ရှောင်ကြဉ်တော်မူပါပေသည် ဟု မဟာသီလမျိုး ဖြင့်သော်လည်း ပုထုဇဉ်တို့သည် မြတ်စွာဘုရား၏ ဂုဏ်ကို ချီးမွမ်းကြရာသည်။

ရဟန်းတို့ .... ဤကား ပုထုဇဉ်ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုလိုလျှင် ပြောဆိုမည်ဖြစ်သော အနည်းငယ်သော သီလဂုဏ်မျှသာ ဖြစ်ပေသည်။

## နက်နဲ သိမ်မွေ့သည့် ဂုဏ်တော်များ

## ပုဗ္ဗန္တာနုဒိဋ္ဌိ – ၁၈ ပါး

ရဟန်းတို့ .... နက်နဲ, သိမ်မွေ့, သိမြင်နိုင်ခဲ ကုန်သော ငြိမ်သက်, မွန်မြတ်ကုန်သော အကြံသမားတို့အရာမဟုတ်ကြ, ပညာရှိတို့သာ, သိနိုင်ကြသော သီလဂုဏ်မှ တစ်ပါးကုန်သော ဂုဏ်တော်တို့သည် ရှိကြသေးသည်သာတည်း၊ ထိုဂုဏ်တော်တို့သည် မြတ်စွာဘုရားကိုယ်တိုင်သိမြင်၍ ဟောကြားတော်မူသော ဂုဏ်တော်တို့ ဖြစ်ကြ၏၊ မြတ်စွာဘုရား၏ အမှန်အတိုင်းဖြစ်သော ဂုဏ်ကျေးဇူးကို ကောင်းစွာ ချီးကျူးပြောဆိုလိုခဲ့သော် ပြောဆိုရမည့် ဂုဏ်တော်တို့လည်း ဖြစ်ကြကုန်၏၊ထိုဂုဏ်တို့သည် အဘယ်တို့နည်း။

ရဟန်းတို့ .... သံသရာ၏ ရှေ့အဖို့ကို ကြံဆကုန်သောသံသရာ၏ရှေ့အဖို့သို့ အစဉ်လိုက်သော ပုဗ္ဗန္တာနုဒိဋ္ဌိ အယူဝါဒ ရှိကြကုန်သော ရဟန်းပုဏ္ဏားအချို့တို့ ရှိကြကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည် တစ်ဆယ့်ရှစ်ပါးကုန်သော အကြောင်းတို့ဖြင့် သံသရာ၏ ရှေ့အဖို့ကို အစွဲပြု၍ အလိုဆန္ဒပြု အယူဝါဒ အမျိုးမျိုးတို့ကို ပြောဆိုကြကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည် အဘယ်ကို အစွဲပြု၍ ပြောဆိုကြကုန်သနည်း။

**သဿတဒိဋ္ဌိ လေးပါး**

ရဟန်းတို့ .... အတ္တနှင့်လောကသည် မြဲ၏ဟု သဿတ အယူ ရှိကြ ကုန်သော ရဟန်းပုဏ္ဏားအချို့ တို့ ရှိကြ ကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည် အကြောင်း လေးပါးတို့ဖြင့် အတ္တသည်လည်းကောင်း လောကသည်လည်းကောင်း မြဲ၏ဟု ပြောဆို ပညတ်ကြကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည် အဘယ်ကို အကြောင်းပြု၍ ပြောဆို ပညတ်ကြကုန်သနည်း။

၁-ရဟန်းတို့ .... ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ဘာဝနာအားထုတ်မှုလုံ့လကို အစွဲပြု၍ စိတ်သမာဓိကို ရရှိ၏၊ ထိုသို့ စိတ်သမာဓိကို ရရှိခဲ့ပြီးသော် ရှေးဘဝတို့၌ နေခဲ့ဖူးသော အဖြစ်အပျက်ကို သတိရ အောက်မေ့နိုင်၏၊ (ပုဗ္ဗေနိဝါသ အဘိညာဉ်ကို ရရှိ၏) ထိုသူသည် သိန်းပေါင်းများစွာသော ဘဝတို့ကို ဤမည်သော ဘဝ၌ ဤအမည် ရှိခဲ့သည်၊ ဤအမျိုးအနွယ်ရှိခဲ့သည်၊ ဤသို့ အဆင်းအရောင်ရှိခဲ့သည်၊ ဤသို့ အစားအသောက်ရှိခဲ့သည်၊ ဤသို့ ချမ်းသာဆင်းရဲကို ခံစားခဲ့ရသည်၊ ထိုငါသည် ထိုဘဝမှ စုတေ၍ ဤမည်သော ဘဝသို့ ရောက်ပြန်သည်၊ ဤမည်သော ဘဝမှ စုတေ၍ ယခုဘဝသို့ ရောက်လာသည်ဟု အောက်မေ့ ဆင်ခြင်နိုင်၏။

ထိုသူသည် ဤသို့ သိန်းပေါင်းများစွာသော ဘဝတို့ကို အမည်, အမျိုး, အကြောင်းအရာနှင့် တကွအောက်မေ့ သတိရနိုင်သဖြင့် ဤသို့ပြောဆို၏၊ အတ္တနှင့်လောကသည်မြဲ၏၊ တစ်စုံတစ်ရာပေါက်ဖွားခြင်းမရှိ မြဲ၏၊ တောင်ထွတ်ကဲ့သို့ အမြဲတည်၏၊ တံခါးတိုင် ကဲ့သို့

---

* အတ္တနှင့်လောက ။ ။(က) အတ္တ။ ။ တစ်ဘဝမှတစ်ဘဝသို့ ကူးပြောင်းဖြစ်ပွားခံစားတတ်သည့်ကိုယ်ကောင်၊ ထိုကိုယ်ကောင် အတ္တမှာ ပုထုဇဉ်မိုက်တို့ အစဉ်တစိုက်စွဲမှတ်လာခဲ့သော အယူအဆသာဖြစ်သည်၊ ဗုဒ္ဓ၏ဝါဒ၌ အတ္တမရှိ၊ အနတ္တသာ ဟောသည်၊ (ခ) လောက။ ။ ပျက်စီးပြောင်းလဲတတ်သော တရားစု, သတ္တဝါ, တည်ရာဘုံနှင့် ပျက်စီးတတ်သော သဘာဝတရားစု၊ (သုံးမျိုး)။

အမှတ် (၂၁)

အမြဲတည်၏၊ သတ္တဝါ * တို့သာလျှင် ပြေးသွား ကျင်လည်ကြရသည် သေခြင်း, ဖြစ်ခြင်း, ရှိကြရသည်၊ အကြောင်းမှကား ကျွန်ုပ်သည် သိန်းပေါင်းများစွာသော ဘဝတို့ကို အမျိုး, အမည်, အကြောင်းအရာ နှင့်တကွ အောက်မေ့နိုင်ပေသည်၊ ဤသို့ အောက်မေ့ နိုင်ခြင်းကြောင့် ဤအကြောင်းကို သိရပေသည်။

ဤသို့သိန်းပေါင်းများစွာသော ဘဝတို့ကို မြင်နိုင်မှုသည်သဿတ ဝါဒ၏ ပထမအကြောင်းပင် ဖြစ်ပေသည်။

၂-ရဟန်းတို့ .... သံဝဋ္ဋဝိဝဋ္ဋကပ် * ခေါ် ကမ္ဘာပေါင်း ဆယ် ကမ္ဘာ အထိ အောင်းမေ့ သတိရနိုင်သူ၊ ၃ - ကမ္ဘာလေးဆယ်အထိ အောင်းမေ့သတိရနိုင်သူ၊ ၄-စိတ်ကူးဖြင့် ကြံဆတွေးတောသူတို့လည်း (ရှေးနည်းတူပင်) ပြောဆိုကြကုန်၏၊ ထို့ကြောင့် ဆယ်ကမ္ဘာတိုင်တိုင် သတိရနိုင်သော ပုဗ္ဗေနိဝါသဉာဏ်, ကမ္ဘာလေးဆယ်တိုင်တိုင် သတိ ရနိုင်သော ပုဗ္ဗေနိဝါသဉာဏ် နှင့် ကြံစည်တွေးတောမှုတို့သည် အတ္တ နှင့် လောကသည် မြဲ၏ ဟု ယူဆသော သဿတ ဝါဒ၏ ဒုတိယ, တတိယ, စတုတ္ထ, အကြောင်းများပင် ဖြစ်ကြပေသည်။

---

* သတ္တဝါ ။ ။ သတ္တ-ပါဠိ တပ်မက်မှုရှိသောသူ၊ သို့မဟုတ်, တည်တံ့မှု သတ္တ ဂုဏ်ရှိသောသူ၊သက်ရှိသတ္တဝါတိုင်းအား သတ္တဂုဏ်, ရဇဂုဏ်, တမဂုဏ်ဟူ သော ဂုဏ်သုံးပါးရှိ၏၊ ထိုဂုဏ်သုံးပါး သတ္တိသုံးမျိုး ရှိသောကြောင့်သာ သက်ရှိ သတ္တဝါခေါ်ရသည်၊ထိုသုံးမျိုးမရှိလျှင်သက်မဲ့နှင့် အလားတူဖြစ်ရာသည်၊ (တည်တံ့မှု, တပ်မက်မှု, မိုက်မဲမှု) သတ္တဝါဟု ရေးကြသည်ကား ပါဠိလည်း မက မြန်မာလည်းမကျချေ၊ နောင်အခါ တပ်မက်မှု စသည်ကုန်ခန်း၍ ရဟန္တာဖြစ်ကြသော အခါ၌လည်း အသွင်ရုဠီ, ဘူတပုဗ္ဗဂတိကနည်းဖြင့် သတ္တဝါဟုပင်ခေါ်ရသည်။

**သံဝဋ္ဋ ဝိဝဋ္ဋကပ်**။ ။ သံဝဋ္ဋ +ဝိဝဋ္ဋ+ကပ္ပ= ပါဠိ။ ပျက်ဆဲ ဖြစ်ဆဲ အပိုင်းအခြားကာလ၊ ကမ္ဘာလောက၏ပျက်ဆဲကာလ,အပျက်အတိုင်း တည် နေသော အပျက်တည်ကာလနှင့် ပြန်လည်ဖြစ်ပေါ်နေသောကာလ, ဖြစ်ပြီးအတိုင်း တည်နေသော အဖြစ်တည်ကာလ လေးမျိုးပေါင်းကို တစ်ကမ္ဘာခေါ်ရသည်၊ ထို ကမ္ဘာမှာ ကပ္ပ-ပါဠိမှ ပျက်လာသော အချိန်ကာလပြ စကားမျိုးဖြစ်သည်၊ ယခု ခေါ်ဝေါ်ကြသကဲ့သို့ သတ္တဝါတို့နေရာ မဟာပထဝီမြေကြီးကို ခေါ်သောကမ္ဘာမျိုး မဟုတ်၊ တစ်နည်းအားဖြင့် ထိုကာလ လေးပါးအတွင်း ဖြစ်ပျက်နေသော မဟာ ပထဝီမြေကြီးကိုလည်း ကမ္ဘာဟုပင်တင်စား၍ ခေါ်ဝေါ်သည်ဟု ဆိုသင့်၏။

**နိဂုံး**

ရဟန်းတို့ .... သဿတဒိဋ္ဌိ အယူရှိကြသော ရဟန်း ပုဏ္ဏား တို့သည် ဤ လေးပါးသော အကြောင်းတို့ဖြင့် အတ္တ နှင့် လောကသည် မြဲ၏ဟု ပြောဆိုပညတ် * ကြကုန်၏၊ သဿတဒိဋ္ဌိအယူရှိသူ ထိုရဟန်းပုဏ္ဏားအားလုံးတို့သည် ဤအကြောင်းလေးပါးတို့ဖြင့်သော်လည်းကောင်း, ဤလေးပါးတို့တွင် တစ်ပါးပါးဖြင့်သော်လည်းကောင်း, ပြောဆို ပညတ်ကြကုန်၏၊ ဤ အကြောင်းလေးပါးတို့မှ ပြင်ပ၌ ပြောဆိုရာ အကြောင်းမရှိပြီ။

**ခပ်သိမ်းသိ (သဗ္ဗညုတာ) ဉာဏ်**

ရဟန်းတို့ .... မြတ်စွာ ဘုရားသည် ဤဒိဋ္ဌိ အယူဝါဒတို့ကို ဤသို့ ယူဆ သုံးသပ်ထားကြသည်၊ ဤသို့သော လားရာ ဂတိ ရှိကြသည် ဟူသောအချက်ကိုလည်း သိတော်မူသည်၊ ထိုထက် အလွန်လည်း သိတော်မူသည်၊ သို့ရာတွင် ထိုအသိကိုမှားသောအားဖြင့် သုံးသပ်တော်မမူ၊ ဤသို့ အမှားအားဖြင့် မသုံးသပ်ခြင်း ကြောင့်သာလျှင် ငါဘုရားသည် မျက်မှောက်ဘဝ၌ပင် ကိလေသာ ငြိမ်းချမ်းခြင်းကို သိရှိတော်မူရပေပြီ။

ရဟန်းတို့.... မြတ်စွာဘုရားသည် ခံစားမှု(ဝေဒနာ)တို့၏ ဖြစ်ပေါ်ခြင်း, ချုပ်ပျောက်ခြင်း, သာယာဖွယ်သဘော, အပြစ်ဒေါသ, လွတ်မြောက်ရာတို့ကို မှန်ကန်စွာ သိမြင်တော်မူပြီးဖြစ်၍ တစ်စုံတစ်ရာ မစွဲလမ်းဘဲ ကိလေသာတို့မှ လွတ်တော်မူခဲ့ပြီ။

ရဟန်းတို့.... ဤသို့ သိမြင်တော်မူသော ဂုဏ်ကျေးဇူး တရားတို့ကား သိမ်မွေ့နက်နဲ၍ ပညာရှိတို့သာ သိနိုင်ကောင်းသော ဂုဏ်ကျေးဇူးတို့ပင် ဖြစ်ကြပေသည်။

တစ်ကြိမ်ရွတ် (ပထမဘာဏဝါရ) ပြီးပြီ။

---

* **ပညပ်နှင့်ပညတ်။** ။ပညပ်၊ ပညာပေတိ၊ ပညပေန္တိ၊ ပါဠိအရ ပညပ်ဟုရေးသည်၊ သိစေခြင်း, ပြောဆိုခြင်း၊ ပညတ်၊ ပညတ္တိ၊ ပါဠိအရ ပညတ်ဟုရေးသည်၊ အမည်, နာမ, အခေါ်အဝေါ် ဤခွဲထားကို အထူးသတိ မူရာသည်။

**ကေစ္စသဿတ ဒိဋ္ဌိလေးပါး**

ရဟန်းတို့ .... အတ္တနှင့် လောကသည် အချို့သာ မြဲ၏ ဟု ကေစ္စသဿတ အယူ ရှိကြကုန်သော ရဟန်း ပုဏ္ဏား တို့လည်း ရှိ ကြကုန်၏၊ ထိုသူတို့သည် အတ္တ နှင့် လောကသည် အချို့သာမြဲသည်၊ အချို့မမြဲဟု အကြောင်း လေးပါးတို့ဖြင့် ပြောဆိုပညတ်ကြကုန် ၏။ ထိုသူတို့သည် အဘယ်ကိုအကြောင်းပြု၍ ပြောဆိုပညတ်ကြကုန်သနည်း။

၁-ရဟန်းတို့....အချိန်ကာလကြာမြင့်လှ သော အခါ ဤလောကသည် ပျက်စီး၏၊ လောကသည် ပျက်စီးခဲ့သော် (ကမ္ဘာ ပျက်ခဲ့သော်) များသောအားဖြင့် သတ္တဝါတို့သည် အာဘဿရာ ဗြဟ္မာဘုံ၌ ဖြစ်ကြရကုန်၏၊ ထိုအာဘဿရာဘုံ၌ ဈာန်စိတ်ဖြင့် ပြီး * ကုန်၏၊ နှစ်သက်ခြင်း ပီတိသာလျှင် အစာရှိကြကုန်၏၊ (အစားအစာကို မစားပြီ) ကိုယ်ပိုင် အရောင်အလင်း ရှိကြကုန်၏၊ (နေရောင်စသည်မလို) ကောင်းကင်၌ သွားလာနိုင်ကြကုန်၏၊ တင့်တယ်စွာ အရှည်အကြာ တည်နေကြကုန်၏၊ ထိုအခါမျိုးလည်း တခါတရံ ရှိတတ်၏။

ရဟန်းတို့ .... ကာလကြာမြင့်ပြန်သောအခါ ဤလောကသည် အသစ်တဖန် ပေါ်လာပြန်၏၊ ကမ္ဘာသစ် ဖြစ်ပေါ် လာသော အခါ မည်သူမျှ မရှိသော-(ပဌမဈာန်) ဗြဟ္မာဘုံ ဖြစ်ပေါ်လာ၏၊ ထိုအခါ သတ္တဝါ တစ်ယောက်ယောက်သည် အသက်တမ်း ကုန်ခြင်းကြောင့် သော်လည်းကောင်း၊ ကံကုန်ခြင်းကြောင့် သော်လည်းကောင်း၊ ထိုဗြဟ္မာဘုံ၌ ဖြစ်လာ၏၊ ထိုသတ္တဝါသည် ထိုဘုံ၌လည်း အာဘဿရာ နည်းတူပင် တင့်တယ်စွာ အရှည်အကြာတည်နေ၏။

---

* **ဈာန်စိတ်ဖြင့်ပြီး။** ။ အာဘဿရာဘုံသည် ရူပ တစ်ဆယ့်ခြောက်ဘုံ အဝင်အပါ ဒုတိယဈာန်ဗြဟ္မာဘုံ ဖြစ်၏၊ ဒုတိယဈာန် ဗြဟ္မာဘုံသည် (အနည်းဆုံး) ဒုတိယဈာန် ရရှိသူတို့သာ ဖြစ်ရာဌာနဖြစ်၏၊ ဒုတိယဈာန် ပဋိသန္ဓေဖြင့် ဖြစ်ပေါ်လာကြပြီးလျှင် နောင်လည်း မပြတ်ပင် ဒုတိယဈာန်ကို ဝင်စားလေ့လာကြသည်၊ သူတို့၏ကိုယ်ကာယနှင့် စိတ်သည် ဈာန်ကို အဓိက အကြောင်းပြု၍ ဖြစ်ပေါ်ကြသောကြောင့် ဈာန်စိတ်ဖြင့်ပြီးသည် ဟု ဟောတော်မူသည်။

တစ်ဦးထည်းနေ၍ အချိန်ကာလ ကြာမြင့်သောအခါ ထိုသတ္တဝါသည် မမွေ့လျော် မပျော်ပိုက်ခြင်းဖြင့် ဤဘုံသို့ အခြားသတ္တဝါတို့ ဖြစ်ပေါ်လာကြပါလျှင် ကောင်းလေစွဟု တောင့်တမှု ဖြစ်ပေါ်၏၊ ထိုအခါ အခြားသတ္တဝါတို့သည် အသက်တမ်း ကုန်ခြင်းကြောင့်၊ သို့မဟုတ်၊ ကောင်းမှုကံ ကုန်ခြင်းကြောင့် အာဘဿရာဘုံမှ စုတေ၍ ထိုဗြဟ္မာ ဘုံ၌ ထိုပထမဗြဟ္မာ၏ အဖော်အဖြစ်သို့ ကပ်ရောက်ဖြစ်ပွားကြကုန်၏၊ နောက် ဖြစ်လာကြသော ထိုဗြဟ္မာတို့သည်လည်း အာဘဿရာဗြဟ္မာ ဘုံ၌ကဲ့သို့ ဈာန်စိတ်ဖြင့်ပြီး၍ တင့်တယ်စွာ အရှည်အကြာ တည်နေကြ ကုန်၏။

ထိုသတ္တဝါတို့တွင် ပထမဖြစ်နှင့်သော ဗြဟ္မာအား ငါသည် ဗြဟ္မာဖြစ်၏၊ မြတ်သော ဗြဟ္မာကြီး ဖြစ်၏၊ သူတစ်ပါးတို့ကို အစိုးရသောသူ (ဣဿရ)ဖြစ်၏၊ ပြုလုပ်, ဖန်ဆင်းနိုင်၏၊ ဖြစ်ပြီး, ဖြစ်ဆဲသတ္တဝါတို့၏ အဖဖြစ်၏၊ အကြောင်းမူကား ဤဘုံ၌ အခြားသတ္တဝါတို့ ဖြစ်ပေါ်လာလျှင် ကောင်းလေစွဟု ငါ့အား ရှေး၌ စိတ်၏တောင့်တမှု ဖြစ်ပေါ်၏၊ ဤသတ္တဝါတို့လည်း ဤဘုံသို့ ရောက်လာကြကုန်၏ ဟု အကြံဖြစ်၏။

နောက်မှဖြစ်သော ဗြဟ္မာတို့အားလည်း ဤသူသည် မြတ်သော ဗြဟ္မာကြီးဖြစ်၏၊ အစိုးရ၏၊ ပြုလုပ်စီမံတတ်၏၊ ငါတို့ကို ဤဗြဟ္မာကြီးသည် ဖန်ဆင်းအပ်ကုန်၏၊ အကြောင်းမူကား ဤဘုံ၌ ဤဗြဟ္မာကြီးကို ပထမဖြစ်နှင့် နေသည်ကိုမြင်ရ၏၊ ငါတို့ကား နောက်မှ ဖြစ်ကြကုန်၏ ဟု အကြံ ဖြစ်၏။

ရဟန်းတို့....ထိုသတ္တဝါတို့တွင် ပထမဖြစ်သော သတ္တဝါသည်သာ လွန်၍ အသက်ရှည်၏၊ အဆင်းလှ၏၊ တန်ခိုးကြီး၏၊ နောက် ဖြစ်သော သတ္တဝါတို့သည် အထူးသဖြင့်အသက်တိုကြကုန်၏၊ အဆင်းလည်းမလှကြကုန်။ တန်ခိုးလည်း နည်းကြကုန်၏။

ရဟန်းတို့ .... အကြောင်းတစ်ခုရှိပေ၏၊ တစ်စုံတစ်ယောက်သော သတ္တဝါသည် ထိုဗြဟ္မာဘုံမှ စုတေ၍ ဤလူ့ပြည်သို့ ရောက်လာပြီးလျှင် ရသေ့ ရဟန်းပြု၍ တရားကို အားထုတ်ရာ ပုဗ္ဗေနိ ဝါသညာဏ်ကို ရရှိ၏၊ ထိုသူသည် ထိုပုဗ္ဗေနိဝါသညာဏ်ဖြင့် ထို ဗြဟ္မာဖြစ်ခဲ့သော ဘဝကိုပြန်၍ အောက်မေ့သတိရနိုင်၏၊ ထိုထက်လွန်၍ကား အောက်မေ့ သတိမရနိုင်၊ ဤသို့သော အကြောင်းမျိုးသည် ရှိနိုင်ပေသည်။

ထိုသူသည်ဤသို့ဆို၏၊ ငါတို့ကိုဖန်ဆင်းသောထိုမဟာပြဟ္မာကြီးသည် မအိုမသေ အမြဲတည်နေ၏၊ ထိုပြဟ္မာကြီး ဖန်ဆင်းသော ငါတို့သာ အမြဲမရှိကုန်၊ ထိုပြဟ္မာဘုံမှ စုတေ၍ ဤလူ့ပြည်၌ ဖြစ်လာကြကုန်၏။

ဤသို့ဒုတိယပြဟ္မာဘဝမျှကို သာအောက်မေ့သိမြင်နိုင်မှုသည် ဧကစ္စ သဿတဝါဒကို ဟောကြားပညတ်ခြင်း၏ ပထမအကြောင်းပင် ဖြစ်ပေသည်။

၂-ရဟန်းတို့ ...ခိဍ္ဍာပဒေါသိက * ခေါ် နတ်တို့ရှိကြ၏၊ ထိုနတ်မျိုးတို့သည် အချိန်လွန်အောင် မြူးထူးပျော်ပါးခြင်းကြောင့် သတိမေ့လျော့ကြကုန်၏၊ သတိမေ့လျော့ခြင်းကြောင့် (စားချိန်၌ မစားမိ၍) ထိုနတ်အဖြစ်မှ စုတေကြရကုန်၏။

ရဟန်းတို့ ..... အကြောင်းတစ်ခုရှိပေ၏၊ တစ်စုံတစ်ယောက်သော သတ္တဝါသည် ထိုခိဍ္ဍာပဒေါသိကနတ်အဖြစ်မှ စုတေ၍ ဤလူ့ပြည်သို့ ရောက် လာပြီးလျှင် ရသေ့ရဟန်းပြု၍ တရားကို အားထုတ်ရာ ပုဗ္ဗေနိဝါသဉာဏ်ကို ရရှိ၏၊ ထိုသူသည် ထိုပုဗ္ဗေနိဝါသဉာဏ်ဖြင့် ထိုခိဍ္ဍာပဒေါသိက နတ်ဘဝကို ပြန်၍သတိရ အောက်မေ့နိုင်၏၊ ထိုထက် လွန်၍ကား မအောက်မေ့သတိမရနိုင်၊ ဤသို့သော အကြောင်းမျိုးသည် ရှိနိုင်ပေသည်။

ထိုသူသည် ဤသို့ဆို၏၊ ခိဍ္ဍာပဒေါသိက ခေါ် ပျော်ရွှင်ခြင်း မြူးထူး၍ပျက်စီးရသော နတ်မျိုးမဟုတ်သည့် နတ်တို့သည် အချိန်လွန်အောင်ပျော်ရွှင်မြူးထူးမှုမရှိကြသဖြင့် သတိမမေ့မလျော့၍ ထိုနတ်ဘဝမှ မစုတေကြကုန်၊ မအိုမသေ အမြဲ တည်နေကြကုန်၏၊ ငါတို့ ခိဍ္ဍာပဒေါသိက နတ်တို့ကား အချိန်လွန်အောင် ပျော်ရွှင်မြူးထူးသဖြင့် သတိမေ့လျော့၍ ထိုနတ်ဘဝမှ စုတေကာ ဤလူ့ဘုံသို့ ရောက်ခဲ့ကြရပေသည်၊ ငါတို့ကား အမြဲမရှိကုန်။

ဤသို့ ဒုတိယ နတ်ဘဝ မျှကိုသာ အောက်မေ့ သိမြင်နိုင်မှုသည် ဧကစ္စသဿတဝါဒကို ဟောကြားပညတ်ခြင်း၏ ဒုတိယ အကြောင်းပင် ဖြစ်ပေသည်။

---

*** ခိဍ္ဍာပဒေါသိက** ။ ။ ခိဍ္ဍာ + ပဒေါသိက။ ပါဠိ။ ။အပျော်အရွှင်သည် ပျက်ဆီးအပ်သော နတ်မျိုး၊ အပျော်လွန်၍ ပျက်စီးရသော အပျော်ပျက်နတ်မျိုး၊ ဤနတ်မျိုးမှာ သီးခြားမရှိ၊ စတုမဟာရာဇ်စသော ကာမာဝစရနတ်ပင်ဖြစ်ကြ၏။

၃–ရဟန်းတို့ .... မနောပဒေါသိက * ခေါ် နတ်တို့ ရှိကြ၏၊ ထို နတ်မျိုးတို့သည် အချိန်လွန်အောင် အချင်းချင်း ဒေါသစိတ်ဖြင့် တစိမ်းစိမ်း ကြည့်ရှုကြကုန်၏၊ ထိုသို့ ကြည့်ရှုကြသောအခါ အချင်းချင်း၌ ဒေါသစိတ်တို့သည် ပျက်ဆီးကြကုန်၏၊ နတ်တို့သည် အချင်းချင်း အမျက်ထွက်သော (ပျက်စီးသော) စိတ်ရှိကြကုန်သဖြင့် ကိုယ်စိတ်နှစ်ပါးတို့ ညှိုးနွမ်း၍ ထိုနတ်ဘဝမှ စုတေကြရကုန်၏။

ထိုမနောပဒေါသိက နတ်အဖြစ်မှ စုတေလာခဲ့သူတို့လည်း ခိဍ္ဍာပဒေါသိက နတ်အဖြစ်မှ စုတေလာခဲ့သူတို့ နည်းတူပင် ပြောဆိုကြကုန်၏။

ဤသို့ ဒုတိယ မနောပ ဒေါသိက နတ်ဘဝမျှကိုသာ အောက်မေ့သိမြင်နိုင်မှုသည်လည်း ဧကစ္စသဿတဝါဒကို ဟောကြားပညတ်ခြင်း၏တတိယအကြောင်းပင် ဖြစ်ပေသည်။

၄–ရဟန်းတို့ .... ဤလောက၌ ကြံစည် တွေးတောလေ့ ရှိသော ရဟန်းပုဏ္ဏားအချို့လည်း ရှိကြ၏၊ ထိုအကြံသမားသည် ဤသို့ဆို၏၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ် ဟု ခေါ်ဆို အပ်သော ဤအတ္တသည် အမြဲမရှိ၊ ဖောက်ပြန်တတ်၏၊ စိတ်ဟူ၍လည်းကောင်း, နောဟူ၍လည်းကောင်း,ဝိညာဉ်ဟူ၍ဖြင့်လည်းကောင်းခေါ်ဆိုအပ်သော ဤအတ္တသည်ကား အမြဲ တည်၏၊ ဖောက်ပြန်သော သဘောမရှိ။

ဤသို့ ကြံဆ တွေးတော ခြင်းသည်လည်း ဧကစ္စ သဿတဝါဒကို ပြောဆိုပညတ်ခြင်း၏ စတုတ္ထအကြောင်းပင် ဖြစ်ပေသည်။

(နိဂုံးနှင့် သဗ္ဗညုတာ ဉာဏ်တော်ပြ စကားမှာ ရှေးနည်းတူ)
ရဟန်းတို့ .... ၄လောကသည် အဆုံးရှိ၏၊

| | |
|---|---|
| **အန္တာနန္တိကဒိဋ္ဌိ လေးပါး** | လောကသည် အဆုံးမရှိဟု အန္တာနန္တိကဒိဋ္ဌိ အယူရှိကြကုန်သော ရဟန်း ပုဏ္ဏား အချို့တို့လည်း ရှိကြကုန်၏၊ ထိုသူတို့သည် |

* **မနောပဒေါသိက** ။ ။ မန + ပဒေါသိက။ ပါဠိ။ ။ ဒေါသစိတ်သည် ဖျက်ဆီးအပ်သောနတ်မျိုး၊ ဒေါသစိတ်ကြောင့်, သူတပါးကို မနာလိုစိတ်ကြောင့်, ပျက်စီးရသောနတ်မျိုး၊ ဤနတ်မျိုးလည်း သီးခြားမရှိ၊ ကာမာဝစရ နတ်တို့ပင် ဖြစ်ကြ၏ ။

အကြောင်းလေးပါးဖြင့် လောက၏ အဆုံးရှိ, မရှိကိုပြောဆိုပညတ်ကြကုန်၏၊ ထိုသူတို့သည် အဘယ်ကို အကြောင်းပြု၍ ပြောဆိုပညတ်ကြကုန်သနည်း။

၁–ရဟန်းတို့ .... ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ဘာဝနာ အားထုတ်မှုကို အစွဲပြု၍ စိတ်သည်တည်ငြိမ်ခြင်း သမာဓိကို ရရှိ၏၊ ထိုသို့ စိတ်သမာဓိကို ရရှိသောအခါ လောက၌ အဆုံးရှိ၏ဟု အမှတ်သညာ ရှိသည်ဖြစ်၍ နေထိုင်၏။

ထိုသူသည် ဤသို့ဆို၏၊ 'ဤလောကသည် အဆုံးရှိ၏၊ လုံး၏' အကြောင်းမှုကား ကျွန်ုပ်သည် ဘာဝနာအားထုတ်မှုကို အစွဲပြု၍ စိတ်သမာဓိကို ရရှိသဖြင့် လောက၌ အဆုံးရှိ၏ ဟု အမှတ်သညာရှိသည်ဖြစ်၍ နေထိုင်ခဲ့၏၊ ဤသို့ နေထိုင်ခြင်းဖြင့် ဤလောကသည် အဆုံးရှိ၏ ဟုသိရပေသည်'။

ဤသို့ အဆုံးရှိသည်ဟု အမှတ်သညာရှိ၍ နေထိုင်ခြင်းသည် အန္တာနန္တိကဒိဋ္ဌိကို ဟောကြားပညပ်ခြင်း၏ ပထမ အကြောင်းဖြစ်ပေသည်။

၂–ရဟန်းတို့ .... ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် ဘာဝနာ အားထုတ်မှုကို အစွဲပြု၍ စိတ်တည်ငြိမ်ခြင်း သမာဓိကို ရရှိ၏၊ ထိုသို့ စိတ်သမာဓိကို ရရှိသောအခါ လောက၌ အဆုံးမရှိဟု အမှတ်သညာရှိသည်ဖြစ်၍ နေထိုင်၏။

ထိုသူသည် ဤသို့ဆို၏၊ 'လောကသည် အဆုံး အပိုင်း အခြားမရှိ၊ လောကသည် အဆုံးရှိ၏, လုံး၏ ဟု ဆိုသော ရဟန်း ပုဏ္ဏားတို့၏ စကားသည် မှားယွင်း၏၊ အကြောင်းမှုကား ကျွန်ုပ်သည် ဘာဝနာ အားထုတ်မှုကို အစွဲပြု၍ စိတ်သမာဓိကို ရရှိသဖြင့် လောက၌ အဆုံးမရှိဟု အမှတ်သညာ ရှိသည်ဖြစ်၍ နေထိုင်ခဲ့၏၊ ဤသို့ နေထိုင်ခြင်းကြောင့် ဤလောကသည် အဆုံးမရှိဟု သိရပေသည်။'

ဤသို့ အဆုံးမရှိဟု အမှတ်သညာရှိ၍ နေထိုင်ခြင်းသည် အန္တာနန္တိက ဒိဋ္ဌိကိုဟောကြားပညတ်ခြင်း၏ ဒုတိယအကြောင်းဖြစ်ပေသည်။

၃–ရဟန်းတို့ .... ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် ဘာဝနာအားထုတ်မှုကို အစွဲပြု၍ စိတ်တည်ငြိမ်ခြင်းသမာဓိကို ရရှိ၏၊

ထိုသို့ စိတ်သမာဓိကို ရရှိသောအခါ လောက၌ အထက် နှင့် အောက်တွင် အဆုံးရှိ၏ ဖီလာကန့်လန့်၌ အဆုံးမရှိဟု အမှတ်ရှိသည်ဖြစ်၍ နေထိုင်၏။

ထိုသူသည် ဤသို့ဆို၏၊ 'လောကသည် အထက်၌လည်းကောင်း, အောက်၌လည်းကောင်း အဆုံးရှိ၏၊ ဖီလာကန့်လန့်၌ကား အဆုံးမရှိ၊ လောကသည် အဆုံးရှိ၏, လုံး၏ဟု ဆိုသောသူနှင့် လောကသည် အဆုံးမရှိဟုဆိုသောသူတို့သည် မှားယွင်းကြကုန်၏၊ အကြောင်းမူကား ကျွန်ုပ်သည် ဘာဝနာ အားထုတ်၍ စိတ်သမာဓိကို ရရှိသဖြင့် လောက၌ အထက် နှင့်အောက်၌ အဆုံးမရှိ၊ ဖီလာကန့်လန့်၌ အဆုံးရှိ၏ ဟု အမှတ် သညာ ရှိသည်ဖြစ်၍ နေထိုင်ခဲ့၏၊ ဤသို့ နေထိုင်ခဲ့ခြင်းကြောင့် ဤသို့ အထက် အောက်၌ အဆုံးရှိ၏၊ ဖီလာကန့်လန့်၌ အဆုံးမရှိဟု သိရ ပေသည်'။

ဤသို့ အထက်အောက်၌ အဆုံးရှိ၏, ဖီလာန့်ဘေး၌ အဆုံးမရှိဟု အမှတ်သညာရှိ၍ နေထိုင်မှု သည်လည်း အန္တာနန္တိကဒိဋ္ဌိကို ဟောကြားပညတ်ခြင်း၏ တတိယအကြောင်းဖြစ်ပေသည်။

၄-ရဟန်းတို့ .... ဤလောက၌ ကြံဆတွေးတောလေ့ရှိသော အကြံသမား ရဟန်းပုဏ္ဏား အချို့သည် ကြံစည် တွေးတော၍ ရသော မိမိဉာဏ်အထင်ကို ဤသို့ ပြောဆို၏၊ 'ဤလောကသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်၊ လောကသည် အဆုံးရှိ၏ လုံး၏ ဟု ပြောဆိုသော ရဟန်းပုဏ္ဏား, လောကသည် အဆုံးအပိုင်းအခြားမရှိဟု ပြောဆိုသော ရဟန်းပုဏ္ဏားနှင့် အဆုံးလည်းရှိ၏ အဆုံးလည်းမရှိဟု ပြောဆိုသော ရဟန်းပုဏ္ဏားတို့သည် မှားယွင်းကြကုန်၏၊ ဤလောကသည် အဆုံး ရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်ပေ'။

ဤသို့ ကြံစည် တွေးတောမှုသည်လည်း အန္တာနန္တိကဒိဋ္ဌိကို ဟောကြားပညတ်ခြင်း၏ စတုတ္ထ အကြောင်းပင် ဖြစ်ပေသည်။

(နိဂုံးနှင့် သဗ္ဗညုတာဉာဏ်ပြ စကားမှာ ရှေးနည်းတူ)

**အမရာဝိက္ခေပဒိဋ္ဌိ လေးပါး**

ရဟန်းတို့ .... ငုပ်တုံ ပေါ်တုံ နေသော အမရာ မည်သော ငါးကဲ့သို့ လူပ်ရှားသော အမရာ ဝိက္ခေပ အယူ ရှိကြကုန်သော ရဟန်းပုဏ္ဏား အချို့တို့ ရှိကြပေသည်၊ ထိုသူတို့သည် ထိုထို အရာဌာနတို့၌ ပြဿနာ မေးခဲ့သော် အကြောင်းလေးပါးတို့ဖြင့် အမရာမည်သော ငါးကဲ့သို့ (အပိုင်းအခြား မရှိ) စကားပျံ့လွင့်ခြင်းသို့ ရောက်ကြကုန်၏၊ ထိုသူတို့သည် အဘယ်ကို အကြောင်းပြု၍ ပျံ့လွင့်ခြင်းသို့ ရောက်ကြကုန်သနည်း။

၁–ရဟန်းတို့ .... ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည်ဤကား ကုသိုလ် ဤကား အကုသိုလ် ဟု အမှန်အတိုင်းမသိ၊ ထိုသူသည် ငါကား ကုသိုလ်၊ အကုသိုလ်ကို အမှန်အတိုင်းမသိ၊ဤသို့ မသိဘဲလျက် ဤကားအကုသိုလ်ဟု ဖြေဆိုပြောကြားခဲ့ပါလျှင် ငါအား မုသာဝါဒဖြစ်ရာသည်၊ ထိုမုသာဝါဒသည် ငါ၏ စိတ်ဆင်းရဲကြောင်း ဖြစ်ခဲ့ ရာသည်၊ ထိုစိတ်ဆင်းရဲခြင်းသည် ငါ့အား အန္တရာယ် ဖြစ်ခဲ့ရာသည် ဟု အကြံပြု၍ မုသာဝါဒမှ ကြောက်ခြင်းကြောင့် ဤကားကုသိုလ်၊ ဤကား အကုသိုလ် ဟု မဖြေကြားဘဲ နေ၏၊ ထိုထိုအရာ၌ ပြဿနာ မေးခဲ့သော် အပိုင်းအခြား မရှိ စကားပျံ့လွင့်ခြင်းသို့ ရောက်၏၊

ဤသို့ ကုသိုလ်ဟု လည်း အယူမရှိပါ၊ အကုသိုလ် ဟုလည်းအယူ မရှိပါ၊ တစ်ပါးသော အခြင်းအရာ အားဖြင့်ဖြစ်သည် ဟုလည်း အယူ မရှိပါ၊ တစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်ဟုလည်း အယူမရှိပါ၊ တစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်သည် မဟုတ်ဟုလည်း အယူ မရှိပါဟု စကားပျံ့လွင့်ခြင်းသို့ ရောက်၏။

ဤသို့ မုသာဝါဒမှ ကြောက်ခြင်းသည် အမရာဝိက္ခေပဒိဋ္ဌိကို ဟောကြားပညတ်ခြင်း၏ ပထမအကြောင်းဖြစ်ပေသည်။

(၂–ဤနည်းတူ စွဲလမ်းမှု ဥပါဒါန်ဖြစ်မည်မှ ကြောက်သူ၊ ၃–ပညာရှိတို့ မေးမြန်းစိစစ်မည်ဟု ကြောက်သောသူ၊ ၄–မိုက်မဲ တွေဝေသဖြင့် တစုံတရာ မသိတတ်သူ၊ ဤသူတို့၏ စကားပျံ့လွင့်ပုံ သုံးမျိုးကို လည်းသိပါ၊ အားလုံး ပေါင်းလျှင် အကြောင်းလေးပါး ဖြစ်၏။)

(နိဂုံးနှင့် သဗ္ဗညုတာဉာဏ်ပြ စကားမှာ ရှေးနည်းတူ)

**အဝိစ္စသမုပ္ပန္နဒိဋ္ဌိ နှစ်ပါး**

ရဟန်းတို့ .... အကြောင်းမဲ့ဖြစ်ပေါ်သည်ဟု အဓိစ္စ သမုပ္ပန္န ဒိဋ္ဌိ အယူ ရှိကြကုန်သော ရဟန်း ပုဏ္ဏား အချို့တို့ ရှိကြ၏၊ ထိုသူတို့သည် အတ္တ နှင့် လောကသည် အကြောင်းမဲ့ ဖြစ်ပေါ်သည်ဟု အကြောင်းနှစ်ပါးတို့ဖြင့် ဟောကြားပညတ်ကြကုန်၏၊ ထိုသူတို့သည် အဘယ်ကို အကြောင်းပြု၍ ဟောကြားပညတ်ကြကုန်သနည်း။

၁။ ရဟန်းတို့ .... စိတ်မဲ့ အသညသတ် ဗြဟ္မာတို့ ရှိကြကုန်၏၊ ထိုဗြဟ္မာတို့သည် ပဋိသန္ဓေစိတ်သညာ ဖြစ်ပေါ်လျှင် ထို အသညသတ်ဘုံမှ စုတေကြရကုန်၏။

ရဟန်းတို့....အကြောင်းတစ်ခုရှိပေ၏၊ တစ်စုံတစ်ယောက်သောသတ္တဝါသည် ထိုအသညသတ်ဘုံမှ စုတေ၍ ဤလူ့ပြည်၌ဖြစ်လာပြီးလျှင် ရသေ့ ရဟန်းပြု၍ ဘာဝနာ အားထုတ်သဖြင့် စိတ် သမာဓိကို ရရှိ၏၊ စိတ်သမာဓိကို ရရှိခဲ့သော် ထိုသူသည် (ဤဘဝ) ပဋိသန္ဓေစိတ်သညာဖြစ်ပေါ်ခြင်းကို အောက်မေ့သတိရ၏၊ ထိုထက်လွန်၍ကား မအောက်မေ့ သတိမရနိုင်၊ ဤအကြောင်းမျိုးသည် ရှိနိုင်ပေ၏။

ထိုသူသည် ဤသို့ဆို၏၊ 'အတ္တ နှင့် လောကသည်အကြောင်းမဲ့ဖြစ်ပေါ်၏၊ အကြောင်းမူကား ကျွန်ုပ်သည် (ဤဘဝမှ) ရှေး၌ မဖြစ်ခဲ့ဖူးသေး၊ ထိုအကျွန်ုပ်သည် ရှေးက မဖြစ်ခဲ့ဖူးသေးဘဲ ယခု ထင်ရှားရှိလာခဲ့၏'။

ဤသို့ မိမိ၏ ဤဘဝ ပဋိသန္ဓေစိတ် ဖြစ်ပေါ်ခြင်းမျှကိုသာ သိမြင်အောက်မေ့နိုင်မှုသည် အဓိစ္စသမုပ္ပန္နဒိဋ္ဌိကို ဟောကြား ပညတ်ခြင်း၏ ပထမ အကြောင်း ဖြစ်ပေသည်။

၂။ ရဟန်းတို့ .... ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် ကြံစည် တွေးတောလေ့ရှိ၏၊ ထို အကြံသမားသည် မိမိ ကြံဆ တွေးတောချက် ထင်မြင်ချက်ဖြင့် အတ္တနှင့် လောကသည် အကြောင်းမဲ့ ဖြစ်ပေါ်သည် ဟု ပြောဆို၏၊ ဤသို့ ကြံဆ တွေးတောမှုသည်လည်း အဓိစ္စ

သမုပ္ပန္နဒိဋ္ဌိကို ဟောကြား ပညတ်ခြင်း၏ ဒုတိယ အကြောင်း ဖြစ်ပေသည်။

(နိဂုံး နှင့် သဗ္ဗညုတဉာဏ်ပြ စကားမှာ ရှေးနည်းတူ)

ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈ပါး ပြီးပြီ။

---

**အပရန္တာနုဒိဋ္ဌိ ၄၄ပါး**

ရဟန်းတို့....သံသရာ၏ နောက်အဖို့ကိုကြံဆလေ့ရှိကြကုန်သော သံသရာ၏ နောက်အဖို့သို့ အစဉ် လိုက်သော အပရန္တကပ္ပိကအယူဝါဒရှိကြကုန်သော ရဟန်း ပုဏ္ဏား အချို့တို့လည်း ရှိကြကုန်၏၊ ထိုသူတို့သည် သံသရာ၏ နောက်အဖို့ကို အစွဲပြု၍ လေးဆယ့် လေးပါးကုန်သော အကြောင်းတို့ဖြင့် အလိုဆန္ဒပြ အယူဝါဒ အမျိုးမျိုးတို့ကို ပြောဆို ပညတ် ကြကုန်၏၊ ထိုသူတို့သည် အဘယ်ကို အကြောင်းပြု၍ ပြောဆိုပညတ်ကြကုန်သနည်း။

**သညီဝါဒ ၁၆ ပါး**

ရဟန်းတို့ .... သေသည်မှ အထက်၌ စိတ်သညာ ရှိသေး၏ ဟု သညီဝါဒ အယူ ရှိကြကုန်သော ရဟန်းပုဏ္ဏား အချို့တို့ရှိကြ၏၊ ထိုသူတို့သည်သေသည်မှ အထက်၌ အတ္တသည် စိတ်သညာရှိသေး၏၊ (စိတ်သညာရှိသောအတ္တသည် မသေ) ဟု တင်ဆယ့် ခြောက်ပါးကုန်သော အကြောင်းတို့ဖြင့် ပညတ်ပြောဆိုကြကုန်၏၊ ထိုသူတို့သည် အဘယ်ကို အကြောင်းပြု၍ ပြောဆိုပညတ်ကြကုန်သနည်း။

၁။ အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက် အနာရောဂါမရှိဘဲ အမြဲတည်၏၊ စိတ်သညာရှိ၏ ဟု ထိုအတ္တကို ပြောဆို ပညတ်ကြကုန်၏။

၂။ အတ္တသည် ရုပ်မရှိ။

၃။ အတ္တသည် အချို့ ရုပ်လည်းရှိ၏၊ အချို့ ရုပ်မရှိ။

၄။ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်။

၅။ အတ္တသည် အဆုံးရှိ၏။

၆။ အတ္တသည် အဆုံးမရှိ။

၇။ အတ္တသည် အချို့ အဆုံးရှိ၏၊ အချို့အဆုံးမရှိ။

၈။ အတ္တသည် အဆုံးရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်။

၉။ အတ္တသည် စိတ်သညာတစ်မျိုးသာရှိ၏။

၁၀။ အတ္တသည် စိတ်သညာအမျိုးမျိုးရှိ၏။

၁၁။ အတ္တသည် နည်းပါး ကျဉ်းမြောင်းသော စိတ်သညာ ရှိ၏။

၁၂။ အတ္တသည် ပမာဏမရှိ ကျယ်ဝန်းသော စိတ်သညာရှိ၏။

၁၃။ အတ္တသည် ကေန်ချမ်းသာ၏။

၁၄။ အတ္တသည် ကေန်ဆင်းရဲ၏။

၁၅။ အတ္တသည် ချမ်းသာ, ဆင်းရဲ နှစ်မျိုးရှိ၏။

၁၆။ အတ္တသည် ချမ်းသာခြင်း, ဆင်းရဲခြင်း မရှိ။ သေလွန်ပြီး နောက် အနာရောဂါမရှိဘဲ အမြဲတည်၏၊ စိတ်သညာ ရှိ၏ ဟု ထိုအတ္တကို ပြောဆိုပညတ်ကြကုန်၏။

ဤသို့ တစ်ဆယ့် ခြောက်ပါးကုန်သော အကြောင်းတို့ကို ပြောဆို ပညတ်ကြကုန်၏။

(နိဂုံး နှင့် သဗ္ဗညုတာဉာဏ်ပြစကားတို့မှာ ရှေးနည်းတူ)

ဒုတိယဘာဏဝါရပြီး၏။

---

**အသညီဝါဒ ၈-ပါး:** ရဟန်းတို့ .... သေသည်မှ အထက်၌ စိတ်သညာ မရှိဟု အသညီဝါဒအယူ ရှိ ကြ ကုန် သော ရဟန်း ပုဏ္ဏား အချို့တို့ရှိကြ၏၊ ထိုသူတို့သည် သေသည်မှ အထက်၌ အတ္တသည်စိတ် သညာမရှိဟု အကြောင်းရှစ်ပါးတို့ဖြင့် ပြောဆိုပညတ်ကြကုန်၏၊ ထိုသူ တို့သည် အဘယ်ကို အကြောင်းပြု၍ ပြောဆိုပညတ်ကြကုန်သနည်း။

၁။ အတ္တသည် ရုပ်ရှိ၏၊ သေသည်မှ နောက်၌ အနာရောဂါ မရှိဘဲ အမြဲတည်၏၊ စိတ်သညာမရှိဟု ပြောဆို ပညတ်ကြကုန်၏။

၂။ အတ္တသည် ရုပ်မရှိ။

၃။ အတ္တသည် အချို့ရုပ်ရှိ၏၊ အချို့ ရုပ်မရှိ။

၄။ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်။

၅။ အတ္တသည် အဆုံးရှိ၏။

၆။ အတ္တသည် အဆုံးမရှိ။

၇။ အတ္တသည် အချို့ အဆုံးရှိ၏၊ အချို့အဆုံးမရှိ။

၈။ အတ္တသည် အဆုံးရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်၊ သေပြီးနောက် အနာရောဂါ မရှိဘဲ အမြဲတည်၏၊ စိတ်သညာမရှိဟု ပြောဆိုပညတ်ကြကုန်၏။

ဤသို့ အကြောင်းရှစ်ပါးတို့ကို အစွဲပြု၍ အသညီဝါဒကို ပြောဆို ပညတ်ကြကုန်၏။

(နိဂုံး, သဗ္ဗညုတာဉာဏ်ပြစကားမှာ ရေးနည်းတူ)

**နေဝသညီ နာသညီ ဝါဒ ၈–ပါး**

ရဟန်းတို့ .... သေသည်မှ အထက်၌ စိတ်သညာ ရှိသည်လည်း မဟုတ်၊ စိတ်သညာ မရှိ သည်လည်း မဟုတ်ဟု နေဝသညီ နာသညီ ဝါဒ ရှိကြ ကုန်သော ရဟန်း ပုဏ္ဏားအချို့တို့လည်း ရှိကြကုန်၏၊ထိုသူတို့သည် သေသည်မှအထက်၌ အတ္တသည် စိတ်သညာ ရှိသည်လည်း မဟုတ်၊ စိတ်သညာ မရှိသည်လည်း မဟုတ်ဟု အကြောင်းရှစ်ပါးတို့ဖြင့် ပညတ်ကြကုန်၏။

(အသညီဝါဒ ရှစ်ပါးနှင့်တူ၏၊ စိတ်သညာရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ် ဟူသော စကားမျှသာ ထူး၏။)

**ဥစ္ဆေဒဝါဒ ၇–ပါး**

ရဟန်းတို့ .... သတ္တဝါသည် သေလျှင် ပြတ်၏ဟု ဥစ္ဆေဒဝါဒ အယူ ရှိကြ ကုန်သော ရဟန်း ပုဏ္ဏား အချို့တို့လည်း ရှိကြကုန်၏၊ ထိုသူတို့ သည် ထင်ရှား ရှိနေသော သတ္တဝါ၏ ပြတ်စဲ ပျောက်ပျက်ခြင်းကို အကြောင်း ခုနစ်ပါးတို့ဖြင့် ပြောဆို ပညတ်ကြ

ကုန်၏၊ထိုသူတို့သည် အဘယ်ကိုအကြောင်းပြု၍ ပြောဆိုပညတ် ကြသနည်း။

၁။ ရဟန်းတို့ .... ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် ဤသို့ ပြောဆို၏၊ "အချင်းတို့ .... ဤအတ္တသည် ရုပ်ရှိ၏၊ မဟာဘုတ်လေးပါးကို အမှီပြု၏၊ မိဘတို့၏ သုက်သွေးကြောင့် ဖြစ်ပေါ်၏၊ ကိုယ်ခန္ဓာ ပျက်စီးသေဆုံးသည်မှ နောက်၌ ပြတ်စဲ၏။ ပျောက်ပျက်၏၊ သေပြီးနောက် ထင်ရှားမရှိတော့ပြီ၊ ဤအတ္တသည် ဤမျှဖြင့် ကောင်းစွာ ပြတ်၏"။

၂။ ရဟန်းတို့ .... ထိုသူတို့ တခြားတစ်ယောက်သည် ဤသို့ဆို၏၊ "အို အချင်း .... သင် ပြောဆိုသော အတ္တသည် အမှန်ရှိပေသည်၊ မရှိဟု မဆိုပါ၊ သို့ရာတွင် အတ္တသည် ဤမျှဖြင့် ကောင်းစွာ မပြတ်သေးပါ၊ သင်ပြောဆိုသော (လူစသည်) အတ္တမျိုးမှ တစ်ပါးသော နတ်ဖြစ်အတ္တမျိုး ရှိပေသေးသည်၊ ဤအတ္တသည် ရုပ်ရှိ၏၊ ကာမဘုံ၌ ကျင်လည်၏၊ အလုပ်အလွေးပြု၍ စားရသော အစာအဟာရကို စားသောက်ရ၏၊ ထိုနတ်ဖြစ်အတ္တမျိုးကို သင် မသိမြင်၊ ကျွန်ုပ်သိမြင်သည်၊ ဤနတ်ဖြစ်အတ္တလည်း ကိုယ်ခန္ဓာ ပျက်စီး သေဆုံးသည်မှ နောက်၌ ပြတ်၏၊ ပျောက်ပျက်၏၊ သေပြီးနောက် ထင်ရှားမရှိတော့ပြီ၊ ဤအတ္တ သည် လည်း ဤမျှဖြင့် ကောင်းစွာ ပြတ်၏"။

၃။ ရဟန်းတို့....ထိုသူတို့ကိုလည်း အခြားတစ်ယောက်သည် ဤသို့ ပြောဆိုပြန်၏၊ 'အိုအချင်း .... သင် ပြောဆိုသော အတ္တမျိုးသည် အမှန်ရှိပေသည်၊ မရှိဟု မဆိုပါ၊ သို့ရာတွင် အတ္တသည် ဤမျှဖြင့် ကောင်းစွာ (အပြီးသတ်) မပြတ်သေးပါ၊ သင် ပြောဆိုသည့် နတ်ဖြစ် အတ္တမျိုးမှ တစ်ပါးသော နတ်ဖြစ်အတ္တမျိုး ရှိပေသေးသည်၊ ထိုအတ္တသည် ရုပ်ရှိ၏၊ ဈာန်စိတ်ကြောင့် ဖြစ်၏၊ အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံ၏ မယုတ်လျော့သော ဣန္ဒြေရှိ၏၊ ထို (ရူပါဝစရဗြဟ္မာ၏) အတ္တမျိုးကို သင်သည် မသိမြင်၊ ကျွန်ုပ် သိမြင်ပေသည်၊ ဤအတ္တမျိုးသည်လည်း ကိုယ်ခန္ဓာ ပျက်စီးသည်မှ နောက်၌ ပြတ်၏၊ ပျောက်ပျက်၏၊ သေပြီး နောက် ထင်ရှားမရှိတော့ပြီ၊ ဤအတ္တမျိုးလည်း ဤမျှဖြင့် ကောင်းစွာ (အပြီးသတ်) ပြတ်၏'။

၄။ ထိုသူကိုလည်း အာကာသာနဉ္စာယတနဘုံ၌ * ဖြစ်သော အတ္တကို သိမြင်သူသည် ရှေးနည်းတူ ပြောဆို၏။

၅။ ထိုသူကိုလည်း ဝိညာဏဉ္စာယတနဘုံ၌ ** ဖြစ်သော အတ္တကို သိမြင်သူသည် ရှေးနည်းတူ ပြောဆို၏။

၆။ ထိုသူကိုလည်း အာကိဉ္စညာယတနဘုံ၌ * ဖြစ်သော အတ္တကို သိမြင်သူသည် ရှေးနည်းတူ ပြောဆို၏။

၇။ ထို သူကိုလည်း နေဝသညာ နာသညာယတန **ဘုံ၌ ဖြစ်သော အတ္တကို သိမြင်သူသည် ရှေးနည်းတူ ပြောဆို၏။

ဤသို့အကြောင်း ခုနစ်ပါးတို့ဖြင့် ဥစ္ဆေဒဝါဒကို ပြောဆို ပညတ်ကြကုန်၏။

(နိဂုံးနှင့် သဗ္ဗညုတဉာဏ်ပြစကားမှာ ရှေးနည်းတူ)

---

* အာကာသာနဉ္စာယတန ။ ။ အာကာသ + အနန္တ + အာယတန။ ကောင်းကင်သည်အဆုံးမရှိဟုပွားများ၍ရသောတည်ရာအရူပဈာန်တစ်မျိုး၊ ထိုဈာန်ကို ရရှိသူတို့ ဖြစ်ရာ အရူပဘုံ၊ ပထမ အရူပဈာန်၊ အရူပဘုံ။

** ဝိညာဏဉ္စာယတန။ ။ ဝိညာဏ + အနန္တ+အာယတန။ ။ ပထမ အရူပဈာန် ဝိညာဉ်သည် အဆုံးမရှိဟု ပွားများ၍ရသော တည်ရာ အရူပဈာန် တစ်မျိုး၊ ထိုဈာန်ကို ရရှိသူတို့၏ ဖြစ်ရာ အရူပဘုံ၊ ဒုတိယအရူပဈာန်၊ ဒုတိယ အရူပဘုံ။

* အာကိဉ္စညာယတန။ ။ န + ကိဉ္စိ + အာယတန။ ။ ပထမအရူပဈာန် စိတ်၏ တစုံတရာ မရှိခြင်းကို ဘာမျှမရှိဟု ပွားများ၍ရသော တည်ရာ အရူပဈာန်တစ်မျိုး၊ ထိုဈာန်ကို ရရှိသူတို့၏ ဖြစ်ရာ အရူပဘုံ၊ တတိယ အရူပဈာန်၊ တတိယအရူပဘုံ။

** နေဝသညာနာသညာယတန။ ။ နေဝ + သညာ + န + အသညာ+ အာယတန။ ။ စိတ်သညာအကြမ်းမရှိ၊ သိမ်မွေ့ နူးညံ့သော စိတ်သညာကား မရှိမဟုတ်ဘဲ ရှိသေးသော တည်ရာ အရူပဈာန်တစ်မျိုး၊ ထိုဈာန်ကို ရရှိသူတို့၏ဖြစ်ရာအရူပဘုံ၊ စတုတ္ထ အရူပဈာန်၊ စတုတ္ထအရူပဘုံ။

**ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ငါးပါး**

ရဟန်းတို့ .... လက်တွေ့ နိဗ္ဗာန် ခေါ် ဒိဋ္ဌဓမ္မနိဗ္ဗာန ဝါဒကို ယူဆ စွဲလန်း ကြသော ရဟန်း ပုဏ္ဏား အချို့တို့လည်း ရှိကြကုန်၏၊ ထိုသူတို့သည် ထင်ရှား ရှိသော သတ္တဝါ၏ မြတ်သော လက်တွေ့ နိဗ္ဗာန်ကို အကြောင်း ငါးပါးတို့ဖြင့် ပြောဆိုပညတ်ကြကုန်၏၊ ထိုသူတို့သည် အဘယ်ကို အကြောင်းပြု၍ ပညတ်ကြကုန်သနည်း။

၁-ရဟန်းတို့.... ဤလောက၌ရဟန်းပုဏ္ဏားအချို့သည်ဤသို့ပြောဆိုယူဆ၏၊ 'ဤအတ္တသည် ကာမဂုဏ်ငါးပါးတို့နှင့် ပြည့်စုံ၍ခံစားရလျှင် အမြတ်ဆုံး လက်တွေ့နိဗ္ဗာန်သို့ ရောက်ခြင်းပင်ဖြစ်၏'၊ အချို့တို့သည် ဤသို့ ပြောဆိုပညတ်ကြကုန်၏။

၂-ထိုသူကို အခြားတစ်ယောက်သည် ဤသို့ ဆို၏၊ 'အိုအချင်း.... သင်ပြောဆိုသော အတ္တမျိုးလည်း အမှန်ရှိ၏၊ မရှိဟု မဆိုပါ၊ သို့ရာတွင် ဤမျှဖြင့် အတ္တသည်လက်တွေ့နိဗ္ဗာန်သို့မရောက်သေး၊ အကြောင်းမူကား ကာမဂုဏ်တို့သည် အမြဲမရှိကြကုန်၊ ဆင်းရဲသာဖြစ်ကြကုန်၏၊ ဖောက်ပြန်တတ်သော သဘောရှိကြကုန်၏၊ ထိုကာမဂုဏ်တို့၏ ဖောက်ပြန်ခြင်း, တစ်မျိုးတစ်မည်ဖြစ်ခြင်းကြောင့် စိုးရိမ်, ငိုကြွေး, ဆင်းရဲ, စိတ်မချမ်းသာ, ပြင်းစွာ စိတ်ပူခြင်းတို့သည် ဖြစ်ပေါ်လာကြကုန်၏။

အတ္တသည် ကာမဂုဏ်, အကုသိုလ်တို့မှ ကင်းဆိတ်၍သာလျှင် ဈေးစိုက်ကြံစည်ခြင်း, ဆင်ခြင်သုံးသပ်ခြင်း (ဝိတက်, ဝိစာရ) နှင့် တကွ ဖြစ်သော စိတ်၏အဆို့အပိတ် (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့် ဖြစ်ပေါ်သော နှစ်သက်ခြင်း (ပီတိ), ချမ်းသာခြင်း (သုခ) ရှိသော ပထမ ဈာန်ကို ရရှိ ပြည့်စုံစေ၍ ဝင်စား နေထိုင်ခြင်းဖြင့်သာ အတ္တသည် အမြတ်ဆုံး လက်တွေ့နိဗ္ဗာန်သို့ ရောက်ခြင်းဖြစ်ပေ၏'၊ အချို့သော သူတို့သည် ဤသို့ ပြောဆိုပညတ်ကြကုန်၏။

၃-ထိုသူကိုလည်း အခြားတစ်ယောက်သည် ဤသို့ ဆိုပြန်၏၊ 'အိုအချင်း .... သင်ပြောဆိုသော အတ္တသည် အမှန်ရှိ၏၊ မရှိဟု မဆိုပါ၊ သို့ရာတွင် ဤပထမဈာန်ကို ရကာမျှဖြင့် အမြတ်ဆုံးလက်တွေ့နိဗ္ဗာန်သို့ အတ္တသည် မရောက်သေးပေ၊ အကြောင်းမူကား ထိုပထမဈာန်၌ ဈေးစိုက်ကြံစည်ခြင်း, ဆင်ခြင်သုံးသပ်ခြင်း (ဝိတက်, ဝိစာရ) တို့ ရှိနေခြင်းကြောင့် ထိုပထမဈာန်ကို ရုန့်ရင်းကြမ်းတမ်းသည် ဟု ဆိုရ၏။

ဤအတ္တသည် စူးစိုက်ကြံစည်ခြင်း, ဆင်ခြင်သုံးသပ်ခြင်း(ဝိတက်, ဝိစာရ) တို့ ချုပ်ငြိမ်းခြင်းကြောင့် အဇ္ဈတ္တ၌ အလွန် ကြည်လင်သော, စိတ်၏ ကောဒိမည်သော သမာဓိကို ပွားစေတတ်သော, စူးစိုက်ကြံစည်ခြင်း, ဆင်ခြင်သုံးသပ်ခြင်း (ဝိတက်, ဝိစာရ) မရှိသော ပထမဈာန် သမာဓိကြောင့် ဖြစ်သော, နှစ်သက်ခြင်း, ချမ်းသာခြင်း (ပီတိသုခ) ရှိသော, ဒုတိယဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်ခြင်းဖြင့်သာ ဤအတ္တသည် အမြတ်ဆုံး လက်တွေ့နိဗ္ဗာန်သို့ ရောက်ခြင်း ဖြစ်ပေ၏ 'အချို့သော သူတို့သည် ဤသို့ ပြောဆိုကြကုန်၏။

၄-ထိုသူကိုလည်း အခြားတစ်ယောက်သည် ဤသို့ ဆိုပြန်၏၊ 'အိုအချင်း .... သင်ပြောဆိုသော အတ္တသည် အမှန်ရှိပေ၏၊ မရှိဟုမဆိုပါ၊ သို့ရာတွင် ဤဒုတိယ ဈာန်မျှဖြင့် အတ္တသည် အမြတ်ဆုံး လက်တွေ့နိဗ္ဗာန်သို့ မရောက်သေးပေ၊ အကြောင်းမူကား ထိုဒုတိယဈာန်၌ စိတ်၏ ပေါ်လွင်မှု ပီတိခေါ် နှစ်သက်မှု ရှိနေခြင်းကြောင့် ထို ဒုတိယဈာန်ကို ရုန့်ရင်းကြမ်းတမ်းသည် ဟု ဆိုရ၏။

ဤအတ္တသည်နှစ်သက်ခြင်း ပီတိကိုလည်းတပ်မက်ခြင်းကင်းခြင်းကြောင့် သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ လျစ်လျူရှုကာ နေထိုင်၏၊ ချမ်းသာသုခကိုလည်း ကိုယ်ဖြင့်ခံစား၏၊ သတိရှိသောသူ ချမ်းသာစွာနေလေ့ရှိသောသူဟု အရိယာတို့ ပြောဆိုချီးမွမ်းရသော တတိယဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏၊ ဤသို့ တတိယဈာန် ဝင်စားနေထိုင်ခြင်းဖြင့်သာ အတ္တသည် အမြတ်ဆုံး လက်တွေ့နိဗ္ဗာန်သို့ ရောက်ခြင်း ဖြစ်ပေ၏'၊ အချို့သော သူတို့သည် ဤသို့ ပြောဆိုယူဆကြကုန်၏။

၅-ထိုသူကိုလည်း အခြားတစ်ယောက်သည် ဤသို့ဆိုပြန်၏၊ 'အိုအချင်း .... သင်ပြောဆိုသော အတ္တသည် အမှန်ရှိပေ၏၊ မရှိဟု မဆိုလိုပါ၊ သို့ရာတွင် အတ္တသည် ဤသို့ တတိယဈာန်ကို ဝင်စားခြင်းမျှဖြင့် အမြတ်ဆုံး လက်တွေ့နိဗ္ဗာန်သို့ မရောက်သေးပေ၊ အကြောင်းမူကား ထို တတိယ ဈာန်၌ ချမ်းသာလှ၏ ဟူသော စိတ်၏ နှလုံးသွင်းမှု (သဘောထားမှု) ရှိနေခြင်းကြောင့် ထို တတိယ ဈာန်ကို ရုန့်ရင်းကြမ်းတမ်းသည် ဟု ဆိုရ၏။

ဤအတ္တသည်သုခ ဒုက္ခကို ပယ်ခြင်းကြောင့်, ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်း (သောမနဿ, ဒေါမနဿ) တို့ ချုပ်ပျောက်ခြင်းကြောင့်,

သုခ-ဒုက္ခ မဟုတ်သော, ဥပေက္ခာ ခေါ် လျစ်လျူရှုမှုကြောင့် ဖြစ်ပေါ်သော, သတိ၏ စင်ကြယ်ရာဖြစ်သော, စတုတ္ထဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏၊ ဤသို့ စတုတ္ထဈာန်ကို ဝင်စားနေထိုင်ခြင်းဖြင့်သာ အတ္တသည် အမြတ်ဆုံး လက်တွေ့နိဗ္ဗာန်သို့ ရောက်ခြင်း ဖြစ်ပေ၏'၊ အချို့သော သူတို့သည် ဤသို့ ယူဆကြ၏။

(နိဂုံးနှင့် သဗ္ဗညုတာဉာဏ်ပြစကားမှာ ရေးနည်းတူ)

**နိဂုံးကြီး** ရဟန်းတို့ .... သံသရာ၏ နောက်အဖို့ကို ကြံဆခြင်း ရှိကြကုန်သော ရဟန်း ပုဏ္ဏားတို့သည် ဤလေးဆဲ့ လေးပါး ကုန်သော အကြောင်း တို့ဖြင့်သာ အယူဝါဒ အမျိုးမျိုးတို့ကို ပြောဆို ယူဆကြကုန်၏၊ ဤ လေးဆဲ့ လေးပါးကုန်သော အကြောင်းတို့မှ ပြင်ပ၌ ပြောဆိုရာ အကြောင်းဟူ၍ မရှိနိုင်တော့ပြီ။

ရဟန်းတို့ .... သံသရာ၏ ရှေ့အဖို့ကို ကြံဆသောရဟန်းပုဏ္ဏား, သံသရာ၏ နောက်အဖို့ကို ကြံဆသော ရဟန်းပုဏ္ဏား တို့သည် ဤ ခြောက်ဆဲ့နှစ်ပါးကုန်သော (၁၈ + ၄၄) အကြောင်းတို့ဖြင့်သာ အယူဝါဒအမျိုးမျိုးတို့ကို ပြောဆိုယူဆကြကုန်၏၊ ဤခြောက်ဆဲ့နှစ်ပါးတို့မှ ပြင်ပ၌ ပြောဆိုရာအကြောင်းဟူ၍ မရှိပြီ။

(သဗ္ဗညုတာဉာဏ်ပြစကားမှာ ရေးနည်းတူ)

---

* **ခက်ခဲသောစကားများ** ။ ၁။ ဝိတက် – ကြံစည်မှု၊ ရောက်တတ်ရာရာ ကြံစည်မှုသည် ဝိတက် ရိုးရိုးမျှသာ ဖြစ်၏။ ၂။ ဝိစာရ – သုံးသပ်ဆင်ခြင်မှု၊ ဝိတက် နည်းတူပင် ဈာန်တရား၌ပါ – မပါကိုသိရမည်။ ၃။ ပီတိ– ။ နှစ်သက်မှု။ ၄။ သုခ – ချမ်းသာမှု။ ၅။ ဧကောဒိ – ဧက + ဥဒိ၊ ပါဠိ။ အာရုံတစ်ခုခု၌သ ာ တက်ရောက်ဖြစ်ပွားမှု၊ တည်ငြိမ်မှု။ သမာဓိ။ ၆။ သမာဓိ– သံ + အာဓိ၊ ပါဠိ။ ကောင်းစွာရပ်တည်ငြိမ်သက်မှု။ ၇။ ဈာန် –ဈာန၊ ပါဠိ။ ရှုးစိုက်ကြံစည်ခြင်း၊ နီဝရဏတို့ကို လောင်ကျွမ်းစေခြင်း၊ ထိုသတ္တိများ ပါရှိသောတရားစု၊ ဈာန်။ ၈။ နီဝရဏ – စိတ်၏တန်ခိုးသတ္တိများကို ပိတ်ဆို့ နေသောတရားစု၊ အပိတ်အပင်တရားများ၊ ကာမဂုဏ်စိတ် စသည်။ ၉။ နိဗ္ဗာန် –– နိဗ္ဗာန – ပါဠိ။ တပ်မက်တွယ်တာမှု ချုပ်ငြိမ်းခြင်း၊ ချုပ်ငြိမ်းရာ။

ရဟန်းတို့....ဤသည်တို့ကားသိမ်မွေ့, နက်နဲသော,ပညာရှိတို့သာ သိနိုင်သော, မြတ်စွာဘုရားအား ချီးမွမ်းလိုသော် အမှန် အားဖြင့် ကောင်းစွာ ချီးမွမ်းရာ ရောက်နိုင်သော, ဂုဏ်ကျေးဇူးများ ဖြစ်ကြ ပေသည်။

**မိစ္ဆာဒိဋ္ဌိအယူရှိသူတို့ ပြောင်းရွှေ့လှုပ်ရှားတတ်ပုံ**

ရဟန်းတို့ .... ဤ ခြောက်ဆဲ့ နှစ်ပါး ကုန်သော အကြောင်း တို့ဖြင့် အယူ ဝါဒ အမျိုးမျိုးကို ပြောဆို ယူဆ ကြသော အမှန်ကို မသိမမြင် ကြကုန် သော ထိုရဟန်းပုဏ္ဏားတို့၏ အယူဝါဒအမျိုးမျိုးတို့ကို သိမှတ်ခံစား မှုသည် တဏှာ ဒိဋ္ဌိတို့ဖြင့် မွတ်သိပ်ဆာလောင်လျက် ရှိသောကြောင့် လှုပ်ရှားပြောင်းရွှေ့ တတ်သည်သာဖြစ်၏၊ (မိစ္ဆာဒိဋ္ဌိ အသိအစွဲရှိသူ တို့သည် အသိအမြင် မှန်ကို မရကြသဖြင့် အယူဝါဒ ပြောင်းရွှေ့ တတ်ကြ၏၊ မတည်မြဲကြကုန်၏)။

**မိစ္ဆာဒိဋ္ဌိမှန်သမျှ ဖဿအရင်းခံ**

ရဟန်းတို့ .... ခြောက်ဆဲ့ နှစ်ပါး ကုန်သော အ ကြောင်းတို့ဖြင့် အယူဝါဒ အမျိုးမျိုးတို့ကို ပြော ဆို စွဲလမ်းကြသော ရဟန်းပုဏ္ဏားတို့သည် အာရုံ ကို တွေ့ထိမှုဟူသော ဖဿ ကြောင့်သာ ဤသို့ ပြောဆို စွဲလန်းကြကုန်၏၊ ဖဿကို ကြဉ်ထား၍ ဒိဋ္ဌိ အယူဝါဒများကို

---

* ဖဿ – အာရုံကို ရှေးဦးစွာ တွေ့ထိသော စေတသိက်၊ ပေါင်းဆုံ ထိတွေ့မှု။ ဝေဒနာ – ခံစားခြင်း သဘောရှိသော စေတသိက်၊ ခံစားမှု။ တဏှာ – တပ်မက်ခြင်း သဘောရှိသော လောဘ စေတသိက်၊ တပ်မက်မှု။ ဥပါဒါန် – စွဲလန်းခြင်း သဘောရှိသော လောဘနှင့်ဒိဋ္ဌိစေတသိက်၊ စွဲလန်းမှု။ ဘဝ – ဖြစ်ကြောင်းကံနှင့် ဖြစ်ပေါ်လာသော ပဋိသန္ဓေအခိုက် နာမ်ရုပ်များ၊ (ပဋိသန္ဓေ)။ ဇာတိ – မွေးဖွားခြင်း၊ ဖြစ်ပေါ်ခြင်း။ ဇရာ – အိုမင်း ရင့် ရော်ခြင်း။ မရဏ – သေဆုံးခြင်း၊ ရွေ့လျော ပျက်စီးခြင်း။ သောက – စိုးရိမ်ပူဆွေးခြင်း သဘောရှိသော ဒေါမနဿဝေဒနာ၊ စိုးရိမ်ကြောင့်ကြမှု။ ဒုက္ခ – ကိုယ်၏ ဆင်းရဲခြင်း။ ဒေါမနဿ – စိတ်၏ ဆင်းရဲခြင်း၊ ဝေဒနာ တစ်မျိုးပင် ဖြစ်သည်။ ဥပါယာသ – ပြင်းပြစွာ ပူလောင်ပင်ပန်းခြင်း၊ အလွန် ပူပန်ခြင်း။

သိမှတ်ခံစားနိုင်ရန်အကြောင်းမရှိပေ၊ဖဿခြောက်ပါးတို့ဖြင့်တွေ့ထိမှုရှိ၍ရှိ၍ သာလျှင် ဒိဋ္ဌိအယူဝါဒများကို ခံစားနိုင်ကြပေသည်။

ထိုရဟန်းပုဏ္ဏားတို့အား (ဒိဋ္ဌိအယူဝါဒကို) သိမှတ်ခံစားမှု ဝေဒနာဟူသော အကြောင်းကြောင့် တပ်မက်မှု တဏှာ ဖြစ်ပေါ်သည်၊ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန် ဖြစ်ပေါ်သည်၊ ဥပါဒါန်ကြောင့် ဖြစ်ကြောင်း (ကံနှင့် ပဋိသန္ဓေ) ခေါ် - ဘဝဖြစ်ပေါ်သည်၊ ဘဝကြောင့် မွေးဖွား ဖြစ်ပေါ်မှု ဇာတိ ဖြစ်ပေါ်သည်၊ ဇာတိကြောင့် အိုမင်းရင့်ရော်ခြင်းဇရာ, သေဆုံးခြင်း မရဏ, စိုးရိမ်ကြောင့်ကြခြင်း သောက, ငိုကြွေးခြင်း ပရိဒေဝ, ဆင်းရဲခြင်း ဒုက္ခ, စိတ်မချမ်းသာခြင်း ဒေါမနဿ, ပြင်းပြစွာပူပန်ခြင်း ဥပါယာသ, တရားတို့ ဖြစ်ပေါ်လာကြသည်။

ရဟန်းတို့ .... ဖဿာယတန ခြောက်ပါးတို့၏ ဖြစ်ခြင်း, ချုပ်ပျောက်ခြင်း, အရသာ, အပြစ် ဒေါသ, ထွက်မြောက်ရာ, ဤငါးပါးတို့ကို ဟုတ်တိုင်းမှန်စွာသိမြင်သောရဟန်းသည် ဤခြောက်ဆယ့်နှစ်ပါးကုန်သော မိစ္ဆာဒိဋ္ဌိအလုံးစုံတို့ထက် သာလွန်သော တရားကို သိ၏။

**ဒိဋ္ဌိပိုက်ကွန်ကြီး** ရဟန်းတို့ .... သံသရာ၏ ရှေ့အဖို့ နောက်အဖို့ကို ကြံဆခြင်း ရှိကြ ကုန်သော ရဟန်းပုဏ္ဏား အားလုံး တို့သည် အထူးထူးသော အလိုဆန္ဒပြုအယူတို့ကို ဤခြောက်ဆယ့်နှစ်ပါးကုန်သော အကြောင်းတို့ဖြင့်သာ ပြောဆိုယူဆကြကုန်၏၊ ဤခြောက်ဆယ့်နှစ်ပါးကုန်သော အကြောင်းတို့၌ မှီကြကုန်၍သာ အကျုံးဝင်ကြ ကုန်၍သာ ပိုက်ကွန်တွင်းသို့ ရောက်ကြကုန်၍သာ ပေါ်လာကြကုန်၏။

ဥပမာအားဖြင့် လိမ္မာသော တံငါသည် အပေါက် ကျဉ်းသော ပိုက်ကွန်ဖြင့် ရေအိုင်ငယ်ကို လွှမ်းမိုးအုပ်ဖုံး၍ ထားရာ၏၊ ထို့နောက် ထိုတံငါအား ဤရေအိုင်ငယ်၌ ရှိကြသော ကြီးမားသည့် သတ္တဝါ မှန်သမျှတို့သည် ဤပိုက်ကွန်၌ မှီကြကုန်၍ အကျုံးဝင်ကြကုန်၍သာ ပိုက်ကွန်တွင်းသို့ ရောက်ကြကုန်၍သာ ပေါ်လိုက ပေါ်လာကြကုန်သည်ဟု အကြံဖြစ်၏။

ဤ ဥပမာ အတိုင်းသာလျှင် ဤခြောက်ဆယ့်နှစ်ပါးကုန်သော အကြောင်းတို့ အတွင်း၌သာ အယူဝါဒ အမျိုးမျိုးတို့ ဖြစ်ပေါ်လိုက ဖြစ်ပေါ်ကြကုန်၏။

**မြတ်စွာဘုရားသည် အဘယ်သို့ တည်နေသနည်း**

ရဟန်းတို့ .... မြတ်စွာ ဘုရား၏ ကိုယ်ကာယ သည် ဘဝ တဏှာ ဟူသော နှောင်ကြိုးပြတ်၍ တည်နေ၏၊ ကိုယ်ကာယ တည်နေသမျှသာ နတ်လူတို့သည် ထိုမြတ်စွာဘုရားကို ဖူးတွေ့ကြရလိမ့်မည်၊ ကိုယ်ကာယပျက်စီး၍ အသက် ကုန်သောအခါ မဖူးမတွေ့ကြရကုန်လတ္တံ့။ (နောက်ဘဝသစ် မဖြစ်တော့ပြီဖြစ်၍ မတွေ့နိုင်ကြပြီ)

**ဤသုတ်၏အမည်များ**

အရှင်အာနန္ဒာ။ ။ အရှင်ဘုရား.... အံ့ဩ ဖွယ်ရာ ရှိလှ ပါပေသည်၊ အရှင်ဘုရား .... ဤတရား ဒေသနာတော်သည် အဘယ်အမည် ရှိပါသနည်း။

---

* သဿတဒိဋ္ဌိ = အတ္တနှင့် လောကသည် အမြဲတည်နေသည် ဟု ယူဆသော ဝါဒ။ ၂။ ဧကစ္စသဿတဒိဋ္ဌိ = အတ္တအချို့နှင့် လောက အချို့သာ မြဲသည်အချို့မမြဲဟု ယူဆသောဝါဒ။ ၃။ အန္တာနန္တိကဒိဋ္ဌိ = ဤလောကသည် အဆုံးရှိ၏ ဟု ယူသောဝါဒ, ဤလောကသည် အဆုံးမရှိဟု ယူသော ဝါဒ, ဤလောကသည် အထက် အောက်အားဖြင့် အဆုံးရှိ၍ ပတ်ဝန်းကျင် အားဖြင့် အဆုံးမရှိဟု ယူသော ဝါဒများ။ (၃ မျိုး) ၄။ အမရာဝိက္ခေပ = အဆုံးအပိုင်း အခြား မထားဘဲ ပျံ့လွင့် လှုပ်ရှားသော ဝါဒ၊ ဘယ်လိုမှ မဆုံးဖြတ်သဖြင့် အမရာ ငါးကဲ့သို့ ဖမ်းမမိနိုင်သောဝါဒ။ ၅။ အဓိစ္စသမုပ္ပန္န = အတ္တနှင့်လောကသည် အကြောင်းမဲ့ ဖြစ်သည်ဟု ယူသောဝါဒ။ ၆။ ဥဒ္ဓ မာဃာတန သညီ = သေပြီးနောက် မပျက်မစီး ကျန်နေသောအတ္တ၌ စိတ်သညာ ရှိ၏ ဟု ယူဆသော ဝါဒ။ ၇။ ဥဒ္ဓမာဃာတန အသညီ = သေပြီးနောက် မပျက်မစီး ကျန်နေသော အတ္တ၌ စိတ်သညာ မရှိ ဟု ယူဆသော ဝါဒ။ ၈။ ဥဒ္ဓမာဃာတန နေဝသညီနာသညီ = သေပြီးနောက် မပျက်မစီး ကျန်နေသော အတ္တ၌ စိတ်သညာသည် အချို့၌ရှိ၏၊အချို့၌မရှိဟု ယူဆသော ဝါဒ။ ၉။ ဥစ္ဆေဒဒိဋ္ဌိ = သတ္တဝါသည်သေလျှင် ပြတ်သည်၊ ဘာမျှ မဖြစ်တော့ ဟု ယူဆသောဝါဒ။ ၁၀။ ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ = ယခုဘဝ ကိုယ်ခန္ဓာဖြင့် ခံစားရသော ကာမစည်းစိမ်, ဈာန်သမာပတ်တို့သာ နိဗ္ဗာန်ချမ်းသာဖြစ်သည်ဟု ယူဆသော ဝါဒ။

ဗုဒ္ဓ။ ။ အာနန္ဒာ .... ဤ တရားဒေသနာတော်ကို (ပစ္စုပ္ပန်, တမလွန် ကောင်းကျိုး နှစ်ပါးကို ဖြန့်၍ ဟောရာ ဖြစ်သောကြောင့်) ၁–အတ္တဇာလ ဟူ၍လည်း မှတ်လေလော့၊ (များစွာသော ပါဠိဓမ္မ တို့ကို ဖြန့်၍ ဟောရာ ဖြစ်သောကြောင့်) ၂–ဓမ္မဇာလ ဟူ၍လည်း မှတ်လေလော့၊ (မြတ်သော သဗ္ဗညုတာဉာဏ်တော်ကို ဖြန့်၍ ဟောရာ ဖြစ်သောကြောင့်) ၃–ဗြဟ္မဇာလ ဟူ၍လည်း မှတ်လေလော့၊ (မိစ္ဆာ ဒိဋ္ဌိအယူ ၆၂–ပါးတို့ကို ဖြန့်၍ ဟောရာဖြစ်သောကြောင့်) ၄– ဒိဋ္ဌိဇာလ ဟူ၍လည်း မှတ်လေလော့၊ (ဒေဝပုတ္တမာရ် – ခန္ဓမာရ် – မစ္စုမာရ်– ကိလေသမာရ် – ကို အောင်မြင်ရာ အတုမဲ့ မဟာအောင်မြေနှင့် တူ သောကြောင့်) ၅–အနုတ္တရသင်္ဂါမဝိဇယ ဟူ၍လည်း မှတ်လေလော့။

ဤသို့ မိန့်တော်မူရာ ရဟန်းတော်တို့သည် အလွန်နှစ်သက် ဝမ်း မြောက် တော်မူကြကုန်၏။

ဤဒေသနာကို ဟောတော်မူပြီးသောအခါ စကြဝဠာ (ကမ္ဘာ လောကဓာတ်) တစ်သောင်း တုန်လှုပ်လေ၏။

ဗြဟ္မဇာလသုတ် ပြီးပြီ။

# သာမညဖလသုတ်

## သာမညဖလသုတ်အမှာ

သာမညဖလသုတ် ဆိုသည်မှာ ရဟန်းပြုလုပ် ခြင်း၏ လက်တွေ့ အကျိုးကျေးဇူးများကို အကျယ်တဝင့် ဟောကြားတော်မူသောသုတ် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ဤသုတ်ကို မာဂဓတိုင်း၊ရာဇဂြိုဟ်မြို့တော်၊ ဆရာဇီဝက၏ သရက်ဥယျာဉ်၌ ဟောကြားတော်မူခဲ့လေသည်၊ ရာဇဂြိုဟ်မြို့တော်မှာ၊ ဘီဟာနယ် တောင်ပိုင်း၊ အရှေ့အိန္ဒိယ မီးရထားလမ်း၊ ဘက်တီယာပူရ်မှ ၃၆–မိုင်ဝေးသော ယခု ရာ(ဂျ်) ဂီ (ရ်) ခေါ်သော နေရာပင်ဖြစ်ပေသည်၊ ဗုဒ္ဓမပေါ်မီတွင် ဂီရိဗ္ဗဇ၊ ဝါသုမတီအမည်များ ဖြင့် ထင်ရှားခဲ့၍တရုတ်ခရီးသည် ဟူယန်ဆိုင်၏ မှတ်တမ်းတွင် ကုဆာဂါရ (KUSAGARA) ဟု ရေးမှတ်ထားခဲ့သည်၊ ထိုခရီးသည် ရောက်သောခေတ်တွင် ကုဆာဂါရဟု ခေါ်တွင်ဟန်ရှိပေသည်၊ အမှန်မှာ ရှေးအခါ ဘုရားလောင်း မဟာဂေါဝိန္ဒ ဗိသုကာသည် ဂီရိဗ္ဗဇတောင်ကို ခံတပ်ပြု၍ တောင်ထိပ်၌ မြို့တည်ခဲ့ရာ ထိုမြို့သည် ဂီရိဗ္ဗဇမြို့ဟုခေါ် တွင်ပြီး အိန္ဒိယပြည်တွင် ရှေးအကျဆုံး ကျောက်မြို့ရိုးကြီးတစ်ခုဖြစ်လာ ခဲ့ပေသည်၊ ထိုနောက် ဗိမ္ဗိသာရမင်းကြီး လက်ထက်တွင် ထိုတောင်ခြေ ရင်း၊ တောင်ငါးလုံးတို့၏အကြား မြေပြန့်၌ မြို့သစ်တည်ပြန်ရာ ထိုမြို့ သစ်သည် ရာဇဂြိုဟ် (ရာဇဂဟ) ဟု ခေါ်တွင်ခဲ့လေသည်၊ တစ်ဖန် သားတော် အဇာတသတ် မင်းလက်ထက် ရာဇဂြိုဟ် မြို့ဟောင်း၏ ပြင်ဘက်၌ မြို့သစ်တည်ထောင်နေထိုင်ပြန်ရာ အဇာတသတ်မြို့ ဟုတွင် ပြန်သည်၊ ထိုနောက်ဆုံး မြို့နေရာတွင် ယခု အိမ်ခြေ ၂၀၀–ခန့်ရှိ၍ ရှေးမြို့ဟောင်းများကား အပျက်အစီးများဖြင့် သင်္ခါရ၏ လက္ခဏာကို ဖော်ပြလျက်ရှိကြပေသည်။

ခမည်းတော်ကို သတ်ဖြတ် စေခဲ့မိသော အဇာတသတ်မင်းသည် စိတ်မချမ်းမသာရှိလှသဖြင့် ညစဉ်လိုလို အိပ်စက် မရအောင်ရှိနေခဲ့ရာ တစ်နေ့သောအခါ တန်ဆောင်မုန်းလပြည့်နေ့ လဝန်းပေါ်စ အလွန် သာယာ ကြည်နူးဖွယ် ကောင်းလှသော ညဦးယာမ် အချိန်တွင် ခမည်းတော်၏ ဆရာ ဗုဒ္ဓ ဘုရားအထံတော်သို့ ဆည်းကပ် တရားနာ၍ စိတ်ချမ်းသာမှုကို ရှာလိုသဖြင့် ဗုဒ္ဓဘုရားအထံတော်သို့ ဆည်းကပ် တရားနာနိုင်ရန် စကားစဖော်ကာ ဆရာဇီဝကကို ရှေ့သွားပြု၍ ဗုဒ္ဓ ဘုရား အထံ အဖူး အမြော်ထွက်ခဲ့လေသည်၊ ဗုဒ္ဓဘုရား အထံတော်

သို့ ရောက်သောအခါ အဇာတသတ်မင်းသည် ရဟန်းပြုလုပ်ခြင်း၏ လက်တွေ့ အကျိုးကျေးဇူးကို ဟောကြား ပညတ်နိုင်ပါမည် လောဟု မေးလျှောက်လေသည်၊ ဤပြဿနာမှာ ရာဇဂြိုဟ်မြို့တော်တွင်နေ့တစ်ဆူ လတစ်ဆူ ထင်ရှားနေကြသည့် ပူရဏကဿပ စသော ဝါဒပြုဂိုဏ်း ဆရာကြီး များကိုလည်း မေးမြန်းခဲ့ပြီး ဖြစ်ပေသည်၊ ဤပြဿနာ၏ အဖြေကို မင်းမှုစိုးမှု လွတ်ငြိမ်းခြင်းမှ အစပြု၍ အာသဝေါကုန်ခန်း၍ ရဟန္တာ ဖြစ်ရသည်တိုင်အောင် ဖြေရှင်း ဟောကြား တော်မူခဲ့ရာ ထိုဟောကြားချက်များမှာ ဤသာမညဖလသုတ်ပင် ဖြစ်ပေသည်။

ဤသုတ်၌လာသော လက်တွေ့ ရဟန်းပြုကျိုးများကို အကျဉ်းချုပ် ရေတွက်ရသော် ၁၊ အနဝဇ္ဇသုခ - အပြစ်မရှိခြင်း ချမ်းသာ။ ၂၊ အဗျာ သေကသုခ - ကိလေသာမိုး မစွတ်သောချမ်းသာ။ ၃၊ ဈာနသုခ - ဈာန်သမာပတ် ချမ်းသာ။ ၄- အဘိညာ သုခ - အဘိညာဉ်ချမ်းသာ၊ ၅၊ မဂ္ဂဖလ သုခ - မဂ်ဖိုလ်ချမ်းသာတို့ကို အစဉ်မပျက်တွေ့ရှိနိုင်ကြပေ သည်။

အမှန်းအားဖြင့် ဤသုတ်သည် ဗုဒ္ဓသာသနာတော်၌ မည်သို့သော အကျင့်သီလများ ရှိနေကြသည်၊ မည်မျှ အဆင့်အတန်း မြင့်သော စိတ်တန်ခိုးများရှိနေကြသည်၊ မည်သည့် အသိဉာဏ် အဆင့်အတန်း များရှိနေကြသည်ဟူသော အချက်များကို ဖော်ထုတ်ဟောကြားတော် မူခဲ့သဖြင့် သာသနာ့ရပ်လုံးဖော် ဒေသနာဖြစ်သည်သာမက ဗုဒ္ဓနှင့် အပြိုင် ထွန်းကားနေကြသော ပူရဏကဿပ, မက္ခလိဂေါသာလ စသော ဂိုဏ်းဆရာကြီး ခြောက်ယောက်တို့၏ ဝါဒများကိုလည်း အဇာတသတ်မင်းက ပေါ်ထုတ်လျှောက်ထားခဲ့ရာ ယနေ့တိုင် ခေတ်စား နေသေးသည့် ဂျိန်းဘာသာကိုစတင်တည်ထောင်သူ နိဂဏ္ဌ နာဋပုတ္တ ခေါ် ဝဍ္ဎမာန မဟာဝီရ၏ အကြောင်းအရာ, ဝါဒများလည်း ပါဝင် ခဲ့လေသည်။

ဒေဝဒတ်၏ ဖျားယောင်းမှုကြောင့် ခမည်းတော်ကိုပင် သတ်စေခဲ့ သော အဇာတသတ်သည် ဤသုတ်ကို ကြားနာသော အခါမှစ၍ အတိုင်းထက်အလွန် သဒ္ဓါကြည်ညိုခြင်းရှိလှသဖြင့် သာသနာတော်၌ အရေးပါလှသော ပထမ သံဂါယနာတင် သာသနာ့ဒါယကာ မဟာ ဓမ္မရာဇ် တစ်ပါးအဖြစ်သို့ရောက်ရှိလာခဲ့ပေသည်။

## သာမညဖလသုတ်

**(သာမည = ရဟန်းအဖြစ် (ရဟန်းပြုရခြင်း၏) + ဖလ = အကျိုး။)**

ဤသုတ်၌ ရဟန်းပြုသော ပုဂ္ဂိုလ်များလက်တွေ့ခံစားရရှိနိုင်သည့် အကျိုးကျေးဇူးများကို အစဉ်အတိုင်း အခြေခံသီလမှစ၍ ဈာန်တရားများ – ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဟူသော ပညာတရားများအားဖြင့် အကုန်အစင် ဟောဖော်ထားသည်၊ အကျဉ်းချုပ်အားဖြင့် သီလ သမာဓိ ပညာ သုံးမျိုးပင်ဖြစ်သည်။

နိဗ္ဗာန်ရောက်ကြောင်း တရားသည် သီလ သမာဓိ ပညာဟူ၍သုံးမျိုးရှိကြောင်းသိကြသော်လည်း သီလဘယ်နှစ်မျိုးရှိသည် သမာဓိဘယ်နှစ်ဆင့်ရှိသည် ပညာဘယ် * နှစ်စားရှိသည်ဟု အစိတ်အစိတ်အားဖြင့် မသိကြသော ပုဂ္ဂိုလ်များသည် ဤသုတ်ကိုဖတ်ကြားနာယူပါက အစဉ်အတိုင်း အကျယ်သိနိုင်ကြလေသည်။

ရဟန်းပြုခြင်း၏ အကျိုးဟုဆိုသော်လည်း စင်စစ်အားဖြင့် မြတ်စွာဘုရားသည် မိမိကိုယ်တော်တိုင် ကျင့်ခဲ့သည့် ကျင့်စဉ်တက်လမ်းကိုပင် ဟောဖော်ထားသည်ဖြစ်သောကြောင့် ဗုဒ္ဓကျင့်စဉ် ဟူ၍လည်း ခေါ်ဆိုနိုင်လေသည်၊ ၎င်းပြင်အခြေခံ သီလမှစ၍ အာသဝက္ခယဉာဏ်အထိ နိဗ္ဗာန်တက်လမ်းကို စခန်းစုံ ဟောဖော်ထားသည် ဖြစ်သောကြောင့် နိဗ္ဗာန်တက်လမ်း စခန်းစုံဟူ၍လည်းဆိုနိုင်သည်။

သို့ဖြစ်၍ ဤသုတ်ကိုဖတ်ကြားနာယူလျှင် ရဟန်းတော်များ ခံစားရောက်ရှိနိုင်သည့် အကျိုး ကျေးဇူး ဂုဏ်ထူး အဆင့်အတန်းများကို အကုန်အစင် သိမြင်လျက် ဗုဒ္ဓ၏ ကျင့်စဉ်နှင့်တကွ နိဗ္ဗာန်တက်လမ်း စခန်းစုံကို သိကြလိမ့်မည်ဖြစ်ပေသတည်း။

## ၂၆ ရဟန်းပြုခြင်း၏ လက်တွေ့ အကျိုးကျေးဇူးများကို ဟောကြားတော်မူသောသုတ်။

| | | |
|---|---|---|
| သုတ်စဉ် .... | .... .... | ၂- သာမည ဖလသုတ်။ |
| ဟောရာအချိန် | .... | တန်ဆောင်မုန်းလပြည့်နေ့ ညဦးယာမ်အချိန်။ |
| ဟောရာ အရပ် | .... | ရာဇဂြိုဟ်ပြည်၊ ဆရာဇီဝက၏ သရက်ဥယျာဉ်။ |
| ဟောသူ .... | .... .... | .... မြတ်စွာဘုရား။ |
| တရားနာပရိသတ် | .... | အဇာတသတ်မင်းနှင့် အခြွေအရံများ၊ ရဟန်းတော် ၁၂၅ဝ။ |
| ဟောခြင်းအကြောင်း | .... | ရဟန်းပြုခြင်း၏ အကျိုးကို အဇာတသတ်မင်း မေးလျှောက်ခြင်း။ |
| ဟောသည့်တရား | .... | ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးများ၊ (မင်းမှုစိုးမှုလွတ်ခြင်းမှ အရဟတ္တဖိုလ် အထိ)။ |

### အစ္စာပွတ္တိနိဒါန်း

**အဇာတသတ်၏ ည ညီလာခံသဘင်**

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရဟန်းတော်ပေါင်း ၁၂၅ဝ တို့နှင့် အတူ ရာဇဂြိုဟ်ပြည်, ဆရာဇီဝက၏ သရက် ဥယျာဉ်၌ သီတင်း သုံးတော်မူ၏။

ထိုအချိန်အခါ၌ မာဂဓတိုင်းရှင်, ဘုရင် အဇာတသတ်သည် မင်းအမတ်ပေါင်း ခြံရံလျက် ပြသာဒ်ထက်၌ နေထိုင်လျက် ရှိပေသည်၊ ထိုအချိန်မှာ မိုးလေးလတို့၏ အဆုံး ကုမုဒြာ ကြာပန်းပွင့်ချိန် လပြည့်, စန်းပြည့်ကြိုသော သာယာလှသည့် တန်ဆောင်မုန်းလပြည့် ဥပုသ်နေ့ ညပင် ဖြစ်ပေသည်။ ။

ထိုအခါ အဇာတသတ်မင်းသည်အရှင်းတို့ ....အပြစ်ကင်းမင်သော ညသည် မွေ့လျော်ဖွယ် ရှိလှပါပေ၏၊ အလွန်လှပ ပါပေ၏။ ရှုမငြီး အောင်ရှိလှပါပေ၏၊ ကြည်လင်ဖွယ်ရှိလှ ပါပေ၏၊ မှတ်သားဖွယ် ကောင်းလှပါပေ၏၊ ကျွန်ုပ်တို့စိတ်ကို (ဗို၍) ကြည်လင် စေနိုင်သည့် ယခုအချိန်၌ အဘယ်ရဟန်း၊ ပုဏ္ဏားထံသို့သွား၍ ဆည်းကပ် ရပါမည် နည်းဟု ဥဒါန်း ကျူးရင့်တော်မူ၏။

ထိုအခါ အမတ် တစ်ယောက်သည် 'အရှင်မင်းကြီး .... ပုရဏ ကဿပသည် တပည့်သံဃာလည်း ရှိပါသည်၊ ဂိုဏ်းဂဏလည်း ရှိ၍ ဂိုဏ်းဆရာကြီး ဖြစ်ပါသည်၊ ထင်ရှား ကျော်စောပါသည်၊ အခြံရံ များပါသည်၊ အယူဝါဒကို ပြုစုတီထွင်တတ်သူ (ဝါဒပြု) ဖြစ်ပါသည်၊ လူအများတို့က သူတော်ကောင်းဟု သမုတ်ကြပါသည်၊ နေ့ည တို့ကို မှတ်သားမိသူ ဖြစ်ပါသည်၊ ရဟန်းပြုခဲ့သည်မှာလည်း ကြာပါပြီ၊ မင်း နှစ်ဆက်သုံးဆက်ကိုမှီသူလည်း ဖြစ်ပါသည်၊တတိယအရွယ်သို့ရောက် ပါပြီ၊ ထို ပုရဏကဿပကို ဆည်းကပ်တော် မူစေလိုပါသည်၊ ပုရဏ ကဿပသို့ဆည်းကပ်ရလျှင်အရှင်မင်းကြီး၏စိတ်တော်သည်ကြည်လင် လိမ့်မည်ထင်ပါသည် ဟု လျှောက်၏၊ ထိုသို့ လျှောက်သောအခါ အဇာ တသတ်မင်းသည် ဆိတ်ဆိတ် နေတော်မူ၏။

ဤနည်းတူပင် အခြား အမတ်တယောက်သည် မက္ခလိဂေါသာလ ၏ အကြောင်းကို၊ အခြားတစ်ယောက်သည် အဇိတ ကေသကမ္ဗလ၏ အကြောင်းကို၊ အခြားတစ်ယောက်သည် ပကုဓကစ္စာယန၏ အကြောင်း ကို၊ အခြားတစ်ယောက်သည် ဗေလဋ္ဌ၏သား သိဉ္စည်း၏ အကြောင်းကို အခြားအမတ်တစ်ယောက်သည် နာဋ၏သား နိဂဏ္ဌ၏ အကြောင်းကို လျှောက်ထားကြလေ၏၊ ထိုသို့ လျှောက်ထားကြသော်လည်း အဇာ တသတ်မင်းသည် ဆိတ်ဆိတ်သာ နေတော်မူလေ၏။

ထိုအခါ ဆရာဇီဝကသည် အဇာတသတ် မင်း၏ မနီးမဝေး၌ ဆိတ်ဆိတ်သာလျှင် ထိုင်လျက်ရှိ၏၊ ထိုနောက် အဇာတသတ်မင်းသည် ဆရာ ဇီဝကကို ဤသို့ မိန့်၏၊ 'အဆွေ ဇီဝက .... သင်ကား အဘယ် ကြောင့် ဆိတ်ဆိတ်နေဘိသနည်း'။

ထိုအခါ ဇီဝကသည် ဤသို့ လျှောက်တင်၏၊ "အရှင်မင်းကြီး... ဘုန်းတော် ကြီးမားသော သမ္မာသမ္ဗုဒ္ဓ * မြတ်စွာဘုရားသည် ရဟန်းတော် ၁၂၅၀ – တို့နှင့်အတူ အကျွန်ုပ်၏ သရက်ဥယျာဉ်၌သီတင်းသုံးတော်မူလျက် ရှိပါသည်၊ ထိုမြတ်စွာဘုရားသည် (၁) ကိလေသာရန်သူကို ပယ်သတ်တော်မူပြီး ဖြစ်ပေသည်၊ (၂) သိသင့်သိထိုက်သောတရားအားလုံးကို သဘာဝအမှန်အတိုင်း ကိုယ်တိုင် သိမြင်တော်မူပေသည်၊ (၃) ဝိဇ္ဇာဟူသော အသိဉာဏ်, စရဏ ဟူသော အကျင့်တရားနှင့်ပြည့်စုံတော်မူပေသည်၊(အသိလည်း ရှိတော်မူသည်၊ အကျင့်လည်းရှိတော်မူသည်)၊ (၄) ဗုဒ္ဓဘုရားတို့ အစဉ်အလာဖြင့် ကောင်းစွာ ပွင့်လာတော်မူပေသည်၊ (၅) လောကအလုံးကိုလည်းသိမ်းကြုံး သိမြင်တော်မူပေသည်၊ (၆) ယောကျ်ားကြမ်းတို့ကို ဆုံးမတော်မူရာ၌ အတုမဲ့ဆရာဖြစ်တော်မူပေသည်၊ (၇) နတ်, လူတို့၏ရှေ့ဆောင်လမ်းပြ ဆရာတစ်ဆူဖြစ်တော်မူပေသည်၊ (၈) အမှန်တရားကို မိမိလည်း သိမြင်၍ သူတစ်ပါးတို့ကိုလည်း သိမြင်စေတော်မူသည်၊(၉)ဘုန်းတော် ခြောက်ပါးနှင့်လည်းပြည့်စုံတော်မူပေသည်ဟု ဘဝဂ်မဆုံး ပျံ့နှံ့၍တက်သော ကျော်စောသတင်းလည်းရှိပါသည်၊ ထိုမြတ်စွာဘုရားကို ဆည်းကပ်တော်မူရပါလျှင် အရှင်မင်းကြီး၏စိတ်တော်သည် ကြည်လင်လိမ့်မည်ထင်ပါသည်။

အဇာတသတ်။ ။ အဆွေ ဇီဝက .... သို့ဖြစ်လျှင် ဆင်ယာဉ်တို့ကို စီမံချေလော့။

ဇီဝက ။ ။ အရှင်မင်းကြီး .... အမိန့်တော်အတိုင်းပါ။

**အဇာတသတ်မင်းမြတ်စွာဘုရားထံ ထွက်တော်မူခြင်း**

ထိုနောက် ဆရာ ဇီဝက သည် ဆင်မ ယာဉ်သာ ငါးရာတို့ကို ကကြိုးတန်ဆာ တပ်ဆင်ပြုပြင်စေပြီးလျှင် ဘုရင် မင်းမြတ် စီးတော် ဆင်ကိုလည်း အသင့်ပြင်ဆင်စေ၍ 'ဆင်ယာဉ်များကို စီမံပြီးစီး

---

* **သမ္မာသမ္ဗုဒ္ဓ**။ ။ သမ္မာ = သဘာဝအတိုင်း + သံ = ကိုယ်တော်တိုင်, (သူပြော တစ်ဆင့်ကြားမဟုတ်) + ဗုဒ္ဓ = သိစရာရှိသမျှကို သိတော်မူသော ဗုဒ္ဓ ဘုရား = သိသင့် သိကောင်းရာ တရားမှန်သမျှကို အမှန်အတိုင်း သိမြင်တော်မူသော ဗုဒ္ဓဘုရား။

ပါပြီ၊ ထွက်တော်မူရမည့် အချိန်ကို သိတော်မူပါ'ဟုလျှောက်၏၊ ထိုအခါအဇာတသတ်မင်းသည် ဆင်မယာဉ်သာ ငါးရာတို့၌ မိန်းမငါးရာတို့ကို တစ်ယောက်စီ * တင်စေ၍ စီးတော်ဆင်ကို တက်စီးတော်မူပြီးလျှင် မီးရှူးမီးတိုင်များကို ကိုင်ဆောင်ကြစေပြီးနောက် ကြီးစွာသောမင်း၏အာနုဘော်ဖြင့် ရာဇဂြိုဟ်မြို့မှ သရက်ဥယျာဉ်သို့ထွက်တော်မူ၏။

သရက်ဥယျာဉ်အနီးသို့ ရောက်သောအခါ အဇာတသတ်မင်းအား ကြောက်ရွံ့တုံလှုပ်၍ ကြက်သီးမွေးညင်းထလျက် ဆရာဇီဝကကို ဤသို့မိန့်၏။

အဇာတသတ်။ ။ အဆွေဇီဝက .... သင်သည် ကျွန်ုပ်ကို မလှည့်ပတ်ခြင်း ဟုတ်ပါ၏လော၊ မဖျားယောင်းခြင်း ဟုတ်ပါ၏လော၊ ကျွန်ုပ်ကို ရန်သူတို့အား မပေးအပ်ခြင်းဟုတ်ပါ၏လော၊ ၁၂၅၀ -အထိများပြားသော ရဟန်းအပေါင်း တို့၏ ချေဆတ်သံ, ချောင်းဆိုးသံ စကားပြောသံမျှ အဘယ်ကြောင့် မကြားရ ပါလေသနည်း၊ (အဘယ်ကြောင့် ဘာသံမျှ မကြားရပါသနည်း)။

ဇီဝက ။ ။ မြတ်သော မင်းကြီး .... ကြောက်တော်မမူပါလင့်၊ မြတ်သောမင်းကြီး ကြောက်တော်မမူပါလင့်၊ အရှင်မင်းကြီးကို မလှည့်ပတ်၊ မဖျားယောင်းပါ၊ ရန်သူတို့အားလည်း မပေးအပ်ပါ၊ မြတ်သောမင်းကြီး .... ရှေ့သို့ တက်တော်မူပါ၊ တန်ဆောင်းဝိုင်း၌ဤဆီမီးတို့သည် တောက်လျက် ရှိနေကြပါသည်။

ထိုအခါ အဇာတသတ် မင်းသည် ဆင်ယာဉ်ဖြင့် သွားသင့်သော နေရာတိုင်ရောက်သော ဆင်ဖြင့် သွားပြီးနောက်၊ ဆင်မှ ဆင်းသက် ပြီးလျှင် ခြေလျင်လျှောက်ကာ တန်ဆောင်းဝိုင်း တံခါးသို့ ချဉ်းကပ်၏၊ တံခါးသို့ ရောက်လျှင် ဤသို့ မေးပြန်၏။

---

* မိန်းမငါးရာ ။ ။ ဇီဝကသည် ညအချိန်လမ်းခရီး၌မင်းကြီးအားဘေးရန်မဖြစ်နိုင်စေရန် စိတ်ချရသော မိန်းမငါးရာကို စစ်သားများအသွင် ဝတ်ဆင်စေ၍ ဆင်ငါးရာတို့၌ တင်သည်ဟု အဋ္ဌကထာ၌ ဖွင့်၏။ ပါဠိတော်၌ အဇာတသတ်မင်းသည် ဆင်ငါးရာတို့၌ မိန်းမငါးရာတို့ကို တစ်ယောက်စီစီးစေသည်ဟု လာ၏၊ သို့ရာတွင် ဇီဝက စီမံသည်ကိုပင် အမိန့်အရ စီမံခြင်းမျိုးဖြစ်၍ အဇာတသတ်မင်းတင်သည် ဟု ပါဠိတော် ဆိုသည်။

**အဇာဘာသတ်**။ ။ အဆွေ ဇီဝက .... ဘုန်းတော် ကြီးမားသော မြတ်စွာဘုရားကား အဘယ်မှာနည်း။

**ဇီဝက**။ ။ မြတ်သောမင်းကြီး .... ဤပုဂ္ဂိုလ်ကား မြတ်စွာဘုရားပင်ဖြစ်ပါသည်၊ မြတ်စွာဘုရားသည် အလယ်တိုင်ကို အမှီပြု၍ အရှေ့ဘက်သို့ မျက်နှာမူလျက် ရဟန်း အပေါင်း၏ ရှေ့မှ ထိုင်နေတော်မူပါသည်။

ထိုအခါ အဇာတသတ်မင်းသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ သင့်ရာ၌ ရပ်ပြီးလျှင် ငြိမ်သက်ကြည်လင်သောရေအိုင်ကဲ့သို့ ဆိတ်ဆိတ်နေသော ရဟန်းအပေါင်းကို လှည့်လည် ကြည့်ရှု၍ သားတော် ဥဒယဘဒ္ဒသည် ယခု ရဟန်းအပေါင်းတို့၏ ငြိမ်သက်ခြင်းမျိုးနှင့် ပြည့်စုံပါစေတော့ ဟု ဥဒါန်းကျူးရင့်၏။ *

**ဗုဒ္ဓ**။ ။ မြတ်သောမင်းကြီး .... သင်မင်းကြီးသည်ချစ်ခင်ရာသို့သာ ရောက်သွားခဲ့တော့သည်။

အဇာတသတ်။ ။ အရှင်ဘုရား .... အကျွန်ုပ်သည် ဥဒယ ဘဒ္ဒမင်းသားကို ချစ်ခင်ပါသည်၊ ဥဒယဘဒ္ဒမင်းသားသည် ယခု ငြိမ်သက်ခြင်းမျိုးနှင့် ပြည့်စုံစေချင်ပါသည်။

**အဇာတသတ်၏ သာမညဖလ ပြဿနာ**

ထိုနောက် အဇာတသတ်မင်းသည် မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်း အပေါင်း အားလည်း လက်အုပ် ချီပြီးလျှင် သင့်ရာ၌ ထိုင်၏။

အဇာတသတ်။ ။ အရှင်ဘုရား .... အကျွန်ုပ်အား ခွင့်ပြုတော်မူမည်ဖြစ်ပါလျှင် မြတ်စွာဘုရားကို အနည်းငယ် မေးလျှောက်လိုပါသည်။

ဗုဒ္ဓ။ ။ မြတ်သောမင်းကြီး .... အလိုရှိရာကို မေးလျှောက်လော့။

အဇာတသတ်။ ။ အရှင်ဘုရား .... လောက၌ ဆင်စီး, မြင်းစီး, လေးပစ်, စစ်တိုက် စသော အတတ်သည်များရှိကြရာ ထိုအတတ်သည်

---

* **ဥဒါန်းကျူး** ။ ။ အချိန်အခါ, နေရာဒေသ ကောင်းတွင် နှစ်သက်ဝမ်းမြောက်ဖွယ် တစ်ခုခုနှင့်တွေ့၍ ပီတိအရှိန်ဖြင့် နှုတ်မှထွက်ပေါ်လာသော ကြည်နူးခြင်းပြ စကားမျိုးကို မြွက်ဆိုခြင်းသည် ဥဒါန်းကျူးခြင်းပင် ဖြစ်၏။

တို့သည်မျက်မှောက်ဘဝ၌ လက်တွေ့ဖြစ်သော အတတ်၏အကျိုး ကျေးဇူးကိုမှီ၍ အသက်မွေးနိုင်ကြပါသည်၊ အရှင်ဘုရားသည် ထိုကဲ့ သို့ပင် မျက်မှောက်ဘဝ၌ လက်တွေ့ဖြစ်သော ရဟန်းပြုခြင်း၏ အကျိုး (သာမညဖလ) ကို ဟောကြား ပညတ်တော်မူနိုင်ပါမည်လော။

ဗုဒ္ဓ။ ။ မြတ်သောမင်းကြီး .... ဤပြဿနာကို တစ်ပါးသောရဟန်း ပုဏ္ဏားတို့အား မေးဖူးပြီလော။

အဇာတသတ်။ ။ မေးဖူးပါသည်။

ဗုဒ္ဓ။ ။ အဘယ်သို့ ပြေဆိုကြသနည်း၊ ဝန်မလေးလျှင် ပြောပြ စေလိုသည်။

## တိတ္ထိဆရာကြီးခြောက်ယောက်တို့၏ အဖြေများ

**ပူရဏကဿပ၏ အကြံဥာဏ်** — အရှင်ဘုရား၊ အခါတစ်ပါး၌ အကျွန်ုပ်သည် ပူရဏကဿပ * အထံသို့ သွားရောက်၍ ဤသို့မေးပါသည်၊ 'အိုကဿပ .... ဆင်စီး သူရဲများ၊ မြင်းစီး သူရဲများ၊ ရထားစီး သူရဲများ၊ လေးတော်သားများ၊ အောင်လံကိုင် ရှေ့သွား သူရဲများ၊

---

* ပူရဏကဿပ ။ ။ ပူရဏမှာ အမည်ရင်း၊ ကဿပမှာ အနွယ်၊ ပေါင်း၍ ပူရဏကဿပခေါ်သည်။ ထိုပူရဏကဿပသည်တုရားဟုဝန်ခံထား သူပင်ဖြစ်၏၊ ပူရဏသည် သူဌေးတစ်ယောက်၏ တစ်ရာပြည့် မင်္ဂလာကျွန်ဖြစ်၍ အနိုင်းအစေမခံရ၊ ချမ်းသာစွာနေရသည်၊ ပူရဏဟူသောအမည်မှာ ရာပြည့်ဟု အဓိပ္ပာယ်ရှိ၏၊ သူသည် ထို အရှင်အိမ်၌ မနေလို၍ ထွက်ပြေးလာခဲ့ရာ လမ်း၌ သူခိုးလုယက်သဖြင့် အဝတ်အစားမပါဘဲ ရွာတစ်ရွာသို့ ရောက်လာသည်၊ ဥာဏ် နည်းသဖြင့် သစ်ရွက် သစ်ခက်တို့ဖြင့် ဖုံးလွှမ်းရန်ကိုပင် နားမလည်ချေ၊ သူ့ကို ရွာသားတို့မြင်လျှင် 'အလိုနည်း၊သောရဟန္တာ' ဟု ထင်ကြ၍ လှူဖွယ်ရာတို့ကို ချဉ်းကပ်လှူဒါန်းကြသည်၊ သူသည် အဝတ်မပါ၍သာ ဤသို့အပူဇော်ခံရသည်ဟု သိသဖြင့် နောင် အဝတ်အစား ရသော်လည်း မဝတ်တော့ဘဲ တက္ကတွန်း လုပ် တော့သည်၊ သူ့ထံ၌ သူကဲ့သို့ပင် အဝတ်မဝတ်သော တက္ကတွန်းလုပ်ကြသူတို့မှာ နောက်အခါ၌ ငါးရာမျှရှိသော ဟူ၏။

တပ်ကြပ် တပ်မှူးများ, ရိက္ခာမှူးများ, ထင်ရှား ကျော်စောသော မင်းသားသူရဲများ, စစ်ပွဲသို့ဝင်၍ ရန်သူ၏ လက်နက် ရန်သူ၏ဦးခေါင်းကို အရတိုက်ယူနိုင်သော သူရဲပျံများ, ဆင်ပြောင်ကြီးနှင့် တူသော သူရဲများ, သမုဒ္ဒရာကိုပင် ဖြတ်ကူးဝံ့သော သူရဲကောင်းစစ်သားများ, သားရေကာဖြင့် တိုက်သော ကာဆောင် သူရဲများ, အိမ်ကျွန်မ၏ သားသစ္စာရှိသူများ, အပ်ချုပ်သမား, ဆတ္တာသည်, ရေချိုးသမား (ခဝါ), ထမင်းချက်, ပန်းသည်, ဆေးဆိုး (ပင်မင်း), ယက္ကန်းသမား, ကျူထရံသည်, အိုးလုပ်, ဂဏန်းသချာ (စာရေး, စာချီ, စာရင်းစစ်) သမားများနှင့် ထိုမှတစ်ပါးသော အတတ်ပညာသည်တို့သည် မျက်မှောက်ဘဝမှာပင် မိမိတို့၏ အတတ်ပညာကို အမှီပြု၍ အသက်မွေးမြူ နေထိုင်ကြကုန်၏၊ ထိုသူတို့သည် မိဘ, သားမယား, အဆွေခင်ပွန်းတို့ကို ချမ်းသာ, ဝပြိုးစေနိုင်ကြကုန်၏၊ နတ်ရွာသုဂတိ, ကောင်းကျိုးချမ်းသာ, ဆယ်ဖြာသော အကျိုးကျေးဇူးတို့ကို ဖြစ်ထွန်းစေနိုင်သည့် ကောင်းမှုများကိုလည်း ရဟန်းပုဏ္ဏားတို့၌ ပြုလုပ်လှူဒါန်းနိုင်ကြ၏။

ထို့အတူပင် ရဟန်းပြုလုပ်ခြင်း၏ မျက်မြင်လက်တွေ့ အကျိုးကျေးဇူးကို အရှင်ကဿပသည် ဟောကြားပြတ်နိုင်ပါမည်လော။

မြတ်စွာဘုရား (အရှင်ဘုရား) ထိုအခါ ပူရဏကဿပသည်ဤသို့ ပြောဆိုပါသည်၊ 'မြတ်သောမင်းကြီး .... ပြုလုပ်သောသူ, ပြုလုပ်စေသောသူ, ဖြတ်သောသူ, ဖြတ်စေသောသူ, နှိပ်စက်သောသူ, နှိပ်စက်စေသောသူ, စိုးရိမ်ကြောင့်ကြသူ, စိုးရိမ်ကြောင့်ကြစေသောသူ. ဆင်းရဲပင်ပန်းခံသူ, ဆင်းရဲပင်ပန်းခံစေသူ, တုန်လှုပ်သောသူ, တုန်လှုပ်စေသောသူ, သူ့အသက်ကို သတ်သူ, သူ့ဥစ္စာကို ခိုးသူ, သူ့အိမ်ကို ဖောက်ထွင်းသူ, မြို့ရွာကို လုယက် ဖျက်ဆီးသူ, တစ်အိမ်ကို လုယက် ဖျက်ဆီးသူ, လမ်းဓားပြ လုပ်သောသူ, သူ့မယားကို သွားလာသူ, လိမ်လည်ပြောဆိုသူ, အားလုံးသည် မကောင်းမှုကိုပြုရာမရောက်၊ ဤ မဟာပထဝီမြေကြီး၌ ရှိသော သတ္တဝါတို့ကို သင်တုန်းသွား တပ် သော စက်ဖြင့် တစ်ခုတည်းသော အသားစုံ အသားပုံ ဖြစ်အောင် ပြုသော်လည်း ထိုသို့ပြုခြင်းကြောင့် မကောင်းမှု အကုသိုလ် ဖြစ်သည်ဟူ၍မရှိ၊ မကောင်းမှုအကုသိုလ် ရောက်လာသည်ဟူ၍မရှိ။

ဂင်္ဂါမြစ်၏တောင်ဘက်သို့ရောက်၍ကိုယ်တိုင်သတ်သော်၊သူတပါးကို သတ်စေသော်၊ နှတ်ဖြတ်သော်၊ ခုတ်ဖြတ်စေသော်၊ နှိပ်စက်ညှဉ်းဆဲသော်၊ နှိပ်စက်ညှဉ်းဆဲစေသော်၊ ထိုသို့ပြုလုပ်ခြင်းကြောင့် မကောင်းမှုအကုသိုလ် ဖြစ်သည်ဟူ၍ မရှိ၊ မကောင်းမှု အကုသိုလ် ရောက်လာသည်ဟူ၍မရှိ၊ ဂင်္ဂါမြစ်မြောက်ဘက်သို့ ရောက်၍ လှူဒါန်းသော်၊ ပူဇော်သော်၊ ပူဇော်စေသော်၊ ထိုသို့ပြုလုပ်ခြင်းကြောင့် ကောင်းမှုကုသိုလ် ဖြစ်သည်ဟူ၍ မရှိ၊ ကောင်းမှုကုသိုလ် ရောက်လာသည် ဟူ၍မရှိ၊ ပေးလှူခြင်း၊ ဣန္ဒြေကိုဆုံးမခြင်း၊ ဥပုသ်၊ သီလစောင့်ထိန်းခြင်း၊ အမှန်ကို ပြောဆိုခြင်းတို့ကြောင့် ကောင်းမှုကုသိုလ်ဖြစ်သည်ဟူ၍ မရှိ၊ ကောင်းမှုကုသိုလ် ရောက်လာသည်ဟူ၍မရှိ'။*

အရှင်ဘုရား၊ ဤသို့လျှင် ပူရဏကဿပသည် ရဟန်းပြုခြင်း၏ အကျိုးကို မေးသည် ဖြစ်ပါလျက် အကျိုးမဲ့ အယူကို အကြွယ်ဒိဋ္ဌိ ပြောကြားပါသည်၊ ဥပမာအားဖြင့် သရက်ပင်ကို မေးပါလျက်တောင် ပိန္နဲပင်ကို ပြောဆိုသကဲ့သို့၊ တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ပြောဆိုသကဲ့သို့သာ ဖြစ်ပါသည်၊ သို့ရာတွင် 'ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ ရှိနေသော ရဟန်းပုဏ္ဏားကို အဘယ်ကြောင့် ငြိမ်းခြောက်မောင်းမဲ သင့်မည်နည်း' ဟု အကြံပြု၍ သူ၏ စကားကို နှစ်သက်ခြင်းလည်းမရှိ၊ တားမြစ်ခြင်းလည်း မရှိ တစုံတရာမပြောဆိုဘဲ နေရာမှ ထ၍ ပြန်လာခဲ့ပါသည်။

**မက္ခလိဂေါသာလ၏ သံသာရသုဒ္ဓိဝါဒ**

အရှင်ဘုရား၊အကျွန်ုပ်သည်အခါတစ်ပါး၌ မက္ခလိဂေါသာလ ထံသို့ † ရောက်၍ ရှေးနည်းတူပင် ရဟန်းပြုခြင်း၏ လက်တွေ့ အကျိုးကို မေးမြန်းရာ မက္ခလိဂေါသာလသည် ဤသို့ ပြောဆိုပါသည်။

---

* ဂင်္ဂါ၏ ဝဲ-ယာ။ ။ ဂင်္ဂါမြစ်၏ တောင်ဘက်ကျသော အိန္ဒိယသားတို့သည် ထိုခေတ်အခါ၌ ကြမ်းတမ်းကြ၏၊ အကုသိုလ်ကို ပြုလုပ်ကြကုန်၏။ ဂင်္ဂါမြစ်၏ မြောက်ဘက်ကျသော အိန္ဒိယသားတို့ကား နူးညံ့ကြ၏၊ ကုသိုလ်ကောင်းမှုပြုကြ၏၊ ထို့ကြောင့် ပူရဏသည် ဂင်္ဂါမြစ်၏ဝဲယာကို ခွဲခြား၍ ဤသို့ ဟောပြောလေ့ရှိသတတ်။

† ။ မက္ခလိ ဂေါသာလ။ ။ မက္ခလိ + ဂေါသာလ။ ဂေါသာလမှာ

“မြတ်သောမင်းကြီး, သတ္တဝါတို့ ညစ်ညူးခြင်းမှာ အကြောင်းမရှိ၊ သတ္တဝါတို့ စင်ကြယ်ခြင်း မှာလည်း အကြောင်းမရှိပေ၊ သတ္တဝါတို့သည် အကြောင်းမဲ့ ညစ်ညူးကြရသည်၊ အကြောင်းမဲ့ စင်ကြယ် ကြရသည်၊ မိမိကိုယ်တိုင် ပြုစွမ်းနိုင်သော ကံသည် မရှိ၊ သူတစ်ပါးတို့က ဟောပြော ဆုံးမ၍ ပြုပြင်နိုင်သော ကံလည်းမရှိ၊ သတ္တဝါတို့ စွမ်းနိုင်သော ကံ လည်းမရှိ၊ ခွန်အားဗလ လုံ့လဝီရိယ, အစွမ်းသတ္တိ, ဟူသည်မရှိ၊ သတ္တဝါတို့၏ ကြိုးပမ်းအားသစ်မှုလည်းမရှိ၊ အလုံးစုံသော သတ္တဝါ ဟူသမျှတို့သည်, အသက်ရှူသောအကောင်တို့သည်, ထင်ရှားရှိသော အရာတို့သည် အသက် ရှင်သော (သစ်ပင်စသည်) တို့သည် အစွမ်း သတ္တိမရှိကြကုန်၊ အားအင်ဗလ မရှိကြကုန်၊ လုံ့လဝီရိယ မရှိကြကုန်၊ ဓမ္မတာနိယာမ အားဖြင့် ပြောင်းရွေ့ဖြစ်ပျက် တတ်သော သဘော အရ ဇာတ် (အဘိဇာတိ) ခြောက်မျိုးတို့၌ လှည့်ပတ် ဖြစ်ပွားကြကုန်၍ ချမ်းသာဆင်းရဲကို ခံစားကြရသည်။

အမျိုးမြတ်ပေါင်း ၁၄ သိန်း, အမျိုးမြတ် ခြောက်ထောင်, အမျိုး မြတ် ခြောက်ရာ, ကံပေါင်းငါးရာ, ကံပေါင်းငါးမျိုး, ကံ(ကာယကံ) ကံဝက်,(မနောကံ),အကျင့်ခြောက်ဆယ့်နှစ်ပါး, အန္တရကပ်ခြောက်ဆယ့် နှစ်ကပ်, ဇာတ် (အဘိဇာတိ) ခြောက်မျိုး, သတ္တဝါတို့တည်ရာ (ပုရိသဘုံ) ရှစ်ပါး, အသက်မွေးမှု လေးထောင့်ကိုးရာ, ပရိဗိုဇ်ပေါင်း လေးထောင့်ကိုးရာ, နဂါးတို့နေရာဘုံ လေးထောင့်ကိုးရာ, ဣန္ဒြေ နှစ်ထောင်, ငရဲသုံးထောင်, မြူဓာတ် (ရဇောဓာတု) သုံးဆယ့်ခြောက်မျိုး, စိတ်သညာရှိသော ပဋိသန္ဓေ (သညီဂဗ္ဘ) ခုနစ်မျိုး, စိတ်

---

ပထမအမည်ရင်း၊မက္ခလိမှာ ဒုတိယအမည်ဖြစ်၏၊နွားခြံ၌ ဖွားမြင်သူဖြစ်၍ ဂေါသာလဟု တွင်သည်၊ သူသည် ရှိနေသောမြေ၌ ဆီအိုးကို ယူလာရာ အရှင်သခင်ဖြစ်သူ မြင်၍ ‘အမောင်, မချော်စေနှင့် (မာခလိ)’ ဟု သတိပေးဆဲမှာ ပင် ချော်လဲ၍ ဆီအိုး ကွဲလေ၏၊ ထိုအခါ အရှင်သခင်ကို ကြောက်ရွံ့သဖြင့် ထွက်ပြေးမည် ပြုရာ အရှင်သခင်ဖြစ်သူသည် ပြေးလာ၍ ပုဆိုးစွန်းကိုဆွဲ၏၊သူ လည်း ပုဆိုးကိုချွတ်၍ အလွတ် ထွက်ပြေးလေ၏၊ နောက် ပုံရဏကဲ့သို့ပင် ရွာ တစ်ရွာသို့ ဝင်ရောက်ရသောအခါ ရဟန္တာဟု ကိုးကွယ်ဆည်းကပ်ခြင်း ခံရသည်၊ ထိုစဉ်က မာခလိ – (မချော်စေလင့်) ဟူသော စကားကို အစွဲပြု၍ မက္ခလိဟုတွင် လေတော့၏၊ သူထံ၌လည်း တစတစ တပည့် တကာတွန်းငါးရာ ရှိသောဟူ၏။

သညာမရှိသော ပဋိသန္ဓေ (အသညီဂဗ္ဘ) နှစ်မျိုး, အဆစ်ပဋိသန္ဓေ ( နိဂဗ္ဘိဂဗ္ဘ ) နှစ်မျိုး, နတ် နှစ်မျိုး, လူနှစ်မျိုး, အသားစား မြေဘုတ်ဘီလူးနှစ်မျိုး, အိုင်ကြီးနှစ်အိုင်, အဖုရှိသော အပင်ကြီး နှစ်မျိုး, အဖုရှိသော အပင်ငယ် နှစ်ရာ, ချောက်ကြီး နှစ်ချောက်, ချောက်ငယ် နှစ်ရာ, အိမ်မက်ကြီး နှစ်မျိုး, အိမ်မက်ငယ် နှစ်ရာ, မဟာကပ်ပေါင်း ၈၄-သိန်းတို့ ရှိကြသည်၊ ဤမဟာကပ် ၈၄-သိန်းတို့ ပတ်လုံး, လူမိုက်, လူလိမ္မာ ပညာရှိအားလုံးတို့သည် ပြေးသွား ကျင်လည် ကြရပြီးနောက် ဆင်းရဲဒုက္ခ၏ အဆုံးကို ပြုနိုင်ကြလိမ့်မည်၊ ဤ မဟာကပ် ၈၄သိန်းအတွင်း၌ သီလအကျင့်ရိုးရိုး, အကျင့်ပူ, အကျင့် မြတ်တို့ဖြင့် မရင့်ကျက်သေးသော ကံကို ရင့်ကျက်အောင်, ရင့်ကျက်ပြီး သောကံကိုလည်း ခံစား၍ ကုန်ဆုံးပျောက်ပျက်သွားအောင် ပြုလုပ်နိုင် သော သဘောမရှိ၊ ချမ်းသာဆင်းရဲသည် စိတ်တောင်းဖြင့် ချင့်ထား သကဲ့သို့ အတိအကျ ဖြစ်၏၊ သံသရာသည် ပိုင်းခြားထားပြီး ဖြစ်၏၊ လျော့ခြင်း တိုးခြင်းမရှိ၊ အလွန် အယုတ်မရှိ၊ ဥပမာအားဖြင့် ချည်လုံး ကိုပစ်လွှင့်လိုက်သော်ပြေ၍ လိမ့်သွားသကဲ့သို့ (ချည်ကုန်လျှင်ရပ်သည်) လူမိုက်, လူလိမ္မာ ပညာရှိတို့သည် ပြေးသွား ကျင်လည်ကြရပြီးနောက် ဆင်းရဲဒုက္ခ၏ အဆုံးကို ပြုနိုင်ကြလိမ့်မည် (ဆင်းရဲဒုက္ခ အလိုလို ကုန် ဆုံးကြလိမ့်မည်)။ *

အရှင်ဘုရား,ဤသို့လျှင် မက္ခလိဂေါသာလသည်ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကို မေးသည်ဖြစ်ပါလျက်သံသရာမှစင်ကြယ် မှု (သံသာရသုဒ္ဓိ) ဝါဒကို ပြောကြားပါသည်၊ သူ၏ အဖြေမှာ ဥပမာ အားဖြင့် သရက်ပင်ကို မေးပါလျက် ဒေါင်ပိန္နဲပင်ကို ဖြေသကဲ့သို့, ဒေါင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေဆိုသကဲ့သို့ ဖြစ်သော် လည်း (ရှေးအကျပင် အသင့်အတင့် နှလုံးသွင်း၍) နှစ်သက်ခြင်း, တားမြစ်ခြင်းမရှိ ဟစုံတရာ မပြောဆိုဘဲနေရာမှ ထ၍ပြန်လာခဲ့ပါသည်။

---

* ။သံသာရသုဒ္ဓိဂါ[illegible] ။ သံသရာမှ စင်ကြယ်ရေး ဝါဒ။ ဤဝါဒ၏ လိုရင်းမှာ မဟာကပ် [illegible] ၈၄ သိန်း ကုန်လွန်လျှင် အလိုလို သံသရာမှ စင်ကြယ် သည်၊ သံသရာ ပြီးဆုံးသည် ဟူသော အချက်ပင်ဖြစ်၏၊ အမျိုးမြတ်ပေါင်း ၁၄ သိန်း စသည်တို့မှာ သူ၏ အတွေးအခေါ်မျှသာ ဖြစ်၍ သရုပ်သကောင်း ရှာဖွယ် မရှိပြီ။

**အဇိတ၏ ဥစ္ဆေဒဒိဋ္ဌိ**

အရှင်ဘုရား, အခါတစ်ပါး၌ အကျွန်ုပ်သည် လူဆံပင်ဖြင့် ယက်သော ဆံပင်ကမ္ဗလာကိုဝတ်သည့် အဇိတ * ထံသို့ သွားရောက်၍ ရှေးနည်းတူပင် ရဟန်းပြုခြင်း၏ မျက်မြင် လက်တွေ့ အကျိုးကို မေးမြန်းရာ အဇိတသည် ဤသို့ပြောဆိုပါသည်။

မြတ်သောမင်းကြီး, အလှူဒါန၏ အကျိုးသည် မရှိ၊ ယဇ်ကြီး, ယဇ်ကလေးပူဇော်ခြင်း၏အကျိုးသည်မရှိ၊ ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည်မရှိ၊ ခုလောကသည်မရှိ၊ နောက်လောကသည်မရှိ၊ အမိအဘသည်, သို့မဟုတ် အမိအဘကို လုပ်ကျွေးခြင်း၏ အကျိုးသည် မရှိ၊ မလုပ်ကျွေးခြင်း၏အပြစ်သည် မရှိ၊ ဥပပတ် သတ္တဝါ ဟူသည် (နတ်ပြဟ္မာ) မရှိ၊ ဤလောကနှင့် နောက်လောကကို ကိုယ်တိုင် သိမြင်၍ သူတစ်ပါးတို့အား ဟောကြားနိုင်သည့် အကျင့်မှန် ကျင့်ကြံကြသော ရဟန်းပုဏ္ဏားတို့ဟူ၍ မရှိ၊ (ဘုရားရဟန္တာမရှိ)။

ဤသတ္တဝါသည်မဟာဘုတ်ရုပ်ကြီးလေးပါးဖြင့်ပြီး၏၊သေလွန်သော အခါ မြေဓာတ် (ပထဝီ) သည် မြေဓာတ်အပေါင်းသို့ ရောက်သွား၏၊ ရေဓာတ် (အာပေါ)သည် ရေဓာတ်အပေါင်းသို့, မီးဓာတ် (တေဇော) သည် မီးဓာတ်အပေါင်းသို့, လေဓာတ် (ဝါယော) သည် လေဓာတ် အပေါင်းသို့ ရောက်သွား၏၊ စိတ်ဝိညာဉ် ဟူသော ဣန္ဒြေတို့သည် ကောင်းကင်သို့ ပျံတက်ကြကုန်၏၊ ထမ်းစင်လျှင် ငါးခုမြောက် ရှိသော ယောကျ်ားလေးယောက်တို့သည် သေသူကို ယူဆောင်သွားကြကုန်၏၊ ဂုဏ်ပုဒ်တို့သည် သုသာန်တိုင်ရုံသာ ထင်ရှားကြကုန်၏၊ အရိုးတို့သည် ခိုတောင် အဆင်းရှိကြကုန်၏၊ အလှူဒါနတို့သည် ပြာသာလျှင် အဆုံးရှိကြကုန်၏၊ (ထို့ထက်အကျိုးမရှိ) အလှူဒါန ဟူသည် လူမိုက်တို့

---

* **အဇိတ**။ ။ အဇိတသည် ဆံပင်ကမ္ဗလာကိုဝတ်၏၊ ဆံပင်ကမ္ဗလာ (ဆံပင်အဝတ်) ကား အဝတ်တကာတွင် အညစ်ညမ်းဆုံးဖြစ်၏၊ ပူသောဥတု၌ ပူ၏၊ အေးသောဥတု၌ အေး၏၊ အဖိုးလည်းမတန်၊ အတွေ့အထိလည်းဆိုးဝါး၏၊ အဆင်းလည်းမလှ၊ အနံ့လည်းဆိုး၏၊ ထိုသို့သော ဆံပင်ကမ္ဗလာကို ဝတ်သောကြောင့် ကေသကမ္ဗလဟုလည်း တွင်၏။

ပြုလုပ်သောအရာသာဖြစ်၏၊(လှူမိုက်ကလှူသည်၊လှူလိမ္မာကခံယူသည် ဟူလို)ကံ၏အကျိုးသည် ရှိ၏ ဟု ပြောဆိုကြသောသူတို့၏စကားသည် အချည်းနှီး အမှားသာ ဖြစ်၏၊ လူမိုက်, လူလိမ္မာပညာရှိ အားလုံး တို့သည် ကိုယ်ခန္ဓာ ပျက်စီးသေဆုံးခဲ့သော် ပြတ်စဲကြကုန်၏၊ ပျောက်ပျက်ကြကုန်၏၊ သေလွန်ပြီးနောက် ထင်ရှားမရှိတော့ပြီ"။

အရှင်ဘုရား, ဤသို့လျှင် အဇိတသည် ရဟန်းပြုခြင်း၏ မျက်မြင် လက်တွေ့အကျိုးကိုမေးသည်ဖြစ်ပါလျက် သတ္တဝါပြတ်စဲကြောင်းဥစ္ဆေဒ ဒိဋ္ဌိကို ပြောကြားပါသည်၊ သူ၏အဖြေမှာ ဥပမာအားဖြင့် သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့, တောင်ပိန္နဲပင် ကိုမေးပါ လျက် သရက်ပင်ကို ဖြေသကဲ့သို့ ဖြစ်သော်လည်း (ရှေးအတူပင် အသင့် အတင့် နှလုံးသွင်း၍) နှစ်သက်ခြင်း, တားမြစ်ခြင်းမရှိ, တစုံတရာ မပြောဆိုဘဲ နေရာမှထ၍ ပြန်လာခဲ့ပါသည်။

**ပကုဓကစ္စာယန၏ အနတ္တကဝါဒ**

အရှင်ဘုရား, အခါတစ်ပါး၌အကျွန်ုပ်သည် ပကုဓကစ္စာယန * ထံသို့ သွားရောက်၍ ရှေးနည်းတူပင် ရဟန်းပြုခြင်း၏မျက်မြင်လက်တွေ့အကျိုးကို မေးမြန်းရာ ပကုဓကစ္စာယနသည် ဤသို့ပြောဆိုပါသည်။

"မြတ်သောမင်းကြီး, တရားကိုယ် ခုနစ်ပါးတို့ရှိကြ၏၊ ထို တရား ကိုယ် ခုနစ်ပါးတို့သည် ပြုလုပ်, ဖန်ဆင်း၍ မရနိုင်ကြကုန်၊ ဖန်ဆင်း အပ်သောအရာတို့သည် ပြုလုပ်, ဖန်ဆင်း၍ မရနိုင်ကြကုန်၊ ဖန်ဆင်း အပ်သောအရာတို့မဟုတ်ကြကုန်၊ မြုံကြကုန်၏၊ (တစုံတရာတိုးပွားမှု မရှိ) တောင်ထွတ်, တံခါးတိုင်ကဲ့သို့ အမြဲတည်ကြကုန်၏၊ လှုပ်ရှား ခြင်းမရှိကြကုန်၊ မပြောင်းလဲကြကုန်၊ အချင်းချင်း သတ်ဖြတ် ဖျက်ဆီး

---

* ပကုဓကစ္စာယန ။ ။ ပကုဓမှာ အမည်ရင်းဖြစ်၏၊ တစ်ချို့က ပကုဒ္ဓ ဟုရေးကြ၏၊ ကစ္စာယနကား အနွယ်ဖြစ်၏၊ ပကုဓသည်, သို့မဟုတ်, ပကုဒ္ဓ သည် စိတ်ဆိုးလွယ်သူ ဒေါသကြီးသူဟု အဓိပ္ပာယ်ရှိ၏၊ သူသည်ရေအေး ကိုပယ်၏၊ ရေအေးကို အသက်ရှိသည်ဟု ယူဆပုံရ၏၊ ကျင်ကြီးစွန့်သောအခါ၌ ပင် ရေနွေးဖြစ်စေ, ပအုံးရည်ဖြစ်စေ, ရရှိမှသာ သန့်သက်ရေဆေး၏၊ မရလျှင် မဆေးဘဲနေ၏၊ မြစ်, ချောင်း, လမ်းပေါ်၌ရှိသောရေတို့ကို ဖြတ်ကူးမိလျှင် သီလပျက်ပြီဟု အယူရှိသဖြင့် သဲပုံစေတီတည်၍ သီလကိုအသစ်ဓိဋ္ဌာန်ပြီးမှ သွားသောဟူ၏။

ခြင်းမရှိကြကုန်၊ အချင်းချင်း၏ ချမ်းသာ, ဆင်းရဲ, ချမ်းသာဆင်းရဲ နှစ်ပါးစုံ, အတွက် မဟုတ်ကြကုန်၊ ထိုတရားကိုယ် ခုနစ်ပါးတို့မှာ ၁။မြေတရားကိုယ် (ပထဝီကာယ) ၂။ ရေတရားကိုယ် (အာပေါကာယ) ၃။ မီးတရားကိုယ် (တေဇောကာယ) ၄။ လေတရားကိုယ်(ဝါယော ကာယ) ၅။ ချမ်းသာခြင်း၊ ၆။ ဆင်းရဲခြင်း၊ ၇။ အသက် (ဇီဝ) တို့ဖြစ်ကြ ကုန်၏။

ထိုတရားကိုယ် ခုနစ်ပါးတို့၌ သတ်တတ်သောသူ, သတ်စေတတ် သောသူ, ကြားနာတတ်သောသူ, ကြားနာစေတတ်သောသူ, သိတတ် သောသူ, သိစေတတ်သောသူ ဟူ၍မရှိ၊ တယောက်ယောက်သည်ဓါး ထက်ထက်ဖြင့် ဦးခေါင်းကို ဖြတ်သော်လည်း တစုံတယောက်သည်တစုံ တယောက်ကို သတ်ခြင်းမဟုတ်၊ (သတ်ခြင်းမဖြစ်နိုင်) တရားကိုယ်ခုနစ် ပါးတို့၏ အကြားသို့ ဓားဝင်၍သွားခြင်းသာဖြစ်၏။"

အရှင်ဘုရား, ဤသို့လျှင် ပကုဓကစ္စာယနသည် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကို မေးသည်ဖြစ်ပါလျက် အဓိပ္ပါယ်မရှိသော (အနတ္ထက) ဝါဒကို ဖြေကြားပါသည်၊ သူ၏အဖြေမှာ ဥပမာအားဖြင့် သရက်ပင်ကိုမေးပါလျက်တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့,တောင်ပိန္နဲပင် ကိုမေးပါလျက် သရက်ပင်ကိုဖြေသကဲ့သို့ ဖြစ်သော်လည်း (ရှေးအတူပင် အသင့်အတင့်နှလုံးသွင်း၍) နှစ်သက်အားပေးခြင်း, တားမြစ်ခြင်းမရှိ၊ တစုံတရာမပြောဆိုဘဲ နေရာမှထ၍ ပြန်လာခဲ့ပါသည်။

**နာဋပုတ္တနိဂဏ္ဌ၏ စတုယာမသံဝရအကျင့်**

အရှင်ဘုရား, အခါတပါး၌ အကျွန်ုပ်သည် နာဋ၏သား (နာဋပုတ္တ) နိဂဏ္ဌထံသို့သွား ရောက်၍ ရှေးနည်းတူပင် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကို မေးမြန်းရာ နိဂဏ္ဌသည်ဤသို့ပြောဆိုပါသည်။

---

* **နာဋပုတ္တနိဂဏ္ဌ** ။ ။ နာဋ + ပုတ္တ=နာဋ၏သား။ နိ+ဂဏ္ဌ=ကိလေသာအထုံး အဖွဲ့မရှိသူ။ နိဂဏ္ဌတို့သည် ကိလေသာ အထုံးအဖွဲ့မရှိသူ ရဟန္တာများ မဟုတ်ကြ ကုန်သော်လည်း သူတို့ကိုယ်တိုင်ကပင် ကိလေသာ အထုံးအဖွဲ့ နိဂဏ္ဌဟုပြောဆို ကြော်ငြာထားသဖြင့် နိဂဏ္ဌများဟု ခေါ်ဝေါ်ကြသည်၊ ဤနိဂဏ္ဌ၏ ဝါဒ၌ စောင့်စည်းခြင်းလေးပါးမပြည့်၊ ၂-၃ ၄-တို့သည် ထပ်၍နေကြ၏ မရှိမနိကာယ်

....... ............ ......... ၌ .........

"မြတ်သောမင်းကြီး, ဤလောက၌ နိဂဏ္ဌသည် လေးစုလေးဘို့ရှိသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏၊ အဘယ်သို့ စောင့်စည်းပါသနည်း ဟုဆိုသော်၊ ၁-အလုံးစုံသောရေအေးကိုပယ်၏ (ရေအေးကိုသတ္တာအမှတ်ရှိ၍မသုံး)။ ၂-အလုံးစုံးသော မကောင်းမှုကိုတားမြစ်ပိတ်ဆို့၏၊ ၃-အလုံးစုံသော မကောင်းမှုကို ခါတွက်၏၊ ၄-အလုံးစုံသော မကောင်းမှုကို တားမြစ်ပိတ်ဆို့ခြင်း သဘောဖြင့်ပျံ့နှံ့၏, မြတ်သောမင်းကြီး, နိဂဏ္ဌသည်-ဤသို့သော လေးစုံလေးဘို့ရှိသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏။

မြတ်သောမင်းကြီး, နာဋ၏သားဤနိဂဏ္ဌ (ဟုသောဂျွန်ပ်) သည် ဤစောင့်စည်းခြင်းလေးပါးတို့နှင့် ပြည့်စုံသောကြောင့် အထွတ်အထိပ်သို့ရောက်သောစိတ်, စောင့်စည်းထိမ်းသိမ်းထားသောစိတ်, တည်ငြိမ်သောစိတ်မျိုးရှိသူဖြစ်သည်ဟု ဆိုထိုက်၏။"

အရှင်ဘုရား, ဤသို့လျှင် နာဋ၏သားနိဂဏ္ဌသည် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကို မေးသည်ဖြစ်ပါလျက် စတုယာမသံဝရအကျင့်ကို ပြောကြားပါသည်၊ သူ၏အပြေမှာ ဥပမာအားဖြင့် သရက်ပင်ကို မေးပါလျက် တောင်ဝိန္နဲပင်ကို ဖြေသကဲ့သို့, တောင်ဝိန္နဲပင်ကိုမေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ဖြစ်သော်လည်း (ရှေးအတုပင် အသင့်အတင့်နလုံးသွင်း၍) နှစ်သက်ခြင်း တားမြစ်ခြင်းမရှိ တစုံတရာ မပြောမဆိုဘဲ နေရာမှထ၍ ပြန်လာခဲ့ပါသည်။

**သိဥ္စည်းဆရာ၏ ဝိကျေပဝါဒ**

အရှင်ဘုရား, အခါတပါး၌ အကျွန်ုပ်သည် ဗေလဋ္ဌ၏သား သိဥ္စည်း (သဥ္စယ) ဆရာထံသို့ သွားရောက်၍ ရှေးနည်းတူပင်ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကို မေးမြန်းရာ သိဥ္စည်းဆရာသည် ဤသို့ဖြေဆိုပါသည်။

---

* သိဥ္စည်းဆရာ။ ။သိဥ္စယ - ပါဠိမှ သိဥ္စည်းဖြစ်လာသည်, သဥ္စယရှိသောမှတို့အလိုမှ သိဥ္စည်း ဟု ပြန်သင့်၏ သဥ္စယသည် စုဆောင်းရာ ဟု အဓိပ္ပါယ်ရှိ၍ အတတ် ပညာတို့၏ စုဝေးရာ ဆရာကြီးဟု ဆိုလိုသည်။ သဥ္စယကား အောင်၍ အောင်မြင်သော ဆရာ ဟု ဆိုလိုသည်။

"မြတ်သောမင်းကြီး တစ်စုံတစ်ယောက်သည် ကျွန်ုပ်ကို နောင်လောက (တမလွန်လောက) ရှိပါသလော ဟု မေးခဲ့လျှင် နောင်လောက ရှိသည်ဟု ကျွန်ုပ်စိတ်၌ အယူရှိသည်တိုင်အောင် ဤသို့ ဖြေဆိုမည်၊ နောင်လောက ရှိသည်ဟုလည်း အယူမရှိပါ၊ မရှိဟုလည်း အယူမရှိပါ၊ ရှိမရှိမှတစ်ပါး အခြားနည်းမျိုးဖြင့် ဖြစ်သည်ဟုလည်း အယူမရှိပါ၊ အခြားနည်းမျိုးဖြင့် မရှိဟုလည်း အယူမရှိပါ၊ အခြားနည်းမျိုးဖြင့် မဖြစ်သည် မဟုတ်ဟုလည်း အယူမရှိပါ" ဟု ဖြေဆိုမည်။

(နောင်လောက မရှိပါသလော စသော အမရာဝိက္ခေပ ပြဿနာများကို ဗြဟ္မဇာလသုတ် အမရာဝိက္ခေပ ဒိဋ္ဌိခန်း၌ ကြည့်ပါ)။

အရှင်ဘုရား, ဤသို့လျှင် ဗေလဋ္ဌ၏သား သိဉ္စည်း ဆရာသည် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့ အကျိုးကို မေးသည် ဖြစ်ပါလျက် ပျံ့လွင့်လှုပ်ရှားသော (ဝိက္ခေပ) ဝါဒကို ဖြေကြားပါသည်၊ သူ၏ အဖြေမှာ ဥပမာအားဖြင့် သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့, တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ (အမေးနှင့် အဖြေ တစ်ခြားစီသာ) ဖြစ်ပါသည်။

ထိုအခါ အကျွန်ုပ်သည်, ဤသိဉ္စည်းဆရာသည် ဤရဟန်းပုဏ္ဏား (ဂိုဏ်းဆရာ) များတွင် အားလုံးထက် မိုက်မဲတွေဝေသူဖြစ်တော့သည်၊ မျက်မြင်လက်တွေ့ ရဟန်းပြုခြင်း၏ အကျိုးကို မေးပါလျက် အဘယ်ကြောင့် ပျံ့လွင့် လှုပ်ရှားသော (ဝိက္ခေပ) ဝါဒကို ဖြေကြားရလေသနည်း၊ သို့ရာတွင်, ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေထိုင်သော ရဟန်းပုဏ္ဏားကို အဘယ့်ကြောင့် ပြစ်တင် မောင်းမဲသင့်ပါမည်နည်း ဟု ဆင်ခြင်မိပါသည်၊ အကျွန်ုပ်သည် သိဉ္စည်း ဆရာ၏ စကားကို နှစ်သက်အားပေးခြင်း, တားမြစ်ကန့်ကွက်ခြင်း မရှိ, တစ်စုံတစ်ရာ မပြောဆိုဘဲ နေရာမှထ၍ ပြန်လာခဲ့ပါသည်။

အရှင်ဘုရား, ယခုလည်း ထိုပြဿနာကိုပင် အရှင်ဘုရားအား မေးလျှောက်ပါသည်၊ အရှင်ဘုရားသည် ဆင်စီးသူရဲစသော သူတို့ကဲ့သို့ မျက်မြင် လက်တွေ့ ဖြစ်သော ရဟန်း ပြုခြင်း၏ အကျိုးကို ဟောကြားပညတ်တော် မူနိုင်ပါမည်လော။

## မျက်မြင်ကိုယ်တွေ့ ရဟန်းပြုကျိုးများ

မင်းမှုနိုးမှ လွတ်၍ အပူဇော် ခံရခြင်း

၃၃။ ။ မြတ်သောမင်းကြီး..... ယော ကြားပညတ်နိုင်ပေသည်၊ ထိုသို့ ယော ကြား ပညတ်ရမည် ဖြစ်လျှင် ဤကိစ္စ၌ သင်မင်းကြီးကိုပင် ပြန်၍ မေးရလိမ့်ဦး မည်၊ နှစ်သက် သဘောကျသလိုသာ ဖြေဆိုလော့။

မြတ်သောမင်းကြီး..... ယနေမေးမည့် စကားကို အဘယ်သို့ ထင်မြင် သနည်း၊ ဤရာဇဂြိုဟ်မြို့၌ သင်မင်းကြီးအား အမှုထမ်း ကျွန်ယောကျ်ား တစ်ယောက် ရှိခဲ့ရာ၏၊ ထိုကျွန်သည် ရှေးဦးစွာ ထခြင်း, နောက်မှ ထိုင်ခြင်း, အိပ်ခြင်း, အဘယ်ကိုပြု ဟူသော အမိန့်ကို နာခံခြင်း, အရှင့် အကြိုက်ကိုသာ လိုက်၍ပြုလုပ်ခြင်း, ချစ်ခင်ဖွယ်ရာ စကားချိုသာခြင်း, အရှင်၏မျက်နှာကို ကြည့်မြော် ထောက်ထားခြင်းတို့နှင့် ပြည့်စုံခဲ့ရာ၏၊ ထိုကျွန်သည် (တစ်နေ့သောအခါ) ဤသို့ အကြံဖြစ်ရာ၏၊ "အချင်းတို့.... ကောင်းမှု ကုသိုလ်တို့၏ ဖြစ်ပုံအလားနှင့် အကျိုးပေးပုံ များသည် အံ့ဩဖွယ် ရှိလှပါပေသည်၊ ထူးဆန်းလှပါပေသည်၊ ဤဝေဒေဟီ မိဖုရား၏သား, မာဂဓပြည့်ရှင်, ဘုရင်အဇာတသတ်သည်လည်း လူပင် ဖြစ်ခဲ့၏၊ ကျွန်ုပ်လည်း လူပင်ဖြစ်ခဲ့၏၊ (သို့ရာတွင်) ဤအဇာတသတ် မင်းသည် ကာမဂုဏ်ငါးပါးတို့နှင့် ပြည့်စုံသဖြင့် နတ်ကဲ့သို့ စည်းစိမ်ခံစား ရပေသည်၊ ကျွန်ုပ်မှာမူကား ဤအဇာတသတ်၏ ကျွန်အမှုထမ်းဖြစ်၍ နေရပေသည်။ ငါသည် ကောင်းမှု ကုသိုလ်များကို ပြုလုပ်လျှင် ဤ အဇာတသတ် မင်းကဲ့သို့ ဖြစ်ရာသည်၊ ငါသည် ဆံ, မုတ်ဆိတ် တို့ကို ရိတ်ပယ်၍ ရဟန်းပြုမှ ဖြစ်မည်"။

ထိုကျွန်သည် ဤသို့အကြံဖြစ်ပြီးနောက် ဆံ, မုတ်ဆိတ်တို့ကိုရိတ်ပယ်၍ ရဟန်းပြုပြီးလျှင် ကိုယ်, နှုတ်, စိတ် သုံးပါးကိုဖြင့် စောင့်ထိန်းနေထိုင် ရာ၏၊ စားရုံ, ဝတ်ရုံမျှသာ ဖြစ်သော (အပိုအလျှံ မရှိသော) ပစ္စည်း ဖြင့် ရောင့်ရဲတင်းတိမ်ခဲ့ရ၏။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခဲ့ရာ၏။

မြတ်သောမင်းကြီး.... ထိုကျွန် ရဟန်းပြုသွားကြောင်းကို အမှုထမ်း ယောကျ်ားတို့ လျှောက်ထား၍ သင်မင်းကြီး သိရလျှင် ထိုကျွန်ကို ရှေး နည်းတူ ကျွန်ပြန်ဖြစ်ရမည်ဟု ဆိုရမည်လော။

အဇာတသတ်။ ။ အရှင်ဘုရား.... ဤသို့ ဆိုမည် မဟုတ်ပါ၊ အကျွန်ုပ်တို့ပင်လျှင် ထိုရဟန်းကို ရှိခိုးခြင်း, ခရီးဦးကြိုပြုခြင်း, နေရာထိုင်ခင်းဖြင့် ဖိတ်ကြားခြင်း, သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားခြင်းများကို ပြုကြရပါမည်၊ တရားသဖြင့်စောင့်ရှောက်ခြင်း, ဘေးရန်ကို တားမြစ်ပေးခြင်း, လုံခြုံအောင်စီမံခြင်းများကိုသော်လည်း ပြုလုပ်ကြရပါမည်။

ဗုဒ္ဓ။ ။ မြတ်သောမင်းကြီး.... ဤသို့ ဖြစ်လျှင် ရဟန်းပြုခြင်း၏ မျက်မြင် လက်တွေ့ အကျိုးသည် ရှိသည်ဟု ဆိုမည်လော၊ မရှိ ဟု ဆိုမည်လော။

အဇာတသတ်။ ။အရှင်ဘုရား.... ဤသို့ဖြစ်လျှင် အမှန်ပင် ရှိသည်ဟု ဆိုရပါလိမ့်မည်။

ဗုဒ္ဓ။ ။ မြတ်သောမင်းကြီး.... ဤအချက်ကို ပထမမျက်မြင် လက်တွေ့ ရဟန်းပြုကျိုးဟု ဟောကြားပညတ်တော်မူသည်။

အဇာတသတ်။ ။ အရှင်ဘုရား.... ထို့ပြင် ပညတ်တော် မူနိုင်ဦးမည်လော။

ဗုဒ္ဓ။ ။ မြတ်သောမင်းကြီး.... ဟောကြား ပညတ်တော် မူနိုင်ပေသည်၊ ထိုသို့ ဟောကြားပညတ်ရမည် ဖြစ်လျှင် ဤကိစ္စ၌ သင်မင်းကြီးကိုပင် တစ်ဖန် ပြန်၍ မေးရလိမ့်ဦးမည်၊ နှစ်သက် သဘောကျသလိုသာ ဖြေဆိုလော့။

မြတ်သောမင်းကြီး.... ယခုမေးမည့် စကားကို အဘယ်သို့ ထင်မြင်သနည်း၊ ဤရာဇဂြိုဟ်မြို့၌ အသင်မင်းကြီး၏ အခွန်ထမ်း လယ်သမားသူကြွယ် တစ်ယောက်သည် (ရှေးနည်းတူ) အကြံဖြစ်ပေါ်၍ ရဟန်းပြုခဲ့ရာ၏၊ သင်မင်းကြီးသည် ထိုအကြောင်းကို သိလျှင် "ဘဏ္ဍာတော်တိုး, အခွန်ထမ်း, လယ်သမားသူကြွယ်သည် လယ်သမားပင် ပြန်၍ ဖြစ်ရမည်"ဟု ဆိုမည်လော။

အဇာတသတ်။ ။အရှင်ဘုရာ.... ဤသို့ ဆိုမည်မဟုတ်ပါ၊ (ရှေးနည်းတူပင်) အရိုအသေပြုခြင်း, ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားခြင်း, လုံခြုံမှုကို စီမံစောင့်ရှောက်ခြင်းများကို ပြုရပါမည်။

ဗုဒ္ဓ။ ။ မြတ်သောမင်းကြီး.... ဤသို့ဖြစ်လျှင် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့ အကျိုးသည် ရှိသည် ဟု ဆိုမည်လော၊ မရှိဟု ဆိုမည်လော။

အဇာတသတ်။ ။ အရှင်ဘုရား...ဤသို့ ဖြစ်လျှင် အမှန်ပင် ရှိသည် ဟု ဆိုရပါလိမ့်မည်။

ဗုဒ္ဓ။ ။ မြတ်သောမင်းကြီး.... ဤအချက်ကို ဒုတိယ မျက်မြင် လက်တွေ့ ရဟန်းပြုကျိုးဟု ဟောကြား ပညတ်တော်မူသည်။

**ရဟန်းကျင့်ဝတ် ခေါင်းစဉ်**

အဇာတသတ်။ ။ အရှင်ဘုရား.... ဤမျက်မြင်လက်တွေ့ ရဟန်းပြုကျိုးများထက် သာလွန်၍ နှစ်သက်အပ်, မွန်မြတ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးကို ဟောကြားပညတ်တော်မူနိုင်ပါမည်လော။

ဗုဒ္ဓ။ ။ မြတ်သောမင်းကြီး.... ဟောကြားပညတ် နိုင်ပေသည်၊ ထိုသို့ သာလွန် မွန်မြတ်သော ရဟန်းပြုကျိုးများကို နာယူလိုလျှင် နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားတော်မူမည်။

အဇာတသတ်။ ။ အရှင်ဘုရား.... ကောင်းလှပါပြီ။

ဗုဒ္ဓ။ ။ မြတ်သောမင်းကြီး.... ဤလောက၌ (၁) ကိလေသာ ပယ်သတ်ပြီး ရဟန္တာဖြစ်သူ၊ (၂) တရား အလုံးစုံကို မှန်ကန်စွာ ကိုယ်တိုင်သိမြင်သူ၊ (၃) အကျင့်တရား, အသိတရား အားလုံးနှင့် ပြည့်စုံသူ၊ (၄) ဗုဒ္ဓကိစ္စတာကို ကောင်းစွာ ဖြစ်ပေါ်လာသူ၊ (၅) လောကကို အစုံအလင် အတိအကျ သိသူ၊ (၆) ဆုံးမထိုက်သူတို့ကို ဆုံးမရာ၌ အတုမဲ့ ဆုံးမနိုင်သူ၊ (၇) နတ်လူဗြဟ္မာတို့၏ ဆရာဖြစ်သူ၊ (၈) တရားမှန်း လေးပါးကို သိသူ, သို့မဟုတ်, သိစေသူ၊ (၉) မိမိစိတ်ကို အစိုးရခြင်း ဟူသော ဘုန်းခြောက်ပါးတို့နှင့် ပြည့်စုံသူ ဖြစ်သော မြတ်စွာဘုရားသည် ထင်ရှား ပွင့်တော်မူလာ၏၊ ထိုမြတ်စွာဘုရားသည် နတ်ပြည် ငါးထပ်, မာရ်နတ် နေရာ ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည်, ဗြဟ္မာပြည်နှင့် တကွသော လောကအားလုံးနှင့် ရဟန်း, ပုဏ္ဏား, နတ်,

လူ, ပြဟ္မာနှင့် တကွသော သတ္တဝါ အပေါင်းကို ကိုယ်တိုင် သိမြင် မျက်မှောက်ပြုပြီးမှ သတ္တဝါတို့အား ဟောကြားတော်မူ၏၊ ထို မြတ်စွာဘုရားသည် အစ, အလယ်, အဆုံး, ကောင်းခြင်းနှင့် ပြည့်စုံသော, အနက် သဒ္ဒါနှင့် ကောင်းစွာ ပြည့်စုံသော, ကျင့်ဝတ် ပဋိပတ်အရာ ကောင်းစွာ ပြည့်စုံ လုံလောက်သော, စင်ကြယ်သည့် အကျင့်မြတ်ကို ပြသတော်မူ၏။

တစ်စုံတစ်ယောက်သော သူသည် ထိုတရားကို ကြားနာရသဖြင့် မြတ်စွာဘုရား၌ ယုံကြည်မှု သဒ္ဓါတရားကို ရရှိပြီးလျှင် "အိမ်ရာ တည်ထောင် လူဘောင်၌ နေခြင်းသည် ကျဉ်းမြောင်းကြပ်တည်း၏၊ ကိလေသာ မြူထရာ အရပ်ဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့် တူ၏၊ အိမ်၌ နေသောသူသည် (လူအဖြစ်နှင့် နေသောသူ) ဤအကျင့် မြတ်ကို စင်စစ် ပြည့်စုံအောင်, စင်ကြယ်အောင်, ပွတ်သစ်စ ခရုသင်းအတူ ဖြူစင်အောင် ကျင့်ကြံဖို့ မလွယ်ကူပေ၊ ငါသည် ဆံ, မုတ်ဆိတ်တို့ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသောအဝတ် (သင်္ကန်း) ကို ဝတ်ပြီးလျှင် ရဟန်းပြုလုပ်မှ သင့်မည်" ဟု အကြံဖြစ်၏၊ ထို့နောက် ထိုသူသည် စည်းစိမ်ဥစ္စာ အဆွေ အမျိုးတို့ကို စွန့်ပယ်ခဲ့၍ ရဟန်းပြု၏။

ထိုသို့ ရဟန်းဖြစ်လာခဲ့သောသူသည် အလွန်မြတ်သောသီလ (ပါတိမောက္ခသံဝရ) ကို * စောင့်ထိန်း၍ နေထိုင်၏၊ ကျင့်ဝတ် ပဋိပတ်, ကျက်စားရာ အရပ်တို့နှင့် ပြည့်စုံလျက် အဏုမြူ မျှ သေးငယ်လှသော အပြစ်တို့၌ပင် ဘေးအန္တရာယ်ဟု ဆင်ခြင်ရှုကြည့်၍ သိက္ခာပုဒ်တို့ကို ဆောက်တည်ကျင့်သုံး၏၊ ကောင်းသော ကာယကံ, ဝစီကံတို့နှင့် ပြည့်စုံ၏၊ အသက်မွေးစင်ကြယ်၏၊ သီလနှင့် ပြည့်စုံ၏၊ ဣန္ဒြေ (ခြောက်ပါး) တို့၌ လုံခြုံသောတံခါးရှိ၏၊ အစားအစာ၌ အတိုင်းအရှည် ပမာဏကို

---

* **ပါတိမောက္ခသံဝရ**။ ။ ပါတိမောက္ခမှာ ပ+ အတိ+ မောက္ခ ဟူသော ပုဒ်တို့ ပေါင်းစပ်နေခြင်း ဖြစ်၍ အလွန်မြတ်သောဟု အဓိပ္ပာယ်ရှိ၏၊ သံဝရမှာ စောင့်စည်းခြင်း, စောင့်စည်းရသော သီလဟု အဓိပ္ပာယ်ရှိ၏၊ ထိုသီလမှာ ရဟန်းတော်တို့ ကျင့်ရသော ဝိနည်းပိဋကတော်လာ သိက္ခာပုဒ်များပင် ဖြစ်ကြ၏။

သိတတ်၏၊ သိမှတ်, ဆင်ခြင်မှု-သတိသမ္ပဇဉ် • နှင့်ပြည့်စုံ၏၊ ရောင့်ရဲလွယ်၏။

မြတ်သော မင်းကြီး.... အဘယ်သို့ သီလနှင့် ပြည့်စုံသနည်း။

**သီလ**

မြတ်သော မင်းကြီး.... ဤသာသနာ တော်၌ တစ်ပါးပါးသော ရဟန်းသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစသော သီလနှင့် ပြည့်စုံ၏၊ (စူဠ, မဇ္ဈိမ, မဟာသီလ အားလုံး၊ ဗြဟ္မဇာလသုတ်ကြည့်) ဤသို့ သီလနှင့် ပြည့်စုံသော ရဟန်းသည် သီလကို စောင့်ရှောက်မှုကြောင့် ဖြစ်သည့် နည်းနှင့်မျှ ဘေးအန္တရာယ်ကို မတွေ့မြင်ရပြီ၊ ဥပမာအားဖြင့် ရန်သူကို သတ်ဖြတ်နှိပ်နင်းပြီးသော မင်းသည် ထိုရန်သူကြောင့် ဖြစ်သည့် နည်းနှင့်မျှ ဘေးအန္တရာယ်ကို မတွေ့မြင်ရသကဲ့သို့ ဖြစ်ပေသည်၊ ထို ရဟန်းသည် ဤသို့ မြတ်သော သီလဂုဏ်နှင့် ပြည့်စုံသဖြင့် အနဝဇ္ဇသုခ ခေါ် အပြစ်မရှိခြင်း ချမ်းသာကို ခံစားရ၏၊ မြတ်သော မင်းကြီး.... ဤသို့ သီလနှင့် ပြည့်စုံပေသည်။

မြတ်သော မင်းကြီး....အဘယ်သို့ ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသနည်း၊

**ဣန္ဒြိယသံဝရ**

မြတ်သော မင်းကြီး.... ဤသာသနာတော်၌ တစ်ပါးပါးသော ရဟန်းသည် မျက်စိဖြင့် အဆင်း - ရူပါရုံကို မြင်သည် ရှိသော် ကိလေသာ ဖြစ်ကြောင်း ယောကျ်ား, မိန်းမ, အာရုံနိမိတ်ကို မှတ်ယူလေ့မရှိ၊ စက္ခုန္ဒြေ • ကို မစောင့်ရှောက်လျှင် ဖြစ်ပေါ်လွှမ်းမိုး လာတတ်ကြကုန်သော သူတစ်ပါး ဥစ္စာကို မတရား ရလိုမှု အဘိဇ္ဈာ, ပျက်စီးစေလိုမှု ဒေါမနဿ, ဟူသော အကုသိုလ် တရားယုတ်တို့ကို ပိတ်ပင်ခြင်းငှာ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏။

---

• သတိသမ္ပဇဉ်။ ။ သတိသည် သိမှတ်ခြင်းဖြစ်၍ သမ္ပဇဉ်မှာ ဆင်ခြင်ခြင်းပင် ဖြစ်၏၊ သိမှတ်နေလျှင် ဆင်ခြင်မှုလည်း ထပ်ချပ်မကွာ လိုက်ပါလာတတ်သဖြင့် တွဲ၍ ဟောတော်မူသည်၊ သတိနှင့် ပညာ တရားနှစ်ပါးပင် ဖြစ်၏။

• စက္ခုန္ဒြေ။ ။စက္ခု+ဣန္ဒြိယ=မြင်တတ်သော ခေါင်းဆောင်တရား၊ ဤအမည်မှာ မျက်လုံးအိမ်, မျက်လုံးအကြည်ဓာတ်, ထိုနှစ်မျိုးကို အမှီပြု၍ ဖြစ်ပေါ်လာသော အမြင်စိတ်, ဤသုံးမျိုးတို့တွင် အမြင်စိတ်သာ လိုရင်းဖြစ်၍ စက္ခုန္ဒြေ-အမြင်ခေါင်းဆောင်တရားဟု အမည်တွင်သည်။

နားဖြင့် အသံကို ကြားသည်ရှိသော်, နှာခေါင်းဖြင့် အနံ့ကို နံသည်ရှိသော်, လျှာဖြင့် အစားအစာ အရသာကို စားသောက်သာယာသည်ရှိသော်, ကိုယ်ဖြင့် ထိတွေ့နိုင်ကောင်းသော (ဖောဋ္ဌဗ္ဗာရုံ) အာရုံကို ထိတွေ့သည် ရှိသော် စိတ်ဖြင့် သဘောတရား တစ်ခုခုကို သိရသည်ရှိသော်, ကိလေသာ * ဖြစ်ကြောင်း အာရုံနိမိတ်ကို မှတ်ယူလေ့ မရှိ၊ ကိလေသာ ဖြစ်ကြောင်း အခြင်းအရာကို မှတ်ယူလေ့ မရှိ။

**မနိန္ဒြေခေါ်** စိတ်ခေါင်းဆောင် တရားကို မစောင့်ရှောက်လျှင် ဖြစ်ပေါ်လွှမ်းမိုးလာတတ်ကြကုန်သော **သူတစ်ပါး**ဥစ္စာကို မတရား ရလိုမှု – **အဘိဇ္ဈာ**, ပျက်စီးစေလိုမှု – **ဒေါမနဿ ဟူသော** အကုသိုလ် တရားယုတ်တို့ကို စောင့်စည်းခြင်းဌာ ကျင့်၏၊ **စိတ်**ခေါင်းဆောင် (မနိန္ဒြေ) ကို စောင့်ထိန်း၏။

ထိုရဟန်းသည် ဤဣန္ဒြေတို့၌ စောင့်စည်းခြင်းနှင့် ပြည့်စုံသဖြင့် မိမိ သန္တာန်၌ အဗျာသေကသုခ ခေါ် ကိလေသာတို့နှင့် မရောနှောသော ချမ်းသာသုခကို ခံစားရ၏၊ မြတ်သေသာမင်းကြီး.... ဤသို့ ဣန္ဒြေတို့၌ လုံခြုံသော တံခါး ရှိပေသည်။

**သတိသမ္ပဇဉ်** မြတ်သောမင်းကြီး.... အဘယ်သို့ မှတ်ခြင်း, သိခြင်း – သတိ, သမ္ပဇဉ်နှင့် ပြည့်စုံသနည်း၊ မြတ်သောမင်းကြီး.... ဤသာသနာတော်၌ တစ်ပါးပါးသော ရဟန်းသည် ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း၌ သိမှတ်ဆင်ခြင်ခြင်းကို ပြုလေ့ရှိ၏။

တည့်တည့်ကြည့်ခြင်း, တစောင်းကြည့်ခြင်း၌ ကွေးခြင်း, ဆန့်ခြင်း၌ သပိတ်သင်္ကန်းကို ဆောင်ခြင်း၌ စားခြင်း, သောက်ခြင်း, ခဲခြင်း, လျက်ခြင်း၌ ကျင်ကြီး ကျင်ငယ် စွန့်ခြင်း၌ တိတ်တိတ်နေခြင်း၌ မှတ်ခြင်း, သိခြင်းကို ပြုလေ့ရှိ၏၊ မြတ်သောမင်းကြီး.... ဤသို့ သတိသမ္ပဇဉ်နှင့် ပြည့်စုံပေသည်။

---

* **ကိလေသာ**။ ။ ညစ်ညူးကြောင်း, ဆင်းရဲကြောင်း တရား၊ စိတ်ကို ညစ်ညူးဆင်းရဲစေတတ်သော တရား၊ ဤတရားမှာ တပ်မက်မှု– လောဘ, အမျက်ထွက်မှု– ဒေါသ, စသည် ဆယ်မျိုး ရှိ၏။

မြတ်သောမင်းကြီး…အဘယ်သို့ရောင်ရဲတင်းတိမ်

**သန္တုဋ္ဌိ** လွယ်သနည်း၊

**ရောင့်ရဲခြင်း:** မြတ်သောမင်းကြီး….ဤသာသနာတော်၌ တစ်ပါး ပါးသော ရဟန်းသည် ကိုယ်ကိုဆောင်တတ်သော (ကိုယ်လုံရုံမျှ ဖြစ်သော) သင်္ကန်းဖြင့် ရောင့်ရဲ၏၊ ဝမ်းကို ဆောင် တတ်သော (ဝမ်းဝရုံမျှဖြစ်သော) ဆွမ်းဖြင့် ရောင့်ရဲ၏၊ (တင်းတိမ်၏)။

ထိုရဟန်းသည် မိမိသွားလိုရာခရီးသို့ (မိမိပရိက္ခရာ• ကို) ယူဆောင်၍သာ သွားနိုင်၏၊ (မနိုင်မရှိ)၊ ဥပမာအားဖြင့် အတောင် ရှိသော ငှက်သည် မိမိအတောင်သာလျှင် (သယ်ပိုးစရာ) ဥစ္စာရှိသည် ဖြစ်၍ သွားလိုရာ ခရီးသို့ ပျံသွားသကဲ့သို့တည်း၊ မြတ်သောမင်းကြီး…. ဤသို့ ရောင့်ရဲတင်းတိမ်းလွယ်ပေသည်။

**တရားကို အားထုတ်ခြင်း**
**နီဝရဏကို ပယ်ခွာခြင်း:**

ထိုရဟန်းသည် ဤမြတ်သော သီလဂုဏ်နှင့်လည်း ပြည့်စုံ၏၊ ဤမြတ်သော ဣန္ဒြေကို စောင့်ရှောက်ခြင်းနှင့်လည်း ပြည့်စုံ၏၊ ဤ မြတ်သော သတိသမ္ပဇဉ်နှင့်လည်း ပြည့်စုံ၏၊ ဤမြတ်သော ရောင့်ရဲ တင်းတိမ်ခြင်းနှင့်လည်း ပြည့်စုံ၏၊ ထိုရဟန်းသည် တောအရပ်, တောင်ချောက်, တောင်ဂူ, သုသာန်, တောနက်, လွင်ပြင်, ကောက်ရိုးပုံ ဟူသော ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ် နေထိုင်ပြီးလျှင် ဆွမ်းစားပြီး နောက် ဆွမ်းစားကျောင်းမှ ထခဲ့သည် ရှိသော် ကိုယ်ကို ဖြောင့်ဖြောင့် ထား၍ ကမ္မဋ္ဌာန်း • သို့ ရှေးရှုသတိကို ဖြစ်စေ၍, သို့မဟုတ်, ထွက် လေဝင်လေ ထိရာ နှတ်ခမ်းထက်၌ သတိကိုဖြစ်စေ၍ တင်ပလ္လင်ခွေ ထိုင်နေ၏။

---

• ပရိက္ခရာ။ ။ ပရိက္ခရာမှာ မိမိကိုယ် ပတ်ဝန်းကျင်တွင် ဆင်ယင်ပြုပြင်ရသော တရား၊ သို့မဟုတ်, အသုံးအဆောင်ပင် ဖြစ်၏၊ ပရိက္ခရာမှာ ရှစ်မျိုး ရေတွက်ရ သော်လည်း ရဟန်းဖြစ်ဖို့မှာ သပိတ်နှင့် သင်္ကန်းသာ လိုရင်းဖြစ်၏။

• ကမ္မဋ္ဌာန်း။ ။ ကမ္မ+ဋ္ဌာ= ဘာဝနာ အလုပ်၏ တည်ရာ အာရုံ ကမ္မဋ္ဌာန်း။ ကိလေသာ ငြိမ်းမှု သမာဓိရမှုကို ပတနထားသော သမထကမ္မဋ္ဌာန်းမျိုး, ရုပ်နာမ် တို့၏ သဘောမှန်ကို ရှုမှုရှုကြည့်ရသော ပညာဖြစ်ပေါ်မှုကို ပတနထားသော ဝိပဿနာ ကမ္မဋ္ဌာန်းဟု နှစ်မျိုးရှိ၏၊ ဘာဝနာ နှစ်မျိုးလည်း ခေါ်ရ၏။

ထိုရဟန်းသည် ၁ - လောက၌ သူတစ်ပါး၏ဥစ္စာကို မတရား ရလိုမှု အဘိဇ္ဈာကို ပယ်စွန့်၍ အဘိဇ္ဈာ ကင်းသော စိတ်ဖြင့် နေထိုင်၏၊ အဘိဇ္ဈာမှ စိတ်ကို သုတ်သင်၏၊ ၂ - သူတစ်ပါးကို ပျက်စီးစေလိုမှု - ဗျာပါဒခေါ် ဒေါသကို ပယ်စွန့်၍ ဗျာပါဒ မရှိသောစိတ်ဖြင့် အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွားကို သနား စောင့်ရှောက်တတ်သည် ဖြစ်၍ နေထိုင်၏၊ ဗျာပါဒခေါ် ဒေါသမှ စိတ်ကိုသုတ်သင်၏၊ ၃-တွေဝေ ငိုက်မျဉ်းခြင်း ထိနမိဒ္ဓကို ပယ်စွန့်၍ ထိနမိဒ္ဓကင်း၍ နေထိုင်၏၊ အလင်းရောင် ဟူသော အမှတ်သညာရှိသည်, သတိသမ္ပစဉ်ရှိသည် ဖြစ်၍ နေထိုင်၏၊ ထိနမိဒ္ဓမှ စိတ်ကို သုတ်သင်၏၊ ၄-ပျံ့လွင့်ခြင်း, နောင်တ တဖန် ပူပန်ခြင်း ဟူသော ဥဒ္ဓစ္စ, ကုက္ကုစ္စကို ပယ်စွန့်၍ ပျံ့လွင့်ခြင်း မရှိဘဲအဇ္ဈတ္တ သန္တာန်၌ ငြိမ်းချမ်းသော စိတ်ရှိသည်ဖြစ်၍ နေထိုင်၏၊ ဥဒ္ဓစ္စ, ကုက္ကုစ္စမှစိတ်ကို သုတ်သင်၏၊ ၅-ယုံမှားတွေးတောခြင်း ဝိစိကိစ္ဆာကို ပယ်စွန့်၍ ကုသိုလ်တရားတို့၌ သို့လောသို့လော တွေးတော်မှု မရှိဘဲ ဝိစိကိစ္ဆာကို လွန်မြောက်၍ နေထိုင်၏၊ ဝိစိကိစ္ဆာမှ စိတ်ကို သုတ်သင်၏။

**နီဝရဏငါးပါး ဥပမာ**

မြတ်သော မင်းကြီး… ဥပမာ အားဖြင့် ၁-ယောကျာ်း တစ်ယောက်သည် ကြွေးယူ၍ အလုပ်လုပ်ရာ၏၊ ထိုအလုပ်အကိုင် အကြံအစည်တို့သည် ပြီးစီး အောင်မြင်ကုန်ရာ၏၊ ထိုသူအား ကြွေးဟောင်းတို့ကို ပေးဆပ်ပြီးနောက် မယားကို မွေးမြူရန် အပိုအမိုလည်း ကျန်ရှိနေသေးရာ၏၊ ထိုသူအား ငါသည် ရှေးအခါ၌ ကြွေးယူ၍ အလုပ်လုပ်ခဲ့ရ၏၊ ထိုအလုပ်အကိုင်တို့လည်း ပြီးစီး အောင်မြင်ကြပေပြီ၊ ကြွေးဟောင်းတို့ကိုလည်း ပေးဆပ်ပြီးပေပြီ၊ ငါ့အား မယားကို မွေးမြူရန် အပိုအမို ဥစ္စာလည်း ကြွင်းကျန်ပေသေး၏ဟု အကြံဖြစ်ရာ၏၊ ထိုသူသည် ထိုကြွေးမြီကျေခြင်းဟူသော အကြောင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏။

၂-မြတ်သောမင်းကြီး…. ဥပမာအားဖြင့် ယောကျာ်း တစ်ယောက်သည် အနာရောဂါရ၍ ဆင်းရဲဒုက္ခရောက်၍ နေရာ၏၊ ထိုသူသည် ပြင်းထန်စွာ ဖျားနာသဖြင့် ထမင်းကိုလည်း မစားနိုင်ရာ၊ အားအင်ဗလ

အနည်းငယ်မျှလည်း မရှိခဲ့ရာ၊ ထိုသူသည် နောက်အခါ၌ ထိုအနာ ရောဂါမှ လွတ်မြောက်ရာ၏၊ ထမင်းကိုလည်း စားနိုင်ရာ၏၊ ကိုယ်၌ အားအင်ဗလ အနည်းငယ်မျှလည်း ရှိလာခဲ့ရာ၏။

ထိုသူအား 'ငါသည် ရှေးအခါ၌ အနာရောဂါရှိသူဖြစ်၍ ဆင်းရဲဒုက္ခရောက်ခဲ့၏၊ ပြင်းစွာ နာမကျန်းခဲ့၏၊ ထမင်းကိုလည်း မစားနိုင်၊ အားအင် ဗလ အနည်းငယ်မျှလည်း မရှိခဲ့၊ ယခုငါသည် ထိုအနာမှ လွတ်ခဲ့ပြီ၊ ထမင်းကိုလည်း စားနိုင်ခဲ့ပြီ၊ ကိုယ်၌အား အနည်းငယ်လည်း ရှိခဲ့ပြီ' ဟု အကြံဖြစ်ရာ၏၊ ထိုသူသည် ထိုသို့ အနာရောဂါ ပျောက်ကင်းခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏၊ ဝမ်းမြောက်ခြင်းသို့ ရောက်ခဲ့ရာ၏။

၃-မြတ်သောမင်းကြီး....ဥပမာအားဖြင့် ယောကျ်ား တစ်ယောက်သည် နှောင်အိမ် (ထောင်) ၌ အချုပ်အနှောင်ခံ၍ နေရရာ၏၊ ထို အကျဉ်းသားသည် နောက်အခါ၌ ထိုနှောင်အိမ်မှ ချမ်းချမ်းသာသာ ဘေးမရှိဘဲလွတ်မြောက်ခဲ့ရာ၏၊ ထိုသူ၏ အိမ်ရှိ ပစ္စည်းဥစ္စာတို့လည်း ပျက်စီးခြင်း မရှိ ဖြစ်ခဲ့ရာ၏၊ ထိုသူအား 'ငါသည် ရှေးအခါ၌ နှောင် အိမ်တွင် အချုပ်အနှောင်ခံ၍ နေရ၏၊ ယခုကား ထိုနှောင်အိမ်မှ ချမ်းချမ်းသာသာ ဘေးမရှိဘဲ လွတ်မြောက်ခဲ့ရပြီ၊ (အိမ်ရှိ) ဥစ္စာတို့ လည်း တစ်စုံတစ်ရာမျှ မပျက်စီးကြပေ' ဟု အကြံဖြစ်ရာ၏။ ထိုသူသည် ထိုသို့ အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏၊ ဝမ်းမြောက်ခြင်းသို့ ရောက်ခဲ့ရာ၏။

၄-မြတ်သောမင်းကြီး.... ဥပမာအားဖြင့် ယောကျ်ား တစ်ယောက်သည် မိမိကိုယ်ကို မိမိမပိုင်သော, သူတစ်ပါးတို့ နိုးပိုင်၍နေသော, အလို ရှိရာ ခရီးသို့ မသွားလာနိုင်သော, ကျေးကျွန် ဖြစ်၍နေရာ၏၊ ထိုသူသည် နောက်အခါ၌ ထိုကျွန်အဖြစ်မှ လွတ်မြောက်ခဲ့ရာ၏၊ မိမိကိုယ်ကို မိမိ အစိုးရသူ, သူတစ်ပါးတို့ မအုပ်စိုးဘဲ လွတ်လပ်သူ, အလိုရှိရာ သွားနိုင် သူ, ဖြစ်ခဲ့ရာ၏၊ ထိုသူအား 'ငါသည် ရှေးအခါ၌ မိမိကိုယ် မိမိအစိုး မရသော, သူတစ်ပါးတို့ နိုးပိုင်၍နေသော, အလိုရှိရာ မသွားနိုင်သော, ကျေးကျွန်ဖြစ်၍နေခဲ့၏၊ ယခုကား ထိုကျွန်အဖြစ်မှ လွတ်မြောက်ရပေပြီ၊ မိမိကိုယ်ကို နိုးပိုင်သော, လွတ်လပ်သော, အလိုရှိရာ သွားလာနိုင် သောသူ, ဖြစ်ခဲ့ရပေပြီ'ဟု အကြံဖြစ်ရာ၏။

ထိုသူသည် ထိုသို့ ကျွန်အဖြစ်မှ လွတ်ခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏၊ ဝမ်းမြောက်ခြင်းသို့ ရောက်ခဲ့ရာ၏။

၅-မြတ်သောမင်းကြီး.... ဥပမာအားဖြင့် ယောကျ်ား တစ်ယောက်သည် ဥစ္စာ ရွှေငွေ နှင့်တကွ အစာရှားပါး, ဘေးရန် များသော ဝေးလံသော ကန္တာရသို့ ခရီးသွားခဲ့ရာ၏၊ နောက်အခါ၌ ထိုသူသည် ထိုကန္တာရ ခရီးကို လွန်မြောက်ခဲ့ရာ၏၊ဘေးကင်းရာရွာအနီးသို့ ချမ်းသာစွာ ရောက်လာခဲ့ရာ၏။ ထိုသူအား ‘ငါသည် ရှေးအခါ၌ ဥစ္စာ ရွှေငွေနှင့်တကွ အစာရှားပါး, ဘေးရန်များသော ကန္တာရ ခရီးရှည်သို့ သွားခဲ့ရ၏၊ ယခုကား ထိုခရီးခဲမှ လွန်မြောက်ခဲ့ရပြီ၊ ချမ်းသာစွာ ဘေးကင်းရာ ရွာအနီးသို့ ရောက်ခဲ့ရပြီ’ ဟု အကြံဖြစ်ရာ၏၊ ထိုသူသည် ထိုသို့ ကန္တာရခရီးရှည်မှ လွန်မြောက်ခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏၊ ဝမ်းမြောက်ခြင်းသို့ ရောက်ခဲ့ရာ၏။

မြတ်သောမင်းကြီး-- ဤဥပမာတို့ အတူသာလျှင် ထိုရဟန်းသည် မိမိသန္တာန်၌ မပယ်ရသေးသော နီဝရဏ ငါးပါးတို့ကို ကြွေးမြီကဲ့သို့လည်းကောင်း, အနာရောဂါကဲ့သို့လည်းကောင်း, နှောင်အိမ်ကဲ့သို့လည်းကောင်း, ကျွန်ဘဝ ကဲ့သို့လည်းကောင်း, ကန္တာရ ခရီးဝေးကဲ့သို့လည်းကောင်း, (အစဉ်အတိုင်း) ကောင်းစွာရှု၏၊ (ကောင်းစွာ ထင်မြင်၏)။

မိမိသန္တာန်၌ ပယ်ပြီးသော နီဝရဏ ငါးပါးတို့ကို ကြွေးမြီကျေခြင်းကဲ့သို့ငှင်း, ကျန်းမာလာခြင်း ကဲ့သို့လည်ကောင်း, အနှောင်အဖွဲ့မှ လွတ်ခြင်း ကဲ့သို့လည်းကောင်း, ကျွန်ဘဝမှ တော်လှန်ခြင်း ကဲ့သို့ လည်းကောင်း, ဘေးကင်းရာ အရပ် သို့ ရောက်ခြင်းကဲ့သို့လည်းကောင်း, ကောင်းစွာရှု၏၊ (ကောင်းစွာ ထင်မြင်၏)။

## ဈာန်သမာပတ်များ

**ပထမဈာန်** ဤသို့ ပယ်ပြီးသော နီဝရဏ ငါးပါးတို့ကို မိမိသန္တာန်၌ ကောင်းစွာ ရှုမြင်သော ရဟန်းအား ဝမ်းမြောက်ခြင်း (ပီတိ) ဖြစ်ပေါ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သက်ခြင်း (ပီတိ) ဖြစ်ပေါ်၏၊ နှစ်သက်သော စိတ်ရှိသည့် ရဟန်း၏ ကိုယ်ကာယသည် ငြိမ်းချမ်း၏၊ ကိုယ်ကာယ

ငြိမ်းချမ်းသော ရဟန်းသည် ချမ်းသာ(သုခ) ကို ခံစားရ၏၊ ချမ်းသာခြင်းရှိသော ရဟန်း၏ စိတ်သည် ကောင်းစွာတည်ငြိမ်၏၊ ထိုသို့ စိတ်တည်ငြိမ်သော ရဟန်းသည် တပ်မက်မှု(ကာမ) တရားတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် (စူးစိုက်၍) ကြံစီမှု (ဝိတက်) ဆင်ခြင်သုံးသပ်မှု (ဝိစာရ) တို့ ပါဝင်သော, နိဝရဏ ကင်းခြင်းကြောင့် ဖြစ်ပေါ်သော နှစ်သက်ခြင်း, ချမ်းသာခြင်း, (ပီတိ,သုခ) ရှိသော ပထမဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏၊ ထိုရဟန်းသည် ဤကိုယ်ကာယကို နိဝရဏ ကင်းခြင်းကြောင့် ဖြစ်သော နှစ်သက်ခြင်း, ချမ်းသာခြင်း (ပီတိ,သုခ)ဖြင့် စွတ်စိုစေ၏၊ ပြည့်လျှံစေ၏၊ ပျံ့နှံ့စေ၏၊ ထိုနှစ်သက်ခြင်း, ချမ်းသာခြင်း (ပီတိ သုခ) ဖြင့် မတွေ့ထိရာ အရပ်ဟူ၍ မရှိပြီ။

မြတ်သောမင်းကြီး-- ဥပမာအားဖြင့် ပြရသော် လိမ္မာကျွမ်းကျင်သော ဆတ္တာသည်, သို့မဟုတ်, ဆတ္တာသည်၏ တပည့်သည် ကြေးခွက်၌ ရေချိုးကသယ်မှုန့် (ဆပ်ပြာမှုန့်) တို့ကို လောင်းထည့်၍ ရေဖြင့်ဖျန်းကာ ဖုန်းကာ လုံးရာ၏၊ ထိုရေချိုး ကသယ်မှုန့်လုံးသည် ညနေချမ်း အခါ၌ ရေ၏ အစိုဓာတ်သို့လိုက်လျက်ရေ၏ အစိုဓာတ်ဖြင့် အတွင်းပြင် ပျံ့နှံ့၍နေ၏၊ ယိုစီး၍ကား မကျရာသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး....ဤပထမဈာန် ချမ်းသာသည်လည်း ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

**ဒုတိယဈာန်**

မြတ်သောမင်းကြီး....ထိုပြင်လည်း တစ်ပါးပါးသော ရဟန်းသည် (စူးစိုက်၍) ကြံစည်မှု(ဝိတက်) သုံးသပ်ဆင်ခြင်မှု (ဝိစာရ)တို့ ချုပ်ငြိမ်း ခြင်းကြောင့် (ချုပ်ငြိမ်းအောင် ပွားများ ပြန့်ခြင်းကြောင့်) အဇ္ဈတ္တ သန္တာန်၌ ကောင်းစွာ ကြည်လင်စေတတ်သော, အာရုံ တစ်ခုတည်း၌ တက်ရောက်

---

**ပထမဈာန်ချမ်းသာ။** ။ ပထမဈာန် ချမ်းသာမှာ တပ်မက်လိုလားမှု, ပျက်စီးစေလိုမှုစသော အကုသိုလ် အပိတ်အဆို့တရားတို့မှ ကင်းလွတ်ခြင်းကြောင့်ဖြစ်ပေါ်လာသော နှစ်သက်ဝမ်းမြောက်ခြင်း, ချမ်းသာခြင်း (ပီတိသုခ) ပင်ဖြစ်၏၊ ဝိဝေကဇ ပီတိသုခ ဟု ပါဠိလိုခေါ်ဆို၏၊

ဖြစ်ပေါ်တတ်သော သမာဓိကို ဖြစ်ပွားစေတတ်သော, ကြံစီမှု သုံးသပ်ဆင်ခြင်မှု (ဝိတက်ဝိစာရ) တို့မရှိသော, ပထမဈာန် သမာဓိကြောင့်ဖြစ်သော နှစ်သက်ခြင်း, ချမ်းသာခြင်း, (ပီတိသုခ)ရှိသော ဒုတိယဈာန်ကိုရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏၊ ထိုရဟန်းသည် ဤကိုယ်ကာယကို ပထမဈာန် သမာဓိကြောင့်ဖြစ်သော နှစ်သက်ခြင်း, ချမ်းသာခြင်း, (ပီတိ,သုခ) ဖြင့် စွတ်စိုစေ၏၊ ပြည့်လျှံစေ၏၊ ပျံ့နှံ့စေ၏၊ ထိုနှစ်သက်ခြင်း, ချမ်းသာခြင်း (ပီတိ,သုခ)ဖြင့် မတွေ့ထိရာ အရပ်ဟူ၍ မရှိပြီ။

မြတ်သောမင်းကြီး-- ဥပမာအားဖြင့် ပြရသော် နက်လှစွာသော စိမ့်ရေအိုင်တစ်အိုင်ရှိ၏၊ ထိုစိမ့်ရေအိုင်၌ အရှေ့, အနောက်, တောင်, မြောက်, အရပ်လေးမျက်နှာတို့၌ ရေဝင်ရာ အပေါက်မရှိ၊ အထက်မှလည်း မပြတ်မလပ် မိုးရွာသွန်းခြင်း မရှိခဲ့၊ သို့ရာတွင် စင်စစ်အားဖြင့် ထိုစိမ့်ရေအိုင်မှ အေးမြသော ရေအလျဉ်တို့သည် လျှံထွက်၍ ထိုစိမ့်ရေအိုင်ကို စွတ်စိုစေရာ၏၊ ပြည့်လျှံစေရာ၏၊ ပျံ့နှံ့စေရာ၏၊ ထိုရေအေးဖြင့် မတွေ့ထိရာ (မပျံ့နှံ့ရာ) ဟူ၍ မရှိရာသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး...ဤဒုတိယဈာန် ချမ်းသာသည်လည်း *ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

**တတိယဈာန်**

မြတ်သောမင်းကြီး-- ထို့ပြင်လည်း တစ်ပါးပါးသော ရဟန်းသည် (အထက်ပါ) နှစ်သက်ခြင်း (ပီတိ) ကိုလည်း မတပ်မက်ဘဲလျစ်လျူရှု၍သာ နေထိုင်၏၊ သိမှတ်ခြင်း, ဆင်ခြင် တိုင်းထွာခြင်း (သတိသမ္ပဇဉ်) ရှိသည်ဖြစ်၍ ကိုယ်ကာယဖြင့် ချမ်းသာ(သုခ)ကို ခံစား၏၊ တတိယဈာန်ရရှိသူကို အရိယာပုဂ္ဂိုလ်တို့သည် “လျစ်လျူရှုတတ်သူ,သိမှတ်ခြင်း (သတိ) ရှိသူ, ချမ်းသာစွာ နေထိုင်လေ့ ရှိသူ”ဟု ချီးကျူးကြကုန်၏၊ (ထိုသို့ ချီးကျူးရသော) တတိယဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စား

---

* **ဒုတိယဈာန်ချမ်းသာ။** ။ ဒုတိယဈာန် ချမ်းသာမှာ ပထမဈာန် သမာဓိကြောင့် ဖြစ်ပေါ်လာသော သို့မဟုတ်, ပထမဈာန် သမာဓိပေါ်တွင် အခြေတည်သော နှစ်သက် ဝမ်းမြောက်ခြင်း, ချမ်းသာခြင်း(ပီတိသုခ) ပင်ဖြစ်၏၊ သမာဓိဇ ပီတိသုခဟု ပါဠိလိုခေါ်ဝေါ်၏။

နေထိုင်၏၊ ထိုတတိယဈာန် ရရှိသော ရဟန်းသည် ဤကိုယ်ကာယကို နှစ်သက်ခြင်း (ပီတိ) မရောသော ချမ်းသာ (သုခ) သက်သက်ဖြင့် စွတ်စိုစေ၏၊ ပြည့်လျှံစေ၏၊ ပျံ့နှံ့စေ၏၊ ထိုချမ်းသာ(သုခ)ဖြင့် မတွေ့ထိ မပျံ့နှံ့ရာ အရပ်ဟူ၍ (ထိုရဟန်း၏ ကိုယ်၌) မရှိပြီ။

မြတ်သောမင်းကြီး.... ဥပမာ အားဖြင့် ဥပ္ပလကြာ၊ ပဒုမ္မာကြာ၊ ပုဏ္ဍရိက်ကြာတောတို့၌ • အချို့သောကြာတို့သည် ရေထဲတွင်သာ ဖြစ်ပေါ်၊ ကြီးမား၍ ရေပေါ်သို့ မတက်လာဘဲရေထဲ၌သာ ငုပ်၍ ဖြစ်ပွားကြကုန်၏၊ ထိုရေငုပ်ကြာတို့သည် အေးမြသော ရေဖြင့် စွတ်စို၊ ပြည့်လျှံ၊ တွေ့ထိ ပျံ့နှံ့၍နေကြကုန်၏၊ ရေအေးဖြင့် မတွေ့ထိ မပျံ့နှံ့ရာ အရပ်ဟူ၍ မရှိကြကုန်ရာ သကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး....ဤတတိယဈာန် ချမ်းသာသည်လည်း ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြု အကျိုးထက် သာလွန်နှစ်သက်အပ်၊ မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

မြတ်သောမင်းကြီး.... ထိုပြင်လည်း တစ်ပါးပါး

စတုတ္ထဈာန် သော ရဟန်းသည် ချမ်းသာခြင်း (သုခ)၊

ဆင်းရဲခြင်း (ဒုက္ခ)ကို ပယ်စွန့်နိုင်ခြင်းကြောင့်၊ ဝမ်းမြောက်ခြင်း (သောမနဿ)၊ ဝမ်းနည်းခြင်း (ဒေါမနဿ) တို့ ရှေးဦးကပင် ချုပ်ပျောက်ပြီး ဖြစ်ခြင်းကြောင့်၊ ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော၊ လျစ်လျူရှုခြင်းကြောင့် ဖြစ်ပေါ်သော

---

• ကြာမျိုးသုံးပါး။ ။ ကြာဖြူ၊ ကြာနီ၊ ကြာညို တို့သည် ဥပ္ပလကြာမျိုးများ ဖြစ်ကြကုန်၏၊ အထပ်တစ်ရာရှိသော ကြာသည် ပဒုမ္မာကြာ၊ အထပ်တစ်ရာ မပြည့်သော ကြာသည် ပုဏ္ဍရိက်ကြာမျိုး များ ဖြစ်ကြ၏၊ တစ်နည်းအားဖြင့် (အထပ်များ၍) နီသောကြာသည် ပဒုမ္မာ၊ ဖြူသောကြာသည် ပုဏ္ဍရိက် ကြာမျိုးများ ဖြစ်ကြ၏၊ ဤနှစ်မျိုးတွင် ရှေ့ဥပ္ပလကြာ ၃-မျိုးထည့်လျှင် ကြာမျိုးငါးပါး ဖြစ်လေမည်၊ အမှန်အားဖြင့် ကြာများမှာ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်၊ ကြာခေါင်းလောင်း၊ ပဒုမ္မာ၊ ပုဏ္ဍရိက်ကြာ စသည် အမျိုးမျိုးပင်ရှိကြသဖြင့် ကြာမျိုးငါးပါး ဟူသော စကားသည် ထင်ရှားရာ၊ များရာသို့လိုက်၍ ရှေးကသုံးခဲ့သော စကားသာ ဖြစ်ရာသည်၊ ဗုဒ္ဓ၏ ဒေသနာ၌ကား အထက်ပါ သုံးမျိုးသာ လာသည်ကို သတိချပ်ရာသည်။

သတိတရား၏ စင်ကြယ်ရာ ဟူ၍ ဆိုအပ်သော, စတုတ္ထဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏၊ ထိုစတုတ္ထဈာန် ရသောရဟန်းသည် ဤကိုယ်ကာယကို စင်ကြယ်, ဖြူစင်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေထိုင်၏၊ ထိုစိတ်ဖြင့် မတွေ့ထိ မပျံ့နှံ့ရာအရပ်ဟူ၍ (ထိုရဟန်း၏ကိုယ်၌) မရှိပြီ။

မြတ်သောမင်းကြီး....ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် အဝတ်ဖြူဖြင့် ခေါင်းမြီးခြုံ၍ နေရာ၏၊ ထိုယောကျ်ား၏ ကိုယ်သည် အဝတ်ဖြူကြောင့် ကိုယ်ငွေ့ဖြင့် မထိတွေ့ မပျံ့နှံ့ရာဟူ၍ မရှိရာသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး....ဤစတုတ္ထဈာန် ချမ်းသာသည်လည်း ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

## ဉာဏ်ဆယ်ပါး

**ဝိပဿနာဉာဏ် နာမ်ရုပ်ကိုသိခြင်း**

မြတ်သောမင်းကြီး. ... ထို့ပြင်လည်း ထိုဈာန်သမာပတ်တို့ကို ရရှိသော ရဟန်းသည် ၁–ဤသို့ စတုတ္ထဈာန် သမာဓိဖြင့် ကောင်းစွာစိတ် တည်ငြိမ်သည် ရှိသော်၊ ၂–နီဝရဏကင်း၍ စင်ကြယ်သည် ရှိသော်၊ ၃–(ဝိတက် စသည်ကို လွန်၍) ဖြူစင်သည်ရှိသော်၊ ၄–လာဘ်လာဘရလိုမှုစသော အကုသိုလ် အပြစ်ကင်းသည်ရှိသော်၊ ၅–တပ်မက်မှု(လောဘ) စသော စိတ်ဓာတ် ညစ်ညူးကြောင်း (ဥပက္ကိလေသ) ကင်းဝေးခဲ့သော်၊ ၆–ဈာန်သမာ ပတ်ကို အထပ်ထပ်လေ့လာခြင်းဖြင့် လျော်ပြီးသော ရွှေပမာ နူးညံ့၍ အလိုရှိရာ ပါသည်ရှိသော်၊ ၇–ဉာဏ်ဆယ်ပါးတို့ ဖြစ်ပွား လောက်အောင်

---

* **ဈာန်**။ ။ ဈာန်ဆိုသော စကားမှာ ဈာနဟူသော ပါဠိမှလာသည်၊ ဈာန ဟူသော ပါဠိသည် ၁–ဆန့်ကျင်ဘက် နီဝရဏ တရားတို့ကို အရှိန်အဝေ့ အစွမ်း သတ္တိကင်းအောင် လောင်ကြွမ်းတတ်သော တရား။ ၂–ကသိုဏ်းနိမိတ် စသော ကမ္မဋ္ဌာန်းအာရုံကို စူးစိုက် ကြည့်ရှုတတ်သော တရားဟူအဓိပ္ပါယ်ရှိ၏၊ ထို့ကြောင့် ဈာန်ဆိုသည်မှာ အလောင်းတရား, တည်ငြိမ်စွာ စူးစိုက်၍ ရှုကြည့် တတ်သော အကြည့်တရားဟု မှတ်ရာသည်။

ခံ့ကျန်း လုံလောက်သည်ရှိသော်၊ ဂ–ဘာဝနာ ကိစ္စပြည့်စုံ၍ မတုန် မလှုပ် တည်ငြိမ်သည် ရှိသော်၊ ဝိပဿနာဉာဏ်အမြင် အလို့ငှါ စိတ်ကို ရှေ့ရှုဆောင်၏၊ ထိုသို့ ရှေ့ရှုဆောင်သော ရဟန်းသည် "ဤ ငါ၏ ကိုယ်ကာယအား ရုပ်သာဖြစ်၏၊ မဟာဘုတ်လေးပါးကို အမှီပြု၏၊ အမိ အဖတို့၏ သုက်သွေးကြောင့် ဖြစ်ပေါ်ခဲ့ရ၏၊ ထမင်းမုယော မုန့်တို့ဖြင့် (အတအာဟာရ) ကြီးပွားခဲ့ရ၏၊ မမြဲသောသဘော, (အနံ့ဆိုးသဖြင့်) လိမ်းကျံပုံးလွှမ်းရခြင်းသဘော, နှိပ်နယ်ပြုပြင်ရခြင်းသဘော, ပျက်စီး ခြင်းသဘော, ဖရိုဖရဲ ပြိုကွဲတတ်ခြင်းသဘောရှိ၏၊ ငါ၏ ဤ အသိ ဝိညာဉ်သည် ဤကိုယ်ကာယ၌ မှီ၏၊ ဆက်စပ်၏" ဟု သိမြင်၏။

မြတ်သောမင်းကြီး....ဥပမာအားဖြင့် လှပသော, ဇာတိဖြစ်သော ကောင်းစွာသွေး၍ ပြုပြင်အပ်ပြီးသော, ကြည်လင်လှသော, အပေါက် ပေါက်ခြင်း စသော အခြင်းအရာ စုံပါသော ရှစ်မြှောင့် ပတ္တမြား ကြောင်မျက်ရွဲ၌ ညိုသော ချည်ကို ဖြစ်စေ၊ ဝါသောချည်, နီသောချည်, ဖြူသောချည်, ဖျော့တော့သောချည်ကို ဖြစ်စေ၊ သွတ်သွင်း ထိုးသီ၍ ထားရာ၏၊ ထိုပတ္တမြားကြောင်မျက်ရွဲကို မျက်စေ့အားကောင်းသော ယောကျ်ားတစ်ယောက်သည် လက်ပေါ်၌တင်ထား၍ ကြည့်ရှုသောအခါ ဤကား ပတ္တမြားကြောင်မျက်ရွဲ, ဤကား ပတ္တမြား ကြောင်မျက်ရွဲ၌ သွတ်သွင်း ထိုးသီ ထားသော ချည်ဟု သိမြင်သကဲ့သို့ပင် ဖြစ်ပေသည်။

မြတ်သောမင်းကြီး....ဤဝိပဿနာဉာဏ်အမြင်သည်လည်း ရှေ့ ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက်သာလွန်နှစ်သက် အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

**မနောမယဉာဏ် ကိုယ်ဖွဲ့ ဖန်ဆင်းခြင်း**

ထိုဈာန်သမာပတ်တို့ကို ရရှိသော ရဟန်းသည် (ရေးနည်းတူ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည် ရှိသော်) ဈာန်စိတ်ကြောင့် ဖြစ်သော (မနောမယ) ကိုယ်ခွဲတစ်ခုကို ဖန်ဆင်းခြင်းငှါ စိတ်ကို ရှေ့ရှုဆောက်တည်၏၊ ထိုရဟန်းသည် ဤ ကိုယ်ကာယမှ တစ်ပါးဖြစ်သော, ရုပ်သာဖြစ်သော, ဈာန်စိတ်ကြောင့် ဖြစ်ပေါ်သော, အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော, မျက်စိ

နား-နှာစသော ဣန္ဒြေတို့ ယုတ်လျော့ခြင်းလည်း မရှိသော, ကိုယ်ခွဲ တစ်ခုကို (မိမိကိုယ်နှင့် အလားတူ) ဖန်ဆင်းနိုင်၏။

မြတ်သောမင်းကြီး....ဥပမာအားဖြင့် ယောကျာ်းတစ်ယောက်သည် ဖြူဆံမြက်မှ အရိုးညှောက်ကိုနုတ်လိုက်ရာ၏၊ ထိုနောက် ထိုယောကျာ်း သည် "ဤကား ဖြူဆံမြက်၊ ဤကား ဖြူဆံမြက်၏ အရိုးညှောက်၊ ဖြူဆံ သည် တခြား, အရိုးညှောက်သည်တခြားသာ ဖြစ်၏၊ (သို့ရာတွင်) ဖြူဆံမြက်မှ သာလျှင် အရိုးညှောက်ကို နုတ်ယူအပ်၏"ဟု သိမြင်ရာ သကဲ့သို့ပင် ဖြစ်စေသည်။

မြတ်သောမင်းကြီး....ဥပမာ တစ်နည်း အားဖြင့် ယောကျာ်း တစ်ယောက်သည် သန်လျက်ကို အအိမ်မှ နုတ်ရာ၏၊ ထိုနောက်ထိုယောကျာ်း သည် "ဤကားသန်လျက်၊ ဤကား သန်လျက်အိမ်၊ သန်လျက်သည် တခြား, အအိမ်သည် တခြား ဖြစ်၏၊ (သို့ရာတွင်) အအိမ်မှသာလျှင် သန်လျက်ကိုနုတ်ယူအပ်၏" ဟုသိမြင်ရာသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး.... ဥပမာတစ်နည်း အားဖြင့် ယောကျာ်း တစ်ယောက်သည် မြွေကို ပခြုပ်မှ ထုတ်ယူရာ၏၊ ထိုနောက်ထိုယောကျာ်း သည် "ဤကား မြွေ၊ဤကားပခြုပ်၊ မြွေသည်တခြား, ပခြုပ်သည် တခြားသာ ဖြစ်၏၊ (သို့ရာတွင်) ပခြုပ်မှသာလျှင် မြွေကို ထုတ်ယူ အပ်၏"ဟု သိမြင်ရာသကဲ့သို့ ဖြစ်ပေသည်။ *

---

* **ပခြုပ်နှင့် မြွေရေလဲ။** ။ ဤဥပမာ၌ ကရဏ္ဍာဟု ပခြုပ်ဟောပါဠိ ရှိနေ သော်လည်း ပခြုပ်ကိုမယူရ၊ မြွေရေလဲကိုသာယူရမည်၊ မြွေရေလဲမှသာ မြွေနှင့် တူသည်၊ ထို့ပြင် ယောကျာ်းသည်မြွေကို မြွေရေလဲမှ ထုတ်ယူရာ၏ ဟု ဟော တော်မူရာ၌ လက်ဖြင့် မြွေကိုထုတ်ယူသည်ဟု မယူရ၊ မြွေရေလဲမှ မြွေကိုလက်ဖြင့် ထုတ်ယူ၍ မရနိုင်။ ၁-မြွေဇာတ်၌ တည်ခြင်း၊ ၂-သစ်ပင်ကြား သစ်တုံးကြား စသည်အမှီတစ်ခုခုကို ရရှိခြင်း၊ ၃-အရေကျွတ်အောင် အားထုတ် ကြိုးစားခြင်း၊ ၄-အရေဟောင်းကို စက်ဆုပ်ခြင်းဟူသော အင်္ဂါလေးပါးရှိမှသာ မြွေသည် အရေလဲနိုင်မည်ဟု အဋ္ဌကထာဖွင့်၏။

သို့ရာတွင် ပါဠိတော်အရှိနှင့် အဋ္ဌကထာဖွင့် နှစ်မျိုးလုံး သိရှိနိုင်စေရန် ပါဠိ တော်ကို ရှိတိုင်းပြန်ဆို၍ အဋ္ဌကထာကို အမှာထည့်သည်။

မြတ်သောမင်းကြီး....ဤကိုယ်ခွဲ ဖန်ဆင်းခြင်း မနောမယဉာဏ် သည်လည်း ရေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

**ဣဒ္ဓိဝိဓဉာဏ် တန်ခိုးဖန်ဆင်းခြင်း**

ထိုဈာန်သမာပတ်တို့ကို ရရှိသော ရဟန်းသည် (ရှေးနည်းတူအင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည် ရှိသော်) တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်းငှာ စိတ်ကို ရှေးရှုဆောက်တည်၏၊ ထိုရဟန်းသည် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်၏၊ တစ်ယောက်သာ ဖြစ်သော်လည်း အများအပြား ဖြစ်စေနိုင်၏၊ အများ အပြားပင် ဖြစ်သော်လည်း တစ်ယောက်သာဖြစ်စေနိုင်၏၊ မျက်မှောက်အရပ်, မျက်ကွယ် အရပ်, နံရံခြားသော အရပ်, တံတိုင်းခြားသော အရပ်, တောင်ခြားသော အရပ်၌လည်း ကောင်းကင် ဟင်းလင်းပြင်၌ ကဲ့သို့ မထိမခိုက် မငြိ မတွယ်ဘဲ သွားရောက်နိုင်၏၊ မြေ၌လည်း ရေ၌ကဲ့သို့ ငုပ်ခြင်း, ပေါ်ခြင်းကို ပြုနိုင်၏၊ ကောင်းကင်၌လည်း အတောင်ရှိသော ငှက်ကဲ့သို့ တင်ပလ္လင်ခွေဖြင့် သွားလာနိုင်၏၊ ဤသို့တန်ခိုးအာနုဘော် ကြီးမား ကြကုန်သော လ-နေတို့ကိုလည်း သုံးသပ်, ဆုပ်နယ်နိုင်၏၊ ဗြဟ္မာပြည် တိုင်အောင်လည်း ကိုယ်ကာယဖြင့် အလိုသို့ လိုက်စေနိုင်၏၊ (အလို ရှိသလိုသွားရောက်, ပြောဆိုနိုင်၏)။

မြတ်သောမင်းကြီး....ဥပမာအားဖြင့် လိမ္မာကျွမ်းကျင်သော အိုးထိန်းသည်, အိုးထိန်းသည်၏ တပည့်သည် ကောင်းစွာ နယ်အပ်ပြီး သော မြေဖြင့် အလိုရှိတိုင်းသော အိုးခွက်အထူးထူးတို့ကို ပြုလုပ်နိုင်ရာ သကဲ့သို့....

မြတ်သောမင်းကြီး.... ဥပမာ တစ်နည်းအားဖြင့် လိမ္မာကျွမ်းကျင် သော ဆင်စွယ် ပွတ်သမား, ဆင်စွယ်ပွတ်သမား၏ တပည့်သည် ကောင်းစွာ ပြုပြင်ထားအပ်ပြီးသော ဆင်စွယ်၌ အလိုရှိတိုင်းသော ဆင် စွယ်ရုပ် အထူးထူးတို့ကို ဖြစ်မြောက်ပြီးစီးစေနိုင်ရာသကဲ့သို့....

မြတ်သောမင်းကြီး...ဥပမာတစ်နည်းအား ဖြင့် လိမ္မာကျွမ်းကျင် သော ရွှေပန်းထိမ်ဆရာ, ရွှေပန်းထိမ်ဆရာ၏ တပည့်သည် ကောင်းစွာ ပြုပြင်အပ်ပြီးသော ရွှေ၌ အလိုရှိတိုင်းသော ရွှေတန်ဆာအထူးထူးတို့ကို ဖြစ်မြောက်ပြီးစီးစေနိုင်ရာသကဲ့သို့ပင် ဖြစ်ပေသည်။

မြတ်သောမင်းကြီး....ဤတန်ခိုးအမျိုးမျိုးဖန်ဆင်းခြင်း ဣဒ္ဓိဝိဓ ဉာဏ်သည်လည်း ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

**ဒိဗ္ဗသောတဉာဏ် အသံအမျိုးမျိုးကြားခြင်း**

ထိုဈာန်သမာပတ်တို့ကို ရရှိသော ရဟန်းသည် (ရှေးနည်းတူအင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည်ရှိသော်) နတ်ဖြစ် အကြားဓာတ် (ဒိဗ္ဗသောတဓာတ်) အလို့ငှာ စိတ်ကို ရှေးရှုဆောက်တည်၏၊ ထိုရဟန်းသည် စင်ကြယ်သော, လူတို့၏ အကြားဓာတ်(နား) ထက်လွန်သော နတ်ဖြစ်အကြားဓာတ်ဖြင့် လူသံ, နတ်သံ၊ အဝေးသံ, အနီးသံ ဟူသော အသံနှစ်မျိုးတို့ကို ကြားနိုင်၏။

မြတ်သောမင်းကြီး....ဥပမာ အားဖြင့် ခရီးရှည်သွားသော ယောကျ်ားသည် စည်ကြီးသံ, မုရိုးစည်သံ, ခရုသင်းသံ, ထက်စည်သံ, ဖားစည်းသံ တို့ကို ကြားရာ၏၊ ထိုယောကျ်ားသည်"ဤကား စည် ကြီးသံ၊ ဤကား မုရိုးစည်သံ၊ဤကား ခရုသင်းသံ၊ ဤကား ထက် စည်သံ၊ ဤကား ဖားစည်သံ" ဟု သိရှိရာသကဲ့သို့ပင် ဖြစ်ပေသည်။

မြတ်သောမင်းကြီး....ဤ နတ်ဖြစ် အကြားဓာတ် (ဒိဗ္ဗသောတ ဉာဏ်)သည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုး တို့ထက် သာလွန် နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

**စေတောပရိယဉာဏ် သူတစ်ပါး၏စိတ်ကိုသိခြင်း**

ထို ဈာန်သမာပတ် တို့ကို ရရှိသော ရဟန်းသည် (ရှေးနည်းတူ အင်္ဂါ ရှစ်ပါးတို့နှင့် ပြည့်စုံသည် ရှိသော်) သူတစ်ပါးတို့၏ စိတ်ကို ပိုင်းခြားသိမြင်ခြင်း (စေတောပရိယဉာဏ်) အလို့ငှါ စိတ်ကို ရှေးရှုဆောက်တည်၏၊ ထိုရဟန်းသည် တစ်ပါးသော သတ္တဝါတို့၏စိတ်ကို မိမိအဘိညာဉ် စိတ်ဖြင့် ပိုင်းခြား၍ သိမြင်၏၊ တပ်မက်ခြင်းရှိသော စိတ် (သရာဂစိတ်) ကိုလည်း တပ်မက်ခြင်း ရှိသော စိတ်ဟု သိ၏၊ တပ်မက်ခြင်း ကင်းသော စိတ် (ဝီတရာဂစိတ်) ကိုလည်း, အမျက်ဒေါသ ရှိသော စိတ်ကိုလည်း, (သဒေါသစိတ်) အမျက်ဒေါသ မရှိသော စိတ်ကိုလည်း, (ဝီတဒေါသ

စိတ်) မိုက်မဲတွေဝေခြင်းရှိသော စိတ်ကိုလည်း, (သမောဟစိတ်)၊ မိုက်မဲတွေဝေခြင်း မရှိသော စိတ်ကိုလည်း, (ဝီတမောဟစိတ်)၊ နယ်ကျဉ်းသော ကျုံ့သော စိတ်ကိုလည်း, (သံခိတ္တစိတ်)၊ ပျံ့လွင့်သော စိတ်ကိုလည်း, (ဝိက္ခိတ္တစိတ်)၊ ဈာန်ရုပ္ပဂ္ဂိုလ်ဖြတ်တို့ ရောက်အပ်သော စိတ်ကိုလည်း, ( မဟဂ္ဂတစိတ်)၊ ထိုသို့မဟဂ္ဂုတ်မဟုတ်သော စိတ်ကိုလည်း,(အမဟဂ္ဂတစိတ်) ၊ မိမိထက်အမြက်ရှိသေးသော စိတ်ကိုလည်း, (သဥတ္တရစိတ်)၊ မိမိထက် အမြတ်မရှိသော စိတ်ကိုလည်း, (အနုတ္တရစိတ် လောကုတ္တရာစိတ်)၊ တည်ငြိမ်သောစိတ်ကိုလည်း, (သမာဟိတစိတ်)၊ မတည်ငြိမ်သော စိတ်ကိုလည်း,(အသမာဟိတစိတ်) နီဝရဏကိလေသာတို့မှ လွတ်သော စိတ်ကိုလည်း, (ဝိမုတ္တစိတ်) နီဝရဏကိလေသာတို့မှ မလွတ်သော စိတ်ကိုလည်း (အဝိမုတ္တစိတ်) ဟုသိ၏။

မြတ်သောမင်းကြီး......ဥပမာအားဖြင့် ငယ်ရွယ်နုပျို၍ ပြင်ပြင်ဆင်ဆင်နေလေ့ရှိသော မိန်းမ, သို့မဟုတ်, ယောက်ျားသည် စင်ကြယ်ဖြူစင်သော မှန်၌ ဖြစ်စေ၊ ကြည်လင်သော ရေခွက်၌ ဖြစ်စေ၊ မိမိ၏မျက်နှာရိပ်ကို ကြည့်ရှုသည်ရှိသော် အပြစ်အနာအဆာရှိသော မျက်နှာကို အပြစ်အနာအဆာရှိသည်ဟု, အပြစ်အနာအဆာ မရှိသော မျက်နှာကို အပြစ်အနာအဆာ မရှိဟု, သိရာသကဲ့သို့ ဖြစ်လေသည်။

မြတ်သောမင်းကြီး...ဤသူတစ်ပါး၏ စိတ်ကို ပိုင်းခြားသိမြင်ခြင်း (စေတောပရိယဉာဏ်) သည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ရဟန်းပြုကျိုးတို့ထက် သာလွန် နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်လေသည်။

**ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**
**ရှေးဖြစ်ကိုသတိရခြင်း:**

ထိုရဟန်း သမာပတ် တို့ကို ရရှိသော ရဟန်းသည် (ရှေးနည်းတူ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည် ရှိသော်) ရှေးဘဝ ဇာတ်တို့ကို အောက်မေ့ သတိရခြင်း (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်) အလို့ငှာ စိတ်ကို ရှေးရှုဆောက်တည်၏၊ ထိုရဟန်းသည် များပြားလှစွာသော ရှေးဖြစ်ဘဝဇာတ်တို့ကို

အောက်မေ့သတိရ၏၊ ဤဘဝဇာတ်တို့သည် အဘယ်တို့နည်း ဟူမူ တစ်ခုသော ဘဝဇာတ်ကို, နှစ်ခုသော ဘဝဇာတ်တို့ကို, သုံးခုသော ဘဝဇာတ်တို့ကို, လေးခုသော ဘဝဇာတ်တို့ကို, ငါးခုသော ဘဝဇာတ်တို့ကို, ဆယ်ခုသော ဘဝဇာတ်တို့ကို, နှစ်ဆယ်သော ဘဝဇာတ်တို့ကို, သုံးဆယ်သော ဘဝဇာတ်တို့ကို, လေးဆယ်သော ဘဝဇာတ်တို့ကို, ငါးဆယ်သော ဘဝဇာတ်တို့ကို, တစ်ရာသောဘဝဇာတ်ကို, တစ်ထောင်သော ဘဝဇာတ်ကို, တစ်သိန်းသော ဘဝဇာတ်ကို, များစွာသော ကမ္ဘာပျက်ကပ်တို့ကို, (သံဝဋ္ဋ)၊ များစွာသော ကမ္ဘာဖြစ် ကပ်တို့ကို, (ဝိဝဋ္ဋ)၊ များစွာသော ကမ္ဘာပျက် ကမ္ဘာဖြစ်ကပ်တို့ကို, (သံဝဋ္ဋ ဝိဝဋ္ဋ) ဤမည်သော ဘဝ၌ ဖြစ်ခဲ့သည်၊ ဤသို့သော အမည်ရှိခဲ့သည်၊ ဤသို့သော အမျိုးအနွယ်ရှိခဲ့သည်၊ ဤသို့သော ရုပ်ဆင်းသဏ္ဌာန် ရှိခဲ့သည်၊ ဤသို့သော အစာအဟာရကို စားသောက်ခဲ့သည်၊ ဤသို့သော ချမ်းသာ, ဆင်းရဲကို ခံစားခဲ့ရသည်၊ ဤသို့သော အသက်တမ်းရှိခဲ့သည်၊ ထိုငါသည် ထိုဒုတိယဘဝမှ ဤဘဝသို့ ကပ်ရောက် ဖြစ်ပွားခဲ့ရသည်ဟု အကြောင်းအရာ ရည်ညွှန်းချက်တို့နှင့် တကွ များပြားလှစွာသော ရှေးဖြစ် ဘဝဇာတ်တို့ကို အောက်မေ့ သတိရ၏။

မြတ်သောမင်းကြီး...... ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် မိမိရွာမှ တခြားရွာသို့ သွားခဲ့ရာ၏၊ ထိုရွာမှလည်း ဒုတိယ တခြားရွာသို့ သွားခဲ့ရာ၏၊ ထိုဒုတိယ တခြားရွာမှ မိမိရွာသို့ ပြန်လာခဲ့ရာ၏၊* ထိုယောကျ်ားသည် "ငါကား မိမိရွာမှ ဤမည်သော တခြားရွာသို့ သွားခဲ့၏၊ ထိုရွာ၌ ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ တိတ်တိတ်နေခဲ့၏၊ ထိုတခြားရွာမှလည်း (တစ်ဖန်) ဒုတိယမြောက် တခြားရွာသို့ သွားခဲ့၏၊ ထိုဒုတိယ တခြားရွာ၌လည်း ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ပြောဆိုခဲ့၏၊ ဤသို့တိတ်တိတ်နေခဲ့၏၊ထိုငါသည် ထိုဒုတိယ တခြားရွာမှ မိမိရွာသို့ ပြန်လာခဲ့၏" ဟု အောက်မေ့ သတိရ သကဲ့သို့ ဖြစ်ပေသည်။

---

* **ရွာသုံးရွာ**။ ။ဤဥပမာ၌ ထင်ရှားစွာ သတိရနိုင်လောက်သော တစ်နေ့ခရီး ရွာသုံးရွာကို ဥပမာ ပြတော်မူသည်၊ မိမိရွာ တခြားရွာ, ဒုတိယတခြားရွာ သုံးရွာဖြစ်သည်။

ဖြတ်သောမင်းကြီး…… ဤရှေးဖြစ် ဘဝဇာတ်တို့ကို အောက်မေ့သတိရခြင်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ် သည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

**စုတူပပါတဉာဏ် (ဒိဗ္ဗစက္ခု) စုတိပဋိသန္ဓေအသေအဖြစ်ကိုသိခြင်း**

ထို ရှာန်သမာပတ် တို့ကို ရရှိသော ရဟန်းသည် (ရှေးနည်းတူ အင်္ဂါ ရှစ်ပါးတို့နှင့် ပြည့်စုံသည် ရှိသော်) သတ္တဝါတို့၏ စုတိပဋိသန္ဓေ အသေအဖြစ်ကို သိခြင်း (စုတူပပါတဉာဏ်) အလို့ငှာ စိတ်ကို ရှေးရှုး ဆောက်တည်၏၊ ထိုရဟန်းသည် လူတို့၏ မျက်စေ့ထက်လွန်သော စင်ကြယ်သော နတ်မျက်စိနှင့် တူသော အဘိဉာဏ်မျက်စိဖြင့် (ဒိဗ္ဗစက္ခု) စုတေသေလွန်ဆဲဖြစ်သော သတ္တဝါ, ပဋိသန္ဓေ နေဆဲဖြစ်သော သတ္တဝါ, ယုတ်သော သတ္တဝါ, မြတ်သော သတ္တဝါ, လှသော သတ္တဝါ, မလှသော သတ္တဝါ, ချမ်းသာသော သတ္တဝါ, ဆင်းရဲသော သတ္တဝါ, (သုဂတိ ဒုဂ္ဂတိ သတ္တဝါများ) တို့ကို သိမြင်၏၊ ကံအားလျော်စွာ လာရောက်ဖြစ်ပွားကြသော သတ္တဝါတို့ကိုလည်း "ဤသတ္တဝါတို့သည်ကာယကံ မကောင်းကျင့်, (ကာယဒုစရိုက်)၊ ဝစီကံ မကောင်းကျင့်, (ဝစီဒုစရိုက်)၊ မနောကံ မကောင်းကျင့်, (မနောဒုစရိုက်) တို့ ရှိခဲ့ကြကုန်၏၊ အရိယာ သူတော်ကောင်းတို့ကို ကဲ့ရဲ့ စွပ်စွဲခဲ့ကြ ကုန်၏၊ အယူမှားကို ယူဆစွဲလန်းကြကုန်၏၊ (မိစ္ဆာဒိဋ္ဌိ ဖြစ်ကြကုန်၏)၊ အယူမှားကို သူတစ်ပါးတို့အား ဟောကြားပြကျင့် စေကုန်၏၊ ထိုသတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေလွန်ကြပြီးနောက် ချမ်းသားကင်းရာ, မကောင်းသော လားရာ, ပျက်စီး၍ကျရာ ဖြစ်သော ငရဲသို့ လားရောက် ကြကုန်၏၊ ဤ သတ္တဝါတို့သည်ကား ကာယကံ အကျင့်ကောင်း, ဝစီကံ အကျင့်ကောင်း, မနောကံ အကျင့်ကောင်းတို့ ရှိခဲ့ကြကုန်၏၊ (ကာယ သုစရိုက်စသည်) အရိယာ သူတော်ကောင်း တို့ကို မကဲ့ရဲ့ မစွပ်စွဲကြကုန်၊ မှန်ကန်သော အယူဝါဒ ရှိကြကုန်၏၊ အယူမှန်ကို သူတစ်ပါးတို့အား ဟောကြား ပြကျင့် စေကြကုန်၏၊ ထိုသတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေလွန် ကြပြီးနောက် ကောင်းသော

လားရာ နတ်ရွာသုဂတိသို့ လားရောက်ကြကုန်၏” ဟု နတ်ဖြစ်မျက်စိနှင့်တူသော အဘိညာဉ်မျက်စိဖြင့် သိမြင်၏။

မြတ်သောမင်းကြီး…… ဥပမာအားဖြင့် လမ်းဆုံ လမ်းခွ အလယ်၌ ပြာသာဒ်တစ်ခု ရှိရာ၏၊ မျက်စိ အားကောင်းသော ယောက်ျားတစ်ယောက်သည် ထိုလမ်းဆုံ ပြာသာဒ်၌နေ၍ အိမ်သို့ ဝင်သောလူတို့ကိုလည်းကောင်း, ထွက်သောလူတို့ကိုလည်းကောင်း, လမ်းမ၌ သွားလာနေသော လူတို့ကိုလည်းကောင်း, လမ်းခွလယ်၌ထိုင်နေသော လူတို့ကိုလည်းကောင်း တွေ့မြင်ရာ၏၊ ထိုယောက်ျားသည် “ဤလူတို့ကား အိမ်သို့ ဝင်ကြကုန်၏၊ ဤလူတို့ကား ထွက်ကြကုန်၏၊ ဤလူတို့ကား လမ်းမ၌ သွားလာကြကုန်၏၊ ဤလူတို့ကားလမ်းခွလယ်၌ ထိုင်နေကြကုန်၏” ဟု သိမြင်ရာသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး…… ဤစုတိ ပဋိသန္ဓေ အသေအဖြစ်ကို သိခြင်း စုတူပပါတဉာဏ် သည်လည်း * ရှေးဖြစ်သော မျက်မြင်လက်တွေ့ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

**အာသဝက္ခယဉာဏ်**
**အာသဝေါကုန်ခန်းခြင်း**

ထိုဝိပဿနာ၏ အခြေခံ စတုတ္ထဈာန်ကို ရရှိပြီးသော ရဟန်းသည် (ရှေးနည်းတူအင်္ဂါ ရှစ်ပါး တို့နှင့် ပြည့်စုံသည် ရှိသော် အာသဝတရားတို့၏ ကုန်ခန်းရာဉာဏ် (အာသဝက္ခယဉာဏ်) အလို့ငှာ စိတ်ကို ရှေးရှု

* **စုတူပပါတဉာဏ်**။ ။ ဤဉာဏ်၌ စုတိပဋိသန္ဓေကို မြင်သည်မှာ စုတူပပါတဉာဏ်၊ ကံအားလျော်စွာ ဒုဂ္ဂတိ, သုဂတိသို့ လားရောက်ကြရပုံကို မြင်သည်မှာ ယထာကမ္မူပဂဉာဏ်၊ ထိုနှစ်ပါးလုံးသည်ပင် နတ်ဖြစ်မျက်စိမျိုးဖြင့်သာမြင်သိနိုင်သောကြောင့် ဒိဗ္ဗစက္ခုဉာဏ်ဟူ အမည်သုံးမျိုးပါဝင်သည်၊ ဤသို့ သုံးမျိုးယူမှ ဉာဏ် ၁၀ ပါး ပြည့်မည်၊ ရှေ့ဆုံးနှင့် နောက်ဆုံးကို လွှတ်၍ ရေတွက်လျှင် အဘိညာဉ်များသာ ဖြစ်ကြသည်ကို တွေ့ရလိမ့်မည်၊ အဘိညာဉ်ဆိုသည်မှာလည်း ဈာန်ပေါ်တွင် အခြေတည်သောအသိထူးဉာဏ်ပင်ဖြစ်၏၊ ဤရှစ်ပါးတွင်မနောမယကိုဣဒ္ဓိဝိဓ၌သွင်း၊စုတူပပါတနှင့်ယထာကမ္မူပဂကို ဒိဗ္ဗစက္ခု၌သွင်းလျှင် အဘိညာဉ်ငါးပါး၊ မနောမယကို သီးခြားယူ၍ အဘိညာဉ် ခြောက်ပါးဖြစ်၏၊ အချို့နေရာ၌ ဆေတောပရိယ ကို ပရစိတ္တဝိဇာနန အဘိညာဉ်ဟု ခေါ်ဝေါ်သေး၏။

ဆောက်တည်၏၊ ထိုရဟန်းသည် ၁–ဤကား ဆင်းရဲဒုက္ခတည်းဟု အမှန်အတိုင်း သိမြင်၏၊ ၂ – ဤကား ဆင်းရဲဒုက္ခ၏ အကြောင်းတရားတည်းဟု အမှန်အတိုင်း သိမြင်၏၊ ၃ – ဤကား ဆင်းရဲချုပ်ရာတည်း ဟု အမှန်အတိုင်း သိမြင်၏၊ ၄ – ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့် လမ်းစဉ်တည်း ဟု အမှန်အတိုင်း သိမြင်၏။

၁ – ဤသည်တို့ကား ယိုစီးဖြစ်ပွားတတ်သော (အာသဝ) တရားတို့တည်း ဟု အမှန်အတိုင်း သိမြင်၏၊ ၂ – ဤကား အာသဝတရား၏ အကြောင်းတရားဟု အမှန်အတိုင်း သိမြင်၏၊ ၃ – ဤကား အာသဝချုပ်ရာတည်းဟု အမှန်အတိုင်း သိမြင်၏၊ ၄ – ဤကား အာသဝချုပ်ရာသို့ ရောက်ကြောင်း အကျင့်လမ်းစဉ်တည်းဟု အမှန်အတိုင်း သိမြင်၏။

ဤသို့ (သစ္စာလေးပါးကို) သိမြင်သော ရဟန်း၏ စိတ်သည် ယိုစီးဖြစ်ပွားတတ်သော ကာမဂုဏ်ကို တပ်မက်မှု – ကာမာသဝ မှလည်း လွတ်မြောက်၏၊ ဘဝကို တပ်မက် တွယ်တာမှု – ဘဝါသဝ မှလည်း လွတ်မြောက်၏၊ အယူဝါဒ များယွင်းစွဲလမ်းမှု – ဒိဋ္ဌာသဝ မှလည်း လွတ်မြောက်၏၊ အမှန်ကိုမသိဘဲ မိုက်မဲတွေဝေမှု – အဝိဇ္ဇာသဝ မှလည်း လွတ်မြောက်၏၊ (ဤသို့ အာသဝ လေးပါးတို့မှ) လွတ်မြောက်သော အခါ၌ ငါသည် * အာသဝ တို့မှ လွတ်မြောက်ရပြီ ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ဘဝဇာတ် ကုန်ခန်းပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးခဲ့ပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးခဲ့ပြီ၊ ဤ သစ္စာကို သိမှုအတွက် တစ်ဖန်အားထုတ်ဖို့ မရှိပြီဟု သိမြင်၏။

မြတ်သော မင်းကြီး...... ဥပမာ အားဖြင့် တောင်ထိပ်၌ အလွန် ကြည်လင်သော ရေအိုင်တစ်အိုင် ရှိရာ၏၊ မျက်စိ အားကောင်းသော ယောကျ်ားတစ်ယောက်သည် ထိုရေအိုင်၏ ကမ်း၌ ရပ်လျက် သွားလာ လှုပ်ရှား၍ နေသော ခရု, ယောက်သွား, ငါးအပေါင်းကို လည်းကောင်း၊

---

* အာသဝ။ အာ+ သဝ = ဘုံအားဖြင့် ဘဝဂ်, တရားအားဖြင့် သောတာပတ္တိမဂ် စိတ်၏ရှေ့တွင်ကပ်၍ ဖြစ်ပေါ်သော ဂေါတြဘုစိတ်တိုင်အောင် ဖြစ်ပွားတတ်သော တရား၊ သို့မဟုတ် ကြာမြင့်စွာ စိမ်၍ ဖောက်ထားအပ်သော စိမ်ရည်နှင့်တူသောတရား။

ရပ်တည်နေသော ကျောက်ခဲ, အိုးချမ်းကွဲကိုလည်းကောင်း၊ ခရု, ယောက်သွား, ငါး အပေါင်းကိုလည်းကောင်း မြင်ရာ၏၊ ထိုယောကျ်ားသည် "ဤရေအိုင်ကား အလွန်တရာ ကြည်လင်လှပေ၏၊ ဤရေအိုင်၌ ဤခရု, ယောက်သွား, ကျောက်ခဲ, အိုးချမ်းကွဲ, ငါးအပေါင်းတို့သည် သွားလာလှုပ်ရှား၍လည်း နေကြ၏၊ ရပ်တည်၍လည်း နေကြ၏" ဟု သိမြင်ရာ သကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး .... ဤအာသဝက္ခယ ဉာဏ် သည်လည်း * ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် အထူးသဖြင့် နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

မြတ်သောမင်းကြီး...... ဤအာသဝက္ခယဉာဏ်ဟူသော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးထက် သာလွန်, မွန်မြတ်သော ရဟန်းပြုကျိုးကား မရှိတော့ပြီ။

**အဇာတသတ်မင်း သရဏဂုံ ဆောက်တည်ခြင်းနှင့် အပြစ်ကို ကန်တော့ခြင်း**

ဤသို့ ဟောကြားတော် မူပြီးသော အခါ အဇာတသတမင်းသည် မြတ်စွာဘုရားကို ဤသို့ လျှောက်၏။ "အရှင် ဘုရား အလွန် နှစ်သက်ဖွယ် ရှိလှ ပါပေသည်၊ အရှင်ဘုရား...... အလွန် နှစ်သက်ဖွယ် ရှိလှပါပေသည်၊ အရှင်ဘုရား၊...... ဥပမာအားဖြင့် မှောက်နေသော အရာကို လှန်၍ပြသကဲ့သို့, ဖုံးလွှမ်းနေသော အရာကို ဖွင့်ပြ သကဲ့သို့ မျက်စိလည် လမ်းမှားသော သူအား လမ်းကို ပြောကြားလိုက် သကဲ့သို့, မျက်စိအမြင် ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟူသော သဘောဖြင့် အမိုက်မှောင်၌ ဆီမီးကို ညှိထွန်းသကဲ့သို့, ဤအတူ မြတ်စွာဘုရားသည် များလှသော အကြောင်း ပရိယာယ်ဖြင့် အကျွန်ုပ်အား တရားဟောတော် မူပါပေသည်။

---

* **အာသဝက္ခယဉာဏ်**။ ။ အာသဝ+ ခယ+ ဉာဏ။ အာသဝကုန်ခန်းရာ အရဟတ္တဖိုလ်၌ ဖြစ်ပေါ်သော ဝရဇိန်နှင့် တူသောဉာဏ်။ အာသဝကို အပြီးသတ်ကုန်ခန်းအောင် ဖြတ်တောက်နိုင်သောဉာဏ်။

အရှင်ဘုရား…… အကျွန်ုပ်သည် မြတ်စွာဘုရားကို လည်းကောင်း၊ တရားသံဃာကို လည်းကောင်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ် သိမှတ်ပါသည်၊ အကျွန်ုပ်ကို ရာသက်ပန် သရဏဂုံတည်သော ဥပါသကာ ဟူ၍ မှတ်ယူတော် မူစေလိုပါသည်။

အရှင်ဘုရား……မိုက်မဲတွေဝေ မလိမ္မာသည့် အလျောက် အပြစ်ဒေါသသည် အကျွန်ုပ်ကို လွှမ်းမိုး ဖြစ်ပွားခဲ့ပါသည်၊ အကျွန်ုပ်သည် တရားစောင့်သည့်ပြင် တရားသဖြင့် မင်းဖြစ်လာတော်မူသော ခမည်းတော်ကို အစိုးရလိုမှု ဟူသော အကြောင်းကြောင့် (အာဏာ ရလိုသောကြောင့်) သတ်ဖြတ် စေခဲ့မိပါသည်၊ ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်ရှောက်ခြင်း အကျိုးငှာ မြတ်စွာဘုရားသည် အပြစ်အားဖြင့် ခံယူတော်မူပါလော့။ (သည်းခံတော်မူပါ)

ဗုဒ္ဓ။ ။ မြတ်သော မင်းကြီး….တကယ်အားဖြင့် သင်မင်းကြီးကို အပြစ် ဒေါသ လွှမ်းမိုး ခဲ့ပေသည်၊ တရားစောင့်သော တရားသဖြင့် မင်းဖြစ်၍ လာသော ခမည်းတော်ကိုပင် သတ်ဖြတ် စေခဲ့တော့သည်၊ သင်မင်းကြီးသည် အပြစ်ကို အပြစ်ဟု သိမြင်၍ တရားသဖြင့် ကုစားခြင်းကြောင့် ငါဘုရားသည် သင်မင်းကြီး၏ အပြစ်ကို အပြစ်အားဖြင့် ခံယူတော်မူသည်။

မြတ်သောမင်းကြီး…… အပြစ်ကို အပြစ်ဟု သိမြင်၍ တရားသဖြင့် ကုစားခြင်း, နောင် မဖြစ်အောင် စောင့်ရှောက် ထိန်းသိမ်းခြင်းသည် မြတ်စွာဘုရားတို့၏ အဆုံးအမတော်၌ ကြီးပွား တိုးတက်ကြောင်းပင် ဖြစ်ပေသည် ဟု မိန့်မြွက်တော်မူသည်။

အဇာတသတ်။ ။ အရှင်ဘုရား…… အကျွန်ုပ်တို့ ယခု သွားကြပါကုန်မည်၊ အကျွန်ုပ်တို့သည် ကိစ္စတာဝန်များသူများ ဖြစ်ကြပါသည် ဟု သွားရန် အခွင့်တောင်းသည်။

ဗုဒ္ဓ။ ။ မိမိ အချိန်ကာလကို သိ၍ သွားလိုက သွားနိုင်ပြီဟု ခွင့်ပြုတော်မူသည်။

အဇာတသတ်မင်းသည် တရားတော်ကို အလွန် နှစ်သက် ဝမ်းမြောက်၍ နေရာမှ ထကာ ပြန်လေ၏၊ အဇာတသတ်မင်း ပြန်သွား၍

မကြာမြင့်မီပင် မြတ်စွာဘုရားသည် "ရဟန်းတို့......ဤမင်းသည် မိမိကိုယ်ကို မိမိတူးဖြိုခဲ့လေပြီ၊ ဖျက်ဆီးခဲ့လေပြီ၊ ဤမင်းသည် ခမည်းတော်ကို မသတ်စေခဲ့လျှင် ဤနေရာမှာပင် မြူမှုန့် အညစ်အကြေး ကင်းသော တရားမျက်စိ (ဓမ္မစက္ခု) ဖြစ်ပေါ် ခဲ့ရာသည်၊ (သောတာပန် ဖြစ်ရာသည်။)

ဤသို့ မိန့်တော်မူရာ ရဟန်းတော်တို့သည် အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်၏။

**သာမညဖလသုတ် ပြီးပြီ၊**

# အမ္ဗဋ္ဌသုတ်

သည်ကိုပယ်ဖျက် တွန်းလှန်တော်မူပြီးလျှင် ဝိဇ္ဇာ အစစ်, စရဏ အစစ် ဖြစ်ထိုက်သော တရားတို့ကို အစီအစဉ်အတိုင်း ကျနစွာ ဝေဖန်ဟောကြားတော်မူခဲ့လေသည်။

ဤသုတ်ကို ဖတ်နာကြည့်ရှုလျှင် သိရှိနိုင်မည့် ပြဿနာစုမှာ……

၁။ ဇာတ်လေးမျိုးတို့တွင် အဘယ် ဇာတ်သည် အမြတ်ဆုံး ဖြစ်ပါသနည်း၊

၂။ သာကီဝင် ဆိုသည်မှာ အဘယ်မှစ၍ အဘယ်ကဲ့သို့ ဖြစ်ပေါ်ခဲ့ပါသနည်း။

၃။ ကဏှာယနမျိုးကို အဘယ်သူသည် အဘယ်သို့ တည်ထောင်ခဲ့ပါသနည်း၊

၄။ ဗေဒင်ကို အဘယ်ပုဂ္ဂိုလ်တို့ အစ ပထမ တီထွင်ခဲ့ကြပါသနည်း၊

၅။ ဝိဇ္ဇာနှင့် စရဏကား အဘယ်တရားများ ဖြင်ကြပါသနည်း၊

၆။ သာသနာဖျက်ရာရောက်သော ရသေ့လေးမျိုးတို့ကား အဘယ်ရသေ့မျိုးတို့ ဖြစ်ကြပါသနည်း၊

၇။ ဗုဒ္ဓဘုရား ဆိုသည်မှာ အဘယ် လက္ခဏာများနှင့် ပြည့်စုံရပါသနည်း၊

၈။ နတ်လူအပေါင်းတို့တွင် အဘယ်သို့သော ပုဂ္ဂိုလ်မျိုးသည် အမြတ်ဆုံး ဖြစ်ပါသနည်း။

အထက်ပါပြဿနာရပ်များမှာ ဤအမ္ဗဋ္ဌသုတ်ကို ဖတ်နာ ကြည့်ရှုလျှင် အလိုလို သဘောပေါက် လာမည့် ပြဿနာရပ်များပင် ဖြစ်ကြပေသည်။

ဤသုတ်သည် အမှန်အားဖြင့် ဗြာဟ္မဏဝါဒနှင့် ဗုဒ္ဓဝါဒတို့ ထိုးစစ်ဆင်နွှဲခဲ့ရာ စစ်မြေပြင်တစ်ရပ် ဖြစ်သည့်ပြင် ဝိဇ္ဇာစရဏ ဒေသနာတော်လည်း ဖြစ်ပေသည်။

ဤသုတ်၌ ဇာတ်ကိုစွဲ၍ မာန်စောင်တက်လှသော အမ္ဗဋ္ဌလုလင်အား ပရိသတ် အလယ်တွင် ကျွန်မ၏ သား ဖြစ်ကြောင်း ဝန်ခံရသည်အထိ ဖိနှိပ်၍ ပြောဆိုခြင်းမှာ လွန်စွာ စိတ်ဝင်စားဖွယ် ကောင်းလှ

ပေသည်၊ မဟာကရုဏာတော်ရှင် ဖြစ်သည့် ဗုဒ္ဓ မြတ်စွာဘုရားသည် ဒေါသ ခက်ထန် ကြမ်းကြုတ်လှ သော အာဋ္ဌာဝကနှင့် တွေ့စဉ်က အလွန် နူးညံ့ပျော့ပျောင်းစွာ ချွေချွတ်တော် မူခဲ့သော်လည်း ဤ၌ မာန ထက်သန် လှသော အမ္ဗဋ္ဌလုလင်ကို ခပ်မာမာမိန့်တော်မူ သည်မှာ သတိပြု မှတ်သားဖွယ် အချက် ဖြစ်ပေသည်။

နောက်ပိုင်း၌ ပေါက္ခရသာတိ ပုဏ္ဏားကြီးက တပည့်ဖြစ်သူ အမ္ဗဋ္ဌ အား မြတ်စွာဘုရားကို မရိုမသေ မချေမင့် ပြုမူရမည်လောဟု ခြေနှင့် ကန်ကြောင်းကို တွေ့မြင်ရမည်ဖြစ်ရာ ဖတ်ကြားသူတို့သည် အမ္ဗဋ္ဌအား ခပ်မာမာပင် မိန့်တော်မူသောဗုဒ္ဓမြတ်စွာဘုရား၏ မဟာကရုဏာတော်ကို မြော်ခေါ် စဉ်းစားနိုင်ကြလိမ့်မည် ဖြစ်ပေသည်။

အမျိုးလေးပါးတို့တွင် မင်းမျိုးသည် အမြတ်ဆုံး ဖြစ်သည်။ ဝိဇ္ဇာ စရဏနှင့် ပြည့်စုံသော သူသည်ကား လောကတွင် အမြတ်ဆုံး ဖြစ်သည်ဟု မိန့်ဆိုကာ ဝိဇ္ဇာနှင့် စရဏ တရားများကို ခွဲခြား၍ ဟောတော်မူသည် ဖြစ်ရာ၊ ဤသုတ်ကို ဖတ်ကြားနာယူလျှင် လောက၌ အဘယ်ပုဂ္ဂိုလ် အမြတ်ဆုံး ဖြစ်ကြောင်းနှင့် ပုဂ္ဂိုလ်မြတ် ဖြစ်နိုင်သည့် တရားများကိုပါ စုံလင်စွာ သိရှိနိုင်ကြပေသတည်း။

# ၃–အမ္ဗဋ္ဌသုတ်

| | | |
|---|---|---|
| သုတ်စဉ် | — | ၃– အမ္ဗဋ္ဌသုတ်။ |
| ဟောရာ အချိန် | — | နေမွန်းလွဲချိန်။ |
| ဟောရာအရပ် | — | ကောသလတိုင်း, ဣစ္ဆာနင်္ဂလ ပုဏ္ဏားရွာ အနီး, ဣစ္ဆာနင်္ဂလ တောအုပ်။ |
| ဟောသည့် ပုဂ္ဂိုလ် | — | မြတ်စွာဘုရား။ |
| နာယူသည့် ပရိသတ် | — | အမ္ဗဋ္ဌလုလင်နှင့် အဖော်များ၊ ပေါက္ခရသာတိ နှင့် အခြွေအရံများ၊ |
| ဟောခြင်းအကြောင်း | — | အမ္ဗဋ္ဌလုလင်၏ ဝိဇ္ဇာစရဏ ပြဿနာ။ |
| ဟောသည့် တရား | — | အမျိုးလေးပါး တို့တွင် မင်းမျိုးသာ မြတ်ကြောင်း၊ သာကီဝင်တို့၏ ရာဇဝင်၊ ကဏှာယနမျိုး၏ ရာဇဝင်၊ ဝိဇ္ဇာစရဏများ၊ ဗေဒင်ပြုရသေ့များ နှင့် သာသနာ ပျက်စီးကြောင်း ရသေ့လေးမျိုး။ |

## အဏ္ဍုပ္ပတ္တိနိဒါန်း

**ဗုဒ္ဓ၏ဝုဏ်သတင်း** အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း၌ ရဟန်း ငါးရာတို့နှင့် အတူ ဒေသစာရီကြွချီတော်မူရာ ကောသလတိုင်း အဝင်အပါ ဣစ္ဆာနင်္ဂလ ပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ဣစ္ဆာနင်္ဂလပုဏ္ဏားရွာ အနီး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးတော်မူ၏။

ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် ဥက္ကဋ္ဌမြို့ကို အုပ်ချုပ်နေထိုင်လျက်ရှိ၏၊ ဥက္ကဋ္ဌမြို့ကလေးသည် လူဦးရေ ပေါများ၍ မြက်, ထင်း, ရေ, ဆန်, စပါးနှင့် ပြည့်စုံ၏၊ ပသေနဒီကောသလမင်းကြီးသည်

သူ့အား အပိုင်စား ကျေကျေနပ်နပ်ပေးသနားတော်မူအပ်သောမြို့ ဖြစ်ပေ၏။

ထိုသို့ မြတ်စွာဘုရား ကြွရောက်တော်မူလာသောအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် ဗုဒ္ဓ၏ သတင်းကောင်းကို (ချက်ချင်းပင်) ကြားသိခဲ့လေ၏၊ ထိုသတင်းမှာ..... သာကီဝင် မင်းမျိုးမှ ရဟန်းပြု လာသော သာကီဝင် မင်းသားရဟန်း ဂေါတမသည် ရဟန်းငါးရာတို့နှင့် အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်လာရာ ယခုအခါ ဣစ္ဆာနင်္ဂလရွာသို့ ရောက်လာ၍ ဣစ္ဆာနင်္ဂလ တောအုပ်၌ သီတင်းသုံးတော်မူ၏၊ ထိုအရှင် ဂေါတမ၏ အရဟံ စသော ဂုဏ်တော်ကိုးပါး တို့နှင့် ပြည့်စုံကြောင်း ကောင်းမြတ်သော ကျော်စော သတင်းမှာ ဘဝဂ်မဆုံ ပျံ့နှံ့၍ တက်၏၊ ထိုအရှင် ဂေါတမသည် လူ နတ် ဗြဟ္မာ ဟူသော ဤလောကကို ရဟန်း ပုဏ္ဏားနှင့် တကွ နတ် လူ ဗြဟ္မာ သတ္တဝါ အပေါင်းကို ကိုယ်တိုင် ဒိဋ္ဌ သိမြင်တော်မူပြီးမှ သူတစ်ပါးတို့အား သိရှိကြစေရန် ဟောကြား၏၊ ထိုအရှင် ဂေါတမသည် အစ, အလယ်, အဆုံး, သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသော , အနက်, သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟော၏၊ လုံးဝ ပြည့်စုံသော စင်ကြယ်သည့် အကျင့်မြတ်ကို ပြသတော်မူ၏၊ ထိုသို့သော ရဟန္တာ ပုဂ္ဂိုလ်တို့ကို ဖူးမြင်ရခြင်းသည် စင်စစ် ကောင်းမြတ်လှပေ၏ ဟူသော သတင်းပင် ဖြစ်ပေ၏။

**အမ္ဗဋ္ဌလုလင်ကို အစုံစမ်း လွှတ်ခြင်း**

ထိုအချိန်၌ ပေါက္ခရသာတိ ပုဏ္ဏားအား အမ္ဗဋ္ဌ အမည်ရှိသော အတွင်းနေ တပည့်လုလင် တစ်ယောက်ရှိ၏၊အမ္ဗဋ္ဌသည် ဗေဒင်ကိုရွတ်ဖတ်သရဇ္ဈာယ်၏၊ ဗေဒင်ကို (မန္တန်ကို) ဆောင်၏၊ အဘိဓာန်ကျမ်း, အလင်္ကာကျမ်း, သိက္ခာကျမ်း, နိရုတ္တိကျမ်း, ဣတိဟာသ ခေါ် ပုရာဏ်ကျမ်းတို့နှင့် တကွ ဗေဒင် သုံးပုံတို့၏ ပါရဂူဖြစ်၏၊ ဗေဒင်ကိုလည်း သင်ကြား၏၊ ဗျာကရဏ်းကျမ်းကိုလည်း သင်ကြား၏၊ လောကာယတကျမ်း, မဟာပုရိသလက္ခဏာကျမ်းတို့၌လည်း အကြွင်းမဲ့ တတ်ကျွမ်း၏၊ မိမိဆရာ၏ ဥစ္စာဖြစ်သော တေဝိဇ္ဇာ ခေါ် ဗေဒင်သုံးပုံတို့၌ "ကျွန်ုပ်သိသမျှ သင်သိသည် သင်သိသမျှသာ ကျွန်ုပ်သိသည်ဟု ဆရာကလည်း ခွင့်ပြု၏၊ မိမိကိုယ်တိုင်ကလည်း ဝန်ခံ၏။

ထိုသတင်းကို ကြားသိရသောအခါ ပေါက္ခရသာတိပုဏ္ဏားသည် အမ္ဗဋ္ဌလုလင်ကို ဤသို့ ပြောဆိုစေလွှတ်၏။

ပေါက္ခရ။ ။ အမောင်–အမ္ဗဋ္ဌ..... သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ကောသလတိုင်း၌ ဒေသ စာရီ လှည့်လည်လာရာ ယခုအခါ ဣစ္ဆာနင်္ဂလ ပုဏ္ဏားရွာသို့ ရောက်၍ ဣစ္ဆာနင်္ဂလ တောအုပ်၌ သီတင်းသုံးလျက် ရှိ၏၊ ထိုရဟန်းဂေါတမသည် အရဟံစသော ဂုဏ်တော်ကိုးပါး တို့နှင့် ပြည့်စုံကြောင်း ကျော်စောသော အသံသည် ဘဝဂ်မဆုံ ပျံ့နှံ့၍ တက်၏၊ ထိုရဟန်းဂေါတမသည် လောကသုံးပါးနှင့် လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းကို ကိုယ်တိုင်သိ၍သူတစ်ပါးတို့အား ဟောကြား၏၊ အစ, အလယ်, အဆုံး, သုံးပါးလုံး ကောင်းမြတ်သော တရားကို ဟော၏၊ လုံးဝ ပြည့်စုံ၍ စင်ကြယ်သော အကျင့်မြတ်ကို ပြသလျက် ရှိ၏၊ ထိုကဲ့သို့သော ရဟန္တာတို့အား ဖူးမြင်ရခြင်းသည် ကောင်းမြတ်၏ဟု ကြားသိရပေသည်၊ အမောင်သည် ရဟန်းဂေါတမ ထံသို့ သွား၍ ရဟန်းဂေါတမသည် ထိုဂုဏ်မျိုး ရှိ၍သာ ကျော်စောသလော၊ မရှိဘဲ ကျော်စောသလော၊ ကျော်စောသည့် ဂုဏ်နှင့် ညီမညီ သိအောင် ပြုချေလော၊ အမောင် ကြည့်ရှု စုံစမ်း၍ ပြောဆိုသည့် စကားဖြင့် ငါတို့ သိရပေမည်။

အမ္ဗဋ္ဌ။ ။ အိုဆရာ အရှင်..... ထိုအရှင်ဂေါတမသည် ထိုသို့ ကျော်စောသော ဂုဏ်မျိုး အမှန်ထင်ရှား ရှိ၍သာ ကျော်စောသည် သို့မဟုတ်, ထိုဂုဏ်မျိုး ထင်ရှားမရှိဘဲ ကျော်စောသည်၊ အရှင်ဂေါတမသည် ကျော်စောသည့်ဂုဏ်နှင့် ကိုက်ညီသည် မကိုက်ညီသည်ကို အဘယ်သို့ သိနိုင်ပါမည်နည်း။

ပေါက္ခရ။ ။ အမောင်အမ္ဗဋ္ဌ.....ငါတို့၏ ဗေဒင်ကျမ်းတို့၌ မဟာပုရိသ လက္ခဏာ ၃၂– ပါးတို့ လာရှိ ကြပေသည်၊ ထို မဟာပုရိသ လက္ခဏာ ၃၂– ပါး တို့နှင့် ပြည့်စုံသောသူသည် လူ့ဘောင်၌ နေခဲ့ပါလျှင် စကြာမင်းကြီး ဖြစ်တတ်၏၊ ရဟန်းပြုခဲ့ပါလျှင်လည်း လောက၌ ဝင့်မြစ်ပြတ်သော သမ္မာသမ္ဗုဒ္ဓ ဘုရားအစစ် ဖြစ်တတ်ပေသည်၊ ငါသည် ဗေဒင်တို့ကို သင်ချစ်သားအား သင်ကြားပေးခဲ့ပြီးပြီ၊ သင်ချစ်သားလည်း သင်ယူခဲ့ပြီးပြီ။

**အမ္ဗဋ္ဌလုလင် မြတ်စွာ ဘုရားထံ ရောက်ခြင်း**

ထိုနောက် အမ္ဗဋ္ဌ လုလင်သည် ကောင်းပါပြီဟု တာဝန်ခံပြီးလျှင် နေရာမှ ထ၍ ပေါက္ခရသာတိ ပုဏ္ဏားအား ရှိခိုး၊လကျ်ာရစ် လှည့်ပြီးနောက် မြည်းမ တပ်သော မြည်းရထားကို တက်စီး၍ များစွာသော လုလင်တို့နှင့်အတူ ဣစ္ဆာနင်္ဂလ တောအုပ်သို့ ထွက်သွား၏၊ ယာဉ်မစီးသင့်သော နေရာသို့ ရောက်လျှင် ယာဉ်မှ ဆင်းသက်၍ ကျောင်းတိုက်သို့ ခြေလျင်ဝင်၏၊ ထိုအချိန်တွင် ရဟန်းတော် အများတို့သည် လွင်ပြင်၌ စင်္ကြံ ကြွတော်မူလျက် ရှိကြ၏။

အမ္ဗဋ္ဌ။ ။ အရှင်တို့.....ယခု အရှင်ဂေါတမ အဘယ်မှာ သီတင်းသုံးပါသနည်း၊ ကျွန်ုပ်တို့သည် အရှင်ဂေါတမကို ဖူးမြင်ရန် ဤကျောင်းသို့ ရောက်လာကြပါသည်။

ရဟန်းများ။ ။ အမ္ဗဋ္ဌသည် ထင်ရှားသော အမျိုးကောင်းသား ဖြစ်သည့်ပြင် ထင်ရှားသော ပေါက္ခရသာတိ ပုဏ္ဏား၏ တပည့်လည်း ဖြစ်၏၊ထိုပုဂ္ဂိုလ်မျိုးနှင့်စကားပြောဆိုရန် မြတ်စွာဘုရားအား ဝန်လေးခြင်း ရှိမည် မဟုတ်ဟု နှလုံးသွင်းကြပြီးလျှင်၊ "အိုအမ္ဗဋ္ဌ..... ဤတံခါး ပိတ်ထားသော ကျောင်းသို့ တိုးတိုး သက်သာ ချဉ်းကပ်၍ တံခါးမုခ်သို့ ဖြည်းဖြည်း ဝင်သွားပြီးလျှင် ချောင်းသံပြု၍ တံခါးရွက်ကို ခေါက်လော့၊ သင်အား မြတ်စွာဘုရားသည် တံခါးဖွင့်၍ ပေးလိမ့်မည်"။

အမ္ဗဋ္ဌသည် ရဟန်းတော်တို့ ပြောဆိုသည့်အတိုင်း သွား၍ တံခါးကို ခေါက်၏၊ မြတ်စွာဘုရားသည် တံခါးကို ဖွင့်တော်မူ၏၊ အမ္ဗဋ္ဌ လုလင်သည် ကျောင်းတွင်းသို့ ဝင်သောအခါ အဖော်လုလင်တို့လည်း ကျောင်းတွင်းသို့ ဝင်ကြ ပြီးလျှင် မြတ်စွာဘုရားနှင့် ဝမ်းမြောက် ဝမ်းသာ ပြောဆို နှုတ်ဆက်၍ သင့်ရာ၌ ထိုင်ကြကုန်၏၊ အမ္ဗဋ္ဌ လုလင်သည်ကား လမ်းလျှောက်လျက်လည်း ထိုင်နေတော်မူသော မြတ်စွာဘုရားနှင့် စကား အနည်းငယ် အနည်းငယ် ပြောဆိုနှုတ်ဆက်၏၊ ရပ်လျက်လည်း ထိုင်နေတော်မူသော မြတ်စွာဘုရားနှင့် စကားအနည်းငယ် အနည်းငယ် ပြောဆို နှုတ်ဆက်၏။

**မြတ်စွာဘုရားအား မထီလေးစား ပြုလုပ်ခြင်း**

ဗုဒ္ဓ။ ။ အို အမ္ဗဋ္ဌ…သင်သည် သွားကာ ရပ်ကာ ထိုင်သော ငါဘုရားနှင့် စကား အနည်းငယ် အနည်းငယ် ပြောဆို နှုတ်ဆက်သကဲ့သို့ပင် အသက်, ဂုဏ် ကြီးရင့်သော သင်၏ ဆရာ့ဆရာပုဏ္ဏားတို့နှင့် စကား ပြောဆိုလေ့ ရှိပါသလော။

အမ္ဗဋ္ဌ။ ။ အိုအရှင်ဂေါတမ…..ဤသို့ပြောဆိုလေ့ မရှိပါ။ သွားနေသော ပုဏ္ဏားသည် သွားနေသော ပုဏ္ဏားနှင့် ရပ်နေသော ပုဏ္ဏားသည် ရပ်နေသော ပုဏ္ဏားနှင့် ,ထိုင်နေသော ပုဏ္ဏားသည် ထိုင်နေသောပုဏ္ဏားနှင့်, လျောင်းနေသော ပုဏ္ဏားသည် လျောင်းနေသော ပုဏ္ဏားနှင့်သာ စကားပြောဆို ထိုက်ပေသည်၊ သူကြွယ်မျှသာ ဖြစ်ကြကုန်သော, မည်းနက်သော ကဏှဇာတ် ရှိကြကုန်သော, ဗြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားလာကြကုန်သော, *ဦးပြည်း (ကတုန်း) ရဟန်းယုတ်တို့နှင့် ပြောဆိုသောအခါ အရှင်ဂေါတမနှင့်ပြောဆိုသကဲ့သို့သာ ပြောဆိုပေသည်။

ဗုဒ္ဓ။ ။ **အို** အမ္ဗဋ္ဌ….သင်သည် ကိစ္စရှိ၍သာ ဤနေရာသို့ လာခဲ့ခြင်း ဖြစ်ပေသည်၊ သင်လာခဲ့ရင်း ကိစ္စကိုသာ ကောင်းစွာ နှလုံးသွင်း စဉ်းစားသင့်ပေသည်၊ အချင်းတို့….. ဤအမ္ဗဋ္ဌလုလင်သည် (ဆရာကောင်းထံ၌) မနေဖူး ပါဘဲလျက် နေထိုင်ဖူးသူဟု ထင်မှတ်နေ၏၊ (ဤသို့ ရိုင်းစိုင်းစွာ ပြုမူမှု၌ ဆရာကောင်းထံ) မနေခဲ့ဖူးဟူသော စကားမှ တစ်ပါး အဘယ်စကားကို ပြောဆိုဖို့ ရှိသေးသနည်း။

ဆရာသမားကောင်းတို့ ထံ၌ မနေဖူး ဟူသော အဝုသိတ ဝါဒဖြင့် ပြောဆိုခြင်း ခံရသောအခါ အမ္ဗဋ္ဌလုလင်သည် အမျက်ဒေါသ ထွက်၍ မြတ်စွာဘုရားကိုပင် ကဲ့ရဲ့ စွပ်စွဲလို သောကြောင့် ငါသည် ရဟန်း ဂေါတမကို ယုတ်ညံ့သွားစေမည် ဟူသော စိတ်ထားဖြင့် ဤသို့ ဆို၏၊

---

* ဗြာဟ္မဏဝါဒ။ အမ္ဗဋ္ဌ ယုံကြည်သော ဗြဟ္မဏဝါဒ၌ ပုဏ္ဏားမျိုးသည် ဗြဟ္မာ၏ ပါးစပ်မှ မွေးဖွားသည် မင်းမျိုးသည် ဗြဟ္မာ၏ ရင်မှ, ကုန်သည်မျိုးသည် ဗြဟ္မာ၏ချက်မှ, ဆင်းရဲသားမျိုးသည် ဗြဟ္မာ၏ ဒူးမှ, ရဟန်းသည် ဗြဟ္မာ၏ ခြေဖမိုးမှ မွေးဖွားသည်။ (စ၍ ဖြစ်ပေါ်သည်)ဟု ဆိုသတတ်။

အိုအရှင် ဂေါတမ.....သာကီဝင်မင်းမျိုးသည် ခက်ထန်, ကြမ်းကြုတ်၏၊ စိတ်နှလုံး ပေါ့ဆ၏၊ (မလေးနက်)၊ စကားများ၏၊ သူကြွယ်မျိုးမျှသာ ဖြစ်ပါလျက် ပုဏ္ဏားတို့ကို ကောင်းစွာ မပြုမူကြကုန်၊ မလေးစားကြကုန်၊ မမြတ်နိုး, မပူဇော်, မရိုသေကြကုန်၊ ဤအချက်သည် မသင့်လျော် မလျောက်ပတ်သော အချက်ပင် ဖြစ်တော့သည်။

ဤသို့လျှင် အမ္ဗဋ္ဌလုလင်သည် သာကီဝင်တို့၌ သူကြွယ် ဟူသော စကားလုံးကို ပထမအကြိမ် ကျရောက်စေ၏။

**သာကီဝင်တို့၏ ဇာတိမာန်**

ဗုဒ္ဓ။ ။ အိုအမ္ဗဋ္ဌ..... သင်အား သာကီဝင် တို့သည် အဘယ်သို့ ပြစ်မှားခဲ့ဖူး ကြကုန်သနည်း။

အမ္ဗဋ္ဌ။ ။ အို အရှင်ဂေါတမ..... အကျွန်ုပ်သည် အခါတစ်ပါး၌ ဆရာဖြစ်သူ ပေါက္ခရသာတိ ပုဏ္ဏား၏ ကိစ္စဖြင့် ကပိလဝတ်မြို့သို့ သွားရောက် ခဲ့ပါသည်။ ထို့နောက် သာကီဝင် တို့၏ စည်းဝေးရာ အဆောက်အအုံသို့ ရောက်သွားခဲ့ပါသည်၊ ထိုအချိန် တွင် ထိုအဆောက်အအုံ၌ သာကီဝင်မင်း သာကီဝင် မင်းသားငယ် အများ တို့သည် မြင့်သောနေရာတို့၌ အချင်းချင်းကလိထိုး၍ ပြင်းထန်စွာ ရယ်ရွှင် မြူးတူးကြကုန်လျက် ထိုင်နေကြပါသည်၊ အမှန်စင်စစ်အားဖြင့် အကျွန်ုပ် ကိုပင် ပြောင်လှောင် ရယ်မောကြသည်ဟု ထင်ရပါသည်၊ အကျွန်ုပ်ကို တစ်စုံတစ်ယောက်မျှ နေရာဖြင့် ဖိတ်မန္တက ပြုခြင်း မရှိပါ သာကီဝင် တို့သည် သူကြွယ်မျှသာ ဖြစ်ကြပါကုန်လျက် ဤကဲ့သို့ ပုဏ္ဏားတို့အား မရိုမသေ, မလေးမစားခြင်းမှာ မသင့်လျော် မလျောက်ပတ်သော အချက်ပင် ဖြစ်ပေသည်။

ဤသို့လျှင် သာကီဝင်တို့၌ သူကြွယ်ဟူသော စကားလုံးကို ဒုတိယ အကြိမ် ကျရောက်စေပြန်၏။

ဗုဒ္ဓ။ ။ အိုအမ္ဗဋ္ဌ.....ဗိလုံး ငှက်မကလေးပင်လျှင် သူ၏ အသိုက်၌ အလိုရှိတိုင်း အော်မြည်တတ်သေး၏၊ ဤ ကပိလဝတ်မြို့ကား သာကီဝင် တို့၏ စိုးပိုင်ရာ အရပ် ဖြစ်ပေသည်၊ အမောင်အမ္ဗဋ္ဌသည် ဤအနည်းငယ် မျှသော အကြောင်းဖြင့် မကျေနိုင်အောင် ရန်ငြိုးမဖွဲ့ ထိုက်ပေ။

အမ္ဗဋ္ဌ။ ။ အိုအရှင်ဂေါတမ.....မင်း, ပုဏ္ဏား, ကုန်သည်, ဆင်းရဲသား, ဟူ၍ အမျိုး လေးပါးရှိရာ၌ ကျန်သော အမျိုးသုံးပါးတို့သည် ပုဏ္ဏား၏ အလုပ်အကျွေးများသာ ဖြစ်ကြပေသည်၊ သာကီဝင် တို့သည် သူကြွယ် များသာ (မင်းမခေါ်လောက် ဟူလို) ဖြစ်ကြကုန်လျက် ပုဏ္ဏားတို့အား မရိုသေ, မလေးစားခြင်းမှာ မသင့်လျော်မလျောက်ပတ်သော အချက်ပင် ဖြစ်ပေသည်။

ဤသို့လျှင် သာကီဝင်တို့၌ သူကြွယ်ဟူသော စကားလုံးကို တတိယ အကြိမ် ကျရောက်စေပြန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအမ္ဗဋ္ဌကား သာကီဝင်တို့၌ သူကြွယ်ဟူသော စွပ်စွဲချက်ဖြင့် အလွန်လျှင် ရှုတ်ချဘိ၏၊ သူ၏ အမျိုး အနွယ်ကို မေးဦးမှ သင့်မည်ဟု အကြံဖြစ်တော်မူ၏။

ဗုဒ္ဓ။ ။ အိုအမ္ဗဋ္ဌ.....သင်သည် အဘယ်အမျိုးအနွယ် ရှိသနည်း။

အမ္ဗဋ္ဌ။ ။ ကျွန်ုပ်သည် ကဏှာယနမျိုး ဖြစ်ပေသည်။

## သာကီဝင်တို့၏ အတ္ထုပ္ပတ္တိ

**အမ္ဗဋ္ဌ၏ မာနကို ချိုးတော်မူခြင်း**

ဗုဒ္ဓ။ ။ အိုအမ္ဗဋ္ဌ.....သင်၏ မိဘမှ လာသော ရေးအမည် အမျိုးကို ဆင်ခြင်လိုက်သော် သာကီဝင်တို့ သည် သင်၏အရှင့်သားများ ဖြစ်ကြ၍ သင်သည် သာကီဝင်တို့၏ ကျွန်မသား ဖြစ်နေပေသည်။

အိုအမ္ဗဋ္ဌ..... သာကီဝင်တို့သည် ဥက္ကာက မင်းကြီးကို ဘိုးတော် အရာ၌ထားကြကုန်၏၊ ရှေးက ဖြစ်ဖူးသည်မှာ ဥက္ကာကမင်းကြီးသည် ချစ်မြတ်နိုးတော် မူသော မိဖုရား၏ သားတော်အား မင်းစည်းစိမ်ကို ဆောင်နှင်း ပေးအပ်လို သဖြင့် ဥက္ကာမုခ, ကရကဏ္ဍု, ဟတ္ထိနိက, သိနိသူရ ဟူသော သားတော်ကြီး လေးယောက် တို့ကို တိုင်းပြည်မှ

နှင်ထုတ်တော်မူ ၃်၏၊ ပြည်နှင်ခံရသော ထိုမင်းသားတို့သည် ဟိမဝန္တာ၏ နံဘေး ရေကန် တစ်ကန်၏ ကမ်း၌ ကျွန်းတောကြီး တစ်ခုရှိရာ ထို ကျွန်းတောကြီး၌ နေထိုင်ကြကုန်၏၊ ထိုမင်းသားတို့သည် အမျိုးဇာတ် ပျက်စီးမည်မှ ကြောက်ခြင်းကြောင့် မိမိတို့၏ နှမတော် အရင်းများနှင့် ပေါင်းသင်း နေထိုင်ကြကုန်၏။ *

ထိုနောက် ဥက္ကာက မင်းကြီးသည် အချင်းတို့ .....ယခုမင်းသားတို့ အဘယ်မှာ နေကြကုန်သနည်းဟု မေးတော်မူသဖြင့် မှူးမတ် ပရိသတ် တို့သည် အရှင်မင်းကြီး မင်းသားတို့သည် ဟိမဝန္တာနံဘေး ရေကန် တစ်ကန်၏ ကမ်းနဖူး ကျွန်းတောကြီး၌ ယခု နေထိုင်ကြပါသည်။ ထို မင်းသား တို့သည် အမျိုးဇာတ် ပျက်စီးမည်မှ ကြောက်ခြင်းကြောင့် မိမိတို့၏ နှမတော် အရင်းများနှင့်ပေါင်းသင်း နေထိုင်ကြပါသည် ဟု လျှောက်တင်ကြကုန်၏။

အိုအမွှ...... ထိုအခါ ဥက္ကာက မင်းကြီးသည် အချင်းတို့ ...... မင်းသားတို့သည် (အမျိုးကို) စောင့်စွမ်း နိုင်ကြပေကုန်စွ တကား၊ မင်း သား တို့သည် (အမျိုးကို) စောင့်စွမ်း နိုင်ကြပေကုန်စွ တကား ဟု ဥဒါန်းကျူးတော်မူ၏၊ ထိုအချိန်မှ အစပြု၍ (ထိုသကျာဝတ ဟူသော စကားမှ အစပြု၍) သာကီဝင်(သကျ) မျိုး ဟူ၍ ထင်ရှားခဲ့ကြကုန်၏၊ ထိုဥက္ကာက မင်းကြီးသည် သာကီဝင်တို့၏ အစဦး ဖြစ်သော ယောကျာ်း တည်း။

---

* သာကီဝင်များ။ ။ မင်းသားတို့နှင့် အတူ နှမတော် ငါးယောက်, စိတ်သဘောတူသော မှူးမတ် အခြွေအရံတို့ ပါသွားကြ၏၊ နှမတော် အကြီးဆုံးကို အမိအရာ၌ထား၍ အငယ် လေးယောက်တို့နှင့် မင်းသားလေးယောက်တို့ ပေါင်းသင်း နေထိုင်ကြသည်၊ နောင်ဒေ၀ဒဟပြည် တွင်၏၊ နှမတော် အကြီးဆုံးမှာ နူနာရောဂါ စွဲကပ်သဖြင့် သင့်ရာ၌ တွင်းတူး၍ အစားအစာနှင့်တကွ ထားပြီးလျှင် ညှ၌ ပျဉ်ချပ်ဖြင့် ပိတ်ဆို့၍ ထားကြ၏၊ နောက် နူနာစွဲကပ်၍ တောသို့ ထွက်လာသော ဗာရာဏသီ ရာမမင်း (ထိုအရပ်၌ ကလောသီးများ စား၍ ရောဂါ ပျောက်နေသူ) နှင့် တွေ့၍ ခေါ်ယူပေါင်းသင်း နေထိုင်ရာ နောင်အခါ ထိုမြို့သည် ကောလိယ တွင်၏။

## ကဏှာယနမျိုး၏ အစ္စဖြစ်ပွတ္တိ

**ထူးဆန်းလှသော ကဏှ**

အိုအမ္ဗဋ္ဌ....... ဥက္ကာကမင်းအား ဒိသာ အမည်ရှိသော ကျွန်မတစ်ယောက် ရှိ၏၊ ထိုကျွန်မသည် ကဏှအမည်ရှိသောသူငယ်ကို ဖွားမြင်၏၊ ဖွားစဖြစ်သော ကဏှသည် အို မိခင်.... ဆေးကြောကြပါ၊ ရေချိုးကြပါ၊ ဤအညစ်အကြေးမှ လွတ်အောင် ပြုကြပါ၊ ကျွန်ုပ်သည် မိခင်တို့အကျိုးအတွက် ဖြစ်ပါလိမ့်မည်ဟု ပြောဆို၏။

အို အမ္ဗဋ္ဌ.... ယခုအခါ၌ လူတို့သည် အသားစား မြေဘုတ်ဘီလူးကို မြင်လျှင် ပိသာစ – အသားစား မြေဘုတ်ဘီလူးဟု သိကြကုန်သကဲ့သို့ ထိုအခါ၌လည်း လူတို့သည် အသားစား မြေဘုတ်ဘီလူးကို ကဏှဟု သိကြကုန်၏၊ (ခေါ်ဝေါ် သိမှတ်ကြကုန်၏)၊ ထိုခေတ် လူတို့သည် ဤသူငယ်ကား မွေးစ၌ပင်လျှင် စကားပြောဆို၏၊ ကဏှကို မွေးဖွားခဲ့၏၊ မြေဘုတ်ဘီလူးကို မွေးဖွားခဲ့၏ဟုပြောဆိုကြကုန်၏။ ထိုအခါမှ အစပြု၍ (ထိုကဏှ ဟူသောစကားကို အစပြု၍) ကဏှယနမျိုးများ ဟူ၍ ထင်ရှားခဲ့ကြကုန်၏၊ ထိုကဏှသည် ထိုကဏှာယနမျိုး၏ အစဦးယောကျ်ားပင် ဖြစ်ပေသည်။

အိုအမ္ဗဋ္ဌ.... ဤသို့လျှင် သင်၏ အမည် အမျိုး အနွယ်ကို အစဉ် လျှောက်၍ ဆင်ခြင်လိုက်သော် သာကီဝင်တို့သည် သင့် အရှင်၏ သား တို့ ဖြစ်ကြကုန်၏၊ သင်သည် သာကီဝင် တို့၏ ကျွန်မသား ဖြစ်၍ နေပေသည်။

**လုလင်တို့ ဝိုင်း၍ ကန့်ကွက်ခြင်း**

ထိုအခါ အမ္ဗဋ္ဌ၏ အဖော် လုလင်တို့သည် မြတ်စွာဘုရားကို ဤသို့ လျှောက်ကြကုန်၏၊ အို အရှင် ဂေါတမ......အမ္ဗဋ္ဌ လုလင်ကို ကျွန်မ၏သား ဟူသော စကား ဖြင့် အလွန်ပြင်းပြင်းထန်ထန် မရှုတ်ချပါလင့်၊ အမ္ဗဋ္ဌလုလင်သည် ကောင်းစွာ မွေးဖွားလာသူ(ဇာတ်မြင့်သူ) ဖြစ်ပါသည်၊ အမျိုးကောင်းသားလည်း ဖြစ်ပါ သည်၊ ဗဟုသုတလည်း ရှိပါသည်၊ အပြောအဆို ကောင်းပါသည်၊ ပညာရှိ ပါသည်၊ ဤစကားရပ်၌ အရှင်ဂေါတမနှင့် အပြန်အလှန် ပြောဆိုရန် လုံလောက်သူလည်း ဖြစ်ပါသည်။

ဗုဒ္ဓ။ ။ အိုလုလင်တို့.... အမ္ဗဋ္ဌသည် (ညံ့ဖျင်းသူ ဖြစ်သည်ဟု) အထင်ရှိကြလျှင် အမ္ဗဋ္ဌသည် အသာနေပါစေ၊ သင်တို့ပင် ငါဘုရားနှင့် အပြန်အလှန် ဆွေးနွေး ပြောဆိုကြ ကုန်လော့၊ အမ္ဗဋ္ဌသည် (အရည်အချင်း လုံလောက်သည်ဟု) အထင်ရှိကြလျှင်လည်း သင်တို့ အသာ နေကြကုန်၊ အမ္ဗဋ္ဌပင် ငါဘုရားနှင့် အပြန်အလှန် ဆွေးနွေး ပြောဆို ပါစေလော့။

လုလင်များ။ ။အိုအရှင်ဂေါတမ.... အမ္ဗဋ္ဌသည် (အရည်အချင်း ရှိသူဖြစ်ပါသည်) အကျွန်ုပ်တို့ ဆိတ်ဆိတ်နေကြပါမည်၊ အမ္ဗဋ္ဌပင် အရှင်ဂေါတမနှင့် အပြန်အလှန် ဆွေးနွေးပြောဆိုပါစေလော့။

**အမ္ဗဋ္ဌလုလင်အကြပ်ရိုက်နေခြင်း**

ဗုဒ္ဓ။ ။ အိုအမ္ဗဋ္ဌ.....သင်အား တရားသဖြင့် ဖြစ်သော ပြဿနာသည် ရောက်လာခဲ့ ချေပြီ၊ မဖြေဆို လိုသော်လည်း ဖြေဆိုရပေမည်၊ အကယ်၍ မဖြေဆိုလျှင်, စကားအမျိုးမျိုးပြောဆို ရှောင်လွှဲလျှင်, တိတ်တိတ်နေလျှင်, မဖြေဆိုဘဲ ထ၍ သွားခဲ့လျှင် သင်၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲလိမ့်မည်၊ အို အမ္ဗဋ္ဌ....ငါ ဘုရား မေးတော်မူမည့် ပြဿနာကို အဘယ်သို့ ထင်မြင်သနည်း၊ ကဏှာယနမျိုးသည် အဘယ်မှစ၍ ဖြစ်ခဲ့သနည်း၊ ကဏှာယန မျိုး၏ အစဦး ယောကျာ်းမှာ အဘယ်သူ ဖြစ်သနည်း။

ထိုအခါ အမ္ဗဋ္ဌလုလင်သည် ဆိတ်ဆိတ်နေခဲ့၏၊ မြတ်စွာဘုရား သည် ထိုအမေးကို ဒုတိယအကြိမ် ထပ်မံမေးတော် မူသော်လည်း အမ္ဗဋ္ဌ လုလင် ဆိတ်ဆိတ် နေပြန်သောအခါ ဤသို့ မိန့်တော်မူ၏။

အိုအမ္ဗဋ္ဌ.... ယခု ဖြေဆိုလော့၊ ဆိတ်ဆိတ်နေဖို့ အချိန် မဟုတ်ပြီ၊ မြတ်စွာဘုရားသည် တရားသဖြင့် ဖြစ်သော ပြဿနာကို တတိယအကြိမ် မြောက်အောင် မေးပါလျက် မဖြေဆိုသော သူ၏ ဦးခေါင်းသည် ဤ အရပ်၌ပင် ခုနစ်စိတ်ကွဲလိမ့်မည်။

**လက်နက်ကိုင်နတ်သား ပေါ်လာခြင်း**

ထိုအခါ ဝဇိရပါဏိ လက်နက် အရှင် သိကြားမင်းသည် အလျှံပြောင်ပြောင် တောက်လောင်သော သံတူကြီးကို ကိုင်၍ ဤ အမ္ဗဋ္ဌသည် သုံးကြိမ်မြောက် မြတ်စွာ

ဘုရား မေးတော်မူ အပ်သော တရားသဖြင့် ဖြစ်သော ပြဿနာကို မဖြေဆိုခဲ့လျှင် ဤနေရာ၌ပင် သူ၏ ဦးခေါင်းကို ခုနစ်စိတ် ခွဲပစ်မည် ဟူသော သဘောဖြင့် အမ္ဗဋ္ဌ၏ အထက် ကောင်းကင်၌ တည်လာ၏၊ ထိုသိကြားကို မြတ်စွာဘုရားနှင့် အမ္ဗဋ္ဌလုလင် တို့သာ မြင်ကြရ၏၊ (အခြားသူများ မမြင်ကြရ။)

ထိုအခါ အမ္ဗဋ္ဌလုလင် ကြောက်ရွံ့တုန်လှုပ်၍ ကြက်သီးထလျက် မြတ်စွာဘုရားကိုပင် အားထားကိုးကွယ်ရာ ရှာသည့်သဘောဖြင့် အနီးသို့ ချဉ်းကပ်၍ ထိုင်ပြီးလျှင် ဤသို့လျှောက်၏။

အမ္ဗဋ္ဌ။ ။ အရှင်ဂေါတမသည် အဘယ်ကို ပြောဆိုပါသနည်း၊ ထပ်၍ ပြောပြစေလိုပါသည်။

ဗုဒ္ဓ။ ။ အိုအမ္ဗဋ္ဌ......ငါ ဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မြင်သနည်း၊ အသက်, ဂုဏ် ကြီးရင့်သော ဆရာ့ ဆရာ ပုဏ္ဏားကြီး တို့ ထံမှ အဘယ်သို့ သင်ကြားဖူးသနည်း၊ ကဏှာယနမျိုးသည် အဘယ်မှ စခဲ့သနည်း၊ ကဏှာယနမျိုး၏ အစဦး ယောကျာ်းသည် အဘယ်သူနည်း။

အမ္ဗဋ္ဌ။ ။အိုအရှင် ဂေါတမ.... အရှင်ဂေါတမ ပြောသည့် အတိုင်းပင် ကြားဖူး ပါသည်၊ ကဏှာယနမျိုးသည် ထိုအခါမှ စ ၍ ဖြစ်ပေါ်ခဲ့ပါသည်၊ ကဏှာယနမျိုး၏ အစဦး ယောကျာ်းသည် ထိုကဏှပင် ဖြစ်ပါသည်။

ထိုအခါ အဖော် လုလင်တို့သည် ပွဲတင်ထပ်မျှ ဆူဆူညံညံ ဤသို့ ပြောဆိုကြကုန်၏၊ အချင်းတို့....အမ္ဗဋ္ဌ လုလင်သည် ဇာတ်မကောင်း သတတ်၊ အမျိုးကောင်းသား မဟုတ်သတတ်၊ သာကီဝင်တို့၏ ကျွန်မသား ဖြစ်သတတ်၊ သာကီဝင်တို့သည် အမ္ဗဋ္ဌ၏ အရှင်သားတို့ ဖြစ်ကြကုန် သတတ်၊ ငါတို့သည် တရားသဖြင့် ပြောဆိုသော အရှင် ဂေါတမကို တားမြစ်ကန့်ကွက်မိကြကုန်၏၊ (မျက်နှာပျက်အောင် ပြုမိကြကုန်၏၊)ဟု ကျယ်လောင်စွာ ပြောဆိုကြကုန်၏။

**တန်ခိုးကြီးသော ကဏှရသေ့**

ထိုအခါမြတ်စွာဘုရားသည် လုလင်တို့အား ဤသို့ မိန့်တော်မူ၏၊ အိုလုလင်တို့.... သင်တို့သည် အမ္ဗဋ္ဌလုလင်ကို ကျွန်မသား ဟူသော စကားဖြင့် ပြင်းထန်စွာ မရှုတ်ချ

ကြကုန်လင့်၊ ကဏှာသည် မြတ်သော ရသေ့ ဖြစ်ခဲ့၏၊ ထိုကဏှာသည် (ဂင်္ဂါမြစ်၏ တောင်ဘက်) ဒက္ခိဏာအရပ် ဇနပုဒ်သို့ သွား၍ မြတ်သော မန္တန်တို့ကို သင်ယူခဲ့ပြီးလျှင် ဥက္ကာကမင်းကြီးထံသို့ ချဉ်းကပ်၍ အလှမာန် ယစ်သော မဒ္ဒရူပီသမီးတော်ကို တောင်း၏။

ထိုအခါ ဥက္ကာကမင်းကြီးသည် အချင်းတို့.... ဤသို့ သမီးတော်ကို တောင်းသောသူသည် အဘယ်သူတဲ့နည်း၊ (ဘာကောင် တဲ့နည်း၊) ဤရသေ့သည် ငါ၏ ကျွန်မသားပင် ဖြစ်ပါလျက် မဒ္ဒရူပီ သမီးတော်ကို တောင်းဘိ၏ ဟု အမျက်ထွက်၍ (လေး၌) မြားကို တင်၏၊ ဥက္ကာက မင်းသည် ထိုမြားကို ပစ်လည်း မပစ်နိုင်၊ ချလည်း မချနိုင် ဖြစ်ခဲ့လေ၏။

အိုလုလင်တို့.... ထိုအခါ မှူးမတ် ပရိသတ်တို့သည် ကဏှာရသေ့သို့ ချဉ်းကပ်ကြ၍ အိုအရှင်.....မင်းကြီးအား ချမ်းသာ ပေးစေလော့၊ အို အရှင်.... မင်းကြီးအား ချမ်းသာပေးစေလော့၊ ဟု ဆိုကြကုန်၏။

ကဏှာ။ ။မင်းကြီးသည် ချမ်းသာပါလိမ့်မည်၊ စင်စစ်မှာ မင်းကြီးသည် မြားကို အောက်အရပ်သို့ ပစ်လွှတ်လျှင် မင်းကြီး၏ နိုင်ငံတော် ဖြစ်သမျှ မြေကြီးသည် ပြိုပျက်လိမ့်မည်။

မှူးမတ်များ။ ။မင်းကြီးအားလည်း ချမ်းသာ ပါစေလော့၊ နိုင်ငံတော် (ဇနပုဒ်) အားလည်း ချမ်းသာပါစေလော့။

ကဏှာ။ ။မင်းကြီးလည်း ချမ်းသာပါလိမ့်မည်၊ နိုင်ငံတော်လည်း ချမ်းသာပါလိမ့်မည်၊ စင်စစ်မှာ မင်းကြီးသည် မြားကို အထက်သို့ ပစ်လွှတ်လျှင် နိုင်ငံတော် ဖြစ်သမျှ၌ ခုနစ်နှစ် မိုးမရွာဘဲနေလိမ့်မည်။

မှူးမတ်များ။ ။မင်းကြီးလည်း ချမ်းသာပါစေလော့၊ နိုင်ငံတော်လည်း ချမ်းသာပါစေလော့၊ မိုးကိုလည်း ရွာပါစေလော့။

ကဏှာ။ ။မင်းကြီးလည်း ချမ်းသာပါလိမ့်မည်၊ နိုင်ငံတော်လည်း ချမ်းသာပါလိမ့်မည်၊ မိုးလည်း ရွာလိမ့်မည်၊ စင်စစ်မှာ မင်းကြီးသည် သားတော်ကြီး၌ မြားကို တည်စေလော့၊ မင်းသားသည် ကြက်သီးမျှ မထဘဲ ချမ်းသာစွာ ရှိလိမ့်မည်။

အိုလုလင်တို့.... ထိုအခါ မှူးမတ်ပရိသတ်တို့သည် ကဏှာ ရသေ့ ပြောဆိုသည့်အတိုင်းပင် ဥက္ကာက မင်းကြီးအား ပြုလုပ်စေကြရာ သားတော်ကြီးသည် ကြက်သီးမျှ မထဘဲချမ်းသာစွာ ရှိလေ၏၊ ထိုနောက်

ဥက္ကာကမင်းကြီးသည် ကြောက်ရွံ့, ထိတ်လန့်, ကြက်သီးထလျက် မြတ်သောဒဏ်ဖြင့် (ဗြဟ္မဒဏ်ဖြင့်) အခြိမ်းခြောက်ခံရခြင်းကြောင့် ထိုကဏှရသေ့အား မဒ္ဒရူပီ သမီးတော်ကို ပေးတော်မူခဲ့၏။

လုလင်တို့.... အမ္ဗဋ္ဌကို ကျွန်မသား ဟူသော စကားဖြင့် အပြင်းအထန် မရှုတ်ချကြကုန်လင့်၊ ကဏှသည် မြတ်သောရသေ့ ဖြစ်ပေသည်။

**အမျိုးလေးပါးတို့တွင်**
**မင်းမျိုးအမြတ်ဆုံး**

ဗုဒ္ဓ။ ။အိုအမ္ဗဋ္ဌ.... ဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မြင်သနည်း၊ ဤလောက၌ မင်းသားနှင့် ပုဏ္ဏားကညာတို့ ပေါင်းသင်း၍ ရသော သတို့သားသည် ပုဏ္ဏားတို့၌ နေရာ ထိုင်ခင်းကိုဖြစ်စေ, ရေကိုဖြစ်စေ, ရနိုင်ပါမည်လော။

အမ္ဗဋ္ဌ။ ။ အိုအရှင်ဂေါတမ.... ရနိုင်ပါလိမ့်မည်။

ဗုဒ္ဓ။ ။ ပုဏ္ဏားတို့သည် ထိုသတို့သားကို အသုဘ, မင်္ဂလာပွဲ, ယဇ်ပွဲ, ညှော်ခံပွဲတို့၌ ကျွေးမွေးကြပါမည်လော။

အမ္ဗဋ္ဌ။ ။ ကျွေးမွေးကြပါလိမ့်မည်။

ဗုဒ္ဓ။ ။ ဗေဒင်ကို သင်ကြားပို့ချပါမည်လော။

အမ္ဗဋ္ဌ။ ။ ပို့ချကြပါလိမ့်မည်။

ဗုဒ္ဓ။ ။ မိန်းမမှုတို့၌ (ပေါင်းသင်း ဆက်ဆံမှုကို) တားမြစ်ကြမည်လော၊ မတားမြစ်ဘဲ နေကြမည်လော။

အမ္ဗဋ္ဌ။ ။ တားမြစ် ကန့်ကွက်ကြမည် မဟုတ်ပါ။

ဗုဒ္ဓ။ ။ မင်းမျိုးတို့တွင် ထိုသတို့သားကို မင်းမြှောက်၍ အဘိသိက် သွန်းကြပါမည်လော၊

အမ္ဗဋ္ဌ။ ။မင်းမျိုးတို့ကမူ မင်းမြှောက်၍ အဘိသိက် သွန်းကြမည် မဟုတ်ပါ၊ အကြောင်းမှာ အမိဘက်မှ အမျိုးမပြည့်စုံပါ။

ဗုဒ္ဓ။ ။အိုအမ္ဗဋ္ဌ.... ဤလောက၌ ပုဏ္ဏားနှင့် မင်းသမီးတို့ ပေါင်းသင်း၍ ရသော သတို့သားသည် ပုဏ္ဏားတို့၌ (ရှေးနည်းတူပေါင်းသင်း ဆက်ဆံမှုကို) ရနိုင်ပါမည်လော။

အမ္ဗဋ္ဌ။ ။ရနိုင်ပါလိမ့်မည်။

ဗုဒ္ဓ။ ။ ထိုသတို့သားကို မင်းမျိုးတို့သည် မင်းမြောက်၍ အဘိသိက် သွန်းကြပါမည်လော။

အမ္ဗဋ္ဌ။ ။မင်းမျိုးတို့ကမူအဘိသိက် သွန်းကြမည် မဟုတ်ပါ၊ အကြောင်းမှာ အဖ ဘက်မှ အမျိုးမပြည့်စုံပါ။

ဗုဒ္ဓ။ ။အိုအမ္ဗဋ္ဌ.... ဤသို့လျှင် ယောက်ျားချင်းချင်း မိန်းမချင်းချင်း နှိုင်းယှဉ်ခဲ့သော် မင်းမျိုးတို့သာ မြတ်ကြကုန်၏၊ ပုဏ္ဏားမျိုး တို့သည် ယုတ်နိမ့်ကြကုန်၏။

အို အမ္ဗဋ္ဌ....ဆိုလတ္တံ့သော စကားကို သင်အဘယ်သို့ ထင်မြင်သနည်း၊ ဤလောက၌ ပုဏ္ဏားတို့သည် အကြောင်း တစ်ခုခုကြောင့် ပုဏ္ဏားတစ်ယောက်ကို သင်စုန်းဖြင့် ခေါင်းတုံးရိတ်၍ ပြာဖြူးပြီးလျှင် တိုင်းပြည်မှ ဖြစ်စေ, မြို့ရွာမှ ဖြစ်စေ, နှင်ထုတ်လိုက်ကြကုန်ရာ၏၊ ထိုသို့ နှင်ထုတ်ခံရသော ပုဏ္ဏားသည် (ရှေးနည်းတူ) ပေါင်းသင်း ဆက်ဆံမှု ရနိုင်ပါဦးမည်လော။

အမ္ဗဋ္ဌ။ ။ အိုအရှင် ဂေါတမ.... ရနိုင်လိမ့်မည် မဟုတ်ပါ။

ဗုဒ္ဓ။ ။ မင်းမျိုးသည် မင်းမျိုးတစ်ယောက်ကို အကြောင်း တစ်ခုခုကြောင့် သင်စုန်းဖြင့် ခေါင်းတုန်းရိတ်၍ ပြာဖြူးပြီးလျှင် တိုင်းပြည်မှ ဖြစ်စေ, မြို့ရွာမှ ဖြစ်စေ, နှင်ထုတ်ကြကုန်ရာ၏၊ ထိုသို့ အနှင်ခံရသော မင်းမျိုးသည် ပုဏ္ဏားတို့၌ (ရှေးနည်းတူ ပေါင်းသင်း ဆက်ဆံမှုမျိုးကို) ရနိုင်ပါမည်လော။

အမ္ဗဋ္ဌ။ ။ ရနိုင်ပါလိမ့်မည်။

ဗုဒ္ဓ။ ။ အိုအမ္ဗဋ္ဌ....ခေါင်းတုံးရိတ်၍ ပြာဖြူးပြီးလျှင် တိုင်းပြည် မြို့ရွာမှ နှင်ထုတ်ခံရသော မင်းမျိုးသည် အယုတ်ဆုံး အဆင့်အတန်းသို့ ရောက်ရှိသော မင်းမျိုး ဖြစ်ပေသည်၊ ဤသို့ အယုတ်ဆုံး အဆင့်အတန်းသို့ ရောက်ရှိသော အခါ ၌ပင် မင်းမျိုးတို့သည် မြတ်ကုန်၏၊ ပုဏ္ဏားမျိုးတို့သည် ယုတ်ညံ့ကြကုန်၏။

သနင်္ကုမာရ ဗြဟ္မာသည်လည်း 'အမျိုးအနွယ်ကို အစဉ်လျှောက်၍ အောက်မေ့ စဉ်းစားသော လူအပေါင်း၌ မင်းမျိုးသည် အမြတ်ဆုံး ဖြစ်ပေ၏၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံသော သူသည်ကား နတ်လူအပေါင်း၌

အမြတ်ဆုံး ဖြစ်ပေ၏’ ဟူသော ဂါထာ * ကို (ရှစ်လုံးဘွဲ့ ပါဠိကဗျာကို) ရွတ်ဆိုပြောကြား၏၊ ထိုဂါထာသည် ကောင်းစွာ စိကုံးရွတ်ဆိုအပ်သော အဓိပ္ပာယ်ရှိသည့် ဂါထာ ဖြစ်ပေသည်၊ ငါဘုရားလည်း သဘောကြိုက်ညီ ခွင့်ပြုတော်မူပေသည်။

အဋ္ဌုပ္ပတ္တိ နိဒါန်း ပြီးပြီ။

---

**ဝိဇ္ဇာစရဏ ပြဿနာ**

အမ္ဗဋ္ဌ။ ။အိုအရှင် ဂေါတမ .... ထိုစရဏ နှင့် ဝိဇ္ဇာ တို့သည် အဘယ် တရားများ ဖြစ်ကြပါသနည်း။

ဗုဒ္ဓ။ ။ အို အမ္ဗဋ္ဌ.... အတုမဲ့ ဝိဇ္ဇာစရဏ နှင့် ပြည့်စုံမှု၌ သင်သည် ငါနှင့် ထိုက်တန်၏၊ (တန်းတူ၏) သင်သည် ငါနှင့် မတန် (တန်းမတူ) ’ ဟူသော ဇာတိ ဝါဒ ခေါ် ဇာတ်စကား, ဂေါတ္တ ဝါဒခေါ် အမျိုးအနွယ် စကား, မာနဝါဒ ခေါ် မာန်စကားမျိုး. တို့ကို ပြောဆိုခြင်း မရှိ၊ ဤဇာတ်စကား စသည်တို့သည် အာဝါဟ - သမီးယူမင်္ဂလာ, ဝိဝါဟ - သမီးပေး မင်္ဂလာ အာဝါဟ ဝိဝါဟ - သမီးယူသမီးပေး မင်္ဂလာများကို ပြုလုပ်ကြသော သူတို့၌သာ ရှိကြပေသည်၊ ထိုသူတို့သာ ပြောဆိုကြပေသည်။

အိုအမ္ဗဋ္ဌ.... ဇာတ်စကား, အနွယ်စကား, မာနစကား, ထိမ်းမြား မင်္ဂလာပြုမှုတို့ဖြင့် အနှောင်အဖွဲ့ခံ၍ နေကြရသော သူတို့သည် အတုမဲ့

---

* ဂါထာ။ ။ ဒီဃ, ရဿ၊ ဂရု, လဟု၊ အသံတို့ရှည်ကို မှတ်သား၍ စည်းကမ်းတကျ ဖွဲ့စီအပ်သော ပါဠိကဗျာများသည် ဂါထာများ ဖြစ်ကြ၏၊ ထို စည်းကမ်းချက်များကို ဆန်းကျမ်းများ၌ အကျယ်တဝင့် ရေးသားပြဆိုလျက် ရှိ၏၊ ဂါထာသည် ကဗျာဖြစ်ခဲ့လျှင် မြတ်စွာဘုရားသည် ကဗျာဖြင့် တရားဟောတော် မူသလောဟု စောဒကတက်ဖွယ် ရှိ၏၊ ကဗျာဆိုသည်မှာ ပညာရှိသူများ သာယာ နာပျော်ဖွယ် ရှိအောင် ရွတ်ဆိုရေးသားသော စကားပြေ မဟုတ်သည့် အဖွဲ့ဗန္ဓမျိုး ဖြစ်၍ ကဗျာဆိုတိုင်း ကာလပေါ် သီချင်း ကဗျာများနှင့် နှိုင်းယှဉ်ဖို့ မလိုပြီ။

ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းမှ အလှမ်းဝေးကြကုန်သေး၏၊ ဤအနှောင် အဖွဲ့များကို ပယ်ခွာပြီးမှသာလျှင် အတုမဲ့ ဝိဇ္ဇာ စရဏနှင့် ပြည့်စုံခြင်း (အရဟတ္တဖိုလ်) ကို မျက်မှောက် ပြုနိုင်ပေသည်။

အမ္ဗဋ္ဌ။ ။ အိုအရှင် ဂေါတမ……ထိုစရဏ နှင့် ဝိဇ္ဇာ တို့သည် အဘယ်တရားများ ဖြစ်ကြပါနည်း။

## ဝိဇ္ဇာစရဏ အဖြေ

**စရဏများ**

ဗုဒ္ဓ။ ။အိုအမ္ဗဋ္ဌ… ဤလောက၌ မြတ်စွာ ဘုရား ပွင့်တော်မူလာ၍ တရားတော်ကို ကြားနာရသဖြင့် အမျိုးကောင်းသားသည် လူ့ဘောင်မှ စွန့်ခွာ၍ ရဟန်းပြုပြီးနောက် သီလသုံးမျိုး၊ ဣန္ဒြေစောင့်ခြင်း၊ စားသောက်ရာ၌ အတိုင်းအရှည်ကိုသိခြင်း၊ နိုးကြားခြင်း (ဇာဂရိယာနုယောဂ) တို့နှင့် ပြည့်စုံ၍ ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင် ဘာဝနာကို အားထုတ်သဖြင့် ပထမဈာန်ကို ရရှိ ပြည့်စုံစေ၍ ဝင်စား နေထိုင်၏၊ ဤပထမဈာန်သည်လည်း စရဏတရား အပေါင်းတွင် တစ်ပါး အပါအဝင် ဖြစ်ပေသည်။ (သာမညဖလသုတ် ကြည့်ပါ)၊

ဤဒုတိယဈာန်သည်လည်း၊ ဤတတိယဈာန်သည်လည်း၊ ဤစတုတ္ထ ဈာန်သည်လည်း စရဏ * တရား အပေါင်းတွင် တစ်ပါး အပါအဝင် ဖြစ်ပေသည်။

အိုအမ္ဗဋ္ဌ….ဤဈာန်လေးပါးတို့သည် စရဏ တရားများပင် ဖြစ် ကြပေသည်။

**ဝိဇ္ဇာများ**

အိုအမ္ဗဋ္ဌ…. ထိုစတုတ္ထဈာန်ကို ရရှိသော ရဟန်းသည် စိတ် တည်ကြည်၍ အင်္ဂါ ရှစ်ပါး တို့နှင့် ပြည့်စုံခဲ့သော် ဝိပဿနာ ဉာဏ်အမြင် အလို့ငှာ စိတ်ကိုရှေ့ရှုဆောင်၏၊ ညွတ်စေ၏၊ ဤဝိပဿနာဉာဏ် အမြင်လည်းလည်း ဝိဇ္ဇာတရား အပေါင်းတွင် တစ်ပါးအပါအဝင် ဖြစ်ပေသည်။

---

* စရဏ။ ။ ပြည့်ကျင့်အပ်သော တရားသည် စရဏမည်၏၊ ထိုစရဏသည် သီလစသော တစ်ဆယ့်ငါးပါးတို့ပင် ဖြစ်၏၊ သို့ရာတွင် ဤ၌ အမြတ်ဆုံးကိုသာ ယူသော ဥက္ကဋ္ဌနည်းအားဖြင့် ဈာန်သမာပတ် လေးပါးကို စရဏဟု သရုပ်ဖော်တော် မူသည်၊ စတုတ္ထဈာန်၌ အရူပသမာပတ် လေးပါးလည်း ပါဝင်၏။

ဤ မနောမယဉာဏ်, ဤကြွင်းဝိဓဉာဏ်, ဤဒိဗ္ဗသောတဉာဏ်, ဤစေတောပရိယဉာဏ်, ဤပုဗ္ဗေနိဝါသဉာဏ်, ဤစုတူပပါတဉာဏ်, ဤယထာကမ္မုပဂဉာဏ်, ဤဒိဗ္ဗစက္ခုဉာဏ်, ဤအာသဝက္ခယဉာဏ် သည်လည်း ဝိဇ္ဇာ * တရား အပေါင်းတွင်တစ်ပါးအပါအဝင် ဖြစ်ပေသည်။ (သာမညဖလသုတ် ကြည့်)၊

အို အမ္ဗဋ္ဌ.... ဤဉာဏ်ဆယ်ပါးတို့သည် ဝိဇ္ဇာတရားများပင် ဖြစ်ကြပေသည်။

အိုအမ္ဗဋ္ဌ.... ဤရဟန်းမျိုးကို (ရှာန်အဘိညာဉ်, ဝိပဿနာဉာဏ်, မဂ်ဖိုလ်နှင့်ပြည့်စုံသော ရဟန်း) ဝိဇ္ဇာနှင့် ပြည့်စုံသောသူ, စရဏနှင့် ပြည့်စုံသောသူ, ဝိဇ္ဇာစရဏနှင့် ပြည့်စုံသောသူဟူ၍ ဆိုအပ်၏၊ ဤဝိဇ္ဇာ, စရဏနှင့် ပြည့်စုံခြင်းထက် သာလွန် နှစ်သက်အပ်, မွန်မြတ်သော တစ်ပါးသော ဝိဇ္ဇာ, စရဏ၏ ပြည့်စုံခြင်း ဟူ၍ မရှိပြီ။

**အတုမဲ့ဝိဇ္ဇာစရဏ ပျက်စီးကြောင်းလေးပါး**

အို အမ္ဗဋ္ဌ.......ဤအတုမဲ့ ဝိဇ္ဇာစရဏ၏ ပြည့်စုံခြင်း၌ ပျက်စီးကြောင်း လေးပါးတို့ ရှိကြပေသည်၊ ထိုပျက်စီးကြောင်း လေးပါးတို့ကား အဘယ်တို့နည်း။

**အိုအမ္ဗဋ္ဌ**....ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားတို့သည် ဤ အတုမဲ့ ဝိဇ္ဇာစရဏ၏ ပြည့်စုံခြင်းကို မမီနိုင်သည်ဖြစ်၍ အထူးထူးသော ရသေ့ ပရိက္ခရာတို့ဖြင့် ပြည့်သော ထမ်းပိုးကို ထမ်း၍ အလိုလို ကြွေကျသော သစ်သီးကို စားသောက်နေထိုင်မည် ဟု တောအုပ်ကြီးသို့ ဝင်၏၊ ထို (အသီးစားရသေ့ ပြုလုပ်) သူသည် စင်စစ်အားဖြင့် ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာ ဖြစ်ပေသည်။

အိုအမ္ဗဋ္ဌ.... ဤအတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၌ ဤသစ်သီးစား ရသေ့ ပြုလုပ်ခြင်းသည် ပထမ ပျက်စီးကြောင်းပင် ဖြစ်ပေသည်။

---

* **ဝိဇ္ဇာ။** ။ သိမြင်တတ်သောဉာဏ်သည် (ပညာသည်) ဝိဇ္ဇာမည်၏၊ ဝိဇ္ဇာ **မည်**ရသော ဉာဏ်တို့မှာ ဝိပဿနာဉာဏ်စသော ဉာဏ်ရှစ်ပါးတို့သာ ဖြစ်ကြ၏၊ သို့ရာတွင် စုတူပပါတဉာဏ်နှင့် ယထာကမ္မုပဂ ဉာဏ် နှစ်ပါးတို့ကို ဒိဗ္ဗစက္ခုဉာဏ်မှ ခွဲထုတ်၍ ဆယ်ပါးရအောင် အဋ္ဌကထာဆရာယူ၏။

၂။ အိုအမ္ဗဋ္ဌ……ထိုမှ တစ်ပါးလည်း ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းနှင့် သစ်သီးစား ရသေ့ အကျင့်မျိုးကို မမိနိုင်သဖြင့် သစ်ဖု, သစ်ဥ, သစ်သီးတို့ကို စား သောက်နေထိုင်မည် ဟု ပေါက်တူး, ခြင်းတောင်းတို့ကို ယူ၍ တောနက် ကြီးသို့ ဝင်၏၊ ထိုသစ်ဥ, သစ်ဖုစား ရသေ့သည်လည်း စင်စစ်အားဖြင့် ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာ ဖြစ်ပေသည်။

အိုအမ္ဗဋ္ဌ…. ဤသစ်ဥ, သစ်ဖုစား ရသေ့ပြုလုပ်ခြင်းသည်လည်း အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ၏ ဒုတိယ ပျက်စီးကြောင်းပင် ဖြစ် ပေသည်။

၃။ အိုအမ္ဗဋ္ဌ…. ထိုမှ တစ်ပါးလည်း ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း, သစ်သီးစား ရသေ့ အဖြစ်နှင့် သစ်ဥ, သစ်ဖုစား ရသေ့ အဖြစ်ကိုလည်း မမိနိုင်သဖြင့် ရွာ, နိဂုံး၏ အနီး၌ မီးတင်းကုတ်ကို ဆောက်လုပ်ပြီးလျှင် မီးကို လုပ် ကျွေး၍ နေထိုင်၏၊ ထိုမီးကို လုပ်ကျွေးသော ရသေ့သည်လည်း စင်စစ် အားဖြင့် ဝိဇ္ဇာ စရဏနှင့် ပြည့်စုံသူ၏ အလုပ်အကျွေး မျှသာ ဖြစ်ပေ သည်။

အိုအမ္ဗဋ္ဌ…. ဤမီးကိုလုပ်ကျွေးသောရသေ့ပြုလုပ်ခြင်း သည်လည်း အတုမဲ့ ဝိဇ္ဇာ စရဏနှင့် ပြည့်စုံခြင်း၏ တတိယ ပျက်စီးခြင်း အကြောင်း ပင် ဖြစ်ပေသည်။

၄။ ထိုမှ တစ်ပါးလည်း ဤလောက၌ အချို့သော ရဟန်းပုဏ္ဏား သည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း, သစ်သီးစား ရသေ့ သစ်ဥ, သစ်ဖုစား ရသေ့ နှင့် မီးလုပ်ကျွေးသော ရသေ့ အဖြစ်ကိုလည်း မမိနိုင် သဖြင့် လမ်းလေးခွ၌ တံခါးလေးဘက် ရှိသော အိမ်ကို ဆောက်လုပ်၍ ဤအရပ်လေးမျက်နှာမှ လာသော ရဟန်းပုဏ္ဏားတို့ကို အစွမ်းရှိသမျှ (ရေသောက်ပါ, အပန်းဖြေပါ စသည်ဖြင့်) ပူဇော်မည် ဟု နေထိုင်၏၊ ထိုလမ်းလေးခွ၌ နေ၍ လာသမျှ ယောက္ခတ်လုပ်သော ရသေ့သည်လည်း စင်စစ်အားဖြင့် ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ၏ အလုပ်အကျွေး မျှသာ ဖြစ် ပေသည်။

အိုအမ္ဗဋ္ဌ....ဤလမ်းလေးခွဲ့ အိမ်ဆောက်၍ လာသမျှ လောကွတ်လုပ်သော ရသေ့ ပြုလုပ်ခြင်းသည်လည်း အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၏ စတုတ္ထ ပျက်စီးကြောင်းပင် ဖြစ်ပေသည်။

အိုအမ္ဗဋ္ဌ....ဤသို့လျှင် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၌ ပျက်စီးကြောင်း လေးပါးတို့ ရှိကြပေသည်။

**အမ္ဗဋ္ဌ၏မာန်စွယ်ကို ချိုးတော်မူခြင်း**

အိုအမ္ဗဋ္ဌ....သင်တို့ ဆရာတပည့်သည် ဤအတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းမျိုး၌၊ (တည်နေကြသည်ဟု) တွေ့မြင်ရ၏လော။

အမ္ဗဋ္ဌ။ ။ အိုအရှင် ဂေါတမ.... မတွေ့မြင်ရပါ၊ အိုအရှင်ဂေါတမ.... ဆရာနှင့် တကွသော အကျွန်ုပ်သည် အဘယ်သူတဲ့နည်း၊ အတုမဲ့ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းသည် အဘယ်တဲ့နည်း၊ (တစ်ခြားစီပင် ဟူလို) အကျွန်ုပ်တို့ ဆရာတပည့်သည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းမှ အလှမ်းဝေးကြပါသေးသည်။

ဗုဒ္ဓ။ ။အိုအမ္ဗဋ္ဌ.... ဤအတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းကို မမီနိုင်ခဲ့သော် ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှု၏ ပျက်စီးကြောင်း ဖြစ်သော သစ်သီးစား, သစ်ဉ သစ်ဖုစား, မီးလုပ်ကျွေးသော ရသေ့နှင့် လမ်းလေးခွဲ့ နေ၍ လာသမျှကို ပူဇော်သောသူတစ်မျိုးမျိုး ဖြစ်စေမည်ဟု သင်နှင့်ဆရာပါ ကျင့်ကြံနေထိုင်နိုင်ကြကုန်သလော။

အမ္ဗဋ္ဌ။ ။ မနေထိုင် မကျင့်ကြံနိုင်ကြပါ။

ဗုဒ္ဓ။ ။ အိုအမ္ဗဋ္ဌ....ဤသို့လျှင် သင်သည် ဆရာနှင့် တကွ အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှုမှလည်း ယုတ်လျော့၏၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှု၏ ပျက်စီးကြောင်း ဖြစ်သော ရသေ့လေးမျိုးတို့မှလည်း ယုတ်လျော့၏၊ (တစ်မျိုးကိုမှ သင်တို့ မရှိသေးဟူလို)။

**ပေါက္ခရသာတိ ပုဏ္ဏား၏ ချို့ယွင်းချက်များ**

အို အမ္ဗဋ္ဌ..သင်၏ဆရာ ဖြစ်သော ပေါက္ခရသာတိ ပုဏ္ဏား သည် သူကြွယ်များသာ ဖြစ်ကြ ကုန်သော မည်းနက်သော ကဏှဇာတ်ရှိကြကုန်သော ဗြဟ္မာ၏ ခြေဖမိုးမှ ဖြစ်ပွားလာကြကုန်သော ခေါင်းတုံးရဟန်းယုတ်တို့သည် အဘယ်သူတို့တဲ့ နည်း၊

ဝိဇ္ဇာသုံးပါးခေါ် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့၏ ဆွေးနွေးခြင်းသည် အဘယ်တဲ့နည်း၊ (တစ်ခြားစီပင်) ဟူသော စကားကို ပြောဆို ခဲ့ဖူး၏၊ မိမိသည်ကား ဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှု၏ ပျက်စီးကြောင်း ရသေ့ အကျင့်မျိုးကိုပင် မဖြည့်ကျင့်နိုင်ဘဲလျက် ဤသို့ ပြောဆိုသော သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏား၏ အမှားကိုလည်း ကြည့်ဦးလော့။ *

အိုအမ္ဗဋ္ဌ....ပေါက္ခရသာတိ ပုဏ္ဏားသည် ပသေနဒီကောသလ မင်းကြီး၏ ဆုတော်လာဘ်တော်များကို စားသုံးရသူ ဖြစ်ပေ၏၊ သို့ရာတွင် ပသေနဒီကောသလမင်းသည် ထိုပေါက္ခရသာတိ ပုဏ္ဏားအား မျက်နှာ ချင်း ဆိုင်ခွင့်ကိုပင် မပေးချေ၊ ထိုပေါက္ခရသာတိပုဏ္ဏားနှင့် တိုင်ပင် သောအခါ၌လည်း အဝတ် ကန့်လန့်ကာ ခြား၍သာ တိုင်ပင်၏၊ တရား သဖြင့် ဖြစ်သော ဆုတော်လာဘ်တော်ကို ခံယူသူဖြစ်ခဲ့ပါလျှင် သူ့အား ပသေနဒီကောသလမင်းသည် မျက်နှာချင်းဆိုင်ခွင့်ကို အဘယ့်ကြောင့် မပေးဘဲရှိချေအံ့နည်း။

အိုအမ္ဗဋ္ဌ.... သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏား၏ ဤဒုတိယအမှား ကိုလည်း ကြည့်ဦးလော့။

**သင်၍တတ်ကာမျှဖြင့် မာန မကြီးထိုက်ခြင်း**

အိုအမ္ဗဋ္ဌ.... ဆိုလတ္တံ့သော စကား ကို အဘယ်သို့ ထင်မြင်သနည်း၊ ဤ ကောသလတိုင်း၌ ပသေနဒီ ကောသလမင်းကြီးသည် ဆင်၏ လည်ပင်း၌ ဖြစ်စေ၊ မြင်း ကျောက်ကုန်း၌ ဖြစ်စေ၊ ရထားခင်းနီး၌ ဖြစ်စေ နေထိုင်လျက် ထင်ရှား ကျော်စောကြကုန် သော လက်အောက်ခံမင်း, မင်းအမတ်ကြီးတို့နှင့် ကိစ္စတစ်စုံတစ်ရာကို တိုင်ပင် ဆွေးနွေးပြီးလျှင် ထိုနေရာမှ ထွက်ခွာ၍ သင့်ရာ၌ နေရာ၏၊

---

* ဆရာကိုထိပါးခြင်း။ ။ မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်တို့ ဆရာတပည့် အား ဝိဇ္ဇာဟု ခေါ်သော တရားနှင့် ဝေးသေးကြောင်း ပုဏ္ဏားတို့ ဝိဇ္ဇာဟု ခေါ်သော ဗေဒင်မှာ ဝိဇ္ဇာအစစ် မဟုတ်ကြောင်းကို သိစေတော်မူလို၍ ဆရာကိုပါ ထည့်သွင်း မိန့်မြွက်တော်မူသည်၊ ပုဏ္ဏားတို့သည် ဗေဒင်သုံးပုံတတ်သူကို တေဝိဇ္ဇဝိဇ္ဇာ= သုံးပါး ရှိသူ (တတ်သူ)ဟု ခေါ်ကြ၏၊

ထို့ပြင် အလုံးစုံကို သိတော်မူသည် ဟူသော အချက်ကိုလည်း ပြတော်မူခြင်း ဖြစ်ပေသည်။

ထိုနောက် ဆင်းရဲသား, ဆင်းရဲသား၏ ကျွန် တစ်ယောက်ယောက်သည် ထိုနေရာ၌ ရပ်တည်၍ "ပသေနဒီ ကောသလမင်းသည် ဤသို့ ဤပုံ ပြောဆိုသည်၊ ဤသို့ ဤပုံ ပြောဆိုသည်" ဟု ထိုတိုင်ပင် ဆွေးနွေးခြင်းမျိုးကိုပင် တိုင်ပင်ဆွေးနွေးရာ၏။

အိုအမ္ဗဋ္ဌ.... ဤသို့ အတုလိုက်၍ ပြုကာမျှဖြင့် ထိုဆင်းရဲသား, ဆင်းရဲသား၏ ကျေးကျွန်သည် မင်းတို့၏ စကားကို ပြောဆိုသူ မင်းတို့ အတိုင်ပင်ကို တိုင်ပင်သူဖြစ်နိုင်ပါမည်လော၊ ဤမျှဖြင့် ထိုသူသည် မင်းသော်လည်းကောင်း၊ မင်းအမတ်သော်လည်းကောင်း ဖြစ်နိုင်ပါမည်လော။

အမ္ဗဋ္ဌ။ ။ အိုအရှင် ဂေါတမ....ဤသို့ မဖြစ်နိုင်ပါ။

ဗုဒ္ဓ။ ။ အိုအမ္ဗဋ္ဌ.... ဤ ဥပမာ အတိုင်းပင် ပုဏ္ဏားတို့ ရှေ့သွား ဗေဒင် ကျမ်းရင်းပြုများ ဖြစ်ကြကုန်သော အဋ္ဌက ရသေ့, ဝါမက, ဝါမဒေဝ, ဝေဿာမိတ္တ, ယမဒဂ္ဂိ, အင်္ဂီရသ, ဘာရဒွါဇ, ဝါသေဋ္ဌ, ကဿပ, ဘဂု ရသေ့ တို့ ရှိကြ၏၊ ယခုအခါ ပုဏ္ဏားတို့သည် ထိုရသေ့တို့ ပြုစုခဲ့ကြသော ဗေဒင်ကျမ်းရင်းတို့ကို အတုလိုက် နည်းမှီး၍ သင်အံ ပို့ချကြကုန်၏၊ "ငါကား - ဆရာနှင့် တကွ ထိုဗေဒင်တို့ကို သင်ကြားခဲ့သည်" ဟူ၍ သင်သည် ထိုသို့ ဗေဒင်ကို သင်ကာမျှဖြင့် ဗေဒင်ပြုရသေ့ သို့မဟုတ် ဗေဒင်ပြုရသေ့ ဖြစ်ရန်အတွက် ကျင့်ကြံနေသူ ဖြစ်နိုင်စရာအကြောင်း မရှိပေ။

**ဗေဒင်ပြုနှင့်**
**ယခု ဗေဒင်တတ်**

အို အမ္ဗဋ္ဌ.... သင်သည် အသက် ဂုဏ် ကြီးရင့်သော သင်တို့ ဆရာ ဆရာပုဏ္ဏားကြီးတို့ထံမှ အဘယ်သို့ ကြားဖူးသနည်း၊ ဗေဒင်ကို တီထွင်သည့် ရသေ့ ဆယ်ယောက်တို့သည် ယခု သင်တို့ ဆရာတပည့်တို့ကဲ့သို့ ကောင်းစွာ ရေချိုး, နံ့သာလိမ်း ဆံမုတ်ဆိတ်ကို ရိတ်ဖြတ်ပြုပြင် ပတ္တမြားလက်စွပ် တန်ဆာ ဆင်ယင်၍ အဝတ်ဖြူများကို ဝတ်ရုံကြပြီးလျှင် ကာမဂုဏ် ခံစားကြသည် ဟု ကြားဖူးပါသလော။

အမ္ဗဋ္ဌ။ ။ မကြားဖူးပါ။

ဗုဒ္ဓ။ ။ ယခုအခါ သင်တို့ ဆရာတပည့်သည် ဆန်မည်း (ဆန်ကျိုး) ကို ကောင်းစွာ ရွေးချယ်၍ စင်ကြယ်သော သလေး (ကောက်ကြီးဆန်)

သားပြွမ်းထမင်းကို ဟင်းလျာအများနှင့် စားကြသကဲ့သို့ စားကြသည်ဟု ကြားဖူးပါသလော။

အမ္ဗဋ္ဌ။ ။ မကြားဖူးပါ။

ဗုဒ္ဓ။ ။ ယခုအခါသင်တို့ ဆရာတပည့်သည် ကိုင်း ညွတ်အောင် တန်ဆာ ဆင်အပ်သော မိန်းမတို့ကို လုပ်ကျွေးစေကြ (အပြုစုခံကြ) သကဲ့သို့ မိန်းမတို့ အလုပ်အကျွေးကို ခံကြသည်ဟု ကြားဖူးပါသလော။

အမ္ဗဋ္ဌ။ ။ မကြားဖူးပါ။

ဗုဒ္ဓ။ ။ ယခုအခါ သင်တို့ ဆရာတပည့်သည် အမြီးကို ပြုပြင်အပ် ပြီးသော မြည်းမ, က – သော ရထားတို့ဖြင့် နှင်တံရှည် ကြီးများဖြင့် မောင်းနှင်ကာ သွားလာ လှည့်ပတ်ကြသကဲ့သို့ သွားလာ လှည့်ပတ်ကြ သည်ဟု ကြားဖူးပါသလော။

အမ္ဗဋ္ဌ။ ။ မကြားဖူးပါ။

ဗုဒ္ဓ။ ။ ယခုအခါ သင်တို့ ဆရာတပည့်သည် ကျုံးကို နက်အောင် တူး၍ တံခါးတိုင်ကြီးများကို စိုက်ထူထားပြီးလျှင် **သန်** လျက်ရှည် (ဓား ရှည်)ကိုင် ယောကျာ်းတို့ကို အစောင့်ထားကြကုန်သကဲ့သို့ ကျုံးတူး၍ အစောင့်ထားကြသည်ဟု ကြားဖူးပါသလော။

အမ္ဗဋ္ဌ။ ။ မကြားဖူးပါ။

ဗုဒ္ဓ။ ။ အို အမ္ဗဋ္ဌ.....သင်တို့ ဆရာတပည့်သည် ဤသို့လျှင် (ဗေဒင်ပြု) ရသေ့မျိုးလည်း မဟုတ်ကြ၊ ရသေ့ဖြစ်အောင် ပြုကျင့်နေသူများ လည်း မဟုတ်ကြပေ၊ အိုအမ္ဗဋ္ဌ.... ငါဘုရား၌ ယုံမှားသံသယ ရှိသော သူသည် ငါဘုရားကို ပြဿနာမေးလျှောက် နိုင်သည်၊ ငါဘုရားသည် ထိုသူအား ဖြေကြားရှင်းလင်းတော် မူမည်။

**မဟာပုရိသလက္ခဏာများကို ပြတော်မူခြင်း**

ထိုနောက် မြတ်စွာ ဘုရားသည် ကျောင်းတော်တွင်းမှ ထွက်၍ စင်္ကြံ ကြွတော်မူ၏၊ အမ္ဗဋ္ဌ လုလင်လည်း မြတ်စွာဘုရား၏ စင်္ကြံကြွရာသို့ လိုက်၍ နောက်တော်မှ အတူ စင်္ကြံ သွားလျက် ကိုယ်တော်၌ မဟာပုရိသ လက္ခဏာတို့ကို ရှာဖွေ စုံစမ်း၏၊

အမ္ဗဋ္ဌလုလင်သည် အအိမ်ဖြင့် ဖုံးလွှမ်း နေသော အင်္ဂါဇာတ်နှင့် ကြီးပြန့်သော လျှာတော် ဟူသော လက္ခဏာ နှစ်ပါးကို ချန်ထား၍ ကျန်သော မဟာပုရိသ လက္ခဏာ သုံးဆယ်တို့ကို တွေ့မြင်ရလေ၏၊ ထိုလက္ခဏာ နှစ်ပါး တို့၌ကား ယုံမှား သံသယ ဖြစ်လျက်ရှိ၏၊ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိမြင်တော် မူသဖြင့် ထိုလက္ခဏာ နှစ်ပါးကို အမ္ဗဋ္ဌလုလင် တွေ့မြင်နိုင်အောင် တန်ခိုး ဖန်ဆင်း၍ ပြတော်မူ၏၊ မြတ်စွာဘုရားသည် လျှာတော်ကို ထုတ်၍ နားပေါက် နှစ်ဘက်တို့ ကိုလည်း အပြန်ပြန် အလှန်လှန် သုံးသပ်တော် မူ၏။ နှာခေါင်းပေါက် နှစ်ခုတို့ကိုလည်း အပြန်ပြန်အလှန်လှန် သုံးသပ်တော် မူ၏၊ နဖူးပြင် တစ်ခုလုံးကိုလည်း လျှာတော်ဖြင့် ဖုံး၍ ပြတော်မူ၏။

ထိုအခါ အမ္ဗဋ္ဌလုလင်သည် ရဟန်းဂေါတမကား မဟာပုရိသ လက္ခဏာ သုံးဆယ့်နှစ်ပါးတို့နှင့် ပြည့်စုံပေသည် ဟု သိမြင်ရလေလျှင် မြတ်စွာဘုရားအား " အို အရှင် ဂေါတမ.... ကျွန်ုပ်တို့ ပြန်ခွင့် ပြုစေလိုပါသည်၊ ကျွန်ုပ်တို့မှာ ကိစ္စတာဝန် များပြားသူများ ဖြစ်ကြပါသည်" ဟု ခွင့်ပန်၏၊ ထိုအခါ မြတ်စွာဘုရားသည် "မိမိ အချိန်ကာလကို သိ၍ ပြန်လိုက ပြန်နိုင်ပြီ" ဟု မိန့်တော်မူရာ ထ၍ ပြန်ခဲ့လေ၏။

**အမ္ဗဋ္ဌလုလင်၏ အစီရင်ခံချက်**

အမ္ဗဋ္ဌလုလင် ပြန်လာသောအချိန်၌ ပေါက္ခရသာတိ ပုဏ္ဏားသည် ဥက္ကဋ္ဌမြို့မှ ထွက်၍ များလှသော ပုဏ္ဏားတို့နှင့် အတူ မိမိပိုင် ဥယျာဉ်ခြံသို့ ရောက်ရှိနေပြီးလျှင် အမ္ဗဋ္ဌလုလင်ကို စောင့်မျှော်လျက် ရှိ၏။

ထိုနောက် အမ္ဗဋ္ဌ လုလင်သည် ထိုဥယျာဉ်ခြံသို့ ရောက်လာပြီးလျှင် သင့်လျော်ရာ အရပ်တိုင်ရှိသာ ယာဉ်စီးလာခဲ့၍ ယာဉ်မှ ဆင်းသက်ကာ ခြေလျင်လျှောက်၍ ပေါက္ခရသာတိ ပုဏ္ဏားထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုး၍ သင့်ရာ၌ ထိုင်၏။

ပေါက္ခရ။ ။ အမောင် အမ္ဗဋ္ဌ.... အရှင်ဂေါတမကို တွေ့ခဲ့ရပါ၏လော။

အမ္ဗဋ္ဌ။ ။ တွေ့ခဲ့ကြရပါသည်။

ပေါက္ခရ။ ။ အမောင်အမ္ဗဋ္ဌ.... အသို့နည်း၊ ထိုအရှင်ဂေါတမ၏ ဂုဏ်သတင်းမှာ ထိုဂုဏ်မျိုး ထင်ရှားရှိ၍ (အမှန်အတိုင်း) ကျော်စောခြင်းသာ ဖြစ်ပါသလော၊ (သို့မဟုတ်) ထိုသို့ ထင်ရှားမရှိဘဲ ကျော်စောခြင်းပင် ဖြစ်ပါသလော၊ ထိုအရှင်ဂေါတမသည် ကျော်စောသည့် အတိုင်းဟုတ်မှန်ပါ၏လော၊ သို့မဟုတ်၊ ကျော်စောခြင်းနှင့် တခြားစီပင် ဖြစ်ပါသလော။

အမ္ဗဋ္ဌ။ ။ အို ဆရာအရှင်.... ထိုအရှင်ဂေါတမ၏ ဂုဏ်သတင်းမှာ ထိုဂုဏ်မျိုး ထင်ရှားရှိ၍ (အမှန်အတိုင်း) ကျော်စောခြင်းသာ ဖြစ်ပါသည်၊ ထင်ရှား မရှိဘဲ ကျော်စောသည် မဟုတ်ပါ၊ ထို အရှင်ဂေါတမသည် ကျော်စောသည့်အတိုင်းပင် ဟုတ်မှန်ပါသည်၊ ကျော်စောခြင်းနှင့် တခြားစီ ဖြစ်၍ မနေပါ၊ ထိုအရှင် ဂေါတမသည် မဟာပုရိသလက္ခဏာ ၃၂ ပါးတို့နှင့် အလုံးစုံ ပြည့်စုံသူဖြစ်ပါသည်၊ အချို့အဝက်နှင့်သာ ပြည့်စုံသူ မဟုတ်ပါ။

ပေါက္ခရ။ ။ (သို့ဖြစ်လျှင်) ရဟန်း ဂေါတမနှင့် စကားပြောခဲ့ရပါသေးသလော။

အမ္ဗဋ္ဌ။ ။ ပြောဆိုခဲ့ရပါသည်။

ပေါက္ခရ။ ။ အဘယ်သို့ ပြောဆိုခဲ့ရပါသနည်း။

**အမ္ဗဋ္ဌလုလင် ခြေကန်ခံရခြင်း**

ထိုအခါအမ္ဗဋ္ဌလုလင်သည် မြတ်စွာဘုရားနှင့် စကား ပြောဆိုခဲ့ပုံကို အစုံအလင် အစီရင်ခံလေ၏၊ ထိုစကားကို ကြားရသော အခါ ပေါက္ခရသာတိ ပုဏ္ဏားသည် အမ္ဗဋ္ဌကို ဤသို့ ဆို၏၊ "အချင်းတို့....ကျွန်ုပ်တို့၏ ပညာရှိခြင်း, အကြားအမြင်များခြင်း, ဝိဇ္ဇာသုံးပါး ခေါ် ဗေဒင်သုံးပုံကို တတ်ကျွမ်းခြင်း တို့သည် စိတ်ပျက်ဖွယ် ကောင်းပေစွ၊ အို အမ္ဗဋ္ဌ......သင် ကဲ့သို့ပင် ထိုအရှင်ဂေါတမကို ထိပါး၍ ထိပါး၍ ပြောဆို ပြုမူသော ယောကျ်ားသည် အကုသိုလ်များသူတို့ ပျက်စီး၍ ကျရာဒုဂ္ဂတိ ဖြစ်သော အပါယ်ငရဲသို့ လားရောက်ပေရသည်၊ စင်စစ်အားဖြင့် အရှင် ဂေါတမသည် ကျွန်ုပ်တို့ကိုပင် ဥပမာ ဆောင်၍ ဆောင်၍ ပြောဆိုခဲ့ရတော့သည်၊ အိုအချင်းတို့

ကျွန်ုပ်တို့၏ ပညာရှိခြင်း, အကြားအမြင် များခြင်း, ဝိဇ္ဇာသုံးပါးခေါ် ဗေဒင်သုံးပုံကို တတ်ကျွမ်းခြင်းတို့သည် စိတ်ပျက်ဖွယ် ကောင်းပေစွ။

ပေါက္ခရသာတိ ပုဏ္ဏားသည် ဤသို့ ပြောဆိုမြည်တမ်း၍ အမျက် ဒေါသထွက်ကာ စိတ်နှလုံး မသာယာသည် ဖြစ်၍ အမ္ဗဋ္ဌလုလင်ကို ခြေဖြင့်သာလျှင် ကန်ကျောက် လဲစေ၏၊ ပေါက္ခရသာတိ ပုဏ္ဏားသည် အမှန်အားဖြင့် ချက်ချင်းပင် မြတ်စွာဘုရားကို ဖူးမြင်လို၏၊ ထိုအခါ (အတူပါလာကြသော) ထိုပုဏ္ဏားတို့သည် "အို- အရှင်...... ယနေ့ကား အချိန်မရှိကော့ပြီ၊ နက်ဖြန်၌ အရှင်ပေါက္ခရသာတိသည် ရဟန်းဂေါတမကို ဖူးမြင်ရပါလိမ့်မည်"ဟု ပြောဆိုကြရကုန်၏။

**ပေါက္ခရသာတိ ပုဏ္ဏား သောတာပန် တည်ခြင်း** ထိုနောက် ပေါက္ခရသာတိ ပုဏ္ဏားသည် မိမိအိမ်၌ မြတ်သော ခဲဖွယ် ဘောဇဉ်များကို အသင့် စီမံထား ပြီးလျှင် ယာဉ်စီး၍ မီးတိုင်တို့ကို ထွန်းညှိကိုင်ဆောင်စေပြီးသော် ဥက္ကဋ္ဌ မြို့မှ ထွက်၏၊ မြတ်စွာဘုရားအထံသို့ ရောက်လျှင်ရောက်ချင်း ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်၍ ဤသို့ လျှောက်၏။

ပေါက္ခရ။ ။ အိုအရှင် ဂေါတမ...... အကျွန်ုပ်တို့ တပည့်အမ္ဗဋ္ဌ သည် ဤအရပ်သို့ ရောက်ရှိလာပါသလော။

ဗုဒ္ဓ။ ။ အိုပုဏ္ဏား...... ရောက်လာပေသည်။

ပေါက္ခရ။ အမ္ဗဋ္ဌနှင့် စကား ပြောဆိုတော်မူရပါသေး သလော။

ဗုဒ္ဓ။ ။ ပြောဆိုရပေ သေးသည်။

ပေါက္ခရ။ ။ အဘယ်သို့ ပြောဆိုတော်မူပါသနည်း။

မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်နှင့် စကားပြောဆိုကြပုံကို အစုံ အလင် ပြန်လည် မိန့်မြွက်တော်မူရာ ပေါက္ခရသာတိ ပုဏ္ဏားသည် ဤသို့လျှောက်၏၊ "အိုအရှင်ဂေါတမ...... အမ္ဗဋ္ဌလုလင်သည် မိုက်မဲလှ ပါသည်၊ အမ္ဗဋ္ဌ လုလင်အား သည်းခံတော်မူပါ။

ဗုဒ္ဓ။ ။ အို ပုဏ္ဏား......အမ္ဗဋ္ဌလုလင်သည် ချမ်းသာခြင်းနှင့် ပြည့်စုံ

ထိုနောက် ပေါက္ခရသာတိ ပုဏ္ဏားသည် မြတ်စွာ ဘုရား ကိုယ်တော်၌ မဟာပုရိသ လက္ခဏာတို့ကို ရှာဖွေစုံစမ်း ပြန်ရာ မြတ်စွာဘုရားသည် အမွှေ့ နည်းတူပင် မမြင်နိုင်သော လက္ခဏာ နှစ်ပါးကို တန်ခိုးဖြင့် ပြတော်မူ၏။

မြတ်စွာဘုရားသည် မဟာပုရိသ လက္ခ ဏာ သုံးဆယ့် နှစ်ပါး တို့နှင့် ပြည့်စုံတော် မူကြောင်းကို သိမြင်ရသောအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် သံဃာတော်များနှင့် တကွ မိမိအိမ်သို့ ယနေ့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါဟု လျှောက်သဖြင့် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေ၍ ခွင့်ပြုတော် မူလိုက်၏။

ထိုနေ့ နံနက်တွင် မြတ်စွာဘုရားသည် ရဟန်းတော်အပေါင်းနှင့် တကွ ပေါက္ခရသာတိ ပုဏ္ဏား၏ အိမ်သို့ ကြွတော်မူရာ ပေါက္ခရသာတိ ပုဏ္ဏားသည် မိမိလက်ဖြင့်ကိုယ်တိုင် မွန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။

မြတ်စွာဘုရား ဘုဉ်းပေးတော်မူပြီး သပိတ်တော်မှ လက်ချသောအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် သင့်ရာ၌ ထိုင်၏၊ ထိုအခါ မြတ်စွာ ဘုရားသည် ပေါက္ခရသာတိ ပုဏ္ဏားအား အစဉ်အတိုင်း တရားဟောတော် မူ၏၊ ဒါနတရား, သီလတရား, နတ်ပြည်တရား, ကာမဂုဏ်၏ အပြစ်, ကာမဂုဏ်မှ ထွက်မြောက်မှု၏ အကျိုးများကို အစဉ်အတိုင်း ပြသညွှန်ကြား တော်မူ၏။

ထိုနောက် နီဝရဏ ကင်း၍ တက်ကြွ, ကြည်လင်လျက် မဂ်ဖိုလ် နှင့် လျော်သောစိတ်မျိုး နူးညံ့သောစိတ်မျိုး ဖြစ်ပေါ်လာပြီဟု သိရသော အခါ မြတ်စွာ ဘုရားတို့၏ သာမုက္ကံသိက ဒေသနာ ခေါ် ကိုယ်တိုင် တီထွင် ဖော်ထုတ် ထားသော သစ္စာ လေးပါး တရား ဒေသနာကို ဖော်ပြ ဟောကြားတော်မူ၏၊ သစ္စာလေးပါး တို့မှာ ဒုက္ခသစ္စာ– အမှန် အားဖြင့် ဆင်းရဲသော တရား၊ သမုဒယသစ္စာ– အမှန်အားဖြင့် ဆင်းရဲ ကြောင်းတရား၊ နိရောဓသစ္စာ – အမှန်အားဖြင့် တဏှာ ချုပ်ကြောင်း တရား၊ မဂ္ဂသစ္စာ – အမှန်အားဖြင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့် လမ်းစဉ်တို့ပင် ဖြစ်ကြကုန်၏။

ဥပမာအားဖြင့် အမည်းအစွန်း မရှိသော သန့်ရှင်းသော အဝတ်သည် ဆိုးသောအရောင်ကို ကောင်းစွာ ခံယူတပ်စွဲ သကဲ့သို့ ပေါက္ခရသာတိ ပုဏ္ဏားအား ထိုနေရာမှာပင် ဖြစ်ခြင်း သဘောရှိသော တရားအားလုံးသည် ချုပ်ဆုံးခြင်းသဘော ရှိကြသည်ဟု မြူ ၊ အညစ်အကြေးကင်းသော ဓမ္မစက္ခု ခေါ် သောတာပတ္တိ မဂ် မျက်စိ ဖြစ်ပေါ်လာလေ၏။

ထို့နောက် ပေါက္ခရသာတိ ပုဏ္ဏားသည် တရားမှန်ကို မြင်ပြီးရောက်ပြီး (ရရှိပြီး) သိပြီး သက်ဝင်ပြီး ဖြစ်၍ ယုံမှားတွေးတောခြင်း ဝိစိကိစ္ဆာကို လွန်မြောက်ပြီးဖြစ်၍ သာသနာတော်၌ ရဲရင့်ယုံကြည်ပြီး ဖြစ်၍ မြတ်စွာဘုရားမှ တစ်ပါး မည်သည့် ဆရာကိုမျှ မယုံကြည်နိုင်သည် ဖြစ်၍ မြတ်စွာဘုရားကို ဤသို့ လျှောက်၏။

အိုအရှင် ဂေါတမ...... အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ ဥပမာအားဖြင့် မှောက်၍နေသော အရာကို လှန်၍ ပြသကဲ့သို့ ဖုံးကွယ်၍နေသောအရာကို ဖွင့်၍ ပြသကဲ့သို့ မျက်စိလည် လမ်းမှားသော သူအားခရီးလမ်းကို ညွှန်ကြားသကဲ့သို့ မျက်စိအမြင် ရှိသူသည် ရူပါရုံတို့ကိုမြင်လိမ့်မည် ဟူသောသဘောဖြင့် အမိုက်အမှောင်ထု၌ ဆီမီးကို ညှိထွန်း၍ထား သကဲ့သို့ ဤအတူသာလျှင် အရှင်ဂေါတမသည် များလှသောအကြောင်းဖြင့် အကျွန်ုပ်အား တရားကို ပြသ ဟောကြားတော် မူပါပေသည်။

အကျွန်ုပ်သည် သား သမီး, ဇနီးမယား မှူးမတ် ပရိသတ်တို့နှင့်တကွ မြတ်စွာ ဘုရားနှင့် တရား, သံဃာကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်သိမှတ်ပါသည်၊ အရှင် ဂေါတမသည် ယနေ့မှ အစပြု၍ အကျွန်ုပ်ကို ရာသက်ပန် သရဏဂုံ ဆောက်တည်သော ဥပါသကာ ဟူ၍ သိမှတ်တော်မူ ပါ။

အရှင် ဂေါတမသည် ဥက္ကဋ္ဌမြို့၌ အခြား ဥပါသကာ အိမ်များသို့ ချဉ်းကပ်တော်မူသကဲ့သို့ ပေါက္ခရသာတိ အိမ်သို့လည်း ချဉ်းကပ်တော်မူပါ၊ ထိုသို့ ချဉ်းကပ်ကြွ ရောက်တော်မူရာ၌ သူငယ်, သူငယ်မတို့သည် ရှိခိုးကြပါလိမ့်မည်၊ ခရီးဦးကြို ပြုကြပါလိမ့်မည်၊ နေရာထိုင်ခင်း, ခြေဆေးရေ, သောက်ရေတို့ကို ပေးလှူကြပါလိမ့်မည်၊ စိတ်ကိုသော်လည်း

ကြည်လင်စေကြ ပါလိမ့်မည်၊ ထိုအမှုအရာတို့သည် ထိုသူငယ်, သူငယ်မ တို့အတွက် အရှည်အကြာ စီးပွားချမ်းသာရဖို့ ဖြစ်ကြပါလိမ့်မည်။

ဗုဒ္ဓ။ ။ အိုပုဏ္ဏား......သင်သည် စကားကောင်းကို ပြောဆိုခြင်းပင် ဖြစ်တော့သည်။

အမ္ဗဋ္ဌသုတ် ပြီး၏။

# သောဏဒဏ္ဍသုတ်

## သောဏဒဏ္ဍသုတ် အမှာ

သောဏဒဏ္ဍသုတ် ဆိုသည်မှာ သောဏဒဏ္ဍပုဏ္ဏားအား ဟောကြားတော်မူသော သုတ် ဖြစ်သည်။

ဗုဒ္ဓဘုရားသည် အင်္ဂတိုင်း စမ္ပါမြို့ ဂဂ္ဂရာ ရေကန် ကမ်းနဖူးရှိ ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဤသုတ်ကို ဟောကြားတော်မူခဲ့လေသည်၊ ဗုဒ္ဓခေတ်၌ စမ္ပါမြို့ကလေးမှာ မာဂဓတိုင်း ရာဇဂြိုဟ်မြို့တော် ဗိမ္ဗိသာရမင်းကြီး၏ ဩဇာခံ နယ်ပယ် ဖြစ်ခဲ့သော်လည်း နောင်အခါ အင်္ဂတိုင်း၏ မြို့တော် ဖြစ်ခဲ့ဖူးပေသည်၊ စမ္ပါမြို့ကို မြန်မာ စာပေတွင် ရှေးအခေါ် အားဖြင့် စမ္ပါနဂိုရ် ဟု ခေါ်တွင်ခဲ့ပြီး ယခုအခါ အိန္ဒိယပြည် ဘဂလ်ပူမြို့၏ အနောက်ဘက် ၂၄ မိုင်ခန့် အကွာတွင် ရှိသော ရွာနေရာများ၌ တည်ရှိခဲ့ လေသည်၊ ထိုစမ္ပါမြို့တွင် သာယာ ကြည်နူးဖွယ် ကောင်းသော ရေကန်ကြီး တစ်ကန် ရှိရာ တူးဖော်စေခဲ့သူ ဂဂ္ဂရာ မိဖုရားကြီးကို အစွဲပြု၍ ဂဂ္ဂရာရေကန်ဟု ယခုတိုင် ခေါ်တွင် လျက်ရှိသော ကန်တော်ကြီး ဖြစ်လေသည်။

ပေါက္ခရသာတိ ပုဏ္ဏားသည်ပင် အရှိအသေ ပြုရသော သောဏ ဒဏ္ဍ ပုဏ္ဏားသည် ဂဂ္ဂရာ ရေကန်သို့ မြတ်စွာဘုရား ကြွရောက်တော် မူလာကြောင်း ကြားသိရသောအခါ အဖူးအမြော်သွားရောက်ဖို့ အကြံ ဖြစ်ခဲ့သည်မှာ ဗြာဟ္မဏဝါဒသည် တကယ်တမ်း ပညာရှိ၍ အမှန်ကို လိုလားသော ပုဏ္ဏားကျော်တို့အားပင် နှစ်သိမ့် အားရခြင်းကို မပေး နိုင်ကြောင်း ထင်ရှားလှပေသည်။ ထိုကြောင့်ပင် သောဏဒဏ္ဍ ပုဏ္ဏားကြီး သည် အဖော်ပုဏ္ဏား ငါးရာတို့က အပြင်းအထန် တားမြစ်ကြသည်ကို မနာယူဘဲ ဗုဒ္ဓဘုရား အထံသို့ အရောက်သွား၍ တရားနာခဲ့ခြင်း ဖြစ်ပေသည်။

သောဏဒဏ္ဍပုဏ္ဏားသည် ဗုဒ္ဓဘုရားနှင့် အတိုက်အခံ ငြင်းခုံ ပြော ဆိုခြင်း မပြုဘဲ ဟောကြားဆုံးမတော်မူသည်ကို နာယူလိုသည့် လက္ခဏာ ကိုသာ ပြသခဲ့ရာ ဇာတ်အစွဲကြီးလှသော ဗြာဟ္မဏဝါဒီ နာမည်ကျော် ဆရာ ကြီး တစ်ဆူဖြစ်ခဲ့သော်လည်း မာန်မာနနည်းပါး၍ အမှန်ကို လိုလားသော ပညာရှိ သူတော်ကောင်းကြီး ဖြစ်သည်ဟု ဆိုထိုက်ပါပေသည်။

ဗုဒ္ဓဘုရားသည် သောဏဒဏ္ဍ ပညာရှိကြီးအား မျက်နှာ ပျက်၍ အနေခက်မည့် စကားမျိုး, အရှက်ရမည့် စကားမျိုး, နှိမ့်ချိုး လိုသည့် စကားမျိုး, အနိုင်ယူ လိုသည့် စကားမျိုးများကို မိန့်ကြားခြင်း မပြုဘဲ သူ ကျွမ်းကျင်သည့် ဗေဒင်ကျမ်းလာ ပုဏ္ဏားတို့၏ အင်္ဂါ ငါးပါး ကိုပင် ဆွေးနွေး မေးမြန်း၍ စကား ဖြစ်စေတော်မူပြီးမှ လိုရင်းကို စစ်ထုတ်၍ သီလ ပညာ နှစ်ပါးတို့သာ ပဓာန ဖြစ်ကြောင်းကို ဆွဲဆောင် ဟောကြား သွားတော်မူပုံမှာ ခပ်သိမ်းသိ ဉာဏ်တော်ကို အမှီပြုသည့် ဒေသနာ ဉာဏ်တော်ကို ခန့်မှန်းရန် သေချာသော အချက်တစ်ရပ် ဖြစ်ပေသည်၊ ထိုဒေသနာဉာဏ်တော်ဖြင့် အမှန်ကိုလိုလားသော ပညာရှိကြီးအား ဖြောင့်မတ်စွာ လမ်းခင်းပြသ၍ အမှန်သို့ ပို့ဆောင်တော်မူခဲ့ရာ တစ်ကြိမ်တည်းနှင့်ပင် အမှန်ကို သိမြင်၍ ဥပါသကာ ဖြစ်လာခဲ့လေသည်။

ဤသုတ်၏လိုရင်းအချက်မှာကား သီလနှင့် ပညာသာ ဖြစ်ကြောင်း သိသာ ပေါ်လွင်လှပေသည်၊ သို့ရာတွင်ဟောတော်မူနေကျ ဗုဒ္ဓလမ်းစဉ် များကိုပင် သီလ ပညာ နှစ်ပါးသို့ သိမ်းသွင်း ဟောကြားတော်မူခြင်းသာ ဖြစ်ပေသည်။

ထို့ကြောင့် ဤသုတ်ကို လေ့လာ မှတ်သားရလျှင် လောက၌ အရေး အကြီးဆုံး အချက်မှာ သီလနှင့် ပညာ (ကိုယ်ကျင့် တရားနှင့် အသိဉာဏ်) သာ ဖြစ်သည်ဟူသော အဖိုးမဖြတ်နိုင်သည့် ဗုဒ္ဓ ဩဝါဒတော် တစ်ရပ်ကို တပ်အပ်သေချာ သိရှိကြရမည် ဖြစ်ပေသည်။

# ၄-သောဏဒဏ္ဍသုတ်

| | |
|---|---|
| သုတ်စဉ် | —— ၄- သောဏဒဏ္ဍသုတ်။ |
| ဟောရာအချိန် | —— ညနေစောင်းအချိန်။ |
| ဟောရာအရပ် | —— စမ္ပာမြို့, ဂဂ္ဂရာရေကန် ကမ်းနဖူး။ |
| ဟောသူ | —— မြတ်စွာဘုရား။ |
| ပရိသတ် | —— သောဏဒဏ္ဍပုဏ္ဏားနှင့် အဖော် ပုဏ္ဏားများ။ |
| ဟောရကြောင်း | —— သီလ-ပညာများကို သောဏဒဏ္ဍ ပုဏ္ဏားက မေးလျှောက်ခြင်း။ |
| ဟောသည့်တရား | —— သီလနှင့် ပညာကို ပြည့်စုံအောင် အသေးစိတ် ဝေဖန် ဟောကြားတော်မူခြင်း။ |

## အစ္ဆုပ္ပတ္တိနိဒါန်း

အခါ တစ်ပါး၌ မြတ်စွာဘုရားသည် ရဟန်းငါးရာတို့နှင့် တကွ အင်္ဂတိုင်း၌ ဒေသစာရီကြွချီတော်မူရာ စမ္ပါမြို့သို့ ရောက်တော်မူလာ၍ စမ္ပါမြို့, ဂဂ္ဂရာရေကန် ကမ်းနဖူး၌ သီတင်း သုံးတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရောက်လာကြောင်း သတင်းကို ကြားသိရသဖြင့် စမ္ပါမြို့သူ မြို့သားတို့သည် အစုလိုက် အပြုံလိုက် ဂဂ္ဂရာရေကန်သို့ ဘုရားဖူး ထွက်ကြကုန်၏။ (သတင်းကြားပုံမှာ အမ္ဗဋ္ဌသုတ်အတိုင်း)

**သောဏဒဏ္ဍပုဏ္ဏား** စမ္ပါမြို့ကလေးမှာ ဗိမ္ဗိသာရ မင်း၏ နိုင်ငံတော်တွင် အပါအဝင် ဖြစ်၍ သောဏဒဏ္ဍ ပုဏ္ဏားအား အပိုင်စား ပေးသနား ထားသောမြို့ ဖြစ်ပေ၏၊ ထိုနေ့၌ စမ္ပါမြို့စား သောဏဒဏ္ဍ ပုဏ္ဏားသည် ပြာသာဒ်ထက်တွင် နေ့အခါ ချမ်းသာစွာ နေစဉ် မြို့သူမြို့သားတို့ ဂဂ္ဂရာ ရေကန်သို့ သွားကြသည်ကို မြင်သဖြင့် အတွင်းဝန်ကို ခေါ်၍ မေးရာ "မြတ်စွာ ဘုရား ကြွရောက်တော်မူလာ၍ ဘုရားဖူးသွားကြကြောင်းကို" လျှောက်တင်လေ၏။

ထိုအခါ သောဏဒဏ္ဍ ပုဏ္ဏားသည် "သောဏဒဏ္ဍ ပုဏ္ဏား ရဟန်းဂေါတမ အထံတော်သို့ လိုက်မည်၊ ခဏ ဆိုင်းငံ့ကြပါ" ဟု အတွင်းဝန်ကို စေလွှတ် ပြောဆို စေ၏၊ ထိုစကားကို ကြားရလျှင် ကိစ္စ ရှိ၍ စမ္ပါမြို့ကလေးသို့ ရောက်နေကြသော ပုဏ္ဏား ငါးရာ တို့သည် သောဏဒဏ္ဍ ပုဏ္ဏားထံသို့ ရောက်လာ ကြပြီးလျှင် ဤသို့ ပြောဆို ကြကုန်၏။

ပုဏ္ဏားများ။ ။ အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမအထံသို့ အဖူးမြော်သွားမည် ဆိုသည်မှာ မှန်ပါသလော။

သောဏဒဏ္ဍ။ ။ မှန်ပါသည်။

ပုဏ္ဏားများ။ ။ အရှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမ ထံသို့ မသွားပါလင့်၊ အရှင် သောဏဒဏ္ဍသည် ရဟန်းဂေါတမ ထံသို့ သွား ထိုက်သူမဟုတ်ပါ၊ အကယ်၍ သွားရောက်ခဲ့လျှင် အရှင်သောဏဒဏ္ဍမှာ ဂုဏ်သတင်းဆုတ်ယုတ်၍ ရဟန်းဂေါတမမှာ ဂုဏ်သတင်း တိုးပွားပါလိမ့် မည်၊ ဤ အကြောင်းဖြင့်ပင် မသွားထိုက်ပါ။ ထို့ပြင် အရှင်သောဏဒဏ္ဍ သည် ဇာတ်မြင့်သူ, (အမျိုးသန့်သူ) ကြွယ်ဝ ချမ်းသာသူ, ဗေဒင်သုံးပုံကို တတ်ကျွမ်းသူ, အဆင်းလှ၍ ထယ်ဝါ ခံ့ညားသူ, အကျင့်သီလ ရှိသူ, အပြောအဆို ကောင်းသူ, တပည့် သုံးရာတို့၏ ဆရာ့ ဆရာ ဖြစ်သူ အသက်ရွယ် ကြီးရင့်သူ ဗိမ္ဗိသာရ၏ ရိုသေပူဇော် ခံရသူ . ပေါက္ခရသာတိ ပုဏ္ဏား၏ ရိုသေ ပူဇော် ခံရသူ ဖြစ်သည့်ပြင် ဤစမ္ပါမြို့ကို အသနား တော်မြတ် ခံရသော စမ္ပါမြို့စား ကြီးလည်း ဖြစ်ပါသည်၊ ထို့ကြောင့် (အားလုံးအကြောင်းပြ- ၁၂) အရှင် သောဏဒဏ္ဍသည် ရဟန်းဂေါတမ ထံသို့ အဖူးအမြော် မသွားထိုက်ပါ၊ ရဟန်း ဂေါတမ သည်သာ အရှင် သောဏဒဏ္ဍထံ အဖူးအမြော်လာရောက် ထိုက်ပါသည်။

**သောဏဒဏ္ဍပုဏ္ဏား မြတ်စွာဘုရားကိုချီးကျူးခြင်း**

သောဏဒဏ္ဍ။ ။ အမောင်တို့-- ကျွန်ုပ်၏စကားကိုလည်းနားထောင် ကြပါဦး၊ ရဟန်း ဂေါတမသည် ဆွေမျိုး ၇-ဆက်တိုင်အောင် ဇာတ် လည်း မြင့်မြတ်သည်၊ များစွာသော ဆွေမျိုးတော်တို့ကို စွန့်၍ ရဟန်း

ပြုခဲ့သူလည်း ဖြစ်ပေသည်၊ မြေ၌ တည်သော ဥစ္စာ ကောင်းကင်၌ တည်သော ဥစ္စာစသော * ဥစ္စာ ပစ္စည်းကို စွန့်လွှတ်ခဲ့သည်၊ ပဌမ အရွယ်၌ သာလျှင် မိဘတို့ ငိုယို တားမြစ်စဉ်မှာ ရဟန်း ပြုခဲ့သည်၊ ဗြဟ္မာကဲ့သို့ အဆင်းလှသည်၊ မြတ်သောသီလနှင့် ပြည့်စုံသည်၊ အပြော အဆိုအရာ၌ အလွန် လိမ်မာယဉ်ကျေးသည်၊ အများတို့၏ ဆရာ့ ဆရာ ဖြစ်သည်၊ ကာမ တဏှာကို ပယ်ခွာထားသူလည်း ဖြစ်သည်၊ ကံကို ယုံကြည်သော ဝါဒရှိသည်၊ ပုဏ္ဏားတို့၌ ယုတ်မာမှုကို ရှေ့ထားသူ မဟုတ်၊ အသမ္ဘိန္နခတ္တိယ မဟာ သမ္မတမင်းမှ စ၍ မပျက်စီးခဲ့သော မင်းမျိုး၌ ဖြစ်တော်မူရာမှ ရဟန်းပြုခဲ့သည်၊ အလွန်တရာ ကြွယ်ဝ ချမ်းသာခဲ့သည်၊ ပြည်ခြား, နိုင်ငံခြားမှ ပြဿနာမေး လာရောက်ကြရသည်၊ သိန်းပေါင်း များစွာသော နတ်တို့သည် အသက်ပေး၍ ကိုးကွယ်ကြသည်၊ အရပ်ံ စသော ဂုဏ်တော် ကိုးပါး တို့နှင့် ပြည့်စုံသည်ဟု ကျော်စောသည်၊ သုံးဆယ့်နှစ်ပါးကုန်သော မဟာပုရိသ လက္ခဏာတော်တို့နှင့် ပြည့်စုံသည်။ မျက်မှောင် မကုတ်ဘဲ ပေါ်လွင်သော မျက်နှာ ရှိသည်၊ ကြည်လင်စွာ စတင် နှုတ်ဆက် ပြောဆိုလေ့ ရှိသည်၊ ပရိသတ် * လေးပါး၏ ရိုသေ ပူဇော် ခံရသည်၊ နတ်လူ အများတို့ အလွန် ကြည်ညိုသည်၊ ရောက်တော်မူရာ အရပ်၌ နတ်ဆိုး, တစ္ဆေ, မြေဘုတ်တို့ နှိပ်စက် ညှဉ်းဆဲခြင်း မရှိ၊ ဂိုဏ်း ဆရာတကာတို့တွင် အသာလွန်ဆုံး ဖြစ်ပေသည်၊ ထိုထိုရဟန်း ပုဏ္ဏားတို့သည် ဟိုနည်း သည်နည်းဖြင့် ကျော်ကြားခြင်းကို ရရှိကြသကဲ့သို့ မဟုတ်ဘဲ ရဟန်းဂေါတမသည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံသဖြင့် အမှန်တိုင်း ကျော်ကြားခြင်းကို ရရှိသည်၊ ဗိမ္ဗိသာရ, ပသေနဒီ ကောသလမင်း တို့သည် သား မယား, အခြံအရံနှင့် ဘကွ ကိုးကွယ် ပူဇော်သည်၊ ပေါက္ခရသာတိ ပုဏ္ဏားလည်း သား, မယား, အခြံအရံနှင့် ထကွ ကိုးကွယ် ပူဇော်သည်၊ ထို့ပြင် ရဟန်း

---

* **ဥစ္စာနှစ်မျိုး။** ။ မင်းရင်ပြင်, ဥယျာဉ်တို့၌ အင်္ဂတေမံသော ရေကန်များတွင် ဆည့်ထားသော ရတနာသည် မြေ၌တည်သော ဥစ္စာမည်၏၊ ဘဏ္ဍာတိုက်များ၌ ဆည့်ထားသော ရတနာသည် ကောင်းကင်၌တည်သော ဥစ္စာမည်၏။

* **ပရိသတ်လေးပါး။** ။ (က) ရဟန်း။ (ခ) ရဟန်းမိန်းမ (ဂ) ဥပါသကာ

ဂေါတမသည် ကျွန်ုပ်တို့နယ်ပယ်သို့ ရောက်လာသော ဧည့်သည်ဖြစ်၍ ကျွန်ုပ်တို့ကသာ သွားရောက် ဖူးမြော်သင့်ပေသည်။

ရဟန်းဂေါတမ၏ ဂုဏ်တော်တို့ကို ဤမျှသာ ကျွန်ုပ် သိရသေးသည်၊ ရဟန်းဂေါတမအား ဤမျှသော ဂုဏ်တော်တို့သာ ရှိကြသည် မဟုတ်၊ မနိူင်းယှဉ်နိုင်သော ဂုဏ်တော်များနှင့် ပြည့်စုံပေသည်။

ပုဏ္ဏားများ။ ။ အုံအရှင် သောဏဒဏ္ဍ..... ဤသို့ဖြစ်လျှင် ဤ အရပ်မှ ယူဇနာ တစ်ရာဝေးသောအရပ်မှာ ရဟန်းဂေါတမ သီတင်းသုံးတော်မူသည်ဟု ကြားလျှင်ပင် စားနပ်ရိက္ခာထုပ်ကို ယူ၍ သွားရောက် ဖူးမြော်ထိုက်ပါပေသည်၊ ကျွန်ုပ်တို့လည်း အတူ လိုက်ကြပါမည်။

**သောဏဒဏ္ဍပုဏ္ဏားအား အကြိုက်လိုက်၍ ပြဿနာ မေးတော်မူခြင်း**

ထိုနောက် သောဏဒဏ္ဍ ပုဏ္ဏားသည် များစွာသော ပုဏ္ဏားတို့နှင့် အတူ ဂဂ္ဂရာ ရေကန်ဆီသို့ ထွက်လာခဲ့လေ၏၊ ဂဂ္ဂရာ ရေကန်သို့ ရောက်သောအခါ ငါသည် ရဟန်းဂေါတမကို ပြဿနာ စ၍ မေးလျှင် ရဟန်း ဂေါတမက "အသင် ပုဏ္ဏား..... မမေးသင့်၊ ဤပြဿနာကို ဤသို့သာ မေးသင့်သည်"ဟု မိန့်တော်မူခဲ့သော် ပရိသတ်တို့သည် ဤ ပုဏ္ဏားကား ရဟန်းဂေါတမအား ပြဿနာကိုမျှ သင့်လျော်အောင် မမေးတတ်ဟု ကဲ့ရဲ့ ပြစ်တင်ကြတော့မည်၊ ဤသို့ ပြစ်တင်ခံရ၍ ဂုဏ်သတင်းပျက်လျှင် စည်းစိမ်လည်း ပျက်စီးရာသည်၊ ငါတို့စည်းစိမ်မှာ ဂုဏ်သတင်း ဖြင့်သာ ရအပ်သော စည်းစိမ်မျိုး ဖြစ်ပေသည်။ ရဟန်း ဂေါတမသည်ပင် ငါ့ကို ပြဿနာ မေး၍ ကျေနပ်အောင်မဖြေဆိုနိုင်လျှင်လည်းဤနည်းတူပင် ဂုဏ်ပျက်တော့မည်၊ ထိုသို့ မဟုတ်ဘဲဤမျှ အနီးသို့ ရောက်မှ ပြန်ခဲ့လျှင်လည်း သောဏဒဏ္ဍ ပုဏ္ဏားသည် မိုက်မဲ၏၊ မာနကြီး၏၊ သတ္တိလည်း မရှိ၊ ရဟန်းဂေါတမထံသို့ပင် မကပ်ဝံ့၊ အဘယ်ကြောင့် အနီးသို့ ရောက်မှ ပြန်ရလေသနည်းဟု ကဲ့ရဲ့ ရှုတ်ချ၍ ရှေးနည်းတူဂုဏ်ပျက်ရလေတော့မည်ဟု စိတ်ကူးမိလေ၏။

ဤသို့စိတ်ကူးရင်းပင် မြတ်စွာ ဘုရားအထံတော်သို့ ရောက်ကြလေလျှင် အချို့ကား ရှိခိုး၍ သင့်ရာ၌ ထိုင်ကြကုန်၏၊ အချို့ကား မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ စကားပြောဆို ကြကုန်၏၊ အချို့ကား အမည်နာမ, အမျိုးအနွယ်ကို လျှောက်ထားကြကုန်၏၊ သောဏဒဏ္ဍပုဏ္ဏားသည်ကား ရှိခိုးဝတ်ချ၍ သူတကာတို့အရင် ထိုင်နေသော်လည်း စိတ်တွင် (အထက်ပါအတိုင်း) တွေးကြံ ပူပန်လျက် ရှိ၏၊ နောက်ဆုံး၌ကား ငါတတ်ကျွမ်းသော ဗေဒင် သုံးပုံ၌သာ ပြဿနာ မေးတော်မူခဲ့ပါလျှင် နှစ်သက် အားရအောင် ဖြေဆိုနိုင်ပေမည်ဟု တောင့်တလျက် ရှိ၏။

မြတ်စွာဘုရားသည် ပုဏ္ဏား၏ အကြံကို သိတော်မူသဖြင့် ဗေဒင်နှင့် ပတ်သက်သော အမေးကို စတင်၍ မေးမြန်းတော်မူရာ သောဏဒဏ္ဍပုဏ္ဏားသည် ငါစိတ်ကူး တောင့်တတိုင်းပင် ပြည့်စုံပေသည်ဟု နှစ်သက်ဝမ်းမြောက် မိလေ၏။

## ဗုဒ္ဓနှင့် သောဏဒဏ္ဍ

**ပုဏ္ဏားအင်္ဂါ ငါးပါး**

ဗုဒ္ဓ။ ။ အို ပုဏ္ဏား.....ပုဏ္ဏားတို့သည် အဘယ်မျှသော အင်္ဂါတို့နှင့် ပြည့်စုံမှ ပုဏ္ဏားဟု ပညတ်ပြောဆိုကြကုန် သနည်း၊ ကျွန်ုပ်သည် ပုဏ္ဏား ဖြစ်သည်ဟု ပြောဆိုသော သူသည်လည်း မုသာဝါဒ မဖြစ်ဘဲ အမှန်ဖြေဆိုခြင်း ဖြစ်ရာ သနည်း။

သောဏဒဏ္ဍ။ ။ ထိုစကားကို ကြားရသောအခါ သောဏဒဏ္ဍပုဏ္ဏားသည် "မိမိဆရာ၏ ဥစ္စာ ဖြစ်သော ဝိဇ္ဇာသုံးပါး ခေါ် ဗေဒင်မှု၌သာ ရဟန်း ဂေါတမသည် ပြဿနာ မေးခဲ့ပါမူ ကောင်းလေစွဟု ကျွန်ုပ် လိုလားတောင့်တသည့် အတိုင်းပင် ဖြစ်လာပေသည်"ဟု တွေးတောဝမ်းမြောက် မိလေ၏၊ ထိုနောက် သောဏဒဏ္ဍ ပုဏ္ဏားသည် ကိုယ်ကို ကိုင်းညွတ်၍ ပရိသတ်ကို တစောင်းကြည့်ပြီးလျှင် မြတ်စွာ ဘုရားကို ဤသို့ လျှောက်၏။

အိုအရှင်ဂေါတမ..... အင်္ဂါငါးပါးတို့နှင့် ပြည့်စုံမှ ပုဏ္ဏားဖြစ်သည်ဟု ပုဏ္ဏားတို့က ပြောဆို ပညတ်ကြပါသည်၊ ကျွန်ုပ် ပုဏ္ဏားဖြစ်သည်ဟု ပြောဆိုသော သူသည်လည်း မုသာဝါဒ မဖြစ်ဘဲ အမှန်ပြောဆိုခြင်း ဖြစ်ရာပါသည်၊ ထိုအင်္ဂါ ငါးပါးတို့မှာ အဘယ်အရာတို့ ဖြစ်ကြပါသနည်း ဆိုသော် ၁– အမိ, အဖ နှစ်ပါးစုံ တို့မှ ကောင်းစွာ မွေးဖွားလာသူ ဖြစ်၏၊ စင်ကြယ်သော အမိဝမ်းမှ ပေါက်ဖွားလာသူ ဖြစ်၏၊ နှစ်ဘက်သော ဘိုးဘွား ခုနစ်ဆက်တိုင်အောင် ဇာတိဝါဒ ခေါ် ဇာတ်စကားဖြင့် မကဲ့ရဲ့ မရှုတ်ချအပ်သူ ဖြစ်၏၊ (ဆွေမျိုး ခုနစ်ဆက် ဇာတ်မြင့်၏)၊ ၂– ဗေဒင် ကို ရွတ်ဖတ် သရဇ္ဈာယ် တတ်၏၊ ဗေဒင်ကို ဆောင်၏၊ အဘိဓာန်ကျမ်း, အလင်္ကာကျမ်း, သဒ္ဒါကျမ်း, ဣတိဟာသ ခေါ် ပုရာဏ်ကျမ်း (အာထဗ္ဗနဗေဒင်)တို့နှင့် တကွ ဗေဒင်သုံးပုံတို့၏ ပါရဂူဖြစ်၏၊ ဗေဒင်ကျမ်း, ဗျာကရဏ်းကျမ်းတို့ကို မိမိလည်းသင်ယူ, သူတစ်ပါးတို့ကိုလည်း ချပို့တတ်၏၊ လောကာယတကျမ်း, မဟာပုရိသလက္ခဏာကျမ်းတို့၌ ယုတ်လျော့ခြင်း မရှိ၊ (အပြည့်အစုံ တတ်ကျွမ်း၏၊) ၃– အလွန်အဆင်းလှ၏၊ ကြည့်ချင်ဖွယ် ရှိ၏၊ ကြည်ညိုဖွယ် ရှိ၏၊ မြတ်သော အဆင်း၏ ကောင်းခြင်းနှင့် ပြည့်စုံ၏၊ ဗြဟ္မာကဲ့သို့ အဆင်းလှ၏၊ (မြတ်သောအဆင်းနှင့် ပြည့်စုံ၏၊) ဗြဟ္မာကိုယ်ကဲ့သို့သော ကိုယ်ကာယ ရှိ၏၊ ကြည့်ရှုရန် မသေးငယ်သော သူ (ထယ်ဝါခန့်ညားသူ) ဖြစ်၏၊ ၄– သီလရှိ၏၊ ပွားစီးသော သီလနှင့် ပြည့်စုံ၏၊ ၅– ပညာရှိ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ အပူဇော်ခံ ပုဂ္ဂိုလ်တို့တွင် ပထမ, သို့မဟုတ်, ဒုတိယ ပုဂ္ဂိုလ် ဖြစ်၏၊ ဤ အင်္ဂါငါးပါးတို့ပင် ဖြစ်ကြပါသည်။

ဗုဒ္ဓ။ ။ "ဤအင်္ဂါငါးပါးတို့တွင် တစ်ပါးပါးကို ချန်ထားခဲ့၍ အင်္ဂါလေးပါးမျှဖြင့် ပုဏ္ဏားအစစ် ဖြစ်နိုင်ပါမည်လော"။

သောဏဒဏ္ဍ။ ။ "ဖြစ်နိုင်ပါသည်၊ အဆင်းလှခြင်း ဟူသော တတိယ အင်္ဂါကို ချန်ထားနိုင်ခဲ့ ပါသည်"။

ဗုဒ္ဓ။ ။ "ဤလေးပါးတို့တွင် တစ်ပါးပါးကို ချန်ထားခဲ့၍ ကြွင်းသော အင်္ဂါသုံးပါးမျှဖြင့် ပုဏ္ဏား အစစ် ဖြစ်နိုင်ပါမည်လော"။

သောဏဒဏ္ဍ။ ။ "ဖြစ်နိုင်ပါသည် ဗေဒင် တတ်ခြင်းဟူသော ဒုတိယ

**ဗုဒ္ဓ။ ။**"ဤအင်္ဂါသုံးပါးတို့တွင် တစ်ပါးပါးကို ချန်ထား၍ ကျန်နှစ်ပါးဖြင့် ပုဏ္ဏားစစ် ဖြစ်နိုင်ပါသေးသလော"။

**သောဏဒဏ္ဍ။ ။** "ဖြစ်နိုင်ပါသေးသည်၊ ဇာတ်ဟူသော ပထမ အင်္ဂါကို ချန်ထားခဲ့နိုင်ပါသည်၊ အဆင်းအင်္ဂါ, ဗေဒင်ပညာ, ဇာတ်မြင့်ခြင်း တို့မှာ အရေးမကြီးလှပါ"။

ထိုအခါ နားထောင် နေကြသော ပုဏ္ဏားတို့သည် "အို အရှင် သောဏဒဏ္ဍ..... ဤသို့ မဆိုပါလင့်၊ အရှင်သောဏဒဏ္ဍသည် အဆင်း အင်္ဂါ ဗေဒင်ပညာ, ဇာတ်အမျိုးအနွယ်တို့ကို ကဲ့ရဲ့နေပါသည် အရှင် သောဏဒဏ္ဍသည်၊ အမှန်အားဖြင့် ရဟန်းဂေါတမ၏ ဝါဒနောက်သို့ လိုက်ပါနေပါသည်ဟု ဝိုင်းဝန်း ပြောဆိုကြကုန်၏၊ ထိုအခါ မြတ်စွာ ဘုရားသည် အမ္ဗဋ္ဌနှင့် အဖော် လုလင်တို့ကို မိန့်တော် မူသကဲ့သို့ပင် တစ်ယောက်ယောက်သာ ပြောဆို ဆွေးနွေးရန် မိန့်တော်မူ၏။

ထိုအခါ သောဏဒဏ္ဍ ပုဏ္ဏားသည် "အို အရှင်ဂေါတမ..... သည်းခံတော်မူပါ၊ ဤပုဏ္ဏားတို့ကို ကျွန်ုပ်ပင် နားလည်အောင် ပြောဆို ပါမည်"ဟု လျှောက်ထားပြီးလျှင် မိမိ၏ တူအရှင်းဖြစ်သော အင်္ဂက လုလင်ကိုညွှန်ပြ၍ "အမောင်တို့.....ကျွန်ုပ်၏ စကားကို မကန့်ကွက်ကြ ပါကုန်လင့်၊ ကျွန်ုပ်၏ တူဖြစ်သူဤအင်္ဂကလုလင်ကို မြင်ကြ၏ မဟုတ် လော၊ အင်္ဂက လုလင်သည် ဤပရိသတ်တွင် ရဟန်းဂေါတမကို ချန် ထား၍ အလှပဆုံး ဖြစ်ပေသည်၊ ဗေဒင် ကိုလည်း ကျွန်ုပ်ကိုယ်တိုင် သင်ထားသဖြင့် ဆိုဖွယ် မရှိတော့ပါ၊ အမျိုးဇာတ်မှာလည်း ကျွန်ုပ်၏ တူပင် ဖြစ်တော့သည်။ သို့ပင် ဖြစ်သော်လည်း ဤအင်္ဂကလုလင်သည် လူ့အသက်သတ်, သူ့ ဥစ္စာခိုး, သူ့မယားပြစ်မှား, မုသားဆို, အရက် သောက်၍ နေခဲ့ပါလျှင် ရုပ်အဆင်းအင်္ဂါ, ဗေဒင်ပညာ, ဇာတ်မြင့်ခြင်း တို့မှာ ဘာအသုံးကျတော့ မည်နည်း၊ ထိုကြောင့် သီလ, ပညာ အင်္ဂါ နှစ်ပါး သာလျှင် အရေးကြီး ပါသည်ဟု ပြောကြားလိုက်ရာ ငြိမ်၍ သွားကြ၏။

**ဗုဒ္ဓ။ ။**"အို သောဏဒဏ္ဍ......ဤအင်္ဂါ နှစ်ပါးတွင် တစ်ပါးပါးကို ချန်ထား၍ ပုဏ္ဏားအစစ် ဖြစ်နိုင်ပါသေးသလော"။

သောဏဒဏ္ဍ။ ။ "မဖြစ်နိုင်ပါ၊ လက်ဖြင့်လက်ချင်း, ခြေဖြင့် ခြေချင်း, ဆေးကြော ရသကဲ့သို့ သီလဖြင့် ပညာကို, ပညာဖြင့် သီလကို ဆေးကြော စင်ကြယ်စေရ ပါသည်၊ သီလရှိမှ ပညာရှိနိုင်၍ ပညာရှိမှလည်း သီလ ရှိနိုင်ပါသည်"။

ဗုဒ္ဓ "မှန်ပေသည်၊ သို့သော် သီလ, ပညာ ဟူသည် အဘယ်တရားတို့ ဖြစ်ကြပါသနည်း"။

သောဏဒဏ္ဍ "အိုအရှင်ဂေါတမ.....အကျွန်ုပ်တို့ကား ဤမျှသာ သိမြင်ကြပါသည်၊ အရှင်ဂေါတမ၏ ပြဿနာကို အရှင်ဂေါတမသာ ဖြေကြားပါရန် တောင်းပန်ပါသည်။"

## အဿုပ္ပရိဿာ နိဒါန်း ပြီးပြီ။

---

| | |
|---|---|
| | ဗုဒ္ဓ။ ။ အို ပုဏ္ဏား.....ထိုသို့ဖြစ် |
| မြတ်စွာဘုရား တရား | လျှင် နာယူလော့၊ကောင်းစွာ နှလုံး |
| ဟောတော်မူခြင်း | သွင်းလော့၊ ဟောတော်မူမည်။ |
| | အိုပုဏ္ဏား....ဤလောက၌ ဂုဏ် |

တော် ကိုးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားပွင့်တော်မူလာ သဖြင့် တရားကို နာရ၍ သဒ္ဓါတရားဖြစ်ပေါ်လျက် ရဟန်းပြုကြပြီးလျှင် အခြေခံသီလ သုံးပါး, ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသော တံခါးရှိခြင်း (ဣန္ဒြိယသံဝရ သီလ) , မှတ်ခြင်း သိခြင်း (သတိ, သမ္ပဇဉ်) ရောင့်ရဲ လွယ်ခြင်း (သန္တောသ) တို့နှင့် ပြည့်စုံကြ၏၊ ဤအခြေခံ သီလ စသည် တို့သည် သီလများပင် ဖြစ်ကြပေသည်။

ထိုနောက် ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ ဘာဝနာ အားထုတ် သဖြင့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ရရှိ၏၊ ထိုနောက် ဝိပဿနာဉာဏ်အမြင်, စသော ဉာဏ်တို့ကို ရရှိ၏၊ ဤဈာန် သမာပတ်, ဉာဏ်အမြင်, အဘိညာဉ်, မဂ်ဖိုလ်ကို့သည် ပညာများပင် ဖြစ်ကြပေသည်။ (သာမညဖလသုတ်ကြည့်ပါ)

**သောဏဒဏ္ဍပုဏ္ဏားဥပါသကာအဖြစ် ခံယူခြင်း**

ထိုသို့ တရားဟောတော်မူပြီးသောအခါ သောဏဒဏ္ဍ ပုဏ္ဏားသည် ပေါက္ခရသာတိပုဏ္ဏားကဲ့သို့ မြတ်စွာ ဘုရားအား ကောင်းချီးပေး၍ သရဏဂုံဆောက်တည်ကာ ဥပါသကာ အဖြစ်ကို ခံယူ၏၊ ထိုနောက် နက်ဖြန် ဆွမ်း ဘုဥ်းပေး ကြွတော် မူပါရန် လျှောက်ထား၍ ပြန်လေ၏။ (အမ္ဗဋ္ဌသုတ်ကြည့်)

**သောဏဒဏ္ဍပုဏ္ဏား၏လျှို့ဝှက်သောအရိုအသေပြုနည်းများ**

နောက်တစ်နေ့ နံနက်တွင် ဆွမ်းများ ပြင်ဆင်ပြီးသောအခါ ဆွမ်းစား ကြွတော်မူပါရန် အချိန်ကြားအထောက်လွှတ်၍ မြတ်စွာဘုရားသည် သံဃာတော် ငါးရာတို့နှင့် တကွ ကြွလာတော်မူလျှင် ကိုယ်တိုင်ပင် မြတ်စွာ ဘုရားအား မွန်မြတ်သော ခဲဖွယ် ဘောဇဥ်ဖြင့် လုပ်ကျွေး၏၊ ဆွမ်း ဘုဥ်းပေးသော အခါ သောဏဒဏ္ဍ ပုဏ္ဏားသည် ဤသို့ လျှောက်၏။

အိုအရှင် ဂေါတမ.....အကျွန်ုပ်သည် ပရိသတ်၌ နေလျက် အရှင်ဂေါတမအား နေရာမှထ၍ ရှိခိုးခဲ့ပါလျှင် ပရိသတ်သည် အကျွန်ုပ်ကို လွှမ်းမိုးပါလိမ့်မည်၊ (အထင်သေးကြပါလိမ့်မည်) ထိုသို့ လွှမ်းမိုးခြင်း အထင်သေးခြင်းခံရသူအား ဂုဏ်သတင်း ယုတ်လျော့ ပါလိမ့်မည်၊ ဂုဏ်သတင်း ယုတ်လျော့သူအား စည်းစိမ်ချမ်းသာတို့လည်း ယုတ်လျော့ကြပါလိမ့်မည်၊ အကျွန်ုပ်တို့၏ စည်းစိမ်ချမ်းသာကို့သည် ဂုဏ်သတင်းဖြင့် ရရှိအပ်သော အရာတို့သာ ဖြစ်ကြပါသည်။

(ထို့ကြောင့်) အကျွန်ုပ်သည် ပရိသတ်၌ နေလျက် လက်အုပ်ချီခဲ့ပါလျှင် နေရာမှ ထ၍ ခရီးဦးကြို ပြုခြင်း ဟု မှတ်ယူတော်မူပါ၊ ပရိသတ်၌ နေလျက် ခေါင်းပေါင်းကို ချွတ်ခဲ့ပါလျှင် ဦးခေါင်းဖြင့် ရှိခိုးခြင်းဟု မှတ်ယူတော်မူပါ။

အို အရှင်ဂေါတမ--ယာဉ်စီး၍ နေသောအခါ ယာဉ်မှ ဆင်း၍

အကျွန်ုပ်ကို အထင်သေးကြ ပါလိမ့်မည်၊ (ထို့ကြောင့်) အကျွန်ုပ်သည် ယာဉ်စီးလျက် နှင်တန်ကို မြှောက်လိုက်ပါလျှင် ယာဉ်မှ ဆင်းသက်ခြင်းဟု မှတ်ယူတော်မူပါ၊ ယာဉ်စီးလျက် ထီးကို ရုပ်သိမ်းဖယ်ရှားလိုက်လျှင် ဦးခေါင်းဖြင့် ရှိခိုးခြင်းဟု မှတ်ယူတော်မူပါ။

ထိုနောက် မြတ်စွာ ဘုရားသည် သောဏဒဏ္ဍ ပုဏ္ဏားအား တရားနှင့် စပ်သော စကားဖြင့် သစ္စာ လေးပါးကို ပြတော်မူ၍ နှစ်သက်ရွှင်လန်း ပမ်းမြောက် စေတော်မူပြီးလျှင် နေရာမှ ထ၍ ကြွတော်မူလေ၏။

သောဏဒဏ္ဍသုတ် ပြီး၏။

# ကူဋဒန္တသုတ်

## ကူဋဒန္တသုတ်အမှာ

ကူဋဒန္တသုတ် ဆိုသည်မှာ ကူဋဒန္တပုဏ္ဏားအား ဖြေရှင်း ဟော ကြားတော်မူသော သုတ် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ဤကူဋဒန္တသုတ်ကို မာဂဓတိုင်း အဝင်အပါ ခါဏုမတ ပုဏ္ဏားရွာ အနီး တစ်ခုသော သရက်ဥယျာဉ်၌ ဟောကြားတော် မူခဲ့ပေသည်။

ကူဋဒန္တ ပုဏ္ဏားသည် သောဏဒဏ္ဍ ပုဏ္ဏား ကဲ့သို့ပင် အသက်, ဂုဏ်ကြီးရင့်လှသော ဗြာဟ္မဏပဏ္ဍိတ ပုဏ္ဏားပညာရှိကြီး တစ်ယောက် ဖြစ်ပေသည်။ ကူဋဒန္တပုဏ္ဏားသည် ယဇ်ပူဇော်ပွဲကြီး တစ်ခုကို အကြီး အကျယ် ဆင်နွှဲရန် စီမံ စိုင်းပြင်းလျက် ရှိစဉ် ဗုဒ္ဓဘုရား ရောက်ရှိလာ ခြင်းမှာ ကူဋဒန္တ ပုဏ္ဏားနှင့် တကွ ယဇ်ကောင် ဖြစ်နေရှာ ကြသော ရာငါးလီ, သို့မဟုတ်, ရာခုနစ်လီမျှသော သတ္တဝါတို့ အကျိုးမဲ့ နစ်နာ ဆုံးရှုံးရမည့် ဘေးမှ ကယ်တင်ရန် အချိန်မီရုံကလေးမျှသာ ရှိလေသည်၊ ဤသို့ ဖြစ်ရသည်မှာ အကြောင်း တိုက်ဆိုင်ခြင်းသာ ဖြစ်သည်ဟု ဆို နိုင်သော်လည်း ခပ်သိမ်းသိ ဉာဏ်တော်ရှင် ဖြစ်၍ သတ္တဝါ အများ အကျိုးမဲ့ မနစ်နာ မဆုံးရှုံးရအောင် အချိန်ကာလကို သိတော်မူ၍သာ ကြွတော်မူလာခြင်းမျိုးနှင့် အလွန် တူနေပေသည်။

ယဇ်ပူဇော်ပွဲကြီးတွင် ပျော်ပါး စားသောက်ရန် ရောက်ရှိနေကြ သော ရာပေါင်း များစွာသော ပုဏ္ဏား သူကြွယ် တို့သည် မိမိတို့ ကိုယ် တိုင် ဗုဒ္ဓဘုရား အထံတော်သို့ သွားရောက် ဖူးမြော်လိုကြ သော်လည်း သူတို့ အားထားရာ ကူဋဒန္တ ပုဏ္ဏားကြီးအား ဗုဒ္ဓ ဘုရားထံ အဖူး အမြော် သွားဖို့ အလိုမရှိကြပေ၊ ထို့ကြောင့်ပင် ကူဋဒန္တ ပုဏ္ဏားကြီးသည် အဖူးအမြော် လိုက်ပါလိမ့်မည် ဆိုသော အခါ အပြင်းအထန် ကန့် ကွက်ကြလေသည်၊ ဤပုဏ္ဏား သူကြွယ်တို့၏ သဘောမှာ အမှန်ကို မလို လားတတ်ဘဲ ထူးဆန်းရာ ကျော်စောရာသို့သာ သွားလိုကြသော ယခု ခေတ် လူအချို့နှင့် သဘောချင်း ညီမျှနေပေသည်၊ အမှန်မှာ ဗုဒ္ဓဘုရား အထံသို့ အထူးအဆန်းအဖြစ် သွားရောက်လိုကြသော်လည်း မိမိတို့၏ ဗြာဟ္မဏဝါဒ တို့ကား ကျောခိုင်း ပစ်ပယ်ဖို့ အလို မရှိကြကြောင်း ထင်ရှားပေသည်။

ကူဋဒန္တ ပုဏ္ဏားသည် ဗုဒ္ဓဘုရား အထံတော်သို့ ရောက်လျှင် ယဇ် ပွဲ၏ အင်္ဂါ လက္ခဏာများ ဖြစ်ကြသော သဘောထား သုံးမျိုးနှင့် အခြံ

အရံ အကြောင်း အင်္ဂါ တစ်ဆယ့် ခြောက်ပါး တို့ကို မေးလျှောက်လေသည်၊ သူ၏သဘောမှာ လောကတွင် ပြည့်စုံ မွန်မြတ်လှသော ယဇ်ကြီးကို ပူဇော်ရန် ဖြစ်ပေသည်၊ ဗုဒ္ဓ ဘုရားသည် သူ၏ အမေးကို ဖြေရှင်းတော်မူရာ၌ သတ္တဝါတို့ကို သတ်ဖြတ်၍ ယဇ်ပူဇော်နည်းမျိုးကို ရှောင်လွှဲတော်မူပြီးလျှင် ယဇ်ပွဲကို အလှူပွဲကြီးမျိုးဖြစ်အောင် ညွှန်ပြဖြေရှင်းတော်မူခဲ့လေသည်။

ဤသုတ်တွင် နိုင်ငံကို စီမံအုပ်ချုပ်သူတို့ ပြုကျင့်အပ်သော အခြေခံသဘောတရားများကိုလည်း တွေ့မြင်နိုင်ကြပေသည်၊ ထိုသဘောတရားမှာ နိုင်ငံတော်ကို စီမံအုပ်ချုပ်ရသော မင်းတို့သည် မိမိတို့ ထင်သလို တန်ခိုးဣဒ္ဓိပါဒ် ရှိတိုင်း ပျော်ပွဲ ရွှင်ပွဲများ ပြုလုပ် ပျော်ပါးစားသောက်မှုသည် အစိုးရစစ်သဘောနှင့် ကြည့်သော် သဘာဝ မမှန်လှဘဲ ဆင်းရဲသားတို့၏ အဝတ်ပြဿနာ, ပြည်ဆူး ပြည်ငြောင့် ခိုးသားဓားပြ ပြဿနာစသည်များကို ဖြေရှင်း၍ ကိုင်းပြည် ဝပြော, ငြိမ်းချမ်း သာယာအောင် စီမံဆောင်ရွက်မှုမျိုးသာ သဘာဝကျ၍ အထူးအရေးကြီးကြောင်း ဟူသော အချက် ဖြစ်ပေသည်။

ဤသုတ်၏ အဓိပ္ပာယ်ချုပ်မှာ ၁– နိုင်ငံတော်ရှိ ဆင်းရဲသားတို့ကို ပေးကမ်း ထောက်ပံ့၍ လူတန်း စေ့အောင် ပြုပြင်ခြင်း၊ ၂– ခိုးသားဓားပြတို့ကို နှိမ်နင်း၍ ငြိမ်းချမ်းအောင် စီမံခြင်း ၊ ၃– နိုင်ငံတော်ကို လူမျိုးစုများနှင့် သဘောတူ ညီညွတ်မှု ရရှိခြင်း၊ ၄– ထို အခြေခံအချက်များကို စီမံပြီးနောက် သတ္တဝါကို မသတ်ဖြတ်ဘဲ အပြစ် ကင်းသော ပစ္စည်းများကို လှူဒါန်း စွန့်ကြဲခြင်း၊ ၅– အာဏာသုံး၍ အဓမ္မနှိပ်စက် ညှဉ်းပန်းမှုမျိုး မရှိစေခြင်း၊ ၆– အဆင့်ဆင့် လွယ်ကူ၍ အကျိုးများသော ကောင်းမှုများကို ပြုလုပ်ခြင်းတို့ပင် ဖြစ်ကြပေသည်။

ထို့ပြင် ဤသုတ်၌ ပစ္စည်းမဲ့ လူတန်းစား ပြဿနာနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးတို့ကို ဗုဒ္ဓဘုရားသည် ဗုဒ္ဓဘုရားအဖြစ်သို့ မရောက်မီ ဘုရားလောင်း ဘဝမှာ ရှိစဉ်ကပင် မည်သို့ စီမံ ဆောင်ရွက်တော်မူခဲ့ကြောင်းကို ဖော်ပြ ဟောကြားတော်မူခဲ့သဖြင့် ယခုခေတ် ဗုဒ္ဓ ဘာသာ နိုင်ငံ ထူထောင် လိုသူတို့ အဖို့ အထူးသဖြင့် အတုယူ မှတ်သားဖွယ် ကောင်းသော သုတ်တစ်သုတ် ဖြစ်ပေသည်။

# ၅–ကူဋဒန္တသုတ်

| | |
|---|---|
| သုတ်စဉ် | — ၅– ကူဋဒန္တသုတ်။ |
| ကာလ | — ညနေစောင်းအချိန်။ |
| ဒေသ | — မာဂဓတိုင်း, ခါဏုမတ ပုဏ္ဏားရွာ အနီး, သရက်ဥယျာဉ်။ |
| ဟောသူ | — မြတ်စွာဘုရား။ |
| တရားနာ ပရိသတ် | — ကူဋဒန္တ ပုဏ္ဏားနှင့် အပေါင်း ပုဏ္ဏားများ။ |
| ဟောခြင်းအကြောင်း | — ယဇ်ပူဇော်ခြင်း၏ စိတ်ထားခြင်း သုံးပါး အခြံအရံ အင်္ဂါ တစ်ဆယ့် ခြောက်ပါးကို ကူဋဒန္တ ပုဏ္ဏားက မေးလျှောက်ခြင်း။ |
| ဟောသောတရား | — အမြတ်ဆုံး ယဇ်ပူဇော်နည်း၊ ယဇ်ပူဇော်ခြင်း ၏ စိတ်ထားခြင်း သုံးပါး၊ အခြံ အရံ တစ်ဆယ့် ခြောက်ပါးနှင့် အဆင့်ဆင့် မြတ် သော ယဇ်ပူဇော်ခြင်းများ ပါဝင်သည်။ |

## အဋ္ဌုပ္ပတ္တိ နိဒါန်း

အခါ တစ်ပါး၌ မြတ်စွာ ဘုရားသည် နောက်ပါ ရဟန်းတော် ငါးရာတို့နှင့် တကွ မာဂဓတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ ခါဏုမတ ပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ထိုရွာ အနီး သရက် ဥယျာဉ်၌ သီတင်းသုံးတော် မူ၏။

ထိုအခါ ဗိမ္ဗိသာရ မင်း၏ ပုရောဟိတ်, ခါဏုမတရွာစား, ကူဋဒန္တ ပုဏ္ဏားသည် ယဇ်ကြီးပူဇော်မည်ဟု စိမ်လျက်ရှိရာ နွားလားဥသဘ (နွားထီး) ခုနစ်ရာ, နွားငယ် အထီးခုနစ်ရာ, အမ ခုနစ်ရာ, ဆိတ်ကြီး ခုနစ်ရာ, ဆိတ်ငယ် ခုနစ်ရာ တို့ကို စုဆောင်း၍ ယဇ်တိုင် * အနီး၌ထား၏။

---

* **ယဇ်တိုင်**။ ။ ယဇ် ပူဇော်သောအခါ ထို တိုင်ကို ချည်နှောင်၍ သတ်ဖြတ် ပူဇော်သည်၊ ယဇ်ဆိုသည်မှာ သာသနာပအခါအလှူပေးခြင်း တစ်မျိုးပင် ဖြစ်သည်။

ခါဏုမတ ရွာသားတို့သည် မြတ်စွာ ဘုရား ဒေသစာရီလှည့်လည် တော်မူလာ၍ ခါဏုမတရွာသို့ ရောက်ရှိကာ သရက်ဥယျာဉ်၌ နေထိုင် တော် မူကြောင်း သတင်းထူးကို ကြားသိ ကြသော အခါ အစုလိုက် အပြုလိုက် ဘုရားဖူး တရားနာ ထွက်ကြကုန်၏။

ထိုအခါ သောဏဒဏ္ဍ ပုဏ္ဏားကဲ့သို့ပင် ကူဋဒန္တ ပုဏ္ဏားသည် အတွင်းဝန်ကို မေးမြန်း စုံစမ်း၍ မြတ်စွာ ဘုရား ကြွရောက်တော် မူလာကြောင်းကို သိရလျှင် ဘုရားဖူး, တရားနာ လိုက်မည်ဟု ပြင်ဆင်၏၊ ထိုအခါ ကူဋဒန္တ ပုဏ္ဏား၏ ယဇ်ပူဇော်ပွဲကို စားသောက်ရန် အကြံနှင့် ရောက်နေကြသော ပုဏ္ဏားတို့သည် ရဟန်းဂေါတမ ထံသို့ မသွားရန် ဖျက်ကြရာ သောဏဒဏ္ဍ ပုဏ္ဏား ကဲ့သို့ပင် ကူဋဒန္တ ပုဏ္ဏားလည်း မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်များကို ပြောဆိုကာ ထို ပုဏ္ဏား အများတို့နှင့် အတူ မြတ်စွာဘုရား အထံတော်သို့ အဖူးအမြော် ထွက် လေ၏။ (သောဏဒဏ္ဍသုတ်ကြည့်)

**ကူဋဒန္တပုဏ္ဏားပြဿနာ လျှောက်ထားခြင်း**

မြတ်စွာဘုရားအထံတော်တို့ ရောက် ကြသောအခါ ကူဋဒန္တ ပုဏ္ဏားသည် မြတ်စွာ ဘုရားအား ဤသို့ လျှောက် ထား၏။

အို အရှင် ဂေါတမ..... အရှင်ဂေါတမသည် ယဇ်ပူဇော်ခြင်း၏ သုံးပါးသော စိတ်ထားနှင့် တစ်ဆယ့် ခြောက်ပါးသော အခြံအရံကို သိသည်ဟု ကြားရပါသည်၊ အကျွန်ုပ်သည် ထိုအရာများကို မသိပါ၊ ယဇ်လည်းပူဇော်လိုပါသည်။ အရှင်ဂေါတမအား တောင်းပန်ပါသည်၊ ယဇ်ပူဇော်ခြင်း၏ သုံးပါးသော စိတ်ထားနှင့် တစ်ဆယ့် ခြောက်ပါးသော အခြံအရံများကို မိန့်ကြားတော်မူစေလိုပါသည်။

၃၃၈။ ။ အို ပုဏ္ဏား.....သို့ဖြစ်လျှင် နာယူလော့၊ ကောင်းစွာ နှလုံး သွင်းလော့၊ ဟောကြားတော်မူမည်။

**အဋ္ဌုပ္ပတ္တိ နိဒါန်း ပြီးပြီ။**

## ယဇ်ပူဇော်နည်းများ။
## (မဟာဝိဇိတမင်းကြီး ဝတ္ထု)

**မဟာဝိဇိတမင်း၏အကြံ**

အိုပုဏ္ဏား....ရှေးက ဖြစ်ခဲ့ဖူးသည်မှာ အခါတစ်ပါး၌ စည်းစိမ်ချမ်းသာ များလှသော မဟာဝိဇိတမင်းတစ်ပါး ရှိခဲ့ဖူး၏။

ထိုမဟာ ဝိဇိတမင်းသည် ငါအား လူ၌ဖြစ်သော စည်းစိမ်ချမ်းသာသည် များပြတ်လှ၏၊ မဟာပထဝီမြေကြီး ကိုလည်း အစိုးရ၏၊ ငါသည် ယဇ်ကြီးပူဇော်ရပါလျှင် – နောင်ကာလကြာမြင့်စွာ စီးပွားချမ်းသာအတွက် ဖြစ်ပေမည် ဟု အကြံဖြစ်၏။

ထိုမဟာဝိဇိတမင်းသည် မိမိအကြံကို ပုရောဟိတ် ပုဏ္ဏားအား ပြောကြား၍ ယဇ်ပူဇော် လိုသည်၊ အရှည်သဖြင့် စီးပွား ချမ်းသာ ဖြစ်ထွန်းအောင် ဆုံးမ ညွှန်ကြားပါဟု မိန့်တော်မူသောအခါ ပုရောဟိတ် ပုဏ္ဏားသည် ဤသို့ သံတော်ဦးတင်၏။

## ပုရောဟိတ်ပုဏ္ဏား၏ ငြိမ်းချမ်းသာယာရေး လျှောက်ထားချက်

**နိုင်ငံတော်ငြိမ်းချမ်းသာယာရေး**

အရှင်မင်းကြီး... ဤအရှင်မင်းကြီး၏ နိုင်ငံတော်သည် ခိုးသား ဓားပြ ဟူသော ဆူးငြောင့်ခလုတ် ရှိ၏၊ နှိပ်စက် ညှဉ်းပန်း၍ အခွန်ဘဏ္ဍာကောက်ယူလျက် ရှိ၏၊ ရွာ, နိဂုံး, မြို့ ပျက်စီးအောင် ဖျက်ဆီးမှုတို့ကိုလည်း တွေ့မြင်နေကြရ၏၊ (ကုန်သည် သွားလာသူတို့အား) လမ်းခရီး၌ လုယက်နှိပ်စက်ခြင်းတို့ကိုလည်း တွေ့မြင်နေကြရ၏၊ အရှင်မင်းကြီးသည် ဤသို့ ဆူးငြောင့်ခလုတ် နှိပ်စက် ညှဉ်းပန်းမှု တို့ကို ခံနေရသော နိုင်ငံတော်၌ အခွန်ဘဏ္ဍာ ထုတ်ယူ ကောက်ခံခဲ့ပါလျှင် မပြုသင့်သော ကိစ္စကို ပြုလုပ်နေသော မင်းမျိုးသာ ဖြစ်ခဲ့ရာပါသည်။

အရှင်မင်းကြီးအား ငါသည် ဤခိုးသား, ဓားပြ, ကြောင့်တသင်းကို သတ်ဖြတ်ခြင်း, ချုပ်နှောင် ထောင်ချခြင်း, ဒဏ်တပ်၍ ပစ္စည်းဆုံးရှုံးစေခြင်း, ကဲ့ရဲ့ ရှုတ်ချခြင်း, ပြည်နှင်ဒဏ် ပေးခြင်း တို့ဖြင့် နုတ်ပယ် ရှင်းလင်းတော်မူမည် ဟူသော အကြံအစည် ·မျိုးလည်း ဖြစ်ပေါ် စရာ ရှိပါသည်၊ (သို့ရာတွင်) စင်စစ် အားဖြင့် ဤခိုးသား ဓားပြ ကြောင့် တသင်းကို ဤနည်းဖြင့် ကောင်းမွန်သော နုတ်ပယ် ရှင်းလင်းခြင်းမျိုး မဖြစ်နိုင်ပါ၊ ဤနည်းဖြင့် နှိပ်စက် သတ်ဖြတ်ရာ၌ မပါဘဲ ကြွင်းကျန် နေသော သူများသည် အရှင် မင်းကြီး၏ နိုင်ငံတော်ကို နောင်အခါ၌ နှိပ်စက်ကြပါလိမ့်ဦးမည်။

အမှန်စင်စစ် ဤဆိုလတ္တံ့သော နည်းဖြင့်သာလျှင် ဤခိုးသား ဓားပြ ကြောင့်တသင်းကို ကောင်းမွန်သော နုတ်ပယ် ရှင်းလင်းခြင်းမျိုး ဖြစ်နိုင်ပါသည်၊ ထို့ကြောင့် အရှင်မင်းကြီးသည် နိုင်ငံတော် အတွင်း၌ ရှိနေကြသော တောင်သူလယ်သမားနှင့် နွားမွေး နွားကျောင်း တို့အား မျိုးနှင့် အစားရိက္ခာကို ပေးသနားတော် မူပါလော့၊ (တောင်သူလယ်သမားကို မျိုး, နွားမွေးသမားကို အစားအစာပေး) ကုန်သည်တို့အား အရင်းအနှီး ပေးတော်မူပါလော့၊ မင်းမှုထမ်း (လခစား)တို့အား လုံလောက်သော လခ ရိက္ခာကို စီမံတော်မူပါလော့။

(ထိုအခါ) ထိုလူအများ ဟူသည် မိမိတို့ (စိတ်ပါဝင်စားရာ) အလုပ်များ၌ ကြိုးစား လုပ်ကိုင် နေကြပါလိမ့်မည်၊ အရှင်မင်းကြီး၏ နိုင်ငံတော်ကို ဖျက်ဆီးညှဉ်းဆဲကြတော့မည် မဟုတ်ပါ၊ အရှင်မင်းကြီး အား ဘဏ္ဍာတော်လည်း များပြား တိုးတက်၍ လာပါ လိမ့်မည်၊ ခိုးသား ဓားပြ ဆူကြောင့် ခလုတ်နှင့် နှိပ်စက် ညှဉ်းပန်းမှုများ မရှိဘဲ ငြိမ်းချမ်း သာယာသည့် နိုင်ငံတော်သူ နိုင်ငံတော်သား လူအများတို့သည် ရွှင်လန်း ဝမ်းမြောက်ကြကုန်လျက် ရင်ခွင်၌ ကလေးတို့ကို ကခုန်စေကြ ပြီးလျှင် အိမ် တံခါး ကိုမျှ မပိတ်ကြတော့ဘဲ နေထိုင် ကြလိမ့်မည် ထင်ပါသည်။

ဤသို့ လျှောက်တင်သောအခါ မဟာဝိဇိတမင်းကြီးသည် ကောင်း လှပါပြီဟု မိန့်တော်မူ၍ ပုရောဟိတ်ပုဏ္ဏား လျှောက်ထားသည့် အတိုင်း ပင် စီမံ ဆောင်ရွက်တော်မူ၏၊ တိုင်းသူပြည်သား တို့လည်း လျှောက်

ထားသည့် အတိုင်းပင် ငြိမ်းချမ်း သာယာ၍ လွန်စွာ ဝမ်းမြောက်ကြကုန်၏၊ ထိုအခါ မဟာဝိဇိတ မင်းကြီးသည် ပုရောဟိတ်ကို ခေါ်တော်မူ၍ အသင်ပုရောဟိတ် လျှောက်သည့် အတိုင်း စီမံဆောင်ရွက်သဖြင့် နိုင်ငံတော် ငြိမ်ချမ်း သာယာပေပြီ၊ ယခုအခါ ယဇ်ကြီး ပူဇော်ဖို့သာ ဆုံးမ ညွှန်ကြားပါလော့ ဟု မိန့်တော်မူပြန်၏။

**ပဌမ အင်္ဂါ လေးပါး**

ထိုအခါ ပုရောဟိတ်သည် ဤသို့လျှောက်၏၊ 'အရှင်မင်းကြီး..... ထိုသို့ဖြစ်ခဲ့လျှင် အရှင်မင်းကြီးသည် နိုင်ငံတော်အတွင်း, နိဂုံး ဇနပုဒ်တို့၌ နေထိုင်ကြကုန်သော နောက်လိုက် အခြံအရံဖြစ်ကြသည့် ၁ – မင်းမျိုးများ၊ ၂ – မှူးမတ်ပရိသတ်များ၊ ၃ –ပုဏ္ဏားသူကြွယ်များ၊ ၄ – ကုန်သည်လယ်လုပ် သူဌေး သူကြွယ်များ အားလုံးကို ခေါ်တော်မူ၍ 'အချင်းတို့..... ကျွန်ုပ်သည် ယဇ်ကြီး ပူဇော်လိုပါသည်၊ ကျွန်ုပ်၏ အရှည်အကြာ စီးပွားချမ်းသာ ဖြစ်စေရန် အတွက် ယဇ်ကြီးပူဇော်ရန် ခွင့်ပြုကြပါကုန်' ဟု ခွင့်တောင်းတော်မူပါလော့။

မဟာဝိဇိတ မင်းကြီးသည် 'ကောင်းပြီ' ဟု ဝန်ခံ၍ ပုရောဟိတ် လျှောက်တင်သည့်အတိုင်းပင် နိုင်ငံတော် အတွင်း နိဂုံး ဇနပုဒ်၌ နေထိုင်ကြသော မင်းမျိုး စသော အမျိုးလေးပါးဟို့ကို အသီးအသီး ခေါ်ယူ၍ ခွင့်တောင်းတော်မူရာ ထိုသူတို့သည် 'အရှင် မင်းကြီး.....ယဇ်ပူဇော်တော်မူပါ၊ ယဇ်ပူဇော်ဖို့ အချိန်ပင် ဖြစ်ပါသည်' ဟု လျှောက်ထားခွင့်ပြုကုန်၏။

ဤသို့ အမျိုးလေးပါးတို့၏ အလိုဆန္ဒ သဘောတူညီမှုကို ရယူခြင်းတို့သည် ထိုယဇ် ပူဇော်ခြင်း၏ အခြံအရံ အကြောင်း အင်္ဂါလေးပါးတို့ဖြင့် ဖြစ်ကြပေသည်။

**ဒုတိယ အင်္ဂါ ရှစ်ပါး**

(ယဇ်အလှူရှင်) မဟာဝိဇိတ မင်းကြီးသည် အင်္ဂါ ရှစ်ပါး တို့နှင့် ပြည့်စုံ၏၊ ထိုအင်္ဂါ ရှစ်ပါးတို့မှာ..... ၁–မဟာဝိဇိတ မင်းကြီးသည် အမိ,အဖ နှစ်ပါးတို့မှ ကောင်းစွာ မွေးဖွားလာသူဖြစ်၏၊ စင်ကြယ်သော အမိအဖဝမ်း၌ ဖြစ်ပွားခဲ့၏၊ နှစ်ဘက်

ဘိုးဘွား ခုနစ်ဆက် တိုင်အောင် ဇာတိဝါဒဖြင့် မကဲ့ရဲ့ မစွပ်စွဲထိုက်သူ ဖြစ်ပေ၏၊ ၂ - အလွန် အဆင်းလှ၏၊ ကြည့်ချင်ဖွယ် ရှိ၏၊ ကြည်ညိုဖွယ် ရှိ၏၊ မြတ်သော အဆင်း၏ ကောင်းခြင်းနှင့် ပြည့်စုံ၏၊ ဗြဟ္မာကဲ့သို့ အဆင်းလှ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိ၏၊ ကြည့်ရှုရာ၌ မသိမ်မငယ် ထယ်ဝါခန့်ညား၏၊ ၃ - ကြွယ်ဝ၏၊ များသော ဥစ္စာစည်းစိမ် ရှိ၏၊ များသော ရွှေ ငွေ (ပိုက်ဆံ) ရှိ၏၊ များသော အသုံးအဆောင် ရှိ၏၊ များသော ဥစ္စာ စပါး ရှိ၏၊ တိုက် ကျီကြ ပြည့်လျက် ရှိ၏၊ ၄ - ဗိုလ်ပါ အင်အား များပြား၏။ အင်္ဂါလေးပါး ရှိသော, အမိန့်ကို နာခံသော, ညွှန်ကြားဆုံးမ ချက်ကို လိုက်နာသော စစ်တပ်နှင့် ပြည့်စုံ၏၊ ရန်သူ တို့ကို အခြံအရံ အကျော်အစောဖြင့် နှိမ်နင်း သကဲ့သို့ဖြစ်၏၊ ၅ - သဒ္ဓါ တရား ရှိ၏၊ ပေးလှူတတ်၏၊ အလှူရှင်ဖြစ်၏၊ မပိတ်သော တံခါးရှိ၏၊ ရဟန်း, ပုဏ္ဏား, ဆင်ရဲသား, ခရီးသွား, ဖုန်းတောင်း, ယာစကာတို့၏ ရေတွင်းသဖွယ် ဖြစ်၏၊ ကောင်းမှုတို့ကို ပြုလုပ်၏၊ ၆ - အကြားအမြင် များ၏၊ ၇ - ထိုထို ဘာသာစကားကို နားလည်၏၊ ၈ - ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်၏၊ အတိတ် အနာဂတ် ပစ္စုပ္ပန်အကြောင်းအရာတို့ကို ကြံဆ ဆင်ခြင်ခြင်းငှာ စွမ်းနိုင်၏၊ မဟာဝိဇိတ မင်းကြီးသည် ဤအင်္ဂါရှစ်ပါး တို့နှင့် ပြည့်စုံ၏။

ဤသို့ (ယဇ်အလှူရှင်၏) အင်္ဂါ ရှစ်ပါးတို့သည်လည်း ယဇ်ပူဇော် ခြင်း၏ အခြံအရံ အကြောင်း အင်္ဂါတို့ပင် ဖြစ်ကြပေသည်။

**တတိယ အင်္ဂါ လေးပါး**

ပုရောဟိတ် ပုဏ္ဏား သည်လည်း အင်္ဂါ လေးပါးတို့နှင့် ပြည့်စုံ၏၊ ထိုအင်္ဂါလေးပါး တို့မှာ ၁-အမိ, အဖနှစ်ပါးစုံတို့မှ ကောင်း စွာ မွေးဖွားလာသူဖြစ်၏၊ စင်ကြယ်သော အမိဝမ်း၌ ဖြစ်ပွားခဲ့၏၊ နှစ်ဘက် ဘိုးဘွား ခုနစ်ဆက် တိုင်အောင် ဇာတိ ဝါဒဖြင့် မကဲ့ရဲ့ မစွပ်စွဲထိုက်သူဖြစ်ပေ၏၊ ၂-ဗေဒင်ကိုသရဇ္ဈာယ်တတ်၏၊ ဗေဒင်ကို ဆောင်၏၊ အဘိဓာန်ကျမ်း, အလင်္ကာကျမ်း, သဒ္ဒါကျမ်း, ဣတိဟာသကျမ်းခေါ် ပုရာဏ်ကျမ်းတို့နှင့် တကွ(အာထဗ္ဗနဗေဒင်) ဗေဒင် သုံးပုံတို့၏ ပါရဂူဖြစ်၏၊ ဗေဒင်ကျမ်း, ဗျာကရဏ်းကျမ်း တို့ကို မိမိ လည်း သင်ယူ၏၊ သူတစ်ပါးတို့ကိုလည်း ပို့ချ၏၊ လောကာယတကျမ်း,

မဟာပုရိသ လက္ခဏာကျမ်းတို့၌ ယုတ်လျော့ခြင်း မရှိ၊ အပြည့် အစုံ တတ်ကျွမ်း၏၊ ၃–သီလရှိ၏၊ ပွားစီးသော သီလနှင့် ပြည့်စုံ၏၊ ၄ – ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်၏၊ အပူဇော်ခံပုဂ္ဂိုလ်တို့တွင် ပထမ, သို့မဟုတ်, ဒုတိယ ဖြစ်၏၊ ပုရောဟိတ် ပုဏ္ဏားသည် ဤအင်္ဂါလေးပါးနှင့် ပြည့်စုံ၏။

ဤသို့ (ယဇ်ဆရာ ပုရောဟိတ် ပုဏ္ဏား၏) အင်္ဂါ လေးပါး တို့သည်လည်း ယဇ်ပူဇော်ခြင်း၏ အခြံအရံ အကြောင်း အင်္ဂါတို့ ဖြစ်ကြပေသည်။

**ယဇ်၏ အခြံအရံတစ်ဆယ့်ခြောက်ပါး ပြီးပြီ။**

---

**စိတ်ထားခြင်း ၃–ပါး**

အို ပုဏ္ဏား..... ထိုနောက် ပုရောဟိတ် ပုဏ္ဏားသည် မဟာဝိဇိတ မင်းကြီးအား ယဇ်ပူဇော် * ခြင်းနှင့် ပတ်သက်သော စိတ်ထားခြင်းသုံးပါးကို ဤသို့ လျှောက်တင်၏..... အရှင်မင်းကြီး..... ယဇ်ပူဇော်ရန် ရှေးဦးစွာ စီမံပြုလုပ်သောအခါ, ယဇ်ပူဇော်ဆဲအခါ, ယဇ်ပူဇော်ပြီးနောက် အခါ, ဤသုံးပါး တို့၌ ငါအား ဥစ္စာပစ္စည်းများ ကုန်ခန်းရချေပြီဟု စိတ်မချမ်းသာမှုကို မပြုအပ် မပြုထိုက်ပါ၊ ဤသို့ စိတ်ထားနည်း သုံးပါးကို ညွှန်ကြားလျှောက်တင်၏။

**ယဇ်ပူဇော်ရာ၌ စိတ်မချမ်းသာ ဖွယ်ကို ပယ်ဖျောက်နည်း**

အို ပုဏ္ဏား...... ထိုနောက် ပုရောဟိတ် ပုဏ္ဏားသည် မဟာဝိဇိတ မင်းကြီးအား ဆယ်ပါး ကုန်သော အခြင်းအရာတို့ဖြင့် အလှူခံတို့၌ စိတ်မချမ်းမသာ ဖြစ်မှုကို ပယ်ဖျောက်၏၊ အရှင်မင်းကြီး..... သူ့

---

* **ယဇ်ပူဇော်ဆိုသည်မှာ။** ။ အလှူကြီးပေးခြင်းပင် ဖြစ်သည်၊ သတ္တဝါတို့ကို သတ်ဖြတ်၍ အလှူပေးခြင်း, သတ္တဝါကို သတ်ဖြတ် ညှဉ်းဆဲမှု မရှိဘဲ အလှူပေးခြင်း, နှစ်မျိုးရှိရာ ဤသုတ်၌ မြတ်စွာဘုရားသည် နောက်နည်း ယဇ်ပူဇော်ခြင်းကို ဟောကြားတော်မူသည်၊ ရှေ့နည်းမှာ သာသနာပအခါ ပူဇော်ကြပုံဖြစ်သည်၊ ယခုအခါ အလှူအတန်းများ၌ ဝက် - ကြက်တို့ကို သတ်ဖြတ် လှူဒါန်းခြင်းသည် သာသနာပအခါ ယဇ်ပူဇော်ခြင်း သာသာမျှ ရှိသည်ကို သတိပြုရာသည်။

အသက်ကို သတ်သူ - မသတ်သူ၊ သူ့ဥစ္စာကို ခိုးသူ မခိုးသူ။ သူ့သားမယားကို ပြစ်မှားသူ - မပြစ်မှားသူ၊ လိမ်လည်တတ်သောသူ - မလိမ်လည် တတ်သောသူ၊ ဂုံးတိုက်တတ်သောသူ - မတိုက်တတ်သောသူ၊ စကားကြမ်းပြောဆိုတတ်သူ-မပြောဆိုသူ၊ စကားဖျင်းပြောဆိုသူ - မပြောဆိုသူ၊ သူ့ဥစ္စာကို မတရားရလိုမှု များသူ - မများသူ၊ သူတစ်ပါး ပျက်စီးကြောင်းကို ကြံသူ - မကြံသူ၊ မိစ္ဆာဒိဋ္ဌိ ဖြစ်သူ - သမ္မာဒိဋ္ဌိ ဖြစ်သူ၊ ဤသို့အစုံဆယ်မျိုး ရှိရာတွင် သူ့အသက်ကို သတ်သူစသည့် သူယုတ်တို့ကို မရည်ရွယ်ဘဲ သူ့အသက်ကို မသတ်သူ စသော သူတော်ကောင်းတို့ကိုသာ ရည်ရွယ်၍ လှူဒါန်းစွန့်ကြဲတော်မူပါလော့၊ ရွှင်လန်း ဝမ်းမြောက်တော် မူပါလော့၊ မိမိ၏ စိတ်ကို ကြည်လင်စေတော်မူပါလော့၊ ဤသို့စိတ်မချမ်းသာမှုကို ပယ်ဖျောက်လျှောက်တင်၏။

**ဝမ်းမြောက်ဖွယ် တစ်ဆယ့်ခြောက်ပါး**

အို ပုဏ္ဏား..... ထိုနောက် ပုရောဟိတ်ပုဏ္ဏားသည် ယဇ်ပူဇော်မည် ဖြစ်သော မဟာဝိဇိတ မင်းကြီးအား တစ်ဆယ့်ခြောက်ပါးကုန်သော အကြောင်းအရာတို့ဖြင့် စိတ်ကို ထက်မြက်ရွှင်လန်း ဝမ်းမြောက်တော်မူစေသည်။

အိုအရှင်မင်းကြီး..... မဟာဝိဇိတ..... မင်းကြီးသည် ယဇ်ပူဇော်၏၊ ထိုမဟာဝိဇိတ မင်းကြီးသည် နိဂုံး, ဇနပုဒ် နေကြ ကုန်သော နောက်လိုက် မင်းမျိုး တို့ကို မတိုင်ပင်ဘဲ ဤကဲ့သို့ ယဇ်ပူဇော်ခဲ့သည် ဟု ပြစ်တင်ပြောဆို ဝေဖန်တတ်သော တစ်စုံတစ်ယောက်သော သူသည် ရှိခဲ့ရာ၏၊ ယိုသို့ ပြစ်တင် ပြောဆိုတတ်သူသည်လည်း တရားသဖြင့် စစ်ဆေး ဝေဖန်လျှင် အရှင်မင်းကြီးအား မရှိနိုင်တော့ပြီ၊ အရှင်မင်းကြီးသည် ထိုနောက်လိုက် မင်းမျိုးတို့ကို တိုင်ပင်ပေးမှုပြီး ဖြစ်ပေ၏၊ အရှင်မင်းကြီးသည် ဤအကြောင်းဖြင့်လည်း ဤဝမ်းမြောက်ဖွယ် ရှိခြင်းကို သိတော်မူ ပါလော့၊ လှူဒါန်း စွန့်ကြဲတော် မူပါလော့၊ ရွှင်လန်း ဝမ်းမြောက်တော် မူပါလော့၊ မိမိ၏ စိတ်ကို ကြည်လင်စေတော်မူပါလော့၊ (ဤနည်းဖြင့် အခြံအရံအကြောင်း တစ်ဆယ့်ခြောက်ပါးတို့ကို တစ်ပါးစီ ထုတ်ပြ၍ လျှောက်တင်သည်။)

ဤသို့ တစ်ဆယ်ခြောက်ပါးကုန်သော အကြောင်းတို့ဖြင့် စိတ်ကို ရွှင်လန်း ဝမ်းမြောက်တော် မူစေသည်။

**မဟာဝိဇိတမင်းကြီး၏ ယဇ်ပူဇော်ပွဲ**

အိုပုဏ္ဏား..... ထိုယဇ်ပူဇော်ပွဲ၌ နွား တို့ကိုလည်း မသတ်ကြကုန်၊ ဆိတ်နှင့် သိုးတို့ကိုလည်းမသတ်ကြကုန်၊ ကြက်၊ ဝက် တို့ကိုလည်း မသတ်ကြကုန်၊ သတ္တဝါအမျိုးမျိုးတို့ ပျက်စီးခြင်းသို့ မရောက်ကြကုန်၊ ယဇ်တိုင်လုပ်ရန် အတွက် သစ်ပင်တို့ကို မခုတ်ကြကုန်၊ သူတစ်ပါးကို ညှဉ်းဆဲရန်အတွက် မြက်တို့ကိုလည်း မရိတ်ကြကုန်၊ ကျွန်၊ အစေခံ၊ အလုပ်သမား၊ အားလုံး တို့သည်လည်း ဒဏ်ဖြင့် ခြိမ်းခြောက်ခြင်း၊ ဘေးဖြင့် ခြိမ်းခြောက်ခြင်း မခံကြရကုန်သောကြောင့် မျက်ရည်ကျ၍ ငိုယို မြည်တမ်းကာ အလုပ် ကိစ္စ တို့ကို (အတင်းအကြပ်) မလုပ်ကြရကုန်၊ လုပ်ကိုင်လိုသူတို့သာ လုပ်ကိုင်ကြကုန်၏၊ မလုပ်ကိုင်လိုသူ တို့သည် မလုပ်ကိုင်ကြရကုန်၊ ထောပတ်၊ ဆီ၊ ဆီဦး၊ နို့ချဉ်၊ (နို့ဓမ်း) ပျားရည်၊ တင်လဲ တို့ဖြင့်သာ ထိုယဇ်ပူဇော်ပွဲကြီးကို ပြီးဆုံးစေကြပေသည်။

**ပြည်သူတို့၏ယဇ်ပွဲ လက်ဆောင်**

အို ပုဏ္ဏား..... နိဂုံး၊ ဇနပုဒ်၌ နေထိုင် ကြကုန်သော အာဏာတော်ခံ မင်းမျိုး များ၊ မှူးမတ် ပရိသတ်များ၊ ပုဏ္ဏား သူကြွယ်များ၊ ရိုးရိုး သူကြွယ်များ၊ အားလုံးတို့သည် များလှသော လက်ဆောင်ဥစ္စာကို ယူ၍ မဟာဝိဇိတ မင်းကြီးထံ ချဉ်းကပ်ပြီးလျှင် "အရှင်မင်းကြီး..... ဤ များပြားလှသော ပစ္စည်းသည် အရှင်မင်းကြီးကို ရည်ညွှန်း၍ ဆောင်ယူခဲ့သော ပစ္စည်း ဖြစ်ပါသည်၊ ထိုပစ္စည်းကို ခံယူသိမ်းပိုက်ပော်မူပါလော့" ဟု လျှောက် တင်ကြကုန်၏။

ထိုအခါ မဟာဝိဇိတမင်းကြီးသည် အချင်းတို့..... သင်တို့ပစ္စည်းကို အလိုမရှိပါ၊ တရားသော အခွန်အကောက်ဖြင့် စိမံခန့်ခွဲအပ်သော ကျွန်ုပ်၏ ဤလက်ရှိ ပစ္စည်းမှာလည်း များပြားလှပါသည်၊ ထိုလက်ဆောင် ပစ္စည်းသည် သင်တို့အတွက်ပင် ဖြစ်ပါစေလော့၊ ကျွန်ုပ်၏ ပစ္စည်းများမှလည်း အပိုအမို ဆောင်ယူသွားကြပါကုန်လော့ဟု မိန့်တော်မူ၏။

ထိုမင်းမျိုး စသော သူတို့သည် ဤသို့ ငြင်းပယ်တော် မူလိုက်သဖြင့် တစ်နေရာသို့ သွားကြ၍ ဤသို့ အညီအညွတ်အကြံပြုကြကုန်၏၊ "ဤ

ပစ္စည်းတို့ကို ကျွန်ုပ်တို့ အိမ်သို့ ပြန်၍ ယူဆောင်ကြမည်ဖြစ်လျှင် မသင့်လျော်ပါ၊ ယခု မဟာဝိဇိတမင်းကြီးသည် ယဇ်ပူဇော်တော် မူနေသည်ဖြစ်၍ မင်းကြီးသို့ အတုလိုက်ကာ ယဇ်ပူဇော်သူ (ယဇ်ဒကာ) များဖြစ်ကြပါကုန်မည်"။

ဤသို့ အကြံပြုကြပြီးနောက် ယဇ်တွင်း၏ (ယဇ်ပွဲ၏) အရှေ့ဘက်၌ မင်းမျိုးတို့သည် အလှူပွဲကို ( အလှူမဏ္ဍပ်) ဖြစ်စေကြကုန်၏၊ တောင်ဘက်၌ မှူးမတ် ပရိသတ် တို့သည်, အနောက်ဘက်၌ ပုဏ္ဏားသူကြွယ်တို့သည်, မြောက်ဘက်၌ သူကြွယ် ရှီးရှီးတို့သည် အလှူပွဲတို့ကိုဖြစ်စေကြကုန်၏။

ထိုအလှူပွဲတို့၌လည်း မဟာဝိဇိတမင်းကြီး၏ ယဇ်အလှူကြီးကဲ့သို့ နွားမှ မရှိ နှိပ်စက် သတ်ဖြတ်မှု မရှိဘဲ ထောပတ် စသည်တို့ဖြင့်သာ ပြီးဆုံးစေကြကုန်၏။

ဤသို့လျှင် အလိုဆန္ဒကို ရယူခြင်းလေးပါး (ယဇ်ပွဲဒကာ) မဟာဝိဇိတ မင်းကြီး၏ အင်္ဂါရှစ်ပါး, (ယဇ်ဆရာ) ပုရောဟိတ် ပုဏ္ဏား၏ အင်္ဂါလေးပါး, နှင့် စိတ်ထားခြင်းသုံးပါးတို့ ရှိကြကုန်၏။

အိုပုဏ္ဏား..... ဤကား ယဇ်၏ ပြည့်စုံခြင်း သုံးပါးနှင့်တစ်ဆယ့်ခြောက်ပါးတို့ ဖြစ်ကြပေသည်။

**ကူဋဒန္တပုဏ္ဏား၏ စဉ်းစားဉာဏ်**

ဤသို့ မိန့်ကြားတော် မူသော အခါ ပုဏ္ဏားတို့သည် "ယဇ်သည် အံ့ဩဖွယ် ရှိလှ၏၊ ယဇ်၏ ပြည့်စုံခြင်းသည်လည်း အံ့ဩဖွယ် ရှိလှပေ၏၊" ဟု ဆူညံစွာ ကောင်းချီးပေးကြကုန်၏၊ ကူဋဒန္တ ပုဏ္ဏားကား ဆိတ်ဆိတ်သာလျှင် ထိုင်နေလျက်ရှိ၏၊ ထိုအခါ ပုဏ္ဏားတို့သည် အဘယ်ကြောင့် ကောင်းချီး မပေးပါ သနည်း ဟု မေးကြလေရာ ကူဋဒန္တ ပုဏ္ဏားသည် အမောင်တို့..... ကျွန်ုပ်သည် ကောင်းချီး မပေးလို၍ မဟုတ်ပါ၊ ရဟန်းဂေါတမ၏ ဤမျှ ပြည့်စုံ ကောင်းမွန်သော အဖြေကို ကောင်းချီး မပေးလိုလျှင် ဦးခေါင်း ခုနစ်စိတ်ပင် ကွဲရာပါသည်၊ အမှန်မှာ ရဟန်းဂေါတမသည် ဤသို့ ကြားဖူးသည်၊ ဤသို့ ဖြစ်ထိုက်သည် စသည်ဖြင့် မပြောဆိုဘဲ

ထိုအခါ၌ ဤသို့ပြုကြသည် စသည်ဖြင့် တိုက်ရိုက်စကားကို ပြောဆို တော်မူခဲ့သည်၊ အမှန်အားဖြင့် ရဟန်းဂေါတမသည် ထိုအခါ၌ မင်းသော် လည်းကောင်း, ပုရောဟိတ်သော်လည်းကောင်း, ဖြစ်ခဲ့ရမည် ဟု ကျွန်ုပ် ထင်ပါသည်ဟု ပြောကြား၍ ဗြဟ္မဏလျှင် မြတ်စွာဘုရားအား ဤသို့ လျှောက်၏။

ကူဋဒန္တ။ ။အို အရှင်ဂေါတမ.....ဤကဲ့သို့ မြင့်မြတ်သော ယဇ် ပူဇော်ပွဲကြီး ပြုလုပ်ပြီးနောက် သို့မဟုတ် ပြုလုပ်စေပြီးနောက် သေဆုံး သောအခါ နတ်ပြည်သို့လားရောက်ရသည် ဟု မှတ်မိသိရှိပါသလော။

ဗုဒ္ဓ။ ။ နတ်ပြည်သို့ လားရောက်ကြောင်း မှတ်မိ သိရှိတော်မူ သည်၊ အမှန်အားဖြင့် ထိုအခါ၌ ယဇ်ပူဇော်ပွဲကို စီမံသော ပုရောဟိတ် ပုဏ္ဏားသည် ငါဘုရားပင် ဖြစ်ပေသည်။

## ကူဋဒန္တပုဏ္ဏား၏ အမေးကို ဖြေဆိုတော်မူခြင်း

**အဆင့်ဆင့်မြင့်မြတ်သော ယဇ်အလှူများ**

ကူဋ။ ။ အို အရှင် ဂေါတမ..... သုံးပါးသော ဆောက်တည်ခြင်း, တစ်ဆယ့် ခြောက်ပါးသော အခြံအရံ အကြောင်း အင်္ဂါများနှင့် ပြည့်စုံသော ယဇ်အလှူထက် ငွေကုန်ငွေပါ နည်းပါး၍ အကျိုးအာနိသင် များသော ယဇ်အလှူမျိုး ရှိပါသေးသလော။

ဗုဒ္ဓ။ ။ ရှိသေးသည်။

ကူဋ။ ။ ထိုယဇ်အလှူမျိုးကား အဘယ်ပါနည်း။

ဗုဒ္ဓ။ ။ သီလရှိသော သံဃာတော်များကို ရည်ညွှန်း၍ လှူဒါန်း သော သားစဉ် မြေးဆက် မပျက်သော အမြဲတမ်း အလှူဝတ် နိစ္စဒါန ဖြစ်ပေသည်။

---

* **မှတ်ချက်။** ။ ယဇ်ဟု တစ်သုတ်လုံး ပါနေသော်လည်း အလှူပွဲဟုသာ မှတ်ထိုက်သည်၊ ယဇ်ကောင်ကိုလည်း ထည့်သွင်းမစဉ်းစားသင့်။ မေးသော ပုဏ္ဏား သည် ယဇ်ပူဇော်ခြင်းကို မေးသဖြင့် အလှူပွဲကိုပင် ယဇ်ပွဲ အနေဖြင့် ဟောကော် မူသည်။

ကုင္။ ။ အိုအရှင် ဂေါတမ..... နိစ္စဒါနသည် ပထမ ယဇ်အလှူထက် ကိစ္စဗျာပါရ နည်းပါး၍ အကျိုးအာနိသင် သာလွန် များပြားသည်မှာ အဘယ့်ကြောင့်နည်း။

ဗုဒ္ဓ။ ။ နိစ္စ ဒါနတွင် တုတ်ဖြင့် ရိုက်နှက်ခြင်း, လည်ကုပ် ကိုကိုင်၍ တွန်းထုတ်ခြင်းများ မရှိကြသဖြင့် ရဟန္တာပုဂ္ဂိုလ်တို့ အလှူခံကြွတော် မူကြသည်၊ ပထမ ယဇ်မှာ ထိုအမှုမျိုးတို့ ရှိနေကြ သဖြင့် ရဟန္တာပုဂ္ဂိုလ်တို့ အလှူခံ မကြွလိုကြကုန်၊ ထိုကြောင့် နိစ္စဒါနမျိုးက သာလွန်သည်။

ကုင္။ ။ ဤနှစ်မျိုးထက် သာလွန်၍ ကိစ္စဗျာပါရ နည်းပါး ၍ အကျိုးအာနိသင် များသော ယဇ်အလှူမျိုး ရှိပါသေးသလော။

ဗုဒ္ဓ။ ။ ရှိသေးသည်၊ စာတုဒ္ဒိသာ သံဃိက ကျောင်းအလှူသည် ဤနှစ်မျိုးထက် သာလွန်၍ ကိစ္စဗျာပါရ နည်းပါး၍ အကျိုးအာနိသင် များသော အလှူ ဖြစ်ပေသည်။

ကုင္။ ။ ဤသုံးမျိုးထက် သာလွန်၍ ကိစ္စဗျာပါရ နည်းပါး၍ အကျိုးများသော ယဇ်အလှူမျိုး ရှိပါသေးသလော။

ဗုဒ္ဓ။ ။ ရှိသေးသည်၊ ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်မှု သရဏဂုံသည် ဤသုံးမျိုးထက် သာလွန်၍ ကိစ္စဗျာပါရ နည်းပါး၍ အကျိုးအာနိသင်များသော အလှူမျိုး ဖြစ်ပေသည်။

ကုင္။ ။ ဤလေးမျိုးထက် သာလွန်၍ ကိစ္စဗျာပါရ နည်းပါး၍ အကျိုးအာနိသင် များသော ယဇ်အလှူမျိုး ရှိပါသေးသလော။

ဗုဒ္ဓ။ ။ ရှိသေးသည် ငါးပါးသီလကို စောင့်ထိန်းခြင်းသည် ဤလေးမျိုးထက် သာလွန်၍ ကိစ္စ ဗျာပါရ နည်းပါး၍ အကျိုးအာနိသင် များသော ယဇ်အလှူ ဖြစ်ပေသည်။

(ဤနည်းဖြင့် ဆင့်ကာ ဆင့်ကာ မေး၍ ဆင့်ကာ ဆင့်ကာ ဖြေဆိုတော်မူသော နောက်အဖြေတို့မှာ သာမညဖလသုတ် အတိုင်း သီလများ,

ရှာန် သမာပတ်များ, ဉာဏ်ဆယ်ပါးများပင် ဖြစ်ကြသည်၊ အဆင့်ဆင့် မြတ်သည် ဟု ဟောတော်မူပြီးလျှင် အာသဝက္ခယဉာဏ်ထက် ကိစ္စ နည်းပါး၍ သာလွန် မွန်မြတ်သော တရားကား မရှိပြီဟု ဟောတော် မူသည်။)

ယဇ်အမည်ဖြင့် ဟောတော်မူသော သီလ-သမာဓိ-ပညာများ ပြည့်စုံပြီ။

**ကူဋဒန္တပုဏ္ဏား အကျွတ်တရားရခြင်း**

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူပြီးသောအခါ ရှေ့နည်းအတူ မြတ်စွာဘုရားကို ချီးကျူး၍ သရဏဂုံ ဆောက်တည်ကာ ဥပါသကာ အဖြစ်ကို ခံယူပြီးနောက် - အရှင်ဘုရား..... ယဇ်ပူဇော်ရန် စီစဉ် ဆောင်ယူထားသော သတ္တဝါတို့ကို လွှတ်ပါသည်၊ ချမ်းသာစွာ စားသောက် နေထိုင်ကြပါစေကုန် ဟု လျှောက်၏။

ထိုနောက် မြတ်စွာဘုရားသည် ကူဋဒန္တပုဏ္ဏားအား ဒါန, သီလ, သဂ္ဂ, မဂ္ဂ ကထာများကို ရှေးနည်းတူ ဟောတော်မူပြန်ရာ - ကူဋဒန္တ ပုဏ္ဏားသည် သောတာပန် တည်လေ၏၊ ကူဋဒန္တပုဏ္ဏားသည် နက်ဖြန် သံဃာတော် ငါးရာ တို့နှင့် တကွ ဆွမ်းဘုဉ်းပေး ကြွတော်မူပါရန် လျှောက်ထားရာ လက်ခံတော်မူ၍ နောက်တစ်နေ့၌ ကူဋဒန္တ အိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပြီးလျှင် အနုမောဒနာ ပြုပြီးမှ ပြန်ကြွတော် မူ၏။

**ကူဋဒန္တသုတ် ပြီးပြီ။**

# မဟာလိသုတ်

## မဟာလိသုတ်အမှာ

မဟာလိသုတ်ဆိုသည်မှာ မဟာလိ အမည်ရှိသော လိစ္ဆဝီမင်းကို ဦးတည်၍ ဟောကြား ဖြေရှင်းတော်မူသောသုတ် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ဝဇ္ဇီတိုင်း ဝေသာလီမြို့တော် မဟာဝုန်တော ကူဋာဂါရသာလာ ခေါ် ကျောင်း၌ ဤသုတ်ကို ဟောကြားတော် မူခဲ့လေသည်၊ ဝေသာလီ မြို့တော် ဆိုသည်မှာ ယခု ဘီဟာနယ် မြောက်ပိုင်း မဇဖာပူ(ရ်) ဒိစတြိတ် ဘာဆရာရွာများ နေရာတွင် တည်ရှိခဲ့လေသည်၊ ထိုနေရာမှာ ဂင်္ဂါမြစ်၏ မြောက် ၂၅ – မိုင်, ရာဇဖြိုဟ်မြို့မှ ၃၈ – မိုင် ကွာဝေးသည်၊ ဝေသာလီ မြို့တော်မှာ တံတိုင်း သုံးထပ် ရှိရာ တစ်ထပ်နှင့် တစ်ထပ် နွားမ သားတစ်ခေါ် (တစ်ဂါဝုတ်ခန့်) ကွာဝေးသည်ကို တွေ့မြင်နိုင်ကြပေသည်၊ ထိုဝေသာလီ မြို့တော်၏ အနောက်ဘက်တွင် မဟာဝုန်တော ရှိ၍ မြောက်ဘက် ဟိမဝန္တာနှင့် တစပ်တည်း တည်နေသည်ဟု အရှင် ဗုဒ္ဓဃောသဆရာနှင့် ယခုခေတ်ပညာရှိတို့ကပါ မိန့်ဆိုကြလေသည်။

ဤသုတ်ကို ဟောကြား ဖြေရှင်းတော်မူရခြင်း၏ အကြောင်းရင်းမှာ ဗုဒ္ဓဘုရား လက်ထက် ရဟန်း လူထွက် လိစ္ဆဝီ မင်းမျိုး ဖြစ်သော သုနက္ခတ်၏ စွပ်စွဲပြောဆိုချက်များပင် ဖြစ်ကြပေသည်၊ သုနက္ခတ်သည် သာသနာတော်မှ မကျေနပ်မှုဖြင့် လူထွက် လာပြီးနောက် သူငယ်ချင်း ဖြစ်သူမဟာလိ လိစ္ဆဝီမင်းထံ လာရောက်ပြီးလျှင် ဗုဒ္ဓဘုရားသည် ဈာန်မဂ်ဖိုလ် တရားများ၌ ဝန်တိုမစ္ဆရိယ ရှိကြောင်း၊ သူလည်း မင်းမျိုးပင်ဖြစ်၍ နောင်တန်ခိုး ဣဒ္ဓိပါဒ်ကြီးမားလာလျှင် ဗုဒ္ဓကဲ့သို့ တန်းတူ ဘုရားတစ်ဆူ ဖြစ်လာမည်ကို စိုးရိမ်ကြောင်း၊ ထို့ကြောင့် သူ့အား နတ်တို့အဆင်းကို မြင်နိုင်သော ဒိဗ္ဗစက္ခု အဘိညာဉ်ကိုသာ သင်ပြ၍ နတ်တို့အသံကို ကြားနိုင်သော ဒိဗ္ဗသောတ အဘိညာဉ်ကို မသင်ပြကြောင်း စသော စွပ်စွဲချက်များကို ပြောကြားလေသည်။

အမှန်မှာ သုနက္ခတ်သည် ရှေးအတိတ်က ရဟန်းတစ်ပါးကို နား၌ ပုတ်ခတ် ရိုက်နှက်၍ နားပင်းအောင် ပြုခဲ့ဖူးသူ ဖြစ်သောကြောင့် ဒိဗ္ဗသောတ အဘိညာဉ်ကို မရထိုက်သူ ဖြစ်ပေသည်၊ ဗုဒ္ဓဘုရားသည် ထိုအကြောင်းကို သိမြင်တော်မူသဖြင့် သူ့အား ဒိဗ္ဗသောတ အဘိညာဉ်

ရရာရကြောင်း နည်းလမ်းကို မသင်ကြား မဟောပြောဘဲ နေတော်မူသည်၊ သူကား အလွန်လှပသော နတ်တို့၏ အဆင်းကို မြင်ရသောအခါ ထို နတ်တို့၏ အသံမှာ မုချအလွန်သာယာ ကြည်နူးဖွယ် ရှိမည်ဟု မှန်းဆ၍ နတ်တို့အသံကို အလွန်ကြားသိလိုပေသည်၊ ဤအချက်ကို မကျေနပ် သောကြောင့်ပင် ရဟန်းဘောင်မှ လူထွက်သွားတော့သည်။

လူပြန်တော် သူငယ်ချင်း သုနက္ခတ်၏ စကားကို မဟာလိသည် အသက်သာဆုံးနည်းဖြင့် ဗုဒ္ဓဘုရားအား လျှောက်ထားလာသဖြင့် ထို အကြောင်းကို ဖြေရှင်း ဟောကြားတော်မူခဲ့ရာ ထိုဖြေကြားချက်များကား ဤမဟာလိသုတ်ပင် ဖြစ်ပေတော့သည်။

ဗုဒ္ဓ၏ ဖြေရှင်းချက်များကို ကြားရသော အခါ မဟာလိသည် "အရှင်ဘုရားတို့ အထံတော်၌ ရဟန်း ပြုလုပ်သူ မှန်သမျှတို့သည် ဤသို့သော အဘိညာဉ် တန်ခိုးများအတွက်သာ ရည်ရွယ် ကျင့်သုံးကြပါ သလော" ဟု အကျကောက်၍ မေးလျှောက်ပြန်လေသည်၊ မဟာလိ၏ အမေးမှာ အဆစ်အပိုင်း ကျလှပါပေသည်။

ဗုဒ္ဓဘုရားသည် ဤဒုတိယ ပြဿနာကို ဖြေရှင်းတော်မူရာ၌ "ဤသို့ သော အဘိညာဉ် တန်ခိုးများကိုသာ ရည်ရွယ်ကျင့်ကြသည် မဟုတ်၊ သောတာပန်, သကဒါဂါမ် အနာဂါမ်, ရဟန္တာ အဆင့် အတန်း များသို့ ရောက်ရှိနိုင်ရန်လည်း ရည်ရွယ် ကျင့်သုံးကြခြင်း ဖြစ်ပေသည်" ဟု ဖြေရှင်းတော် မူခဲ့ရာ ယခုခေတ် ဗုဒ္ဓဝါဒီတို့ ဒကာရော ဆရာပါ ဤအဖြေကို သိနားလည်ထားဖို့ ကောင်းပေသည်။

ဤသုတ်၏ လိုရင်းအချက်မှာ ဗုဒ္ဓ၏တပည့် သာဝကသည် ရှာန် အဘိညာဉ် တန်ခိုးများကို ရရှိရန်အတွက်သာ မဟုတ်, မဂ်ဖိုလ် နိဗ္ဗာန် အတွက်ပါ ရည်ရွယ်ကျင့်သုံးရသည်၊ ဗုဒ္ဓသာသနာ၏ လိုရင်းအချက်မှာ မဂ်ဖိုလ် နိဗ္ဗာန်သာ ဖြစ်သည် ဟူသော အဖြေပင် ဖြစ်ပေသည်။

# ၆ - မဟာလိသုတ်

သုတ်စဉ် — ၆ - မဟာလိသုတ်။
ကာလ — ညနေစောင်းအချိန်။
ဒေသ — ဝေသာလီပြည်, မဟာဝုန်တော။
ဟောသူ — မြတ်စွာဘုရား။
နာယူသူ — ပုဏ္ဏားတမန်များ, မဟာလိလိစ္ဆဝီမင်း နှင့် အဖော်အခြံအရံများ။
ဟောခြင်းအကြောင်း — မဟာလိ လိစ္ဆဝီမင်း၏ လျှောက်ထားချက်များ။
ဟောသည့်တရား — ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ် နှစ်ပါး နှင့် ရဟန်းတော်တို့၏ ရည်ရွယ်ချက်များ၊ (သီလ- သမာဓိ- ပညာ)၊ အသက်နှင့်ကိုယ် ပြဿနာ အဖြေ။

## အဏ္ဏုပ္ပတ္တိနိဒါန်း

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ (အထွဋ် အချွန် ရှိသောကျောင်း) ၌ သီတင်းသုံးတော်မူ၏။

**ပုဏ္ဏားတမန်များနှင့် မဟာလိ**

ထိုအခါ ကောသလတိုင်းသား ပုဏ္ဏားတမန်များ, မာဂဓတိုင်းသား ပုဏ္ဏားတမန်များသည် ကိစ္စ တစ်စုံတစ်ရာကြောင့် ဝေသာလီမြို့သို့ ရောက်ရှိနေကြရာ မြတ်စွာဘုရား၏ သတင်းကို ကြားရသဖြင့် မြတ်စွာဘုရားကို ဖူးမြော်ရန် မဟာဝုန်တောသို့ ရောက်လာကြပြီးလျှင် မြတ်စွာဘုရား၏ အလုပ်အကျွေး ဖြစ်သူအရှင်နာဂိတ မထေရ်အား မြတ်စွာဘုရား အထံတော်သို့ ဝင်ရန် ခွင့်တောင်းကြလေ၏၊ အရှင်နာဂိတ မထေရ်သည် အချိန်မဟုတ်သေး၊ မြတ်စွာဘုရားသည် တစ်ပါးတည်း ဆိတ်ငြိမ်စွာ နေသောအချိန် ဖြစ်သည်ဟု

ခွင့်ပြုတော် မမူသဖြင့် ဘုရားရှင်ကို ဖူး မြင်ရပြီးမှသာ ပြန်ကြမည်ဟု ကျောင်းတော်တွင်းမှာပင် စောင့်ဆိုင်း၍ နေကြလေ၏။

ထိုအချိန်မှာပင် နှုတ်ခမ်းကွဲသော မဟာလိ လိစ္ဆဝီမင်းသည်လည်း လိစ္ဆဝီ မင်းမျိုးပေါင်း များစွာ ခြံရံလျက် ကျောင်းတော်သို့ ရောက်လာပြီးလျှင် ရှေးနည်းတူ အရှင်နာဂိတ မထေရ်အား ခွင့်တောင်းပြန်ရာ - ခွင့်မရသဖြင့် မြတ်စွာဘုရားကို ဖူးမြင်ပြီးမှ ပြန်ကြမည်ဟု စောင့်ဆိုင်းလျက် ရှိ၏။

**လိမ္မာလှသော သီဟသာမဏေ**

ကျောင်းတော်တွင်း၌ စောင့်ဆိုင်း နေကြသော ပရိသတ်များကို မြင်လျှင် သီဟသာမဏေသည် (ဦးရီတော်ဖြစ်သူ) အရှင်နာဂိတ မထေရ်ထံသို့ သွား၍ ပုဏ္ဏားတမန်များနှင့် သာကီဝင် ပရိသတ်နှင့် တကွသော မဟာလိ လိစ္ဆဝီမင်းသည် မြတ်စွာဘုရားကို ဖူးမြင်ရန် စောင့်နေကြပါသည်၊ မြတ်စွာဘုရားကို ဖူးမြင်ရန် ခွင့်ပြုတော် မူပါဟု လျှောက်၏။ ထိုအခါ အရှင်နာဂိတလည်း 'အိုသီဟ....သင်ကိုယ်တိုင်ပင် သွား၍ မြတ်စွာဘုရားအား လျှောက်ထားလော့' ဟု မိန့်တော်မူရာ သီဟသာမဏေ သည် မြတ်စွာဘုရား အထံတော်သို့ ဝင်၍ အကြောင်းကို လျှောက်လေ၏၊ မြတ်စွာဘုရားသည် သီဟသာမဏေအား " အိုသီဟ..... ထိုသို့ ဖြစ်လျှင် ကျောင်းရိပ်၌ နေရာခင်းချေလော့" ဟု မိန့်တော်မူ၍ ကြွလာတော် မူပြီးလျှင် ခင်းအပ်သော နေရာ၌ သီတင်းသုံးတော်မူသောအခါ ပရိသတ်တို့လည်း အထံတော်သို့ ချဉ်းကပ်၍ ဖူးမြော်ကြလေ၏။

**မဟာလိ၏ လျှောက်ထားချက်**

ထိုအခါ မဟာလိသည် ဤသို့ လျှောက်၏၊ "အရှင်ဘုရား...သုနက္ခတ် လိစ္ဆဝီမင်းသားသည် အကျွန်ုပ်ထံလာ၍ သူသည် မြတ်စွာဘုရားအထံတော်၌ သုံးနှစ်ပတ်လုံး နေထိုင်သော်လည်း နှစ်သက်တပ်မက်ဖွယ်ရာ ကောင်းသော နတ်တို့၏ အဆင်းသဏ္ဌာန်ကိုသာ မြင်ရ၍ နတ်တို့၏ အသံကို မကြားခဲ့ရပါ ဟု ပြောပါသည်၊ သုနက္ခတ်သည် နတ်တို့၏အသံကို မရှိ၍ပင် မကြားရခြင်း ဖြစ်ပါသလော။ သို့မဟုတ် နတ်တို့၏ အသံသည် ထင်ရှား ရှိနေပါလျက် မကြားရခြင်း ဖြစ်ပါသလော။

၀၃၈။ ။ အိုမဟာလိ....ချစ်ခင်နှစ်သက်, တပ်မက်ဖွယ်ရှိကုန်သော နတ်တို့၏ အသံသည် ထင်ရှား ရှိပါလျက် မကြားခဲ့ရခြင်း ဖြစ်ပေသည်၊ ထင်ရှားမရှိ၍ မကြားခဲ့ရခြင်း မဟုတ်ပေ။

မဟာလိ။ ။ အရှင်ဘုရား..... သုနက္ခတ်လိစ္ဆဝိ မင်းသားသည် ချစ်ခင်နှစ်သက်, တပ်မက်ဖွယ်ကောင်းသော နတ်တို့၏ အသံကို ထင်ရှား ရှိပါလျက် မကြားခဲ့ရသည်မှာ အဘယ်ကြောင့်ပါနည်း။

၀၃၉။ ။ အိုမဟာလိ..... ဤသာသနာတော်၌ တစ်ပါးပါးသော ရဟန်းသည် အရှေ့ အရပ်၌ ချစ်ခင်နှစ်သက်, တပ်မက်ဖွယ် ကောင်းသော နတ်တို့အဆင်းကို မြင်စေရန် တစ်ဘက်သတ် သမာဓိကို ပွားများစေ၏၊ နတ်တို့အသံကို ကြားရစေရန် ပွားများခြင်း မရှိ၊ ထိုရဟန်းသည် အရှေ့အရပ်၌ နတ်တို့၏ အဆင်းကို မြင်ရ၏၊ နတ်တို့၏ အသံကိုကား မကြားရပေ၊ အကြောင်းမူကား ထိုရဟန်းသည် တစ်ဘက်သတ် ဈာန်သမာဓိကို ပွားများ စေခြင်းကြောင့် ဖြစ်ပေသည်၊ တောင်အရပ်၌, အနောက် အရပ်၌, မြောက် အရပ်၌, အထက် အောက် ဖီလာ အရပ်တို့၌ ချစ်ခင်နှစ်သက် တပ်မက်ဖွယ် ကောင်းသော နတ်တို့၏ အဆင်းကို မြင်ရစေရန် တစ်ဘက်သတ် ဈာန်သမာဓိကို ပွားများစေ၍ နတ်တို့အသံကို ကြားရစေရန် မပွားများခဲ့သော ရဟန်းသည်လည်း ထိုရည်ညွှန်းရာ အရပ်တို့၌ နတ်တို့၏ အဆင်းကိုသာ မြင်ရ၏၊ နတ်တို့၏ အသံကိုကား မကြားရပေ၊ အကြောင်းမူကား ထိုရဟန်းသည် တစ်ဘက်သတ် ဈာန် သမာဓိကို ပွားများစေခြင်းကြောင့် ဖြစ်ပေသည်။

ဤနည်းတူပင် နတ်တို့၏ အသံကို ကြားရစေရန် တစ်ဘက်သတ် ဈာန်သမာဓိကို ပွားများစေသော ရဟန်းသည် နတ်တို့၏အသံကိုသာ ကြားရ၍ နတ်တို့၏ အဆင်းကို မမြင်ရပေ၊ နတ်တို့၏ အဆင်းနှင့် အသံနှစ်ပါးလုံးကို မြင်ရစေရန် နှစ်ဘက်ရ ဈာန်သမာဓိကို ပွားများစေသော ရဟန်းသည်သာ နတ်တို့၏ အဆင်း ကိုလည်း မြင်ရသည်၊ အသံ ကိုလည်း ကြားရသည်။

အို မဟာလိ....ဤကား သုနက္ခတ်လိစ္ဆဝိ မင်းသား၏ နတ်တို့၏ အဆင်းကို မြင်ရ၍ နတ်တို့၏ အသံ ကိုကား ထင်ရှား ရှိပါလျက်

မကြားခဲ့ရခြင်း အကြောင်း ဖြစ်ပေသည်၊ (သုနက္ခတ် * သည် နတ်တို့ အသံကိုကြားရစေရန် ဈာန်သမာဓိကို မဝင်စားနိုင်ခဲ့ဟု ဆိုလိုသည်)

**အဋ္ဌုပ္ပတ္တိနိဒါန်း ပြီးပြီ။**

---

**ရဟန်းတော်တို့ ရည်ရွယ်ချက်**

မဟာလိ။ ။ အရှင်ဘုရား..... ရဟန်းတော်တို့သည် ဤသို့ တန်ခိုးကြီးသော သမာဓိပွားများမှုမျိုးကို ရရှိမျက်မှောက် ပြုနိုင်ရန် အတွက် အရှင်ဘုရား ထံ၌ အကျင့်မြတ်ကို ကျင့်သုံးကြခြင်း ဖြစ်ပါသလော။

ဗုဒ္ဓ။ ။ အိုမဟာလိ....ဤသို့ မဟုတ်ကြပေ၊ ဤသမာဓိပွားများမှု (ဈာန်အဘိညာဉ်) တို့ထက် သာလွန်မွန်မြတ်သော, ရဟန်းတော်တို့ ရည်ရွယ် ကျင့်သုံးသည့်, တစ်ပါးသော, တရား တို့လည်း ရှိကြပေသေးသည်။

မဟာလိ။ ။ အရှင်ဘုရား....ထိုတရားတို့ကား အဘယ်တို့ပါနည်း။

ဗုဒ္ဓ။ ။ အို မဟာလိ....ဤသာသနာတော်၌ တစ်ပါးပါးသော ရဟန်းသည် သံယောဇဉ် သုံးပါးတို့ ကုန်ခန်းခြင်းကြောင့် အပါယ် လေးပါးသို့ ကျရောက်ခြင်း မရှိတော့ပြီ ဖြစ်သော, တည်မြဲသော, (အထက်မဂ်တို့နှင့် စပ်ဆိုင်သည့်) သမ္ဗောဓိ ခေါ် အမှန်အသိဉာဏ်လျှင် လဲလျောင်းရာ ရှိသော, သောတာပန် ပုဂ္ဂိုလ်ဖြစ်ရ၏၊ ဤသောတာပန် ပုဂ္ဂိုလ် ဖြစ်မှုသည်လည်း ရဟန်းတော်တို့ ရည်ရွယ် ကျင့်သုံးကြသည့် သာလွန် မွန်မြတ်သောတရား ဖြစ်ပေသည်။

---

* **သုနက္ခတ်**။ ။ သုနက္ခတ် ရဟန်းသည် မြတ်စွာဘုရားထံ၌ ရဟန်းပြု၍ ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရရှိအောင် သင်ယူအားထုတ်သဖြင့် ဒိဗ္ဗစက္ခုကိုရ၍ နတ်တို့၏ အဆင်းကို မြင်ရသည်၊ ထိုနောက် ဤမျှလှပသော နတ်တို့၏ အသံကား အဘယ်သို့ ရှိလေမည်နည်းဟု အကြံဖြစ်၍ နတ်တို့အသံကိုကြားရအောင် ဒိဗ္ဗသောတ အဘိညာဉ် အတွက် မြတ်စွာဘုရားထံလျှောက်ထားရာ သုနက္ခတ်သည် ရှေးဝိပါက်ရှိ၍ ဒိဗ္ဗသောတကို မရနိုင်သူ ဖြစ်ခြင်းကြောင့် သင်တော်မမူတော့ချေ၊ ထိုကြောင့် သုနက္ခတ်သည် မြတ်စွာဘုရားကို မကျေမနပ်ဖြစ်၍ လူထွက်သည်၊ ထိုအကြောင်းများကို သုနက္ခတ်သည် မဟာလိ လိစ္ဆဝီ မင်းသားအား ပြောကြားသည်။

အိုဲ မဟာလိ.....ထိုပြင်လည်း တစ်ပါး ပါးသော ရဟန်းသည် သံယောဇဉ်သုံးပါး ကုန်ခန်းခြင်းကြောင့် တပ်မက်မှု – ရာဂ, အမျက်ထွက်မှု – ဒေါသ, မိုက်မဲတွေဝေမှု – မောဟ တရားတို့ ခေါင်းပါးခြင်းကြောင့် သကဒါဂါမ် ပုဂ္ဂိုလ်ဖြစ်ရ၏၊ ဤကာမလောက (ကာမဘုံ) သို့ တစ်ကြိမ်သာ လာ၍ ဆင်းရဲဒုက္ခ၏ အဆုံးကို ပြုရ၏၊ (အလွန်ဆုံး ကာမဘုံသို့ တစ်ဘဝသာ လာရောက်ဖြစ်ပွားမည်၊ နှစ်ဘဝတိုင်အောင် ဖြစ်ဖို့ မရှိပြီ)၊ ဤ သကဒါဂါမ် ပုဂ္ဂိုလ်ဖြစ်မှု သည်လည်း ရဟန်းတော်တို့ ရည်ရွယ်ကျင့်သုံး ကြသည့် သာလွန် မွန်မြတ်သော တရား ဖြစ်ပေသည်။

အိုဲ မဟာလိ.....ထိုပြင်လည်း တစ်ပါးပါးသော ရဟန်းသည် အောက်သံယောဇဉ် ငါးပါး တို့ ကုန်ခန်းခြင်းကြောင့် (သုဒ္ဓါဝါသဘုံသို့ ) ကပ်ရောက် ဖြစ်ပွားရ၏၊ ထို (သုဒ္ဓါဝါသ) ဗြဟ္မာလောကဌ် ပရိနိဗ္ဗာန် ပြုရ၏၊ ထို (သုဒ္ဓါဝါသ) ဗြဟ္မာလောကမှ ပြန်လည် ဆုတ်နစ်ခြင်း သဘော မရှိပြီ၊ ဤအနာဂါမ်ပုဂ္ဂိုလ် အဖြစ်သည်လည်း ရဟန်းတော်တို့ ရည်ရွယ်ကျင့်သုံးကြသည့် သာလွန်မွန်မြတ်သော တရား ဖြစ်ပေသည်။

အိုဲ မဟာလိ.....တစ်ပါးပါးသော ရဟန်းသည် ယိုစီး ဖြစ်ပွားတတ်သော အာသဝေါ တရားတို့ ကုန်ခန်းခြင်းကြောင့် အာသဝေါ ကင်းရာ, စိတ်၏ ကိလေသာတို့မှ လွတ်ရာ စေတောဝိမုတ္တိ ခေါ် အရဟတ္တဖိုလ်ကို, ပညာဖြင့် ကိလေသာတို့မှ လွတ်ရာ ပညာဝိမုတ္တိ ခေါ် အရဟတ္တဖိုလ်ကို, မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိရှိ မျက်မှောက်ပြု၍, ရရှိ ပြည့်စုံစေ၍ နေထိုင်ရ၏၊ ဤရဟန္တာပုဂ္ဂိုလ် ဖြစ်မှုသည်လည်း ရဟန်းတော်တို့ ရည်ရွယ် ကျင့်သုံးကြသည့် သာလွန် မွန်မြတ်သော တရား ဖြစ်ပေသည်။*

---

* **အရိယာလေးစုံ။** ။ ၁– သောတာပတ္တိမဂ္ဂဋ္ဌာန်နှင့် သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်တစ်စုံ၊ ဤ အရိယာပုဂ္ဂိုလ် နှစ်ယောက်တို့ကို သောတာပန်ဟု သာမညအားဖြင့် ခေါ်ရသည်၊ အရိယာပုဂ္ဂိုလ်အဖြစ်သို့ သက်ဝင်စဖြစ်သော ပထမ မဂ် ပုဂ္ဂိုလ်နှင့်ဖိုလ် ပုဂ္ဂိုလ်တို့ပင် ဖြစ်ကြ၏၊ မဂ္ဂဋ္ဌာန် ဆိုသည်မှာ မဂ်၌တည်သော ပုဂ္ဂိုလ်, ဖလဋ္ဌာန် ဆိုသည်မှာ ဖိုလ်၌ တည်သောပုဂ္ဂိုလ်ဟု အဓိပ္ပာယ်ရှိ၍ သောတာပန် ဆိုသည်မှာ အရိယာ ပုဂ္ဂိုလ် အလျဉ်သို့ (စာရင်းသို့) ဝင်ရောက်လာသော ပထမ အရိယာ ပုဂ္ဂိုလ်ဟု အဓိပ္ပာယ်ရှိ၏။

အို မဟာလိ..... ဤသည်တို့ကား ရဟန်းတော်တို့ ရည်ရွယ်၍ ငါဘုရား၌ အကျင့်မြတ်ကို ကျင့်သုံးကြသော သာလွန် မွန်မြတ်သော တရားတို့ ဖြစ်ကြပေသည်။

**ထိုရည်ရွယ်ချက်သို့ ရောက်ရန်လမ်းစဉ်**

မဟာလိ။ ။ အရှင် ဘုရား..... ထို သာလွန် မွန်မြတ်သော တရားတို့ကို မျက်မှောက်ပြုနိုင်ရန် အတွက် အကျင့် လမ်းစဉ် ရှိပါသလော။

ဗုဒ္ဓ။ ။ အိုမဟာလိ..... ထိုအကျင့်လမ်းစဉ်မျိုး ရှိပေသည်။

မဟာလိ။ ။ အရှင်ဘုရား....ထို အကျင့်လမ်းစဉ်ကား အဘယ် ပါနည်း။

ဗုဒ္ဓ။ ။အိုမဟာလိ..... မြူစင်မြင့်မြတ်သော အင်္ဂါ ရှစ်ပါး ရှိသည့် အကျင့်လမ်းစဉ်ပင် ဖြစ်ပေသည်၊ (မဂ္ဂင်ရှစ်ပါး) ထိုအကျင့်လမ်းစဉ် မှာ..၁ - အမြင်မှန် အယူမှန် - သမ္မာဒိဋ္ဌိ၊ ၂ - အကြံမှန် - သမ္မာသင်္ကပ္ပ၊ ၃ - စကားမှန် - သမ္မာဝါစာ၊ ၄ - အလုပ်မှန် -သမ္မာကမ္မန္တ ၅ - အသက် မွေးမှန် - သမ္မာအာဇီဝ၊ ၆ - လုံ့လမှန် - သမ္မာဝါယာမ၊ ၇ - သတိမှန် (မှတ်မိခြင်း) သမ္မာသတိ၊ ၈ - တည်ငြိမ်မှုအမှန် - သမ္မာသမာဓိ တို့ပင် ဖြစ်ကြပေသည်။

အို မဟာလိ..... ဤကား ထိုသာလွန် မွန်မြတ်သော တရားတို့ကို မျက်မှောက်ပြုနိုင်ရန်အတွက် အကျင့်လမ်းစဉ်ပင် ဖြစ်ပေသည်။

---

၂-သကဒါဂါမိမဂ္ဂဋ္ဌာန်နှင့် သကဒါဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ် တစ်စုံ၊ ဤအရိယာ ပုဂ္ဂိုလ်နှစ်ယောက်တို့ကို သကဒါဂါမ်ဟု သာမညအားဖြင့် ခေါ်ရသည်၊ သကဒါဂါမ် ဆိုသည်မှာ ကာမဘုံသို့ တစ်ကြိမ်သာ လာတော့မည့် အရိယာမျိုးဟု အဓိပ္ပာယ်ရှိ၏။

၃- အနာဂါမိ မဂ္ဂဋ္ဌာန်နှင့် အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်တစ်စုံ၊ ဤအရိယာ ပုဂ္ဂိုလ်နှစ်ယောက်တို့ကို အနာဂါမ်ဟု သာမညအားဖြင့် ခေါ်ရသည်၊ အနာဂါမ် ဆိုသည်မှာ ကာမဘုံသို့ မလာတော့မည့် အရိယာမျိုးဟု အဓိပ္ပာယ် ရှိ၏။

၄- အရဟတ္တမဂ္ဂဋ္ဌာန်နှင့် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တစ်စုံ၊ ဤအရိယာပုဂ္ဂိုလ် နှစ်ယောက်တို့မှာ ကိလေသာကို အပြီးသတ်ပယ်သတ်ပြီး ရဟန္တာပုဂ္ဂိုလ်ဟု သာမည အားဖြင့် ခေါ်ရ၏၊ ရဟန္တာ ဆိုသည်မှာ ကိလေသာ ပယ်သတ်ပြီး, အပူဇော်ခံ အရိယာမျိုးဟု အဓိပ္ပာယ် ရှိ၏။

## အသက်နှင့်ကိုယ် ပြဿနာ

**မုဏ္ဍိယနှင့်ဇာလိယ**

အို မဟာလိ.....အခါ တစ်ပါး၌ ငါဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် မုဏ္ဍိယပရိဗိုဇ်နှင့် ဇာလိယ ပရိဗိုဇ်တို့သည် ငါဘုရားထံ ရောက်လာကြပြီးလျှင် ဤသို့ မေးလျှောက်ကြဖူး၏။

ပရိဗိုဇ်များ။ ။ အို အရှင် ဂေါတမ..... အသက် နှင့် ကိုယ်သည် အတူတူပင် ဖြစ်ပါသလော၊ သို့မဟုတ်, တခြားစီ ဖြစ်ပါသလော။

ဗုဒ္ဓ။ ။ ဤ ပြဿနာကို သိလိုလျှင် နာယူကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်၊ ဤသို့ အစချီ၍ သာမညဖလသုတ် အတိုင်း ဘုရား ဖြစ်တော်မူသည်မှစ၍ ပထမဈာန်ရသည့်တိုင်အောင် ဟောကြားတော်မူပြီးလျှင် ဤသို့သော သီလများနှင့် ပြည့်စုံ၍ ပထမဈာန်ကို ရရှိသိမြင်သော ရဟန်းသည် အသက်နှင့် ကိုယ်မှာ တခြားစီ ဖြစ်ပါသလော၊ အတူတူပင် ဖြစ်ပါ သလော ဟူသော စကားမျိုးကို ပြောဆို ပါမည်လော" ဟု မေးလျှောက်တော်မူ၏။

ပရိ။ ။ ပြောဆိုပါလိမ့်မည်။

ဗုဒ္ဓ။ ။ ငါ ဘုရားသည်ကား (ဘာဝနာ ပညာကြောင့် ဖြစ်ပေါ်လာသော ပထမဈာန် မဟဂ္ဂုတ်စိတ်ဟု) ဤသို့ သိမြင်တော် မူသည်၊ စင်စစ်အားဖြင့် သင်တို့ဆိုသော အသက်, ကိုယ် ဟူသော စကားမျိုးကို ပြောဆိုတော်မမူပေ။

ဒုတိယဈာန်ကို, တတိယဈာန်ကို, စတုတ္ထဈာန်ကို ရရှိသိမြင်သော ရဟန်းသည် သင်တို့မေးသော စကားမျိုးကို ပြောဆိုပါမည်လော။

ပရိ။ ။ ပြောဆိုပါလိမ့်မည်။

---

**မှတ်ချက်။** ။ အသက်, ကိုယ် ဆိုသော စကားမှာ ပုထုဇ္ဇဉ်မိုက်နှင့် တိတ္ထိတို့ ပြောဆိုစွဲလမ်းသော အယူအဆမျှသာ ဖြစ်သည်၊ အမှန်အားဖြင့် ရှိသည်မဟုတ်၊ အမှန်အားဖြင့် ရှိသည်မှာ နာမ်ရုပ်သာ ဖြစ်၏၊ ထို့ကြောင့် အသက်, ကိုယ် အကြောင်းကို တိုက်ရိုက် မဖြေဘဲ အသက်, ကိုယ် ဟူသော အတ္တဒိဋ္ဌိ ပျောက်ကင်းစေနိုင်သော အကျင့်များကို ပြ၍ ပရိယာယ်ဖြင့် ဖြေတော်မူသည်။

ဗုဒ္ဓ။ ။ ငါ ဘုရားသည်ကား (ဘာဝနာ ပညာကြောင့် ဖြစ်ပေါ်လာသော မဟဂ္ဂုတ် ဈာန်စိတ်များသာ ဟု) ဤသို့ သိမြင်တော်မူသည်၊ စင်စစ်အားဖြင့် သင်တို့ ဆိုသော အသက်, ကိုယ် ဟူသော စကားမျိုးကို ဆိုတော်မမူပေ။

ဝိပဿနာဉာဏ် အမြင်ကို ပွားများသော ရဟန်းသည် သင်တို့ ဆိုသော စကားကို ပြောဆိုပါဦးမည်လော။

ပရိ။ ။ ပြောဆိုမည် မဟုတ်ပါ။

ဗုဒ္ဓ။ ။ ငါဘုရားသည်ကား ဝိပဿနာ ဉာဏ်အမြင်ဖြင့် ဤကား ရုပ် ဤကား နာမ် ဟု ပိုင်းခြား သိမြင်တော် မူ၏၊ စင်စစ်အားဖြင့် သင်တို့ ဆိုသော အသက်, ကိုယ် ဟူသော စကားမျိုးကို ပြောဆိုတော် မမူပေ။

မဂ်ကိစ္စ အတွက် နောက်ထပ် ပြုကျင့်ဖွယ် မရှိပြီ (ရဟန်းကိစ္စ ပြီးဆုံး၍ ရဟန္တာ အဖြစ်သို့ ရောက်ပြီ) ဟု သိမြင်သော ရဟန်းသည် သင်တို့ ဆိုသော အသက်, ကိုယ်ဟူသော စကားမျိုးကို ပြောဆိုပါဦးမည်လော။

ပရိ။ ။ ဤသို့ ရဟန္တာဖြစ်ပြီ ဟု သိမြင်သော ပုဂ္ဂိုလ်ကား ဤသို့သော ပြဿနာမျိုးကို ပြောဆိုတော့မည်မဟုတ်ပါ။

ဗုဒ္ဓ။ ။ ငါ ဘုရားသည် ဤသို့ ရဟန်းကိစ္စပြီးဆုံးပြီ၊ နောက်ထပ် ပြုကျင့်ဖို့ မရှိပြီဟု သိမြင်တော်မူ၏၊ သိမြင်တော်မူသဖြင့် သင်တို့ဆိုသော စကားမျိုးကို ပြောဆိုတော် မမူပြီ။

အို မဟာလိ...ပရိဗိုဇ် တို့က မေးသဖြင့် ငါဘုရားသည် ဤသို့ ဖြေဆို တော်မူဖူးပြီဟု မိန့်တော်မူသောအခါ မဟာလိ လိစ္ဆဝီမင်းသည် အသိဉာဏ်ရှင်းလင်း၍ အလွန်နှစ်သက်ခြင်းသို့ ရောက်လေ၏။

မဟာလိသုတ် ပြီးပြီ။

# ဆလိယသုတ်

## ဇာလိယသုတ်အမှာ

ဇာလိယသုတ် ဆိုသည်မှာ ဇာလိယ ပရိဗိုဇ်ကို ဦးတည်၍ ဖြေရှင်း ဟောကြားတော် မူသောသုတ် ဖြစ်ပေသည်။

ဤဇာလိယသုတ်ကို ဝံသတိုင်း ကောသမ္ဗီမြို့ ဃောသိတာရုံ ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် ဟောကြားတော် မူခဲ့လေသည်၊ ကောသမ္ဗီမြို့မှာ ယခုအခါ အလဟာဘတ်မြို့မှ ၃၈– မိုင်, ဗာရာဏသီ (ဗနာရက်ဆ်)မှ ရေကြောင်း ခရီး ၂၃၀– မိုင်, အကွာ ရှေးအခေါ် ယမုနာ, ယခုအခေါ် ဂျူမနာ (Jumna) မြစ်ကမ်းတွင် တည်ရှိနေသော ကောဆမ်(Kosam)ခေါ် ရွာငယ်ကလေး နေရာ၌တည်ရှိလေသည်။

ဤသုတ်ကို ဖြစ်ပေါ်စေခဲ့ကြသော ဇာလိယနှင့် မုဏ္ဍိယတို့သည် ပရိဗိုဇ်များ ဖြစ်ကြပေသည်၊ ပရိဗိုဇ် ဆိုသည်မှာ ပရိဗ္ဗာဇက ပါဠိမှ ပျက်လာသော စကားဖြစ်၍ လူ့ဝတ်ကြောင်မှ ခွန့်ခွာလာသော သာသနာ တော်ပြင်ဘက် တိတ္ထိရဟန်းဟု အဓိပ္ပာယ် ရှိပေသည်၊ ဗုဒ္ဓဝါဒီတို့ အသုံး အနှုန်း စဉ်လာမှာ ဗုဒ္ဓ၏ တပည့် သာဝကများကိုသာ သာမဏေရ– ရှင်, ကိုရင်၊ သာမဏ ရဟန်း ဟု ခေါ်၍ ဗုဒ္ဓ၏ ဆန့်ကျင်ဘက် ဆိုးထည် ဝတ် ရဟန်းတစ်မျိုးကို ပရိဗ္ဗာဇက– ပရိဗိုဇ်ဟု ခေါ်ပြီးလျှင် အဝတ်မဝတ် သော, သို့မဟုတ်, အဝတ်ဖြူ ဝတ်သော ဂိုဏ်းဘာသာဝင် ရဟန်း စသည်များကို အစေလက, နိဂဏ္ဌ–တက္ကတွန်း နိဂဏ္ဌများဟု ခေါ်ဝေါ်လေ့ ရှိပေသည်။

ဇာလိယနှင့် မုဏ္ဍိယ တို့သည် လောက အခေါ်အားဖြင့် ရဟန်း များပင် ဖြစ်ကြသည်၊ ဗုဒ္ဓဂေါတမလည်း သူတို့ကဲ့သို့ ရဟန်း တစ်မျိုးပင် ဖြစ်သည်ဟု အမှတ်ထားပြီးလျှင် ဗုဒ္ဓဂေါတမအား ဝါဒတင်၍ အနိုင် ယူရမည် ဟု သဘော ပိုက်ကာ ဗုဒ္ဓ ဘုရားထံ ရောက်လာကြခြင်း ဖြစ်ပေသည်၊ ထို့ကြောင့် သူတို့သည် ဗုဒ္ဓဂေါတမအား မည်သို့ပင် ဖြစ်စေကာမူ အစွန်း မလွတ်နိုင်သော နှစ်ဘက်ချွန် ပြဿနာကို စီစဉ်၍ မေးလျှောက်ကြခြင်း ဖြစ်ပေသည်၊ သူတို့၏ ပြဿနာမှာ အသက်နှင့် ကိုယ်သည် အတူတူလော၊ သို့မဟုတ် တခြားစီလော ဟူသော ပြဿနာ

ဖြစ်၍ အသက်နှင့် ကိုယ်သည် အတူတူပင် ဖြစ်သည်ဟု ဖြေဆိုပါက ရုပ်ကိုယ် ပျက်စီး သေပျောက်လျှင် အသက်လည်း ပျက်စီး ပျောက်ကွယ်၍ သတ္တဝါ ပျက်သောကြောင့် "အသင်၏ ဝါဒမှာ ဥစ္ဆေဒဝါဒ - အပြတ်ဝါဒပင် ဖြစ်နေပါပကော" ဟု ဝါဒ ·တင်ကြမည်၊ အသက်နှင့် ကိုယ်သည် တခြားစီသာ ဖြစ်သည်ဟု ဖြေဆိုပါက ရုပ်ကိုယ် ပျက်စီးသော်လည်း အသက်ဇီဝသည် မပျက်မစီး တည်နေရစ်သည်ဟု ဆိုရာရောက်သောကြောင့် "အသင်၏ ဝါဒမှာ သဿတ ဝါဒ အမြဲတည်ဝါဒပင် ဖြစ်နေပါပကော" ဟု ဝါဒ တင်ကြမည်ဟု အကြံပြုထားကြလေသည်။

ဇာလိယတို့ အယူအဆတွင် အသက်ဇီဝသည် သတ္တဝါဖြစ်သည်ဟု ယူဆကြပုံကို အရှင် ဗုဒ္ဓဃောသဆရာ ဖွင့်ဆိုထားခဲ့ပေသည်၊ သဿတ ဥစ္ဆေဒ မည်သည့် ဝါဒ ရှိကြောင်း ကိုကား စကားရိပ် မထင်ခဲ့ပေ၊ အမှန်အားဖြင့် အသက် ဆိုသည်မှာ ဇီဝိတိန္ဒြေ ခေါ် အသက်ရှင်နေမှု ခေါင်းဆောင် တရားဖြစ်၍ ကိုယ်ဆိုသည်မှာ ထိုအသက်၏ မှီရာ တွဲဖက်ရုပ်တရားစုပင် ဖြစ်ပေသည်၊ အသက်ဆိုရသော ဇီဝိတိန္ဒြေမှာ ဤအရာမျိုး၌ နာမ်တရားကို ယူသင့်သည့် အလျောက် တွဲဖက် နာမ်တရားများကိုပါ အသက်ဟုပင် သာမညအားဖြင့် ခေါ်ဆိုရလေသည်။ အသက်ဝိညာဉ် ဟူသော စကားသည် ဤအဓိပ္ပာယ်ကို ဖော်ပြ နေပေသည်၊ တစ်ဖန် ရုပ်ကိုယ်၌လည်း ဇီဝိတရုပ် ခေါ် ရုပ်တရား တို့၏ အစောင့်အရှောက်တရား တစ်မျိုး ရှိသေး၏၊ အမှန်အားဖြင့် ရုပ်မှာလည်း ရုပ်သက် နာမ်မှာလည်း နာမ်သက် ရှိသည်ဟု မှတ်ရာသည်။

ဇာလိယတို့၏ စိတ်ထားကို သိတော်မူနေသော ဗုဒ္ဓဘုရားသည် စကားစ ပေါ်ပြီး ပြဿနာ ဖြစ်လာမည့် အဖြေမျိုးကို ရှောင်ရှားတော်မူ၍ အသက်, ကိုယ်ဟူသော အစွဲအလမ်းပျောက်မည့် ကျင့်စဉ်နည်းလမ်းစကိုသာ ဖော်ပြ၍ ပြေလည် စေတော် မူခဲ့သည်၊ ဤအဖြေကို ထောက်လျှင် ဇာလိယတို့သိသည့် အသက်နှင့် ကိုယ်မှာ ကျွန်ုပ်တို့ ဖေါ်ပြသည့် ဗုဒ္ဓဝါဒ အဘိဓမ္မာ နည်းအရ အသက်, ကိုယ်မျိုး မဟုတ်ဘဲ အတ္တစွဲဖြင့် ထင်မြင် စွဲလမ်း နေသော အသက်ကိုယ်မျိုးသာ ဖြစ်ကြောင်း ထင်ရှားနေပေသည်၊ အကြောင်း မူကား ဗုဒ္ဓ ဘုရား၏ အဖြေတွင် ရုပ်နာမ်

တရားစုသာ ရှိသည်၊ အသက်ကိုယ်ဟု သင်တို့ ကဲ့သို့ ပြောဆိုသုံးစွဲ ထင်မြင်နေမှုမှာ သဘာဝ တရား အမှန်ကို မသိသေး၍သာ ဖြစ်သည်ဟု ကောက်ချက်ချနိုင်သော အဖြေမျိုး ဖြစ်ပေသည်။

ဤအချက်ကို ကောင်းကောင်း သဘောပေါက်လျှင် နာမ် ရုပ်ကို ခွဲခြား သိမြင်သော နာမရူပ ပရိစ္ဆေဒ ဉာဏ်ကို ရပြီး ဖြစ်ပေလိမ့်မည်၊ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရလျှင်လည်း ဝိသုဒ္ဓိ ခုနစ်ပါးတို့တွင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၍ အယူစင်ကြယ်ပြီဟု ဆိုနိုင်ပေပြီ၊ ဗုဒ္ဓဝါဒီအစစ်ဖြစ်လိုသူတို့ ဤ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်မှုကို ကြိုးစား၍ ဝေဖန် သုံးသပ် သင့်ကြပေသည်။

# ၇–ဇာလိယသုတ်

| | | |
|---|---|---|
| သုတ်စဉ် | — | ၇– ဇာလိယသုတ်။ |
| ဟောသည့်အချိန် | — | နေ့အချိန်။ |
| ဟောရာအရပ် | — | ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း။ |
| ဟောသည့် ပုဂ္ဂိုလ် | — | မြတ်စွာဘုရား။ |
| နာယူသည့် ပုဂ္ဂိုလ် | — | မုဏ္ဍိယ ပရိဗိုဇ်နှင့် ဇာလိယ ပရိဗိုဇ်။ |
| ဟောခြင်းအကြောင်း | — | အသက်နှင့် ကိုယ် ပြဿနာကို မေးလျှောက်ခြင်း။ |
| ဟောသည့် တရား | — | အသက်ကိုယ် ဟူသော အတ္တပျောက်ကင်းကြောင်း တရား။ |

## အဋ္ဌုပ္ပတ္တိ နိဒါန်း

**အသက်နှင့်ကိုယ် ပြဿနာ**

အခါတစ်ပါး၌ မြတ်စွာ ဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူ၏၊ ထိုအခါ မုဏ္ဍိယနှင့် ဇာလိယ ပရိဗိုဇ် နှစ်ယောက် တို့သည် မြတ်စွာ ဘုရား အထံတော်သို့ ရောက်လာကြ၍ "အရှင်ဘုရား..... အသက်နှင့် ကိုယ်သည် အတူတူပင် ဖြစ်ပါသလော၊ သို့မဟုတ်, ကခြားစီပင် ဖြစ်ပါသလော" ဟု အစွန်း နှစ်ဘက်ထွက်သော ပြဿနာကို မေးလျှောက်ကြ၏။

**အဋ္ဌုပ္ပတ္တိ နိဒါန်း ပြီးပြီ။**

---

**အသက်နှင့်ကိုယ် ပြဿနာအဖြေ**

ထိုအခါ မြတ်စွာဘုရားသည် သာမည ဖလသုတ်အတိုင်း ဘုရား ပွင့်တော်မူသည်မှ စ၍ အခြေခံသီလများနှင့်ပြည့်စုံသဖြင့် ဈာန်ရသည် အထိ ဟောတော်မူပြီးနောက်– "ငါ့ရှင်တို့ .....ပထမဈာန်ကို ရရှိ, သိမြင်သော ရဟန်းသည် အသက်နှင့် ကိုယ် ဟူသော စကားကို ပြောဆိုထိုက်ပါသလော"။

ပရိ။ ။ ပြောဆို ထိုက်ပါသည်။

ဗုဒ္ဓ။ ။ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ရရှိ သိမြင်သော ရဟန်းသည် အသက်, ကိုယ် ဟူသော စကားကို ပြောဆိုထိုက်ပါသလော။

ပရိ။ ။ ပြောဆိုထိုက်ပါသည်။

ဗုဒ္ဓ။ ။ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ရရှိသိမြင်သော ရဟန်းသည် အသက်, ကိုယ် ဟူသော စကားမျိုးကို ပြောဆိုထိုက်ပါသလော။

ပရိ။ ။ ပြောဆိုထိုက်ပါသည်။

ဗုဒ္ဓ။ ။ ငါဘုရားကား ဤဈာန်တရားစုသည် (ဘာဝနာ ပညာကြောင့် ဖြစ်သော မဟဂ္ဂုတ်ဈာန် စိတ်များသာ ဖြစ်ကြသည်ဟု) သိမြင်၍၊ စင်စစ် အားဖြင့် အသက်, ကိုယ်သည် အတူတူလော တခြားစီလော ဟူသော စကားမျိုးကို ပြောဆိုတော် မမူပေ။

ထို့ပြင် ရုပ် နာမ်ကို ကောင်းစွာ သိသော ဝိပဿနာ ဉာဏ်အမြင်ရှိသော ရဟန်းသည် ဤအသက်, ကိုယ် ဟူသော စကားမျိုးကို ပြောဆိုထိုက်ပါသလော။

ပရိ။ ။ မပြောဆိုထိုက်ပါ။

ဗုဒ္ဓ။ ။ ငါဘုရားသည်(ဤဝိပဿနာဉာဏ်ဖြင့် ရုပ်, နာမ်ဟု)ဤသို့ သိမြင်တော်မူ၍၊ အသက်, ကိုယ်သည် အတူတူလော၊ တခြားစီလော ဟူသော စကားမျိုးကို ပြောဆိုလေ့ မရှိပေ၊ ထို့ပြင် ဤမဂ်ကိစ္စအတွက် နောက်ထပ် ပြုဖွယ် မရှိပြီဟု (ရဟန္တာ ဖြစ်ပြီဟု) သိမြင်သော ရဟန်းသည် ဤ အသက်, ကိုယ် ဟူသော စကားကို ပြောဆို ထိုက်ပါသလော။

ပရိ။ ။ အရဟတ္တဖိုလ်ကို ရရှိသိမြင်သော ရဟန်းကား ပြောဆိုမည် မဟုတ်ပါ။

ဗုဒ္ဓ။ ။ ငါဘုရားသည် ဤသို့ ရဟန်းကိစ္စ ပြီးဆုံးပြီဟု (ရဟန္တာ ဖြစ်ပြီဟု) သိမြင်တော်မူ၏၊ စင်စစ်အားဖြင့် အသက်, ကိုယ် ဟူသော စကားကို ပြောဆိုလေ့ မရှိပြီ။

ဤသို့ ဟောတော်မူရာ ပရိဗိုဇ်နှစ်ယောက်တို့သည် အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်၏။

---

မဟာလိသုတ်တွင် အကျုံးဝင်ပြီးဖြစ်၏၊ အဓိပ္ပာယ်ချုပ်မှာ သီလ, သမာဓိ, ပညာ, ဘို့နှင့် ပြည့်စုံ၍ ရုပ်နာမ်ကို အမှန်အတိုင်း သိမြင်လျှင် အသက်, ကိုယ် ဆိုသော အတ္တဒိဋ္ဌိ သို့မဟုတ် သက္ကာယဒိဋ္ဌိ အလိုလို ပျောက်ကင်း၏ ဟု ဆိုလိုသည်။

ဇာလိယသုတ် ပြီးပြီ။

# မဟာသီဟနာဒသုတ်

## မဟာသီဟနာဒသုတ် အမှာ

မဟာသီဟနာဒသုတ် ဆိုသည်မှာ မြတ်သော ခြင်္သေ့ဟောက် မိန့်ခွန်းတော်များကို ဟောကြားတော်မူသော သုတ် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ဤသုတ်ကို ဥရုညာပြည် ဥရုညာ မြို့တော် ကဏ္ဏကတ္ထလ တောမဲ့ကုန်း၌ ဟောကြားတော် မူခဲ့လေသည်၊ ဥရုညာပြည်မှာ ဗုဒ္ဓခေတ် တိုင်းကြီး သောဠသ စာရင်း၌ အပါအဝင် မဟုတ်သော်လည်း ဤမျှလောက် အရေးပါသော မဟာသီဟနာဒ သုတ်ကြီးကို ဟောကြားတော်မူခဲ့ရာ ဖြစ်၍ မှတ်သားထိုက်လှပေသည်၊ ဤတိုင်းပြည်နှင့် မြို့တော်တို့ တစ်မည်တည်းသာ ဥရုညာဟု ခေါ်တွင်ခဲ့သည် မှာလည်း မြန်မာတို့ ကောင်းစားစဉ် အဝခေတ်၌ အဝနိုင်ငံ အဝနေပြည်တော်ဟု ခေါ်တွင်သည်နှင့် အဆင်တူလှပေသည်။

ဤသုတ်ကို ဟောဖြစ်အောင် အကြောင်း ပြုခဲ့သူမှာ ကဿပ တက္ကတွန်း ဖြစ်ပေသည်၊ ကဿပသည် အဝတ် မဝတ်ဘဲ မိမွေးတိုင်း ဖမွေးတိုင်း ကိုယ်ဖြင့်သာ ဗုဒ္ဓဘုရား ထံတော်သို့ ရောက်လာ၍ "ဗုဒ္ဓဘုရားသည် အကျင့်ပူအကျင့်ပြင်း မှန်သမျှနှင့် ထိုအကျင့်မျိုးကို ကျင့်ကြံနေသူ အားလုံး ကိုပင် ကဲ့ရဲ့ ရှုတ်ချသည်ဟု ကြားရသည်မှာ မှန်ပါသလော"ဟု မေးလျှောက်ခဲ့လေသည်၊ သူကား– အကျင့်ပူ အကျင့်ပြင်းများကို နှစ်သက်သဖြင့် အဝတ်အစားကိုပင် မဝတ်ဘဲ ပြင်းထန်စွာ ခြိုးခြံကျင့်သုံးနေသူ ဖြစ်ပေသည်၊ သူ၏ အကျင့်များကို ဤသုတ်၌ပင် တွေ့မြင်နိုင်ကြသည်၊ သာမန် ခေတ်လူတစ်ယောက်သည် ကဿပအား မျက်စိဖြင့် ရဲရဲပင် မကြည့်ဝံ့အောင် ရှိမည် ဖြစ်သော်လည်း ဗုဒ္ဓဘုရားသည် ကဿပကို ကောင်းစွာ လက်ခံပြောဆို၍ ဖြေရှင်း ဟောချွတ်တော်မူခဲ့သည်မှာ မဟာကရုဏာတော်ရှင် ဖြစ်ကြောင်း သက်သေခံ တစ်ရပ်ပင် ဖြစ်တော့သည်။

ဗုဒ္ဓဘုရားသည် ဘက္ကတွန်း၏ အမေးပြဿနာကို ဖြေရှင်းတော်မူရာ၌ အကျင့်ပူ အကျင့်ပြင်း မှန်သမျှကို မကဲ့ရဲ့ကြောင်းနှင့် အကျင့် တရားများကို သရုပ်ခွဲ၍ ဝေဖန် ဟောကြားတော် မူပြီးလျှင် ဗုဒ္ဓ အဖြစ်၌ ယုံမှားသံသယ ကင်းပျောက်စေရန် ခြင်္သေ့ဟောက် မိန့်ခွန်းတော်များကို ရဲရဲတောက် မိန့်မြွက်တော် မူခဲ့ပေသည်။

ဤသုတ်၌ ဗုဒ္ဓဘုရား၏ ဟောကြားတော်မူချက်များကို ထုတ်နုတ်ကြည့်လျှင်–

၁။ အကျင့်ပူ အကျင့်ပြင်း မှန်သမျှကို မကဲ့ရဲ့ကြောင်း,

၂။ ကမ္ဘာ့ ပညာရှိများနှင့် ဗုဒ္ဓ,

၃။ ဂိုဏ်းဆရာ သာသနာပြု ပုဂ္ဂိုလ်တို့၏ သာသနာများကို နှိုင်းယှဉ်ချက်,

၄။ ကိုယ်တိုင် ကျင့်လျှင် အမှန်ကို သိရမည့် ဗုဒ္ဓ သာသနာ,

၅။ တက္ကတွန်းတို့၏ ပြင်းထန်သော အကျင့်များ,

၆။ သီလ, သမာဓိ, ပညာ,

၇။ ခြင်္သေ့ဟောက် မိန့်ခွန်းတော်လေးချက်တို့ တွေ့ရပေလိမ့်မည်။

အချုပ်အားဖြင့် ဤမဟာ သီဟနာဒသုတ်မှာ ဗုဒ္ဓနှင့် ဗုဒ္ဓသာသနာ အကြောင်းကို ကောင်းကောင်း မရိပ်မိသေး သူတို့ အတွက် ယုံမှားသံသယ ဖြစ်စရာ မရှိရအောင် အလွန်တရာခန့်ညား ထယ်ဝါ လှသော ဗုဒ္ဓဘုရား၏ ကြုံးဝါးချက် ဒေသနာတော်ပင် ဖြစ်ပေသည်။

မိမိ၏ အားခွန် ဗလကို သိရှိ ယုံကြည်သော ကေသရ ခြင်္သေ့သည် မိမိနေရာ ဂူဝမှထ၍ ရဲရင့်စွာ ဟိန်းဟောက် သကဲ့သို့ ခပ်သိမ်းသိ ဉာဏ်တော်ရှင် ဖြစ်တော်မူသော ဗုဒ္ဓဘုရားသည် လောက၌ သိစရာ ရှိသမျှကို ပိုင်ပိုင်နိုင်နိုင် သိမြင်တော်မူ၍ အထွဋ်အထိပ်သို့ ရောက်တော် မူသည့် အတိုင်း ဤကမ္ဘာ လောကဓာတ်ကြီး၌ ရဲရင့်စွာ ဗုဒ္ဓ ဘုရား တို့၏ ကြုံးဝါးခြင်းမျိုးဖြင့် ကြုံးဝါးတော်မူခဲ့ပေသည်၊ ထို့ကြောင့်ပင် ဤသုတ်ဒေသနာတော်ကို မဟာသီဟနာဒသုတ်ဟု အမည်မှည့်တော် မူခဲ့ကြခြင်း ဖြစ်ပေသည်။

## ၈–မဟာသီဟနာဒသုတ်

သုတ်စဉ် — ၈– မဟာသီဟနာဒသုတ်။

ဟောသည့် အချိန် — နေ့အချိန်။

ဟောရာအရပ် — ဥရုညာပြည်၊ ဥရုညာမြို့ သားသမင်တို့ကို ဘေးမဲ့ပေးရာ ကဏ္ဍကတ္ထလ ခေါ် ကုန်းဆွယ်။

ဟောသည့် ပုဂ္ဂိုလ် — မြတ်စွာဘုရား။

နာယူသည့် ပရိသတ် — အဝတ်မပါသော ကဿပ တက္ကတွန်း။

ဟောခြင်း အကြောင်း — အသက်မွေးခေါင်းပါးသော အကျင့်ပူ အကျင့်ပျက် မှန်သမျှကို ရှုတ်ချတော် မူပါသလောဟု စုံစမ်း လျှောက်ထားခြင်း။

ဟောသည့် တရား — ထိုသို့ မကဲ့ရဲ့ကြောင်းနှင့် ဆရာချင်း၊ တပည့်သာဝကချင်း နှိုင်းယှဉ်သော် မြတ်စွာ ဘုရား ထက်သာလွန်သူ မရှိကြောင်းကို ခြင်္သေ့ဟောက်သကဲ့သို့ ရဲရင့်စွာ မိန့်တော်မူသော ခြင်္သေ့ဟောက် မိန့်ခွန်းတော်များ။

## အဋ္ဌုပ္ပတ္တိ နိဒါန်း

**ခေါင်းပါးသော အကျင့်ပြင်းနှင့်ဗုဒ္ဓ**

အခါတစ်ပါး၌ မြတ်စွာ ဘုရားသည် ဥရုညာပြည်၊ ဥရုညာမြို့ ကဏ္ဍကတ္ထလ ဘေးမဲ့ကုန်း၌ သီတင်း သုံးတော်မူ၏။

ထိုအခါ အဝတ် မဝတ်သော ကဿပ တက္ကတွန်းသည် မြတ်စွာ ဘုရား အထံတော်သို့ ရောက်လာ၍ ဤသို့ မေးလျှောက်၏။

ကဿပ။ ။ အိုအရှင် ဂေါတမ..... အရှင်ဂေါတမသည် အသက်မွေး ခေါင်းပါးသော အကျင့်ပြင်း မှန်သမျှကို ကဲ့ရဲ့၏၊ အကျင့်ပြင်း များကို ကျင့်သော ခေါင်းပါးသော အသက်မွေး ရှိသော ပုဂ္ဂိုလ် မှန် သမျှကို ဆဲရေး စွပ်စွဲသည်ဟု ကြားရပါသည်၊ ထိုသူတို့သည် အရှင် ဂေါတမ၏ ပြောဆို သုံးစွဲရင်း စကားကိုပင် အမှန်အားဖြင့် ပြောဆို

ကြသူများ ဖြစ်ကြပါသလော၊ မြတ်စွာ ဘုရားကို မဟုတ် မှန်သော စကားဖြင့် မစွပ်စွဲသူများ ဖြစ်ကြပါ၏လော၊ တရားမှန်အားလျော်သော စကားကို ပြောဆိုကြသူများ ဖြစ်ကြပါသလော၊ ထိုစကားကို တစ်ဆင့် ပြောကြားသော သီတင်းသုံးဖော်သည် (မမှန်သည်ကို ပြောသူဟု)အကဲ့ရဲ့ ခံသဘောသို့ မရောက်ဘဲ ရှိပါမည်လော၊ ကျွန်ုပ်တို့သည် အမှန်အားဖြင့် အရှင်ဂေါတမကို မကဲ့ရဲ့မစွပ်စွဲလိုကြပါကုန်။

**အဋ္ဌုပ္ပတ္တိ နိဒါန်း ပြီးပြီ။**

---

ဗုဒ္ဓ။ ။ ထိုအခါ မြတ်စွာ ဘုရားသည် ဤသို့ မိန့်တော်မူ၏၊ အို–ကဿပ.....ထိုစကားမျိုးကို ပြောဆိုသောသူတို့သည် ငါဘုရား ပြောဆိုရင်း စကားကို ပြောဆိုကြသူများ မဟုတ်ကြကုန်၊ ငါဘုရားကို မဟုတ်မမှန် ထင်ရှားမရှိသော စကားဖြင့် စွပ်စွဲသူများ ဖြစ်ကြပေသည်။

အို ကဿပ..... ငါဘုရားသည် ဤလောက၌ ခေါင်းပါးသော အသက်မွေးမှု ရှိလျက် အပူတပြင်း ကျင့်ကြံ၍ သေလွန်သော အခါ အပါယ်လေးပါးသို့ လားရောက်ရသူ, နတ်ရွာသုဂတိသို့ လားရောက် ရသူများကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သိမြင်တော်မူသည်၊ ဤသို့လျှင် ဤအပူ တပြင်း ကျင့်ကြံသူတို့၏ လားရာ, စုတေရာ, ပဋိသန္ဓေ တည်နေရာကို သိမြင်တော် မူနေပါလျက် ငါဘုရားသည် အကျင့်ပူ အကျင့်ပြင်း မှန် သမျှကို အဘယ်ကြောင့် ကဲ့ရဲ့တော်မူပါမည်နည်း၊ ခေါင်းပါးသော အသက် မွေးမှုရှိ၍ အပူတပြင်း ကျင့်ကြံသူအားလုံးကို အဘယ်မှာလျှင် စွပ်စွဲ ဆဲရေးတော် မူပါမည်နည်း။

**ပညာရှိများနှင့်ဗုဒ္ဓ**

အို ကဿပ.....သူတပါးတို့၏ အယူဝါဒတို့ကို မိမိပညာအစွမ်းဖြင့် ဖျက်ဆီး သကဲ့သို့ လှည့်လည် သွားလာကြကုန်သော ဝါလဝေဓိ လေးသမားပမာ သူတစ်ပါး တို့အား ဝါဒ တင်တတ်ကုန်သော သိမ်မွေ့နက်နဲသည့် ပညာရှိအချို့တို့ရှိကြ၏။ ထို ပညာရှိတို့နှင့် အချို့သော အရာ တို့၌ ငါဘုရားသည် (အယူဝါဒ) ညီညွတ်တော်မူ၏၊ အချို့အရာတို့၌ကား ညီညွတ်ခြင်းမရှိပေ၊ ထိုပညာရှိ တို့သည် အချို့ကို (ငါးပါးသီလ) ကောင်းမြတ်သည်ဟု ဆိုကြကုန်၏၊

ငါဘုရားတို့သည်လည်း ထိုအရာအချို့ကို ကောင်းမြတ်သည် ဟုပင် မိန့်ဆိုကုန်၏၊ အချို့ကို (အကုသိုလ် ရန်ငါးပါး) မကောင်းမြတ်ဟု ဆိုကြကုန်၏၊ ထိုအရာ အချို့ကို ငါဘုရားတို့ သည်လည်း မကောင်း ဟုပင် မိန့်ဆိုကုန်၏၊ အချို့ကို (မစောင့်စည်းခြင်း အသံဝရ ငါးပါး) ကောင်းသည်ဟု ဆိုကြကုန်၏၊ ထိုအရာ အချို့ကိုကား ငါဘုရား တို့ သည်မကောင်းဟုမိန့်ဆိုကြကုန်၏၊ အချို့ကို (စောင့်စည်းခြင်း သံဝရ) မကောင်းဟု ဆိုကြကုန်၏၊ ထိုအချို့သောအရာကို ငါဘုရားတို့သည် ကောင်းမြတ်သည်ဟု မိန့်ဆိုတော် မူကြကုန်၏၊ (မြတ်စွာ ဘုရားတို့ ကောင်းသည်ဟု ဆိုသော အရာများ၌လည်း ဤနည်းတူပင် လေးချက် လှည့်၍ ဟောတော်မူသည်)။

ငါ ဘုရားသည် ထိုပညာရှိများသို့ ချဉ်းကပ်၍ "အချင်းတို့..... မညီညွတ်သော အရာတို့ကို ထားလိုက်ကြပါဦး၊ ညီညွတ်သော အရာ တို့၌သာ ဆရာချင်းချင်း, တပည့်အချင်းချင်း (နှိုင်းယှဉ်၍) ဤအကုသိုလ် တရားယုတ်တို့ကို အဘယ် ပုဂ္ဂိုလ်သည် အကြွင်းမဲ့ ပယ်စွန့်၍ ကျင့်ကြ ပါသနည်းဟု ပညာရှိတို့ စစ်ဆေး ကြည့်ရှုကြ စေလိုသည်"ဟု မိန့်ဆို ခဲ့သည်။

**အဘယ်ဆရာ–ဘယ်သာဝက အသာဆုံးနည်း**

(က) အို ကဿပ..... ဖြစ်နိုင်သော အကြောင်း ရှိသည်မှာ အကုသိုလ် မကောင်းမှုဟု သဘော တူကြသော တရားများ ရှိရာ ငါဘုရားသည်ပင် ထိုအကုသိုလ် တရားအားလုံးကို အကြွင်း အကျန်မရှိအောင် ပယ်ရှား၍ ကျင့်သလော၊ အခြားဂိုဏ်းဆရာတို့ပင် အကုသိုလ် တရား အားလုံးကို အကြွင်းအကျန် မရှိအောင် ပယ်ရှား၍ ကျင့်သလော,ဟု စိစစ်ဝေဖန်လျှင် အများအားဖြင့် ငါဘုရားကိုသာ ချီးမွမ်းကြလိမ့်မည်။

(ခ) ကုသိုလ်ကောင်းမှုဟု သဘောတူညီကြသော တရား များ လည်း ရှိရာ ထိုကုသိုလ်တရား အားလုံးကို အကြွင်းအကျန် မရှိအောင် ဆောက်တည်၍ ငါဘုရားသည်ပင် ကျင့်သုံးသလော, အခြား ဂိုဏ်း ဆရာတို့သည်ပင် ကျင့်သုံးကြ သလော,ဟု စိစစ် ဝေဖန်လျှင် အများ အားဖြင့် ငါဘုရားကိုသာ ချီးမွမ်းကြပေလိမ့်မည်။

(ဂ) ထို့အတူပင် အကြိုက်ညီသတ်မှတ်ကြသော အကုသိုလ်တရားများကို အကြွင်း အကျန် မရှိအောင် ပယ်ရှား၍ ငါဘုရား၏ တပည့်သာဝကသည်ပင် ကျင့်သုံးသလော, အခြားဂိုဏ်း ဆရာတို့၏ တပည့်သာဝကသည်ပင် ကျင့်သုံးသလော,ဟု စိစစ် ဝေဖန်လျှင် အများအားဖြင့် တပည့်ကို အကြောင်းပြု၍ ငါဘုရားကိုပင် ချီးမွမ်းကြလိမ့်မည်။

(ဃ) အကြိုက်ညီ သတ်မှတ်ကြသော ကုသိုလ်ကောင်းမှု တရားများကို အကြွင်းအကျန် မရှိအောင် ဆောက်တည်၍ ငါဘုရား၏ တပည့်သာဝကသည်ပင် ကျင့်သုံးသလော, အခြားဂိုဏ်း ဆရာတို့၏ တပည့်သာဝကများသည်ပင်ကျင့်သုံးကြသလော,ဟုစိစစ် ဝေဖန်လျှင် တပည့်ကို အကြောင်းပြု၍ အများအားဖြင့် ငါဘုရားကိုသာ ချီးမွမ်းကြလိမ့်မည်။

**ကိုယ်တိုင်ကျင့်လျှင်**
**ကိုယ်တိုင်သိရမည်**

အို ကဿပ....... အကျင့် လမ်းစဉ် (တစ်ခု) ရှိပေသည်၊ ထိုအကျင့် လမ်းစဉ်အတိုင်း ကျင့်ကြံ အားထုတ်သော သူသည် ရဟန်း ဂေါတမ ကားကာလဝါဒီ –ခေတ်ကာလနှင့်ကိုက်ညီသော ဝါဒရှိသူ၊ ဘူတဝါဒီ –မှန်ကန်တိကျသော ဝါဒရှိသူ၊ အတ္ထဝါဒီ– အကျိုးကျေးဇူး ထွန်းကားနိုင်သော ဝါဒရှိသူ၊ ဓမ္မဝါဒီ–တရားလမ်းမှန်ကျသော ဝါဒရှိသူ၊ ဝိနယဝါဒီ– ကိုယ့်, နှုတ်, စိတ်ကို ဆုံးမသော ဝါဒရှိသူဖြစ်သည်ဟု ကိုယ်တိုင်ပင်လျှင် သိမြင်လာလိမ့်မည်။

ထိုအကျင့် လမ်းစဉ်မှာ မြတ်သော မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပေသည်၊ ထိုမဂ္ဂင် ရှစ်ပါးတို့မှာ အမြင်မှန် သမ္မာဒိဋ္ဌိ၊ အကြံမှန် သမ္မာသင်္ကပ္ပ၊ စကားမှန် သမ္မာဝါစာ၊ အလုပ်မှန် သမ္မာကမ္မန္တ၊ အသက်မွေးမှန် သမ္မာအာဇီဝ၊ လုံ့လမှန် သမ္မာဝါယာမ၊ သတိမှန် သမ္မာသတိ၊ တည်ငြိမ်မှုအမှန် သမ္မာသမာဓိ, တို့ ဖြစ်ကြပေသည်။

---

ပြည်နှင့် မြို့။ ။ ရှေးဆရာဆရာတို့သည် မြို့ကို ပြည်ဟု ဘာသာပြန်ဆိုတော်မူ ခဲ့ကြ၏၊ ဥပမာ၊ ရာဇဂြိုဟ်ပြည်၊ ဗာရာဏသီပြည်၊ ကပိလဝတ်ပြည်၊အမှန်မှာ ရာဇဂြိုဟ်မြို့၊ ကပိလဝတ်မြို့၊ ဗာရာဏသီမြို့ ဟု ဆိုလိုသည်၊ နိုင်ငံတော်ကို တိုင်းဟု ဘာသာပြန်ဆိုခဲ့ကြ၏၊ ဥပမာ မာဂဓတိုင်း၊ ကောသလတိုင်း၊ အမှန်မှာ မာဂဓနိုင်ငံတော်၊ ကောသလနိုင်ငံတော်ပင် ဖြစ်၏၊ ထို့ကြောင့် တိုင်းမှာ တိုင်းပြည်နိုင်ငံကို ဆိုလိုသည့်ပြင် ပြည်မှာ မြို့ကို ဆိုသည်ဟု စာဟောင်းတို့၌ မှတ်သားရာသည်။

**တက္ကဟွန်းတို့၏ ခေါင်းပါးသော အကျင့်များ**

ထို အခါ အဝတ် မဝတ်သော ကဿပသည် ဤသို့ဆို၏၊ အို အရှင်ဂေါတမ…ဤဆိုလတ္တံ့သော ကျင့်ကြံအားထုတ်မှုတို့သည်လည်း ထိုရဟန်း ပုဏ္ဏားတို့၏ ရဟန်းကျင့်, ပုဏ္ဏားကျင့်များပင် ဖြစ်ကြပါသည်။

ထိုအကျင့်တို့မှာ.....

အဝတ်မဝတ်ဘဲနေခြင်း၊ ရပ်လျက် ကျင်ကြီး ကျင်ငယ် စွန့်ခြင်း၊ လက်ဖြင့် ကျင်ကြီးကို သုတ်ခြင်း၊ အရှင်..... ကြွပါဟု ဆိုသော် မကြွခြင်း၊ အရှင်.....ရပ်ပါဦး ဆိုသော်လည်း မရပ်ခြင်း၊ လက်ဦးစွာ ဆောင်ယူလှူဒါန်းသည်ကို မခံယူခြင်း၊ ရည်ညွှန်း၍ လှူဒါန်းသည်ကို မခံယူခြင်း၊ ပင့်ဖိတ်ခြင်းကို လက်မခံခြင်း၊ အိုးမှ ခူး၍ လှူသည်ကို မခံယူခြင်း၊ ဆွမ်းတောင်းမှ ခူး၍ လှူသည်ကို မခံယူခြင်း၊ (အကော်အခူး ခံရရာသည် ဟူလို)၊တံခါး, ခုံ, တုက်, ကျည်ပွေ့တို့ကို ကျော်လျက်လှူလျှင် မခံယူခြင်း၊ (အကျော်ခံရရာသည် ဟူလို)၊ နှစ်ယောက် ထမင်းစားရာမှ တစ်ယောက် ယောက် ထ၍ လှူလျှင် အလှူမခံခြင်း၊ (ထမင်းလုပ် အန္တရာယ် ဖြစ်ကြရသည် ဟူလို)၊ ကိုယ်ဝန်ဆောင်မိန်းမ ထ၍ လှူလျှင် အလှူ မခံခြင်း၊ (ဝမ်းတွင်းရှိ ကလေးဆင်းရဲရသည် ဟူလို)၊ နို့စို့ကလေး ရှိသော မိန်းမ ထ၍ လှူလျှင် မခံယူခြင်း၊ (နို့စို့ကလေး အန္တရာယ် ဖြစ်သည် ဟူလို)၊ ယောကျ်ားနှင့် မွေ့လျော်နေဆဲ မိန်းမ ထ၍ လှူလျှင် အလှူမခံခြင်း၊ (မွေ့လျော်ခြင်းအန္တရာယ် ဖြစ်သည် ဟူလို)၊ အများစု စုပေါင်း၍ လှူလျှင် အလှူမခံခြင်း၊ ခွေးမျှော်နေရာ၌ ခွေးကို မကျွေးဘဲလှူလျှင် အလှူမခံခြင်း၊ ယင်အုံ၍နေသော ဆွမ်းကိုလည်း အလှူမခံခြင်း၊ ငါး, အမဲ, သေ, အရက်, စိမ်ရည် ကိုလည်း အလှူမခံခြင်း၊ (မသောက်ခြင်း) တစ်အိမ်သာ ဆွမ်းခံ၍ တစ်လုပ်သာ စားခြင်း၊ လ၊ ခုနစ်အိမ်သာခံ၍ ခုနစ်လုပ်သာ စားခြင်း၊ ခွက်ငယ် တစ်ခွက်စာ မျှသော ဆွမ်းဖြင့် မျှတခြင်း၊ ခွက်ငယ်နှစ်ခွက်စာ မျှသော ဆွမ်းဖြင့် မျှတ ရောင့်ရဲခြင်း၊တစ်ရက်ခြား စားခြင်း၊ လ၊ တစ်ဆယ့်ငါးရက်မှ တစ်ကြိမ်စားခြင်း။

**အစားအစာများ** ဟင်းရွက်စိမ်းကိုသာ စားခြင်း၊ ဆန်စိမ်း, ကျိတ်စပါးခေါ် မြက်သီးစိမ်း, သားရေနယ် သမား တို့၏ ပြစ်ထားသော သားရေဖတ်ကို စားခြင်း၊ ရေမှော် ကိုသာ စားခြင်း၊ ဆန်ကွဲ ကိုသာ စားခြင်း၊ စွန့်ပစ် ထားသော ထမင်းချိုးကို စားခြင်း၊ နှမ်းဖတ်ကို စားခြင်း၊ နှမ်းကို စားခြင်း၊ မြက်ကို စားခြင်း၊ နွားချေးကို စားခြင်း၊ တောသစ်မြစ် သစ်သီးကို စားခြင်း။

**အဝတ်အရုံများ** ပိုက်ဆံချည် (သျှမ်ချည်) အဝတ်ကို ဝတ်ခြင်း၊ ချည်အမျိုးမျိုး ရောသော အဝတ်ကို ဝတ်ခြင်း၊ လူသေ လွှမ်းသော အဝတ် တို့ကို ဝတ်ခြင်း၊ မြေ၌ ပစ်ထားသော ပံ့သကူ အဝတ်တို့ကို ဝတ်ခြင်း၊ လျှော်တေ (လျှော်အဝတ်)ကို ဝတ်ခြင်း၊ သစ်နက်ရေ (သမင်ရေ)ကို ဝတ်ခြင်း၊ သစ်နက်ရေ (သမင်ရေ) ပိုင်းကို ဝတ်ခြင်း၊ သမန်းမြက် အဝတ်ကို ဝတ်ခြင်း၊ မြက်ဖြင့်ရက်သော အဝတ်ကို ဝတ်ခြင်း၊ ပျဉ်ချပ် အဝတ်ကို ဝတ်ခြင်း၊ လူဆံပင်ဖြင့် ရက်သော ကမ္ဗလာကို ဝတ်ခြင်း၊ မြင်းမြီးကမ္ဗလာကို ဝတ်ခြင်း၊ ခင်ပုပ် (ဇီးကွက်) ငှက်တောင် အဝတ်ကို ဝတ်ခြင်း၊ ဆံပင်, မုတ်ဆိတ်ကို နှုတ်၍သာ ပစ်ခြင်း၊ (မရိတ်ရ) ဖနောင့် ဖြင့်သာ ရပ်၍ နေခြင်း၊ ဆောင့်ကြောင့် ထိုင်၍သာ သွားလာ နေထိုင်ခြင်း၊ ဆူးပေါ်၌ သားရေနယ် ခင်း၍ သွားလာ နေထိုင်ခြင်း၊ ပျဉ်ချပ်၌ အိပ်ခြင်း၊ မြေကမူ၌ အိပ်ခြင်း၊ နံပါးတစ်ဘက်ဖြင့်သာ အိပ်ခြင်း၊ မြူမှုန့်ဖုံအညစ် အကြေးကို ဆောင်ခြင်း၊ အမိုး အကာ မရှိသော လဟာပြင်၌ နေခြင်း၊ ဒကာတို့ လှူစဉ်က ခင်းခဲ့သည့် အတိုင်းသာ မရွှေ့မပြောင်းဘဲ အခင်းပေါ်၌ နေခြင်း၊ ကျင်ကြီး (မစင်)ကို စားခြင်း၊ ရေအေးကို မသောက်ခြင်း၊ တစ်နေ့ သုံးကြိမ် ရေသို့ ဆင်း၍ မကောင်းမှု မျှောခြင်း၊ ဤအကျင့် တို့လည်း ရဟန်း, ပုဏ္ဏားတို့၏ ရဟန်းကျင့်, ပုဏ္ဏားကျင့်များ ဖြစ်ကြပါသည်။

**ရဟန်းတရားအမှန်များ**

ထိုအခါ မြတ်စွာ ဘုရား သည် ဤသို မိန့်တော် မူ၏၊ အို ကဿပ.... ဤ အကျင့်များကို ကျင့်ကာမျှဖြင့် သီလ၏ ပြည့်စုံမှု, တည်ငြိမ်သော သမာဓိစိတ်၏ ပြည့်စုံမှု, ဝိပဿနာ– မဂ်– ဖိုလ် ပညာတို့၏ ပြည့်စုံမှုများကို ပွားများအားထုတ်ခြင်း မဖြစ်နိုင်ပေ၊ ထိုသီလ, စိတ်, ပညာ တို့ကို မျက်မှောက် မပြုနိုင်ပေ၊ စင်စစ်သော်ကား ရဟန်း တရားမှ အလှမ်းဝေးလှသေးပေသည်။

အို ကဿပ....တစ်ပါးပါးသောရဟန်းသည် အမျက်ထွက်ခြင်း (ဒေါသ), စိတ်မချမ်းသာခြင်း (ဒေါမနဿ) တို့ မရှိသော မေတ္တာ စိတ်ကို ပွားများ၏၊ အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့် အာသဝ မရှိသော, စိတ်၏ ကိလေသာတို့မှ လွတ်ရာ (စေတောဝိမုတ္တိ), ပညာဖြင့် ကိလေသာတို့မှ လွတ်ရာ (ပညာဝိမုတ္တိ), အရဟတ္တဖိုလ်ကို မျက်မှောက် ဘဝမှာပင် ကိုယ်တိုင်သိမြင်, မျက်မှောက်ပြု၍ နေထိုင်၏၊ ထိုရဟန်းမျိုး ကိုသာ သမဏ (ရဟန်းစစ်) ဗြာဟ္မဏ (ပုဏ္ဏားစစ်) ဟု ခေါ်ဆိုအပ် ပေသည်။

ကဿပ။ ။အိုအရှင် ဂေါတမ.... သမဏတရား, ဗြာဟ္မဏတရား မှာ ခဲယဉ်းလှ ပါတကား။

ဗုဒ္ဓ။ ။အို ကဿပ...လောက၌ သမဏတရား, ဗြာဟ္မဏတရားမှာ ပင်ကိုယ်သဘောအားဖြင့် ခဲယဉ်းခြင်း ဖြစ်ပေသည်၊ အဝတ် မဝတ်ခြင်း စသော အကျင့်ပုံများကို ပြုကျင့်အားထုတ်မှုမျှဖြင့် ခဲယဉ်းခြင်း ဖြစ်ခဲ့ပါမူ သမဏတရား, ဗြာဟ္မဏ တရားမှာ ခဲယဉ်းသည်ဟု မဆိုထိုက်ပေ၊ အကြောင်းမူကား သူကြွယ်ဖြစ်စေ၊ သူကြွယ်သား ဖြစ်စေ၊ အယုတ်ဆုံး အားဖြင့် အိုးထိန်းသည်တို့၏ ကျွန်မပင်ဖြစ်စေ၊ ငါသည် ယခုပင် အဝတ် မဝတ်ဘဲ နေတော့မည် စသည်ဖြင့် ထိုအကျင့်မျိုးကို ပြုကျင့်နိုင်ရာသည်။

အိုကဿပ....သမဏတရား,ဗြာဟ္မဏတရားအကျင့်မှာဤအဝတ် မဝတ်ခြင်းစသော အကျင့်ပုံများကို ပြုကျင့် အားထုတ်မှုနှင့် တခြားစီသာ ဖြစ်၍ ခဲယဉ်းခြင်း ဖြစ်ပေသည်၊ ထို့ကြောင့်ပင် ဤသမဏတရား ဗြာဟ္မဏတရားမှာ အမှန်ခဲယဉ်းသည်ဟု ဆိုထိုက်ခြင်း ဖြစ်ပေသည်။

ကဿပ။ ။ အိုအရှင်ဂေါတမ.... သမဏ ဗြာဟ္မဏ (ရဟန်းပုဏ္ဏား စစ်)မှာ အသိခက်လှပါတကား။

ဗုဒ္ဓ။ ။ အိုကဿပ.... လောက၌ သမဏ ဗြာဟ္မဏမှာ ပင်ကိုယ်သဘောအားဖြင့် အသိခက်ခြင်း ဖြစ်ပေသည်၊ အဝတ်မဝတ်ခြင်း စသောအကျင့်ပူများကို ပြုကျင့် အားထုတ်မှုမှုဖြင့် အသိခက်ခြင်း ဖြစ်ခဲ့ပါမူ သမဏ, ဗြာဟ္မဏမှာ အမှန် အသိခက်သည်ဟု မဆိုထိုက်ပေ၊ အကြောင်းမူကား သူကြွယ်ဖြစ်စေ၊ သူကြွယ်၏သားဖြစ်စေ၊ အယုတ်ဆုံး အားဖြင့် အိုထိန်းသည်တို့၏ ကျွန်မပင်ဖြစ်စေ၊ ဤသူသည် အဝတ်မဝတ်ဘဲ နေသည်စသည်ဖြင့် သိရှိနိုင်ရာသည်။

အို ကဿပ...သမဏ ဗြာဟ္မဏ ဖြစ်မှုမှာ ဤအဝတ် မဝတ်ခြင်း စသော အကျင့်ပူများကို ပြုကျင့်အားထုတ်မှုဖြင့် တခြားစီသာ ဖြစ်၍ အသိခက်ခြင်း ဖြစ်ပေသည်၊ ထို့ကြောင့်ပင် ဤသမဏ, ဗြာဟ္မဏမှာ အမှန် အသိခက်သည်ဟု ဆိုထိုက်ခြင်း ဖြစ်ပေသည်။

ကဿပ။ ။ အိုအရှင် ဂေါတမ.....

**သီလ သမာဓိ ပညာ ၃-ပါး** သီလသမ္ပဒါ– သီလနှင့် ပြည့်စုံခြင်း, စိတ္တသမ္ပဒါ, သမာဓိစိတ်နှင့် ပြည့်စုံခြင်း ပညာသမ္ပဒါ– ပညာနှင့် ပြည့်စုံခြင်း တို့မှာ အဘယ်အရာတို့ ဖြစ်ကြပါသနည်း။

ဗုဒ္ဓ။ ။ အို ကဿပ.... အခြေခံ သီလ သုံးပါး, ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသော တံခါး ရှိခြင်း, မှတ်ခြင်း– သိခြင်း, ရောင့်ရဲလွယ်ခြင်းများနှင့် ပြည့်စုံခြင်းသည် သီလသမ္ပဒါ ခေါ် သီလနှင့် ပြည့်စုံခြင်း ဖြစ်ပေသည်၊ (ဗြဟ္မဇာလသုတ်ကြည့်) ဤသို့ သီလနှင့် ပြည့်စုံ၍ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် တို့ကို ရရှိပြည့်စုံ စေခြင်းသည် စိတ္တသမ္ပဒါခေါ် သမာဓိစိတ်နှင့် ပြည့်စုံခြင်း ဖြစ်ပေသည်၊ ဤသို့ ဈာန် သမာပတ်များကို ရရှိပြီးနောက် ဝိပဿနာဉာဏ်အမြင် စသော ဉာဏ်ဆယ်ပါးတို့နှင့် ပြည့်စုံခြင်းသည် ပညာသမ္ပဒါ ခေါ် ပညာနှင့် ပြည့်စုံခြင်းပင် ဖြစ်ပေသည်၊ ဤသီလ, သမာဓိ စိတ်, ပညာတို့ထက် သာလွန်မွန်မြတ်သော သီလ, သမာဓိ စိတ်, ပညာ ဟူ၍ မရှိပြီ၊ (သာမညဖလသုတ်ကြည့်)။

## သီဟနာဒခြင်္သေ့ဟောက် ကြုံးဝါးသံ

ပုဒ္ဓ။ ။အို ကဿပ...သီလဝါဒ ရှိကြကုန်သော ရဟန်းပုဏ္ဏားအချို့တို့သည် သီလ၏ ဂုဏ်ကျေးဇူးတော်ကို များစွာသော အကြောင်းတို့ဖြင့် ပြောဆို ချီးမွမ်းကြကုန်၏၊ သီလပေါင်းတွင် ဖြူစင်မြင့်မြတ်ဆုံးဖြစ်သော (လောကုတ္တရာ) သီလ အရာ၌ ငါဘုရားနှင့် တူသော သူကို မြင်တော် မမူ၊ သာလွန်သော သူကား အဘယ်မှာ ရှိနိုင်အံ့နည်း။

**သီလ**

အို ကဿပ...တပေါဇိဂုစ္ဆဝါဒ ရှိကြကုန်သော ရဟန်း* ရဟန်းပုဏ္ဏားအချို့တို့သည် ကိလေသာကို အပူတိုက်၍ စက်ဆုပ်သောအကျင့်၏ ဂုဏ်ကျေးဇူးကို များစွာသော အကြောင်းတို့ဖြင့် ပြောဆို ချီးမွမ်းကြကုန်၏၊ ကိလေသာကို အပူတိုက်၍ စက်ဆုပ်သော ထိုအကျင့်တရား အပေါင်းတွင် ဖြူစင်မြင့်မြတ်ဆုံးဖြစ်သော (မဂ်ဖိုလ်နှင့်ယှဉ်သော) အကျင့် အရာ၌ ငါဘုရားနှင့် တူသောသူကို မြင်တော်မမူ၊ သာလွန်သောသူကား အဘယ်မှာ ရှိနိုင်အံ့နည်း။

**တပ**

အို ကဿပ....ပညာဝါဒ ရှိကြကုန်သောရဟန်း ပုဏ္ဏား အချို့တို့သည် (ကမ္မဿကတာ ပညာ, ဝိပဿနာ ပညာ ဟူသော) ပညာ၏ ဂုဏ်ကျေးဇူးကို များစွာသော အကြောင်းတို့ဖြင့် ပြောဆို ချီးမွမ်း ကြကုန်၏၊ ထိုပညာ အပေါင်းတွင် ဖြူစင်မြင့်မြတ်ဆုံး ဖြစ်သော (မဂ်ဖိုလ်နှင့်ယှဉ်သော) ပညာ အရာ၌ ငါ ဘုရားနှင့် တူသော သူကို မြင်တော် မမူ၊ သာလွန်သော သူကား အဘယ်မှာ ရှိနိုင်အံ့နည်း။

**ပညာ**

---

* **တပေါ ဇိဂုစ္ဆဝါဒ** ။ ။ ကိလေသာ ဖြစ်ပွားမှုကို စက်ဆုပ်သဖြင့် ပြင်းထန်စွာ ကျင့်ကြံခြင်းသည တပေါ ဇိဂုစ္ဆဝါဒပင် ဖြစ်၏၊ ထိုအကျင့်မျိုးမှာ ပါဠိ၌ လာသော အဝတ်မဝတ်ခြင်း စသည်တို့ပင်တည်း။

**ဝိမုတ္တိ**

အိုကဿပ.... ဝိမုတ္တိဝါဒ ရှိကြကုန်သော ရဟန်း, ပုဏ္ဏား အချို့တို့သည် ကိလေသာတို့မှ လွတ်မြောက်ခြင်း၏ ဂုဏ်ကျေးဇူးကိုများစွာသော အကြောင်းတို့ဖြင့် ပြောဆို ချီးမွမ်းကြကုန်၏၊ ထိုကိလေသာမှ လွတ်မြောက်ခြင်း တို့တွင် ဖြူစင် မြင့်မြတ်ဆုံး ဖြစ်သော (သမုစ္ဆေဒ ဝိမုတ္တိ, ပဋိပဿဒ္ဓိဝိမုတ္တိ, နိဿရဏ ဝိမုတ္တိ ဟူသော မဂ်, ဖိုလ်ဖြင့်) ကိလေသာမှ လွတ်မြောက်ရာ၌ ငါဘုရားနှင့် တူသော သူကို မြင်တော် မမူ၊ သာလွန်သော သူကား အဘယ်မှာ ရှိနိုင်အံ့နည်း။*

**သီဟနာဒလေးခွန်းပြီးပြီ။**

**ဤသို့ကြေညာလော**

အို ကဿပ....ဖြစ်နိုင်စရာ အကြောင်းရှိသည်မှာ – တစ်ပါးသော တိတ္ထိပရိဗိုဇ် တို့သည် "ရဟန်း ဂေါတမကား ခြင်္သေ့ဟောက် ကြုံးဝါးသံကိုမူ ကြုံးဝါးပြောဆို၏၊ သို့ရာတွင် ထိုကြုံးဝါးသံကို ဆိတ်ငြိမ်ရာ အရပ်၌သာ ကြုံးဝါးသည်၊ ပရိသတ်တို့၌ ကြုံးဝါးသည် မဟုတ်ဟု ပြောဆိုကြမည့် အကြောင်းရှိပေသည်၊ ထို့ပြင် ပရိသတ်၌ ကြုံးဝါးသော်လည်း ရဲရဲရင့်ရင့် ကြုံးဝါးသည် မဟုတ်၊ ပရိသတ်၌ ရဲရဲရင့်ရင့် ကြုံးပါး သော်လည်း ထိုရဟန်း ဂေါတမကို (မည်သူမျှ) ပြဿနာ မမေးလာကြ၊ ပြဿနာ မေးလာကြ သော်လည်း မဖြေဆိုနိုင်၊ ဖြေဆိုနိုင်သော်လည်း နှစ်သက်ကျေနပ်မှု မရှိကြ၊ ကျေနပ်မှု ရှိသော်လည်း (နောက်ထပ်) နားထောင် လိုစိတ် မရှိကြ၊ နားထောင် လိုစိတ် ရှိကြသော်လည်း နားထောင်ပြီးလျှင် မကြည်ညိုကြ၊ ကြည်ညိုကြသော်လည်း ကြည်ညိုသော အခြင်းအရာ (အပြုအမူ)ကို မပြုကြ၊ ပြုကြသော်လည်း ဟောသည့် တရားအတိုင်း မကျင့်ကြ၊ ကျင့်ကြသော်

* **သီဟနာဒ= ခြင်္သေ့ဟောက် ကြုံးဝါးသံ။** ။ ခြင်္သေ့ကဲ့သို့ ရဲရင့်စွာ ကြုံးဝါးတော်မူခြင်းကို ခြင်္သေ့ဟောက် ကြုံးဝါးသံဟု ခေါ်ဝေါ်သည်၊ အဋ္ဌကထာ၌ သီဟနာဒ လေးခွန်း, ကြော်ငြာပုံ ဆယ်မျိုးတို့နှင့် တကွ ရှေ့စကားစုပါ ပေါင်း၍ သီဟနာဒ ၁၁၀–ရသည်ဟု ဖွင့်သည်။

လည်း ကျင့်၍ တရားထူး မရကြဟု ပြောဆိုစရာ အကြောင်း ရှိပေသည်။ အိုကဿပ.... ထိုတိတ္ထိပရိဗိုဇ်တို့ကို ဤသို့ ပြောဆိုရာသည်၊ ရဟန်း ဂေါတမသည် ခြင်္သေ့ဟောက် ကြုံးဝါးသံကို မြွက်ဆိုကြုံးဝါး၏၊ ထိုသို့ ကြုံးဝါးသည်မှာ ပရိသတ်တို့၌ ကြုံးဝါးသည်၊ ရဲရဲရင့်ရင့် ကြုံးဝါးသည်၊ ပြဿနာလည်း မေးလာကြသည်၊ မေးသူတို့ အားလည်း ဖြေကြားနိုင် သည်၊ ဖြေကြားခြင်းဖြင့်လည်း နှစ်သက် ကျေနပ်စေသည်၊ နာယူလိုစိတ် လည်း ရှိကြသည်၊ တရားကို နာယူရန်လည်း ကြည်ညို ကြသည်၊ ကြည်ညိုသောအပြုအမူကိုလည်း ပြုကြသည်၊ ဟောသည့် တရားအတိုင်း အမှန်ကို သိရန်လည်း ကျင့်ကြံကြသည်၊ ကျင့်ကြံသော သူတို့လည်း တရားထူးကို ရကြသည်၊(ကျေနပ်မှု ရှိကြသည်)ဟု ပြောဆိုရာသည်။

အို ကဿပ........ငါ ဘုရားသည် ဂိဇ္ဈကုဋ်တောင် (ရာဇဂြိုဟ် တိုင်းပြည်)၌ နေစဉ် ကိလေသာ မဖြစ်အောင် ကျင့်လေ့ရှိသော နိဂြောဓ ပရိဗိုဇ်သည် ကိလေသာကို စက်ဆုပ်၍ အပြင်းအထန် ကျင့်သော အကျင့်မျိုး၌ ပြဿနာကို မေးဖူး၏၊ သူ၏အမေးပြဿနာကို ဖြေဆိုသော အခါ အတိုင်းထက် အလွန် နှစ်သက် ဝမ်းမြောက်ခဲ့ပေသည်။

**ကဿပတက္ကထွန်း ရဟန်းပြုရန် ခွင့်တောင်းခြင်း**

ကဿပ။ ။ အရှင်ဘုရား.... ဘုန်း တော် ကြီးမားသော မြတ်စွာ ဘုရား ၏ တရားတော်ကို ကြားနာရလျှင် အဘယ်သူသည် အတိုင်းထက် အလွန် မနှစ်သက်ဘဲ ရှိပါအံ့နည်း၊ အရှင်ဘုရား....အကျွန်ုပ်လည်း အတိုင်းထက် အလွန်ပင် နှစ်သက်လှပါ သည်။

အရှင်ဘုရား .... အလွန်နှစ်သက်ဖွယ်ရှိလှပါသည်၊ အရှင်ဘုရား အလွန် နှစ်သက်ဖွယ် ရှိလှပါသည်၊ ဥပမာအားဖြင့် မှောက်ထားသော အရာကို လှန်၍ ပြသကဲ့သို့ ဖုံးလွှမ်း နေသော အရာကို ဖွင့်လှစ်၍ ပြသကဲ့သို့၊ မျက်စိလည် လမ်းမှားသော သူအား ခရီးလမ်းကို ညွှန် ကြားသကဲ့သို့ မျက်စိ အမြင် ရှိသူသည် ရူပါရုံ တို့ကို မြင်လိမ့်မည် ဟူသော သဘောဖြင့် အမိုက် အမှောင်ထု၌ ဆီမီးတန်ဆောင်ကို ညှိထွန်း သကဲ့သို့ များလှသော အကြောင်းဖြင့် တရားကို ဟောကြားပြသတော် မူပါပေသည်။

အကျွန်ုပ်သည် ရတနာသုံးပါးကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်သိမှတ်ပါသည်။ အရှင်ဘုရား ....အရှင်ဘုရား ၏ အထံတော်မှာ ရဟန်းပြုခွင့် ပေးတော်မူစေလိုပါသည်။

ဗုဒ္ဓ။ ။ အိုကဿပ.... သာသနာတော်မှ အပ တိတ္ထိ ဖြစ်ဖူးသောသူသည်၊ ရှင်၊ ရဟန်း၊ ပြုလိုလျှင် လေးလ ပရိဝါသ် နေရမြဲ ဖြစ်သည်၊* လေးလလွန်မှ ရဟန်းတော်တို့ စိတ်ကျေနပ်ခြင်းရှိခဲ့လျှင် ရှင်၊ ရဟန်းပြုပေးကြသည်၊ သို့ရာတွင် ပရိဝါသ်နေသင့်၊ မနေသင့်သော သူများကို ငါဘုရားက သိရှိတော်မူသည်။

ကဿပ။ ။ အရှင်ဘုရား.... မိန့်တော်မူတိုင်း ဖြစ်ပါလျှင် လေးလသာမက လေးနှစ်ပင် ပရိဝါသ် နေပါမည်၊ လေးနှစ် လွန်မှသာ ရှင်၊ ရဟန်းပြုကြပါစေကုန်။

ဤသို့ ကဿပ တက္ကတွန်း လျှောက်ထားသောအခါ အလွန်ထက်သန်သော အာသာဆန္ဒ ရှိသည်ကို သိမြင်တော် မူသဖြင့် (ပရိဝါသ် မနေစေဘဲ) ချက်ချင်းပင် ကဿပအား ရဟန်းပြုခွင့် ပေးတော်မူ၏၊ ရဟန်းဖြစ်ပြီးသောအခါ အရှင်ကဿပသည် တစ်ပါးတည်း ဆိတ်ငြိမ်ရာ၌ နေထိုင်တော်မူ၍ ရဟန်းတရားကို အားထုတ်သဖြင့် မကြာမီပင် ရဟန္တာ အဖြစ်သို့ ရောက်တော် မူလေသတည်း။

---

* **ပရိဝါသ်= ပရိဝါသ်မှာ။** ။ ပါဠိပျက်စကားဖြစ်သည်၊ သီးခြားကျင့်သုံးနေထိုင်ခြင်းဟု အဓိပ္ပာယ်ရှိ၏၊ ဤပရိဝါသ်ကို တိတ္ထိယ ပရိဝါသ် ခေါ်ရသည်၊ ကျင့်ဝတ်ရှစ်ပါးကို စောင့်ထိန်းပြီး လေးလနေရ၏၊ စိတ်ချရအောင် ကျင့်ဝတ်ပေး၍ အကဲစမ်းထားခြင်းပင် ဖြစ်သည်။

**မဟာသီဟနာဒသုတ် ပြီး၏။**

# ပေါဋ္ဌပါဒသုတ်

## ပေါဋ္ဌပါဒသုတ်အမှာ

ပေါဋ္ဌပါဒသုတ် ဆိုသည်မှာ ပေါဋ္ဌပါဒ ပရိဗိုဇ်အား ဖြေရှင်း ဟောကြားတော်မူသောသုတ် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ဤသုတ်ကို ပထမအကြိမ် ပေါဋ္ဌပါဒ၏ နေရာ သာဝတ္ထိမြို့တော် တည်ပင်စဉ် ကျောင်း၌ ဟောကြားတော်မူခဲ့၍ ဒုတိယ အကြိမ် ဇေတဝန်ကျောင်းတော်၌ ဆက်လက်ဟောကြားတော်မူခဲ့ ပြန်လေ သည်၊ ဤသို့ နှစ်ကြိမ်ဟောသော တရားများကိုပင် အကြောင်းအကျိုး ဆက်စပ်လျက်ရှိသောကြောင့် တစ်သုတ်တည်း သံဂါယနာ တင်တော်မူ ခဲ့ကြပေသည်။

ဤသုတ်ကို ပထမ ဟောကြားခဲ့ရာတည်ပင်စဉ်ပရိဗိုဇ် ကျောင်းမှာ (တိန္ဒုကာစိရ) ကောသလမင်းကြီး၏ မိဖုရား မလ္လိကာ ဒေဝီ၏ ကောင်းမှု ဖြစ်ပေသည်၊ ဤအချက်မှာ ကောသလမင်းကြီးနှင့် မလ္လိကာ မိဖုရားတို့သည် ဗုဒ္ဓဂေါတမကို မကိုးကွယ်မီအမျိုးမျိုးသော ပရိဗိုဇ် ရဟန်းတို့ကို ကိုးကွယ် ခဲ့ကြောင်းနှင့် ထိုသို့ဘုရင်၏ အကိုးကွယ်ခံရအောင်ပင် ပရိဗိုဇ်ရဟန်းတို့ တန်ခိုး ကြီးနေကြကြောင်းကို ဖော်ပြလေသည်၊ ထို့ပြင် ဤအချက်နှင့် ပတ်သက်၍ ကောသလမင်းနှင့် မလ္လိကာဒေဝီတို့သည် ဗုဒ္ဓဝါဒီများ ဖြစ်လာ ကြသည့် တိုင်အောင် ဗုဒ္ဓနှင့်ဆန့်ကျင်ဘက် တိတ္ထိ ပရိဗိုဇ်တို့အား တစ်စုံ တစ်ရာ နှောင့်ယှက် ချုပ်ချယ်ခြင်း မရှိသဖြင့် အဝိရောဓနခေါ် ယှုထုနှင့် မဆန့်ကျင်မှု မင်းကျင့်တရား, သို့မဟုတ် လွတ်လပ်စွာ ပြောဆိုယူဆကိုးကွယ် ပြုကျင့်နိုင်ခွင့် ဒီမိုကရေစီအခွင့်အရေးကို လူထုအား ပေးအပ်ထားခဲ့ကြောင်းကို လည်းဖော်ပြပြီး ဖြစ်ပေသည်။

ဗုဒ္ဓ ဘုရားသည် ဗုဒ္ဓခေတ်၌ စိတ်, စေတသိက်ခေါ် နာမ်တရားစုနှင့် ထိုနာမ်တရားစုကြောင့် ဖြစ်သော အသံစသော စိတ်ဖြစ် ရုပ်များချုပ်ပျောက် နေထိုင်မှု နိရောဓ သမာပတ်ကို အကြောင်းအားလျော်စွာ ဟောကြားတော် မူခဲ့လေသည်၊ ထိုနိရောဓ သမာပတ်မှာ အနာဂါမ်နှင့် ရဟန္တာ ပုဂ္ဂိုလ်များသာ ဝင်စားနိုင်ကြပေသည်၊ အဆင့်အတန်း အမြင့်ဆုံးသော သမာပတ်မျိုး ဖြစ်သည် သာမက နိဗ္ဗာန် ချမ်းသာကို ယခုဘဝမှာပင် အချိန် ကန့်သတ်၍ လက်တွေ့ခံစားမှုပင် ဖြစ်ပေသည်၊ ထိုသို့ဝင်စားနေထိုင်သောအခါ သွားလာ လှုပ်ရှား စားသောက်ခြင်း စသည် လုံးဝ မရှိတော့ဘဲ မူလ အမိဋ္ဌာန်

ထားသော အနေဖြင့်သာ အမိဋ္ဌာန်ရက် အတွင်း၌ အသက်မရှိ သကဲ့သို့ တည်နေလေသည်။ ထို့ကြောင့်ပင် အစားအစာကို စားသောက်ရသော ကာမဘုံသား တို့မှာ အစာ မစားသောက်ဘဲ နေနိုင်သည့် ခုနစ်ရက် အတွင်းသာ ထိုသမာပတ်ကို ဝင်စားနိုင်၍ ဗြဟ္မာတို့မှာကား အစားအစာ မစားသောက်ရသောကြောင့် လိုသမျှပင် ဝင်စားနေထိုင်နိုင်ကြပေသည်၊ ဤသို့ ဝင်စားနေထိုင်မှုမှာ ကိလေသာ သာမက အခြား စိတ်စေတသိက် များပါ ချုပ်ပျောက်၍ နေသဖြင့် အလွန် မြင့်မြတ်စင်ကြယ်သည် ဖြစ်ရာ ထိုနိရောဓသမာပတ်မှ ထကာစ ဖြစ်သော ပုဂ္ဂိုလ်အား လှူဒါန်းရလျှင် ဒိဋ္ဌဓမ္မ အကျိုးပေးလေတော့သည်၊ ဤသို့ လက်ငင်း အကျိုးခံစားရသူ တို့၏ အတ္ထုပ္ပတ္တိများမှာ ဗုဒ္ဓဝါဒီတိုင်း ကြားဖူးကြပေလိမ့်မည်။

နောက်အခါ၌ ဗုဒ္ဓ၏ လေသံကို ဖမ်း၍ ပရိဗိုဇ်တို့ ကလည်း ဤနိရောဓ သမာပတ် အကြောင်းကို ကြံစည် ပြောဆိုလာကြလေသည်၊ ပရိဗိုဇ်တို့ကား နိရောဓ သမာပတ် အမှန်သို့ မရောက်တော့ဘဲ စိတ်သညာ ချုပ်ဆုံးမှု သဘောတွင်သာ တင်၍နေကြရာ သူတို့၏ စကားကို အဘိသညာ နိရောဓ ကထာဟု ခေါ်ဆို သုံးစွဲကြလေသည်၊ အဓိပ္ပာယ်ကား စိတ်သညာ ချုပ်ပျောက်မှု ပြဿနာ ဟု ဆိုလိုပေသည်။

ဗုဒ္ဓဘုရားသည် ပေါဋ္ဌပါဒ၏ စိတ်သညာချုပ်ပျောက်မှု ပြဿနာကို သင်လျော်ရုံ ဝတ်ကျေ တန်းကျေ သဘောဖြင့် မဟုတ်ဘဲ အမှန်ကို သိစေတော်မူလိုသည့် သဘောဖြင့် ကာမသညာ ချုပ်ပျောက်၍ ပထမဈာန် သညာ ဖြစ်ပေါ်ပုံ စသည်ဖြင့် သမာပတ် အဆင့်ဆင့် တက်၍တက်၍ အမြင့်ဆုံး နိရောဓ သမာပတ် အရောက် ပို့ဆောင် ဟောကြားတော် မူခဲ့လေသည်။

ဤသုတ်ကို အားလုံးခြုံ၍ ကြည့်လျှင် –

၁။ အဘိသညာ နိရောဓ ပြဿနာ အဖြေ၊

၂။ ဗုဒ္ဓဘုရား မဟောကြားလိုသည့် တရားမျိုး၊

၃။ ဟောကြားတော်မူသော တရားမျိုး၊

၄။ ဗုဒ္ဓ၏ ရည်ရွယ်တော်မူချက်၊

၅။ အလှဘုရင် ဥပမာ၊

၆။ ပြာသာဒ်လှေကား ဥပမာ တို့ကို စုံစုံလင်လင် တွေ့မြင်နိုင်ကြ သည်ဖြစ်ရာ အဖိုး မဖြတ်နိုင်သော အသိဉာဏ်မျိုး ပေးအပ် နေသော ဒေသနာတော် ဖြစ်သည်ဟု ဆိုထိုက်ပါပေသည်။

# ၉ - ပေါဋ္ဌပါဒသုတ်

| | | |
|---|---|---|
| သုတ်စဉ် | — | ၉ -ပေါဋ္ဌပါဒသုတ်။ |
| ဟောသည့်အချိန် | — | နံနက်စောစောတစ်ကြိမ်၊ နေ့ခင်း တစ်ကြိမ်။ |
| ဟောရာအရပ် | — | ပထမတည်ပင်စဉ်ကျောင်း၊ ဒုတိယဇေတဝန်ကျောင်းတော်။ |
| ဟောသည့်ပုဂ္ဂိုလ် | — | မြတ်စွာဘုရား။ |
| နာယူသည့် ပရိသတ် | — | ပေါဋ္ဌပါဒ ပရိဗိုဇ်နှင့် အခြွေအရံများ၊ စိတ္တလှုထွက်။ |
| ဟောခြင်း အကြောင်း | — | ပေါဋ္ဌပါဒ ပရိဗိုဇ် နိရောဓ ကထာ မေးလျှောက်ခြင်း။ |
| ဟောသည့်တရား | — | စိတ်တို့အဆင့်ဆင့် ချုပ်ငြိမ်းလွန်မြောက်ပုံ နိရောဓကထာ၊ အတ္တနှင့် ပတ်သက်သော ပြဿနာ အဖြေ အတ္တသည် သေပြီးနောက် သုခဘုံမှာ အမြဲတည်သည် ဟူသော ဝါဒ၏ အမှားခန္ဓာကိုယ် သုံးမျိုး။ |

## အတ္ထုပ္ပတ္တိနိဒါန်း

အခါတစ်ပါး၌ မြတ်စွာ ဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏၊ ထို အချိန်မှာပင် ပေါဋ္ဌပါဒ ပရိဗိုဇ် သည်လည်း တပည့် သုံးထောင်နှင့်အတူ မလ္လိကာ မိဖုရား၏ ဥယျာဉ် တွင်းရှိ တိတ္ထိတို့ ဝါဒဖြန့်ရာတည်ပင်စဉ်ကျောင်း၌ နေထိုင်လျက် ရှိ၏။

**မြတ်စွာဘုရား ပရိဗိုဇ် ကျောင်းသို့ ကြွခြင်း**

မြတ်စွာဘုရားသည် တစ်နေ့ သောအခါ သာဝတ္ထိပြည်သို့ ဆွမ်းခံကြွတော်မူရာ အချိန်စောသေး သဖြင့် ပေါဋ္ဌပါဒတို့ နေရာ ပရိဗိုဇ် ကျောင်းသို့ ခေတ္တ ဝင်ရောက်တော်မူခဲ့၏၊ ထိုအခါ ပေါဋ္ဌပါဒသည် မင်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သော စကားများကို ပြောဆိုနေကြသည့် တပည့်တို့ကို ဆိတ်ဆိတ်နေစေ ပြီးလျှင် မြတ်စွာဘုရားအား ဤသို့ ဆီးကြိုနှုတ်ဆက်၏။

ပေါဋ္ဌပါဒ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား..... ကြွတော်မူပါ အရှင်ဘုရား၊ ကြွလာတော်မူသဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိလှပါသည်၊ အရှင်ဘုရားသည် ကြာမြင့်မှပင် ဤအရပ်သို့ ကြွလာတော်မူရန် အလှည့်ပေးတော့သည်၊ ဤခင်းထားသော နေရာမှာ ထိုင်တော်မူပါ။ *

မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူသော အခါ ပေါဋ္ဌပါဒလည်း သင့်လျော်ရာ နိမ့်သော နေရာ၌ ထိုင်၏။

ဗုဒ္ဓ။ ။ အို ပေါဋ္ဌပါဒ...အဘယ်စကားကို ပြောဆိုနေကြသနည်း။

ပေါဋ္ဌ။ ။ အရှင်ဘုရား....အကျွန်ုပ်တို့ ပြောသောစကားကို ထားလိုက်ပါဦး၊ ထိုစကားမှာ ရခဲသော စကားဆန်း မဟုတ်ပါ၊ ဘယ်အခါမဆို ကြားရလွယ်ပါသည်၊ အရှင်ဘုရား ကြွတော်မူလာခိုက် အဖိုးတန်သော စကားကို လျှောက်ထားပါရစေ ဟု စကားချီကာ ဤသို့ ဆက်လက်လျှောက်ထား၏။

**ပထမ နိရောဓကထာ**

အရှင် ဘုရား.......အရင့် အရင် နေ့များ၌ အမျိုးမျိုးသော တိတ္ထိ ရဟန်းပုဏ္ဏားတို့သည် ကောဋုဟလသာလာခေါ် ဇရပ်ဆူ၌ အညီ အညွတ် ထိုင်နေကြစဉ် စိတ်သညာသည် အဘယ်သို့ ချုပ်ပျောက်လေသနည်း ဟူသော စိတ်သညာ ချုပ်ငြိမ်းခြင်းနှင့် ပတ်သက်သော စကားတစ်ရပ် ဖြစ်ပေါ်ခဲ့ပါသည်၊ * ထိုအစည်းအဝေး၌ ရဟန်းပုဏ္ဏား အချို့ တို့သည် စိတ်သညာ တို့ကား အကြောင်း မဲ့ ဖြစ်ကြ, ချုပ်ကြသည်၊ စိတ်သညာ ဖြစ်ပေါ်နေသောအခါ စိတ်သညာ ထင်ရှားရှိသည်၊ ချုပ်သွားသောအခါ စိတ်သညာ မရှိဘဲ နေသည်ဟု အချို့သောသူတို့သည် စိတ်သညာ ချုပ်ပျောက်ခြင်းကို ဤသို့ ပြောဆို ပညတ်ကြပါသည်။

---

* ပေါဋ္ဌပါဒသည် တပည့် သုံးထောင်တို့ ဆရာ, အယူဝါဒ မတူသူဖြစ်သော်လည်း မြတ်စွာဘုရားနှင့် တွေ့သောအခါ ကောင်းမွန်စွာ နှုတ်ဆက်နိုးနှော နိုင်သည်မှာ စိတ်သဘောထား ကြီးကြောင်း ထင်ရှားသည်။

* **အဘိသညာ နိရောဓ။** ။ တိတ္ထိတို့ ပြောဆိုသော စိတ်သညာ ချုပ်မှုနှင့်စပ်သောစကားကို အဘိသညာ နိရောဓကထာဟု ခေါ်သည်၊ အမှန်မှာ သတ္တဝါတို့၌ စိတ်ဝိညာဉ် ကင်းပျောက်ခြင်း အကြောင်းကို အမျိုးမျိုးကြံဖန်၍ ပြောဆို နေကြခြင်းဖြစ်ပေသည်၊ မလေးဘဲ စိတ်သညာ ချုပ်ပျောက်နေမှုကို ဆိုလိုသည်။

**ဒုတိယကထာ**

အချို့ကလည်း ဤသို့မဟုတ်ပဲနိုင် စိတ်သညာဆိုသည်မှာ သတ္တဝါ၏ အတ္တပင် ဖြစ်သည်၊ အတ္တ ခေါ် အသက်ဝိညာဉ်သည် ပူးနိုင်ခွာနိုင်သော သတ္တိ ရှိသည်၊ ပူးကပ်သောအခါ အသက်ဝိညာဉ်ရှိ၍ ခွာနေသောအခါ အသက်ဝိညာဉ် မရှိဖြစ်သည်။

**တတိယကထာ**

အချို့ကလည်း ဤသို့ မဟုတ်ပေ၊ လောက၌ တန်ခိုးကြီးသော ရဟန်းပုဏ္ဏားတို့ ရှိကြ၏၊ ထိုရဟန်း, ပုဏ္ဏားတို့သည် စိတ်သညာကို ပူးစေနိုင်, ခွာစေနိုင်ကြသည်၊ ပူးကပ်စေသောအခါ စိတ်သညာရှိ၍ ခွာစေသောအခါ စိတ်သညာမရှိ ဖြစ်ကြသည်ဟု အချို့သော သူတို့သည် စိတ်သညာ ချုပ်ပျောက်မှုကို ဤသို့ ပြောဆိုပညတ်ကြပါသည်။

**စတုတ္ထကထာ**

အချို့ကလည်း ဤသို့ မဟုတ်သေး၊ လောက၌ တန်ခိုးကြီးသော နတ်တို့ ရှိကြ၏၊ ထိုနတ်တို့သည် စိတ်သညာကို ပူးစေနိုင်, ခွာစေ နိုင်ကြ၏၊ ပူးစေသောအခါ စိတ်သညာ ရှိစေ၍ ခွာစေသောအခါ စိတ်သညာ ကင်းမဲ့သည်ဟု အချို့သော သူတို့သည် စိတ်သညာ ချုပ်ပျောက်ခြင်းကို ဤသို့ ပြောဆိုပညတ်ကြပါသည်။

**ပေါဋ္ဌပါဒ၏ ပြဿနာ**

အရှင်ဘုရား...... ဤသို့ အမျိုးမျိုး ပြောဆို ပညတ် ကြသော အခါ ကျွန်ုပ်သည် မြတ်စွာဘုရား ကိုပင် သတိရမိပါသည်၊ ဤကဲ့သို့သော နာမ်တရားမျိုး၌ ကောင်းစွာ ကျွမ်းကျင်တော် မူသော မြတ်စွာဘုရားသည် အံ့ဩဖွယ် ရှိပါပေသည် ဟု အောက်မေ့ သတိရမိ ပါသည်၊ အရှင်ဘုရားသည် စိတ်သညာ ချုပ်ပျောက်ခြင်း၌ ပကတိ သဘောမှန်ကို သိမြင်သူ ဖြစ်ပါသည်၊ အရှင်ဘုရား..... အဘယ်သို့လျှင် စိတ်သညာသည် ချုပ်ပျောက်ပါသနည်း။

**အဋ္ဌုပ္ပတ္တိ နိဒါန်းပြီးပြီ။**

## ဗုဒ္ဓ၏ အဖြေ

### စိတ်သညာအဆင့်ဆင့် ဖြစ်ပေါ် ချုပ်ပျောက်ပုံ

အို ပေါဋ္ဌပါဒ..... စိတ်သညာသည် အကြောင်းမဲ့ ဖြစ်သည် ချုပ်သည် ဆိုသော သူတို့သည် အစကပင် မှားယွင်းတော့သည်၊ စိတ်သညာတို့သည် အကြောင်းရှိ၍သာ ဖြစ်ပေါ်ကြရသည်၊ ချုပ်ပျောက်ကြရသည်၊ (အမှန်မှာ) ကျင့်ကြံအားထုတ်ခြင်းကြောင့် စိတ်သညာ အသစ်တစ်ခု ဖြစ်ပေါ်၍၊ စိတ်သညာ အဟောင်းတစ်ခု ချုပ်ပျောက်သည်၊ * ကျင့်ကြံ အားထုတ်ခြင်းသည် အဘယ်ပါနည်း ဆိုလျှင် အခြေခံ သီလသုံးမျိုးနှင့် ပြည့်စုံသည့်ပြင် (ဗြဟ္မဇာလသုတ်အတိုင်း) သီလ, သမာဓိ, အား ကျေးဇူးများသော ဣန္ဒြိယသံဝရသီလ, သတိသမ္ပဇဉ်, သန္တောသ တို့နှင့် လည်း ပြည့်စုံ၍ ကမ္မဋ္ဌာန်းကိုအားထုတ်သော ရဟန်းသည် (သာမညဖလသုတ်အတိုင်း) ပထမဈာန်ကို ရရှိ၏။၁။ ထိုပထမဈာန်ကို ဝင်စားသော ရဟန်းအား ကာမသညာသည် (ကာမတဏှာစိတ်) ချုပ်ပျောက်၏၊ ပထမဈာန်စိတ်သညာ အသစ်ဖြစ်ပေါ်၏၊ (စိတ်ဟောင်း ချုပ်ပျောက်သည် ဈာန်စိတ်အသစ် ဖြစ်ပေါ်သည်ဟုလို)။

၂။ ဒုတိယဈာန်ကို ရရှိသောအခါ ပထမဈာန် စိတ်သညာချုပ်ပျောက်၏၊ ဒုတိယဈာန်စိတ်သညာသစ် ဖြစ်ပေါ်၏။

၃။ တတိယဈာန်။

၄။ စတုတ္ထဈာန်။

၅။ အာကာသနဉ္စာယတန အာရုပ္ပဈာန်။

၆။ ဝိညာဏဉ္စာယတန အာရုပ္ပဈာန်။

၇။ အာကိဉ္စညာယတန အာရုပ္ပဈာန်ကို ရရှိသော အခါ ဝိညာဏဉ္စာယတန စိတ်သညာ ချုပ်ပျောက်၏၊ အသစ် ဖြစ်သော အာကိဉ္စညာယတန စိတ်သညာ ဖြစ်ပေါ်၏။

---

* **ဗုဒ္ဓ၏ အဖြေ။** ။ စိတ်ဝိညာဉ်ချုပ်မှုကို ရှစ်မျိုးထား၍ နိရောဓသမာပတ် ဝင်စားသည်အထိ ဟောကြားတော်မူသည်၊ အဆင့်ရှစ်ဆင့်ရှိ၍ တစ်ဆင့်သို့ရောက်လျှင် အောက်ဖြစ်သော စိတ်တစ်ဆင့် ချုပ်ပျောက်သည်၊ နောက်ဆုံး၌ လက်တွေ့ နိဗ္ဗာန်ခေါ် နိရောဓ သမာပတ်သို့ ရောက်၍ အားလုံး ချုပ်သည်ဟု ဆိုလိုသည်။

၈။ ဤသို့ အဆင့်ဆင့် စိတ်သညာတို့ ချုပ်ပျောက်ခဲ့၍ အဆင့်ဆင့် စိတ်သညာ **အသစ်အသစ်**တို့ ဖြစ်ပေါ်ကြကုန်၏၊ ဖြစ်ပေါ် ခဲ့ပြီးနောက် စိတ်သညာ အဆုံး ဖြစ်သော အာကိဉ္စညာယတန သမာပတ်သို့ ရောက်၏၊ အိုပေါဋ္ဌပါဒ..... ဤသည်တို့ကား ကျင့်ကြံအားထုတ်ခြင်း တို့ပင် ဖြစ်ကြပေသည်။

**နိရောဓသမာပတ်** အို ပေါဋ္ဌပါဒ..... အကြင် ရဟန်းသည် ဤ အထက်အထက် စိတ်သညာ၌ မိမိစိတ်သညာဟု အမှတ်ရှိ၏၊ ထိုရဟန်းသည် အောက်အောက် စိတ်သညာမှ အထက်အထက် စိတ်သညာ အသစ်သို့ အစဉ်သဖြင့် (ပြောင်းရွှေ့ တိုးတက်လာခဲ့၍) စိတ်သညာတို့ အဆုံးသညဂ္ဂ ခေါ် အာကိဉ္စညာယတနသညာသို့ ရောက်၏။

ထိုသညဂ္ဂ၌ တည်သော ရဟန်းအား ဤသို့ အကြံဖြစ်၏၊ ငါအား (ဆက်လက်) အားထုတ်ခြင်းသည် ယုတ်ညံ့ပေလိမ့်မည်၊ အားမထုတ်ခြင်းသည် ကောင်းမြတ် ပေလိမ့်မည်၊ ငါသည် ဆက်လက်၍ အားထုတ် ကျင့်ကြံခဲ့ပါလျှင် စိတ်သညာကို အသစ် ပြုပြင် စီမံခဲ့ပါလျှင် ငါအား ဤရရှိပြီး (အာကိဉ္စညာယတန) စိတ်သညာ တို့လည်း ချုပ်ပျောက်ကုန်ရာသည်၊ ကြမ်းတမ်းသော (ဘဝင်) စိတ်သညာတို့လည်း ဖြစ်ပေါ်လာကြကုန်ရာသည်၊ ငါသည် အားထုတ် ကျင့်ကြံခြင်းမပြုဘဲ စိတ်သညာ အသစ်ကို ပြုပြင် စီမံခြင်းမပြုဘဲ နေတော့မည်ဟု အကြံဖြစ်၏။

ထိုရဟန်းသည် (ဆက်လက်) အားထုတ်ခြင်းလည်း မရှိ၊ ပြုပြင်စီမံခြင်းလည်း မရှိတော့ချေ။ ထိုသို့ အားထုတ် စီမံခြင်း မရှိသော ရဟန်းအား ထို အာကိဉ္စညာယတန စိတ်သညာတို့လည်း ချုပ်ပျောက်ကြကုန်၏၊ ကြမ်းတမ်းသော တစ်ပါးသော (ဘဝင်) စိတ်သညာ တို့လည်း မဖြစ်ပေါ်ကြကုန်၊ ထိုရဟန်းသည် စိတ်သညာ၏ ချုပ်ရာ (နိရောဓ)သို့ ရောက်၏။*

---

* စိတ်သညာ အဆုံးမှာ အာကိဉ္စညာယတန သမာပတ်ပင် ဖြစ်သည်ဟု မြတ်စွာဘုရား ဟောတော်မူသည်။ ပါဠိ ဘာသာ အားဖြင့် သညဂ္ဂ ဟု ခေါ်၏၊ ထို အာကိဉ္စညာယတန သမာပတ် အထက်၌ နိရောဓ သမာပတ်သို့ ရောက်သည် ဟုလည်း တိုက်ရိုက် ဟောတော်မူလျက် ရှိ၏၊ ဤသို့ဖြစ်လျှင် နေဝသညာနာ

အိုပေါဋ္ဌပါဒ..... ဤသို့လျှင် အဆင့်ဆင့် ပညာနှင့် ိတ်သညာချုပ်ရာ သမာပတ်သို့ ရောက်၏။

ဗုဒ္ဓ။ ။ အို ပေါဋ္ဌပါဒ........ ဤသို့

**ဤတရားမျိုးကိုကြားဖူးပြီလော** အဆင့်ဆင့် အားဖြင့် ပညာ, သညာ တို့ချုပ်ရာ နိရောဓသမာပတ်မျိုးကို ရှေးက ကြားဖူး ပြီလော။

ပေါဋ္ဌ။ ။ အရှင်ဘုရား..... မကြားဖူးသေးပါ၊ အရှင်ဂေါတမ ထံတော်မှသာ ဤနိရောဓ သမာပတ်မျိုးကို ကြားဖူးပါသည်။

အရှင်ဘုရား..... သညဂ္ဂခေါ် စိတ်သညာ၏ အစွန်ဆုံး သမာပတ်ကို တစ်ခုတည်းဟုပင် ပညတ်တော် မူပါသလော၊ အများ အပြားဟုပင် ပညတ်တော်မူပါသလော။

ဗုဒ္ဓ။ ။ အိုပေါဋ္ဌပါဒ.....သညဂ္ဂကို တစ်ခုဘည်း ဟုလည်း ဟောကြား ပညတ်တော်မူသည်၊ အများအပြားဟုလည်း ဟောကြား ပညတ်တော်မူသည်။

ပေါဋ္ဌ။ ။ အဘယ်သို့ပါနည်း။

---

သညာယတန သမာပတ် မပါတော့ချေ၊ နေဝသညာနာသညာယတန သမာပတ်သို့ မရောက်ဘဲ ကျော်၍ နိရောဓသမာပတ်သို့ ရောက်နိုင်သကဲ့သို့ ဖြစ်နေ၏၊ ဤသို့ ဖြစ်သော်လည်း ကျောင်းသားငယ်သည် အဖဖြစ်သူ၏ အိမ်ကို ဖြတ်၍ သားဖြစ်သူ၏ အိမ်မှ ဆွမ်းဟင်းခွက်ကို ယူ၍ ဆွမ်းစားကျောင်းသို့ ရောက်ရာ အဘယ်အိမ်မှ ဤဟင်းခွက်ကို ယူခဲ့သနည်းဟု ရဟန်းတော်တို့က မေးလျှင် ယူခဲ့ရာ အိမ်ကိုသာ လျှောက်တင်သည်၊ ဖြတ်ကျော်လာခဲ့သော အဖအိမ်ကို ထည့်၍ မလျှောက်ချေ၊ ဤဥပမာ အတိုင်းပင် နေဝသညာ နာသညာယတန သမာပတ်သို့ ရောက်ရသည်ကား ဖြတ်၍ ဝင်စားခဲ့ရသည်ကား မှန်၏၊ သို့ရာတွင် စိတ်သညာ ချုပ်ဆုံးရာ နိရောဓသမာပတ်ကိုသာ အာရုံ ပြုထားသဖြင့် နေဝသညာနာသညာ ယတန သမာပတ်၌ တန့်နားခြင်း မရှိချေ၊ ထို့ကြောင့် ထည့်သွင်းမဟောသည်ဟု မှတ်ရမည်။ (အဋ္ဌကထာ)

ဗုဒ္ဓ။ ။ အကြင် အကြင်သို့သော အခြင်းအရာ အားဖြင့် နိရောဓ သမာပတ်သို့ ရောက်၏၊ ထိုထိုအခြင်းအရာ အားဖြင့် သညဂ္ဂကို ဟော ကြား ပညတ်တော်မူပေသည်၊ ထို့ကြောင့် သညဂ္ဂကို တစ်ပါးဟုလည်း ပညတ်သည်၊ အများအပြားဟုလည်း ပညတ်သည်၊ (သညဂ္ဂကို တစ်ကြိမ် သာ ဝင်စား၍ နိရောဓသို့ ရောက်လျှင် သညဂ္ဂမှာ ထိုပုဂ္ဂိုလ်မျိုး၊ ထို အခါမျိုး၌ တစ်ပါးသာဖြစ်သည်၊သညဂ္ဂကိုအကြိမ်ကြိမ်ဝင်စား၍နိရောဓသို့ ရောက်လျှင် ထိုပုဂ္ဂိုလ်မျိုး၊ ထိုအခါမျိုး၌ သညဂ္ဂမှာ ဝင်စားခဲ့သလောက် ပင် များပြားသည် ဟူလို)။

ပေါဋ္ဌ ။ ။ အရှင်ဘုရား..... စိတ်သညာသည် ပထမ ဖြစ်ပါသလော၊ (ဆင်ခြင်သော) ဉာဏ်သည် ပထမ ဖြစ်ပါသလော၊ သို့မဟုတ် စိတ် တပြိုင်နက် ဖြစ်ပေါ်ပါသလော။

ဗုဒ္ဓ။ ။ အို ပေါဋ္ဌပါဒ..... စိတ်သညာသည် ပထမ ဖြစ်ပေါ်သည်၊ နောက်မှ ဉာဏ် ဖြစ်ပေါ်သည်၊ ဈာန်စိတ်သညာ ဖြစ်ပေါ်ခြင်းကြောင့်သာ (ဆင်ခြင်သော)ဉာဏ် ဖြစ်ပေါ်ရသည်။ ထို (ဈာန်သမာပတ် ရသည့်) ပုဂ္ဂိုလ်သည် ငါအား ဤဈာန်စိတ်သညာကြောင့် ဤ (ဆင်ခြင်တတ်သော) ဉာဏ် ဖြစ်ပေါ်ရသည်ဟု သိမြင်သည်၊ ဤအကြောင်းဖြင့် ရှေးဦး ပထမ စိတ်သညာ ဖြစ်ပေါ်၍ နောက်မှ ဉာဏ် ဖြစ်ပေါ်သည်၊ စိတ်သညာကြောင့် သာ ဉာဏ်ဖြစ်ပေါ်ရသည်ဟု သိသင့်ပေသည်။

**အတ္တဝါဒနှင့် ဗုဒ္ဓ၏အဖြေများ**

ပေါဋ္ဌပါဒ။ ။ အရှင် ဘုရား..... စိတ်သညာသည် သတ္တဝါ၏ အတ္တ ဖြစ်ပါ သလော၊ သို့မဟုတ် စိတ် သညာနှင့် အတ္တသည် တခြားစီ ဖြစ်ပါသလော။

ဗုဒ္ဓ။ ။ သင်ကား အဘယ်သို့ ယုံကြည်သနည်း။

ပေါဋ္ဌ။ ။ အရှင်ဘုရား..... အတ္တသည် ကြမ်းတမ်းသည်၊ ရုပ်ရှိ သည်၊ မဟာဘုတ် လေးပါးကို မှီသည်၊ အစာ အာဟာရကို စားရသည် ဟု အကျွန်ုပ်ယုံကြည်ပါသည်။ (ကာမဘုံသား တို့၏ ရုပ်ကို အတ္တဟု ရည်ရွယ် ပြောဆိုသည်။)

ဗုဒ္ဓ။ ။ အိုပေါဋ္ဌပါဒ..... ဤသို့ဖြစ်လျှင် သညာနှင့် အတ္တသည် ခြားစီသာ ဖြစ်ခဲ့ရာသည်၊ ထိုအဓိပ္ပာယ်ကိုလည်း ဤဆိုလတ္တံ့သော အကြောင်းဖြင့် သိထိုက်ပေသည်၊ သင်ဆိုသော အတ္တသည် ရှိပါစေဦး၊ အမှန်စင်စစ်အားဖြင့် ဤသတ္တဝါအား တစ်ပါးသော သညာတို့ ဖြစ်ပေါ်ကြသည်၊ တစ်ပါးသော သညာတို့ ချုပ်ပျောက်ကြသည်၊ ဤအကြောင်းဖြင့်ပင် ထိုသညာနှင့် အတ္တသည် တခြားစီသာ ဖြစ်ရာသည် ဟူသော အဓိပ္ပာယ်ကို သိသင့်ပေသည်။

ပေါဋ္ဌ။ ။ အတ္တသည် ရုပ်ကြမ်းကြောင့် ဖြစ်သည်၊ အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသည်၊ မယုတ်လျော့သော ဣန္ဒြေ ရှိသည်ဟု အကျွန်ုပ် ယုံကြည်ပါသည်၊ (ရူပဘုံသားတို့၏ ရုပ်ကို အတ္တဟု ရည်ရွယ် ပြောဆိုသည်)။

ဗုဒ္ဓ။ ။ ဤသို့ဖြစ်သော်လည်း သညာနှင့် အတ္တသည် တခြားစီသာ ဖြစ်ရာသည်၊ ထိုအဓိပ္ပာယ်ကိုလည်း ဤဆိုလတ္တံ့သော အကြောင်းဖြင့် သိထိုက်ပေသည်၊ သင် ဆိုသော အတ္တသည် ရှိပါစေဦး၊ အမှန်စင်စစ် အားဖြင့် ဤသတ္တဝါအား တစ်ပါးသော သညာတို့ ဖြစ်ပေါ်ကြသည်၊ တစ်ပါးသော သညာတို့ ချုပ်ပျောက်ကြပေသည်၊ ဤအကြောင်းဖြင့်ပင် ထိုသညာနှင့် အတ္တသည် တခြားစီသာ ဖြစ်ရာသည် ဟူသော အဓိပ္ပာယ်ကို သိသင့်ပေသည်။

ပေါဋ္ဌ။ ။ အတ္တသည် ရုပ်မရှိ၊ ရာန်စိတ် သညာဖြင့် ပြီးသည်ဟု အကျွန်ုပ် ယုံကြည်ပါသည်၊ (အရူပဘုံသားတို့၏ စိတ်အစဉ်ကို အတ္တဟု ရည်ရွယ်ပြောဆိုသည်)။

ဗုဒ္ဓ။ ။ ဤသို့ ဖြစ်သော်လည်း သညာနှင့် အတ္တသည် တခြားစီသာ ဖြစ်ရာသည်၊ ထိုအဓိပ္ပာယ်ကိုလည်း ဤဆိုလတ္တံ့သော အကြောင်းဖြင့် သိထိုက်ပေသည်၊ သင် ဆိုသော အတ္တသည် ရှိပါစေဦး၊ အမှန်စင်စစ် အားဖြင့် ဤသတ္တဝါအား တစ်ပါးသော သညာတို့ ဖြစ်ပေါ် ကြသည်၊ တစ်ပါးသော သညာတို့ ချုပ်ပျောက် ကြပေသည်၊ ဤအကြောင်းဖြင့်ပင် ထိုသညာနှင့် အတ္တသည် တခြားစီသာ ဖြစ်ရာသည် ဟူသော အဓိပ္ပာယ်ကို သိသင့်ပေသည်။

ပေါဋ္ဌပါဒ။ ။ အရှင် ဘုရား......

**တစ်မျိုးလှည့်၍မေးလျှောက်ခြင်း** စိတ်သညာသည် သတ္တဝါတို့၏ အတ္တ ဖြစ်သည်၊ သို့မဟုတ် စိတ်သညာနှင့် အတ္တသည် တခြားစီသာ ဖြစ်ကြသည် ဆိုသောအချက်ကို အကျွန်ုပ် သိနားလည်နိုင်ပါမည်လော။

ဗုဒ္ဓ။ ။ သာသနာတော်မှ တစ်ပါးသော အယူဝါဒ, နှစ်သက်ခြင်း, အားထုတ်ခြင်းရှိ၍ သာသနာတော်မှ တစ်ပါးသော ဆရာကို ကိုးကွယ်ဆည်းကပ်သော သင်သည် သိဖို့ခဲယဉ်း ပေသည်။

ပေါဋ္ဌ။ ။ ဤသို့ဖြစ်လျှင် အရှင်ဂေါတမသည် လောကကား မြဲ၏၊ ဤအယူသည်သာ မှန်သည်၊ တစ်ပါးသော အယူကား အချည်းနှီးသာ ဖြစ်သည်ဟု အယူရှိပါသလော။

ဗုဒ္ဓ။ ။ ဤသို့ ငါဘုရား ဟောတော် မမူချေ။

ပေါဋ္ဌ။ ။ လောကသည် မမြဲ၊ လောကသည် အဆုံးရှိ၏၊ လောကသည် အဆုံးမရှိ၊ အသက်နှင့် ကိုယ်သည် အတူတူသာ ဖြစ်ကြသည်၊ အသက်နှင့်ကိုယ်သည် တခြားစီသာ ဖြစ်ကြသည်၊ သတ္တဝါသည် သေပြီးနောက် ထင်ရှား ရှိနေသေးသည်၊ သေပြီးနောက် ထင်ရှား မရှိတော့၊ အချို့ကား ထင်ရှားရှိ၏၊ အချို့ကား ထင်ရှားမရှိ၊ ထင်ရှား ရှိသည်လည်း မဟုတ်၊ ထင်ရှား မရှိသည်လည်းမဟုတ်၊ ဤအယူသာ မှန်သည် အခြားအယူသည် အချည်းနှီးသာ ဖြစ်သည်ဟု အယူရှိပါသလော။

ဗုဒ္ဓ။ ။ ဤသို့လည်း ငါဘုရား ဟောတော် မမူချေ။

ပေါဋ္ဌ။ ။ အရှင် ဘုရား...... အဘယ်ကြောင့် ဤသို့ မဟောပါသနည်း။

ဗုဒ္ဓ။ ။ အိုပေါဋ္ဌပါဒ......ဤပြဿနာစုသည် အကျိုးမရှိ၊ တရားနှင့် မစပ်၊ အကျင့်မြတ်၏ အစမဟုတ်၊ ဝတ်ဆင်းရဲမှ ငြီးငွေ့ရန် တပ်မက်မှု ကင်းရန်, ကိလေသာ ချုပ်ငြိမ်းရန်, ငြိမ်းချမ်းအေးမြရန်, အသိဉာဏ်ထူး ဖြစ်ပေါ်ရန်, သစ္စာလေးပါးကို သိမြင်ရန်, နိဗ္ဗာန်သို့ ရောက်ရှိရန် အတွက် မဖြစ်ကြပေ၊ ထို့ကြောင့် မဟောသည်။

ပေါဋ္ဌ။ ။ အရှင်ဘုရား, မြတ်စွာဘုရားသည် အဘယ်သို့ ဟောတော်မူပါသနည်း။

ဗုဒ္ဓ။ ။ အို ပေါဋ္ဌပါဒ……ဤကား ဆင်းရဲ၊ ဤကား ဆင်းရဲကြောင်း၊ ဤကား ဆင်းရဲချုပ်ရာ၊ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့် ဟူသော ငါဘုရား ဟောတော်မူသည်။ (သစ္စာလေးပါး)

ပေါဋ္ဌ။ ။ အရှင် ဘုရား…… အဘယ်ကြောင့် ဤသို့ ဟောပါသနည်း။

ဗုဒ္ဓ။ ။ အို ပေါဋ္ဌပါဒ……ဤသစ္စာလေးပါး တရားသည် အကျိုးလည်း ရှိ၏၊ တရားနှင့်လည်း စပ်၏၊ လ၊ နိဗ္ဗာန်သို့ ရောက်ရန် အတွက်လည်း ဖြစ်၏၊ ထို့ကြောင့် ဟောတော်မူသည်။

ပေါဋ္ဌ။ ။ ဘုန်းတော် ကြီးမားသော မြတ်စွာဘုရား……မှန်ပါပေသည်၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား…… ဟုတ်ပါပေသည်၊ အရှင်ဘုရား……ယခု အခါ ကြွတော်မူရမည့် အချိန်ကို သိတော်မူ၍ ကြွတော်မူလိုက ကြွတော်မူနိုင်ပါပြီ။

**ပေါဋ္ဌပါဒကို တပည့်တို့ ဝိုင်း၍ ဆူကြခြင်း**

ထိုအခါ မြတ်စွာ ဘုရားသည် နေရာမှ ထ၍ ကြွတော်မူ၏၊ မြတ်စွာဘုရား ကြွတော်မူ၍ မကြာမြင့်မီပင် ပရိဗိုဇ် တို့သည် ပေါဋ္ဌပါဒကို ဝိုင်း၍ အရှင်ပေါဋ္ဌပါဒသည် ရဟန်းဂေါတမ ပြောဆိုတိုင်းကိုပင် မှန်ပါပေသည်၊ ဟုတ်ပါပေသည် ဟု သဘောတူဝန်ခံဘိ၏၊ ကျွန်ုပ်တို့သည် ရဟန်းဂေါတမ၏ လောကသည် မြဲ၏ဟူ၍လည်းကောင်း၊ မမြဲဟူ၍ လည်းကောင်း တစ်ထစ်ချ ဟောကြား ဖြေရှင်းချက်ကို မသိလိုက်ကြ ရပါကုန်ဟု ပြစ်တင် ပြောဆိုကြကုန်၏။

ထိုသို့ ပြစ်တင် ပြောဆိုကြသောအခါ ပေါဋ္ဌပါဒသည် အချင်းတို့ ကျွန်ုပ်လည်း ရဟန်း ဂေါတမ၏ တစ်ထစ်ချ ဟောကြား ဖြေရှင်းချက်ကို မသိလိုက်ရပါ၊ (သို့ရာတွင်) အမှန်အားဖြင့် ရဟန်း ဂေါတမသည် တရား၌ တည်သော တရားသဘော သက်ဝင်သော အကျင့်မှန်ကို ဟောကြား ပညတ် ပေသည်၊ တရားလမ်းမှန်ကျသော ရဟန်းဂေါတမအား ကျွန်ုပ် ကဲ့သို့သော ပညာရှိသည် အဘယ်ကြောင့် ဝမ်းမြောက်ဝမ်းသာ ဝန်မခံဘဲ ရှိပါအံ့နည်းဟု ဖြေရှင်း၏။

**ပေါဋ္ဌပါဒ နှင့် စိတ္တတို့ မြတ်စွာဘုရားထံလာကြပြန်ခြင်း**

ထိုနောက် နှစ်ရက် သုံးရက်လွန်သော အခါ ပေါဋ္ဌပါဒ နှင့် ဆင်ဆရာ၏သား စိတ္တ တို့သည် မြတ်စွာဘုရား အထံတော်သို့ ရောက်လာကြ၍ ဝမ်းမြောက်ဝမ်းသာ ပြောဆို နှုတ်ဆက်ကြပြီးလျှင် သင့်ရာ၌ ထိုင်ကြ၏၊ ထိုနောက် ပေါဋ္ဌပါဒသည် အခြားပရိဗိုဇ်တို့နှင့် အတိုက်အခံ ပြောဆိုခဲ့ရပုံကို အစုံအလင် ပြန်ကြား လျှောက်ထားသဖြင့် မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

အိုပေါဋ္ဌပါဒ...... ထိုပရိဗိုဇ် အားလုံးတို့သည် အကန်းများသာ ဖြစ်ကြကုန်၏၊ ဉာဏ်မျက်စိ မရှိကြကုန်၊ ပရိဗိုဇ်တို့တွင် သင်တစ်ယောက်သာ ဉာဏ်မျက်စိ ရှိသူ ဖြစ်ပေသည်၊ ငါဘုရားသည် ကေန်အားဖြင့် ဖြစ်သော တရားတို့ကိုလည်း ဟောကြား ပညတ်သည်၊ အနေကန်အားဖြင့် ဖြစ်သော တရားတို့ကိုလည်း ဟောကြား ပညတ်သည်၊ ငါဘုရားသည် အကျိုး စီးပွား မများသော လောကသည် မြဲသလော၊ မမြဲ သလော စသော တရားမျိုးကို အနေကန် အားဖြင့်သာ (ပရိယာယ်အားဖြင့်) ဟောကြား၍ အကျိုးစီးပွား များသော သစ္စာလေးပါး တရားမျိုးကိုသာ ကေန်အားဖြင့် ဟောကြားတော်မူပေသည်။

**အတ္တဝါဒီတို့၏အမှား**

ဗုဒ္ဓ။ ။ အို ပေါဋ္ဌပါဒ...... အတ္တသည် စင်စစ် ချမ်းသာခြင်း ရှိ၏၊ သေလွန် ပြီးနောက် အနာ ရောဂါ မရှိ (မြဲ၏)ဟု ဤသို့ အယူရှိကြသော ရဟန်း ပုဏ္ဏား အချို့တို့ ရှိကြ၏၊ ငါဘုရားသည် ထိုရဟန်းပုဏ္ဏားတို့ ထံသို့ချဉ်းကပ်၍ ဤသို့ မေးမြန်းဖူး၏။

ဗုဒ္ဓ။ ။ အရှင်တို့......အတ္တသည် စင်စစ် ကေန် ချမ်းသာခြင်းရှိ၏။ သေလွန်ပြီးနောက် အနာရောဂါ မရှိ (မြဲ၏)ဟု အယူရှိကြ၏ ဆိုသည်မှာ မှန်ပေသလော။

များ။ ။ မှန်ပါသည်။

ဗုဒ္ဓ။ ။ အရှင်တို့သည် စင်စစ်ကေန် ချမ်းသာသော လောကကို သိမြင်ကြကုန်သလော။

များ။ ။ မသိမြင်ကြပါ။

ဗုဒ္ဓ။ ။ အရှင်တို့သည် တစ်နေ့, တစ်ညဥ့်, သို့မဟုတ် နေ့ဝက်, ညဥ့်ဝက်မျှ စင်စစ်ကန် ချမ်းသာခဲ့ ဖူးသော အတ္တကို သိမြင် ကြကုန်သလော။

များ။ ။ မသိမြင်ကြပါ။

ဗုဒ္ဓ။ ။ ဤလမ်းစဉ်, ဤအကျင့်သည် စင်စစ် ချမ်းသာသော လောကကို မျက်မှောက် ပြုရန် အတွက် ဖြစ်သည်ဟု သိကြကုန်သလော။

များ။ ။ မသိကြပါ။

ဗုဒ္ဓ။ ။ အရှင်တို့သည် စင်စစ်ကောန် ချမ်းသာသော လောကသို့ ရောက်ရှိ နေကြသည့် နတ်တို့၏ "အချင်းတို့, စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် ကောင်းစွာ ကျင့်ကြကုန်၊ ဖြောင့်မတ်စွာ ကျင့်ကြကုန်၊ ကျွန်ုပ်တို့လည်း ဤသို့ကျင့်ကြခဲ့ကြ၍ စင်စစ် ချမ်းသာသော လောကသို့ ရောက်ကြရပေသည်"ဟု ပြောဆိုသော စကားကို ကြားရကုန်သလော။

များ။ ။ မကြားကြရပါကုန်။

ဗုဒ္ဓ။ ၊ အို ပေါဋ္ဌပါဒ...... ဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မြင်သနည်း၊ ဤသို့ ဖြစ်လျှင် ထိုရဟန်း, ပုဏ္ဏားတို့၏ စကားသည် အံ့သြဖွယ် မရှိသော စကားမျိုး မဖြစ်ပါလော။

ပေါဋ္ဌ။ ။ အရှင်ဘုရား.....မလွဲကောန် အံ့သြဖွယ် မရှိသော စကားမျိုး ဖြစ်ပါသည်။

ဗုဒ္ဓ။ ။ အို ပေါဋ္ဌပါဒ....... ဥပမာအားဖြင့် အမျိုး, အမည် အဆင်း, သဏ္ဌာန်, နေရပ်ကို မသိရသော အလှဘုရင်မကို လိုချင်ပါသည်ဟု ဆိုသော ယောကျာ်း၏ စကားကဲ့သို့ လည်းကောင်း၊ အဘယ်အရပ်၌ အဘယ်မျှ အနိမ့်အမြင့် ရှိသည်ဟု မသိရသော ပြာသာဒ်သို့ တက်ရန် လမ်းလေးခွ၌ လှေခါးလုပ်ပါသည် ဆိုသော ယောကျာ်း၏ စကားကဲ့သို့ လည်းကောင်း၊ ထိုရဟန်း, ပုဏ္ဏားတို့၏ စကားသည် အံ့သြဖွယ် မရှိသော စကားသာ မဖြစ်ပါလော။

ပေါဋ္ဌ။ ။ အရှင်ဘုရား......မလွဲကောန် အံ့သြဖွယ် မရှိသော စကားမျိုးသာ ဖြစ်ပါသည်။

## ပေါဋ္ဌပါဒ၏ သဘော

**အတ္တဘောသုံးမျိုး** အို ပေါဋ္ဌပါဒ......အတ္တဘောကို ရရှိခြင်းတို့မှာ -

၁။ ကြမ်းတမ်းသော အတ္တဘောကို ရရှိခြင်း၊ ၂။ ဈာန်စိတ်ဖြင့် ပြီးသော (မနောမယ) အတ္တဘောကို ရရှိခြင်း၊ ၃။ နာမ်သာ ဖြစ်သော အတ္တဘောကို ရရှိခြင်းဟု သုံးမျိုး ရှိကြ၏။

ထိုသုံးမျိုး တို့တွင် ကြမ်းတမ်းသော အတ္တဘောကို ရရှိခြင်း ဆိုသည်မှာ ရုပ်ရှိ၏၊ မဟာဘုတ် လေးပါးကို မှီ၏၊ အစားအစာကို စားသောက် ရ၏၊ ဤအတ္တသဘောမျိုးကို ရရှိခြင်းသည် ကြမ်းတမ်းသော အတ္တဘောကို ရရှိခြင်းပင် ဖြစ်ပေသည်။

ဈာန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရရှိခြင်း ဆိုသည်မှာ ရုပ်ရှိ၏၊ ဈာန်စိတ်ဖြင့် ပြီး၏၊ အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံ၏၊ မယုတ်လျော့, မချို့ယွင်းသော ဣန္ဒြေရှိ၏၊ ဤအတ္တဘောမျိုးကို ရရှိခြင်းသည် ဈာန်စိတ်ဖြင့် ပြီးသောအတ္တဘောကို ရရှိခြင်းပင် ဖြစ်ပေသည်။

နာမ်သာဖြစ်သော အတ္တဘောကို ရရှိခြင်း ဆိုသည်မှာ ရုပ်မရှိ၊ ဈာန်စိတ်သညာဖြင့် ပြီး၏၊ ဤအတ္တဘောမျိုးကို ရရှိခြင်းသည် နာမ်သာ ဖြစ်သော အတ္တဘောမျိုးကို ရရှိခြင်းပင် ဖြစ်ပေသည်၊ (ကာမ, ရူပ- အရူပ, ဘုံသားတို့၏ အတ္တဘော သုံးမျိုး အစဉ်လိုက်တပ်ပါ)။

**ဗုဒ္ဓဝါဒ** အိုပေါဋ္ဌပါဒ......ဤအတ္တဘော ရရှိမှု သုံးမျိုးတို့ကို ပယ်စွန့်ကြရန် အတွက် ငါဘုရား တရား ဟောတော်မူသည်၊ ဟောသည့်အတိုင်း ကျင့်ကြလျှင် ပူလောင် ညစ်ညမ်းသော အကုသိုလ် တရားတို့ကို ပယ်နိုင်ကြလိမ့်မည်။

ဖြူစင်သော ကုသိုလ်တရားများ တိုးပွားကြလိမ့်မည်၊ (မဂ်ဖိုလ်)ပညာနှင့် ပြည့်စုံခြင်း၊ (မဂ်ဖိုလ်) ပညာ၏ ပြန့်ပြောခြင်းကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင် မျက်မှောက်ပြုနိုင်၍ ပြည့်စုံစေ၍ နေနိုင်ကြလိမ့်မည်။

အိုပေါဋ္ဌပါဒ......(ဗုဒ္ဓဝါဒ၌) ဤသို့ အကုသိုလ်ကို ပယ်၍ ကုသိုလ် တိုးပွားလျက် (မဂ်ဖိုလ်) ပညာ၏ ပြည့်စုံခြင်းကို ကိုယ်တိုင် သိမြင် မျက်မှောက်ပြု၍ နေနိုင်ပေလိမ့်မည်၊ သို့ရာတွင် အနေအထိုင် ဆင်းရဲသည်ဟု သင်အား အကြံအစည် ဖြစ်ပေါ်ပေရာသည်။

အိုပေါဋ္ဌပါဒ…… ဤသို့ မမှတ်လေလင့်၊ (ဗုဒ္ဓဝါဒ၌) အကုသိုလ်ကို ပယ်၍ ကုသိုလ်တရား တိုးပွားလျက် (မဂ်ဖိုလ်) ပညာ၏ ပြည့်စုံခြင်းကို ကိုယ်တိုင်ဒိဋ္ဌ သိမြင်, နေထိုင်ရလိမ့်မည်၊ ဝမ်းမြောက်ခြင်း, နှစ်သက်ခြင်း, ငြိမ်းချမ်းခြင်း, မှတ်မိနိုင်ခြင်း, သိရှိနိုင်ခြင်း, အနေအထိုင် ချမ်းသာခြင်း တို့လည်း ဖြစ်ပေါ်လာလိမ့်မည်။

အိုပေါဋ္ဌပါဒ…… အရှင်ဂေါတမသည် အကုသိုလ်ကို ပယ်စွန့်၍ ကုသိုလ်တရား တိုးပွားလျက် (မဂ်ဖိုလ်) ပညာ၏ ပြည့်စုံခြင်း, ပြန့်ပြော ခြင်းကို ကိုယ်တိုင် သိမြင်, မျက်မှောက်ပြုနိုင်၍ အတ္တဘော ရရှိမှု သုံးမျိုး တို့ကို ပယ်စွန့်ရန်အတွက် တရားဟောသည်ဟု ဆို၏၊ ထိုအတ္တဘောရရှိမှု သုံးမျိုးတို့ကား အဘယ်သို့ပါနည်းဟု သူတစ်ပါးတို့က မေးကြလျှင် အတ္တ ဘော ရရှိမှုသုံးမျိုးကား ဤသည်တို့ပင် ဖြစ်ကြသည်ဟု ဖြေဆိုတော်မူမည်။

အို ပေါဋ္ဌပါဒ…..ဤသို့ဖြစ်လျှင် ငါဘုရား၏ စကားသည် ဒုက္ခဝင့်မှ ထွက်မြောက်ကြောင်း အံ့ဩဖွယ် ကောင်းသော စကားဟု မဆိုနိုင်ပါလော။

ပေါဋ္ဌ။ ။ အမှန်အားဖြင့် ဆိုနိုင်ပါပေသည်။

ဗုဒ္ဓ ။ ။ပြာသာဒ် အောက်မှာပင် နေ၍ ထိုပြာသာဒ်သို့ တက်ရန် လှေခါးလုပ်သော သူကဲ့သို့ မဖြစ်ပါလော။

ပေါဋ္ဌ။ ။ ထိုကဲ့သို့ပင် လက်တွေ့ ဖြစ်ပါသည်။

**စကားကပ်လှသောစိတ္တ**

ထိုအခါ ဆင်ဆရာ၏ သားစိတ္တသည် ဤသို့လျှောက်၏။

စိတ္တ။ ။ အရှင်ဘုရား….. ကြမ်းတမ်း သော အတ္တဘောကို ရရှိနေသောအခါ ဈာန်စိတ်ဖြင့် ပြီးသော အတ္တဘော ရရှိမှု နာမ်သက်သက် ဖြစ်သော အတ္တဘော ရရှိမှု တို့သည် အချည်းနှီးပင် ဖြစ်ကြ၏၊ ထိုအချိန်၌ ကြမ်းတမ်းသော အတ္တဘော ရရှိမှုသာ မှန်ကန်၏၊ ဈာန်စိတ်ဖြင့် ပြီးသော အတ္တဘောကို ရရှိနေသောအခါနှင့် နာမ်သက်သက် ဖြစ်သော အတ္တဘောကို ရရှိနေသော အခါတို့၌လည်း နည်းတူပင်၊ဖြစ်ဆဲ အတ္တဘော ရရှိမှုသာ မှန်ကန်သည်၊ ကြွင်းသော အတ္တဘောရရှိမှု နှစ်မျိုးတို့မှာ ထိုအချိန်အခါ၌ အချည်းနှီးသာ ဖြစ်ကြသည်ဟု မှတ်ယူနိုင်ပါသလော။

ဗုဒ္ဓ။ ။ အိုစိတ္တ….. ကြမ်းတမ်းသော အတ္တဘောကို ရရှိနေသော အခါ ဈာန်စိတ်ဖြင့် ပြီးသော အတ္တဘောကို ရရှိသည်ဟု မဆိုရ၊ နာမ်

သက်သက် အတ္တဘောကို ရရှိသည်ဟုလည်း မဆိုရ၊ ထိုအချိန်၌ ကြမ်းတမ်းသော အတ္တဘောကို ရရှိနေသည် ဟုသာ ခေါ်ဆိုရ၏၊ (ကြွင်းသော အတ္တဘော ရရှိမှု နှစ်ပါး နည်းတူ)။

အိုစိတ္တ..... သင်သည် အတိတ်၌ ဖြစ်ခဲ့ဖူးပြီးလော၊ မဖြစ်ခဲ့ဖူးသေးသလော၊ အနာဂတ်၌ ဖြစ်လတ္တံ့လော၊ မဖြစ်လတ္တံ့လော၊ ယခုပစ္စုပ္ပန်၌ ဖြစ်ဆဲလော၊ ဖြစ်ဆဲမဟုတ်သလောဟု မေးကြလျှင် အဘယ်သို့ ဖြေဆိုမည်နည်း။

စိတ္တ။ ။ အရှင်ဘုရား..... အကျွန်ုပ်သည် အတိတ်၌ ဖြစ်ခဲ့ဖူးပြီ၊ မဖြစ်ခဲ့ဖူးသူမဟုတ်၊ အနာဂတ်၌ ဖြစ်လိမ့်မည်၊ မဖြစ်မည့်သူမဟုတ်၊ ယခုပစ္စုပ္ပန်၌ ဖြစ်ဆဲဖြစ်သည်၊ မဖြစ်ဆဲမဟုတ်ဟု ဖြေဆိုရပါမည်။

ဗုဒ္ဓ။ ။ သင်အား အတိတ် ဖြစ်သော အတ္တဘောကို ရရှိနေသော အခါ အတိတ် အတ္တဘော ရရှိမှုသာ မှန်သည်၊ အနာဂတ် ပစ္စုပ္ပန်, အတ္တဘော ရရှိမှု တို့သည် အဓိပ္ပာယ် မရှိ၊ အချည်းနှီးပင် ဖြစ်ကြကုန်သလော၊ ထို့အတူပင် အနာဂတ် အတ္တဘောကို ရရှိနေသော အခါ ထိုအနာဂတ် အတ္တဘော ရရှိမှုသာ မှန်ကန်၍ အတိတ်, ပစ္စုပ္ပန်, အတ္တဘော ရရှိမှု တို့သည် အဓိပ္ပာယ် မရှိ၊ အချည်းနှီးသာ ဖြစ်ကြကုန်သလော၊ ယခု ပစ္စုပ္ပန် အတ္တဘောကို ရရှိနေသောအခါ ယခု ပစ္စုပ္ပန် အတ္တဘော ရရှိမှုသာ မှန်ကန်၍ အတိတ်, အနာဂတ်, အတ္တဘော ရရှိမှုတို့သည် အဓိပ္ပာယ် မရှိ၊ အချည်းနှီးသာ ဖြစ်ကြကုန်သလော ဟု မေးလျှင် အဘယ်သို့ ဖြေမည်နည်း။

စိတ္တ။ ။ ဤကဲ့သို့ မေးခဲ့ ပါလျှင် တစ်ခုသော အတ္တဘောကို ရရှိနေသောအခါ ထို လက်ရှိ အတ္တဘော ရရှိမှုသာ မှန်ကန်သည်၊ ကြွင်းသော အတ္တဘော ရရှိမှု နှစ်မျိုးတို့သည် အဓိပ္ပာယ် မရှိ အချည်းနှီးသာ ဖြစ်ကြသည်ဟု ဖြေဆိုရပါမည်။

ဗုဒ္ဓ။ ။ ဤကဲ့သို့ပင် ဖြစ်ပေသည်၊ တစ်ခုသော အတ္တဘောကို ရရှိနေသောအခါ ထိုအတ္တဘောကို ရရှိနေသည်ဟုသာ ဆိုရသည်၊ ကြွင်းသော အတ္တဘော နှစ်မျိုးတို့ကို ရရှိနေသည်ဟု မဆိုရပေ။ အိုစိတ္တ..... ဥပမာအားဖြင့် နွားမမှ နို့ ဖြစ်သည်၊ နို့မှ နို့ချဉ်ဖြစ်သည်၊ နို့ချဉ်မှ ဆိဦး၊ ဆိဦးမှ ထောပတ်၊ ထောပတ်မှ ထောပတ်ကြည် ဖြစ်ပေါ်သည်။ နို့ဖြစ်နေသော အချိန်၌ နို့ချဉ် စသည် မခေါ်ရ၊ နို့ဟုသာ ခေါ်ရသည်၊ ဤနည်းတူပင်

နို့ချဉ်စသည် ဖြစ်နေသော အချိန်၌လည်း ဆီဦး စသည် မခေါ်ရ၊ နို့ချဉ် စသည်ဟုသာ ခေါ်ရသည်၊ ဤဥပမာ အတိုင်းပင် ကြမ်းတမ်းသော အတ္တဘောကို ရရှိနေသောအချိန်၌ ဈာန်စိတ်ဖြင့်ပြီးသော အတ္တဘော၊ နာမ်သက်သက် ဖြစ်သော အတ္တဘောတို့ကို ရရှိနေသည်ဟု မဆိုရ၊ ကြမ်းတမ်းသော အတ္တဘောကို ရရှိနေသည်ဟုသာ ဆိုရသည်၊ (ဈာန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရရှိနေသောအခါ နာမ်သက်သက် အတ္တဘောကို ရရှိနေသော အခါတို့၌ လည်း ဤနည်းပင်)။

အို စိတ္တ..... ဤအခေါ်ဝေါ် အသုံးအနှုန်းတို့သည် လောက၏ သမုတ်ခြင်း, လောက၏ ပြောဆိုခြင်း, လောက၏ ခေါ်ဝေါ်ခြင်း, လောက၏ ပညတ်ခြင်းများသာ ဖြစ်ကြပေသည်၊ ထိုလောက ဝေါဟာရ အသုံးအနှုန်းတို့ဖြင့်သာလျှင် မြတ်စွာ ဘုရားတို့သည် အမှား သုံးသပ်ခြင်း ခေါ် စွဲလမ်း မက်မောမှုမျိုး မရှိဘဲ၊ သုံးစွဲ ဟောကြား ကြရပေသည်။

**အကျွတ်တရားရခြင်း** ဤသို့ ဖြေရှင်းတော် မူပြီးသောအခါ ပေါဋ္ဌပါဒသည် (ပေါက္ခရ သာတိ ပုဏ္ဏား စသည်တို့ ကဲ့သို့ပင် ချီးကျူး လျှောက်ထား၍) သရဏဂုံ ဆောက်တည်ကာ ရာသက်ပန် ဥပါသကာ အဖြစ်ကို ခံယူလေ၏၊ စိတ္တ သည်ကား မြတ်စွာဘုရား အထံတော်၌ တစ်ဖန်ရဟန်းပြုခွင့် တောင်း၍ ရဟန်းပြုပြီးလျှင်တစ်ပါးတည်း ဆိတ်ငြိမ် ရာသို့ ကပ်၍ တရားကို အားထုတ်ရာ မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။

---

* **စိတ္တ။** ။ စိတ္တသည် ပိဋကတ်တတ် ဖြစ်သော်လည်း ရှေးဘဝက ဝင့်ကြွေး ပါရှိခဲ့သဖြင့် လူထွက်သည်မှာ ခုနစ်ကြိမ် ရှိလေပြီ၊ လူထွက်ပြီးလျှင် သူငယ်ချင်းဖြစ်သူ ပေါဋ္ဌပါဒ အထံသို့ သွားလေသည်။ ပေါဋ္ဌပါဒသည် သူငယ်ချင်း စိတ္တကို မြတ်စွာဘုရားထံသို့ပို့ရင်း ပရိဗိုဇ်တို့စကားကို လျှောက်ထားရင်း နောက်ဆုံး အကြိမ် ရောက်လာ၍ တရားနာရသည်၊ အရှင်စိတ္တသည် ယခုရှစ်ကြိမ်မြောက် ရဟန်းပြုသောအခါ၌ကား လူမထွက်ပြီ၊ ဝင့်မြစ်ကုန်ခန်း၍ ရဟန္တာဖြစ်တော်မူလေသည်၊ အရှင်စိတ္တ၏ဝင့်ကြွေးမှာ ကဿပဘုရားရှင် လက်ထက်တော်၌ ရဟန်းဖြစ်စဉ် သက်နိုး သပိတ်ကို လိုချင်၍ အဖော်ရဟန်းကို လူထွက်အောင် တိုက်တွန်းမိခြင်းပင်ဖြစ်သတတ်။

**ပေါဋ္ဌပါဒသုတ်ပြီးပြီ။**

# သုဘသုတ်

## သုဘာသုတ်အမှာ

သုဘာသုတ်ဆိုသည်မှာ သုဘာလုလင်အား ဖြေဆို ဟောကြား ထားသော သုတ်ဖြစ်ပေသည်။

ဤသုတ်ကို အရှင်အာနန္ဒာ ဟောကြားတော်မူခဲ့သည်။ အရှင်အာနန္ဒာသည် ဗုဒ္ဓဘုရား ပရိနိဗ္ဗာန် ပြုတော်မူ၍ သာဓုကီဠန သဘင်ကိစ္စများ ပြီးစီးသောအခါ ဗုဒ္ဓဘုရား၏ သပိတ် သင်္ကန်းတော်များကို ယူဆောင်ခဲ့ပြီးလျှင် ဗုဒ္ဓဘုရား ၂၄– ဝါတိုင်တိုင် အများဆုံး သီတင်းသုံး နေထိုင်တော်မူခဲ့ရာ သာဝတ္ထိမြို့တော် ဇေတဝန် ကျောင်းတော်ကြီးသို့ ပြန်ကြွတော် မူလာခဲ့လေသည်၊ ဇေတဝန် ကျောင်းတော်ကြီးသို့ ရောက်တော်မူလျှင်ပင် သုဘာလုလင်သည် အရှင်အာနန္ဒာအား ဆွမ်းဘုဉ်းပေးပင့်၍ သိလိုသော ပြဿနာကို မေးလျှောက်သဖြင့် သုဘာလုလင်၏ အိမ်မှာပင် ဆွမ်းဘုဉ်းပေးကြွရင်း ဤသုတ်ကို ဖြေရှင်း ဟောကြားတော် မူခဲ့ပေသည်။ ဤသုတ်ကို အရှင် အာနန္ဒာ ဟောတော်မူခဲ့သည့် ကာလကို ပါဠိတော်ရင်း၌ ဗုဒ္ဓဘုရား ပရိနိဗ္ဗာန် စံတော်မူ၍ မကြာမြင့်မီမှာ ဟောသည်ဟု လာရှိသော်လည်း မကြာမြင့်မီ ဆိုသော စကားမှာ တစ်လအတွင်း၌ ဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ကြောင်းကို အရှင် ဗုဒ္ဓဃောသဆရာ ဖွင့်ဆိုထားတော် မူခဲ့ပေသည်။

သုဘာလုလင်၏ ဗုဒ္ဓဝါဒီ ဖြစ်လာပုံမှာ မှတ်သားဖွယ် ကောင်းပေသည်၊ ဗုဒ္ဓခေတ်တွင် ကောသလတိုင်း သာဝတ္ထိမြို့တော်နှင့်မနီးမဝေးတွင် တုဒိခေါ် ရွာတစ်ရွာ ရှိ၏၊ ထိုတုဒိရွာတွင် ၄၅–ကုဋေ ကြွယ်ဝသော ပုဏ္ဏား တစ်ယောက် ရှိရာ ထိုပုဏ္ဏားကား တောဒေယျ ပုဏ္ဏားကြီးပင် ဖြစ်ပေ၏၊ တောဒေယျ ပုဏ္ဏားသည် လှူဒါန်း ပေးကမ်းလျှင် ဥစ္စာပစ္စည်း မကုန်ခန်းဘဲ မနေနိုင်ဟု သဘောပိုက်၍ အလွန်တစ်ရာ စေးနဲတွန့်တိုသူ ဖြစ်ပေ၏၊ ထိုပုဏ္ဏားသည် သေလွန်သောအခါ၌ မိမိအိမ်မှာပင် ခွေး ဖြစ်လာရသော်လည်း သားဖြစ်ခဲ့သူ၏ ချစ်ခင် ယုယခြင်းကို ရရှိသဖြင့် သူဌေးသားသည် ထိုခွေးအား မိမိစားသော ခွက်ဖြင့် ကျွေးမွေး၍ ကောင်းမွန်သော အိပ်ရာ၌ သိပ်၏။

ဗုဒ္ဓဘုရားသည် တစ်နေ့သောအခါ သူဌေးသား မရှိခိုက် ထိုအိမ်သို့ ဆွမ်းခံကြွတော်မူ၏၊ ထိုခွေးသည် ဗုဒ္ဓဘုရားကို ဆီး၍ဟောင်လေရာ ထိုအခါ ဗုဒ္ဓ ဘုရားသည် –

"အို တောဒေယျ..... သင်သည် ငါဘုရားကို ယခင်က ဘော (အိုအချင်း)ဟု ခေါ်ဝေါ် ပြောဆိုခဲ့သဖြင့် ယခု ခွေး ဖြစ်နေရသည်၊ ယခုတစ်ဖန် ဟောင်ဘိပြန်မူကား ငရဲသို့ ကျရောက် ဖို့သာ ရှိတော့သည်" ဟု မိန့်တော်မူ၏၊ ထိုအခါခွေးသည် စိတ်မချမ်းမသာ ဖြစ်၍ ဖိုခနောက် ကြားရှိ ပြာပုံသို့ ဝင်၍ ဝပ်၏၊ ချိမ၍ ချထားသော်လည်း အိပ်ရာပေါ်၌ မနေတော့ချေ၊ သူဌေးသား ပြန်လာ၍ ခွေးကိုနေရာ၌ မတွေ့ရလျှင် မည်သူ မောင်းမဲထားသနည်းဟု မေးမြန်း၏၊ အိမ်သားတို့လည်း ဗုဒ္ဓ ဘုရား မိန့်ကြားတော် မူသွားပုံကို ပြန်လည် ပြောဆို ကြကုန်၏။

သူဌေးသားသည် ထိုစကားကို ကြားရသောအခါ "ငါ၏ အဖ သည် ဗြဟ္မာပြည်၌ ဖြစ်သည်၊ သို့ပါလျက် ဗုဒ္ဓ ဂေါတမသည် မဟုတ် မမှန် စွပ်စွဲ ပြောဆိုဘိသည်" ဟု အမျက်ဒေါသ ထွက်၍ ကျောင်းတော် သို့ လိုက်သွားပြီးလျှင် အကြောင်းကို မေးလျှောက်၏၊ ထိုအခါ ဗုဒ္ဓ ဂေါတမသည် သူဌေးသားအား "သင်၏ အဖ ဖြစ်သူ မပြောမဆိုဘဲ ကျန်ရှိ နေသော ပစ္စည်းများ ရှိသလော"ဟု မေးတော်မူရာ သူဌေး သားသည် "အဖဖြစ်သူမပြောမဆိုခဲ့သော တစ်သိန်းတန် ရွှေပန်းခိုင်, တစ်သိန်းတန် ရွှေခြေနင်း, တစ်သိန်းတန် ရွှေခွက်, အသပြာ တစ်သိန်း တိတိတို့ ရှိပါသည်"ဟု လျှောက်သဖြင့် "ထိုသို့ဖြစ်လျှင် ထိုခွေးအား ရေမပါသော ပျားနို့ ထမင်းကို ကျွေးမွေး၍ ကောင်းမွန်သော နေရာ၌ နေစေ၍ မေးလော့"ဟု မိန့်တော်မူလိုက်၏၊ သူဌေးသားသည် အိမ်သို့ ပြန်လာ၍ မိန့်တော်မူလိုက်သည့်အတိုင်း ပြုလုပ်ရာ ထိုပစ္စည်း··းကို ရရှိလေ၏၊ ထိုအခါမှ ဗုဒ္ဓ ဘုရားကို ယုံကြည်လာပြီးလျှင် ပြဿနာ တစ်ဆယ့် လေးရပ်ကို မေးလျှောက်ကာ အဖြေကို ကြားနာရသည့် အချိန်၌ သရဏဂုံ ဆောက်တည်၍ ကိုးကွယ် ဆည်းကပ်သည်၊ ထိုသူဌေးသားကား ဤသုဘာလုလင်ပင် ဖြစ်ပေသည်။

သုဘလုလင်သည် ဤသုတ်၌ အရှင် အာနန္ဒာအား ဗုဒ္ဓ ဘုရား သည် **အဘယ်တရားများကို ချီးမွမ်းတော်** မူပါသနည်း၊ တပည့် သာဝက တို့အား ဆောက်တည် ကျင့်သုံးစေသော တရား များကား အဘယ် တရားတို့ ဖြစ်ကြပါသနည်း ဟု မေးလျှောက်ရာ အရှင် အာနန္ဒာသည် ထိုသို့ ဗုဒ္ဓဘုရား ချီးမွမ်းတော်မူ၍ တပည့်သာဝက တို့အား ဆောက်တည် ကျင့်သုံးစေတော် မူခဲ့**သော** တရားတို့မှာ သီလ, သမာဓိ, ပညာများပင် ဖြစ်ကြသည် ဟု အကျဉ်းအားဖြင့် ဖြေဆိုတော် မူခဲ့ပေသည်၊ တစ်ဖန် ဆက်လက်၍ ဗုဒ္ဓဘုရား ဟောကြားတော်မူနေကျ အစီအစဉ် အတိုင်းပင် သီလ, သမာဓိ, ပညာများကို ကျယ်တဝင့် ဝေဖန် ဟောကြားတော် မူခဲ့ရာ သီလ, သမာဓိ, ပညာ ဟူသော ဗုဒ္ဓသာသနာ၏ အကြောင်းကို စုံစုံလင်လင် ပြတ်ပြတ်သားသား သိနားလည် လိုသူတို့သည် ဤသုတ်ကို ဖတ်နာ ကြည့်ရှု သင့်ကြပေသည်။

# ၁၀-သုဘသုတ်

| | |
|---|---|
| သုတ်စဉ် | — ၁၀- သုဘသုတ်။ |
| ဟောသည့်အချိန် | — နံနက် ဆွမ်းစားပြီးချိန်။ |
| ဟောရာအရပ် | — သုဘလုလင်၏ အိမ်၊ (သာဝတ္ထိပြည်)။ |
| ဟောသည့် ပုဂ္ဂိုလ | — အရှင် အာနန္ဒာ။ |
| နာယူသည့် ပရိသတ် | — သုဘလုလင်။ |
| ဟောခြင်းအကြောင်း | — မြတ်စွာဘုရား၏ ဗုဒ္ဓဝါဒကို မေးလျှောက်ခြင်း။ |
| ဟောသည့်တရား | — သီလ, သမာဓိ, ပညာ။ |

## အဏ္ဏုပ္ပတ္တိ နိဒါန်း

**အရှင်အာနန္ဒာနှင့် သုဘလုလင်** အခါတစ်ပါး၌ အရှင် အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူ၍ မကြာမြင့်မီမှာပင် (တစ်လခန့် အကြာတွင်) သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။

ထိုအချိန်တွင် တောဒေယျ ပုဏ္ဏား၏သား သုဘလုလင်သည်လည်း ကိစ္စ တစ်စုံတစ်ခုဖြင့် သာဝတ္ထိမြို့၌ပင် နေထိုင်ဆဲဖြစ်လေ၏၊ သုဘလုလင်သည် အရှင်အာနန္ဒာ ကြွလာတော် မူကြောင်းကို ကြားသိ ရလျှင် လုလင်တစ်ယောက်ကို ခေါ်၍ အမောင် .....အရှင်အာနန္ဒာ ထံသို့ သွား၍ တောဒေယျ ပုဏ္ဏား၏သား သုဘလုလင်သည် အရှင်ဘုရား၏ ကျန်းမာ တော်မူခြင်း, ချမ်းသာစွာ နေထိုင်တော် မူရခြင်းကို မေးလျှောက် ပါသည် ဟု ငါ၏ စကားဖြင့် ကျန်းမာ, ချမ်းသာခြင်းကို မေးလျှောက်လော့၊ ထို့ပြင် အရှင် အာနန္ဒာသည် သုဘလုလင်၏ အိမ်သို့ သနားသဖြင့် ကြွတော်မူရန် တောင်းပန်ပါသည်ဟုလည်း လျှောက်ထားလော့ဟု စေလွှတ် လျှောက်ထားစေ၏။

သုဘလုလင်မှာလိုက်သည့် အတိုင်းပင် ထိုလုလင်သည် အရှင် အာနန္ဒာ အထံတော်သို့ သွားရောက်၍ လျှောက်ထားရာ အရှင် အာနန္ဒာသည် အို လုလင်ငယ်.....(ယနေ့) အခါမဟုတ်သေး၊ ငါသည်

ဝမ်းနှုတ်ဆေး အနည်းငယ် သောက်ထား ပေသည်၊ နက်ဖြန်၌ကား အချိန်ကာလနှင့် အကြောင်း ညီညွတ်မှုကို ထောက်ထား၍ လာနိုင်ကောင်း လာနိုင်ပေလိမ့်မည်ဟု မိန့်တော်မူလိုက်၏။

စေလွှတ်လိုက်သော လုလင်ငယ်သည် အရှင်အာနန္ဒာ၏ မိန့်တော်မူချက်ကို သုဘ လုလင်အား ပြန်ကြား ပြောဆိုသော အခါ သုဘလုလင်သည်၊ "အမောင်..... ဤမျှသော စကားဖြင့် နက်ဖြန် ဆွမ်းဘုန်းပေးကြွတော်မူရန် ခွင့်ပြုတော်မူ ခြင်းပင် ဖြစ်ပေသည်"ဟု ဆို၏။

**သုဘလုလင်၏ပြဿနာ**

နောက်တစ်နေ့ နံနက်၌ အရှင် အာနန္ဒာသည် သုဘလုလင်၏ အိမ်သို့ ကြွတော်မူ၍ အသင့် ခင်းထားသော နေရာ၌ ထိုင်တော် မူ၏၊ သုဘလုလင်သည် အရှင်အာနန္ဒာ၏ အထံသို့ ချဉ်းကပ်၍ ဝမ်းမြောက်ဝမ်းသာ ပြောဆို နှုတ်ဆက်ပြီးလျှင် သင့်ရာ၌ ထိုင်ပြီးနောက် ဤသို့ လျှောက်၏။

သုဘ။ ။ အရှင်အာနန္ဒာသည် အရှင်ဂေါတမ၏ ကြာမြင့်စွာသော အနီးနေ အလုပ်အကျွေး ဖြစ်ပါသည်။၊ အရှင်ဂေါတမသည် အဘယ်သို့သော တရားတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းတော်မူသည်၊ အဘယ် တရား၌ လူများ အပေါင်းကို ဆောက်တည် ကျင့်သုံးစေသည် ဆိုသော အချက်ကို သိနိုင်ရာပါသည်။

အရှင်ဘုရား..... အရှင်ဂေါတမသည် အဘယ်တရားတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းတော် မူလေ့ရှိပါသနည်း၊ အဘယ်တရား၌ လူများ အပေါင်းကို ဆောက်တည် ကျင့်သုံးတော် မူစေပါသနည်း။

**အဋ္ဌုပ္ပတ္တိ နိဒါန်း ပြီးပြီ။**

---

**ဗုဒ္ဓဝါဒ**

ထိုအခါ အရှင်အာနန္ဒာသည် ဤသို့ မိန့်တော်မူ၏၊ အိုလုလင်.....ဘုန်းတော်ကြီးမားသော မြတ်စွာဘုရားသည် အစု သုံးပါးတို့၏ ဂုဏ်ကျေးဇူးကို • ချီးမွမ်းတော် မူပေသည်၊ ဤအစု သုံးပါးတို့၌ လူများ အပေါင်းကို ဆောက်တည် ကျင့်သုံး စေတော်မူသည်၊ နှလုံးသွင်း စေတော်မူသည်။

ထိုအစုသုံးပါးတို့မှ မြတ်သောသီလက္ခန်ခေါ် သီလအစု, မြတ်သော သမာဓိက္ခန်ခေါ် သမာဓိအစု, မြတ်သော ပညက္ခန် ခေါ် ပညာအစုတို့ ဖြစ်ကြပေသည်။

သုဘ။ ။ အရှင်ဘုရား..... မြတ်စွာဘုရား ချီးမွမ်း, ဆောက်တည် စေတော်မူသော သီလက္ခန် ခေါ် သီလအစုကား အဘယ်ပါနည်း။

## အရှင်အာနန္ဒာ၏ အဖြေများ

**သီလက္ခန္ဓ-သီလအစု**

ထိုအခါ အရှင် အာနန္ဒာသည် မြတ်စွာဘုရား ဖြစ်ပေါ်တော် မူလာသည်မှ စ၍ ဗြဟ္မဇာလသုတ် အတိုင်း အခြေခံ သီလသုံးမျိုးကို ဟောတော်မူပြီးနောက်၊ အိုလုလင်..... ဤသီလ အစုသည် မြတ်သော သီလ အစုပင် ဖြစ်ပေသည်၊ ဤသီလ အပေါင်း ထက် ပိုလွန်၍ ဤသာသနာတော်၌ ရဟန်းတို့မှာ ပြုဖွယ် ကိစ္စ ရှိကြပေ သေးသည်။

အရှင်ဘုရား..... အံ့ဩဖွယ် ရှိလှပါပေသည်၊ ဤမျှပြည့်စုံသော မြတ်သော သီလအစုကို သာသနာတော်မှအပ အခြား တိတ္ထိတို့၌ မမြင် မကြားရဖူးပါ၊ တိတ္ထိ တို့သည် ဤမျှ ပြည့်စုံသော သီလမျိုးသာ ရှိကြ ပါမူဤမျှဖြင့် ပြည့်စုံလှပြီ၊ ရဟန်းပြုကျိုးကို ငါတို့ ရရှိကြပြီ၊ ဤသီလ ထက် ပို၍ ပြုဖွယ် မရှိပြီဟု ဆိုကြပေလိမ့်မည်၊ ယခုမူကား အရှင် အာနန္ဒာသည် ထိုသီလထက် အလွန်ပြုကျင့်ဖွယ် ရှိသေးသည်ဟု အတိ အလင်း မိန့်တော်မူပေသည်။

အရှင်ဘုရား..... မြတ်စွာဘုရား ချီးမွမ်း, ဆောက်တည် စေတော် မူသော သမာဓိက္ခန်ခေါ် သမာဓိ အစုကား အဘယ်ပါနည်း။

**သမာဓိက္ခန္ဓ-သမာဓိတရားအစု**

အရှင် အာနန္ဒာသည် သာမည ဖလသုတ်၌ ဟောတော်မူသော ဣန္ဒြိယသံဝရ သီလ, သတိသမ္ပဇဉ်, သန္တောသ တို့နှင့် တကွ ဈာန် လေးပါး တို့ကို မြတ်စွာ ဘုရား၊ ဟောတော် မူသည့် အတိုင်း ဟောပြီးနောက်၊ “အို လုလင်..... ဤ သမာဓိ တရား

အစုသည် မြတ်သော သမာဓိက္ခန် ခေါ် သမာဓိအစုပင် ဖြစ်ပေသည်၊ ဤသမာဓိ တရားအစုထက် ပိုလွန်၍ ဤသာနာတော်၌ ပြုကျင့်ဖွယ် လည်း ရှိပေသေးသည်။ *

သုဘာ။ ။ အရှင်ဘုရား.....အံ့ဩဖွယ်ရာ ရှိလှပါသည်၊ (ရှေးနည်းတူချီးမွမ်း၍) မြတ်စွာ ဘုရား ချီးမွမ်း, ဆောက်တည် စေတော်မူသော ပညက္ခန်ခေါ် ပညာအစုကား အဘယ်ပါနည်း။

**ပညက္ခန္ဓ–ပညာအစု**

အရှင် အာနန္ဒာသည် သာမည ဖလ သုတ်လာ ဉာဏ်ဆယ်ပါးကို မြတ်စွာ ဘုရား ဟောတော် မူသည့် အတိုင်း ဟောတော် မူပြီးနောက်၊ "အို လုလင်.... ဤတရား အပေါင်းသည် မြတ်စွာဘုရား ချီးမွမ်း ဆောက်တည် စေသော ပညက္ခန် ခေါ် ပညာ အစုပင် ဖြစ်ပေသည်၊ ဤပညာအစုထက် ပိုလွန်၍ ဤသာသနာတော်၌ ရဟန်းတို့မှာ ပြုကျင့်ဖွယ် ကိစ္စ မရှိပြီ။ *

---

* **သမာဓိက္ခန္ဓ**။ ။ သမာဓိ+ခန္ဓ= သမာဓိတရားပေါင်း၊ ဈာန်သမာပတ်တို့သာ သမာဓိခန္ဓ တွင် ပါဝင်ကြသည် မဟုတ်၊ သမာဓိတရားကို ဖြစ်ပွားစေကြောင်း ဖြစ်သော (က) ဣန္ဒြိယ သံဝရ– ဣန္ဒြေ ခြောက်ပါးကို စောင့်ထိန်းခြင်း၊ (ခ) သတိသမ္ပဇဉ်– လှုပ်ရှား, သွားလာတိုင်း မှတ်သိမှု သတိနှင့်ပညာ၊ (ဂ) သန္တောသ–ရောင့်ရဲတင်းတိမ်ခြင်း တို့ကိုလည်း သမာဓိက္ခန္ဓ အတွင်းသို့ သွတ်သွင်း၍ အရှင်အာနန္ဒာ ဟောတော်မူသည်။

* **ပညက္ခန္ဓ**။ ။ မြတ်စွာဘုရား ချီးမွမ်း, နှစ်သက်တော်မူသော ပညာအစစ်မှာ ဤဉာဏ်ဆယ်ပါးပင် ဖြစ်သည်၊ (ဝိပဿနာဉာဏ် အစ၊ အာသဝက္ခယဉာဏ်အဆုံး) ဤဉာဏ်ဆယ်ပါးထက် ပို၍ သို့မဟုတ်, အရဟတ္တမဂ်ဉာဏ် ဖြစ်သော အာသဝက္ခယ ဉာဏ်ထက်ပို၍ ပြုဖွယ်ကိစ္စ မရှိပြီ၊ အရဟတ္တမဂ်ဉာဏ်သို့ ရောက်လျှင် အခြားမဲ့၌ပင် အရဟတ္တဖိုလ်စိတ် ပေါ်လာ၍ ရဟန္တာ ဖြစ်တော့သည်၊ ရဟန္တာဖြစ်လျှင် နောက်တစ်ဖန် ပဋိသန္ဓေ မနေရပြီ၊ ဘဝပြီးဆုံးပြီ ဖြစ်၍ မြတ်စွာဘုရား၏ သာသနာတော်သည် အရဟတ္တဖိုလ်ကိုအထွတ်တင်ထားသည်၊ထိးတင်ထားသည်ဟုလည်းကောင်း၊အရဟတ္တဖိုလ်၏ ဘာရုံ နိဗ္ဗာန် ချမ်းသာ ဟူသော ဝိမုတ္တိရသ တစ်ပါးသာ လိုရင်းဖြစ်သည်ဟု လည်းကောင်း သိမြင်ကြရသည်၊ သီလက္ခန္ဓ– စသည်ကို သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် ဟုလည်း ခေါ်ဝေါ်သုံးစွဲနိုင်သည်၊ ခန္ဓသည် ဤ၌ဂုဏ်ကို ဟောသည်ဟု ဖွင့်ပြထားပြင်၏။

သုဘာ။ ။ အရှင် ဘုရား…. အံ့ဩဖွယ် ကောင်းလှ ပါပေသည်၊ (ရေးအတူ ချိမွမ်း၍) အကျွန်ုပ်သည် ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်ရာ ဟူ၍ သိမှတ်ပါသည်၊ အရှင်ဘုရား အာနန္ဒာသည် အကျွန်ုပ်ကို ယနေ့မှ အစပြု၍ အသက်ထက်ဆုံး သရဏဂုံ တည်သော ဥပါသကာ ဟူ၍ မှတ်ယူတော်မူပါလော့။

သုဘာသုတ် ပြီးပြီ။

# ကဝဏ္ဍသုတ်

## ကေဝဋ္ဋသုတ် အမှာ

ကေဝဋ္ဋသုတ် ဆိုသည်မှာ ကေဝဋ္ဋအမည် ရှိသော သူကြွယ်အား နားလည်မှုရရှိအောင် ရှင်းလင်း ဟောကြားတော်မူသော သုတ်ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် နာလန္ဒာမြို့ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် ဤသုတ်ကို ဟောကြားတော် မူခဲ့လေသည်၊ နာလန္ဒာမြို့မှာ ဘီဟာလိုက် ရထားလမ်းပေါ်ရှိ ဆရာဂွန်ရွာ အနီး၌ တည်ရှိသည်၊ ရာဇဂြိုဟ်မြို့ မီးရထားလမ်းအဖြောင့်ခရီးမှာ ၄– မိုင်ခန့်သာကွာ၍ ရိုးရိုးလမ်းခရီးမှာ ခုနစ်မိုင်ခန့် ကွာဝေးသည်ဟု ဆိုကြသည်။ ဘီဟာနာမ် မြို့တော် ပါဋ္ဌနာ (ပါဋ္ဌလိပုတ်)မှ ၅၅– မိုင်ခန့်ရှိပြီး ရာဇဂြိုဟ်မှ တောင်ဘက် ပါဋ္ဌနာမှ အနောက်ဘက်တွင် တည်ရှိသည်။ ခရာဇ်သက္ကရာဇ် ၁– ရာစုခန့်မှ စ၍ မဟာယာနဗုဒ္ဓဘာသာ ထွန်းကားချိန်တွင် ကျောင်းသား တစ်သောင်းခန့် စာသင်နိုင်သော အိန္ဒိယတွင် အကြီးမားဆုံး ဗုဒ္ဓ တက္ကသိုလ်ကြီး တည်ရှိခဲ့သဖြင့် ကမ္ဘာ့ရာဇဝင်၌ ယနေ့တိုင် ထင်ရှားကျော်စောသည်။

နာလန္ဒာမြို့နေ ကုဋေ ၄၀–ခန့် ကြွယ်ဝ ချမ်းသာသော ကေဝဋ္ဋ သူကြွယ်သည် တစ်နေ့သောအခါ ဗုဒ္ဓဘုရားအထံတော်သို့ ရောက်လာ၍ "အရှင်ဘုရား...လဝက်တစ်ကြိမ်, သို့မဟုတ်, တစ်လတစ်ကြိမ် ဆိုသလို တန်ခိုးပြာဋိဟာပြဖို့ ရဟန်းတစ်ပါးပါးကို ခန့်ထား၍ တန်ခိုးပြာဋိဟာ ပြစေတော် မူပါလျှင် လူတို့သည် အတိုင်းထက်အလွန် သာသနာတော်ကို ကြည်ညိုကြ ပါလိမ့်မည်။ ထို့ကြောင့် ရဟန်းတစ်ပါးပါးကို တန်ခိုးပြ ရဟန်းဟု ခန့်ထားတော် မူစေလိုပါသည်"ဟု လျှောက်ထားလေသည်။ ထိုသူကြွယ်သည် သာသနာတော်ကို အလွန်ကြည်ညိုသူဖြစ်၍ လူအများ တို့ လျင်မြန်စွာ သာသနာတော်ကို ကြည်ညိုမည့် နည်းကို သဘောရိုး အတိုင်း လျှောက်ထားခြင်း ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ကေဝဋ္ဋသူကြွယ်၏ တောင်းပန်ချက်ကို လက်ခံတော် မမူဘဲ ဣဒ္ဓိပါဋိဟာရိယ ခေါ် တန်ခိုးပြ၍ ကြည်ညိုအောင် လုပ်နည်း၊ အာဒေသနာ ပါဋိဟာရိယခေါ် သူတစ်ပါး၏ စိတ်အကြံကို ဖော်ထုတ် ညွှန်ကြား ပြ၍ ကြည်ညိုအောင် လုပ်နည်း, အနုသာသနီ ပါဋိဟာရိယ ခေါ် ဆုံးမသြဝါဒပေး၍ ကြည်ညိုအောင် လုပ်နည်းဟူသော ပြာဋိဟာ သုံးမျိုးကို ဖော်ပြတော် မူပြီးလျှင် ဆုံးမသြဝါဒပေး၍ ကြည်ညိုအောင် ပြုလုပ်နည်း ကိုသာ အပြစ်ကင်းသောကြောင့် ခွင့်ပြုတော် မူကြောင်း

ရှေ့နှစ်နည်းကိုကား ဂန္ဓာရီဝိဇ္ဇာ, မဏိကဝိဇ္ဇာတို့နှင့် ရောထွေး၍ အထင်များဖွယ်ရာ ရှိသောကြောင့် ခွင့်ပြုတော် မမူကြောင်းကို မိန့်မြွက်တော်မူခဲ့ပေသည်။

ဤစကားရပ်၌ ဂန္ဓာရီဝိဇ္ဇာ ဆိုသည်မှာ - ဂန္ဓာရ ရသေ့ တီထွင်ခဲ့သော အတတ်, သို့မဟုတ်, ရသေ့အများတို့ နေထိုင်ရာ ဂန္ဓာရတိုင်းဖြစ် အတတ်ဟု အမိပ္ပာယ်ရှိ၍ ထိုအတတ်ကို တတ်မြောက်သော သူသည် ဣဒ္ဓိဝိဓ အဘိညာဉ် ရသူအလား များပြားသော တန်ခိုးတို့ကို ဖန်ဆင်းပြသနိုင်သည်ဟု ဆိုလေသည်။ မဏိကဝိဇ္ဇာ ဆိုသည်မှာ -လောကတွင် စိန္တာမဏိ အတတ် ဟု ထင်ရှားသော ကြံတိုင်းသိ အတတ်မျိုးဟု အမိပ္ပာယ်ရှိ၍ ထိုအတတ်ကို တတ်ကျွမ်းသူသည် သူတစ်ပါးတို့၏ စိတ်အကြံကို အမှန် အတိုင်း သိမြင်နိုင်သည်ဟု ဆိုလေသည်၊ ဂန္ဓာရီအတတ်နှင့် ပတ်သက်နေသော ဂန္ဓာရတိုင်း ဆိုသည်မှာလည်း တရုတ်ပြည်ပင် ဖြစ်သည်ဟုအချို့ဆရာတို့ယူဆမိန့်မြွက်တော် မူကြသည်၊ ယခုခေတ် ပညာရှိတို့ကား ကသ္မီရတိုင်းနှင့် ဆက်စပ်နေသော ကဘူလ် (Kabul)နယ်ကို ဂန္ဓာရတိုင်း, တက္ကသိုလ်ပြည်ဟု ဆုံးဖြတ်ကြလေသည်၊

ထို့ပြင် ဤသုတ်၌ ဗုဒ္ဓဘုရားသည် ဗုဒ္ဓခေတ်တိုင်း၌ တစ်ယောက်တစ်ယောက် ပေါ်ပေါက်မြဲဖြစ်သော မဟာဘူတ ပရိယေသက ခေါ် မဟာဘုတ် ချုပ်ပျောက်ရာကို ရှာဖွေသော ရဟန်း၏ အကြောင်း ကိုလည်း ဣဒ္ဓိနှင့် အာဒေသနာ ပြာဋိဟာ နှစ်မျိုးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ မဖြစ်ကြောင်း, အနုသာသနီပြာဋိဟာသာ ထွက်မြောက်ရာ ဖြစ်ကြောင်းကို သွယ်ဝိုက်သော နည်းဖြင့် ဖော်ပြတော် မူလိုသောကြောင့် ထည့်သွင်းဟောကြားတော်မူခဲ့လေသည်၊ ထိုရဟန်းသည် မဟာဘုတ် လေးပါးတို့ အကြွင်းမဲ့ ချုပ်ပျောက်ရာကို သိလိုသဖြင့် ဗြဟ္မာပြည်တိုင်အောင် လှည့်လည်မေးမြန်းရာ မဟာဗြဟ္မာသည် ဗုဒ္ဓဘုရားအထံသို့သာ ပြန်၍ မေးလျှောက်ရန် အကြံပေးလိုက် လေသည်၊ ဗုဒ္ဓ၏ အဖြေမှာ ထိုအရပ်ကား နိဗ္ဗာန်သာ ဖြစ်သည်ဟူသော အဖြေပင် ဖြစ်ပေသည်။

ဤသုတ်သည် ပြာဋိဟာ သုံးမျိုး, ထူးဆန်းသော အတတ်နှစ်မျိုး မဟာဘူတ ပရိယေသက ရဟန်းဝတ္ထု, ကမ်း, ကြည့်, ကျီး ဥပမာများကို ဟောကြားတော် မူခဲ့ရာ ထူးဆန်း၍ မှတ်သားဖွယ် ကောင်းလှသော သုတ်ဖြစ်ပေသည်။

# ၁၁-ကေဝဋ္ဋသုတ်

| | | |
|---|---|---|
| သုတ်စဉ် | — | ၁၁- ကေဝဋ္ဋသုတ်။ |
| ဟောရာအချိန် | — | နေ့အချိန်။ |
| ဟောရာအရပ် | — | နာလန္ဒာမြို့ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်။ |
| ဟောသည့် ပုဂ္ဂိုလ် | — | မြတ်စွာဘုရား။ |
| နာယူသည့် ပရိသတ် | — | ကေဝဋ္ဋသူကြွယ် (ကေဝဋ်သူကြွယ်) |
| ဟောခြင်းအကြောင်း | — | သာသနာတော်ကို ပိုမို ကြည်ညိုအောင် တန်ခိုးပြ ရဟန်းထားဖို့ လျှောက်ထားတောင်းပန်ခြင်း။ |
| ဟောသည့်တရား | — | အံ့ဩဖွယ် တန်ခိုးသုံးမျိုးနှင့် အတတ်ကြီးသုံးပါး၊ ဓာတ်ကြီး လေးပါး၊ အကြွင်းမဲ့ ချုပ်ရာဌာန ပြဿနာ အဖြေ။ |

## အဏ္ဏုပ္ပတ္တိ နိဒါန်း

အခါတစ်ပါး၌ မြတ်စွာ ဘုရားသည် နာလန္ဒာမြို့အနီး ပါဝါရိက သူဌေး၏ သရက် ဥယျာဉ်၌ သီတင်းသုံးတော်မူ၏၊ ထိုအခါ ကေဝဋ်သူကြွယ်သည် မြတ်စွာဘုရား အထံတော်သို့ လာ၍ ဤသို့ လျှောက်ထားတောင်းပန်၏။

**ကေဝဋ်သူကြွယ်၏ လျှောက်ထားချက်**

အရှင် ဘုရား……နာလန္ဒာမြို့သည် ကြွယ်ဝ ချမ်းသာ၍ လူဦးရေ များပြားစည်ကားလှပါသည်၊ မြတ်စွာဘုရားကိုလည်း အလွန်ကြည်ညို ကြပါသည်၊ တန်ခိုးပြာဋိဟာ ပြမည့် ရဟန်းတစ်ပါးကို ခန့်ထား၍ တန်ခိုးပြာဋိဟာ ပြစေတော်မူရပါလျှင် အတိုင်းအထက်အလွန် ကြည်ညိုကြပါလိမ့်မည်၊ ထို့ကြောင့် တန်ခိုးပြမည့် ရဟန်းတော်တစ်ပါးကို ခန့်ထားတော် မူစေလိုပါသည်။

ထိုအခါ မြတ်စွာဘုရားသည် "အို ကေဝဋ်သူကြွယ်..... ငါ ဘုရားသည် အဝတ်ဖြူ ကို ဝတ်သော လူအပေါင်းတို့အား ဥတ္တရိ မနုဿဓမ္မခေါ် ရှာန်မဂ်ဖိုလ် တရားမှ တန်ခိုးပြာဋိဟာ ပြရန် ရဟန်း တို့အား ဟောကြားတော် မမူလို"ဟု မိန့်တော်မူသော်လည်း သုံးကြိမ် တိုင်တိုင် အထက်ပါ စကားကို လျှောက်ထား တောင်းပန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏။

**အဋ္ဌုပ္ပတ္တိ နိဒါန်း ပြီးပြီ။**

## ဗုဒ္ဓနှင့် တန်ခိုးပြာဋိဟာ

**ပြာဋိဟာသုံးမျိုး**

အိုကေဝဋ်......ငါဘုရားသည် ကိုယ်တိုင် သိရှိ၊ မျက်မှောက်ပြု၍ ဟောကြား အပ်သော ပြာဋိဟာ တို့မှာ- ၁။ ဣဒ္ဓိပါဋိဟာရိယ ခေါ် တန်ခိုး ဖန်ဆင်းခြင်း။ ၂။ အာဒေသနာပါဋိဟာရိယ ခေါ် သူတစ်ပါးတို့၏ စိတ်အကြံအစည်တို့ကို ညွှန်ကြားပြောဆိုနိုင်ခြင်း။ ၃။ အနုသာသနီပါဋိဟာရိယ ခေါ် ဤသို့ ပြုကျင့်ရမည်၊ ဤသို့ မပြုကျင့်ရ စသည်ဖြင့် ဆုံးမ ဟောကြားခြင်း ဟူသော ဤ သုံးပါးတို့ပင် ဖြစ်ကြပေသည်။ *

**ပယ်တော်မူသောပြာဋိဟာများ**

အို ကေဝဋ်......ဤသုံးပါး တို့တွင် ဤ သာသနာတော်၌ တစ်ပါး ပါးသော ရဟန်းသည် တစ်ပါးတည်းမှ အများအပြား ဖြစ်လာခြင်း၊ အများအပြားမှ တစ်ပါးတည်း ဖြစ်လာခြင်း၊ နံရံ၊ တံတိုင်း၊ တောင်တို့ ခြားရာ အရပ်၌ ကောင်းကင်ကဲ့သို့ မထိပါးဘဲ ကြွသွားခြင်း၊ မြေကြီး၌ ရေမှာကဲ့သို့ ငုတ်ခြင်း၊ ပေါ်ခြင်း ရေ၌လည်း မြေကြီးမှာ ကဲ့သို့ မပြိုပြကွဲဘဲသွားလာခြင်း၊ ကောင်းကင်၌

---

* **ပါဋိဟာရိယ**= ပြာဋိဟာ။ ။ ပြာဋိဟာ ဟူသည်မှာ ဆန့်ကျင်ဘက်များကို ပယ်ရှား နှိမ်နင်းကြောင်း အစွမ်းသတ္တိထူးပင် ဖြစ်သည်၊ သို့သော် နေရာတိုင်းမှာ သုံးလေ့ မရှိ။

ငှက်ကဲ့သို့ တင်ပလ္လင်ခွေဖြင့် သွားလာခြင်း, လ-နေတို့ကို လက်ဖြင့် ကိုင်တွယ် သုံးသပ်ခြင်း, ဗြဟ္မာပြည် တိုင်အောင် အလိုရှိတိုင်း ဖြစ်စေခြင်း, စသော တန်ခိုး ဖန်ဆင်းခြင်းကို ပြုလုပ် ခံစား၏၊ သဒ္ဓါတရား ရှိသော (ယုံကြည်မှုရှိသော) သူတစ်ယောက်ယောက်သည်၊ ထိုရဟန်း၏ တန်ခိုးပြာဋိဟာကို မြင်၍ ဤရဟန်းသည် ဤသို့ တန်ခိုးဖန်ဆင်းနိုင်သည်ဟု ယုံကြည်မှု မရှိသော သူအား ပြောကြားခဲ့လျှင် ထိုမယုံကြည်သော သူသည် ဤရဟန်းကား ဂန္ဓာရီဝိဇ္ဇာ ခေါ် အတတ်ဖြင့် ဖန်ဆင်းသည်ဟု ဆိုရာသည် မဟုတ်လော။

ကေဝဋ်။ ။ အရှင်ဘုရား....ဆိုခဲ့ရာ ပါသည်။

ဗုဒ္ဓ။ ။ အို ကေဝဋ်....ငါ ဘုရားသည် ဣဒ္ဓိ ပါဋိ ဟာရိယ ခေါ် တန်ခိုး ပြာဋိဟာ၌ ဤသို့သော အပြစ်ကို မြင်တော်မူ၍ စက်ဆုပ်တော်မူသည်၊ ရှက်နိုးတော်မူသည်။

အို ကေဝဋ်......ဤသာသနာတော်၌ တစ်ပါး ပါးသော ရဟန်းသည် သူတစ်ပါး၏ စိတ်, စေတသိက်, ဝိတက်, ဝိစာရတို့ကို သင်အား ဤသို့သောစိတ် ဖြစ်ပေါ်နေသည်၊ ဤအခြင်းအရာဖြင့် ဖြစ်ပေါ်သည်ဟု ညွှန်ကြားပြောဆိုရာ၏၊ ယုံကြည်မှု ရှိသော သူတစ်ယောက်ယောက်သည် ထိုရဟန်းကို တွေ့မြင်၍ ဤရဟန်းသည် ဤသို့ သူတစ်ပါး၏ စိတ်အကြံကို ညွှန်ကြားနိုင်သည်ဟု ယုံကြည်မှု မရှိသော သူအား ပြောဆိုခဲ့ပါလျှင် ထိုမယုံကြည်သော သူသည် ဤရဟန်းကား မဏိကဝိဇ္ဇာ ခေါ် အတတ်ဖြင့် ညွှန်ကြားသည်ဟု ဆိုရာသည် မဟုတ်လော။

ကေဝဋ်။ ။ အရှင်ဘုရား...... ဆိုရာပါသည်။

ဗုဒ္ဓ။ ။ အိုကေဝဋ်...... ငါဘုရားသည် အာဒေသနာ ပါဋိဟာရိယ ခေါ် သူတစ်ပါး၏ စိတ်အကြံကို ညွှန်ကြားမှု၌ ဤအပြစ်ကို မြင်တော်မူ၍ စက်ဆုပ်တော်မူသည်။

**အသုံးပြုတော်မူသော ပြာဋိဟာ**

အို ကေဝဋ်......ဤသာသနာတော်၌ တစ်ပါးပါးသော ရဟန်းသည် ဤသို့ ကြံစည်ကြကုန်၊ ဤသို့ မကြံစည်ကြကုန်လင့်၊ ဤသို့ နှလုံးသွင်းကြကုန်၊ ဤသို့ နှလုံးမသွင်းကြကုန်လင့်၊ ဤတရားကို ပယ်စွန့်ကြကုန်၊ ဤတရားကို ပြည့်စုံစေကြကုန်ဟု ဆုံးမ၏၊ ဤသို့ ဆုံးမခြင်းသည် အနုသာသနီ ပါဋိဟာရိယ မည်ပေသည်။

ထို့ပြင် လောက၌ မြတ်စွာဘုရား ပွင့်တော်မူ၍ သီလများကို စောင့်ထိန်းခြင်း၊ ဣန္ဒြေကို စောင့်စည်းခြင်း၊ သတိသမ္ပဇဉ်ရှိခြင်း၊ ရောင့်ရဲ လွယ်ခြင်း၊ ဈာန်သမာပတ်များကို ပြည့်စုံစေ၍ ဝင်စား နေထိုင်ခြင်း၊ ဉာဏ်ဆယ်ပါးတို့ကို ရရှိခြင်းတို့သည်လည်း အနုသာသနီပါဋိဟာရိယပင် ဖြစ်ကြပေသည်။ (သာမညဖလသုတ်ကြည့်)

ဤသည်တို့ကား ငါဘုရားသည် ကိုယ်တိုင်သိမြင်၊ မျက်မှောက်ပြုပြီး၍ ဟောကြားအပ်ကုန်သော ပါဋိဟာရိယ သုံးပါးတို့ ဖြစ်ကြပေသည်။

**စတုဟာဘူနိရောဓ ပြဿနာ**

အို ကေဝဋ္ဋ…ရှေးက ဖြစ်ခဲ့ဖူးသည်မှာ ဤရဟန်း အပေါင်း၌ မထင်ရှားသော ရဟန်း တစ်ပါးအား ဤပထဝီစသော မဟာဘုတ် လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပျောက်ကြကုန်သနည်းဟု အကြံ ဖြစ်ပေါ်ခဲ့၏၊ ထိုရဟန်းသည် နတ်ပြည်သို့ သွားနိုင်သော စိတ်သမာဓိကို (ဈာန်ကို) ဝင်စား၍ စတုမဟာရာဇ် နတ်တို့ထံ ချဉ်းကပ်ပြီးလျှင် အချင်းတို့…… ပထဝီ စသော မဟာဘုတ် လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပျောက်ကြကုန် သနည်းဟု မေးမြန်း၏။

ထိုအခါ စတုမဟာရာဇ် နတ်တို့သည် "အိုရဟန်း…… အကျွန်ုပ်တို့လည်း မဟာဘုတ် လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာ အရပ်ကို မသိကြပါကုန်၊ ကျွန်ုပ်တို့ထက် သာလွန်သော နတ်မင်းကြီး လေးယောက်တို့ ရှိကြပါသည်၊ ထိုနတ်မင်းကြီးတို့သည် သိကြလိမ့်မည် ထင်ပါသည်ဟု လျှောက်ကြကုန်၏။

ထိုရဟန်းသည် နတ်မင်းကြီး လေးယောက်တို့ထံ ချဉ်းကပ်၍ မေးပြန်၏၊ နတ်မင်းကြီး လေးယောက်သည် ရှေးနည်းတူပင် တာဝတိံသာ နတ်တို့ကို ညွှန်ကြားကြ၍ တာဝတိံသာ နတ်တို့သည် သိကြားမင်းကို၊ သိကြားမင်းသည် ယာမာနတ်တို့ကို၊ ယာမာနတ် တို့သည် သုယာမ နတ်သားကို၊ သုယာမနတ်သားသည် နိမ္မာနရတိနတ်တို့ကို၊ နိမ္မာနရတိ နတ်တို့သည် သုနိမ္မိတ နတ်သားကို၊ သုနိမ္မိတ နတ်သားသည် ပရနိမ္မိတ ဝသဝတ္တီနတ်တို့ကို၊ ပရနိမ္မိတဝသဝတ္တီနတ်တို့သည် ဝသဝတ္တီနတ်သားကို၊ ဝသဝတ္တီ နတ်သားသည် ဗြဟ္မာတို့ကို ညွှန်ကြား၏။

ထိုရဟန်းသည် ဗြဟ္မာ့ပြည်သို့သွားနိုင်သော စိတ်သမာဓိကို ဝင်စား၍ ဗြဟ္မာတို့ထံ ချဉ်းကပ်ပြီးလျှင် အထက်ပါ ပြဿနာကိုမေးမြန်းလေ၏၊ ထိုအခါ ဗြဟ္မာတို့သည် အိုရဟန်း..... မဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာအရပ်ကို အကျွန်ုပ်တို့လည်း မသိကြပါ၊ အကျွန်ုပ်တို့ကို အစိုးရ၍ မည်သူမျှ မလွှမ်းမိုး, မနှိပ်စက်နိုင်သော အစိုးတရ ပြုလုပ်ဖန်ဆင်း တတ်သော မဟာဗြဟ္မာကြီး ရှိပါသည်၊ ထိုမဟာ ဗြဟ္မာကြီးသည် ဤ ပြဿနာ၏ အဖြေကို သိနိုင်လိမ့်မည် ထင်ပါသည်ဟု ပြောဆိုကြလေ၏၊ ထိုအခါ ထိုရဟန်းသည် ဤသို့ဆို၏။

ရဟန်း။ ။ အချင်းတို့ ထိုမဟာ ဗြဟ္မာသည် ယခု အဘယ်မှာ နေပါသနည်း။

ဗြဟ္မာများ။ ။ အိုရဟန်း..... ကျွန်ုပ်တို့သည် မဟာဗြဟ္မာကြီး၏ နေရာအရပ်, ဘုံဗိမာန်, အဖော်အပေါင်းတို့ကို မသိကြပါကုန်၊ ဗြဟ္မာကြီး ထင်ရှားပေါ်လာ လိုသောအခါ အရောင်အလင်း ဖြစ်ပေါ် လာပါသည်၊ ဤအရောင်အလင်း ဖြစ်ပေါ်မှုမှာ ဗြဟ္မာကြီး ထင်ရှား ပေါ်လာရန် ရှေ့ပြေးနိမိတ်ပင် ဖြစ်ပါသည်။

အိုကေဝဋ်.....ဤသို့ ပြောဆိုပြီးနောက် မကြာမီပင်လျှင် အရောင် အလင်း ဖြစ်ပေါ်လာ၍ မဟာဗြဟ္မာကြီး ပေါ်လာ၏၊ ထိုအခါ ရဟန်းသည် မဟာဗြဟ္မာအထံသို့ ချဉ်းကပ်၍ (ရှေးနည်းတူ) မေးမြန်း၏။

ရဟန်း။ ။ အိုမဟာဗြဟ္မာ....ပထဝီ စသော မဟာဘုတ် လေးပါး တို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပျောက်ကြပါကုန်သနည်း။

မဟာဗြဟ္မာ။ ။ အိုရဟန်း..... ကျွန်ုပ်သည် ဗြဟ္မာဖြစ်၏၊ မြတ်သော မဟာဗြဟ္မာကြီး ဖြစ်၏၊ သူတစ်ပါးတို့ကို လွှမ်းမိုးအစိုးရ၏၊ သူတစ်ပါးတို့က မလွှမ်းမိုး, မနှိပ်စက်နိုင်၊ စင်စစ် အသိအမြင်နှင့် ပြည့်စုံ၏၊ သူတစ်ပါးကို အလိုပါအောင် ဆွဲဆောင်နိုင်၏၊ အစိုးရသော ဣဿရဖြစ်၏၊ လောကကို ပြုလုပ်ဖန်ဆင်းနိုင်၏၊ စီမံခန့်ခွဲနိုင်၏၊ လေ့လာပြီးသော ဝသီဘော်ရှိ၏၊ ဈာန်သမာပတ်ကို လေ့လာပြီး ဖြစ်၏၊ ဖြစ်ဆဲ သတ္တဝါ, ဖြစ်ပြီး သတ္တဝါ တို့၏ အဖ ဖြစ်၏။

ရဟန်း။ ။ အို မဟာဗြဟ္မာ..... ကျွန်ုပ်သည် ဤအကြောင်းကို မမေးပါ၊ ပထဝီစသော မဟာဘုတ် လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပျောက် ကြပါသနည်းဟူသော မေးနေပါသည်။

အိုကေဝဋ္ဋ..... ရဟန်းသည် ဤသို့ မေးသော်လည်း မဟာဗြဟ္မာသည် ရှေးအတူပင် ပြောဆိုနေပြီးလျှင် သုံးကြိမ်မြောက် ထပ်၍ မေးသောအခါမှ ထိုရဟန်း၏ လက်မောင်းကို ကိုင်၍ သင့်ရာသို့ ခေါ်ဆောင်ကာ "အိုရဟန်း..... ဤဗြဟ္မာ အပေါင်း တို့သည် ကျွန်ုပ်တို့ မသိမမြင်, မထင်ရှား, မျက်မှောက် မပြုအပ်သော အရာ ဟူ၍ မရှိဟု သိနေကြပါသည်၊ ထို့ကြောင့် ထိုဗြဟ္မာတို့၏ မျက်မှောက်၌ မဖြေဆိုဘဲ နေခဲ့ပါသည်၊ မဟာဘုတ် လေးပါးတို့၏ အကြွင်းမဲ့ ချုပ်ရာကို ကျွန်ုပ်လည်း မသိပါ၊ ထို့ကြောင့် ဤကိစ္စမှာ မြတ်စွာဘုရားကို ကျော်လွန်၍ ပြင်ပ၌ ပြဿနာ အဖြေရှာသော အရှင်ရဟန်း၏ အမှားပင် ဖြစ်ပါတော့သည်၊ မြတ်စွာဘုရား အထံတော်သို့ပင် သွားရောက်၍ ဤပြဿနာကို မေးလျှောက်ပါ၊ မြတ်စွာဘုရား၏ ဖြေကြားတော် မူသည့် အတိုင်းသာ မှတ်သားပါ"ဟု ဆို၏။

**ဗုဒ္ဓ၏အဖြေကမ်းကြည့်ကျီး ဥပမာ**

အိုကေဝဋ္ဋ..... ထိုအခါ၌ ထိုရဟန်းသည် အားရှိသော ယောကျ်ား၏ ကွေးသော လက်ရုံးကို ဆန့်, ဆန့်သော လက်ရုံးကို ကွေးလိုက် သကဲ့သို့ (အလွန် လျင်မြန်စွာ) ဗြဟ္မာပြည်မှ ကွယ်ခဲ့၍ ငါဘုရား၏ ရှေ့တော်မှောက်သို့ ရောက်လာ၏၊ ရောက်လာသော အခါ ထိုရဟန်းသည် ငါဘုရားကို ရှိခိုး၍ သင့်ရာ၌ ထိုင်ပြီးလျှင် ဤသို့ လျှောက်၏။

ရဟန်း။ ။ အရှင်ဘုရား..... မဟာဘုတ် လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပျောက်ကြပါ ကုန်သနည်း။

ဗုဒ္ဓ။ ။ အိုရဟန်း..... ရှေးက ဖြစ်ခဲ့ဖူးသည်မှာ သမုဒ္ဒရာကူးကုန်သည် တို့သည် ကမ်းကြည့်ကျီးကို ယူ၍ * လှေဖြင့် (သင်္ဘောဖြင့်)

---

* **ကမ်းကြည့်ငှက်**။ ။ ပါဠိဘာသာအားဖြင့်ဒိသာကာက ခေါ်၏၊ အရပ်မျက်နှာကြည့်ကျီးဟု အဓိပ္ပာယ်ရှိ၏၊သို့ရာတွင် အဓိပ္ပာယ် ထင်ရှားစေရန် ကမ်းကြည့်ကျီးဟု ပြန်ဆိုသည်။

သမုဒ္ဒရာသို့ လွှင့်ခဲ့ကြကုန်၏၊ ထိုကုန်သည်တို့သည် လှေသင်္ဘောမှကမ်းသို့ မမြင်ရသောအခါ ကမ်းကြည့်ကျီးကို လွှတ်ကြကုန်၏၊ ထိုကမ်းကြည့်ကျီးသည် အရပ် လေးမျက်နှာ, အရပ်ရှစ်မျက်နှာ, လှည့်လည် ပျံသန်း၍ ကမ်းကို မြင်ရလျှင် မြင်ရသော ကမ်းဆီသို့ ပျံသွား၏၊ ကမ်းကို မမြင်ရလျှင် ထိုလှေသင်္ဘောသို့သာ တစ်ဖန် ပြန်လာ၏။

အိုရဟန်း..... ဤဥပမာ အတူသာလျှင် သင်သည် ဗြဟ္မာပြည်တိုင်အောင် ပြဿနာ အဖြေကို ရှာ၍ မရခဲ့သဖြင့် ငါဘုရား၏ အထံသို့သာ ပြန်လာခဲ့ရ၏။

အိုရဟန်း..... ဤပြဿနာကို မဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ပျောက်ကြပါသနည်းဟု ဤကဲ့သို့ မမေးအပ်ပေ။

အဘယ်အရပ်၌ ပထဝီ, အာပေါ, တေဇော, ဝါယောတို့သည် မတည်နိုင်ပါသနည်း၊ အဘယ်အရပ်၌ အရှည်, အတို, အသေး, အကြီး, အလှ, အဆိုးတို့သည် မတည်နိုင်ပါသနည်း၊ အဘယ်အရပ်၌ နာမ်သည်လည်းကောင်း, ရုပ်သည်လည်းကောင်း, အကြွင်းမဲ့ ချုပ်ပျောက်ပါသနည်းဟု ဤသို့သာ မေးရမည်။

ထိုပြဿနာ၏ အဖြေမှာ အကြင်နိဗ္ဗာန်သည် ထူးသော ဉာဏ်ဖြင့် သိအပ်၏၊ ပကတိမျက်စိဖြင့်လည်း မမြင်အပ်၊ (မြင်နိုင်သော သဘောမရှိ) ဥပါဒ်, ဋ္ဌီ, ဘင်ဟူသော အဆုံးအပိုင်းအခြားလည်း မရှိ၊ အလုံးစုံသော အရပ်မှ သက်ဝင်ရာ ဆိပ်ကမ်းလည်း ရှိ၏၊ (ဆိပ်ကမ်း မဟုတ်သော နေရာဟူ၍လည်း မရှိ၊ မဟာသမုဒ္ဒရာကဲ့သို့ ဆင်းလိုရာမှ ဆင်းနိုင်သည်၊) ဤနိဗ္ဗာန်တရား၌ ပထဝီ, အာပေါ, တေဇော, ဝါယောတို့ မတည်နိုင်၊ ဤနိဗ္ဗာန်၌ အတို, အရှည်, အသေး, အကြီး, အလှ, အဆိုး,

* ဓာတ်ကြီးလေးပါးတို့ အဘယ်အရပ်မှာ အပြီးသတ် ချုပ်ငြိမ်းကြပါသနည်းဟူသော အမေးမှာ လုံးထွေး၍ နေသည်၊ ဖြေ၍ ဖြစ်နိုင်စရာ မရှိ၊ ကမ္ဘာလောက၌ ဘယ်မှာမှ ဓာတ်ကြီး လေးပါးတို့ အပြီးသတ် ချုပ်ရာဌာန မရှိနိုင်၊ ရုပ်လည်း ထောက်တည်ရာ မရနိုင်ရာ, နာမ်ရုပ် နှစ်ပါးစုံလည်း အပြီးသတ် ချုပ်ငြိမ်းရာကို မေးမှသာ နိဗ္ဗာန်၌ ရုပ်လည်း မရှိ၊ နာမ်ရုပ်နှစ်ပါးလည်း အကြွင်းမဲ့ ချုပ်ငြိမ်းသည်ဟု ဖြေဆိုနိုင်သည်၊ ရုပ်သက်သက် အပြီးသတ် ချုပ်ရာဟူ၍ မရှိ၊ ရုပ်နာမ်နှစ်ပါး ချုပ်ငြိမ်းရာ နိဗ္ဗာန် တရားတော်မြတ်သာ ရှိသည်ကို လေးနက်စွာ စဉ်းစားရာသည်။

တို့လည်း မတည်နိုင်၊ ဤနိဗ္ဗာန်၌ နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း၊ အကြွင်းမဲ့ ချုပ်ပျောက်၏၊ နောက်ဆုံးဖြစ်သော ဝိညာဉ် (ရဟန္တာတို့၏ စုတိစိတ်) ဘဝကို စီမံ ပြုလုပ်တတ်သော ဝိညာဉ်၏ ချုပ်ဆုံးခြင်းကြောင့် ဤနိဗ္ဗာန်၌ ဤရုပ်နာမ် တရား အပေါင်းသည် ချုပ်ပျောက်၏၊ ဤကား ထိုပြဿနာ၏ အဖြေ ဖြစ်ပေသည်။

ဤသို့ မိန့်တော်မူရာ ကေဝဋ်သူကြွယ်သည် အလွန်နှစ်သက် ဝမ်းမြောက်လေ၏။

ကေဝဋ္ဋသုတ် ပြီး၏။

## လောဟိစ္စသုတ် အမှာ

လောဟိစ္စသုတ် ဆိုသည်မှာ လောဟိစ္စ ပုဏ္ဏားအား အယူဆိုးကို ဖြေချွတ်ရန် ဟောကြားတော် မူသော သုတ် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ကောသလတိုင်း, သာလဝတိကာ အမည်ရှိသော ပုဏ္ဏားရွာ, ရွာစား လောဟိစ္စ ပုဏ္ဏား၏ နေအိမ်တွင် ဤသုတ်ကို ဟောကြားတော် မူခဲ့ပေသည်၊ ဗုဒ္ဓခေတ် သာလဝတိကာ ရွာသည် အင်ကြင်းပင်များ စည်းရိုးသဖွယ် ဝိုင်းရံလျက် ရှိသောကြောင့် သာလ ဝတိကာ အမည် တွင်ခဲ့သည်ဟု အရှင် ဗုဒ္ဓဃောသ ဆရာ မိန့်မှာခဲ့ သည်နှင့် ကိုက်ညီအောင် ပြန်ဆိုလျှင် အင်ကြင်းရံရွာဟု ပြန်ဆိုရ ပေ လိမ့်မည်။

လောဟိစ္စ ပုဏ္ဏားသည် ဆန်းပြားသော ပုဏ္ဏားတစ်ဦးဖြစ်ပေသည်၊ သူသည် “ဤလောက၌ မည်သည့် ရဟန်း ပုဏ္ဏားမဆို ကုသိုလ်တရား ထူးကို ရရှိသိမြင်ခဲ့ပါလျှင် သူတစ်ပါးအား ထိုတရားထူးကို ဆုံးမ ပြော ကြားနေဖို့မလို၊ သူတပါးမှာ ဘာအကျိုးမျှမရှိ၊ ထိုသို့ သူတစ်ပါးအား ပြောကြား ဆုံးမ နေလိုခြင်းသည် ဆိုးဝါးသော လောဘတရားယုတ်ပင် ဖြစ်၍ အနှောင်အဖွဲ့သစ်ကို ထပ်မံအချည်ခံ ပြန်သူနှင့် တူသည်” ဟု အယူဆိုး ရှိလေသည်၊ သူ၏ အယူအဆမှာ မိမိအကျွတ် တရား ရဖို့သာ အရေးကြီးသည်၊ မိမိရလျှင် မည်သူ့ကိုမျှ ဆုံးမ ဟောပြောနေဖို့ မလို၊ သူတပါးအား ဆုံးမဟောပြမှုမှာ အချည်းနှီးသာ ဖြစ်သည်ဟု ဆိုလိုသည် ဖြစ်ရာ ဝေနေယျ တို့အား တရားဟောတော် မူလျက်ရှိသော ဗုဒ္ဓဘုရား ကိုပင် ထိခိုက်နေလေသည်။

ထိုပုဏ္ဏားကို ဖြေချွတ်တော်မူရာ၌ ဗုဒ္ဓဘုရားသည် ကဲ့ရဲ့ထိုက်သော ဆရာသုံးမျိုးနှင့် ကဲ့ရဲ့ထိုက်ပုံများကိုပါ အကျယ်တဝင့် ရှင်းလင်းတော် မူပြီးနောက် မကဲ့ရဲ့ထိုက်သော ဆရာမျိုး ကိုလည်း ဖော်ပြ ဟောကြား တော် မူခဲ့လေသည်၊ မိမိသိသော တရားကို သူတစ်ပါးအား ဟောကြား ဆုံးမနေဖို့မလို ဟူသော စိတ်ထားမှာ ဥပမာအားဖြင့်ဤသာလဝတိကာ ရွာမှ ရသမျှ အခွန်အတုပ်ကို လောဟိစ္စ ပုဏ္ဏားသာ ခံစားသင့်သည်၊ အခြား မည်သည့် မိဘ, သားမယား, အခြွေအရံကိုမျှ မပေး မဝေအပ်

ဟူသော စိတ်ထားမျိုးနှင့် တူနေသဖြင့် ယုတ်မာ ဆိုးဝါးလှသော ရန်သူ စိတ်မျိုးသာ ဖြစ်သည်ဟု အတွေ့ကိုပြ၍ မိန့်ဟတော် မူထားခဲ့ပေသည်။

ဤသုတ်၏ နောက်ပိုင်းတွင်–

၁။ မိမိသည် ရဟန်း ပြုကျိုး ဖြစ်သော တရားထူး တစ်စုံတစ်ရာ ကိုမျှ မရရှိသည့်ပြင် တပည့်တို့ကလည်း မိမိဩဝါဒကို မနာယူ လိုကြသော ဆရာမျိုး။

၂။ မိမိမူကား တရားထူးတစ်စုံတစ်ရာကို မရသော်လည်း မိမိဩဝါဒ ကိုကား တပည့်တို့က ကောင်းစွာ နာယူ ကျင့်သုံးကြသော ဆရာမျိုး။

၃။ မိမိမူကား တရားထူးကို ရရှိသော်လည်း တပည့်တို့သည် မိမိ၏ ဩဝါဒကို မနာယူမကျင့်သုံး လိုကြသော ဆရာမျိုး။

၄။ မိမိလည်း တရားထူးကိုရရှိ၍ တပည့်တို့ကလည်း မိမိဩဝါဒကို နာယူ ကျင့်သုံးကြသော ဆရာမျိုးဟု ဆရာလေးမျိုး ရှိရာ ရှေ့ဆရာ သုံးမျိုးမှာ ကဲ့ရဲ့ထိုက်သော ဆရာများသာ ဖြစ်ကြကြောင်း၊ နောက်ဆုံး ဆရာတစ်မျိုးသာ မကဲ့ရဲ့ထိုက်သော ဆရာဖြစ်ကြောင်းကို ဟောတော်မူ ထားရာ ဂိုဏ်းဆရာ, ဝါဒပြု, ပါတီခေါင်းဆောင် စသည် လုပ်လိုသူတို့ အဖို့ အထူးသတိပြုဖွယ် ကောင်းသော ဒေသနာတော် ဖြစ်ပေသည်။

အယူသည်းလှသော လောဟိစ္စ ပုဏ္ဏားသည် ဤဒေသနာတော်ကို နာယူရသောအခါ အမြင်မှန် ရလာသဖြင့် "ဗုဒ္ဓ ဘုရားသည် အကျွန်ုပ် အား နက်လှစွာသော ချောက်နက် ထဲမှ ဆွဲထုတ် ကယ်တင်တော် မူလိုက်ခြင်းပင် ဖြစ်ပါတော့သည်"ဟု ဝန်ခံ လျှောက်ထားခဲ့ပေသည်၊ ဤစကားမှာ ဤသုတ်၏ တန်ခိုးကြီးမားပုံအချက်ကို မြွက်ဟထုတ်ဖော် လိုက်ခြင်းပင် ဖြစ်ပေသည်။

# လောဟိစ္စသုတ်

# ၁၂- လောဟိစ္စသုတ်

| | |
|---|---|
| သုတ်စဉ် | — ၁၂- လောဟိစ္စသုတ်။ |
| ဟောရာအချိန် | — နံနက်ဆွမ်းစားပြီးအချိန်။ |
| ဟောရာအရပ် | — ကောသလတိုင်း သာလဝတိကာ ပုဏ္ဏားရွာ။ |
| ဟောသည့်ပုဂ္ဂိုလ် | — မြတ်စွာဘုရား။ |
| နာယူသည့်ပရိသတ် | — လောဟိစ္စပုဏ္ဏားနှင့် အခြွေအရံများ။ |
| ဟောခြင်းအကြောင်း | — လောဟိစ္စပုဏ္ဏား၏ အယူဝါဒဆိုးကို ဆုံးမတော် မူလိုခြင်း။ |
| ဟောသည့်တရား | — မိမိတရားထူးရလျှင် သူတစ်ပါးအား ပြောကြားရန်မသင့် ဟူသော အယူကို အပြစ်ပြ၍ ပယ်တော်မူခြင်း၊ အပြစ်တင် ထိုက်သော ဆရာနှင့် အပြစ် မတင်ထိုက်သော ဆရာများ။ |

## အဋ္ဌုပ္ပတ္တိ နိဒါန်း

အခါတစ်ပါး၌ မြတ်စွာဘုရားသည် နောက်ပါ သံဃာတော်ငါးရာတို့နှင့်တကွ ကောလသတိုင်း၌ ဒေသစာရီလှည့်လည်တော်မူစဉ် သာလဝတိကာ မည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၏။

**လောဟိစ္စပုဏ္ဏား၏ ဆိုးဝါးသော အယူအဆ**

ထိုအချိန်တွင် လောဟိစ္စ ပုဏ္ဏားသည် ပသေနဒီ ကောသလ မင်းကြီး အပိုင်စား ပေးသနားတော်မူသဖြင့် သာလဝတိကာ ရွာကို အုပ်ချုပ်လျက် ရှိ၏။

ထိုလောဟိစ္စ ပုဏ္ဏားသည် "ဤလောက၌ ရဟန်းဖြစ်စေ၊ ပုဏ္ဏားပင် ဖြစ်စေ၊ ကုသိုလ်တရားကို ရရှိသိမြင်ခဲ့ပါလျှင် သူတစ်ပါးအား မပြောကြားထိုက်၊ သူတစ်ပါးသည် ပြောကြားလာသော သူအား အဘယ်ကို ပြုနိုင်လတ္တံ့နည်း၊ အဘယ်ကျေးဇူးကို ပြုနိုင်မည်နည်း၊ ဥပမာအားဖြင့်

အဟောင်း ဖြစ်သော အနှောင် အဖွဲ့ကို ဖြတ်တောက်ပြီး နောက်မှ အသစ်ဖြစ်သော အနှောင်အဖွဲ့ကို ချည်ပြန်သကဲ့သို့ ဤသို့သူတစ်ပါးအား ပြောကြားဆုံးမမှုသည် ယုတ်မာသော လောဘတရားပင် ဖြစ်သည်ဟု ကျွန်ုပ်ဆိုသည်၊ ပြောကြား ဆုံးမ ခံရသော သူတစ်ပါးသည် ပြောကြား ဆုံးမတတ်သော သူတစ်ပါးအား အဘယ်ကို ပြုနိုင်လတ္တံ့နည်း၊ (အဘယ် ကျေးဇူးကို ပြုနိုင်မည်နည်း)" ဟူသော ယုတ်မာသော အယူအဆကို ယူဆလျက်ရှိ၏။

**ညှိုးဝတ်ကျေသော လောဟိစ္စ**

လောဟိစ္စ ပုဏ္ဏားသည် မြတ်စွာဘုရား ကြွလာတော်မူကြောင်းကို (ပေါက္ခရသာတိ ပုဏ္ဏား နည်းတူ) ကြားသိရသောအခါ ရောသိက အမည် ရှိသော ဆတ္တာသည်ကို စေလွှတ်၍ မိမိစကားဖြင့် ကျန်းမာ, ချမ်းသာခြင်းကို မေးလျှောက် စေလျက် နောက်တစ်နေ့တွင် ရဟန်းတော် ငါးရာ တို့နှင့် အတူ ဆွမ်းဘုဉ်းပေး ကြွပါရန် ပင့်လျှောက် စေရာ (သုဘလုလင် စေလွှတ် လျှောက်ထား စေပုံကိုကြည့်) မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေတော်မူခြင်းဖြင့် လက်ခံတော်မူလိုက်၏။

ထိုည ကုန်လွန်သောအခါ လောဟိစ္စ ပုဏ္ဏားသည် မိမိအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်များကို အသင့် စီမံထားပြီးလျှင် ဆွမ်းကိစ္စ ပြီးစီးပါပြီ ဆွမ်းဘုဉ်းပေး ကြွတော်မူရန် အချိန်ရောက်ပါပြီဟု ရောသိက ဆတ္တာသည်ကိုပင် စေလွှတ်၍ အကြောင်းကြားစေ၏။

ရောသိက ဆတ္တာသည် လာရောက် အကြောင်းကြားသောအခါ မြတ်စွာဘုရားသည် ရဟန်းတော်ငါးရာတို့နှင့်အတူ လောဟိစ္စ ပုဏ္ဏား၏ အိမ်သို့ ကြွလာတော်မူ၏၊ ရောသိက ဆတ္တာသည်သည် လမ်းခရီး၌ မြတ်စွာဘုရား၏ နောက်တော်ပါးမှ ကပ်၍ လိုက်ပြီးလျှင် "လောဟိစ္စ ပုဏ္ဏားသည် ယုတ်မာသော အယူအဆ ရှိနေပါသည်၊ ထိုအယူအဆမှ ဖြေချွတ်တော်မူပါ"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အိုရောသိက..... ဖြစ်နိုင်စရာအကြောင်း ရှိပေသည်၊ အို ရောသိက..... ဖြစ်နိုင်စရာ ရှိပေသည်ဟု မိန့်တော်မူ၍ ကြွမြဲ ကြွတော်မူကာ လောဟိစ္စ ပုဏ္ဏား၏ အိမ်သို့ရောက်တော်မူလျှင် အသင့်

ခင်းထားသော နေရာ၌ ထိုင်တော်မူ၏၊ လောဟိစ္စ ပုဏ္ဏားလည်း ဘုရား အမှူးရှိသော သံဃာတော် အပေါင်းတို့အား မွန်မြတ်သော ဘောဇဉ် ခဲဖွယ်တို့ဖြင့် ကိုယ်တိုင် မိမိလက်ဖြင့် လုပ်ကျွေးပြီးနောက် သင့်လျော်ရာ နိမ့်သော နေရာ၌ ထိုင်၏။

ထိုအခါ မြတ်စွာဘုရားသည် လောဟိစ္စ ပုဏ္ဏားအား ဤသို့ ဟောကြား ဆုံးမတော် မူ၏။

## အဋ္ဌုပ္ပတ္တိ နိဒါန်း ပြီးပြီ။

**ဗုဒ္ဓ၏ဆုံးမတော်မူချက်**

ဗုဒ္ဓ။ ။ အိုလောဟိစ္စ .... သင်သည် "ဤလောက၌ ရဟန်းပင် ဖြစ်စေ၊ ပုဏ္ဏားပင် ဖြစ်စေ၊ ကုသိုလ်တရားကို ရရှိသိမြင်ခဲ့ပါလျှင် သူတစ်ပါးအား မပြောကြားမဆုံးမထိုက်၊ ပြောကြား ဆုံးမခြင်း ခံရသော သူတစ်ပါးသည် ပြောကြား ဆုံးမတတ်သော သူ တစ်ပါးအား အဘယ်ကို ပြုနိုင်လတ္တံ့နည်း၊ ဥပမာအားဖြင့် အနှောင်အဖွဲ့ ဟောင်းကို ဖြတ်တောက်ပြီး နောက်မှ အနှောင်အဖွဲ့သစ်ကို ဖွဲ့ချည်ပြန် သကဲ့သို့ ဤဥပမာ အတိုင်းပင် ဤသို့ သူတစ်ပါးတို့အား ပြောကြား ဆုံးမမှုသည် လောဘ တရားယုတ်ပင် ဖြစ်သည်ဟု ကျွန်ုပ်ဆိုသည်၊ သူတစ်ပါးသည် သူတစ်ပါးအား အဘယ်ကို ပြုလတ္တံ့နည်း" ဟူသော ယုတ်မာသော အယူရှိသည်ဟု ကြားရသည်မှာ မှန်ပေသလော။

လောဟိစ္စ။ ။ အို အရှင် ဂေါတမ..... ဤသို့ အယူရှိသည်မှာ မှန်ပါသည်။

ဗုဒ္ဓ။ ။ အိုလောဟိစ္စ..... ဤဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မြင် သနည်း၊ သင်သည် ဤသာလဝတိကာရွာကို အုပ်ချုပ်၍ နေ ထိုင်သည် မဟုတ်လော။

လောဟိစ္စ။ ။ မှန်ပါသည်။

ဗုဒ္ဓ။ ။ အိုလောဟိစ္စ..... အကြင်သူသည် သာလဝတိကာရွာကို စိုးမိုး အုပ်ချုပ်၍ နေသော လောဟိစ္စ ပုဏ္ဏား တစ်ယောက်သာလျှင် သာလဝတိကာရွာမှ ထွက်သော အခွန်အတုတ်ကို သုံးဆောင် ခံစား

ထိုက်သည်၊ သူတစ်ပါးတို့အား မပေးကမ်းထိုက်ဟု ဆိုခဲ့ရာ၏၊ ထိုသူသည် သင့်ကိုမှီ၍ အသက်မွေးကြရသူတို့၏ အန္တရာယ် ပြုသူ ဖြစ်မည်လော၊ မဖြစ်မည်လော။

လောဟိစ္စ။ ။ အန္တရာယ် ပြုသူ ဖြစ်ပါသည်။

ဗုဒ္ဓ။ ။ အန္တရာယ် ပြုသူ ဖြစ်ခဲ့လျှင် အကျိုးစီးပွားကို သနားစောင့်ရှောက်သူ ဖြစ်မည်လော၊ မစောင့်ရှောက်သူ ဖြစ်မည်လော။

လောဟိစ္စ။ ။ အကျိုးစီးပွားကို မစောင့်ရှောက်သူ ဖြစ်ပါသည်။

ဗုဒ္ဓ။ ။ အကျိုးစီးပွားကို မစောင့်ရှောက်သူအား မေတ္တာစိတ် ဖြစ်မည်လော' ရန်သူစိတ် ဖြစ်မည်လော။

လောဟိစ္စ။ ။ ရန်သူစိတ် ဖြစ်ပါသည်။

ဗုဒ္ဓ။ ။ ရန်သူစိတ် (ဒေါသစိတ်) ဖြစ်ခဲ့သော် အယူမှား မိစ္ဆာဒိဋ္ဌိ ဖြစ်မည်လော၊ အယူမှန် သမ္မာဒိဋ္ဌိ ဖြစ်မည်လော။

လောဟိစ္စ။ ။ အယူမှား မိစ္ဆာဒိဋ္ဌိ ဖြစ်ပါသည်။

ဗုဒ္ဓ။ ။ အယူမှား မိစ္ဆာဒိဋ္ဌိ ဖြစ်သောသူအား ငရဲ, တိရစ္ဆာန် ဟူသော ဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော ဂတိကို ငါဘုရားဟောတော်မူသည်။

(လောဟိစ္စ ပုဏ္ဏား၏ နေရာတွင် ကောသလမင်းကြီးကို ထား၍လည်း မိန့်တော်မူ၏)။

အိုလောဟိစ္စ..... ဤအတူသာလျှင် ဤလောက၌ ရဟန်း ဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ၊ကုသိုလ်တရားကို ရရှိသိမြင်လျှင် သူတစ်ပါးတို့အား မပြောကြား မဆုံးမထိုက်၊ တစ်ပါးသောသူသည် တစ်ပါးသောသူအား အဘယ်ကို ပြုနိုင်လတ္တံ့နည်း (စသည်ဖြင့်) ပြောဆိုသော သူသည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားဝိနည်းကို အကြောင်းပြု၍ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ် ဟူသော မွန်မြတ်သော တရားထူးကို ရရှိသည့် အမျိုးကောင်းသားတို့နှင့် နတ်ဘဝတို့သို့ ရောက်ရှိစေနိုင်ရန် အတွက် နတ်ပြည် ပဋိသန္ဓေကို ရင့်ကျက်စေကြသော အမျိုးကောင်းသားတို့၏ အန္တရာယ်ကို ပြုလုပ်သူ ဖြစ်ပေသည်၊ အန္တရာယ် ပြုလုပ်သူ ဖြစ်ခဲ့သော် အကျိုးစီးပွားကို မစောင့်ရှောက်သူ

ဖြစ်ပေသည်၊ အကျိုးစီးပွားကို မစောင့်ရှောက်သော သူအား ရန်သူစိတ် ဖြစ်ပေါ်သည်၊ ရန်သူစိတ် ဖြစ်ပေါ်ခဲ့သော် အယူမှား မိစ္ဆာဒိဋ္ဌိ ဖြစ်ပေသည်၊ မိစ္ဆာဒိဋ္ဌိ ဖြစ်သော ပုဂ္ဂိုလ်အားလည်း ငရဲ, တိရစ္ဆာန် ဟူသော ဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို ငါဘုရား ဟောကြားတော်မူသည်။

**အပြစ်တင်ထိုက်သော ဆရာ သုံးမျိုး**

အို လောဟိစ္စ..... ပြစ်တင်စောဒနာ ထိုက်သည့်ပြင် ထိုဆရာ တို့ကို ပြစ်တင် စောဒနာခြင်းသည် မှန်ကန်၍ တရားသဖြင့် ဖြစ်သည့်အတိုင်း အပြစ်မရှိနိုင်သော ဆရာသုံးမျိုးတို့ ရှိကြလေသည်၊ ထိုဆရာသုံးမျိုးတို့မှာ-

၁။ ဤလောက၌ အကြင်ဆရာသည် လူ့ဘောင်မှ ထွက်၍ ရဟန်းပြုခြင်း၏ ရည်ရွယ်ရင်း အကျိုးကျေးဇူးကို မရရှိချေ၊ ထိုသို့ မရရှိဘဲ ဤတရားသည် သင်တို့၏ စီးပွားချမ်းသာ အတွက် ဖြစ်သည်ဟု တပည့်တို့အား တရားဟော၏၊ တပည့်တို့သည် ထိုဆရာ၏ ဆုံးမစကားကို မနာယူလိုကြကုန်၊ နားမထောင်ကြကုန်၊ သိလိုသောစိတ်ကို မဖြစ်စေကြကုန်၊ ဆရာ၏ ဆုံးမ ဩဝါဒမှ ဖဲထွက်၍ ကျင့်ကြကုန်၏၊ အိုလောဟိစ္စ..... ထိုဆရာမျိုးကို ပြစ်တင်စောဒနာ အပ်ပေသည်၊ "အရှင်သည် အကြင်အကျိုးအတွက် ရဟန်းပြုခဲ့၏၊ ထိုရည်ရွယ်ရင်း အကျိုးကျေးဇူးကိုလည်း မရရှိ၊ ထိုသို့မရရှိပါဘဲလျက် ဤအရာသည် သင်တို့၏ စီးပွား ချမ်းသာ အတွက် ဖြစ်သည်ဟု တပည့်တို့အား ဟောကြား ဆုံးမ၏၊ တပည့်တို့သည်လည်း အရှင်၏ ဆုံးမချက်ကို မနာယူလိုကြကုန်၊ နားမထောင်ကြကုန်၊ သိလိုသောစိတ်ကို မဖြစ်စေကြကုန်၊ ဆရာ၏ ဆုံးမဩဝါဒမှ ဖဲထွက်၍ ကျင့်ကြံကြကုန်၏၊ ဥပမာအားဖြင့် ထွက်သွားသောသူကို လိုက်လံ ဆွဲငင် သကဲ့သို့ အလိုမရှိသော သူအား နောက်ကျောမှ နေ၍ ပိုက်ဖက်သော သူကဲ့သို့ အလိုမရှိသူအား ဤသို့ ဟောကြားဆုံးမမှုကို ယုတ်မာသော လောဘတရားဟု ကျွန်ုပ်ဆိုသည်၊ သူတစ်ပါးသည် သူတစ်ပါးအား အဘယ်ကို ပြုနိုင် လတ္တံ့နည်း"ဟု ပြစ်တင် စောဒနာ ထိုက်ပေသည်၊ အိုလောဟိစ္စ..... ဤကား လောက၌ ပြစ်တင် စောဒနာ ထိုက်သော ပထမ ဆရာမျိုး ဖြစ်ပေသည်။

၂။ အိုလောဟိစ္စ..... ထိုမှ တစ်ပါးလည်း ဤလောက၌ အချို့သော ဆရာသည် အကြင် အကျိုးကို ရည်ရွယ်၍ ရဟန်းပြုခဲ့၏၊ ထိုအကျိုးသို့ကား မရောက်ပေ၊ ထိုသို့ မရောက်သော်လည်း ဤတရားသည် သင်တို့၏စီးပွား ချမ်းသာအတွက် ဖြစ်သည်ဟု ဟောကြားဆုံးမ၏၊ ထိုဆရာ၏ ဆုံးမ ချက်ကို တပည့်တို့သည် နာယူလိုကြကုန်၏၊ နားထောင်ကြကုန်၏၊ သိလို သောစိတ်ကို ဖြစ်စေကြကုန်၏၊ ဆရာ၏ ဆုံးမချက်မှ ဖဲထွက်၍လည်း မကျင့်ကြကုန်။

အိုလောဟိစ္စ..... ထိုဆရာမျိုးကိုလည်း ပြစ်တင် စောဒနာ ထိုက် ပေသည်၊ "အရှင်သည် အကြင်အကျိုးကို ရည်ရွယ်၍ ရဟန်းပြုခဲ့၏၊ ထို (ဈာန်မဂ်ဖိုလ်) အကျိုးကို မရရှိခဲ့ချေ၊ ထိုသို့ မရရှိပါဘဲလျက် တပည့် တို့အား ဤတရားသည် သင်တို့၏ စီးပွားချမ်းသာ အတွက်ဖြစ်သည်ဟု ဟောကြား ဆုံးမခဲ့၏၊ ဟောကြားဆုံးမချက်ကိုကား တပည့်တို့ နား ထောင်ကြ၏၊ လိုက်နာကျင့်ကြံကြ၏၊ (သို့ရာတွင်) ဥပမာအားဖြင့် မိမိ လယ်ကိုပစ်၍ သူတစ်ပါးလယ်ကို ရှင်းလင်း သုတ်သင်သော သူကဲ့သို့ သူတစ်ပါးတို့အား ဤသို့ ဟောကြားဆုံးမမှုမျိုးကို ယုတ်မာသော လောဘ တရားဟု ကျွန်ုပ်ဆိုသည်၊ သူတစ်ပါးသည် သူတစ်ပါးအား အဘယ်ကို ပြုနိုင်လတ္တံ့နည်း"ဟု ပြစ်တင် စောဒနာ ထိုက်ပေသည်။

အိုလောဟိစ္စ..... ဤကား လောက၌ ပြစ်တင် စောဒနာထိုက်သော ဒုတိယ ဆရာမျိုး ဖြစ်ပေသည်။

၃။ အိုလောဟိစ္စ..... ထိုမှ တစ်ပါးလည်း ဤလောက၌ အချို့သော ဆရာသည် အကြင်အကျိုးကို ရည်ရွယ်၍ ရဟန်းပြုခဲ့၏၊ ထိုရည်ရွယ်ရင်း အကျိုးကိုကား ရရှိ၏၊ ထိုသို့ရရှိ၍ ဤတရားသည် သင်တို့၏ စီးပွား ချမ်းသာ အတွက် ဖြစ်သည်ဟု တပည့် တို့အား ဟောကြား ဆုံးမ၏၊ ထိုဆရာ၏ ဆုံးမချက်ကို တပည့်တို့သည် မနာယူလိုကြကုန်၊ နားမထောင် ကြကုန်၊ သိလိုသောစိတ်ကို မဖြစ်စေကြကုန်၊ ဆရာ၏ ဆုံးမသြဝါဒမှ ဖဲထွက်၍ ကျင့်ကြကုန်၏။

အိုလောဟိစ္စ..... ထိုဆရာမျိုးကိုလည်း ပြစ်တင်စောဒနာ ထိုက်ပေ သည်၊ "အရှင်သည် ရဟန်းပြုခြင်း၏ ရည်ရွယ်ရင်း. အကျိုး ကိုကား ရရှိ၏၊ ထိုသို့ ရရှိပြီး၍ ဤတရားသည် သင်တို့၏ စီးပွားချမ်းသာအတွက်

ဖြစ်သည်ဟု ပြောဆိုဆုံးမ၏၊ အရှင်၏ဆုံးမ ဩဝါဒ ကိုကား တပည့်တို့သည် မနာယူလိုကြကုန်၊ နားမထောင်ကြကုန်၊ သိလိုသောစိတ်ကို မဖြစ်စေကြကုန်၊ ဆရာ၏ ဆုံးမဩဝါဒမှ ဖဲထွက်၍ ကျင့်ကြ ကုန်၏၊ ဥပမာအားဖြင့် အနှောင်အဖွဲ့ဟောင်းကို ဖြတ်တောက် ပြီးနောက် အနှောင်အဖွဲ့သစ်ကို ပြုပြင်သကဲ့သို့ သူတစ်ပါးတို့အား ဟောကြား ဆုံးမမှုကို ယုတ်မာသော လောဘတရားဟု ကျွန်ုပ်ဆိုသည်၊ သူတစ်ပါးသည် သူတစ်ပါးအား အဘယ်ကို ပြုနိုင်လတ္တံ့နည်း”ဟု ပြစ်တင် စောဒနာ ထိုက်ပေသည်။

အို လောဟိစ္စ..... ဤကား လောက၌ ပြစ်တင်စောဒနာ ထိုက်သော တတိယ ဆရာမျိုး ဖြစ်ပေသည်၊ ဤသည်တို့ကား ပြစ်တင်စောဒနာ ထိုက်သော, ဆရာသုံးမျိုးတို့ ဖြစ်ကြပေသည်၊ စောဒနာခြင်း မှာလည်း အမှန်အတိုင်းပင် ဖြစ်၍၊ အိုလောဟိစ္စ..... အပြစ် မရှိသော စောဒနာခြင်း ဖြစ်ပေသည်။

**မစောဒနာထိုက်သောဆရာ**

လောဟိစ္စ။ ။ အိုအရှင်ဂေါတမ..... လောက၌ ပြစ်တင် စောဒနာခြင်း မပြုထိုက်သော ဆရာမျိုး ရှိပါသေးသလော။

ဗုဒ္ဓ။ ။ အိုလောဟိစ္စ..... ရှိပေသည်။

လောဟိစ္စ။ ။ အို အရှင်ဂေါတမ..... ထိုသို့ ပြစ်တင် စောဒနာခြင်း မပြုထိုက်သော ဆရာကား အဘယ်ဆရာမျိုးပါနည်း။

ဗုဒ္ဓ။ ။ အိုလောဟိစ္စ ..... ဤလောက၌ မြတ်စွာဘုရား ပွင့်တော်မူသဖြင့် တရားတော်ကို နာရ၍ သဒ္ဓါတရား ဖြစ်ပေါ်လာသော အမျိုးကောင်းသားသည် မြတ်စွာဘုရား ဟောတော်မူတိုင်း ကျင့်ကြံသဖြင့် အခြေခံ သီလ, အကျင့်များနှင့် ပြည့်စုံပြီးလျှင် ပဌမဈာန်ကို ရရှိစေ၍ ဝင်စားနေထိုင်၏၊ ဒုတိယ၊ တတိယ, စတုတ္ထဈာန်ကို ရရှိစေ၍၊ ဝင်စားနေထိုင်၏၊ ဝိပဿနာ ဉာဏ် အမြင်မှ အာသဝက္ခယဉာဏ် ကိုင်အောင် ဉာဏ်ဆယ်ပါးတို့ကို ရရှိ၏၊ အကြင်ဆရာ၏ တပည့်သည် ဤဈာန် သမာပတ် စသော တရားထူးတို့ကို ရရှိ၏၊ ထိုဆရာမျိုးသည် လောက၌ ပြစ်တင် စောဒနာခြင်းငှာ မထိုက်သော ဆရာပင် ဖြစ်ပေသည်၊ ဤဆရာ

မျိုးကို ပြစ်တင် စောဒနာခြင်းသည်လည်း မဟုတ်မမှန် ပြစ်တင်စောဒနာခြင်းသာ ဖြစ်၍ အပြစ်ရှိပေသည်။ (သာမညဖလသုတ်ကြည့်)*

ဤသို့ မိန့်တော် မူသောအခါ လောဟိစ္စ ပုဏ္ဏားသည် ဤသို့ လျှောက်ပြန်၏။

အိုအရှင်ဂေါတမ..... ဥပမာအားဖြင့် ယောကျ်ား တစ်ယောက်သည် ခိုးသူသတ်ရာ ချောက်သို့ (နရက် ချောက်ကမ်းပါးသို့) ကျသော ယောကျ်ားကို ဆံပင်ကို ဆွဲ၍ ထုတ်ပြီးလျှင် ကုန်းပေါ်၌ တင်ထားသကဲ့သို့ အရှင်ဂေါတမသည် ချောက်နရက်သို့ ကျရောက်နေသော အကျွန်ုပ်ကို ဆွဲထုတ်၍ ကုန်းပေါ်၌ တင်ထားတော်မူခြင်းပင် ဖြစ်ပါတော့သည်။

အို အရှင်ဂေါတမ..... အလွန် နှစ်သက်ဖွယ် ရှိပါပေသည်၊ အို အရှင်ဂေါတမ..... အလွန်နှစ်သက်ဖွယ် ရှိပါပေသည်၊ ဥပမာအားဖြင့် မှောက်ထားသော အရာကို လှန်၍ ပြသကဲ့သို့၊ ဖုံးကွယ်နေသော အရာကို ဖွင့်လှစ်၍ ပြသကဲ့သို့, လမ်းမသိသော သူအား လမ်းခရီးကို ပြောကြားသကဲ့သို့ မျက်စိအမြင် ရှိသူသည် ရူပါရုံ တို့ကို မြင်လိမ့်မည် ဟူသော သဘောဖြင့် အမိုက်အမှောင်ထု၌ ဆီမီးကို ညှိထွန်း သကဲ့သို့ များစွာသော အကြောင်း ပရိယာယ်ဖြင့် အကျွန်ုပ်အား တရားကို ဟောကြားပြသတော် မူပါပေသည်။

အကျွန်ုပ်သည် အရှင်ဂေါတမနှင့် တရားသံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် သိမှတ်ပါသည်၊ အရှင်ဂေါတမသည် အကျွန်ုပ်ကို ရာသက်ပန် သရဏဂုံ ဆောက်တည်သော ဥပါသကာဟူ၍ မှတ်ယူတော်မူပါ။

---

* **မစောဒနာ ထိုက်သောဆရာ။** ။ ဆရာဖြစ်သူမှာလည်း ရဟန်းပြုခြင်း၏ ရည်ရွယ်ချက်ဖြစ်သော ဈာန်မဂ်ဖိုလ် တရားထူးကို ရရှိ၏၊ ထိုဆရာ၏ တပည့်သာဝကတို့လည်း ထိုဆရာ ဆုံးမတိုင်း ကျင့်ကြံ၍ ဈာန်မဂ်ဖိုလ် တရားထူးကို ရရှိကြ၏၊ ထိုဆရာမျိုးကား ပြစ်တင် စောဒနာရန် မထိုက်သော ဆရာမျိုး ဖြစ်ပေသည်၊ အမှန်အားဖြင့် ချီးမွမ်းဖို့သာ ထိုက်သည်ဟူလို၊ ဤ၌ မြတ်စွာဘုရားသည် မိမိကိုယ်ကို မစောဒနာထိုက်သော ဆရာဟု ထုတ်ဆောင် ဟောကြားတော် မူခဲ့ပေသည်။

**လောဟိစ္စသုတ် ပြီး၏။**

# တောဝိဋ္ဋသုတ်

## တေဝိဇ္ဇသုတ် အဖွာ

တေဝိဇ္ဇသုတ်ဆိုသည်မှာ ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့ အကြောင်းကို ဝေဖန် ဟောကြားတော် မူသောသုတ် ဖြစ်ပေသည်၊ ထိုခေတ်တွင် ဗေဒင်ပညာကို ဝိဇ္ဇာပညာဟု ခေါ်ဝေါ် သုံးစွဲလျက် ရှိကြသည်။

ဗုဒ္ဓဘုရားသည် သတ္တဝါ အများတို့ အတွက် ခြေလျင် ကြွကာ သာသနာပြု လုပ်ငန်းကို မပြတ်ဆောင်ရွက်တော်မူလေ့ ရှိသည့်အတိုင်း တစ်နေ့သောအခါ ကောသလတိုင်း မနသာကဋ ပုဏ္ဏားရွာသို့ ရောက်တော်မူလာ၍ ထိုရွာ၏မြောက်ဘက်အစိရဝတီမြစ်ကမ်းရှိသာယာလှသော သရက်ဥယျာဉ်တစ်ခု၌ သီတင်း သုံးတော်မူစဉ် ဤသုတ်ကို ဟောကြားတော် မူခဲ့လေသည်။

အဋ္ဌကထာကိုအမြွက်ကို ဖော်ပြရပါလျှင် မနသာကဋ ရွာသည် အလွန်သာယာသောရွာ တစ်ရွာ ဖြစ်သဖြင့် ဗုဒ္ဓဘုရားရောက်တော်မူသည့် အချိန်တွင် ထိုရွာ၌ ကောသလတိုင်းတွင် ထင်ရှားကျော်စောသော ပုဏ္ဏားဆရာကြီးတို့ စုဝေးရောက်ရှိ၍ ချမ်းသာစွာ နေထိုင်လျက် ရှိကြလေသည်၊ ထိုပုဏ္ဏားကျော်များတွင် ဩပဟာရ နိဂုံးမှ စင်္ကီ ပုဏ္ဏား, ဣစ္ဆာနင်္ဂလ နိဂုံးမှ တာရုက္ခ ပုဏ္ဏား, ဥက္ကဋ္ဌမြို့မှ ပေါက္ခရသာတိ ပုဏ္ဏား, သာဝတ္ထိနေပြည်တော်မှ ဇာဏုသောဏိ ပုဏ္ဏား, တုဒိရွာမှ သုဘလုလင်၏ အဖ တောဒေယျ ပုဏ္ဏားတို့ သာမက သူတို့၏ တပည့်ကြီး များလည်း ပါဝင်ကြလေသည်၊ ထိုတပည့်ကြီး တို့တွင် ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် ဤသုတ်ကို ဟောကြားတော်မူဖြစ်အောင် ဖန်တီးခဲ့သူများ ဖြစ်ကြပေသည်။

ဤ ပုဏ္ဏားကျော်တို့သည် ခြောက်လတစ်ကြိမ် အစည်းအဝေးကြီးများ ပြု၍ ဆွေးနွေး တိုင်ပင် လေ့ရှိကြရာ ဇာတ်နှင့် ပတ်သက်၍ တိုင်ပင်လိုကြသော အခါ ပေါက္ခရသာတိ ပုဏ္ဏား၏ နေရာ ဥက္ကဋ္ဌမြို့၌ စည်းဝေးလေ့ ရှိပြီး၊ ဗေဒင်ပညာနှင့် ပတ်သက်၍ တိုင်ပင် လိုကြသော အခါ တာရုက္ခ ပုဏ္ဏား၏ နေရာ ဣစ္ဆာနင်္ဂလ နိဂုံး၌ စည်းဝေးလေ့ ရှိပေသည်၊ ဤ မနသာကဋရွာ၌ စည်းဝေးသော အစည်းအဝေး မှာကား ထိုရွာသည် အလွန် သာယာလှသဖြင့် ဗေဒင်ကို ရွတ်ဖတ် သရဇ္ဈာယ်ရန်

အတွက် စည်းဝေးကြခြင်း ဖြစ်ပေသည်၊ ပုဏ္ဏားကျော် တို့သည် ထိုရွာ အနီး (အစိရဝတီ) မြစ်ကမ်း၌ အိမ်များ ဆောက်လုပ်၍ ကာရံထားပြီး လျှင် လူအများ မဝင်မထွက်စေဘဲ ချမ်းသာစွာ မကြာခဏ လာရောက် နေထိုင် တတ်ကြပေသည်၊ အမှန်မှာ ဗေဒင်ရွတ်ပွဲ ပြုနေကြသည်ဟု ဆိုနိုင်ပေသည်။

ဝါသေဋ္ဌနှင့် ဘာရဒွါဇ တို့သည် ထိုအစည်းအဝေးမှ ထွက်၍ အညောင်းပြေ လမ်းလျှောက်ရင်း ဗြဟ္မာဖြစ် လမ်းစဉ်နှင့် ပတ်သက်၍ စကားစပ်မိသွားကြရာ ပေါက္ခရသာတိ၏ ဗြဟ္မာဖြစ် လမ်းစဉ်က မှန်ကန် ဖြောင့်မတ်သည်၊ တာရုက္ခ၏ ဗြဟ္မာဖြစ် လမ်းစဉ်က မှန်ကန် ဖြောင့်မတ် သည် စသည်ဖြင့် မိမိဆရာ၏ လမ်းစဉ်ကိုသာ မိမိ အခိုင်အမာ ပြု၍ ပြောဆို ငြင်းခုံကြတော့သည်၊ နောက်ဆုံး၌ ဗုဒ္ဓ ဘုရားထံ သွား၍ အဆုံးအဖြတ် ခံရန် သဘောတူကြပြီးလျှင် ဗုဒ္ဓဘုရားထံ ရောက်သွား၍ သူတို့၏ ပြဿနာကို လျှောက်ထားကြသဖြင့် ဤတေဝိဇ္ဇသုတ် ဖြစ်ပေါ် လာခဲ့လေသည်၊ ဤသို့ အကြံ ဖြစ်ကြသည်မှာ ဣစ္ဆာနင်္ဂလ နိဂုံး၌ စည်းဝေးကြစဉ်ကပင် ဗြာဟ္မဏ ပြဿနာနှင့် ပတ်သက်၍ ဗုဒ္ဓဘုရားထံ တစ်ကြိမ် ရောက်၍ တရားနာရသဖြင့် သရဏဂုံ တည်ကြပြီး ဖြစ်သော ကြောင့် ကြံစီ မိကြခြင်း ဖြစ်ပေသည်၊ ထိုတရားမှာ မဇ္ဈိမပဏ္ဏာသ ဝါသေဋ္ဌသုတ်၌ တွေ့မြင်နိုင်ကြပေသည်။

ဗုဒ္ဓဘုရားသည် ဤသုတ်၌ ပုဏ္ဏားကျော်တို့၏ ဗြာဟ္မဏလမ်းစဉ်ကို–

၁။ အကန်းတွဲ ဥပမာ၊

၂။ လ, နေမြင် ဥပမာ၊

၃။ အလှဘုရင် ဥပမာ၊

၄။ ပြာသာဒ် လှေကားဥပမာ၊

၅။ မြစ်ကမ်းခေါ် ဥပမာ၊

၆။ ကြိုးတုတ် ခံရသူနှင့် မြစ်ကူး ဥပမာ၊

၇။ ခေါင်းမြီးခြုံ အိပ်သူနှင့် မြစ်ကူး ဥပမာ၊

တို့ဖြင့် အခြေအမြစ် မရှိကြောင်းကို ဟောကြားတော်မူပြီးလျှင် ပုဏ္ဏား တို့နှင့် ဗြဟ္မာတို့ နှိုင်းယှဉ်ချက် ထုတ်ရန် ဗြဟ္မာဖြစ် လမ်းစဉ်အမှန်ကို သွန်ပြတော်မူလေသည်။

ထို့ကြောင့် ဤသုတ်သည် ဗြာဟ္မဏဝါဒကို အမြစ်က တူးဖြိုထားသော သုတ်ဖြစ်သည့်ပြင် ပုဏ္ဏားတို့သည် ရေမတင်သော မြေပြင်မှာ အချောက်တိုက် ကူးနေကြသူများသာ ဖြစ်ကြသည် ဟူသော စကားဖြင့် ပုဏ္ဏားတို့အား သတိပေးထားသော သုတ်လည်း ဖြစ်ပေသည်။

ဝါသေဋ္ဌနှင့် ဘာရဒွါဇ တို့သည် ဤသုတ်ကို ကြားနာ ရပြီး၍ နှစ်ရက်, သုံးရက် အကြာတွင် ရှင်သာမဏေ ပြုသွားကြပြီး အဂ္ဂည သုတ်ကို နာကြရသောအခါ၌ အာသဝေါ ကုန်ခန်း၍ ရဟန္တာများ ဖြစ်တော် မူသွားကြ လေသည်၊ အဂ္ဂည သုတ်ကို သုတ်ပါထေယျ ပါဠိတော်၌ ဖတ်နာ ကြည့်ရှုနိုင်ကြသည်။

## ၁၃-တေဝိဇ္ဇသုတ်

| | |
|---|---|
| သုတ်စဉ် | ── ၁၃- တေဝိဇ္ဇသုတ်။ |
| ဟောသည့်အချိန် | ── နေ့အချိန်။ |
| ဟောရာအရပ် | ── ကောသလတိုင်း မနသာကဋပုဏ္ဏားရွာ။ |
| ဟောသည့် ပုဂ္ဂိုလ် | ── မြတ်စွာဘုရား။ |
| နာယူသည့် ပရိသတ် | ── ဘာရဒွါဇနှင့် ဝါသေဋ္ဌလုလင် နှစ်ယောက်။ |
| ဟောခြင်းအကြောင်း | ── ဗြဟ္မာဖြစ်ကြောင်း အကျင့်ကို မေးလျှောက်ခြင်း။ |
| ဟောသည့်တရား | ── ဗေဒင်တတ်ရသော်၊ ပုဏ္ဏားတို့ ဗြဟ္မာ ဖြစ်ကြောင်းကို မသိနိုင်ပုံ၊ ဗြဟ္မာဖြစ်ကြောင်း နည်းလမ်း အမှန်များ။ |

## အဋ္ဌုပ္ပတ္တိ နိဒါန်း

**ဗြဟ္မာလမ်းစဉ်**

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရဟန်းတော် ငါးရာ တို့နှင့် အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ ကောသလတိုင်း အဝင်အပေါ် မနသာကဋ အမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်တော်မူလာပြီးလျှင် မနသာကဋရွာ၏ မြောက်ဘက် အစိရဝတီမြစ်ကမ်းရှိ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။

ထိုအချိန်တွင် မနသာကဋ ပုဏ္ဏားရွာ၌ စင်္ကီ ပုဏ္ဏား, တာရုက္ခပုဏ္ဏား, ပေါက္ခရသာတိ ပုဏ္ဏား, ဇာဏုသောဏိ ပုဏ္ဏား, တောဒေယျ ပုဏ္ဏား စသော ထင်ရှားကျော်စောသော ပုဏ္ဏား သူကြွယ်တို့ ရောက်ရှိ နေကြ၏။

ထိုအခါ ခြေလျင် လမ်းလျှောက် ထွက်လာကြသော ဝါသေဋ္ဌလုလင်နှင့် ဘာရဒွါဇ လုလင် တို့သည် ဗြဟ္မာ ဖြစ်ကြောင်း လမ်းစဉ်နှင့် ပတ်သက်၍ စကား ပြောဆို ဟောကြ၏၊ ဝါသေဋ္ဌ လုလင်သည် ပေါက္ခရသာတိ ပုဏ္ဏား မိန့်ကြားသော လမ်းစဉ်သည်သာလျှင် ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန်အတွက် ဖြောင့်မတ်သော လမ်းစဉ် ဖြစ်သည်၊ ထိုလမ်းစဉ်ကို ပြုကျင့်သောသူသည် ဗြဟ္မာအဖြစ်သို့ ရောက်နိုင်သည်ဟု ဆို၏။

ဘာရဒွါဇ လုလင်သည်လည်း တာရုက္ခ ပုဏ္ဏား မိန့်ကြားသော လမ်းစဉ်သည် သာလျှင် ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်နိုင်ရန်အတွက် ဖြောင့်မတ်သော လမ်းစဉ် ဖြစ်သည်၊ ထိုလမ်းစဉ်ကို ပြုကျင့်သောသူသည် ဗြဟ္မာအဖြစ်သို့ ရောက်နိုင်သည်ဟု ပြောဆို၏။

လုလင်နှစ်ယောက်တို့သည် အချင်းချင်း အနိုင်ရအောင် မပြောဆိုနိုင်ဘဲ ရှိကြသဖြင့် နောက်ဆုံး၌ မြတ်စွာဘုရား အထံတော်သို့ သွားရောက်၍ အဆုံးအဖြတ်ခံရန်နှင့် ဆုံးဖြတ်တော်မူသည့်အတိုင်း မှတ်သားရန် ဝါသေဋ္ဌ လုလင်၏ အကြံပေးချက်ကို သဘောတူကြပြီးနောက် မြတ်စွာဘုရား အထံတော်သို့ ဆက်လက်၍ ထွက်ခွာ လာခဲ့ကြလေ၏။

မြတ်စွာဘုရား အထံတော်သို့ ရောက်သောအခါ လမ်းလျှောက်ရင်း ငြင်းခုံ ပြောဆိုခဲ့သမျှ စကားစုကို အစုံအလင် ပြန်ကြား လျှောက်ထား ကြရာ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

**အဋ္ဌုပ္ပတ္တိ နိဒါန်း ပြီးပြီ။**

---

**ဗုဒ္ဓ၏ အဆုံးအဖြတ်**

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ......သင်သည် ပေါက္ခရသာတိ ပုဏ္ဏား ဟောကြားသော လမ်းစဉ်သာ ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန် အတွက် ဖြောင့်မတ်သော လမ်းစဉ် ဖြစ်သည်၊ ထိုလမ်းစဉ်ကို ပြုကျင့်သူသည် ဗြဟ္မာအဖြစ်သို့ ရောက်နိုင်သည်ဟု ဆို၏၊ ဘာရဒွါဇကလည်း တာရုက္ခ ပုဏ္ဏား ဟောကြားသောလမ်းစဉ်သာ ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန်အတွက် ဖြောင့်မတ်သော လမ်းစဉ် ဖြစ်သည်၊ ထိုလမ်းစဉ်ကို ပြုကျင့်သူသည် ဗြဟ္မာအဖြစ်သို့ ရောက်နိုင်သည်ဟု ဆို၏၊ ထိုသို့ ဖြစ်လျှင် အဘယ်အချက်၌ အငြင်းထွက်ကြကုန် သနည်း။

ဝါသေဋ္ဌ။ ။ အို အရှင်ဂေါတမ....လမ်းစဉ် ဟုတ်, မဟုတ်၌ အငြင်းထွက်ကြ ပါသည်၊ (အမှန်မှာ) အဒ္ဓရိယ ပုဏ္ဏား, တိတ္တိရိယ ပုဏ္ဏား, ဆန္ဒောက ပုဏ္ဏား, ဗဟွာရိဇ္ဈ ပုဏ္ဏားတို့သည် လမ်းစဉ် အမျိုးမျိုးတို့ကို ဟောကြား ပညတ်ကြကုန် သော်လည်း လမ်းစဉ် အားလုံး တို့သည် ထိုအတိုင်း ပြုကျင့်သော သူတို့အား ဗြဟ္မာ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်စေနိုင်ကြသည်သာ ဖြစ်ကြပါသည်။

ဥပမာအားဖြင့် ရွာ, နိဂုံး မနီးမဝေး၌ ရှိသော လမ်းအမျိုးမျိုးတို့သည် အားလုံးပင် ရွာ၌ ပေါင်းဆုံမိကြသကဲ့သို့ပင် ထိုပုဏ္ဏားတို့ ဟောကြားပညတ်ကြသော လမ်းစဉ် အမျိုးမျိုး တို့သည် အားလုံးပင် ထိုအတိုင်း ပြုကျင့်သောသူတို့အား၊ ဗြဟ္မာ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်စေနိုင်ကြပါသည်။

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ.....ဗြဟ္မာပေါက် လမ်းစဉ်ဟု ဆိုသည် မဟုတ်လော။

ဝါသေဋ္ဌ။ ။ အို အရှင်ဂေါတမ ..... ဗြဟ္မာပေါက် လမ်းစဉ်ဟု ဆိုပါသည်။

(သုံးကြိမ် မေးတော် မူသည်)

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ..... တောဝိဇ္ဇခေါ် ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့တွင် ဗြဟ္မာကို ကိုယ်တိုင် မြင်ဖူးသော ပုဏ္ဏား ရှိသလော။

ဝါသေဋ္ဌ။ ။ မရှိပါ။

ဗုဒ္ဓ။ ။ ထိုတေဝိဇ္ဇ ပုဏ္ဏားတို့၏ ဆရာ ဆရာတို့တွင် ဆရာစဉ် ခုနစ်ဆက်တိုင်အောင် ဗြဟ္မာကို ကိုယ်တိုင် မြင်ဖူးသော ဆရာ ရှိသလော။

ဝါသေဋ္ဌ။ ။ မရှိပါ။

ဗုဒ္ဓ။ ။ အိုဝါသေဋ္ဌ..... အဋ္ဌက ရသေ့ စသော ဗေဒင်ပြု ရသေ့တို့သည်လည်း ဗြဟ္မာ့ဘုံ, ဗြဟ္မာ ဖြစ်ကြောင်း အကျင့်, ဗြဟ္မာ့နေရာကို ငါတို့ သိမြင်ကြသည်ဟု ပြောဆိုခဲ့ကြ ကုန်သလော။

ဝါသေဋ္ဌ။ ။ မပြောဆိုခဲ့ကြပါ။

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ.....ဤသို့လျှင် ပုဏ္ဏားတို့တွင် တစ်ယောက်မျှလည်း ဗြဟ္မာကို ကိုယ်တိုင် မြင်ဖူးသူ မရှိ၊ ပုဏ္ဏားတို့၏ ဆရာ့ဆရာတို့တွင်လည်း ခုနစ်ဆက်တိုင်အောင် ဗြဟ္မာကို ကိုယ်တိုင် မြင်ဖူးသူ တစ်ယောက်မျှ မရှိ၊ ဗေဒင်ပြု ရသေ့တို့ကလည်း ဗြဟ္မာ့ဘုံ, ဗြဟ္မာ ဖြစ်ကြောင်း အကျင့်, ဗြဟ္မာ့ နေရာကို ငါတို့ သိမြင်ကြသည်ဟု မဆိုခဲ့ကြ၊ ထိုဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့ သည်သာ ငါတို့ကား (ထိုဗြဟ္မာ အကြောင်းကို) မသိမမြင်
၃၃ ကြကုန်၊ ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန် အတွက် လမ်းစဉ်ကိုသာ ဟောကြား ကြရသည်ဟု ပြောဆိုကြကုန်၏။

အိုဝါသေဋ္ဌ..... ဆိုလတ္တံ့သော စကားကို' အဘယ်သို့ ထင်မြင်သနည်း၊ ဤသို့ ဖြစ်ခဲ့သော် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့၏ စကားသည် အံ့သြဖွယ်ရာ အဓိပ္ပာယ် ရှိသော စကား ဖြစ်နိုင်ပါမည်လော။

ဝါသေဋ္ဌ။ ။ အမှန်စင်စစ်အားဖြင့် ဤကဲ့သို့ ဖြစ်ခဲ့သော် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့၏ စကားသည် အံ့သြဖွယ်ရာ အဓိပ္ပာယ် မရှိသော စကားမျိုးသာ ဖြစ်ပါသည်။

**အကန်းတွဲ ဥပမာ***

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ..... ကောင်းပေ၏၊ ဗေဒင် သုံးပုံတတ် ပုဏ္ဏား တို့သည် မိမိတို့ မသိမမြင်သော ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန်အတွက် ဤလမ်းစဉ်သာ ဖြောင့်မှန်သည် ဤလမ်းစဉ်ကို ပြုကျင့်သော သူအား ဗြဟ္မာ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်စေနိုင်သည်ဟု ဗြဟ္မာဖြစ်လမ်းစဉ်ကို ဟောကြား ညွှန်ပြခြင်းမှာ ဖြစ်နိုင်စရာ အကြောင်း မရှိပေ။

အို ဝါသေဋ္ဌ..... ဥပမာအားဖြင့် အဆင့်ဆင့် ကိုင်တွယ် ဆက်စပ်၍ နေသော အကန်းတွဲသည် ရှေ့ကလည်း မမြင်, အလယ်ကလည်း မမြင်, နောက်ကလည်း မမြင်သကဲ့သို့ ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့၏ ဗြဟ္မာဖြစ်ကြောင်း စကားသည် အကန်းတွဲ ဥပမာနှင့်သာတူ ခဲ့၏၊ ထိုဗေဒင်

---

* **အကန်းတွဲ ဥပမာ။** ။ အန္ဓဝေဏုပမာခေါ်၏၊ တစ်နေရာတွင် အကန်းလေး, ငါး, ခြောက်ဆယ် စုမိနေသည်ကို အရက်သမား ဘိန်းစားတစ်ယောက်တွေ့မြင်ရာ အဘယ်နေရာ၌ အဘယ်သို့ အစားအသောက် ပေါများသည် စသည်ဖြင့် သွားရည်ကျလောက်အောင် ပြော၏၊ အကန်းတို့က ထိုနေရာသို့ ကျွန်ုပ်တို့ကို ပို့ပေးပါဟု တောင်းပန်၍ (လက်ဆောင်) လာဘ်ပေးကြလျှင် ထိုလာဘ်ကို ယူ၍ ရှေ့ဆုံးမှ တောင်ဝှေးကို ကိုင်ပြီးနောက် အကန်းတို့ကို တစ်ယောက်၏ ပခုံးကို တစ်ယောက် ကိုင်စေလျက် ခေါ်ခဲ့၏၊ လမ်းခရီးရောက်သောအခါ ချုံကိုပတ်၍ ဆွဲလာပြီးလျှင် ရှေ့ဆုံးလူ၏ ပခုံးကို နောက်ဆုံးလူအား ခဏ ကိုင်စေ၍ ကိစ္စရှိသဖြင့် ခဏနေကြပါဦး ဆိုကာ လွတ်ရာသို့ ထွက်သွားလေ၏၊ အကန်းတို့လည်း လမ်းပြမည့်သူ ပေါ်လာခဲ ပေါ်လာခဲနှင့် ညည်းညူမြည်တမ်းကာ ချုံကိုလှည့်၍သာ နေကြရာ၏၊ ဘယ်ကိုမှ မသွားတတ်ကြသဖြင့် ထိုအကန်းစုသည် ချုံကိုပတ်၍ ဝေ်မွတ်သေဆုံးကြကုန်၏၊ ပုဏ္ဏားဗေဒင်တတ်တို့လည်း ဤသူကန်းတို့နှင့်သာ တူကြသည်၊ မည်သူမျှ ဗြဟ္မာကို ဗြဟ္မာဖြစ်ကြောင်း လမ်းစဉ်ကို မသိကြဟု ဆိုလိုသည်။

သုံးပုံတတ် ပုဏ္ဏားတို့၏ စကားသည် ရယ်ဖွယ်ရာသာ ဖြစ်ခဲ့၏၊ အမည်မျှသာ ဖြစ်ခဲ့၏၊ (နာမည်သာရှိသည်) အချည်းနှီးမျှသာ ဖြစ်ခဲ့၏။

**လ–နေ–ဥပမာ**

အို ဝါသေဋ္ဌ..... ဤ ဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မြင်သနည်း၊ ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့နှင့် လူအများတို့သည် လ– နေ တို့ကို မြင်ကြသည် မဟုတ်လော၊ လ–နေတို့ထွက်ရာအရပ်၊ ဝင်ရာအရပ်၊ (လိုက်၍) ဆုတောင်းကြ, ချီးကျူးကြ, လက်အုပ်ချီ၍ ရှိခိုးကြ, လှည့်လည်ကြသည် မဟုတ်လော။

ဝါသေဋ္ဌ။ ။ မှန်ပါသည်။

ဗုဒ္ဓ။ ။ ဤသို့ လ–နေတို့ကို အများတို့ မြင်ကြ, ဆုတောင်းကြ, ချီးကျူးကြ, လက်အုပ်ချီမိုး ရှိခိုးကြရာ၌ ဗေဒင်တတ် ပုဏ္ဏားတို့သည် “လ– နေ– တို့၏ အပေါင်းအဖော် ဖြစ်ရန် အတွက် ဤလမ်းစဉ်သာ လမ်းဖြောင့် ဖြစ်သည်၊ ဤလမ်းစဉ်ကို ပြုကျင့်သော သူအား လ– နေ တို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်စေနိုင်သည်”ဟု လ– နေ ဖြစ် လမ်းစဉ်ကို ဟောကြားဖို့ အကြောင်း လုံလောက်ကြပါ၏လော။

ဝါသေဋ္ဌ။ ။ အကြောင်း မလုံလောက်ကြပါ။

ဗုဒ္ဓ။ ။ အိုဝါသေဋ္ဌ..... ဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မြင် သနည်း၊ ဤသို့ ဖြစ်ခဲ့သော ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့၏ စကားသည် အံ့ဩဖွယ်ရာ အဓိပ္ပာယ် ရှိသော စကားမျိုး ဖြစ်နိုင်ပါမည် လော။

ဝါသေဋ္ဌ။ ။ အိုအရှင်ဂေါတမ..... အမှန်စင်စစ်အားဖြင့် ဤသို့ ဖြစ်ခဲ့သော ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့၏ စကားသည် အံ့ဩဖွယ်ရာ အဓိပ္ပာယ်မရှိသော စကားမျိုးသာ ဖြစ်ပါသည်။

**အလှဘုရင် ဥပမာ**

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ....... ကောင်းလှပေ၏၊ ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့သည် မိမိတို့ မသိ မမြင်သော ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန်အတွက် အကျင့်လမ်းစဉ်ကို ဟောကြား ညွှန်ပြခြင်းမှာ ဖြစ်နိုင်စရာ အကြောင်း မရှိပေ။

အို ဝါသေဋ္ဌ..... ဥပမာအားဖြင့် ယောကျ်ား တစ်ယောက်သည် ဤနိုင်ငံ၌ အလှဘုရင်မကို လိုချင်သည်ဟု ပြောဆို၏၊ ထိုယောကျ်ားကို အမောင် ယောကျ်ား..... သင်အလိုရှိသော အလှဘုရင်မသည် အဘယ် အမျိုးအနွယ်ရှိသူ ဖြစ်ပါသနည်း၊ အဘယ်အမည် ရှိပါသနည်း၊ ရှည်သလော၊ ပုသလော၊ အလယ်အလတ် ဖြစ်သလော၊ ကြမ်းပိုးရောင်အဆင်းရှိသလော၊ အဘယ် ရွာ, အဘယ် နိဂုံး၌ နေပါသနည်းဟု မေးသောအခါ မသိပါဟု ဖြေဆို၏၊ သင်သည် အမျိုးအနွယ်, အမည် နာမ, အရုပ်အဆင်းကို မသိသောသူကို အလိုရှိခြင်း ဖြစ်ပါသလောဟု မေးသောအခါ မှန်ပါသည်ဟု ဖြေဆိုရာ၏။

အို ဝါသေဋ္ဌ.....ဤသို့ဖြစ်ခဲ့လျှင် ထိုယောကျ်ား၏ စကားသည် အံ့ဩဖွယ်ရာ အဓိပ္ပာယ် ရှိသော စကားမျိုး ဖြစ်နိုင်ပါမည်လော။

ဝါသေဋ္ဌ။ ။ အို အရှင်ဂေါတမ....ဤသို့ ဖြစ်ခဲ့သော် အမှန်စင်စစ် အားဖြင့် ထိုယောကျ်ား၏ စကားသည် အံ့ဩဖွယ်ရာ အဓိပ္ပာယ် မရှိသော စကားသာ ဖြစ်ပါသည်။

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ....ဤဥပမာ အတူသာလျှင် ဗေဒင် သုံးပုံတတ် ပုဏ္ဏား တို့သည် မိမိတို့ မသိမမြင်ဖူးသော ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန်အတွက် ဤလမ်းစဥ်သာ ဖြောင့်မှန်သည်ဟု ဟောကြား ညွှန်ပြကြကုန်၏။

အို ဝါသေဋ္ဌ.........ဥပမာ အားဖြင့်

**ပြာသာဒ်လှေကားလုပ်သူ ဥပမာ** ယောကျ်ား တစ်ယောက်သည် လမ်းလေးခွ၌ပြာသာဒ် လှေကား တစ်ခုကို ပြုလုပ်ခဲ့ရာ၏၊ ထိုယောကျ်ားကို အမောင် ယောကျ်ား.....သင်လှေကားလုပ်သော ပြာသာဒ်သည် အဘယ်အရပ်၌ ရှိပါသနည်း၊ နိမ့်သလော၊ မြင့်သလော၊ မနိမ့်မမြင့် ဖြစ်သလောဟု မေးကြသောအခါ မသိပါဟု ဖြေဆို၏၊ သင်သည် မိမိ မသိ မမြင်ဖူးသောပြာသာဒ်သို့တက်ရန်လှေကား လုပ်ခြင်း ဖြစ်ပါသလောဟု မေးကြသောအခါ မှန်ပါသည်ဟု ဖြေဆိုရာ၏။

အို ဝါသေဋ္ဌ..... ဤသို့ ဖြစ်ခဲ့သော် ဤယောကျ်ား၏ စကားသည် အံ့ဩဖွယ်ရာ အဓိပ္ပာယ် ရှိသော စကား ဖြစ်နိုင်ပါမည်လော။

ဝါသေဋ္ဌ။ ။ အို အရှင်ဂေါတမ....ဤသို့ ဖြစ်ခဲ့သော် အမှန်စင်စစ် အားဖြင့် ထိုယောက်ျား၏ စကားသည် အံ့ဩဖွယ်ရာ အဓိပ္ပာယ် မရှိသော စကားပင် ဖြစ်ပါသည်။

ဗုဒ္ဓ။ ။ အိုဝါသေဋ္ဌ..... ဤဥပမာ အတူသာလျှင် ဗေဒင်သုံးပုံတတ်ပုဏ္ဏား တို့သည် မိမိတို့ မသိမမြင်ဖူးသော ဗြဟ္မာ၏ အပေါင်း အဖော်ဖြစ်ရန် အတွက် ဤလမ်းစဉ်သာ ဖြောင့်မှန်သည်ဟု ဟောကြား ညွှန်ပြကြကုန်၏။

**မြစ်ကမ်းခေါ် ဥပမာ**

အို ဝါသေဋ္ဌ ..... ဥပမာ အားဖြင့် ဤအစိရဝတီ မြစ်သည် ကမ်းပေါ်မှ နေ၍ ကျီး သောက်နိုင်လောက်အောင် ကမ်းလုံးပြည့်၍ နေ၏၊ ထိုအခါ ယောက်ျား တစ်ယောက်သည် တစ်ဘက်ကမ်းသို့ ကူးမည်ဟု ရောက်လာပြီးလျှင် ဤမှာ ဘက်ကမ်းမှရပ်လျက် အိုဟိုမှာ ဘက်ကမ်း.....လာပါလော့၊ အိုဟိုမှာ ဘက်ကမ်း....လာပါလော ဟု ခေါ်ရာ၏။

အို ဝါသေဋ္ဌ.....ဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မြင်ပါသနည်း၊ ထိုယောက်ျား၏ ခေါ်ဝေါ်ခြင်းကြောင့် ဖြစ်စေ၊ တောင်းပန်ခြင်းကြောင့် ဖြစ်စေ၊ ဆုတောင်းခြင်းကြောင့် ဖြစ်စေ၊ (တောင့်တခြင်းကြောင့်ဖြစ်စေ၊ လိုလားနှစ်သက်ခြင်းကြောင့် ဖြစ်စေ) အစိရဝတီမြစ်၏ ဟိုမှာဘက်ကမ်းသည် ဤမှာ ဘက်ကမ်းသို့ ရောက်လာပါမည်လော။

ဝါသေဋ္ဌ။ ။ မရောက်လာရပါ။

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ ..... ဤဥပမာ အတူသာလျှင် ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့သည် ဗြာဟ္မဏအဖြစ်ကို ပြုတတ်သော တရား ဟို့ကို ပယ်စွန့်၍ ဗြာဟ္မဏ မဟုတ်သည်ကို ပြုတတ်သောအကျင့်ဟို့ကို ဆောက်တည် ကျင့်ကြံကြကုန်လျက် "ဣန္ဒနတ်ကို ပင့်ခေါ်ကြပါကုန်၏၊ သောမနတ်ကို , ဝရုဏနတ်ကို, ဤသာနနတ်ကို, ပဇာပတိနတ်ကို ဗြဟ္မာကို, မဟိဒ္ဓိနတ်ကို, ယာမနတ်ကို, ပင့်ခေါ်ကြပါကုန်၏"ဟု ဆိုကြကုန်၏၊ ထိုပုဏ္ဏားကို့၏ ခေါ်ဝေါ်ခြင်းကြောင့် ဖြစ်စေ၊ တောင်းပန်ခြင်းကြောင့် ဖြစ်စေ၊ ဆုတောင်းခြင်းကြောင့် ဖြစ်စေ၊ လိုလား နှစ်သက်ခြင်းကြောင့် ဖြစ်စေ၊ သေလွန်ပြီးနောက် ဗြဟ္မာ့အပေါင်းအဖော်အဖြစ်သို့ ရောက်ကြလိမ့်မည်ဟု (ယုံကြည်စရာ) အကြောင်း မရှိပေ။

အို ဝါသေဋ္ဌ……..ဥပမာအားဖြင့်

**ကြိုးတုပ်ကာရသူနှင့်မြစ်ကူးဥပမာ** ဤအစိရဝတီ မြစ်သည် ကမ်းပေါ်မှ နေ၍ ကျီး သောက်နိုင် လောက် အောင် ကမ်းလုံးပြည့်၍ နေ၏၊ ထိုအခါ ယောကျ်ား တစ်ယောက်သည် တစ်ဘက်ကမ်းသို့ ကူးမည်ဟု ရောက်လာခဲ့ရာ၏၊ ထိုယောကျ်ားသည် ဤမှာဘက်ကမ်းမှာပင် ခိုင်ခံ့သော နှောင်အိမ်၌ လက်ပြန်ကြိုး ချည်နှောင် ခြင်· ခံနေရရာ၏။

အိုဝါသေဋ္ဌ….. ဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မြင်ပါ သနည်း၊ ထိုသို့ နှောင်အိမ်၌ လက်ပြန်ကြိုး ချည်နှောင်ခြင်း ခံရသော ယောကျ်ားသည် အစိရဝတီမြစ် တစ်ဘက်ကမ်းသို့ ရောက်နိုင်ပါမည် လော။

ဝါသေဋ္ဌ။ ။ အို အရှင်ဂေါတမ….. မရောက်နိုင်ပါ။

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ…….ဤဥပမာ အတူသာလျှင် လိုလားအပ် နှစ်သက် မြတ်နိုးအပ်, တပ်မက် စွဲလမ်းအပ်၍ ကာမချမ်းသာ၏ အစီး အပွား ဖြစ်ကြသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ ဟူသော ကာမဂုဏ် ငါးပါးတို့ကို အရိယဝိနည်းခေါ် သာသနာတော်၌ နှောင်အိမ် ဟူ၍လည်း ခေါ်ဆိုအပ် ကုန်၏၊ အနှောင်အဖွဲ့ (ကြိုး) ဟူ၍လည်း ခေါ်ဆိုအပ် ကုန်၏၊ အို ဝါသေဋ္ဌ…..ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့သည် ဤကာမဂုဏ် ငါးပါးတို့၌ တပ်မက်တွေဝေ၍ သက်ဝင် ကြကုန်၏၊ အပြစ်ရှိသည်ဟု မထင်ကြဘဲ, ထွက်မြောက်မှု အသိပညာ မရှိဘဲ, ခံစားကြကုန်၏၊ ဗြာဟ္မဏအဖြစ်ကို ပြုတတ်သော တရားတို့ကို ပယ်စွန့်၍ ဗြာဟ္မဏ မဟုတ်သည်ကို ပြုတတ်သော တရားတို့ကို ဆောက် တည် ကျင့်ကြံကြပြီးလျှင် ကာမဂုဏ်တို့ကို တပ်မက်, တွေဝေစွာ ခံစားကြ ကုန်လျက် ကာမဂုဏ် နှောင်အိမ်၌ အနှောင်အဖွဲ့ ခံနေကြရကုန်သော ထိုဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့သည် သေလွန်ပြီးနောက် ဗြဟ္မာ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ကြလိမ့်မည်ဟု ယုံကြည်စရာ အကြောင်း မရှိပေ။

**ခေါင်းမြီးခြုံအိပ်သူနှင့် မြစ်ကူးဥပမာ**

အို ဝါသေဋ္ဌ ..... ဥပမာအားဖြင့် အစိရဝတီ မြစ်သည် (ရေးနည်းတူ) ကမ်းလုံး ပြည့်နေသော အခါ[redacted] တစ်ဘက်ကမ်းသို့ ကူးလိုသော ယောကျ်ားတစ်ယောက် ရောက်လာပြီးလျှင် ထိုယောကျ်ားသည် ဤမှာဘက်ကမ်း၌ ခေါင်းမြီးခြုံ၍ အိပ်နေရာ၏၊ အို ဝါသေဋ္ဌ..... ထိုယောကျ်ားသည် အစိရဝတီမြစ် တစ်ဘက်ကမ်းသို့ ရောက် နိုင်ပါမည်လော။

ဝါသေဋ္ဌ။ ။ အို အရှင်ဂေါတမ..... မရောက်နိုင်ပါ။

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ.....ဤဥပမာ အတူသာလျှင် နီဝရဏ ငါးပါးတို့ကို အရိယဝိနည်း ခေါ် မြတ်စွာဘုရား သာသနာတော်၌ အတား အဆီးဟူ၍လည်း ဆိုအပ်၏၊ အပိတ်အပင် ဟူ၍လည်း ဆိုအပ်၏၊ အမြှေး အယှက် ဟူ၍လည်း ဆိုအပ်၏၊ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့သည် ဤ နီဝရဏ ငါးပါးတို့ဖြင့် ပိတ်ပင်တားဆီး မြှေးယှက်၍ နေကြကုန်၏။

အို ဝါသေဋ္ဌ..ဗြာဟ္မဏ အဖြစ်ကို ပြုတတ်သော တရားတို့ကို ပယ်စွန့်၍ ဗြာဟ္မဏ မဟုတ်သည်ကို ပြုတတ်သော တရားတို့ကို ဆောက်တည်ကျင့်သုံးနေကြသည့်ပြင် ကာမဂုဏ်ကို တပ်မက်မှု, သူတစ်ပါးကို ပျက်စီးစေလိုမှု, ငိုက်မျဉ်း တွေဝေမှု, စိတ်ပျံ့လွင့် ပူပန်မှု, ယုံမှား သံသယရှိနေမှု ဟူသော နီဝရဏ ငါးပါးတို့ဖြင့်ပိတ်ပင် တားဆီး, မြှေးယှက်၍ နေကြကုန်သော ထိုဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့သည် သေလွန်ပြီးနောက် ဗြဟ္မာ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ကြ လိမ့်မည်ဟု ယုံကြည်စရာ အကြောင်း မရှိပေ။

**ဗြဟ္မာနှင့်ဗြာဟ္မဏများ**

အို ဝါသေဋ္ဌ..... ဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မြင် သနည်း၊ သင်သည် အသက်, ဂုဏ် ကြီးရင့်ကြကုန်သော သင်၏ ဆရာ့ဆရာ ပုဏ္ဏားတို့ထံမှ အဘယ်သို့ ကြားဖူးသနည်း၊ ဗြဟ္မာသည် (ပစ္စည်းဥစ္စာ, သားမယားကို)သိမ်းပိုက်မှု ရှိသလော၊ မရှိသလော၊

ဝါသေဋ္ဌ။ ။ အို အရှင်ဂေါတမ..... သိမ်းပိုက်မှု မရှိပါ။

ဗုဒ္ဓ။ ။ ရန်သူစိတ်မျိုး ရှိသလော၊ မိတ်ဆွေ စိတ်မျိုး (မေတ္တာစိတ်) ရှိသလော။

ဝါသေဋ္ဌ။ ။ မိတ်ဆွေစစ် ( မေတ္တာစိတ်)မျိုး ရှိပါသည်။

ဗုဒ္ဓ။ ။ ဖျက်ဆီးလိုစိတ် ရှိသလော၊ သနားကြင်နာစိတ် ရှိသလော။

ဝါသေဋ္ဌ။ ။ သနားကြင်နာစိတ် ရှိပါသည်။

ဗုဒ္ဓ။ ။ ညစ်ညမ်းသောစိတ် ရှိသလော၊ ဖြူစင်သောစိတ် ရှိသလော။

ဝါသေဋ္ဌ။ ။ ဖြူစင်သောစိတ် ရှိပါသည်။

ဗုဒ္ဓ။ ။ ယုံမှား သံသယ ကင်း၍ အလိုပါသောစိတ် ရှိသလော၊ ယုံမှား သံသယ ရှိနေသဖြင့် အလိုမပါသော စိတ် ရှိသလော။

ဝါသေဋ္ဌ။ ။ ယုံမှား သံသယကင်း၍ အလိုပါသောစိတ် ရှိပါသည်။

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ.....ဗေဒင် သုံးပုံတတ် ပုဏ္ဏား တို့သည် (အထက်ပါ) အချက်များ၌ အဘယ်သို့သောစိတ်မျိုး ရှိကြပါသနည်း။

ဝါသေဋ္ဌ။ ။ ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့သည် ရန်သူစိတ်, ဖျက်ဆီးလိုသောစိတ်, ညစ်ညမ်းသောစိတ်, အလိုမပါသောစိတ်များ ရှိကြပါသည်။

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ....ဤသို့ဖြစ်လျှင် ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့သည် ဗြဟ္မာတို့နှင့် ညီမျှကြ ပါ၏လော။

ဝါသေဋ္ဌ။ ။ မညီမျှကြပါ။

ဗုဒ္ဓ။ ။ အိုဝါသေဋ္ဌ....ကောင်းလှပေ၏၊ ဤသို့ ရန်သူစိတ် စသည် ရှိကြသော ပုဏ္ဏားတို့သည် သေလွန်ပြီးနောက် မေတ္တာစိတ်စသည် ရှိကြသော ဗြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ကြ လိမ့်မည်ဟု ယုံကြည် စရာ အကြောင်း မရှိပေ။

**အချောက်တိုက်ကူးနေသော ဗေဒင် သုံးပုံတတ် ပုဏ္ဏားများ**

အို ဝါသေဋ္ဌ..... ဤသို့သော နည်းအားဖြင့် ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့သည် ဗြဟ္မာဖြစ်နည်းလမ်း မဟုတ်သည်ကို နည်းလမ်း အစစ်ဟု ညွှန်ကြားပြောဆိုကြကုန်၍ နစ်မြုပ်လျက် ရှိကြ၏၊ နစ်မြုပ်၍ အပယ်လေးပါးတို့၌ ပျက်စီးခြင်းသို့ ရောက်ကြကုန်၏ ရေ မဝင်သော မြေပြင်မှာ အချောက်တိုက် ကူးသည်နှင့် တူကြကုန်၏၊ ထို့ကြောင့် ဤအချက်ကို ဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့၏ ရွာမရှိသော တော၊ ရေမရှိသော တော၊ ပျက်စီးနေသော သဘောဟု ဆိုထိုက် ပေတော့သည်။

ဤသို့မိန့်တော် မူသောအခါ ဝါသေဋ္ဌ
**ဗြဟ္မာ့လမ်းစဉ်ကိုတောင်းပန်ခြင်း** သည် မြတ်စွာ ဘုရားအား ဤသို့
လျှောက်ထား၏။

အို အရှင်ဂေါတမ..... အရှင်ဂေါတမသည် ဗြဟ္မာ ဖြစ်လမ်းစဉ်ကို သိသည်ဟု ကြားသိရပါသည်။

ဗုဒ္ဓ။ ။ အို ဝါသေဋ္ဌ.....မနသာကဋ ပုဏ္ဏားရွာ၌ မွေးဖွား၍ ကြီးသော ပုဏ္ဏားကို မနသာကဋရွာမှ ထွက်လာခါစ၌ မနသာကဋရွာသို့ သွားရာ လမ်းကို မေးလျှင် ဖြေဆိုရန် နှောင့်နှေး ကြန့်ကြာပါမည်လော။

ဝါသေဋ္ဌ။ ။ နှောင့်နှေးမည် မဟုတ်ပါ၊ အကြောင်းမှာ ဤသူသည် မနသာကဋရွာ၌ ကြီးပြင်းလာ သူဖြစ်၍ လမ်းများကို သိပြီးဖြစ်ပါသည်။

ဗုဒ္ဓ။ ။ ဤအတူပင် ငါဘုရားသည် ဗြဟ္မာနှင့် ဗြဟ္မာ ဖြစ်ကြောင်း လမ်းစဉ်အမှန်ကို သိမြင်တော်မူပြီး ဖြစ်ပေသည်။

ဝါသေဋ္ဌ။ ။ အရှင်ဘုရား.....ပုဏ္ဏားသူငယ်များကို သနား ကယ်တင်တော် မူသောအားဖြင့် ဗြဟ္မာဖြစ် လမ်းစဉ်ကို ဟောကြားတော်မူရန် တောင်းပန်ပါသည်။

## ဗြဟ္မာ့လမ်းစဉ်အမှန်များ

အို ဝါသေဋ္ဌ..... သို့ဖြစ်လျှင် နာယူ
**မေတ္တာဈာန်** လော့၊ ကောင်းစွာ နှလုံး သွင်းလော့
ဟု မိန့်တော်မူ၍ ဘုရားဖြစ်တော်မူ
သည်မှ စ၍ ဈာန်ရသည်အထိ သာမညဖလသုတ်အတိုင်း ဟောတော် မူပြီးလျှင် ဆက်လက်၍ ဤသို့ ဟောတော်မူ၏။

ဤသို့ နီဝရဏ ငါးပါးတို့ကို ပယ်ခွာပြီးသောအခါ ငါသည် နီဝရဏ ငါးပါးကို ပယ်ခွါ နိုင်ပေပြီဟု ဝမ်းမြောက်ခြင်း ဖြစ်၏၊ ဝမ်းမြောက် သော သူအား နှစ်သက်ခြင်း ပီတိဖြစ်၏၊ ပီတိဖြစ်သော သူအား ကိုယ်၏ ငြိမ်းအေးခြင်း– ပဿဒ္ဓိဖြစ်၏၊ ပဿဒ္ဓိ ဖြစ်သော သူအား ချမ်းသာခြင်း သုခဖြစ်၏၊ သုခဖြစ်သောသူအား တည်ကြည်ခြင်း–သမာဓိဖြစ်၏၊ သမာဓိ ဖြစ်သောအခါ မေတ္တာကမ္မဋ္ဌာန်းကို ပွား၍ရသော ဈာန်စိတ် ဖြစ်ပေါ်၏၊ ၎င်းအခါ မေတ္တာဈာန်ဖြင့် အရပ် ဆယ်မျက်နှာလုံး အပိုင်းအခြား မရှိ၊

မေတ္တာစိတ်ကို ပျံ့နှံ့ စေ၍ နေထိုင်၏၊ ထိုမေတ္တာဈာန် ဖြစ်ပေါ်သော အခါ ကာမဝစရကံ ဟူသမျှသည် အကြွင်းမရှိ၊ ထောက်တည်ရာ မရ၊ မပေါ်လာကြပြီ၊ သေလွန်သောအခါ ကာမဘုံပဋိသန္ဓေကို မပေးနိုင်ကြပြီ၊ ခရုသင်းကို မှုတ်သောသူသည် အသံ့ဖြင့် အရပ်ဆယ်မျက်နှာ ပျံ့နှံ့စေ သကဲ့သို့ ဤသို့ မေတ္တာဈာန်စိတ်ဖြင့် ပျံ့နှံ့၍ နေခြင်းသည်လည်း ဗြဟ္မာ့ လမ်းစဉ် တစ်ပါးပင် ဖြစ်ပေသည်။

**ကရုဏာဈာန်စသည်** — ဤ အတူ ကရုဏာဈာန်, မုဒိတာဈာန်, ဥပေက္ခာဈာန် တို့ကို ရရှိ၍ ကရုဏာစိတ် မုဒိတာစိတ်, ဥပေက္ခာ စိတ်ဖြင့် အရပ်ဆယ်မျက်နှာ ပျံ့နှံ့စေ၍ နေထိုင်ခြင်းသည်လည်း ဗြဟ္မာ့ လမ်းစဉ် တစ်ပါးစီပင် ဖြစ်ပေသည်။

အို ဝါသေဋ္ဌ.....ဤသို့ ဗြဟ္မာ့လမ်းစဉ် လေးပါးတို့ဖြင့် နေထိုင်သော ရဟန်းသည် ပစ္စည်း ဥစ္စာ သား မယားကို သိမ်းပိုက်မှု မရှိခြင်း စသည် ဖြင့် ဗြဟ္မာနှင့် ညီမျှ၏ မဟုတ်လော။

ဝါသေဋ္ဌ။ ။ ညီမျှ ပါသည်။

ဗုဒ္ဓ ။ ။ ဤသို့ ညီမျှသော ရဟန်းသည် သေသည်မှနောက်၌ ဗြဟ္မာ ပြည်သို့ ရောက်လိမ့်မည်ဟု ယုံကြည်စရာ အကြောင်း ရှိပေသည်။

ဤသို့ ဟောတော် မူသောအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် အလွန်နှစ်သက် ဝမ်းမြောက်ကြောင်းကို လျှောက်ထားကြ၍ သရဏဂုံ ဆောက်တည်ကြကာ ဥပါသကာ အဖြစ်ကို ခံယူကြလေ၏။

**တေဝိဇ္ဇသုတ် ပြီးပြီ။**

**သုတ်သီလက္ခန် ပါဠိတော် ပြီးပြီ။**

အမှတ်
ရက်စွဲ